# ဝိဇ္ဇာစရဏပါရဂူကျမ်း

(အရှင်သောဒသာနှ)

၂၊ ပြင်၊ ၃ ၁၁၅၁နှ

စစ်ကိုင်းတောင်ရိုး

အရှင်သာသန

၏

၁၅၆၅၂

တတိယ

# ဝိဇ္ဇာစရဏ ပါရဂူကျမ်း

ဝာအုပ်ရေ (၃၀၀၀)


ရန်ကုန်မြို့

ဟံသာဝတီပုံနှိပ်တိုက်

၁၃၂၄-ခု (သာသနာ- ၂၅၀၆) ၁၉၆၂-ခု

ဝါဆိုလ

တအုပ် ၃-ကျပ်

H 469—A [ဟံသာဝတီ]

# ဓမ္မလက်ဆောင်


သို့.............................................

မှ.............................................

Made and Printed in the Union of Burma
by the Hanthawaddy Press, Rangoon.

☆

ရန်ကုန်မြို့၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်ရှိ
ဟံသာဝတီပုံနှိပ်တိုက်အတွက်(မှတ်ပုံတင်အမှတ် ၀၀၄၅၊
၀၀၄၇) ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။


စစ်ကိုင်းတောင်ရိုး
အရှင် သာသန

# ကျမ်းဦးစကား

နဟိ သတ္တံ သုနိဃိတံ၊ ဝိသံ ဟလာဟလမိဝ။
ဧဝံ ဝိရဒ္ဓံ ပါတေတိ၊ ဝါစာ ဒုဗ္ဘာသိတာ ယထာ။ ။
[နေတ္တိ ပါဠိတော်]

ဒုဗ္ဘာသိတာ၊ မကောင်းသဖြင့်ဆိုအပ်သော။ ဝါစာ၊ စကားသည်။ ဝိရဒ္ဓံ၊ ချွတ်လွဲသောအဖြစ်သို့။ ပါတေတိယထာ၊ ကျရောက်စေသကဲ့သို့။ ဧဝံ၊ ဤအတူ။ သတ္တံ၊ ကျမ်းဂန်ကို၊ ဝါ၊ ရှင်တော်ဘုရား အဆုံးအမ ဩဝါဒကို။ နသုနိဃိတံ၊ ကောင်းစွာမမှီအပ်သော။ ဝါစာ၊ စကားသည်။ ဝိရဒ္ဓံ၊ ချွတ်လွဲသောအဖြစ်သို့။ ပါတေတိ၊ ကျရောက်တတ်၏။ ဟိ၊ ဥပမာအားဖြင့် ထင်ရှားစေအံ့။ ဟလာဟလံ၊ လတ်တလော သေစေတတ်တဲ့ ဟလာဟလ အမည်ရှိသော။ ဝိသံဣဝ၊ အထက်ဆုံးသော အဆိပ်ကိုသောက်မျိုမိသော သူတို့ကဲ့သို့ပါပေတည်း။

---

### အခက်ကြီး ၅-တန်

(၁) စကားတတ်၊ မခက်, ကျမ်းတတ် ခက်၏။
(၂) ကျမ်းတတ် မခက်, စာတတ် ခက်၏။
(၃) စာတတ် မခက်, အသိ ခက်၏။
(၄) အသိ မခက်, အကျင့် ခက်၏။
(၅) အကျင့် မခက်, နိဗ္ဗာန်ရဘို့ ခက်၏။

ဤသို့ ရှေးအရှင်များ စကားစဉ်အားဖြင့် မှတ်ချက်ချကာ အခက်ကြီးငါးပါးကို မိန့်ကြားတော် မူခဲ့ကြပေကုန်၏။

## အမှန် အမှား သတိထား

ကျေးဇူးတော်သခင် ဘုရားရှင်ကြီး ကုသိနာရုံ ရဂုံသာမော အင်ကြင်းတောဝယ် ပရိနိဗ္ဗာန် စံဝင်နိုးကာလ သုဘဒ်ပုရ ဗိုဇ်က အရေးကြီးစွာ လျှောက်ထားရှာသည်မှာ "မြတ်စွာ ဘုရား…လောက၌ ဘုရားဟုဝန်ခံသူတွေ များလှသဖြင့် ကိုး စားစရာ ဘုရားစစ် ဘုရားမှန်ကို မိမိဉာဏ်ဖြင့် မပိုင်းခြား မဆုံးဖြတ်နိုင်၊ ဘုရားစစ်ရှာမရနိုင်၍ ဘုရားစစ် ဘုရားမှန်ကို ကေန်သိလိုကြောင်း"အကြိမ်နှင့် တောင်းပန်ဘူးလေ၏။

## အမှန်ကြီး ၅-ချက်

(၁) သစ္စာလေးပါးကို တကယ်သိမှ ဘုရားစစ်မှန်၏။
(၂) ပရမတ္ထ သဘာဝကို တကယ်ဆိုက်မှ တရားမှန်၏။
(၃) ဓမ္မအမွေခံ ရဟန်းတကယ်ဖြစ်မှ သံဃာမှန်၏။
(၄) သမ္မာဒိဋ္ဌိဉာဏ် တကယ်ရမှ အယူမှန်၏။
(၅) ကလျာဏ အနည်းဆုံးဖြစ်မှ လူမှန်၏။

## အမှားကြီး ၅-ပါး

(၁) အယူ မမှားရန် အရေးကြီး၏။
(၂) အသိ မမှားရန် အရေးကြီး၏။
(၃) အမှတ် မမှားရန် အရေးကြီး၏။
(၄) အကြံ မမှားရန် အရေးကြီး၏။
(၅) အကျင့် မမှားရန် အရေးကြီး၏။

ထို့ကြောင့် ဘုရားအလိုတော်ကျသိမှ အယူစင်၊ အယူ စင်မှ အကျင့်မှန်၊ အကျင့်မှန်မှ သံသရာက ထွက်မြောက် ရပေသတည်း။

ဆောင်

ကျမ်းဂန်ဓမ္မ၊ ဗုဒ္ဓပြည့်သွန်း၊ ရွှေမိန့်ခွန်းကို၊ နှစ်စွန်းနှစ်ဘက်၊ မကွယ်ဝှက်ဘဲ၊ နှစ်ချက်သဘော၊ နိုးနှောဝေဘန်၊ ဆင်ခြင်ဉာဏ်ဖြင့်၊ လမ်းမှန်တွေးထောက်၊ ရွှေနောက်မျှတ၊ လိုတော်ကျအောင်၊ ယူဆမှသာ၊ အရာရာတွင်၊ မိန္တာသနဲ့ရှင်း၊ အပြစ်ကင်းသည်၊ ပြည်မင်းနိဗ္ဗူ ရောက်ကြောင်းတည်း။

# အကြောင်းပြစကား

ဝိဇ္ဇာစရဏ သမ္ပန္နာ ယေန နိယျန္တိ လောကတော။
[ဝိမာနဝတ္ထု၊ အဋ္ဌကထာ စသည်]

ဝိဇ္ဇာစရဏသမ္ပန္နာ၊ ဝိဇ္ဇာတရား, စရဏတရားနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သည်။ ယေန၊ အကြင်ဝိဇ္ဇာ,စရဏ တရား ၂-ပါးဖြင့်။ လောကတော၊ဘဝသံသရာ တည်းဟူသောလောကကြီးမှ။ နိယျန္တိ၊မုချမသွေ ထွက်မြောက်ကြလေကုန်၏။

မဂ်,ဖိုလ်နိဗ္ဗာန် ဤသုံးတန်ကို ရရန်အကြောင်း အကျင့်ကောင်းပဋိပတ်ကို စရဏဟုဆိုသည်၊ တရားကိုယ်အားဖြင့် သီလနှင့်သမာဓိ ၂-ပါးပေတည်း၊စရဏဖြင့်ရင်းနှီး၍ရရှိအပ်သောအရိယဉာဏ်ပညာကို ဝိဇ္ဇာဟုဆိုသည်၊တရားကိုယ်အား ဖြင့် ပညာက္ခန္ဓာပေတည်း၊ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာစသည်)၊ စရဏတရားသည် ရှေ့သွားဖြစ်သောကြောင့် တရားသဘောဖြစ်စဉ်အားဖြင့် စရဏကိုရှေ့ထား၍ စရဏဝိဇ္ဇာဟု ဆိုသင့်လျက် သဒ္ဒါနည်းအားဖြင့် ဒွန်သမာသ် တွဲစပ်ရာ အက္ခရာနည်းသောပုဒ်က ရှေ့နေရိုးထုံးစံရှိသောကြောင့် "ဝိဇ္ဇာစရဏ"ဟူ၍ ဟောရိုးပြုတော်မူသည်။

[အပ္ပသရ ဗဟုသရ ဒွန်သို့ကျမူ အပ္ပသရ ရှေ့နေများသတည်း]

စရဏ တရားသည် သာသနာတော်မြတ်၌ နိဗ္ဗာန်သို့ ရောက်ရန် ခြေ,အတောင်ပံတို့နှင့် တူကုန်၏၊ ဒါ့ကြောင့် သတ္တဝါတို့၏ခြေ,အတောင်ပံကိုပါဠိလို "စရဏ"ဟူ၍ ခေါ် ကြကုန်၏။

ယသ္မာ ဧတေဟိ စရတိ အရိယ သာဝကော။
ဂစ္ဆတိ အမတံ ဒိသံ တသ္မာ စရဏန္တိ ဝုတ္တာ။
[ဝိသုဒ္ဓိမဂ် အဋ္ဌကထာစသည်]

ဧတေဟိ၊ ဤခြေ, အတောင်ပံနှင့်တူသော တရားတို့ဖြင့်။ အရိယသာဝကော၊ ဘုရားတပည့်သား အရိယာ သာဝက အများသည်။ အမတံ ဒိသံ၊ မသေရာမှန် နိဗ္ဗာန်အရပ်သို့။ ယသ္မာ၊ အကြင့်ကြောင့်။ စရတိ-ဂစ္ဆတိ၊ ကြွသွားတတ်၏။ တသ္မာ၊ ထို့ကြောင့်။ စရဏန္တိ၊ စရဏဟူ၍။ ဝုတ္တာ၊ ဟော တော်မူအပ်ကုန်၏။

ဝိဇ္ဇာသည်ကား ပကတိဖြစ်သော ပုထုဇန်လူအပေါင်း တို့ သိခြင်းငှါမစွမ်းနိုင်၊ အရိယာပုဂ္ဂိုလ်တို့ ဉာဏ်အမြင်နှင့် သိမြင်ရကိုက်သောအရာကို သိနိုင်သောကြောင့် ဝိဇ္ဇာဟူ၍ ဆို သည်၊ တနည်းအားဖြင့် မိမိ၏ဆန့်ကျင်ဘက်ဖြစ်သော မော ဟကိုဖောက်ခွဲ၍ ပစ်ဘတ်သောကြောင့်"ဝိဇ္ဇာ"ဟူ၍ ခေါ်ဆို ကြကုန်၏။

အတ္တနော ဝါ ပဋိပက္ခဿ ဝိဇ္ဈနဋ္ဌေန ဝိဇ္ဇာ။
[မဟာဋီကာ,သာရတ္ထဒီပနီဋီကာ စသည်။]

ဝါ၊ တနည်းကား။ အတ္တနော၊ မိမိ၏။ ပဋိပက္ခဿ၊ ဆန့် ကျင်ဘက်ဖြစ်သော မောဟကို။ ဝိဇ္ဈနဋ္ဌေန၊ ဖောက်ခွဲ၍ပစ် ဘတ်သောကြောင့်။ ဝိဇ္ဇာ၊ ဝိဇ္ဇာမည်၏။

## သာသနာ့ကိစ္စ ၂-ဌာန

(၁) စရဏ အသင်းသို့ သက်ဝင်သော ပါရမီ ကိစ္စကြီးတပါး,

(၂) ဝိဇ္ဇာ အသင်းသို့ သက်ဝင်သော ပါရမီ ကိစ္စကြီးတပါး—

(၁) စရဏ အသင်းသို့သာ သက်ဝင်သော ပါရမီကိစ္စ ဆိုသည်မှာ ခန္ဓာ, နာမ်, ရုပ် တို့ကို သင်ကြားလေ့လာခြင်း, ဝိပဿနာတင်ခြင်းတို့မှ ကင်းသော ဒါန, သီလ သမာဓိ,ဘာဝနာမှုများပေတည်း။

(၂) ဝိဇ္ဇာ အသင်းသို့သာ သက်ဝင်သော ပါရမီ ကိစ္စ ဆိုသည်မှာ ခန္ဓာ, နာမ်, ရုပ် စသော အတ္တမှ သုဉ်းဆိတ်သည့်သဘာတတရားတို့ကို ကြားနာသင်ကြား မှတ်သားဆောင်ရွက်ခြင်း,ဝိပဿနာတင်၍ ဆင်ခြင်ပွားများခြင်း၊ဤတရားစုတို့ကို သူတပါးတို့အား ဟောကြား ပြသခြင်း အစရှိသော ပညာများပေတည်း။

အကြင်သူတို့သည် ရှေးရှေးမြတ်စွာ သာသနာတော်က စရဏ ပါရမီမျိုးတို့ကိုသာ ဖြည့်ကျင့်ဘူးကြရှာ၏၊ ထိုသူတို့သည် နောက်နောက်အခါ ဘုရား မြတ်စွာတို့ကို ဖူးမြင်တွေ့ကြုံရပါ ကုန်သော်လည်း ကြည်ညိုရုံမျှသာ မဂ်, ဖိုလ် တည်းဟူသော အကျိုးထူးအရသာကို မရနိုင်ကြ မခံစားကြရကုန်၊ အဘယ့်ကြောင့် ဆိုသော် ဝိဇ္ဇာမျိုးစေ့မှ ကင်းဆိတ် ခဲ့ကြသောကြောင့်တည်း။

ဤအရာဝယ် ရှင်တော်ဘုရား၏ ရာဇကာရုံခေါ် ကျောင်းတော်ကြီးဒကာ ကောသလ မင်းကြီးနှင့် မလ္လိကာဒေဝီ မဟေ

သီ ကျောင်းအမကြီးတို့ကို ရှုပါလေ၊ မြတ်စွာ ဘုရားနှင့် အလွန် အကျွမ်းဝင်၍၊ သွားရောက် ဆည်းကပ် မပြတ်တရား နာရ၍၊ ကောသလ သံယုတ်ပါဠိ သီးခြား ဟောကြားသေး ၏၊ သာဝတ္ထိ နေပြည် တော်တွင် အများဆုံး သီတင်းသုံး၏၊ သို့ပင်ဖြစ်စေကာ ရှေးရှေးသော ဘဝတို့က အသိအလိမ္မာ ဉာဏ်ပညာခေါ် ဝိဇ္ဇာပါရမီ ခတ်ခံညံ့ခဲ့၍ ကျွတ်တမ်းမဝင် ချေ တပေပေနှင့်သာ ကျန်နေရစ်ကြ ရှာကုန်၏။

အကြင်သူတို့သည် ရှေးရှေးမြတ်စွာ သာသနာ တော်က ဝိဇ္ဇာပါရမီမျိုးတို့ကိုသာ ဖြည့်ကျင့်ဘူးကြရှာ၏၊ စရဏ ဆိုင် ရာ အလှူပေးခြင်း, သီလသီတင်း စောင့်သုံးခြင်း သဒ္ဓါတရား ဖြင့် ပြုသင့်ပြုထိုက်သော ဝတ်ကြီး, ဝတ်ငယ် အသွယ်သွယ်တို့ ကို မဖြည့်မကျင့် ကြလေကုန်၊ ထိုသူတို့သည် ဤဘဝမှ စုတေ သေလွန် ရသည်ရှိသော် အပါယ် ၄-ပါးတို့၌ နစ်မြုပ်မျောပါး ကုန်လျက် နောက်နောက်ကာလ ပွင့်တော် မူကြသော ဘုရား ရှင်တို့ကိုပင် ဖူးမြင်ရန် အခွင့်ရခြင်းငှာ ခဲယဉ်း ကြတုန်၏၊ အဘယ်ကြောင့် ဆိုသော် အခြေခံဖြစ်သော စရဏ မျိုးစေ့ ကင်းဆိတ်ခဲ့ကြသောကြောင့်တည်း။

ဤအရာဝယ် ဘုရားမြတ်စွာ သာသနာနှင့် တွေ့ဆုံကြုံ ကြိုက်ကြရပါသော်လည်း သာသနာတော်၏၊ အရသာကို မခံစားနိုင်သော ဧရာပထနဂါး,ကပိလ ငါးကြီးတို့ ကဲ့သို့သာ ဖြစ်၍ နေကြရရှာကုန်၏၊ ၎င်းတို့ကား ရှေးကဿပ ဘုရား လက်ထက်က ဝိဇ္ဇာမျိုးခေါ် ပိဋကတ်သုံးပုံကို ကမ်းတဖက် ရောက် ချောက်ချား တတ်မြောက်သော''တိပိဋကဓရ''ပုဂ္ဂိုလ် ကြီးများ ဖြစ်ကြလေကုန်၏၊ သို့ပင်ဖြစ်စေကာ စရဏ တရား တည်းဟူသော အခြေ,အတောင်ပံတို့မှ ကင်းရှာကြကုန်သော

ကြောင့် အပါယ် ၄-ပါးမှ မလွတ်မြောက် ကြရသဲ ဒုဂ္ဂတိဘဝ၌သာ ဖြစ်ကြရရှာကုန်၏။

အကြင်သူတို့သည်ကား ရှေးရှေးမြတ်စွာသာသနာတော်က ဤဝိဇ္ဇာစရဏ ၂-ပါးနှင့်ပြည့်စုံသော ပါရမီတို့ကိုဖြည့်ကျင့်ခဲ့ဘူးကြကုန်၏။ ထိုသူတို့သည် နောက်နောက်သော ဘုရားတို့၏ သာသနာတော်နှင့်တွေ့ကြုံသောအခါ ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလာန်,ခေမာ,ဥပ္ပလဝဏ်,အနာထပိဏ်,စိတ္တ သူကြွယ်,ဝိသာခါ,ဥတ္တရာစသော ပုဂ္ဂိုလ်ထူးများကဲ့သို့ မဂ်,ဖိုလ်တည်းဟူသော အကျိုးထူးဝိသေသတို့ကို ခံစားကြရလေကုန်၏။

---

## ဝိဇ္ဇာစရဏ ပြည့်စုံမှု

သော ခေါပနေ သမဂ္ဂေါ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပါနံ ဝိဇ္ဇာယ သေသဓမ္မာနံ စရဏေန သင်္ဂဟိတတ္တာ ဝိဇ္ဇာစေဝ စရဏဉ္စ။

[သမ္မော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ]

ပန၊ နိဗ္ဗာန်သွားကြောင်း လမ်းကောင်းအစဉ် မဂ္ဂင် ရှစ်ပါး မြတ်တရားကို ဝိဇ္ဇာစရဏ နှစ်ပါးဖြင့် ခွဲခြား၍ပြအံ့။ သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပါနံ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါးတို့ကို။ ဝိဇ္ဇာယ၊ ဝိဇ္ဇာတရားဖြင့်။ သေသဓမ္မာနံ၊ ကြွင်းသောမဂ္ဂင်ခြောက်ပါးတို့ကို။ စရဏေန၊ စရဏတရားဖြင့်။ သင်္ဂဟိတတ္တာ၊ ရေတွက်အပ်သောကြောင့်။ သောခေါ၊ ဧသမဂ္ဂေါ၊ ထိုမဂ္ဂင်ရှစ်ပါး မြတ်တရားသည်။ ဝိဇ္ဇာစေဝ၊ ဝိဇ္ဇာလည်း မည်၏။ စရဏဉ္စ၊ စရဏလည်းမည်၏။

ဤသို့ အဋ္ဌကထာဆရာ မိန့်အပ်သည် အားလျော်စွာ နိဗ္ဗာန်သို့ သွားရာသွားကြောင်း လမ်းကောင်း လမ်းမြတ်ကား

မဂ္ဂင်ရှစ်ပါးမှတပါး အခြားတမျိုးမရှိ။ ထိုမဂ္ဂင်ရှစ်ပါးသည်လည်း ဝိဇ္ဇာတရားနှင့် စရဏတရားပင်ဖြစ်၏၊ သို့ဖြစ်ခြင်းကြောင့် ဝိဇ္ဇာစရဏနှစ်ပါးလုံး ပြည့်စုံပါမှသာ မဂ်, ဖိုလ်နိဗ္ဗာန်သို့ ရနိုင်ရောက်နိုင်ကြောင်းကို ကောင်းကောင်းကြီး သိမှတ်ကြကုန်ရာ၏။

ဤအရာ၌ စရဏကိုဏ်းသား သဒ္ဓါတရား၏ အကျိုးပေးကား သူဌေးပိုင်း, မင်းပိုင်းတွင် အကျိုးပေးကာ ပြည့်ပြည့်စုံစုံ ပြောင်ပြောင်လက်လက် အထက်တန်းကျကျ မညှိုးမငယ်ရ ကျင်လည်ခွင့်ကို ရရှိစေ၏၊ထို့ကြောင့် လောကီစည်းစိမ်ချမ်းသာ ပြောင်ပြောင်လက်လက် ဟူသမျှသည် စရဏကိုဏ်းသား သဒ္ဓါတရား၏ တမ်းခွန်အောင်လံတို့ပေတည်း။

ဝိဇ္ဇာဂိုဏ်းသားပညာတရား၏အကျိုးပေးကား ဆရာပိုင်းသမားပိုင်းမှာ အကျိုးပေးကာအသိအလိမ္မာဉာဏ်ပညာပြည့်စုံမှုကို ဖြစ်စေ၏။ ထို့ကြောင့် အသိအလိမ္မာ ဉာဏ်ပညာအမျိုးမျိုးကို ထိုးထိုးထွင်းထွင်း တတ်ကျွမ်းမှု ဟူသမျှသည် ဝိဇ္ဇာဂိုဏ်းသားပညာတရား၏တမ်းခွန်အောင်လံတို့ပေတည်း။

[မှတ်ချက်] သဒ္ဓါထက်လျှင် စရဏဘက်သို့ သက်ဝင်တတ်၏၊ ပညာထက်လျှင် ဝိဇ္ဇာဘက်သို့ သက်ဝင်တတ်၏၊ သဒ္ဓါထက်က ပညာဘက်က လျော့တတ်ကြ၏၊ ပညာထက်က သဒ္ဓါဘက်က လျော့တတ်ကြ၏၊ သဒ္ဓါကား စရဏဂိုဏ်းသား၊ ပညာကား ဝိဇ္ဇာဂိုဏ်းသား၊ ထို့ကြောင့် သဒ္ဓါ,ပညာ ညီမျှကြစေရာ၏။

## ခြင်္သေ့ကျင့်နှင့် ခွေးကျင့်သဘာဝ

သီဟသမာနဝုတ္တိနော ဟိ တထာဂတာ။

[သမ္မော,ဝိသုဒ္ဓိမဂ်,ပဋိသမ္ဘိဒါမဂ် စသော အဋ္ဌကထာ,ဋီကာ]

ဟိ-သစ္စံ၊ အကျိုးတရား မလိုက်စားဘဲ အကြောင်းတရားကိုသာ ဟောပြ တော်မူသည် ဆိုသော စကားသည် မှန်၏။ တထာဂတာ၊ဟုတ်တိုင်းမှန်စွာဖြစ်ပွင့်လာတတ် ဘုရားမြတ်တို့သည်။သီဟ သမာန ဝုတ္တိနော၊ သားများရာဇာ ကေသရာဟု တေဇာထန်ပြင်း ခြင်္သေ့မင်းတို့နှင့် မယှဉ်းစင်စစ် တူသောဖြစ်ခြင်း ရှိတော်မူကြလေ ကုန်၏၊

ဤအရာဝယ် မြတ်စွာဘုရား၏ ကိလေသာ ရန်သူသတ်ရာ၌ ခြင်္သေ့မင်းတို့၏ ရန်သူသတ်ခြင်းနှင့် တူ၏၊ ခြင်္သေ့မင်းတို့ကား မိမိသို့ကျရောက် လာသော မြှားစသော လက်နက်များသည် အဘယ်အရပ်မှ လာသနည်းဟု စူးစမ်းပြီးကာ လက်နက်လာရာ အရပ်သို့ ရှာဖွေပြီးလျှင် အကြောင်းဖြစ်သော လက်နက်ပစ်ရာ ရန်သူကို သတ်လေ၏၊ မှန်၏၊ လက်နက်ပစ်ရာ အကြောင်း ရန်သူသေမှသာ မိမိသို့ကျရောက်ရာ လက်နက်ဘေး အန္တရာယ် ချုပ်ငြိမ်း ပေရာ၏၊ ရန်သူရှိနေသေးက ထပ်ဆင့်၍ ကျရောက်နေ ဦးမည် သာတည်း။

တိတ္ထိယာ ပန သုဝါနဝုတ္တိနော။

[ငင်း]

တိတ္ထိယာပန၊ ကျင့်လမ်းကျင့်စဉ်ကို မမြင်မသိကြသည့် တိတ္ထိတို့သည်ကား။ သုဝါနဝုတ္တိနော၊ ခဲမှန်သည့် ခွေးတို့နှင့် တပြေးတည်း တူမျှသော အကျင့်ရှိကြ လေကုန်၏။

တိတ္ထိတို့၏ ကိလေသာရန်သူ သတ်ရာ၌ ခွေးတို့၏ရန်သူကို ကိုက်ခြင်းနှင့်တူ၏၊ ခွေးတို့ကား- မိမိသို့ကျရောက်လာသော

ခဲစသော လက်နက်များသည် အဘယ်အရပ်မှ လာသနည်း ဟု စူးစမ်းမှုမရှိဘဲ ကျရောက်လာသော ခဲစသော လက်နက် များကိုသာ ကိုက်ခဲလေ့ရှိကြပေ၏၊ သို့ဖြစ်လေရာ မိမိသွားသော နာ၍ အကြောင်းဖြစ်သော ရန်သူရှိနေသေးပါက ထပ်ဆင့်၍ ကျရောက်ဦးမည်သာတည်း။

ထို့တူပမာပင် ဘုရားမြတ်စွာ သာသနာဝင် စေတနာ ဖြူစင်သောသူတော်စင်များလည်း အကြောင်း,အကျိုးနှစ်ဌာန ရှိသည်တွင် ဘယ်သင်းက ပဓာနလိုရင်းဖြစ်ကြသည်ကို စိစစ် ပြီးကာ မိမိတို့၏စိတ်နှင့် သင့်လျော်ရာကိစ္စကို ဆောင်ရွက် ကျင့်ကြံသင့်ကြပေကုန်သတည်း။

---

## လက်ျာလမ်းနှင့် လက်ဝဲလမ်း သဘာဝ

ဒက္ခိဏာမဂ္ဂေါတိ ခေါ တိဿ အရိယဿေတံ
အဋ္ဌင်္ဂိကဿ မဂ္ဂဿ အဓိဝစနံ။
[ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်]

တိဿ၊ ဘထွေးတော်သားညီတော်တိဿ။ ဒက္ခိဏာမဂ္ဂေါတိ တော၊ အဘယဒေသခင်ခန်း နိဗ္ဗာန်နန်းသို့ မြန်းဝင်စရာ လွန်စွာ ဖြောင့်မှန် လက်ျာလမ်းမကြီးဟူသော အမည်သည်။ အရိယဿ၊ ဖြူစင်မြင့်မြတ်လှပေသော။ အဋ္ဌင်္ဂိကဿ၊ အင်္ဂါရှစ် ပါးနှင့်ပြည့်စုံသော။ မဂ္ဂဿ၊ မဂ္ဂင်ဖြစ်ရပ် တရားမြတ်၏။ အဓိဝစနံ၊ အမည်ပေတည်း။

[မှတ်ချက်] ဤမဂ္ဂင်ရှစ်ပါး တရားမှတပါး နိဗ္ဗာန်ရောက် ကြောင်းတရားမရှိဟုမှတ်။

ဝါမမဂ္ဂေါတိ ခေါ တိဿ အင်္ဂုတ္တိကသေယတံ မိစ္ဆာ
မဂ္ဂဿ အဓိဝစနံ။
[ဌင်း]

တိဿ၊ ဘထွေးတော်သား ညီဘွားတိဿ။ ဝါမမဂ္ဂေါတိ ဣတံ၊ အပါယ်လေးပါး ကျသွားရာဌာန လက်ဝဲလမ်းမ ဟူသော အမည်သည်ကား။ အင်္ဂုတ္တိကဿ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ မိစ္ဆာမဂ္ဂဿ၊မမှန်လွဲမှား မိစ္ဆာမဂ္ဂင်ရှစ်ပါး၏။ အဓိဝစနံ၊ အမည်ပေတည်း။

**[မှတ်ချက်]** ဤမဂ္ဂင်ရှစ်ပါးကို အလိုတော်ကျ မသူဆတတ်က မိစ္ဆာမဂ္ဂင်ဖြစ်ကြ၍ အပါယ်သို့ပင်ကျရောက်ရပေလိမ့်သတည်း။

ဤသို့ ဝိဇ္ဇာ,စရဏ ၂-ဌာနကို ကောင်းစွာကျန မသိ မလိမ္မာကြသူ များဗိုလ်လူတို့အတွက် ဝိဇ္ဇာ,စရဏ ၂-ဌာနတို့၏ သဘာဝကိုပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရ နည်း အဝဝတို့မှ ကောက်နုတ်ဝေဘန်၍ အချက်ကျကျ သာသနာ တော်ကြီး၏ အသက်သွေးကြောကြီးပမာနဖြစ်သောသရဏဂုံ, သီလ,ကစ၍ ဝိဇ္ဇာ,စရဏ ၂-ဌာနဖြင့် နိဗ္ဗာန်ကမ်းရောက် ကူးမြောက်နိုင်ပုံအလုံးစုံတို့ကို ပြရာပြကြောင်း လမ်းကောင်း တမူ ဖြစ်ခဲပသောကြောင့် "ဝိဇ္ဇာစရဏပါရဂူ" ဟူသော အ မည်ဖြင့် ရေးသားပြုပြင်စီရင်ပေအံ့။

သို့ဖြစ်၍ ဘေးမျိုးကင်းစင် ရန်မျိုးကြဉ်ရာဌာနဖြစ်တဲ့ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့ ဖြောင့်တန်းစွာ ကူးရောက်ပျံသန်း၍ဝိမုတ္တိအရသာကိုမြိန်ယှက်စွာသုံးဆောင် ခံစားကြရန် စရဏတည်းဟူသောခြေ,အတောင်ပံတို့နှင့်ဝိဇ္ဇာ

တည်းဟူသော နှုတ်သီးတို့ကို သန့်စွမ်းအောင်မြင်စွာ မွေးမြူကြကုန်ရာ၏။

စရဏံ ပါဒ ပင်္ကဲ၀၊ ဝိဇ္ဇာ တုလ္လာသမံ သမံ။
ပူရယိတွာန ပက္ခွယျုံ၊ ဘုဥ္ဇိတုံ အမတံ ရသံ။ ။

(သာဝေါ)သံသရာဤဘက်ကမ်းမှ နိဗ္ဗာန်သောင်နန်းတိုဘက်ကမ်းသို့ ကူးသန်းလိုကြေား အို-သူတော်ကောင်းအများတို့။ ပါဒ ပင်္ကဲ၀၊ ခြေ,အတောင်ပံနှင့်တူသော။စရဏံ၊စရဏတရားမျိုးကိုပင်း။ တုလ္လာသမံ၊ နှုတ်သီးနှင့်တူသော။ ဝိဇ္ဇံ၊ ဝိဇ္ဇာတရားမျိုးကိုပင်း။ သမံ၊ မပိုမသာညီမျှစွာ။ ပူရယိတွာ၊ ပြည့်စုံစေ၍။ အမတံ ရသံ၊ အမြိုက်အရသာကို။ ဘုဥ္ဇိတုံ၊သုံးဆောင်စားခြင်းငှာ။ပက္ခွယျုံ၊ သံသရာစခန်းမှ ပျံသန်း ကူးပြောက်ကြကုန်ရာသတည်း။

အရှင်သာသန
စစ်ကိုင်းတောင်ပြုး

# မာတိကာ

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

ပဏ္ဏာမ

**၁။ သရဏဂုံကို ပြဆိုရာအခဏ်း**

၁။ အရင်းစစ်အမြစ်မြေက သဘာဝ … ၃
၂။ အနာထပိဏ်, ဝိသာခါတို့ဘယ်ရိပ်သာ
သွားဘူးပါသလဲ … ၄
၃။ ပုဂ္ဂိုလ်လေးစား သတိထား … ၅
၄။ သာသနာတွင်း သက်ဝင်ခြင်းအစ သရဏဂုံက ၇
၅။ သရဏဂုံ သဘာဝ ခုနစ်ဌာန … ၇
၆။ သရဏသဘာဝကိုပြခြင်း … ၈
၇။ ဗုဒ္ဓဆိုဒါ ဘယ်လိုပါလဲ … ၉
၈။ ဓမ္မဆိုဒါဘယ်လိုပါလဲ … ၁၀
၉။ သံဃာဆိုဒါ ဘယ်လိုပါလဲ … ၁၀
၁၀။ လူအရိယာ သံဃာ့ရတနာ၌ ပါဝင်ပါသလား ၁၁
၁၁။ သာသနာ့ဓဇ သဘာဝ … ၁၂
၁၂။ ရတနာမည်ရ သဘာဝ … ၁၃
၁၃။ သရဏဂမန သဘာဝကိုပြခြင်း … ၁၅
၁၄။ လေးပါးအင်္ဂါ ပြည့်စုံရာ … ၁၉
၁၅။ မည်သူတို့ထံ ဆည်းကပ် ခံရပါမည်လဲ … ၂၃
၁၆။ ဘယ်လိုဆောက်တည်ရပါမည်လဲ … ၂၄
၁၇။ ပုထုဇ္ဇန်သံဃာ သရဏဂုံ၌ ပါ,မပါ … ၂၇
၁၈။ သရဏဂစ္ဆ သဘာဝကို ပြခြင်း … ၃၁
၁၉။ သရဏဂမန ပဘေဒ သဘာဝကိုပြခြင်း… ၃၃
၂၀။ နတ်ဝါဒကို ငါတို့ဗုဒ္ဓက မိန့်ဟပုံ … ၃၆
၂၁။ နတ်ကိုးကွယ်ကြ ဒုက္ခမှမလွတ်ရပုံ … ၃၇

# ဝိဇ္ဇာစရဏပါရဂူကျမ်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၂။ | ကံ, ဉာဏ်,ဝီရိယသာ လိုရင်းပါ … | ၃၈ |
| ၂၃။ | နတ်မ-လိုက လိုက်နာကြ … | ၃၉ |
| ၂၄။ | နတ်ပူဇော်ခြင်းအစ သဘာဝ … | ၄၁ |
| ၂၅။ | သေသေချာချာ စင်းစားပါ … | ၄၂ |
| ၂၆။ | ဆိုရေးရှိက ဆိုအပ်လှ၏ … | ၄၃ |
| ၂၇။ | သရဏဂမနာနိသံသ သဘာဝကိုပြခြင်း… | ၄၄ |
| ၂၈။ | သရဏဂုံ၏ အကျိုး လေးပါးကား … | ၄၆ |
| ၂၉။ | ဘုရားသားတော်ရင်း ဖြစ်ခြင်း အကျိုးကား | ၄၇ |
| ၃၀။ | သားတော် ၁၂-ယောက်ကား … | ၄၇ |
| ၃၁။ | ဘုရားရှင်တို့၏ အချွတ်ခံရခြင်း အကျိုးကား | ၄၈ |
| ၃၂။ | တနည်း-သရဏဂုံ၏အကျိုး ၁၀-ပါးကား | ၄၉ |
| ၃၃။ | လောကုတ္တရာသရဏဂုံ၏ အကျိုးကား … | ၄၉ |
| ၃၄။ | ပဉ္စကျွအကျိုး ငါးပါး … | ၅၀ |
| ၃၅။ | တမလွန်အကျိုး ရှစ်ပါးကား … | ၅၁ |
| ၃၆။ | သရဏသံကိလေသ သဘာဝကိုပြခြင်း… | ၅၂ |
| ၃၇။ | ကာယသံကိလေသ သုံးပါးကား … | ၅၂ |
| ၃၈။ | ဝါစာသံကိလေသ သုံးပါးကား … | ၅၃ |
| ၃၉။ | မနသံကိလေသသုံးပါးကား … | ၅၄ |
| ၄၀။ | ကန့်တော့ရန်ကား … | ၅၅ |
| ၄၁။ | သရဏဘေဒ သဘာဝကိုပြခြင်း … | ၅၆ |
| ၄၂။ | သရဏဂုံ ၂-မျိုး … | ၅၇ |
| ၄၃။ | ယင်း ၂မျိုးအထူး … | ၅၈ |
| ၄၄။ | သရဏဂုံတင်ကြ သဘာဝ … | ၅၉ |
| ၄၅။ | သရဏ အတုအပများကား … | ၆၀ |
| ၄၆။ | ပစ္စုပ္ပန်မျိုးအကွက်မှာ မကန့်ကွက်ပါ … | ၆၁ |
| ၄၇။ | ဥပါသကာဖြစ်ရ သဘာဝကိုပြခြင်း … | ၆၃ |
| ၄၈။ | ဥပါသကာ ၂-မျိုး … | ၆၃ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၉။ | စဏ္ဍာလဥပါသကာ၏ အင်္ဂါ ၅-ပါး | … | ၆၄ |
| ၅၀။ | ပဒုမဥပါသကာ၏ အင်္ဂါ ၅-ပါး | … | ၆၄ |
| ၅၁။ | ဥပါသကာဂုဏ်ငါးပါး | … | ၆၅ |


## ၂။ သီလကိုပြဆိုရာအခဏ်း


| | | | |
|---|---|---|---|
| ၅၂။ | သီလခေါ်တွင် ဝိရတီပင် | … | ၆၈ |
| ၅၃။ | ဝိရတီ၏တရားကိုယ် | … | ၆၈ |
| ၅၄။ | သမ္မာအာဇီဝ ၂-မျိုး | … | ၇၀ |
| ၅၅။ | ရန်သူသုံးစားနှင့် လက်နက် ၃-ပါး | … | ၇၂ |
| ၅၆။ | အာရတီနှင့် ဝိရတီ | … | ၇၃ |
| ၅၇။ | သီလသိက္ခာ အဖြာဖြာ | … | ၇၄ |
| ၅၈။ | ဗမာလို ကန့်တော့ရန် | … | ၇၅ |
| ၅၉။ | ခက်ဆစ်အဓိပ္ပါယ် | … | ၇၆ |
| ၆၀။ | ကံသုံးပါး | … | ၇၆ |
| ၆၁။ | အပါယ်လေးပါး | … | ၇၆ |
| ၆၂။ | ကပ်သုံးပါး | … | ၇၇ |
| ၆၃။ | ရပ်ပြစ်ရှစ်ပါး | … | ၇၇ |
| ၆၄။ | ရန်သူမျိုး ငါးပါး | … | ၇၈ |
| ၆၅။ | ဝိပ္ပတ္တိတရား လေးပါး | … | ၇၈ |
| ၆၆။ | ဗျသနတရား ငါးပါး | … | ၇၉ |
| ၆၇။ | ငါးပါး သီလတောင်း ပါဠိ သက်သက် | | ၇၉ |
| ၆၈။ | ပါဠိ,အနက်တွဲလျက် | … | ၈၀ |
| ၆၉။ | ဗမာလိုသက်သက် | … | ၈၀ |
| ၇၀။ | နမောတဿအနက် | …. | ၈၁ |
| ၇၁။ | ငါးပါးသီလ | … | ၈၂ |
| ၇၂။ | ပါဏာတိပါတသိက္ခာပုဒ် | … | ၈၂ |
| ၇၃။ | သူ့အသက်သတ်ရာ၌ အင်္ဂါ ၅-ပါး | … | ၈၂ |

# ဝိဇ္ဇာစရဏပါရဂူကျမ်း


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇၄။ | သတ်ကြောင်းပယောဂ ၆-ပါး | ... | ၈၂ |
| ၇၅။ | သူ့သက်သတ်ပြစ် | .... | ၈၃ |
| ၇၆။ | ထိုမှတပါး အပြစ်များ | .... | ၈၄ |
| ၇၇။ | ရှောင်ကြဉ်ရကျိုး | .... | ၈၄ |
| ၇၈။ | အဒိန္နာဒါနသိက္ခာပုဒ် | ... | ၈၅ |
| ၇၉။ | သူတပါးဥစ္စာ ခိုးယူရာ၌ အင်္ဂါ ၅-ပါး | ... | ၈၅ |
| ၈၀။ | ခိုးကြောင်းပယောဂ ၆-ပါး | ... | ၈၆ |
| ၈၁။ | ခိုးခြင်း ၂၅-ပါး | ... | ၈၆ |
| ၈၂။ | သူ့ဥစ္စာခိုးပြစ် | ... | ၈၉ |
| ၈၃။ | ထိုမှတပါး အပြစ်များ | .... | ၉၀ |
| ၈၄။ | ရှောင်ကြဉ်ရကျိုး | .... | ၉၀ |
| ၈၅။ | ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် | .... | ၉၁ |
| ၈၆။ | သူ့သားအိမ်ရာပြစ်မှားရာ၌ အင်္ဂါ ၄-ပါး | | ၉၁ |
| ၈၇။ | မှီဝဲကြောင်းပယောဂ ၁-ပါး | ... | ၉၁ |
| ၈၈။ | အဂမနီယဋ္ဌာန ဇတ္တိဝီသ | .... | ၉၁ |
| ၈၉။ | သူ့သားအိမ်ရာ ကျူးလွန်ပြစ် | .... | ၉၃ |
| ၉၀။ | ထိုမှတပါး အပြစ်များ | .... | ၉၄ |
| ၉၁။ | ရှောင်ကြဉ်ရကျိုး | ... | ၉၄ |
| ၉၂။ | မုသာဝါဒသိက္ခာပုဒ် | .... | ၉၅ |
| ၉၃။ | မုသားပြောရာ၌ အင်္ဂါ ၄-ပါး | ... | ၉၅ |
| ၉၄။ | ပြောဆိုကြောင်းပယောဂ ၁-ပါး | ... | ၉၆ |
| ၉၅။ | အနုရိယဝေါဟာရ | ... | ၉၆ |
| ၉၆။ | ပုထုဇ္ဇန်တို့သာ ပြောဆိုခြင်း ၈-ပါး | .... | ၉၆ |
| ၉၇။ | မုသားပြောပြစ် | .... | ၉၇ |
| ၉၈။ | ထိုမှတပါး အပြစ်များ | .... | ၉၇ |
| ၉၉။ | ရှောင်ကြဉ်ရကျိုး | ... | ၉၈ |
| ၁၀၀။ | သုရာမေရယသိက္ခာပုဒ် | ... | ၉၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၁။ | သေအရက်သောက်ရာ၌ အင်္ဂါ ၄–ပါး···· | ၉၉ |
| ၁၀၂။ | သောက်စားကြောင်း ပယောဂ ၁-ပါး | ၉၉ |
| ၁၀၃။ | သေအရက်သောက်ပြစ် ···· | ၁၀၀ |
| ၁၀၄။ | ထိုမှတပါး အပြစ်များ ···· | ၁၀၀ |
| ၁၀၅။ | တနည်း-အပြစ် ၆-ပါး ··· | ၁၀၀ |
| ၁၀၆။ | ရှောင်ကြဉ်ရကျိုး ···· | ၁၀၁ |
| ၁၀၇။ | သေရည်သောက်စား အပြစ်များ ···· | ၁၀၁ |
| ၁၀၈။ | အနည်းငယ်မျှ ကံထိုက်ရ ··· | ၁၀၃ |
| ၁၀၉။ | ငါးပါးသီလ အကျိုးပြ ···· | ၁၀၄ |
| ၁၁၀။ | တတ်နိုင်သမျှ ဆောက်တည်ရ ···· | ၁၀၅ |
| ၁၁၁။ | ပျက်စီးပါက ဆောက်တည်ရ ···· | ၁၀၇ |
| ၁၁၂။ | ဗြဟ္မစရိယပဉ္စက သီလတောင်း ··· | ၁၀၈ |
| ၁၁၃။ | အဗြဟ္မစရိယသိက္ခာပုဒ် ··· | ၁၀၈ |
| ၁၁၄။ | အာဇီဝဋ္ဌမက သီလတောင်း ···· | ၁၀၉ |
| ၁၁၅။ | ပိသုဏာဝါစာသိက္ခာပုဒ် ···· | ၁၀၉ |
| ၁၁၆။ | ကုန်းတိုက်ရာ၌ အင်္ဂါ ၄-ပါး ···· | ၁၁၀ |
| ၁၁၇။ | ကုန်းတိုက်ပြစ် ··· | ၁၁၀ |
| ၁၁၈။ | ရှောင်ကြဉ်ရကျိုး ··· | ၁၁၁ |
| ၁၁၉။ | ဖရုသဝါစာသိက္ခာပုဒ် ··· | ၁၁၁ |
| ၁၂၀။ | စကားပြောကြမ်းရာ၌ အင်္ဂါ ၃-ပါး ···· | ၁၁၁ |
| ၁၂၁။ | စကားကြမ်းပြောပြစ် ··· | ၁၁၂ |
| ၁၂၂။ | ရှောင်ကြဉ်ရကျိုး ··· | ၁၁၂ |
| ၁၂၃။ | သမ္ဖပ္ပလာပသိက္ခာပုဒ် ··· | ၁၁၃ |
| ၁၂၄။ | အဖျင်းပြောရာ၌ အင်္ဂါ ၂-ပါး ··· | ၁၁၃ |
| ၁၂၅။ | ဝါစာသုံးပါး သတိထား ··· | ၁၁၄ |
| ၁၂၆။ | အဖျင်းပြောပြစ် ··· | ၁၁၅ |
| ၁၂၇။ | ရှောင်ကြဉ်ရကျိုး ··· | ၁၁၅ |

# ဝိဇ္ဇာစရဏပါရဂူကျမ်း


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၂၈။ | မကောင်းကိုရှောင် | ... | ၁၁၆ |
| ၁၂၉။ | ကောင်း,ကိုဆောင် | ... | ၁၁၆ |
| ၁၃၀။ | မိတ္တာဇီဝသိက္ခာပုဒ် | ... | ၁၁၇ |
| ၁၃၁။ | စောင့်မစောင့်ရ ဝိဝါဒ | ... | ၁၁၈ |
| ၁၃၂။ | မိတ္တာဇီဝ သဘာဝ | ... | ၁၂၀ |
| ၁၃၃။ | မိတ္တာဇီဝ သဘာဝ | ... | ၁၂၁ |
| ၁၃၄။ | သမ္မာအာဇီဝ သဘာဝ | ... | ၁၂၂ |
| ၁၃၅။ | သမ္မာအာဇီဝ နှစ်ဝါဒ | ... | ၁၂၂ |
| ၁၃၆။ | ရှစ်ပါးသီလတောင်း | ... | ၁၂၄ |
| ၁၃၇။ | ဝိကာလဘောဇနေသိက္ခာပုဒ် | ... | ၁၂၄ |
| ၁၃၈။ | ညစာစားခြင်းအပြစ် | ... | ၁၂၄ |
| ၁၃၉။ | မစားခြင်းအကျိုး | ... | ၁၂၅ |
| ၁၄၀။ | နစ္စဂီတသိက္ခာပုဒ် | ... | ၁၂၈ |
| ၁၄၁။ | မှတ်ရန်အမိပ္ပါယ် | ... | ၁၂၈ |
| ၁၄၂။ | အကျိုးနှင့်အပြစ် | ... | ၁၂၉ |
| ၁၄၃။ | ဥစ္စာသယန မဟာသယန သိက္ခာပုဒ် | ... | ၁၂၉ |
| ၁၄၄။ | မှတ်ရန်အမိပ္ပါယ် | ... | ၁၃၀ |
| ၁၄၅။ | အကျိုးနှင့်အပြစ် | ... | ၁၃၀ |
| ၁၄၆။ | ဥပုသ် | ... | ၁၃၁ |
| ၁၄၇။ | ဆင်ခြင်ပုံကား | ... | ၁၃၃ |
| ၁၄၈။ | ဂေါပါလဥပုသ် | ... | ၁၃၃ |
| ၁၄၉။ | ကိုးပါးသီလတောင်း | ... | ၁၃၄ |
| ၁၅၀။ | ဆယ်ပါးသီလတောင်း | ... | ၁၃၅ |
| ၁၅၁။ | နစ္စဂီတနှင့်မာလာဂန္ဓ | ... | ၁၃၆ |
| ၁၅၂။ | ဝိရတီသဘာဝ သုံးဌာန | ... | ၁၃၇ |
| ၁၅၃။ | ဂဟဋ္ဌသီလ သဘာဝ | ... | ၁၃၉ |
| ၁၅၄။ | သာသနာတွင်း,ပ သီလ ၂-ဌာန | ... | ၁၄၀ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၅၅။ | လောကီ,လောကုတ် သီလ ၂-ဌာန | ... | ၁၄၂ |
| ၁၅၆။ | ပါတိမောက္ခသံဝရသီလ | ... | ၁၄၃ |
| ၁၅၇။ | ဣန္ဒြိယ သံဝရ သီလ | ... | ၁၄၄ |
| ၁၅၈။ | အာဇီဝပါရိသုဒ္ဓိသီလ | ... | ၁၄၆ |
| ၁၅၉။ | ပစ္စယသန္နိဿိတသီလ | ... | ၁၅၁ |
| ၁၆၀။ | သုဒ္ဓိလေးမျိုး | ... | ၁၅၃ |
| ၁၆၁။ | ပရိဘောဂ ၄-မျိုး | ... | ၁၅၃ |
| ၁၆၂။ | ဣဏပရိဘောဂ အပြစ်ရ | ... | ၁၅၅ |
| ၁၆၃။ | အာပတ်ရှိက အပါယ်ကျ | ... | ၁၅၅ |
| ၁၆၄။ | အလဇ္ဇီသဘာဝ ၂-ဌာန | ... | ၁၅၇ |
| ၁၆၅။ | အမိန့်တော်ပြန်တမ်းကြီး | ... | ၁၅၉ |
| ၁၆၆။ | အလဇ္ဇီမှာ မသက်သာ | ... | ၁၆၇ |
| ၁၆၇။ | ထင်းကုလားတုံးပမာ မဖြစ်စေရာ | ... | ၁၆၈ |
| ၁၆၈။ | သုဒ္ဓိလေးဝ စင်ကြယ်မှ | ... | ၁၆၉ |
| ၁၆၉။ | ဝါရိတ္တ, စာရိတ္တ သဘာဝ | ... | ၁၇၀ |
| ၁၇၀။ | သီလ၏သဘာဝ | ... | ၁၇၂ |
| ၁၇၁။ | သီလတရား အစားစား | ... | ၁၇၂ |
| ၁၇၂။ | သီလစောင့်က ရှောင်ကြဉ်ရ | ... | ၁၇၄ |
| ၁၇၃။ | သီလ၏ညှိုးနွမ်းစေတတ်သော မေထုန်ငယ် ၇-ပါး | ... | ၁၇၄ |
| ၁၇၄။ | သီလ၏ ကျိုးပေါက်စေတတ်သော ပါပဓမ္မ ၁၇-ပါး | ... | ၁၇၅ |
| ၁၇၅။ | သီလဂုဏ် ၈-ပါး သတိထား | ... | ၁၇၆ |
| ၁၇၆။ | တဏှာ,မာန, ဒိဋ္ဌိ ကပ်ငြိပုံ | ... | ၁၇၆ |
| ၁၇၇။ | တဏှာ,မာန, ဒိဋ္ဌိ မကပ်ငြိပုံ | ... | ၁၇၇ |
| ၁၇၈။ | သီလာနိသံသ ၅-ဌာန | ... | ၁၇၇ |
| ၁၇၉။ | သီလာနိသံသ သဘာဝ | ... | ၁၇၈ |

# ဝိဇ္ဇာစရဏပါရဂူကျမ်း


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၈၀။ | သီလသည်သာ စင်ကြယ်ရာ | ... | ၁၇၈ |
| ၁၈၁။ | နိဗ္ဗာန်ဝင်ရာ သီလသာ | ... | ၁၇၉ |
| ၁၈၂။ | သီလမဂ္ဂင် ကိလေစင် | ... | ၁၈၀ |
| ၁၈၃။ | သီလရှိမှ မြတ်ခေါ်ရ | ... | ၁၈၀ |
| ၁၈၄။ | ဒုစရိုက်၁၀-ပါး ရှောင်တရား | ... | ၁၈၁ |
| ၁၈၅။ | အဘိဇ္ဈာ၌ အင်္ဂါ၂-ပါး | ... | ၁၈၂ |
| ၁၈၆။ | အဘိဇ္ဈာ၏ အပြစ်နှင့်အကျိုး | ... | ၁၈၃ |
| ၁၈၇။ | ဗျာပါဒ၏ အပြစ်နှင့်အကျိုး | ... | ၁၈၄ |
| ၁၈၈။ | မိစ္ဆာဒိဋ္ဌိ၌ အင်္ဂါ ၂-ပါး | ... | ၁၈၅ |
| ၁၈၉။ | အယူမှားပြစ် | ... | ၁၈၅ |
| ၁၉၀။ | အယူမှန်ကျိုး | ... | ၁၈၆ |
| ၁၉၁။ | အပြစ်ကြီးငယ် သိမှတ်ဘွယ် | ... | ၁၈၇ |
| ၁၉၂။ | ဒုစရိုက်အကျယ်၄၀-ကား | ... | ၁၈၈ |
| ၁၉၃။ | သြဝါဒကထာ ဆုံးမစာ | ... | ၁၈၉ |
| ၂၉၄။ | အပါယ်ကျက လွတ်ခဲစွ | | ၁၈၉ |
| ၁၉၅။ | သုစရိုက်၁၀-ပါး ဆောင်တရား | ... | ၁၉၀ |
| ၁၉၆။ | သုစရိုက်အကျယ် ၄၀-ကား | ... | ၁၉၂ |


## ၃။ ပုညကြိယာကို ပြဆိုရာ အခန်း


| | | | |
|---|---|---|---|
| ၁၉၇။ | ပုညကြိယာ မကြောက်ရာ | ... | ၁၉၄ |
| ၁၉၈။ | ပုညကြိယဝတ္ထုဆိုဒါ ဘာလဲ | ... | ၁၉၅ |
| ၁၉၉။ | ပုကြိယာဝတ္ထု ဤသုံးခု | ... | ၁၉၅ |
| ၂၀၀။ | ပုညကြိယာ ၄၀-ကား | ... | ၁၉၇ |
| ၂၀၁။ | တနည်း ၃၀-ကား | ... | ၁၉၇ |
| ၂၀၂။ | ကံ,ကမ္မပထ သဘာဝ | ... | ၁၉၈ |
| ၂၀၃။ | ဝတ္ထုသုံးပါး၌ သွင်းယူပုံ | ... | ၁၉၉ |
| ၂၀၄။ | ဒါန သဘာဝသုံးဌာန | ... | ၂၀၀ |
| ၂၀၅၊ | ဒါန သုံးဌာန သဘာဝ | ... | ၂၀၁ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၀၆။ | တရားကိုယ်မှာ ၆-ဌာနာ | … | ၂၀၂ |
| ၂၀၇။ | စေတနာဒါန သဘာဝ | … | ၂၀၂ |
| ၂၀၈။ | အလောဘဒါန သဘာဝ | … | ၂၀၃ |
| ၂၀၉။ | ဝိရတီဒါန သဘာဝ | … | ၂၀၃ |
| ၂၁၀။ | ဒေယျဓမ္မဒါန သဘာဝ | … | ၂၀၄ |
| ၂၁၁။ | လိုရင်းသဘာဝ ၂-ဌာန | … | ၂၀၅ |
| ၂၁၂။ | စေတနာဒါန ၃-ဌာန | … | ၂၀၅ |
| ၂၁၃။ | မုဉ္စစေတနာသာ ဒါနပါ | … | ၂၀၆ |
| ၂၁၄။ | ဝတ္ထုဒါန သဘာဝ | … | ၂၀၇ |
| ၂၁၅။ | ဝိနည်းလာ ဒါန ၄-ဌာန | … | ၂၀၈ |
| ၂၁၆။ | အဘိဓမ္မာလာ ဒါန ၆-ဌာန | … | ၂၀၈ |
| ၂၁၇။ | ဝတ္ထုတပါး အာရုံ၆-ပါး | … | ၂၁၁ |
| ၂၁၈။ | သုတ္တန်လာဒါန ၁၀-ဌာန | … | ၂၁၂ |
| ၂၁၉။ | ဒါနအပြား ဟူသည်ကား | … | ၂၁၃ |
| ၂၂၀။ | သပ္ပုရိသဒါန ၅-ဌာန | … | ၂၁၄ |
| ၂၂၁။ | ကာလဒါန ၅-ဌာန | … | ၂၁၄ |
| ၂၂၂။ | အသပ္ပုရိသဒါန ၅-ဌာန | … | ၂၁၅ |
| ၂၂၃။ | တနည်း-သပ္ပုရိသ ဒါန ၅-ဌာန | … | ၂၁၆ |
| ၂၂၄။ | တနည်း အသပ္ပုရိသ ဒါန ၅-ဌာန | … | ၂၁၆ |
| ၂၂၅။ | တနည်း-သပ္ပုရိသ ဒါန ၈-ဌာန | … | ၂၁၇ |
| ၂၂၆။ | ဓမ္မိကဒါန,အဓမ္မိက ဒါန ၂-ဌာန | … | ၂၁၇ |
| ၂၂၇။ | စေတီသဘာဝ ၃-ဌာန | … | ၂၁၈ |
| ၂၂၈။ | အဓမ္မိက ဒါန ၉-ဌာန | … | ၂၁၉ |
| ၂၂၉။ | ဗု,ဓ,သ ဒါန ၃-ဌာန | … | ၂၂၁ |
| ၂၃၀။ | ဓမ္မဒါန ၃-ဌာန | … | ၂၂၂ |
| ၂၃၁။ | သံဃဒါန ၂-ဌာန | … | ၂၂၃ |
| ၂၃၂။ | ဟိ,မ,ပ ဒါန ၃-ဌာန | … | ၂၂၃ |

# ဝိဇ္ဇာစရဏပါရဂူကျမ်း


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၃၃။ | သ,ယ,မိ ဒါန ၃-ဌာန | ... | ၂၂၅ |
| ၂၃၄။ | သာ,အာ,နိဒါန ၃-ဌာန | ... | ၂၂၆ |
| ၂၃၅။ | လော,ဒေါ,မော ဒါန ၃-ဌာန | ... | ၂၂၆ |
| ၂၃၆။ | ဝဋ္ဋ,ဝိဝဋ္ဋဒါန ၂-ဌာန | ... | ၂၂၇ |
| ၂၃၇။ | ဓမ္မဒါန သွင်းယူရ | ... | ၂၂၈ |
| ၂၃၈။ | ဆုတောင်းတိုင်း တဏှာလော | ... | ၂၂၉ |
| ၂၃၉။ | တောင့်တခြင်းမှာ ၂-မျိုးပါ | ... | ၂၂၉ |
| ၂၄၀။ | ပဇ္ဇနာ ၂-ဌာန ဝိသေသ | ... | ၂၃၅ |
| ၂၄၁။ | ဝိဝဋ္ဋနိဿိတဒါန သဘာဝ | ... | ၂၃၆ |
| ၂၄၂။ | ပုညသမ္ဘတ ၅-ဌာန | ... | ၂၄၁ |
| ၂၄၃။ | အပါယ်လားရ ၁၀-ဌာန | ... | ၂၄၂ |
| ၂၄၄။ | ဒါနအကျိုးပြ သဘာဝ | ... | ၂၄၃ |
| ၂၄၅။ | ဓမ္မိကဒါန အကျိုးပြ | ... | ၂၄၅ |
| ၂၄၆။ | အဓမ္မိကဒါန အကျိုးပြ | ... | ၂၄၅ |
| ၂၄၇။ | ဗု,ဓ,သဒါန အကျိုးပြ | ... | ၂၄၆ |
| ၂၄၈။ | ခြောက်ပါးဒါန အကျိုးပြ | ... | ၂၄၆ |
| ၂၄၉။ | လောဘဒါန အကျိုးပြ | ... | ၂၄၆ |
| ၂၅၀။ | ဒေါသဒါန အကျိုးပြ | ... | ၂၄၇ |
| ၂၅၁။ | မောဟဒါန အကျိုးပြ | ... | ၂၄၇ |
| ၂၅၂။ | ရှစ်ပါးဒါန အကျိုးပြ | ... | ၂၄၈ |
| ၂၅၃။ | အကြောင်းဒါန အကျိုးပြ | ... | ၂၄၉ |
| ၂၅၄။ | ဝဋ္ဋ,ဝိဝဋ္ဋဒါန အကျိုးပြ | ... | ၂၅၀ |
| ၂၅၅။ | ပွဲလှူဒါန သဘာဝ | ... | ၂၅၁ |
| ၂၅၆။ | တဏှာဒါန သဘာဝ | ... | ၂၅၅ |
| ၂၅၇။ | ဒိဋ္ဌိဒါန သဘာဝ | ... | ၂၅၆ |
| ၂၅၈။ | ပါရမီဒါန သဘာဝ | ... | ၂၅၆ |
| ၂၅၉။ | ဒါနပြု,မပြု ၂-ဌာန သဘာဝ | ... | ၂၅၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆၀။ | နှိုးဆော်,မနှိုးဆော် ၂-ဌာန သဘာဝ... | ၂၅၈ |
| ၂၆၁။ | လျင်မြန်ဆောစွာ ပြုလုပ်ပါ ... | ၂၅၉ |
| ၂၆၂။ | ကုသိုလ်ပြုရာ ခေတ်အခါ ... | ၂၆၀ |
| ၂၆၃။ | ဆဋ္ဌဂ် ဒါန သဘာဝ ... | ၂၆၁ |
| ၂၆၄။ | ပုဂ္ဂလိက ဒါန ၁၄–ဌာန ... | ၂၆၄ |
| ၂၆၅။ | ပုဂ္ဂလိကဒါန အကျိုးပြ ... | ၂၆၆ |
| ၂၆၆။ | သံဃိကဒါန ၇–ဌာန ... | ၂၆၈ |
| ၂၆၇။ | တနည်း–သံဃိက ၁၀-ဌာန ... | ၂၆၉ |
| ၂၆၈။ | သံဃိကဒါန အကျိုးပြ ... | ၂၇၀ |
| ၂၆၉။ | စိစစ်ဝေဘန် လှူဒါန်းရန် ... | ၂၇၂ |
| ၂၇၀။ | စေတနာရှိက ကြီးမြတ်ရ ... | ၂၇၄ |
| ၂၇၁။ | သဒ္ဓါတရားသာ ဒုလ္လဘပါ ... | ၂၇၄ |
| ၂၇၂။ | စိတ်ဖြစ်ခါမျှ အကျိုးရ ... | ၂၇၅ |
| ၂၇၃။ | အလိုတော်ကျ လှူဒါန ... | ၂၇၆ |
| ၂၇၄။ | ဒါနသဘာဝ အကျိုးပြ ... | ၂၇၈ |
| ၂၇၅။ | မြတ်စွာဗုဒ္ဓ လိုတော်ကျ ... | ၂၇၉ |
| ၂၇၆။ | နိဗ္ဗာန်တောင့်တ လုံးစုံရ .... | ၂၈၀ |
| ၂၇၇။ | အစုံတောင်းကြ သဘာဝ ... | ၂၈၁ |
| ၂၇၈။ | ဒါနက,နိဗ္ဗာန်ကိုဘယ်လိုကျေးဇူးပြုပါသလဲ | ၂၈၂ |
| ၂၇၉။ | ကုသိုလ်သဘာဝ ၄-ဌာန ... | ၂၈၃ |
| ၂၈၀၊ | ဝဋ္ဋ,ဝိဝဋ္ဋ ၄-ဌာန ... | ၂၈၅ |
| ၂၈၁။ | ဝဋ္ဋုဒါန ရှုမှတ်ကြ ... | ၂၈၇ |
| ၂၈၂။ | စေတနာဒါန ရှုမှတ်ကြ ... | ၂၈၈ |
| ၂၈၃။ | အလှူခံပုဂ္ဂိုလ် ရှုမှတ်ဆို ... | ၂၈၈ |
| ၂၈၄။ | အလှူပေးပုဂ္ဂိုလ် ရှုမှတ်ဆို ... | ၂၈၈ |
| ၂၈၅။ | မေတ္တာဘာဝနာ ရှုမှတ်ရာ ... | ၂၉၁ |
| ၂၈၆။ | ဒါနက သံသရာကို ရှည်စေပါသလား | ၂၉၂ |

# ဝိဇ္ဇာစရဏပါရဂူကျမ်း


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၈၇။ | ရည်မှန်းတောင့်တ ပြုလုပ်ကြ | ... | ၂၉၄ |
| ၂၈၈။ | ဗောဓိသုံးပါး ဆုတောင်းကား | ... | ၂၉၅ |
| ၂၈၉။ | အမြွက်ဒါန သဘာဝ | .... | ၂၉၆ |
| ၂၉၀။ | ယောက်ျားဘဝ ဖြစ်လိုက | .... | ၂၉၇ |
| ၂၉၁။ | သတိရှိကြစေ | .... | ၃၀၀ |
| ၂၉၂။ | အပစာယန သဘာဝ | ... | ၃၀၁ |
| ၂၉၃။ | ဝပ်တွားညွှတ်ခ ရှိသေကြ | .... | ၃၀၂ |
| ၂၉၄။ | ဝပ်တွားညွှတ်ခ အကျိုးပြ | ... | ၃၀၆ |
| ၂၉၅။ | သားသမီးကျင့်ဝတ် ၅-ပါး | ... | ၃၀၇ |
| ၂၉၆။ | မလုပ်ကျွေးက အပြစ်ရ | ... | ၃၀၈ |
| ၂၉၇။ | လုပ်ကျွေးပါက အကျိုးရ | ... | ၃၁၂ |
| ၂၉၈။ | မိဘကျင့်ဝတ် ၅-ပါး | ... | ၃၁၄ |
| ၂၉၉။ | တပည့်ကျင့်ဝတ် ၅-ပါး | ... | ၃၁၄ |
| ၃၀၀။ | ဆရာကျင့်ဝတ် ၅-ပါး | ... | ၃၁၄ |
| ၃၀၁။ | လင်ကျင့်ဝတ် ၅-ပါး | ... | ၃၁၄ |
| ၃၀၂။ | မယားကျင့်ဝတ် ၅-ပါး | ... | ၃၁၅ |
| ၃၀၃။ | လင်နတ်သား မယားသူသေ | ... | ၃၁၅ |
| ၃၀၄။ | သူသေလင်နှင့် အိမ်ရှင်နတ်သမီး | ... | ၃၁၅ |
| ၃၀၅။ | သူသေလင်မယား | ... | ၃၁၆ |
| ၃၀၆။ | နတ်သား,နတ်သမီး ဇနီးမောင်နှံ | ... | ၃၁၆ |
| ၃၀၇။ | မိတ်ဆွေကျင့်ဝတ် ၅-ပါး | ... | ၃၁၇ |
| ၃၀၈။ | ကျေးဇူးမိတ်ဆွေကျင့်ဝတ် ၅-ပါး | ... | ၃၁၇ |
| ၃၀၉။ | သခင်ကျင့်ဝတ်၅-ပါး | ... | ၃၁၇ |
| ၃၁၀။ | ကျွန်ကျင့်ဝတ် ၅-ပါး | .... | ၃၁၈ |
| ၃၁၁။ | ဒါယကာကျင့်ဝတ် ၅-ပါး | .... | ၃၃၈ |
| ၃၁၂။ | ရဟန်းကျင့်ဝတ် ၆-ပါး | .... | ၃၁၈ |
| ၃၁၃။ | အကျိုးအပြစ်ပြ သဘာဝ | .... | ၃၁၈ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၁၄။ | ခင်ပွန်းကြီး ၁၀-ပါး သတိထား | .... | ၁၁၉ |
| ၁၁၅။ | ဆယ်ပါးဒဏ္ဍ သဘာဝ | .... | ၁၁၉ |
| ၁၁၆။ | ဝေယျာဝစ္စ သဘာဝ | .... | ၁၂၂ |
| ၁၁၇။ | ပတ္တိဒါန သဘာဝ | ... | ၁၂၄ |
| ၁၁၈။ | ပတ္တာနုမောဒန သဘာဝ | ... | ၁၂၄ |
| ၁၁၉။ | သာဓုခေါ်ရ အကျိုးပြ | ... | ၁၂၅ |
| ၁၂၀။ | ဓမ္မသဝန သဘာဝ | ... | ၁၂၅ |
| ၁၂၁။ | တရားနာရ အပြစ်ပြ | ... | ၁၂၇ |
| ၁၂၂။ | တရားနာရ အကျိုးပြ | ... | ၁၂၈ |
| ၁၂၃။ | ဓမ္မဒေသနာ သဘာဝါ | .... | ၁၃၁ |
| ၁၂၄။ | ဒိဋ္ဌိဇုကမ္မ သဘာဝ | .... | ၁၃၆ |
| ၁၂၅။ | သမ္မာဒိဋ္ဌိ ဆယ်မျိုးရှိ | .... | ၁၃၇ |
| ၁၂၆။ | ဒိဋ္ဌိဇုကမ္မ အကျိုးပြ | .... | ၁၃၈ |
| ၁၂၇။ | ကံကိုချည်းသာ မချရာ | .... | ၁၃၉ |
| ၁၂၈။ | ကံကြောင့်ဖြစ်ရ နည်းငယ်မျှ | .... | ၁၄၀ |
| ၁၂၉။ | ကံသခ်ါရ မကြောက်ရ | ... | ၁၄၁ |
| ၁၃၀။ | ဒါန,သီလ,ဘာဝနာ သဘာဝါ | .... | ၁၄၄ |
| ၁၃၁။ | ပုညကြိယာ ကျိုးနှစ်ဖြာ | .... | ၁၄၆ |

## ၄။ ဘာဝနာကို ပြဆိုရာ အခဏ်း

| | | | |
|---|---|---|---|
| ၁၃၂။ | အာနာပါန ရှုမှတ်ကြ | .... | ၁၄၈ |
| ၁၃၃။ | ရှေးဦးအစ ကိုယ်စိတ်သိမ်းဆည်းရပုံ | .... | ၁၄၉ |
| ၁၃၄။ | အာနာပါနအလုပ် အားထုတ်ပုံ | ... | ၁၅၀ |
| ၁၃၅။ | အာနာပါနအစ ရေတွက်ကြ | .... | ၁၅၁ |
| ၁၃၆။ | ရေတွက်ပုံ အစီအစဉ်ကား | ... | ၁၅၁ |
| ၁၃၇။ | ဝိပဿနာ သဘာဝ ၂-ဌာန | ... | ၁၅၁ |
| ၁၃၈။ | ဝိသုဒ္ဓိသဘာဝ ၅-ဌာန | ... | ၁၅၁ |

# ဝိဇ္ဇာစရဏပါရဂူကျမ်း


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၃၉။ | ဒိဋ္ဌိဝိသုဒ္ဓိ သဘာဝ | ... | ၃၅၉ |
| ၃၄၀။ | ဒိဋ္ဌိသုံး၀ နားသည်မှ | ... | ၃၆၀ |
| ၃၄၁။ | ဒိဋ္ဌိဝိသုဒ္ဓိအစစ် ဖြစ်,မဖြစ် | ... | ၃၆၂ |
| ၃၄၂။ | သဿတ,ဥစ္ဆေဒ သဘာဝ | ... | ၃၆၄ |
| ၃၄၃။ | ရုပ်,နာမ်နှစ်ဝ သဘာဝ | ... | ၃၆၆ |
| ၃၄၄။ | သက္ကာယဒိဋ္ဌိ သဘာဝ | ... | ၃၇၀ |
| ၃၄၅။ | မိစ္ဆာဒိဋ္ဌိ ၆၂–ဌာန သဘာဝ | ... | ၃၇၂ |
| ၃၄၆။ | သဿတဒိဋ္ဌိ ၄-ပါးကား | ... | ၃၇၂ |
| ၃၄၇။ | ဧကစ္စသဿတဒိဋ္ဌိ ၄-ပါးကား | ... | ၃၇၃ |
| ၃၄၈။ | အန္တာနန္တိကဒိဋ္ဌိ ၄–ပါးကား | .... | ၃၇၄ |
| ၃၄၉။ | အမရာဝိက္ခေပ ဒိဋ္ဌိ၄–ပါးကား | ... | ၃၇၃ |
| ၃၅၀။ | အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ၂–ပါးကား | ... | ၃၇၆ |
| ၃၅၁။ | သညီဝါဒဒိဋ္ဌိ ၁၆–ပါးကား | ... | ၃၇၇ |
| ၃၅၂။ | အသညီဝါဒ ဒိဋ္ဌိ ၈–ပါးကား | ... | ၃၇၉ |
| ၃၅၃။ | နေဝသညီနာသညီဝါဒဒိဋ္ဌိ ၈-ပါးကား | | ၃၇၉ |
| ၃၅၄။ | ဥစ္ဆေဒဒိဋ္ဌိ ၇–ပါးကား | ... | ၃၈၀ |
| ၃၅၅။ | ပရမဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒဒိဋ္ဌိ ၅-ပါးကား– | | ၃၈၁ |
| ၃၅၆။ | ဒိဋ္ဌိတရား သတိထား | ... | ၃၈၂ |
| ၃၅၇။ | ကင်္ခါဝိတရဏ ဝိသုဒ္ဓိ သဘာဝ | ... | ၃၈၄ |
| ၃၅၈။ | မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိသဘာဝ | .... | ၃၈၆ |
| ၃၅၉။ | အာရုံ ၆–ပါး ရှုမှတ်ပွား | .... | ၃၈၈ |
| ၃၆၀။ | ဝိညာဏ်ဝိဂါဓမာ ထားရန်မှာ | ... | ၃၈၉ |
| ၃၆၁။ | အနုပဿနာ ရှုမှတ်ပါ | .... | ၃၉၂ |
| ၃၆၂။ | ရှုမှတ်ပါမှ ထွက်မြောက်ရ | .... | ၃၉၂ |
| ၃၆၃။ | ညစ်ကြေးကင်းစင် ရှုဆင်ခြင် | .... | ၃၉၃ |

ဦးရေ အကြောင်းအရာ စာမျက်နှာ

## ၅။ သိမှတ်ဖွယ်ရာ အဖြာဖြာကို ပြဆိုရာအခဏ်း

၁၆၄။ စာတတ်,မတတ် သတိချပ် .... ၃၉၈
၁၆၅။ ပိဋကတ်သုံးပုံဆောင်ကာမျှ ပညာရှိမဆိုရ ၃၉၉
၁၆၆။ ဟောပြောကာမျှ တရားရှိသည် မဆိုရ ... ၃၉၉
၁၆၇။ ဝိနည်းအရာ မလိမ္မာက ဒုဿီလ ... ၄၀၀
၁၆၈။ သုတ္တန်အရာ မလိမ္မာဘိ မိစ္ဆာဒိဋ္ဌိ ... ၄၀၂
၁၆၉။ အဘိဓမ္မာအရာ မလိမ္မာက ရူးသွပ်ရ .... ၄၀၃
၁၇၀။ ပိတ်ပင်တားဆီး အပြစ်ကြီး ... ၄၀၄
၁၇၁။ မဟာစောရ အမည်ရ .... ၄၀၆
၁၇၂။ အယူမှားက အပါယ်ကျ .... ၄၀၇
၁၇၃။ မိမိ, သူတပါး ပျက်စီးကြောင်း .... ၄၀၈
၁၇၄။ ဗုဒ္ဓ ဝစန နက်နဲစွ ... ၄၀၉
၁၇၅။ မဟာပဒေသ ၄-ဌာန ... ၄၁၀
၁၇၆။ မငြင်းလိုရာ တို့မြတ်စွာ ... ၄၁၁
၁၇၇။ ဘုရားရှင်ပင် လက်လျှော့ခြင်း ... ၄၁၂
၁၇၈။ သုံးပါးသာသနာ သဘာဝါ ... ၄၁၃
၁၇၉။ ပရိယတ္တိရှိမှ တည်တံ့ရ .... ၄၁၅
၁၈၀။ ပရိယတ္တိအင်္ဂါ ရှစ်ပါးမှာ ... ၄၁၅
၁၈၁။ ညစ်နွမ်းကြောင်းတရား သုံးပါးကား .... ၄၁၆
၁၈၂။ အံ့ဘွယ်ရှစ်ဖြာသာသနာ ... ၄၁၈
၁၈၃။ သမဏသုခ ၈-ဌာန ... ၄၁၉
၁၈၄။ ဗုဒ္ဓသာသနာ တည်စေရာ .... ၄၂၂
၁၈၅။ ဗုဒ္ဓသာသနာ ကွယ်ချိန်ခါ ... ၄၂၃
၁၈၆။ ငါးထောင်သာသနာ သဘာဝါ .... ၄၂၄
၁၈၇။ ဝိမုတ္တိဟပတ်ပြန်နှင့် သိကြားသာသနာ .... ၄၂၇
၁၈၈။ လာဘ်ရကြောင်း တရား ၄-ပါး .... ၄၂၈
၁၈၉။ သူတော်ကောင်းများ လိုနည်းပါး ... ၄၂၉

# ဝိဇ္ဇာဝစရဏပါရဂူကျမ်း


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၉၀။ | ပဗ္ဗဇိတ ဒုလ္လဘ သဘာဝ | .... | ၄၃၁ |
| ၃၉၁။ | ဘုန်းကြီးသူများ သတိထား | ... | ၄၃၃ |
| ၃၉၂။ | လောကဓံသာ ကြောက်ကြရှာ | ... | ၄၃၄ |
| ၃၉၃။ | ပညာရှိမှာ မကြောက်ပါ | ... | ၄၃၅ |
| ၃၉၄။ | ကဲ့ရဲ့ခြင်းမှ မလွတ်ကြ | ... | ၄၃၅ |
| ၃၉၅။ | ကဲ့ရဲ့ချီးမွမ်း မစုံစမ်းရာ ခဏာသာ | .... | ၄၃၆ |
| ၃၉၆။ | ကိုယ့်ကိစ္စသာ ပြုလုပ်ပါ | ... | ၄၃၇ |
| ၃၉၇။ | ဗျာသန တရားသာ ကြောက်ဘွယ်ရာ | ... | ၄၃၉ |
| ၃၉၈။ | ဒိဋ္ဌိဖြစ်ခြင်း အကြောင်းရင်း | ... | ၄၄၁ |
| ၃၉၉။ | ဒိဋ္ဌိဖြစ်ဟာ အကြီးဆုံးပါ | ... | ၄၄၂ |
| ၄၀၀။ | တရားနှစ်ပါး သတိထား | .... | ၄၄၂ |
| ၄၀၁။ | လိပ်ခဲတန်းလန်း မစွဲလမ်းရာ | .... | ၄၄၃ |
| ၄၀၂။ | ဤကျမ်းအတွက် လိုလားချက် | ... | ၄၄၅ |
| ၄၀၃။ | ကျမ်းပြီးနိဂုံး | .... | ၄၄၇ |
| | *အရုံတက် နေထွက်,နေဝင်,ဇယား | ... | ၁၂၆ |


[redacted]

# ပဏာမ


ဝိဇ္ဇာဟု ပေတ သမ္ဗုဒ္ဓံ၊ စရဏောဟိပိ အဋ္ဌဟိ။
တီဟိ သဗ္ဗကာလ မဟံ၊ ပန္နရသဟိ ဝါနမေ။ ။

**တိဟိဝိဇ္ဇာဟိဝါ**၊ရှေးလွန်ဘဝ ဖြစ်သမျှ ခန္ဓာအစဉ်ကို သိမြင်နိုင်ခြင်းတည်းဟူသော ပုဗ္ဗေနိဝါသဉာဏ်, နံရံတာဘက် ကွယ်ဝှက်တားဆီး ဝေး,နီးသော ရူပါရုံအရှိကို သိမြင်နိုင် ခြင်းတည်းဟူသောဒိဗ္ဗစက္ခုဉာဏ်,အာသဝေါမှန် ရန်လေးပါး ကို ပယ်ရှားနိုင်ခြင်းတည်းဟူသော အာသဝက္ခယဉာဏ်အား ဖြင့် သုံးပါးကုန်သော ဝိဇ္ဇာတရားတို့နှင့်၎င်း။

**အဋ္ဌဟိ ဝိဇ္ဇာဟိဝါ**၊နဂါး, ဂဠုန်, ကုမ္ဘဏ်, ဂန္ဓဗ္ဗစသည် တန်္ခိုး အမျိုးမျိုးသမုတ် နာနာရုပ်သဏ္ဍာန်ကို ဖန်ဆင်းနိုင် ခြင်းတည်းဟူသောဣဒ္ဓိဝိဓဉာဏ်,ပသာဒနားဖြင့် မကြားမတွေ့ သိမ်မွေ့သေးငယ်ပွစွာသော သဒ္ဒါရုံအပြားကို သိကြားနိုင် ခြင်းတည်းဟူသော ဒိဗ္ဗသောတဉာဏ်, သုံးတန်ဘုံသူ နတ်,လူ, ဗြဟ္မာ သတ္တဝါတို့၏မူရာအသွင် စိတ်ဖြစ်အင်ကို သိမြင်နိုင် ခြင်းတည်းဟူသော ပရစိတ္တဝိဇာနနဉာဏ်, လက္ခဏာမှန် ပုဒ် သုံးတန်ကို ယှုကြိုတွေ့ကြုံ အာရုံပြုရှိသော ဝိပဿနာဉာဏ်, ကိုယ်သန္တာန်စု တခုအတွင်း၌ ကိုယ်တခုကိုသွင်း၍ဖန်ဆင်းနိုင် ခြင်းတည်းဟူသော မနောမယိဒ္ဓိဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်အားဖြင့် ရှစ်ပါးကုန် သော ဝိဇ္ဇာတရားတို့နှင့်၎င်း။

**ပန္နရသဟိ စရဏေဟိ ပိဝါ**၊ဣန္ဒြိယစေတနာ ချာန်လေးပါး, သီလသံဝရတပါး,ဣန္ဒြိယဂုတ္တတပါး,ဘောဇနေမတ္တညုတပါး,

ဇာဂရိယာနုယောဂတပါး,သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗဟု
သုတ,အာရဒ္ဓဝီရိယ, ပညာ-ခုနစ်ဖြာသော သဒ္ဓမ္မတရားအား
ဖြင့် တဆဲ့ငါးပါးကုန်သော စရဏ တရားတို့နှင့်၎င်း။ဥပေတံ၊
မချို့ကုန်လုံပြည့်စုံတော်မူသော။သမ္ဗုဒ္ဓံ၊ ဝိဇ္ဇာ,စရဏသမ္ပန္န
ဂုဏ်တော်သခင်ဘုရားရှင်ကို။ သဗ္ဗကာလံ၊ နေ့ရော,ညဉ့်ပါ
အခါခပ်သိမ်း။အဟံ၊ဝိဇ္ဇာ,စရဏ ညီမျှပြည့်ရန် စိတ်သန်ရည်
မြှော် တပည့်တော်သည်။ နမေ-နမာမိ၊ ဝိဇ္ဇာ,စရဏဂုဏ်
ထိပ်ဝယ်ပုံ၍ ကြည်ယုံမြတ်နိုး ဦးညွတ်ကျိုးကာ ရှိခိုးပါ၏
အရှင်ဘုရား။



# ဝိသုဒ္ဓိမဂ် ပါဠိ ရုံကောက်ချက်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ သရဏဂုံကို ပြဆိုရာအခန်း

### အရင်းစစ် အမြစ်မြေက သဘာဝ

မင်္ဂလသုတ္တန်ကြသ ဥပ္ပတိတွာ ဂမနံ ဝိယ အာဒိ-
တော၀ သီလပူရဏာဒိနိ အကတွာ အရဟတ္တ-
ပဋိဝေဓော နာမ နတ္ထိ။
[အင်္ဂုတ္တရအဋ္ဌကထာ, ဝေရဉ္စကဏ္ဍဋီကာ]

မင်္ဂလသုတ္တန်ကြသ၊ ဘားသတွာ၏ ဥပ္ပတိတွာ၊ ခုန်ကျော်၍။ဂမနံ ဝိယ၊သွားသကဲ့သို့။အာဒိတော၀၊ အစကသာလျှင်။ သီလပူရဏာဒိနိ၊သရဏဂုံ, သီလဖြည့်ကျင့်မှုစသည်တို့ကို။အကတွာ၊ မပြုမူ၍။ အရဟတ္တပဋိဝေဓော နာမ၊အရဟတ္တဖိုလ်,နိဗ္ဗာန်ကို ထိုးထွင်း၍သိမြင်ရရှိသောသူမည်သည်။နတ္ထိ၊ မုချမှန်စွာ မရှိနိုင်ပေရာ။

လိုရင်းအဓိပ္ပါယ်ကား—မြတ်စွာဘုရား၏ အသုံးအမ သာသနာတော်မြတ်ကြီး၌ဘားသတ္တဝါ၏ခုန်ကျော်ကာသွားသကဲ့သို့ ဗုဒ္ဓဘာသာတို့၏ မူလဘူတ အခြေပါဒဖြစ်သော သရဏဂုံ, သီလ စသော စရဏ တရားတို့ကို ဖယ်ထားခုန်ကျော်၍ မဂ်, ဖိုလ် ချမ်းသာကို ရ ူးရောက် း မျက်မှောက်ပြုရရှိုး ထုံးစံ မဟုတ်ဟု တ်ရာ၏။

## အနာထပိဏ်,ဝိသာခါတို့ ဘယ်ရိပ်သာ သွားဘူးပါသလဲ?

ထင်ရှားစေအံ့၊ ရဟန်းယောကျ်ားဘက်က ရှင်ကောဏ္ဍည စသ ည်,ရဟန်းမိန်းမဘက်က ခေမာထေရီ စသည်,လူဒကာ ဘက်က အဂ္ဂသိမာလ စသည်, ဒကာမဘက်က ကာလီ အ ျိုးသမီး စသည်တို့သည် ဘယ်သရဂုံ,သီလ,သမထ စသော စရဏ တရား ူးဖော့ကို ဘယ်ရိပ်သာ ဘယ်ဌာန ဘယ်ဆရာ သမားထံမှာမှ ဆောက်တည်အားထုတ်နေရသည် ဟူ၍ မရှိ၊ကြားနာမှတ်သားကာ သိကာချနှင့်ပင် ကျွတ်တမ်းဝင်ကြ ရသည် မဟုတ်ပါလား—ဟူပြောအံ့၊ မှန်ပေသည်၊ ထိုအရှင် ကောင်းများကား ရှေးရှေးသော ဘဝများစွာ သာသနာတော် နှင့် တွေ့ကြုံခဲ့ကြစဉ်အခါက ဒါန, သီလ, သမထ, ပညာ အဖြာဖြာတို့ကို လေ့လာပွားများ ဆည်းပူးစုဆောင်းထား သော အကြောင်းတရားများ ပြည့်စုံလုံလောက် ြီးသားရှိသော "အတီတ သု ာဟေတုက သံဝရပညာ" ပါရှိခဲ့ကြပါသဖြင့် ဘုရားစသော ဆရာကောင်းများ၏ တရားဓမ္မကို ကြားနာရ သည်နှင့် တပြုင်နက် အရုဏ်ကိုလင့်ကာ ပွင့်လုဆဲဆဲဖြစ်သော ကြာပဒုံမာသည် နေအရုဏ်နှင့်တွေ့ရာ လျင်မြန်စွာပွင့်ကြရှာ သကဲ့သို့ ထို့ဥပမာ လေးဖြာသော ပုဂ္ဂိုလ်တို့တွင် ဥဃ္ဃါ

ဠိုတည်သူ, ဝိပဉ္စိတည်သူ ပုဂ္ဂိုလ်တို့မှာ စရဏ,ဝိဇ္ဇာ ပြည့်စုံစွာနှင့် ပင် ကျွတ်တမ်းဝင်တော်မူကြပါသည်၊ ခုနကျော်၍ ဖြစ်သည် မဟုတ်ဟူမှတ်၊ ထို့ကြောင့်မဟုတ်ပါလော။

ဣဒ္ဓိ ဗောဓိသတ္တာနံ အတီတသုတဟေတုကာ
သံဝရပညာ သင်္ဂဟိတာ၊ ကော ပန ဝါဒေါ
သစ္စာနုလောမိကဉာဏာဒယော။
[ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။]

ဣဒ္ဓိ၊ နှစ်ပါးကုန်သော။ ဗောဓိသတ္တာနံ၊ ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူ ပုဂ္ဂိုလ်တို့အား။ အတီတသုတဟေတုကာ၊ ရှေးပကတူး ဘဝထူးက ဆည်းပူးခဲ့သော သုတအကြောင်းသည်။ သံဝရပညာ၊ ပြုကျင့်စောင့်ဆည်းအပ်သော သံဝရပညာ အဖြစ်ကို။သင်္ဂဟိတာ၊ သင်္ဂြိုဟ်ရေတွက်အပ်၏။သစ္စာနုလော-မိကဉာဏာဒယော၊ သစ္စာနုလောမိက ဝိပဿနာဉာဏ်, မဂ် ဉာဏ်,ဖိုလ်ဉာဏ် စသည်တို့ကိုကား။ ကော ပန ဝါဒေါ၊ မရနိုင်ဟူ၍ အဘယ်မှာ ဆိုဘွယ်ရာရှိပါတော့အံ့နည်း။

---

## ပုဂ္ဂိုလ်လေးစား သတိထား

ဤမှတပါး "နေယျ" ပုဂ္ဂိုလ်များမှာမူကား- သာသနာ တော်၏ကိစ္စ ဝိဇ္ဇာ,စရဏ နှစ်ဌာနတို့ကို သင်ယူခြင်း, မေး မြန်းရခြင်း,ဆုံးဖြတ်နိုင်ခြင်း, အသင့်အလျော်အားဖြင့် နလုံး သွင်းရခြင်း,သူတော်ကောင်းတို့အထံ၌ မှီဝဲဆည်းကပ် ပြတ်ဝပ် သေခွေ ရှိသေစွာလုပ်ကျွေးရခြင်းတည်းဟူသော အကြောင်းတို့ ပြည့်စုံလုံလောက်ပါမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရနိုင်ကြ ပေ၏။ [ပုဂ္ဂလပညတ် အဋ္ဌကထာ။]

ထို့ကြောင့် ကျွတ်ထိုက်သမျှဝေနေယျတို့တွင်-
(၁) သုတဓောတပုဂ္ဂိုလ်,
(၂) သီလဓောတပုဂ္ဂိုလ်-
ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြား၍မှတ်သားအပ်၏။

(၁) သုတဓောတပုဂ္ဂိုလ် ဆိုသည်မှာ ဘုရားစသော သူတော်ကောင်းတို့၏ ဝိပဿနာပညာနှင့်ဆိုင်ရာ တရားဓမ္မကို ကြားနာရရုံမျှနှင့် သီလ, သမာဓိနှင့်တကွ မဂ်, ဖိုလ် ကိစ္စပြီးသွားရသော ရှင်သာရိပုတ္တရာ,သန္တတိ အစရှိသော သူတို့သည် သုတဓောတပုဂ္ဂိုလ်-ဟု မှတ်အပ်၏။

(၂) သီလဓောတ ပုဂ္ဂိုလ်ဆိုသည်မှာ မိမိ၏ သီလ အနှစ် ၆၀-ပင်ရှိစေကာ ဆင်ခြင်လိုက်သည်ရှိသော် အနည်းငယ်မျှ မချို့ယွင်း၊ သန့်ရှင်းစင်ကြယ်သည်ကိုသာ တွေ့မြင်ရသောအခါ နှစ်သက်ခြင်းပီတိဖြစ်လျက် သမာဓိ,ပညာနှင့်တကွ မဂ်,ဖိုလ် ကိစ္စပြီးသွားရသော မဟာသိဝထေရ်,မဟာနာဂထေရ် အစရှိသော သူတို့သည် သီလဓောတ ပုဂ္ဂိုလ်-ဟု မှတ်အပ်၏။

မှတ်ချက်။ ။[သီလနှင့် သမာဓိကိုတပုံ,ပညာကို တပုံထားရာ၏။]

အညံ့စားဖြစ်သော "ပဒပရမ"ပုဂ္ဂိုလ်မှာကား ဘယ်လိုပင် သင်အံလေ့ကျက် ဆောင်ရွက်ကျင့်ကြံပါသော်လည်း ဤဘဝတွင်မူ မဂ်,ဖိုလ်ကို မရနိုင်ပါ၊ သို့ပင်ဖြစ်စေကာ ဒုတိယစသော ဘဝများမှာ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ကျေးဇူးပြုနိုင်ပေ၏၊ ထို့ကြောင့် ကျိုးစားအားထုတ်သင့်၏။

[အင်္ဂုတ္တရ အဋ္ဌကထာ။]

## သာသနာတွင်း သက်ဝင်ခြင်းအစ သရဏဂုံက

ယသ္မာ ဣမိနာ မဂ္ဂေန ဒေဝမနုဿာ ဥပါသက
ဘာဝေန ပဗ္ဗဇိတဘာဝေနဝါ သာသနံ
ဩတရန္တိ။
[ခုဒ္ဒကပါဌ အဋ္ဌကထာ]

ယသ္မာ၊ အကြင်ကြောင့်။ ဣမိနာမဂ္ဂေန၊ ဤသရဏဂုံတည်းဟူသောခရီးကြောင်းဖြင့်။ ဒေဝမနုဿာ၊ နတ်, လူတို့သည်။ ဥပါသက ဘာဝေနဝါ၊ ဥပါသကာ၏အဖြစ်အားဖြင့်၄င်း။ ပဗ္ဗဇိတဘာဝေနဝါ၊ ရဟန်းသာမဏေ၏ အဖြစ်အားဖြင့်၄င်း။ သာသနံ၊ သာသနာတော်တွင်းသို့။ ဩတရန္တိ၊သက်ဝင်ကြကုန်၏။

ကျေးဇူးခတော်ရှင် ဘုရားသခင်၏ အဆုံးအမ သာသနာတော်မှာ နတ်,လူ ဘဲဖြစ်စေ,ရှင်ရဟန်းဘဲ ဖြစ်စေ အခြေမူလဖြစ်သော ဤသရဏဂုံသုံးပါးဖြင့်ပင် သာသာနာတော်တွင်းသားအဖြစ်သို့ သက်ဆင်းဝင်ရောက်ကြရ၏၊ထို့ကြောင့် သာသနာတွင်း သက်ဝင်ခြင်းအစ-သရဏဂုံက-ဟူ၍၎င်း,ဗုဒ္ဓဘာသာအစ-သရဏဂုံက-ဟူ၍၎င်း ဆိုသင့်လှပေတော့၏။

---

## သရဏဂုံ သဘာဝ ခုနစ်ဌာန

ဤသရဏဂုံ ခံယူဆောက်တည်ကြရာဝယ် သိဘွယ်ရာ သဘာဝ ခုနစ်ဌာနရှိ၏၊ ခုနစ်ဌာနဟူသည် (၁) သရဏ သဘာဝ၊ (၂) သရဏဂမန သဘာဝ၊ (၃) သရဏဂစ္ဆ သဘာဝ၊(၄) သရဏဂမနပ္ပဘေဒ သဘာဝ၊(၅)သရဏာနိသံသ သဘာဝ၊ (၆) သရဏ သံကိလေသ သဘာဝ၊

(၇) သရဏ ဘေဒ သဘာဝ-ဟူ၍ ခုနစ်ပါးသော သရုပ် အရေအတွက်ကို ရှေးဦးစွာ မှတ်သားထားရာ၏။

---

## (၁) သရဏ သဘာဝကိုပြခြင်း

### ဟိံသတီတိ သရဏံ
### [ခုဒ္ဒကပါဌ အဋ္ဌကထာ]

ယောသဘာဝေါ၊ အကြင်သဘောတရားသည်။ သတ္တာနံ၊ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏။ဘယံ၊ဒုဂ္ဂတိအစရှိသောသံသရာ၌ ကျင်လည်တတ်သော ဘေးအပေါင်းကို။ ဟိံသတိ၊ မကျင်လည်ရအောင် သတ်တတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ သောသဘာဝေါ၊ထိုဘုရား,တရား,သံဃာ အမြတ်ရတနာသုံးပါးဘည်းဟူသော သဘောတရားသည်။ သရဏံ၊ သရဏ မည်၏။

ချဲ၍ပြပေအံ့၊ ဤဘုရား,တရား,သံဃာ အမြတ်ရတနာ-ဟုဆိုအပ်သော သရဏတရားသုံးပါးကို အဟုတ်အဟတ် ဆည်းကပ်ကိုးကွယ်ကြကုန်သောသူတို့အား ထိုသို့ သရဏဂုံတည်သောကြောင့်သာလျှင် ပူလောင်စေတတ်, လွန်မင်းစွာဆင်းရဲစေတတ်,မကောင်းသောသူတို့ သွားရောက်ရာဖြစ်သော အပါယ်လေးပါး ဒုဂ္ဂတိသို့ လားစေတတ်, ဘဝတိုင်းညစ်နွမ်းစေတတ်, ဘဝအဆက်ဆက်၌ နှိပ်စက်စေတတ်သော ဘေးအပေါင်းကို သတ်ဖြတ်ဖျက်ဆီးတတ်,ညှင်းပန်းနှိပ်စက်တတ်, ထုတ်ဆောင် ပင်ပယ်တတ်စေတတ်၏။

ဤသို့ ဆည်းကပ်ကိုးကွယ်ကြကုန်သောသူတို့အား ဘဝအဆက်ဆက် နှိပ်စက်ညှင်းဆဲတတ်သော ဘေးအပေါင်းကို

ကောင်းစွာသတ်၍ ပေးတတ်သောကြောင့် ဘုရား, တရား, သံဃာ အမြတ်ရတနာသုံးပါးသည် သရဏ မည်၏ဟူ၍ မှတ်။

---

## ဗုဒ္ဓဆိုဒါ ဘယ်လိုပါလဲ ?

ထင်ရှားစေဦးအံ့၊ သရဏ-ဟူသောပုဒ်၌ ဗုဒ္ဓ-ဟူသည်

(၁) ပုဂ္ဂလဝိသေသဗုဒ္ဓ,

(၂) ဓမ္မဝိသေသဗုဒ္ဓ-ဟူ၍ နှစ်မျိုးပြားရာ—

(၁) ပုဂ္ဂလဝိသေသ ဗုဒ္ဓဟူသည် အလုံးစုံ ရှိသမျှ "ဉေယျဓမ္မ" ဟူသမျှတို့ကို ဆီးတား ပိတ်ပင်ခြင်း မရှိ အလင်းထင်ပေါ် ထိုးထွင်း၍ သိမြင်ကော်မူသော-သဗ္ဗညုတ ရွှေဉာဏ်တော်၏ အကြောင်းရင်းလည်းရှိတော်မူသော-အခါ ခပ်သိမ်းသော ဒေသနာဉာဏ်တော်တို့၏အကြား၌ မလစ် မလပ်ပွားများအပ်သောဖလသမာပတ်လည်းရှိတော်မူသော- "ဝိမုတ္တာယတန" ခန္ဓာငါးပါးအပေါင်းကိုစွဲ၍ ပညတ်အား ဖြင့် ဗုဒ္ဓ-ဟူ၍ခေါ်၏။

(၂) ဓမ္မဝိသေသန ဗုဒ္ဓ-ဟူသည် သဗ္ဗညုတ ဉာဏ်လျှင် နီးစွာသောအကြောင်းရှိသော သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူတတ်သော အရဟတ္တမဂ်နှင့် ယှဉ်သော ပညိန္ဒြေကိုစွဲ၍ ပညတ်အားဖြင့် ဗုဒ္ဓ-ဟူ၍ခေါ်၏။

၌ဗုဒ္ဓနှစ်မျိုးတို့တွင် တောဘူမကဘုံသုံးဝတွင် အလျှင်းတူ သောသူ ဘာစုံတယောက်မျှ မပေါ်ပေါက် မရှိကြသဖြင့် "သတ္တဝိသေသ"ပုဂ္ဂိုလ်ထူးကြီးသည် ဗုဒ္ဓမည်၏။

စင်စစ်အားဖြင့် ဗုဒ္ဓ-ဟူသည် အလုံးစုံသောတရားအ အပေါင်းတို့ကို မိမိအလိုလိုသာလျှင် ထိုးထွင်း၍သိမြင်တော်

ရှူသော-ရှေးရှေးသောဘဝအဆက်ဆက်တို့၌ မသိရဘူးကုန်သော သစ္စာလေးပါးကိုပိုင်းခြားထင်ထင်သိမြင်တော်မူသော-သဗ္ဗညုတဉာဏ်တော်တို့၏ အတွင်၌သို့ ဝသီဘော်နှင့် တကွရောက်အပ်သောပုဂ္ဂိုလ်အထူးသည် ဗုဒ္ဓမည်၏။
[ခုဒ္ဒကပါဌအဋ္ဌကထာ။]

## ဓမ္မဆိုဒါ ဘယ်လိုပါလဲ?

ဓမ္မ"တရား"ဟူသည် ကျေးဇူးတော်သခင် ဘုရားရှင်တည်းဟူသော နေမင်းကြီး၏ဟောဖော်ညွှန်ပြ ဆုံးမတော်မူသော တရားအရသာတည်း-ဟူသော အရောင်တို့ကို ကျင့်ဆောင်အားထုတ် ခံစားခြင်းကို ပြုလုပ်ကြကုန်သော သတ္တာအပေါင်းတို့ကို ဘဝသံသရာတည်းဟူသော ခရီးခဲညွှန်ပျောင်းမှ နိဗ္ဗာန်တည်းဟူသော ကြည်း, ကုန်း, ချမ်းသာရာအရပ်သို့ရောက်အောင် ထုတ်ဆောင်တတ်သောကြောင့်၎င်း, ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း"ကာယိကဒုက္ခ, စေတသိကဒုက္ခ"တို့ကို ပယ်ရှားထုတ်သင်၍ သတ္တာတို့၏ သက်သာရာကိုပေးတတ်သောကြောင့်၎င်း ဓမ္မမည်၏။ [၎င်းအဋ္ဌကထာ။]

## သံဃာဆိုဒါ ဘယ်လိုပါလဲ?

သံဃာဟူသည် အနည်းငယ်မျှသော ဆွမ်း, သင်္ကန်းစသော ဘုယ်ဝတ္ထုအစုစုတို့ဖြင့် သံဃာတော်အား လေးလေးစားစား "ဂရုဂါရဝ"ထား၍ အားထားကြည်ဖြူ စွန့်ကြဲလှူဒါန်းသူပုဂ္ဂိုလ်အပေါင်းတို့အား လူ, နတ်,နိဗ္ဗာန် သုံးတန်သောချမ်းသာကို ကြီးကျယ်ပြန့်ပြော ပွားဖြိုးသောအကျိုးကိုရခြင်း၏အကြောင်းကိုပြုစေအပ်သောကြောင့် သံဃာမည်၏။
[၎င်းအဋ္ဌကထာ။]

## လူအရိယာ သံဃာရတနာ၌ပါဝင်ပါသလား?

ဝိနည်း သံဃာ ရဟန်းကိုဖြစ်စေ, ဓမ္မဓိဋ္ဌာန်ဖြင့်မဂ်, ဖိုလ်ဆိုက်သောလူပုဂ္ဂိုလ်ကိုဖြစ်စေ သုပ္ပဋိပန္နစသော ဂုဏ်နှင့်ညီလျှင် ဆည်းကပ်ကိုးကွယ်ထိုက်သော ရတနာတခုပင်-ဟု ပရမတ္ထအားဖြင့်၎င်း,ဓမ္မဓိဋ္ဌာန်အားဖြင့်၎င်း ယူအပ်ခဲ့ပါလျှင်—

(၁) သောတာပန်, သကဒါဂါမိဖြစ်တည်သော လူအရိယာတို့သည် အိမ်ထောင်သားမွေးမှု ပြုကြသေးသည်ဖြစ်ရာ ထိုကဲ့သို့"မေထုနပဋိသေဝန" မေထုန်မှီဝဲခြင်းအမှု မကင်းသေးသော လူအရိယာသံဃာတို့သည် ရဟန်းတော်များကဲ့သို့ ပထမပါရာဇိက သိက္ခာပုဒ်ဖြင့် "ပါရာဇိက"ကျရောက်ဘွယ်ရှိ၏။

(၂) ထိုကဲ့သို့"သံဃံ သရဏံ ဂစ္ဆာမိ"သို့ ပါဝင်သော သံဃာဖြစ်ခဲ့ပါလျှင် ထိုလူအရိယာတို့ ဘမလွန်ဘဝသို့ပြောင်းသွားစုဘေသောအခါ မိမိတို့၏"သန္တက"ပစ္စည်းများကို ခွဲချမ်းဝေဘန်၍မပေးမဝေခဲ့သော် ၎င်းပစ္စည်းများ "သံဃိက" သံဃာပိုင်ဖြစ်ရာ၏။

(၃) ထိုသံဃာဟုဆိုသော လူအရိယာ ဖြစ်ကြသည့် သောတာပန်အစ ရဟန္တာအဆုံးရှိသော ပုဂ္ဂိုလ်တို့သည် "ဒိဋ္ဌိသီလသံဃာတေန သံဟတောတိ သံဃော" ဟူသော ဝစနတ္ထအားလျော်စွာ ပုထုဇ္ဇန်,အရိယာရဟန်းတို့နှင့်အယူသီလတူမျှကြရာ၏။

(၄) ရဟန္တာအဖြစ်သို့ ရောက်သော လူပုဂ္ဂိုလ်တို့သည် ထိုနေ့ရဟန်းမပြုလျှင် အဘယ်ကြောင့် ပရိနိဗ္ဗာန်ပြုကြပါသနည်း၊ရဟန်းများနှင့်တူပါက နေနိုင်ကြရာ၏။

(၅) တပုဿနှင့်ဘလ္လိက ညီနောင်တို့ "ဒွေဝါစိက" သရဏဂုံ တည်စဉ်က အရိယာ ဖြဟ္မာကြီးများရှိပါလျက် အဘယ်ကြောင့်သံဃာတည်း၌ မပါဝင်ပါသနည်း၊ တူပါက ပါဝင်နိုင်ရာ၏။

ဇာတိ ရုဠှိပသိဒ္ဓေန ဗျုပ္ပတ္တိ ယေန ကေနစိ။
[ဘေဒစိန္တာ]

ဇာတိ၊ ဤသို့သဒ္ဒါဆိုတိုင်းမယူဘဲ အနက်ထင်ရာကိုသာ ကောက်ယူရလေသောကြောင့်။ ယေနကေနစိ၊အမှတ်မရှိသော အခြင်းအရာအားဖြင့်။ ဗျုပ္ပတ္တိ၊"သံသုဋ္ဌု ကိလေသေ ဟနတီတိ သံဃော" ရန်သူကိလေသာတို့ကို ကောင်းစွာသတ်တတ်သောကြောင့် သံဃာမည်၏–ဟူသော ဝိဂြိုဟ်သည်။ ပသိဒ္ဓေန၊ "ဘိက္ခုသံဃော" ရဟန်းသံဃာ ဟူသောအထင်အားဖြင့်။ ရုဠှိ၊ ရုဠှိမည်သည်။ ဟောတိ၊ ဖြစ်၏။

တို့ကြောင့် ကိလေသာ သတ်သူတိုင်း သံဃာ ဟုမခေါ်ရ၊ မြတ်စွာဘုရားလည်း ရန်သူကိလေသာကို သတ်တတ်သူပင်တည်း၊ သို့ပင်ဖြစ်စေကာ (အရဟံ) ဟူသောအမည်တော်ထူးကို ရယူပြီးဖြစ်၍ သံဃာတည်းတွင် သွင်းမယူရ ဟူ၍ မှတ်အပ်ကုန်၏။

---

"သာသနဉ္စ,ဓဇ,သဘာဝ"

အနာဂါမိမ္ပိ စေ ဘိက္ခုဝေ ဂိဟီ ဟောတိ၊ဘေန
တဒဟုံ ပဗ္ဗဇိတဿပိ သာမဏေရဿ အဘိဝါ–
ဒနာဒိနိ ကတ္တဗ္ဗာနေဝ။
[သုတ္တနိပါတအဋ္ဌကထာ ဥရဂဝဂ္ဂ မုနိသုတ္တဝဏ္ဏနာ]

ဘိက္ခဝေ၊ရဟန်းတို့။ ဂိဟီ၊လူဖြစ်သော။အနာဂါမိမ္ပိ၊အနာဂါမ်သည်လည်း။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။ တေန၊ ထို

အနာဂါမ်ဖြစ်သောလူသည်။ တဒဟု ပဗ္ဗဇိတဿ၊ ထိုနေ့ရှင်သာမဏေ အဖြစ်သို့ရောက်သော။ သာမဏေရဿပိ၊ သာမဏေကိုသော်လည်း။ အဘိဝါဒနာဒီနိ၊ ခရီးဦးကြို့ဆိုခြင်း, လက်အုပ်ချီမိုးရှိခိုးခြင်း, အရိုအသေပြုခြင်း အစရှိသည်တို့ကို ကတ္တဗ္ဗာနေဝ၊ ပြုအပ်သည်သာလျှင်တည်း။

ဤသို့ သာသနာ့ဓဇ ခေါ်ဆိုရသော သာသနာတော်ကြီး၏ တမ်းခွန်အောင်လံတော်ကို စိုက်ထူဝတ်ဆင် ယနေ့ပင်ရှင်သာမဏေအဖြစ်သို့ သက်ရောက်ခိုဝင်လာသော ပုထုဇ္ဇန်သာမဏေကိုသော်မျှ အနှစ်ခြောက်ဆယ်လောက်က အနာဂါမ်အဖြစ်ကိုရနေသော လူအရိယာများက အရိုအသေပြုကြရ၏၊ ထို့ကြောင့် မိမိ၏သား သာမဏေများကိုမျှ မထေလေးစား မပြု,မလုပ်မိကြစေရာ၊ သိကြ,မှတ်ကြကုန်ရာ၏။

---

## ရတနာ မည်ရ သဘာဝ

စိတ္တီကတံ မဟဂ္ဃဉ္စ၊အတုလံ ဒုလ္လဘ ဒဿနံ၊
အနောမသတ္တ ပရိဘောဂံ၊ရတနံ တေန ဝုစ္စတိ။ ။
[ခုဒ္ဒကပါဌ အဋ္ဌကထာ]

စိတ္တီကတဉ္စ၊ သတ္တဝါတို့၏စိတ်ကို လွန်စွာကြည်ညိုစေတတ်သော အနက်ကြောင့်၎င်း။မဟဂ္ဃဉ္စ၊ အဘိုးအနဂ္ဃ ထိုက်သောအနက်ကြောင့်၎င်း။ အတုလဉ္စ၊ အတုမရှိသောအနက်ကြောင့်၎င်း။ ဒုလ္လဘဒဿနဉ္စ၊ ဖူးမြင်ခြင်းငှါရခဲသော အနက်ကြောင့်၎င်း။အနောမသတ္တ ပရိဘောဂဉ္စ၊ ယုတ်သောသူတို့နှင့်မထိုက်တန်,မြတ်သောသူတို့သာ သုံးဆောင်ရာဖြစ်သော အနက်ကြောင့်၎င်း။ တေန-(ပဉ္စအတ္ထေန)၊ ထိုငါးပါးသောအနက်ကြောင့်၊ ရတနံ-ရတနာဣတိ၊ ရတနာဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ထင်ရှားစေဦးအံ့၊ဘုရား,တရား, သံဃာ-ဟူသော လော ကုတ္တရာ ရတနာသည်—

(၁)ကျွတ်ထိုက်သောသူ နတ်, လူ,ဗြဟ္မာ သတ္တဝါတို့၏ စိတ်နှလုံးကို အဆုံးမရှိ ကြည်ညိုနှစ်စေခြင်း စိတ္တီကတ,

(၂)စကြဝဠာတိုက်ပေါင်း ထောင်သောင်းတို့ဖြင့် လောကီ ရတနာ ခုနစ်ပါးကိုအပြည့်ထည့်၍ ဝယ်ပါ ငြားသော်လည်း မဝယ်ရိုက်ခြင်း မဟဂ္ဃ,

(၃) ကာမ, ရူပ, အရူပဟု လောကသုံးထပ် ဘုံသုံး ရပ်ဝယ် တမုံတခု တုပနိုင်သော ရတနာ မရှိသည်၏ အဖြစ် ကြောင့် အတုလ,

(၄) ကမ္ဘာအသင်္ချေ ကြဉ်လည်ရပါသော်လည်း တ ကြိမ်တခါ ဖူးတွေ့ရခြင်းငှါ အလွန်ဘရာ ခဲရင်းလှစွာ သော ဒုလ္လဘဒဿန,

(၅)အရိယာရှစ်ယောက်နှင့်တကွ ပစ္စေကဗုဒ္ဓါ,ဘုရား ရှင်တို့သည်သာလျှင်သုံးဆောင်အပ်ရသောကြောင့် အနောမ သတ္တပရိဘောဂ-ဤငါးပါးသော အနက်တို့ကြောင့်''ရတနာ'' မည်၏ဟူ၍မှတ်။

ထိုရတနာသည်လည်း လူ၏ အသုံးအဆောင် ဖြစ်သော ရတနာထက် နတ်၏အသုံးအဆောင် ဖြစ်သော ရတနာ ကမြတ်၏၊ နတ်တို့၏ ရတနာသည်လည်း ဗြဟ္မာပြည်တိုင် အောင် အဆင့်ဆင့် မြတ်၏၊ သက်မဲ့ရတနာသည် သက်ရှိ ရတနာ၏ အသုံးအဆောင်ဖြစ်၍ သက်ရှိရတနာက မြတ် ၏၊သက်ရှိ ရတနာတွင်လည်း တိရစ္ဆာန်ထက် လူက မြတ်၏၊ လူတွင်လည်း အိမ်ရာတည်ထောင်သူ လူထက် အိမ်ရာမတည် ထောင်သူ ရှင်,ရဟန်းကမြတ်၏၊ထိုတွင်လည်း ပုထုဇ္ဇန်ထက်

အရိယာ၊ ကျင့်ဆဲထက်ကျင့်ပြီး၊ ရှိန်မရထက် ရှိန်ရ၊ ပကတိ သာဝက, မဟာသာဝက, အဂ္ဂသာဝက, ပစ္စေကဗုဒ္ဓါ,အဆင့် ဆင့်မြတ်ကြ၏၊ ထို့ထက် သဗ္ဗညုတ မြတ်စွာဘုရားက သာ လွန်၍မြတ်ပေ၏။- [ရတနသုတ်ပါဠိတော်]

## (၂) သရဏဂမန သဘာဝကို ပြခြင်း

ဤသရဏဂုံ ဟူသည် သရဏ+ဂမန ဟူသော ပါဠိမှ ဖြစ်လာသော စကားတည်း။ (သရဏ-ကိုးကွယ် ရာဟူ၍+ ဂမန-အသိအမှတ်ပြုလျက် ဆည်းကပ်ခြင်း)ဆိုလို၏။

ဘုရား, တရား,သံဃာကို ကိုးကွယ်ရာအစစ် ဖြစ်ပေသည်- ဟု အသိအမှတ်ပြုလျက် ရှိသေလေးမြတ် မိမိသန္တာန်မှာ ကိန်းဝပ်အောင် ဆည်းကပ်မှု ဆည်းကပ်လိုတဲ့ စိတ်အစုကို သရဏဂုံ-ဟုခေါ်၏၊ ထိုကဲ့သို့ အသိအမှတ်ပြု၍ ဆည်းကပ်, ကိုးကွယ်လိုတဲ့စိတ်မျိုး မိမိသန္တာန်၌ ဖြစ်ပေါ်လာကြောင်းကို ထင်ရှားစေရန် အတွက် နှုတ်မြွက်၍ ပါဠိဘာသာအားဖြင့်-

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

(၂) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ဒုတိယမ္ပိ••(တူပြီ) ....ဂစ္ဆာမိ။

(၃) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။တတိယမ္ပိ(တူပြီ) ....ဂစ္ဆာမိ။

ပါဠိအနက်တွဲဘက်သောအားဖြင့်-

(၁) ဗုဒ္ဓံ၊သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင် ထင် သိမြင်တော်မူသော မြတ်စွာဘုရားကို၊ သရဏံ၊ကိုးကွယ်

လည်းလျောင်းပုန်းအောင်း မှိုမှိုရာဟူ၍။ ဂစ္ဆာမိ၊ မှိုဝဲဆည်း ကပ် သိမှတ်ပါ၏ အရှင်ဘုရား။ ဓမ္မ၊ မဂ်လေးတန်,ဖိုလ်လေး တန်, နိဗ္ဗာန်, ပရိယတ်, ဟုဆိုအပ်သော ဆယ်ပါးသော ဘုရားတော်မြတ်အပေါင်းကို။သရဏံ၊....ဟူ၍။ဂစ္ဆာမိ..၏။ သံဃာ၊မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန်လေးယောက်ဟု ဆို အပ်သော ရှစ်ယောက်သော သံဃာတော်မြတ် အပေါင်းကို။ သရဏံ၊....ဟူ၍။ဂစ္ဆာမိ၊....၏။

(၂) ဒုတိယမ္ပိ၊နှင့်ကြိမ်မြောက်လည်း....။(ရှေးအတိုင်း ဆိုလေ။)

(၃) တတိယမ္ပိ၊ သုံးကြိမ်မြောက် လည်း..။(ရှေးအတိုင်း ဆိုလေ။)

ဒမာစကားသက်သက် အားဖြင့်-

အမှန်တရား မြတ်လေးပါးကို ပိုင်းခြားထိုးထွင်း ထိရောက်စွာ သိမြင်တော်မူသော—

(၁) မြတ်စွာ ဘုရားကို အားထား ကိုးကွယ် ရာဟူ၍ အသိအမှတ်ပြုကာ ဆည်းကပ်ပါ၏ အရှင်ဘုရား။

(၂) ကျင့်သုံးလိုက်နာရန် တရားမှန်ကို အားထားကိုး ကွယ်ရာဟူ၍ အသိအမှတ်ပြုကာ ဆည်းကပ်ပါ၏ အ ရှင်ဘုရား။

(၃) တရားတော်က ညွှန်ပြသည် အတိုင်း ကျင့်ပြီး, ကျင့်ဆဲဖြစ်သော အရိယာအသွင်ဝင် ထေရ်အရှင်များ နှင့် အရိယာဖြစ်ရန် ရည်သန်မှန်းဆ ကျင့်ကြံနေကြ သော ကလျာဏ ပုထုဇ္ဇန် ရဟန်းအဖွဲ့ဝင် ဟူသမျှကို အားထား ကိုးကွယ်ရာဟူ၍ အသိအမှတ်ပြုကာ ဆည်း ကပ်ပါ၏ အရှင်ဘုရား။

ဤသို့ တကယ်ဆည်းကပ်ရာ၌ကား မိမိကိုယ်တိုင်က ဤအတိုင်း အဓိပ္ပါယ်သိထားပြီး ဖြစ်စေရမည့်ပြင် အထူးအားဖြင့် ဗုဒ္ဓ, ဓမ္မ, သံဃ တို့၏ ကိုးကွယ်, အားထားလောက်သော ဂုဏ်ပုဒ်များကို ဉာဏ်မျက်စိဖြင့် မြင်အောင် ရှုကြည့်၍ သရဏဂုံ ဆောက်တည်ရမည်ကိုသတိရှိစေရာ၏။

ရှေ့၌ထင်ရှားလတ္တံ့- ဤကား တေဝါစိကပါဏိပါတ သရဏဂုံမျိုးမည်၏။

ဤသို့ဆောက်တည်ရာ၌ ခံယူရုံမျှ ခံယူခြင်းသည် သရဏမျှသာဖြစ်သေး၏၊ လိုရင်း(ပဓာန) အကြောင်းမဟုတ်သေး၊ စင်စစ်မှာကား ပြီသစွာရွတ်ဆိုခြင်း(ကာရဏ)အကြောင်းနှင့် စိတ်၌ ယုံကြည်ခြင်း (ပဓာန)အကြောင်းနှစ်ပါးတို့ ညီညွတ်အောင် ဆောက်တည်မှသာလျှင် သရဏဂုံတည်သောသူမည်၏၊ ချဲ့ဦးအံ့၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-စသည်ဖြင့် နှုတ်မြွက်၍ဆိုခြင်းသည်၊(ဝစသာ သဇ္ဈာယ)မြွက်ဆိုခါမျှသာ ရှိသေး၏၊ ဥပမာ-ကလေးသူငယ်တို့သည်လူကြီးစကားကိုကြား၍ဆိုတတ်ယောင်ရှိသကဲ့သို့တည်း၊ စင်စစ်မှာကား-(ဝစသာ သဇ္ဈာယ) နှုတ်မြွက်ရွတ်ဆိုခြင်းသည်၊(မနသာ သဇ္ဈာယ)စိတ်၌အောက်မေ့ခြင်း၏ အကြောင်းမျှသာဖြစ်၏၊ စိတ်၌အောက်မေ့ယုံကြည်ခြင်း (မနသာသဇ္ဈာယ)သည်ကား-မဂ်ဉာဏ်, ဖိုလ်ဉာဏ်၏ အကြောင်းရင်းဖြစ်ပေ၏၊ ထို့ကြောင့် နှုတ်ကလည်း ပြီသစွာ ရွတ်ဆိုရခြင်း, စိတ်ကလည်း ခိုင်မြဲစွာ ယုံကြည်ရခြင်း ဤ (သဇ္ဈာယ)ဂုဏ်နှစ်ပါးတို့နှင့် ပြည့်စုံအောင် ဆောက်တည်မှသာလျှင် သရဏဂုံကို ခံယူဆောက်တည်သောသူ မည်ပေ၏။

ဝစသာ သဍ္ဈာယော မနသာ သဍ္ဈာယဿ ပစ္စယော၊ မနသာ သဍ္ဈာယော ပန ပဋိဝေဓဿ ပစ္စယော။

[မဟာဋီကာ]

ဝစသာသဍ္ဈာယော၊ နှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ခြင်းသည်။ မနသာသဍ္ဈာယဿ၊ စိတ်ဖြင့်အောက်မေ့ခြင်း၏။ ပစ္စယော၊ စိတ်ရောက်ဖို့အကြောင်းမျှသာတည်း။ မနသာသဍ္ဈာယော ပန၊ စိတ်ဖြင့်ရောက်၍ အောက်မေ့နိုင်ခြင်းသည်ကား။ ပဋိဝေဓဿ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်၏။ ပစ္စယော၊ အကြောင်းမည်၏။

ထို့ကြောင့် သရဏဂုံဆောက်တည်ရာဝယ်ဗုဒ္ဓ-အရဘုရားဟု ဆိုရာ၌ ရုပ်ပုံ,ရုပ်ပွား, ဆင်းတု, စေတီတော်များလောက်သာစိတ်ကမထားဘဲ ဂုဏ်တော်ကိုးပါးသခင် "ဘုရားရှင်" ကို ရည်မှန်း၍ထားရာ၏၊ ဓမ္မ-အရ တရားဟုဆိုရာ၌ ယပ်လုံ, ယပ်ထောင်, စာအုပ်,ပေစာတွေလောက်သာစိတ်ကမထားဘဲ ဘုရားဟောဖော် ပါဠိတော် အဋ္ဌကထာ ကျမ်းစာအစဉ်နှင့်တကွ မဂ်,ဖိုလ်, နိဗ္ဗာန်, တရားကို ရည်မှန်း၍ ထားရာ၏၊ သံဃံ-အရ သံဃာဟုဆိုရာ၌ ယခုကာလ ရဟန်းသံဃာလောက်တွင်သာ စိတ်ကမထားဘဲ ဂုဏ်တော်ကိုးပါးသခင် အရိယာ သံဃာတော်အရှင်များကို ရည်မှန်း၍ထားရာ၏။

[မှတ်ချက်] သရဏဂုံခံယူရာ၌ သရဏဂုံကိုနှစ်မျိုးထားပြီး ပြင်းထန်စွာရွတ်ဆိုခြင်းက လိုရင်းမဟုတ်၊ ငြိမ်သက်စွာရွတ်ဆို၍ ဂုဏ်တော်ကို ရည်မှန်းနိုင်ခြင်းသာ လိုရင်းဖြစ်၏၊ သို့မှသာ သရဏဂုံအမှန်ကိုရမည်၊ သတိရှိကြစေ။

## လေးပါးအင်္ဂါ ပြည့်စုံရာ

တပ္ပသာဒ တဂ္ဂရုကာ ဝိဟတ ကိလေသော
တပ္ပရာယနတာ ကာယပတ္တော စိတ္တုပ္ပါဒေါ သရဏ
ဂမနံနာမ။

[မူလပဏ္ဏာသ အဋ္ဌကထာ]

ဟိ၊ ထင်စွာဆိုအံ့။ တပ္ပသာဒတဂ္ဂရုကာဝိဟတကိလေသော၊ ထိုရတနာသုံးပါး၌ ယုံကြည်ခြင်း, ထိုရတနာသုံးပါး၌အလေးပြုခြင်း, ရတနာသုံးပါးကို ထိပါးစေတတ်သော ကိလေသာကို ပယ်ဖျောက် တတ်သော။ တပ္ပရာယနတာ ကာယပတ္တော၊ထိုရတနာသုံးပါးသာလျှင် အားကိုးလည်းလျောင်းခြင်း အခြင်းအရာသို့ရောက်သော။စိတ္တုပ္ပါဒေါ၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသောစိတ္တုပ္ပါဒ်သည်။ သရဏဂမနံနာမ၊ သရဏဂုံ မည်၏။ ဝါ၊သရဏဂုံတည်သည်မည်၏။

ဤသို့ ရတနာသုံးပါးဂုဏ်ကို-

(၁) ယုံကြည်ခြင်း ပသာဒ,

(၂) သုံးပါးသောဂါရဝဂုဏ်ကို ဆောင်နိုင်ခြင်းဂရုက,

(၃) ဥပက္ကိလေသ တရားမျိုးတို့ကို ပယ်ရှားနိုင်ခြင်း ဝိဟတကိလေသ,

(၄) ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးတို့သည် ရတနာသုံးပါးသာလျှင် အားကိုး လည်းလျောင်းခြင်း ပရာယနတာ ကာယပတ္တ-ဤအင်္ဂါလေးပါးနှင့် ပြည့်စုံအောင်စိတ်၌ထား၍ ဆောက်တည်နိုင်ခြင်းသည် သရဏဂုံ တည်သည်မည်၏။

ချဲ့ဦးအံ့၊**တပ္ပသာဒ**-အရ ယုံကြည်မှုသဒ္ဓါသည်—

(၁) ပသာဒသဒ္ဓါ,

(၂) ပသန္နသဒ္ဓါ,

(၃) ဩကပ္ပနသဒ္ဓါ,
(၄) အာဂမသဒ္ဓါ,
(၅) အဓိဂမသဒ္ဓါ-ဟူ၍ ငါးပါးအပြားရှိ၏။

ထိုငါးပါးတို့တွင်—

(၁) ပသာဒသဒ္ဓါ ဆိုသည်မှာ ခဏခေတ္တ ယုံကြည်မြတ်နိုးခြင်းမျှကိုခေါ် ဆို၏။

(၂) ပသန္နသဒ္ဓါ ဆိုသည်မှာ နေ့,လ, နှစ် တို့တိုင်တိုင် အခွန့်ရှည်စွာ ယုံကြည်မြတ်နိုးနိုင်ခြင်းကိုခေါ် ဆို၏။

(၃) ဩကပ္ပနသဒ္ဓါ ဆိုသည်မှာ ကောင်းကင်မှ ကျအပ်သော မိုယ်းရေ,မိုယ်းပေါက်သည် အစဉ်အတိုင်းသမုဒ္ဒရာသို့ သက်ဝင်စီးသွားသကဲ့သို့ နောက်သို့ တဖန်ပြန်လည်ဆုတ်နစ်ခြင်းမရှိ၊ သာသနာတော်သို့ သက်ဝင်နိုင်သော ယုံကြည်ခြင်းကိုခေါ် ဆို၏။

(၄) အာဂမသဒ္ဓါ ဆိုသည်မှာ သာဝက, ပစ္စေကဗုဒ္ဓါ တို့၏ဉာဏ်ကို လွှမ်းမိုးလျက် ဗျာဒိတ်ရပြီးသော ဘုရားအလောင်းတော်တို့၏ သန္တာန်၌တည်သော ယုံကြည်ခြင်းကိုခေါ် ဆို၏။

(၅) အဓိဂမ သဒ္ဓါ ဆိုသည်မှာသိကြားမင်း၏လက်နက်တချက်တည်း ဖြိုဖျက်နိုင်သော ဝရဇိန်စက်ကဲ့သို့ မဂ်စိတ္တုပ္ပါဒ်၌ယှဉ်ကပ်သောယုံကြည်ခြင်းကိုခေါ် ဆို၏။

[မှတ်ချက်] ဤသဒ္ဓါ ငါးပါးတို့တွင် ပသာဒနှင့် ပသန္နသဒ္ဓါနှစ်ပါးသည် ကမ္မသကတာသမ္မာဒိဋ္ဌိဉာဏ် အခြေခံရှိသောလူသာမန်''ဒါယကာ''တို့သန္တာန်၌ တည်၏၊ ''ဥပါသကာ''မဟုတ်သေး၊ ဩကပ္ပနသဒ္ဓါသည်သစ္စာနှ

လောဓိကဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် အခြေခံရှိသော "ဥပါသကာ" တို့သန္တာန်၌တည်၏၊သရဏဂုံတည်သော သူ၏ ကြည်လင်ခြင်း ပသာဒကား ဩကပ္ပနသဒ္ဓါဂုဏ်ကို ဆောင်နိုင်သော ပသာဒသဒ္ဓါမည်၏။

**ဂရုက**-အရ အလေးပြုခြင်းသည်—

(၁) ကာယဂရုက,

(၂) ဝါစာဂရုက,

(၃) မနောဂရုက-

ဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင်—

(၁) ကာယဂရုက- ဟူသည်ရတနာမြတ် သုံးပါးတို့၏ မျက်မှောက်သို့ ဆည်းကပ်ရောက်လာသောအခါ ကိုယ်ကို ကိုင်းညွတ်ခြင်း, လက်အုပ်ချီခြင်း, တည်ခြင်း ငါးပါးတို့ဖြင့် ရှိခိုးခြင်း, လက်အုပ်ချီလျက် နောက်သို့ဆုတ်ခြြင်းစသော ကိုယ်ဖြင့် ရှိသေမှုကိုပြုခြင်းပေတည်း။

[**မှတ်ချက်**] တည်ခြင်း ၅-ပါးကား မြေ၌ ဒူး ၂-ခု,လက် ၂-ခု,နဖူး ၁-ခုတည်ခြင်းဟုမှတ်။

(၂) ဝါစာဂရုက-ဟူသည် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးမဲ့စကားကို ရယ်ဘွယ်မျှမပြောဆိုခြင်း, မြတ်နိုးသည်ထက် မြတ်နိုးအောင် ကျေးဇူးဂုဏ်ကိုဆောင်၍ ပြောဆိုခြင်းစသောနှုတ်ဖြင့် ရှိသေမှုကိုပြုခြင်းပေတည်း။

(၃) မနောဂရုက-ဟူသည် လူမင်း,နတ်မင်း,ဗြဟ္မာမင်းတို့၏ အသုံးအဆောင်ဖြစ်သော လောကီရတနာ အဖြာဖြာတို့နှင့် မနှိုင်းအပ်မယှဉ်သာ အထူးသဖြင့် မြတ်လှစွာသော လောကုတ္တရာ ရတနာဟု ဆိုအပ်သော ဘုရားအစရှိသော အလေးပြုအပ်သောပုဂ္ဂလ,ဓမ္မအပေါင်းတို့ကို အထူးသဖြင့်

စိတ်၌ရှိသေခြင်းစသောစိတ်ဖြင့် ရှိသေခြင်းကိုပြုခြင်းပေတည်း၊ ဤသုံးပါးတို့ဖြင့် ဂရုပြုနိုင်ခြင်းသည် ဂရုကမည်၏။

**ဝိဟတကိလေသ**-ဟူသည်–

(၁) သံသယ, (၂) အညာဏ, (၃) မိစ္ဆာညာဏ, (၄) အနာဒရ–

ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်-

(၁) သံသယဟူသည် ရတနာသုံးပါးတို့၌ သို့လောသို့လော တွေးတောယုံမှားခြင်းမည်၏။

(၂) အညာဏဟူသည် ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးကို မသိခြင်းမည်၏။

(၃) မိစ္ဆာညာဏဟူသည် ဘုရား,တရား,သံဃာကိုဘုရားမဟုတ်, တရားမဟုတ်, သံဃာမဟုတ်ဟု ယူမှားခြင်းမည်၏။

(၄) အနာဒရဟူသည် ရတနာသုံးပါးတို့၌ ကိုယ်,နှုတ်, နှလုံးသုံးပါးလုံးတို့ဖြင့်၎င်း, တပါးပါးဖြင့်၎င်း ချွတ်ယွင်းစေလျက် မရိုသေခြင်းမည်၏၊ ဤ"သရဏုပက္ကိလေသ" သရဏဂုံ၏ အညစ်အကြေးတို့ကို ပယ်ဖျောက် နိုင်ခြင်းသည် "ဝိဟတကိလေသ"မည်၏။

**တပ္ပရာယန**-ဟူသည် ပက်လက်အိပ်တတ်ကာမျှ ဖြစ်သောသားသူငယ်သည် အမိအားသာ အားကိုးရာ ရှိသကဲ့သို့၎င်း, ပြင်းထန်သော ဝေဒနာရှင်သည် သမားလိမ္မာ၏ "ရသာဟရဏ"ဆေးကိုသာ အားကိုးရာ ရှိသကဲ့သို့၎င်း, သမုဒ္ဒရာသို့ လှေ, ဖေါင်, သင်္ဘောဖြင့် ကူးကြသော သူတို့သည် လှေ, ဖေါင်, သင်္ဘောကိုသာ အားကိုးရာရှိသကဲ့သို့၎င်း ထို့တူပမာ ဩဃလေးဖြာ ဘဝသံသရာခရီး ပင်လယ်ကြီး၌ ကူးခပ်ကြကုန်သော လူ,နတ်,ဗြဟ္မာ,သတ္တာ အပေါင်းတို့မှာလည်း ရတနာ

သုံးပါးအားသာလျှင် မှီခိုပုန်းအောင်း လည်းလျှောင်းရာရှိပေ၏ဟု ယူနိုင်ခြင်းသည် ''ပရာယန''မည်၏၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံစွာ ဆောက်တည်နိုင်ခြင်းကို သရဏဂုံ တည်သည် မည်၏။

[မှတ်ချက်] သရဏဂုံတည်သောစိတ်သည် လောကီသရဏဂုံတည်သောစိတ်, လောကုတ္တရာသရဏဂုံတည်သောစိတ်ဟု နှစ်မျိုးရှိရာ ဤအရာကား မုချအားဖြင့် လောကုတ္တရာကို ရည်သည်၊ ဥပစာအားဖြင့် လောကီကို ယူအပ်၏၊ ဤသို့ မတုန်လှုပ်သော ''ပသာဒသဒ္ဓါ''ကို ရစေလျက် ဆည်းကပ်ပါမှ သရဏဂုံတည်သော စိတ္တုပ္ပါဒ်ဖြစ်၏။

[ပဏ္ဏာသအဋ္ဌကထာ]

---

## မည်သူတို့ထံ ဆည်းကပ်ခံရပါမည်လဲ ?

သရဏံ ပန ဧက ဘိက္ခုဿဝါ သန္တိကေ သံဃဿဝါ ဂဏဿဝါ သကိံ ဂဟိတံ ဂဟိတမေဝ ဟောတိ။

[သီလက္ခန္ဓ ကူဋဒန္တသုတ္တ အဋ္ဌကထာ]

သရဏံပန၊ သရဏဂုံကိုကား။ ဧကဘိက္ခုဿဝါ၊ တယောက်သော ရဟန်း၏ရင်း။ သံဃဿဝါ၊ သံဃာ၏ရင်း။ ဂဏဿဝါ၊ ဂိုဏ်း၏ရင်း။ သန္တိကေ၊ အထံတော်၌။ သကိံ၊ တကြိမ်တခါ။ ဂဟိတံ၊ ယူအပ်သည်ရှိသော်။ ဂဟိတမေဝ၊ ယူအပ်သော မည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဤသို့အဋ္ဌကထာဆရာ မိန့်မှာသည်အတိုင်း ပုဂ္ဂိုလ်အထံ၌ဖြစ်စေ,သံဃာအထံ၌ဖြစ်စေ, ဂိုဏ်းအထံ၌ဖြစ်စေ တကြိမ်တခါမျှ ခံယူဆောက်တည် ထားသည်ရှိသော် မပျက်မခြင်းတည်ပေတော့၏၊ ဤကား အသင့်လျော်ဆုံးကိုသာ ဆိုသည်၊

မရနိုင်သည်ရှိသော် နားလည်သောလူ စသည်တို့အထံ၌သော်ရင်း, မိမိဘာသာ ခံယူတတ်သော်ရင်း ခံယူကောင်း၏ဟုမှတ်။
[အင်္ဂုတ္တရ အဋ္ဌကထာ]

## ဘယ်လိုဆောက်တည်ရပါမည်လဲ

သရဏံ ဂစ္ဆာမီတိ ဟိ စိတ္တံ ဥပ္ပါဒေတွာဝ
ပစ္ဆာ ကာယေနဝါ ဝါစာယဝါ သရဏံ ဂဏှာတိ။
[မူလပဏ္ဏာသ သလ္လေခသုတ္တ အဋ္ဌကထာ။]

ဟိ၊ ထင်စွာဆိုအံ့။ သရဏံ၊ ဘေးကိုဖျောက်တတ် မြတ်သော ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါအံ့။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်ကို။ ဥပ္ပါဒေတွာဝ၊ ဖြစ်စေ၍သာလျှင်။ပစ္ဆာ၊ နောက်၌။ ကာယေနဝါ၊ ကိုယ်ဖြင့်ရင်း။ ဝါစာယဝါ၊ နှုတ်ဖြင့်ရင်း။ သရဏံ၊ သရဏဂုံကို။ ဂဏှာတိ၊ ယူအပ်၏။

ဤသို့အဋ္ဌကထာ မိန့်မှာသောကြောင့် ကိုယ်,နှုတ် ၂-ပါးဖြင့် လေးစားစွာဆောက်တည်ရမည်၊ ကိုယ်မတတ်နိုင်သော် နှုတ်ဖြင့်ကား ဆောက်တည်ရမည်သာတည်း။
[အင်္ဂုတ္တရ အဋ္ဌကထာ]

ယခုအခါ သရဏဂုံ, သီလ ခံယူဆောက်တည် ကြရာဝယ် ဘုန်းကြီးများက လူများအား သရဏဂုံ ပေးရသည် ဆိုရာ၌လည်း သရဏဂုံကို ဘုန်းကြီး,ရဟန်းများက ပိုင်ဆိုင်၍ ခွဲဝေပေးခြင်းမျိုးမဟုတ်ပေ၊ မဆိုတတ်မှာစိုး၍ ရှေ့က တိုင်တည်ပေးခြင်း သဘောမျှသာဖြစ်၏၊ သရဏဂုံမြောက်မှုအတွက်မှာမူ ဆောက်တည်သူ၏ အသိဉာဏ်ပေါ်မှာသာလျှင် မူတည်လျက် ရှိလေသည်၊ သာမဏေများမှာကား ဆရာသမားရှိမှ ဖြစ်၏။

သို့ဖြစ်ရာအကယ်၍စွမ်းနိုင်ခဲ့ပါမူ မိမိတို့ကိုယ်တိုင်ဆောက် တည်ခြင်းက သာလွန် ၍ပါဠိတော် နည်းကျသေး၏၊ ထိုထို ပါဠိတော်များမှာ ဗုဒ္ဓထံ ဆောက်တည်ရမည့် သရဏဂုံကို ဗုဒ္ဓကိုယ်တော်တိုင် ချပေးခိုးသည်မရှိ၊ မိမိတို့၏ အသိတရား ဖြင့် မိမိတို့ကိုယ်တိုင် ဆောက်တည် ကြသည်ကိုသာ တွေ့ရ ပေ၏။

ဤအရာ၌ ဆောက်တည်မှုသည်-

(၁) မိမိ၏ ဉာဏ်မပါ ငယ်ရွယ်စင်ကာလ စကားပြီစ အခါ မိဘတို့၏သွန်သင် တိုက်တွန်းမှု "သဒ္ဓါ" တရား အ ရင်းခံထား၍ ဆောက်တည်ခြင်း,

(၂) သမ္မာဒိဋ္ဌိဉာဏ် အရင်းခံ ထား၍ ဆောက်တည် ခြင်း ဟု ၂-မျိုး ရှိ၏။

[သီလက္ခန်, မူလပဏ္ဏာသ, အင်္ဂုတ္တရ အဋ္ဌကထာ,ဋီကာ တို့မှ]

ထင်ရှားစေအံ့၊

(၁)တရံရောအခါ မြတ်စွာဘုရားသည် သံသုမာရဂိရိ မြို့သို့ ကြွရောက်တော်မူရာ ဗောဓိမင်းသားသည် လုလင် တယောက်နှင့် ဘုရားထံသို့ လာ၍ "ချမ်းသာသုခ မည် သည်ကို ဒုက္ခနှင့်ရင်းမှ ရနိုင်သည်ဟု ထင်မိ ပါကြောင်း လျှောက်ထား၏"၊ထိုအခါ မြတ်စွာဘုရားက"ဟုတ်လှ၏ မင်း သား"ဟု မိန့်တော်မူ၍ ဘုရားအဖြစ် ဟူသော သုခကိုရခြင်းငှါ ခြောက်နှစ်ပတ်လုံးကျင့်ရသော ဒုက္ကရစရိယဒုက္ခကို အကျယ် အားဖြင့် ဟောတော်မူ၏၊ ဒေသနာအဆုံး၌ ဗောဓိမင်းသား သည် "အဘိက္ကန္တံဘန္တေ" အစရှိသောစကားဖြင့် ဒေသနာ တော်ကို ကြည်ညို ချီးမွမ်း၏၊ သရဏဂုံကို မဆောက်တည်။

ထိုအခါလုလင်က "အရှင်မင်းသားသည် သည်လိုချည်း လုပ်သည်၊ဒေသနာတော်ကိုသာ ကြည်ညိုရှိးမွမ်း၏၊ သရဏဂုံ ကိုကား ဆောက်တည်သည်ဟူ၍မရှိ"ဟု ဆိုလေ၏၊ ထိုအခါ ဗောဓိမင်းသားက "လုလင်…ငါကားသရဏဂုံဆောက်တည် ဘွယ်ကိစ္စမရှိ၊မယ်တော်၏ဝမ်း၌ပဋိသန္ဓေတည်စဉ်အခါငါ၏ မယ်တော်သည် မြတ်စွာဘုရား အထံတော်သို့ရောက်၍ သရ ဏဂုံ ဆောက်တည်သောအခါ မိမိအတွက်တကြိမ် ငါ၏အ တွက် တကြိမ် နှစ်ကြိမ် ထပ်မံ၍ ဆောက်တည်သည်၊ ထို့ ကြောင့် ငါသည် မဘွားမီကပင် သရဏဂုံတည်ပြီးဖြစ်သည်" ဟု မြတ်စွာဘုရား ရှေ့တော်၌ လုလင်အား ဗောဓိမင်းသားက ပြောကြားပေ၏။

"ယခုအခါ သဒ္ဓါ,ပညာ ရှိကြကုန်သော အမျိုးသမီးတို့ လည်း မိမိဝမ်း၌ ကိန်းအောင်းနေဆဲဖြစ်သော သူငယ်နှင့် ဖွားမြင်ပြီး မသိတတ်သေးသော ကလေးငယ်များ အတွက် ဘုန်းကြီး,သက်ရှည်, ဖြစ်စေခြင်းငှါ အတုယူဘို့ ကောင်းလှ တော့၏"၊ ဤဝတ္ထုကိုထောက်က လူတို့သရဏဂုံမည်သည် ရတနာသုံးပါးကို အထွဋ်အမြတ်ဟု ယုံကြည်၍ သိရှိ ငါ၏ ကိုးကွယ်ရာတည်းဟု စိတ်ဖြစ်၍နေလျှင်ထိုသူ၌သရဏဂုံတည် လေတော့၏၊ဤကား ဉာဏဝိပ္ပယုတ်ဒွိဟိတ်သရဏဂုံတည်း။

(၂) ထိုမှနောက် အရွယ်သို့ ရောက်လာသော ကာ လ၌ကား— ရတနာသုံးပါး၏ဂုဏ် ယုံကြည်ပြီးသကာလ ကံ, ကံ၏အကျိုးကို မြော်ကိုးသိမြင် ကမ္မသကတာသမ္မာဒိဋ္ဌိ ဉာဏ်ယှဉ်၍ ကြည်လင်စိတ်ထား သဒ္ဓါ,ပညာ, ၂-ပါးဖြင့် ကိုးစားဆည်းကပ်ကြကုန်ရာ၏၊ ဤကား—ဉာဏသမ္ပယုတ်, တိဟိတ်သရဏဂုံတည်း။

ဤအရာ၌-ဆောက်တည်မှုမှာ ယခုအခါ၌ သာသနာပိုင်ဆရာတော်ကြီး တည်းဟူသော ပုဂ္ဂိုလ်အထံမှာခံယူရာ၌၎င်း, ၂-ပါး, ၃-ပါးသော ဂိုဏ်း၏ အထံမှာ ခံယူရာ၌၎င်း, ၄-ပါး, ၅-ပါး အစရှိသော သံဃာ၏အထံမှာ ခံယူရာ၌၎င်း, ထိုပုဂ္ဂိုလ်,ဂိုဏ်း,သံဃာတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သည်မဟုတ်၊ ပုဂ္ဂိုလ်,ဂိုဏ်း, သံဃာတို့ကို ရှေးရှု၍ တိုင်တည်ရုံမျှ သွန်သင်၍ ပေးစေရုံမျှသာဖြစ်သည်၊ သရဏဂုံမှုမှာမူကား နှုတ်မြွက်၍ဆိုရုံမျှနှင့် ပြီးစီးလေတော့၏။

## ပုထုဇ္ဇန်သံဃာ သရဏဂုံ၌ ပါ,မပါ

ဤအရာဝယ်,ပုထုဇ္ဇန်သံဃာ သံဃသရဏာ၌ ပါ,မပါ သရဏဂုံထိုက်,မထိုက် ဟူသောစကား၌ ပါဠိတော်အရပ်ရပ်တို့မှာ "စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ" ဟူ၍၎င်း, သမန္တပါသာဒိက, ဒီဃနိကာယ, မဇ္ဈိမနိကာယ, အင်္ဂုတ္တရနိကာယ, ခုဒ္ဒကပါဌ ဤအဋ္ဌကထာကြီးတို့၌လည်း "သော အတ္တတော အဋ္ဌ အရိယပုဂ္ဂလသမူဟော"ဟူ၍၎င်း အရိယာပုဂ္ဂိုလ်ရှစ်ယောက်ကိုသာ ပြဆိုတော်မူကြကုန်သည်၊ ပုထုဇ္ဇန်ပုဂ္ဂိုလ်နှင့်တကွ ကိုးရောက်ဟူ၍ ပြတော်မမူကြပေ၊ ထို့ကြောင့် "ဝိနယ မဉ္ဇူသာ" အမည်ရှိသော "ကင်္ခါဝိတရဏီဋီကာ, ဥပါသကာလင်္ကာရ" ကျမ်းများ၌ ကလျာဏပုထုဇ္ဇန်ပုဂ္ဂိုလ်ကိုလည်းပယ်ရှား၍ ပရမတ္ထသံဃာ ရှစ်ရောက်ကိုသာ ယူရမည်၊ ပုထုဇ္ဇန်သံဃာကို မယူအပ်ဟုဆိုးဖြတ်ကြ၏၊ ဤကား ဘိုးတော်လက်ထက် "ဉာဏာဘိဝံသ ဓမ္မသေနာပတိ" တံဆိပ်တော်ရ ပထမ မောင်းထောင်သာသနာပိုင်ဆရာတော်ကြီးရေးသားစီရင်သော "သရဏဂုံ ဝိနိစ္ဆယ"

မှ ဆုံးဖြတ်ချက်တည်း၊ ဤကျမ်းအလို ယခုအခါ ပုထုဇ္ဇန် သမ္မုတိသံဃာများသည် သရဏဂုံမထိုက်၊ ထိုပုဂ္ဂိုလ်တို့၏အထံ၌ အရိယာပုဂ္ဂိုလ်ရှစ်ရောက်ကိုရည်မှတ်၍ ခံယူပါမှ သံဃသရဏဂုံကိုရထိုက်၏၊ ယခုရှိကြသော မိမိတို့၏ကိုးကွယ်ရာဆရာသမား,သံဃာတော်များကိုသာ ကိုးကွယ်ရာရည်မှတ်၍ ခံယူသည်ရှိသော် သံဃ သရဏဂုံကို မရဟု အဓိပ္ပါယ်ကျ၏။

ဆင်တဲဆရာတော်၏ "သရဏာဒိ ဝိနိစ္ဆယကျမ်း" မန်လည်ဆရာတော်၏ "ဝဇီရ ဗျာကရဏကျမ်း" တို့၌မူကား အဋ္ဌကထာဝါဒ"သံဃံ သရဏံ"အရ "အဋ္ဌအရိယ ပုဂ္ဂလ သမူဟ" ကိုသာ ထိုပုဒ်၌ ပြဆိုအပ်သည်မှန်ပေ၏၊ သေက္ခဟူသောပုဒ်၌မူကား "ပုထုဇ္ဇန ကလျာဏကေန သဒ္ဓိံ သတ္တ အရိယာ တိသေ့ာသိက္ခာ သိက္ခတီတိသေက္ခာ" အစရှိသည်ဖြင့် "ကလျာဏ ပုထုဇ္ဇန် ပုဂ္ဂိုလ်ကို သေက္ခပုဂ္ဂိုလ်၌ ထည့်သွင်း၍ဖွင့်ကြကုန်၏၊ ထို့ကြောင့်ကလျာဏ ပုထုဇ္ဇန် ပုဂ္ဂိုလ်သည် "အဋ္ဌပုရိသ ပုဂ္ဂလ သမူဟော" ဟူသော ထိုအဋ္ဌကထာကြီးတို့၌"သောတာပတ္တိမဂ္ဂဋ္ဌ(သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္န) ပုဂ္ဂိုလ်တွင် အတွင်းဝင်ဖြစ်၍ပါလေ၏။

ထိုမှတပါး သီလက္ခန်,အင်္ဂုတ္တရ အဋ္ဌကထာစသည်တို့၌လည်း "ပုထုဇ္ဇန ကလျာဏကေန သဒ္ဓိံ သတ္တသေက္ခာ မဂ္ဂ ဗြဟ္မစရိယံ စရန္တိနာမ" ဟု မိန့်တော်မူကြကုန်၏၊ ထုတ်ပြခဲ့ပြီးသော "ပါဠိတော်" တို့၌လည်း ထို့အတူပင် ပါဝင်လေ၏၊ ထို့ကြောင့် ပြဆိုခဲ့ပြီးသော "ကင်္ခါဝိတရဏီဋီကာ,ဥပါသကာ လင်္ကာရကျမ်း" တို့၌ ဖွင့်ဆိုကြသောစကားများသည် ထိုပါဠိတော် အဋ္ဌကထာကြီးများနှင့် အညီပင်ဖြစ်၏၊ ကလျာ

ဏပုထုဇ္ဇန်ရဟန်းသည်လည်း သရဏဂုံထိုက်၏ဟု ဆုံးဖြတ်တော်မူကြကုန်၏။

ဤအလိုအားဖြင့်ကလျာဏပုထုဇ္ဇန်သံဃာသည် "သုပ္ပဋိပန္န(ပ)သာမိစိပ္ပဋိပန္န" ဟူသော ပါဠိတော်၌ ပါဝင်၍ တစိတ်ဖြစ်ကြကုန်၏၊ သင့်မြတ် ဦးဏ်ကြီးတော်မူကြကုန်၏၊အဘယ့်ကြောင့်ဆိုသော် ပါတိမောက်လာ (၂၂၇) သွယ်သော သိက္ခာပုဒ်သည် အာဒိဗြဟ္မစရိယမည်၏၊ "ဗြဟ္မစရိယဿ၊ မဂ်တည်းဟူသောဗြဟ္မစရိယ၏။ အာဒိ၊ အဦးအစပေတည်း။ ဣတိ၊ ထို့ကြောင့်။ အာဒိဗြဟ္မစရိယံ၊ အာဒိဗြဟ္မစရိယမည်၏။ [ဝိသုဒ္ဓိမဂ်]

ထို့ကြောင့် ရဟန်း သာမဏေ အဖြစ်သို့ရောက်သည်နှင့်တပြိုင်နက် "သောတာပတ္တိမဂ္ဂင်္ဂ"သေက္ခပုဂ္ဂိုလ်၏အဦးအစ၌တည်ကြလေကုန်၏၊ ထိုမှတပါး သေက္ခပုဂ္ဂိုလ်၏အကျင့်ကိုပြရာမှာလည်း"ဣမိနာ အရိယေန သီလက္ခန္ဓေန သမန္နာဂတော ဟောတိ"အစရှိသည်ဖြင့် မဇ္ဈိမပဏ္ဏာသ ပါဠိတော် သေက္ခပဋိပဒါသုတ်စသည်မှာ ဟောတော်မူ၏။

ထိုမှတပါလည်း ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်၌ အလှူခံပုဂ္ဂိုလ်တကျိပ်လေးပြရာဝယ် ငါးရောက်မြောက်ကား "သောတာပတ္တိမဂ္ဂင်္ဂ"ဟုဆိုအပ်သော "သောတာပတ္တိဖလသစ္ဆိကိရိယာယပဋိပ္ပန္န"ပုဂ္ဂိုလ်ကိုပြပေ၏။

ဤအရာ၌ သာသနာတွင်းဝယ် ပုထုဇ္ဇန်ဖြစ်သော လူ, သာမဏေ,ရဟန်းတို့သည် ပါဠိတော်ဝယ် အလှူခံပုဂ္ဂိုလ်တို့မှ လွတ်သကဲ့သို့ရှိကုန်၏၊ အမှန်မှာကား သရဏဂုံတည်သူလူပုထုဇ္ဇန်မှစ၍ အားလုံး ဗုဒ္ဓဘာသာဝင်မှန်သမျှ သောတာ

ပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်နှင့် တပေါင်းတည်းပြု၍ ယူတော်မူသည်ဟု ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ၌ဖွင့်ပြတော်မူ၏။ ။အထူးကား သံဃသဒ္ဒါ၏ ဥပသမ္ပန္နဖြစ်သော ရဟန်းပုထုဇ္ဇန်ကို သာယူအပ်၏၊ ရဟန်းမဟုတ်သောသူကို မယူအပ်ဟု မှတ်အပ်၏။

ဤအရာ၌ပုထုဇ္ဇန်ရဟန်းသည်အန္ဓ,ကလျာဏဟူ၍၂-ပါး ရှိရာ အဋ္ဌသာလိနီ,မူလပဏ္ဏာသစသော အဋ္ဌကထာတို့၏ အလိုအားဖြင့် "ခန္ဓာ,အာယတန,ဓာတ်,ပဋိစ္စသမုပ္ပါဒ်တို့၌၎င်း,ဗောဓိပက္ခိယတရားတို့၌၎င်း သိတတ်သောဉာဏ်မျက်စိ မရှိသောရဟန်းသည် ဝါပေါင်း ၆၀-ပင် ရှိသော်လည်း အန္ဓ—ဉာဏ်မျက်စိကန်းသောသူ မည်၏၊ ထို-အန္ဓပုထုဇ္ဇန် ရဟန်းသည် သရဏဂုံမထိုက်၊ထိုရဟန်းကို ကိုးကွယ်သဖြင့် သရဏဂုံမရ၊ပြဆိုခဲ့ပြီး အသီးသီးသောတရားတို့ကို သိတတ် သောဉာဏ်မျက်စိရှိပါက ပြုသစ်စရဟန်းငယ်ပင် ဖြစ်သော် လည်း ကလျာဏ-ကောင်းသောဉာဏ်မျက်စိရှိသူခေါ်ရ၏၊ ထိုကလျာဏပုထုဇ္ဇန်ရဟန်းကား သရဏဂုံထိုက်၏၊ ကိုးကွယ်သူတို့လည်း သရဏဂုံရ၏ဟူသောအဓိပ္ပါယ်သည်ပြီး၏။

ထိုသို့ဖြစ်ခဲ့သော် သီလနှင့်ပြည့်စုံပါလျက် ဉာဏ်မျက်စိမရှိ ရုံမျှနှင့် သံဃသရဏ၌ လုံးဝမပါဝင်တော့ပြီလောဟူငြားအံ့၊ သီလသည်လည်း ကလျာဏဓမ္မပင်ဖြစ်၏၊ ထို့ကြောင့် သီလနှင့်ပြည့်စုံလျှင် ကလျာဏ၌ပါဝင်သင့်သည်သာဖြစ်၏၊ ယင်းသို့ဖြစ်လျှင်အဋ္ဌကထာအရှင်တို့ကအဘယ့်ကြောင့်ပညာ မျက်စိကိုသာ ကလျာဏအင်္ဂါပြု၍ ပြကြပါသနည်းဟူမူ ဤ သာသနာတော်တွင်း၌ခန္ဓာ,အာယတန,ဓာတ်တည်းဟူသော "အနတ္တ"တရားတို့ကိုမြင်နိုင်သော ပညာမျက်စိနှင့် ပြည့်စုံ

သော သူသည်သာလျှင် ရတနာသုံးဖြာသာသနာကို တွေ့မြင်သူ မည်၏၊ မိမိသို့ ဆည်းကပ်သူတို့အားလည်း တွေ့မြင်နိုင်သော ဉာဏ်မျက်စိကိုပေးနိုင်၏၊ ထို့ကြောင့် ပညာကိုသာ ကလျာဏအင်္ဂါပြု၍ပြဘော်မူကြကုန်၏၊ သီလနှင့်ပြည့်စုံသော အန္ဓပုထုဇ္ဇန်ရဟန်းသည် သရဏဂုံမထိုက်၍မဟုတ် ထိုက်သည်သာလျှင်တည်း။

[အမှာ] အကျယ်အလိုရှိက လယ်တီဆရာတော်၏ သရဏဂုံဝိနိစ္ဆယကျမ်းသစ်မှာရှုတော်မူကြပါကုန်။

---

## သရဏဂစ္ဆ သဘာဝကိုပြခြင်း

ဤသရဏဂုံ တည်သောစိတ်ကား—

(၁) လောကီသရဏဂုံတည်သောစိတ်,

(၂) လောကုတ္တရာ သရဏဂုံ တည်သောစိတ်

ဟူ-၍ နှစ်မျိုးရှိရာ—

ထိုနှစ်မျိုးတို့တွင် လောကုတ္တရာ သရဏဂုံ တည်သောစိတ်ကိုကား သောတပတ္တိ မဂ်ဉာဏ်ဖြစ်၍လင်းပါးဘွယ်မရှိ၊ လောကီသရဏဂုံတည်သော စိတ်မှာမူကား-

(၁) ယထာတထာ သရဏဂုံ,

(၂) နိဗ္ဗေမတိက သရဏဂုံ,

(၃) နိဗ္ဗေဓဘာဂိယ သရဏဂုံ ဟူ၍သုံးပါးအပြားရှိ၏။

သရဏံ ဂတာတိ န ယထာဝါ တထာဝါ သရဏံ ဂတေ သန္ဓာယ ဝုတ္တံ၊ နိဗ္ဗေမတိက သရဏော ပန သန္ဓာယ ဝုတ္တံ။

[သုတ်မဟာဝါ အဋ္ဌကထာ]

သရဏံ ဂတာတိ၊ သရဏံ ဂတာ ဟူသည်ကား။ဝါ၊ သရဏဂုံ တည်သောသူ ဟူသည်ကား။ယထာဝါ တထာဝါ၊ ဟူး ဟူး ညားညားသော။ဝါ၊အမှတ်တမဲ့ အတုအပ မျှဖြစ်သော။ သရဏံဂတော၊သရဏဂုံခံယူဆောက်တည်ခြင်းတို့ကို။သန္ဓာယ၊ ရည်ရွယ်၍။နဝဒတိ၊ "သရဏံဂတာ" ဟု ဟောဲတော်မမူ အပ်။ [ယထာ တထာ-သရဏဂုံရစေ] နိဗ္ဗေမတိက သရဏော ပန၊နိဗ္ဗေမတိက သရဏဂုံကို ဆောက်တည် ခြင်းတို့ကိုကား။ ဝါ၊ရတနာ သုံးပါး၌ ယုံမှားကင်းခြင်း,မိမိစိတ်၌ ယုံမှားကင်း ခြင်းတို့ဖြင့် ဆောက်တည်ခြင်းတို့ကိုကား။ သန္ဓာယ၊ရည်ရွယ် ၍။(ဘဂဝါ)မြတ်စွာဘုရားသည်။သရဏံ ဂတာတိ၊ သရဏံဂ တာဟူ၍။ဝဒတိ၊ဟောတော်မူ၏။ [နိဗ္ဗေမတိကသရဏဂုံရစေ]

ထင်ရှားစေအံ့—

(၁) ယထာ တထာ သရဏဂုံဟူသည် လောက၌ များ သောအားဖြင့် သူတပါးတို့ ဆောက်တည် သောကြောင့် အ တုလိုက်၍ ဆောက်တည်ခြင်း, အနက်, သဒ္ဒါ တို့ကိုလည်း မသိ၊ ရော်ရမ်းမှန်းဆ ကာမျှဖြင့် ဆောက်တည်သော သရ ဏဂုံသည် ယထာတထာ သရဏဂုံမည်၏။

(၂) နိဗ္ဗေမတိက သရဏဂုံဟူသည် ရတနာ သုံးပါးတို့ ၏ ဂုဏ်, အနက်သဘောကိုလည်း သိ၏၊ထိုအနက်၏ သဒ္ဒါ ကိုလည်းသိ၏၊ထိုသဒ္ဒါ, အနက်တို့၌ သံသယလည်း ကင်း၏၊ မိမိ၏ကြည်ညို ဆည်းကပ်သော စိတ်ကိုလည်းသိ၏၊ ထိုစိတ် ၌လည်း သံသယကင်း၏၊ ဤသို့ ရတနာသုံးပါး, မိမိဆည်း ကပ်သောစိတ် နှစ်ပါးစုံ၌ ယုံမှား ကင်းအောင် ကျင့်သုံး

ဆောက်တည် နိုင်သော စိတ္တုပ္ပါဒ်သည် နိဗ္ဗမတိက သရဏဂုံမည်၏။

[မှတ်ချက်] သရဏဂုံအရာ—ဤစကား လိုရင်းဖြစ်၏ဟုမှတ်။

(၃) နိဗ္ဗေဓ ဘာဂိယ သရဏဂုံ ဟူသည် ဤနိဗ္ဗမတိက သရဏဂုံဖြင့် ဝဋ်သုံးပါးမှ ထွက်မြောက်ရန် အတွက် ရည်ရွယ်လျက် သရဏဂုံ ခံယူခြင်း, သိက္ခာပုဒ်ကို ဆောက်တည်ခြင်း,သာမဏေပြုခြင်း, ပဉ္စင်းခံခြင်း,စတုပါရိ သုဒ္ဓိသီလကို ပြည့်စေခြင်း, အဓိစိတ္တ သိက္ခာဟု ဆိုအပ်သော ဈာန်သမာပတ်၌ ယှဉ်ခြင်း, ဝိပဿနာကို ပွားများခြင်း အားဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်၏ ဥပနိဿယ အဘို့ဖြစ်သော သရဏဂုံစိတ်သည် နိဗ္ဗေဓဘာဂိယ သရဏဂုံမည်၏။ [ဒက္ခိဏာဝိသုဒ္ဓိဋီကာ။]

ဤသို့ တပ္ပသာဒ စသော အကြောင်း ရင်းကြီးတို့ဖြင့် မြဲမြံစွာ သရဏဂုံ ဆောက်တည် နိုင်သော စိတ္တုပ္ပါဒ်သည် ယထာတထာ သရဏဂုံမျိုးမဟုတ်၊ စင်စစ်သော်ကား နိဗ္ဗမတိက,နိဗ္ဗေဓဘာဂိယ ဖြစ်အောင် ဆောက်တည် နိုင်သော စိတ္တုပ္ပါဒ် သည်သာလျှင် သရဏဂုံ တည်သော စိတ်မည်၏။

[မှတ်ချက်] ဤနေရာ၌ ပညာရှင်များ အထူးသတိပြုရန်ဖြစ်၏။

---

## သရဏဂမန ပဘေဒ သဘာဝကိုပြခြင်း

ဤ "သရဏဂမနပဘေဒ" သရဏဂုံ အပြားကိုပြရာ၌ သရဏဂုံသည်ကား—

(၁) အတ္တသန္နိယျာတန သရဏဂုံ (မိမိကိုယ်ကို ရတနာ သုံးပါးအား အပ်နှင်း၍ ဆောက်တည်ခြင်း။)
(၂) တပ္ပရာယန သရဏဂုံ (ရတနာသုံးပါးလျှင်လည်း လျောင်းရာအဖြစ်ဖြင့် ဆောက်တည်ခြင်း။)
(၃) သိဿ ဘာဝူပဂမန သရဏဂုံ (ဗုဒ္ဓရှင်တော်မြတ်ထံ တပည့်ခံ၍ ဆောက်တည်ခြင်း။)
(၄) ပဏိ ပါတ သရဏဂုံ (ရတနာသုံးပါးအပေါ်၌ ထူးခြွန်လွန်ကဲသော လက်အုပ်ချီမှု, ရှိသေပျပ်ဝပ်မှုဖြင့် ဆောက်တည်ခြင်း။)

ဤသို့အားဖြင့် ဖလေးပါးအပြားရှိ၏၊ သို့ရာတွင် မူလဆောက်တည်သူတို့၏ အကြောင်းဝတ္ထုသို့လိုက်၍သာ ၄-မျိုးကွဲပြားရခြင်းဖြစ်၏၊ ၄-မျိုးလုံးစုံမှ သရဏဂုံမြောက်သည်ဟု မဆိုလိုပါ၊ ထိုလေးပါးသောသရဏဂုံတို့တွင် တပါးပါးကို ခံယူဆောက်တည်ပါက သရဏဂုံဆောက်တည်သည်မည်၏။ (ဤ၌ကား- သရဏဂမန အခဏ်းမှာ အများသိပြီးဆောက်တည်နည်းကိုပြပြီးဖြစ်၍ရင်း, အလွန်ကျယ်လွန်းမည်ဖြစ်၍ ရင်း မပြတော့ပေ၊ အလိုရှိပါက သီလက္ခန္ဓသာမညဖလ သုတ္တအဋ္ဌကထာ, မိမိ၏ပဓာနပါရဂူသီလကဏ္ဍ, ကန္နီဆရာတော်၏သရဏပါရဂူမှာ ယူကြရာ၏။)

ဤသို့ သရဏဂုံတည်ပြီးသောသူသည် ရတနာသုံးပါးမှ တပါး တခြားသောမင်းဖြစ်သောသူ, ရန်သူဖြစ်သောသူ, ဗလိနတ်စာထိုက်သောနတ်, ဆရာဖြစ်ဘူးသော ဗာဟိရ တိတ္ထိ, တက္ကတွန်းစသောသူတို့ကို ဘေးကို ကြောက်သောကြောင့်ရင်း, ချစ်သောကြောင့်ရင်း, ဆရာဖြစ်ဘူးသောကြောင့်ရင်း, ကျေးဇူးရှိသောကြောင့်ရင်း ခရီးဦးကြိုဆိုခြင်း, အရိုအသေပြု

ခြင်း, လက်အုပ်ချီမိုး ရှိခိုးခြင်းစသည်တို့ကို ပြုမိခြားသော်လည်း ဆောက်တည်ထားသော သရဏဂုံကား မပျက်၊တည်မြဲတည်ပါသေး၏။

ချဲ၍ပြဦးအံ့၊သာဝတ္ထိပြည် ကောသလမင်းကြီး၏အဂ္ဂိဒတ္တအမည်ရှိသော ပုရောဟိတ်ကြီး ပရိဗိုဇ် ရဟန်းပြုသွားရာ တသောင်းသောလူတို့သည် အတူလိုက်ကာ ပရိဗိုဇ်ရဟန်းပြုကြရာ၏၊ (ဂုဏ်ရှိသူလုပ်က အဟုလိုက်ကြသည်ကား ဓမ္မတာပင်၊ သတိထား)ထိုတပည့်များနှင့်တကွ မိမိတို့အား ဆည်းကပ် ကိုးကွယ်ကြသူ ဒကာ, ဒကာမများကို ရဟန်းယောင်ရသေ့ကြီးက မိမိတွေးခေါ်ကြံဆ၍ သိရသမျှ ဤသို့ ဩဝါဒကို ပေးသတဲ့····။

> အထ (နေသံ) အဂ္ဂိဒတ္တော ဣမံ ဩဝါဒံ အဒါသိ၊ ပဗ္ဗတံ သရဏံ ယာထ၊ ဝနံ သရဏံ ယာထ၊ အာရာမံ သရဏံ ယာထ၊ ရုက္ခံ သရဏံ ယာထ၊ တေံ သဗ္ဗဒုက္ခတော ပမုစ္စိဿထာတိ။
>
> [ဓမ္မပဒဗုဒ္ဓဝဂ် အဂ္ဂိဒတ္တမြာဟ္မဏဝဂ်]

အထ၊ ထိုအခါ၌။ (နေသံ)၊ ထိုပရိဗိုဇ်ရဟန်းတို့အား။ အဂ္ဂိဒတ္တော၊ အဂ္ဂိဒတ္တသည်။ ဣမံဩဝါဒံ၊ ဤအဆုံးအမကို။ အဒါသိ၊ ပေးလေ၏။ ကိံ အဒါသိ၊ ဘယ်လိုပေးပါသနည်းဟူမူကား။ပဗ္ဗတံ၊တောင်ကို။ဝါ၊တောင်စောင့်နတ်ကို။သရဏံ၊ကိုးကွယ်ခြင်းသို့။ ယာထ၊ ရောက်ကြကုန်လော။ ဝနံ၊ တောစောင့်သစ်ပင်ကို။ဝါ၊တောစောင့်နတ်ကို။သရဏံ၊သို့။ယာထ၊ကုန်လော။ အာရာမံ၊ အာရာမ်ဥယျာဉ်ကို။ဝါ၊အာရာမ်စောင့်နတ်ကို။ သရဏံ၊ ဆင်းရဲကိုဖျောက်၍ ချမ်းသာကိုပေးတတ်

၏ဟူ၍။ ယ၁ထ၊ ဆည်းကပ်ကိုးကွယ်သော၁အားဖြင့် ရောက်ကြကုန်လော။ ရုက္ခံ၊ သစ်ပင်ကို။ ဝါ၊သစ်ပင်စောင့်နတ်ကို။ သရဏံ၊ ကိုးကွယ်သော၁အားဖြင့် အောက်မေ့ခြင်းကို။ ယ၁ထ၊ လော။တော၊ ဤသို့ကိုးကွယ်ချီးမြှောက်, တင်မြှောက်ခြင်းသည်။ သဗ္ဗဒုက္ခတော၊ အလုံးစုံသော ဝဋ်ဆင်းရဲအပေါင်းမှ။ ပမုစ္စိ-ဿထ၊ လွတ်ကုန်ရာ၏။ ဣတိ၊ ဤသို့။ ဩဝဒိ၊ အဆုံးအမကိုပေး၏။

ဤကဲ့သို့ မိမိတို့ထင်စားပြီး အားကိုးအားထားပြု၍ ကိုးကွယ်ထားသောပုဂ္ဂိုလ်ကြီးက နတ်တို့ကိုကိုးကွယ်က အလုံးစုံသောဆင်းရဲမှလွတ်၍ လိုက-ရခါ ချမ်းသာပေရာ၏ဟု အဆုံးအမကိုပြုသောအခါ နတ်တို့က-ဝါ၊ နတ်ဝင်, နတ်ကတော်တို့က ခြိမ်းချောက်သည်ကို ကြောက်သောကြောင့်၎င်း, သားသမီးရလိုခြင်း, ချမ်းသာလိုခြင်း စသည်တို့ကြောင့်၎င်း ဒေဝဘာသာ ခေါ် နတ်ဝါဒသည် ပြန့်ပွား၍လာပေ၏။

---

## နတ်ဝါဒကို ငါတို့ဗုဒ္ဓက မိန့်ဟပုံ

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။ ။

(ဘော အဂ္ဂိဒတ္တ)၊ အို-အဂ္ဂိဒတ္တ အမည်ရတဲ့ ရဟန်းယောင်ရသေ့။ ဗဟုံ၊ များစွာကုန်သော။ ပဗ္ဗတာနိစ၊ တောင်တို့ကို၎င်း။ ဝနာနိစ၊ တောတို့ကို၎င်း။ အာရာမရုက္ခစေတျာနိစ၊ အာရာမ်ဥယျာဉ်, ဥဒေနစေတီ, ဂေါတမကစေတီ အစရှိကုန်သော လောကီ အကျိုးအပြစ်ကို စီစစ်တောင့်တ၍ကိုးကွယ်ကြသော သစ်ပင်စေတီဟု ခေါ်ဆိုကြသော နတ်ကွန်း

နတ်စင်တို့ကိုငှင်း။ ဘယတဇ္ဇိတာ၊ ထိုထိုသို့သော ဘေး ဖြင့် ကြောက်ထိတ်လန့်ကြကုန်သော။ မနုဿာ၊ လူတို့ သည်။ဝေ၊စင်စစ်။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ယန္တိ၊ ရောက် ကြကုန်၏။ ဝါ၊ တနည်းကား။ တေတေမနုဿာ၊ထိုထိုလူတို့ သည်။ တေနတေန- ဘယေန၊ ထိုထိုသောဘေးဖြင့်။တဇ္ဇိတာ၊ နတ်,နတ်ကတော်တို့က ခြိမ်းခြောက်ကြ ကုန်သောကြောင့်။ ဘယတော၊ ခြိမ်းခြောက် သောဘေးမှ။ မုစ္စိတုကာမာဝါ၊ လွှတ်လိုကြကုန်သည်ဖြစ်၍ငှင်း။ ပုတ္တလာဘာဒီနိ၊ သားရခြင်း စသည်တို့ကို။ ပတ္ထယမာနာဝါ၊ တောင့်တကြကုန်သည်ဖြစ်၍ ငှင်း။ **သရဏံ၊သို့။ ယန္တိ၊ ကုန်၏။**

[**မှတ်ချက်**] စေတိယ သဒ္ဒါကား နတ်တို့နေရာနတ်ကွန်း နတ်စင်ဟူသောအနက်,စေတီပုထိုးဟူသောအနက်,သူတို့ နတ်ပူဇော်ရာ အဓိကရ သစ်ပင် ဟူသော အနက်ကို ဟော၏။ [အဘိဓာန်-အနေကတ္ထဝဂ်]

---

## နတ်ကိုးကွယ်ကြ ဒုက္ခမှ မလွတ်ရပုံ

နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။
နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။

ဧတံသရဏံ၊ ဤအလုံးစုံသော တောင်, တော, အာရာမ်, သစ်ပင်,နတ်စင်ကို ကိုးကွယ် ခြင်းသည်။ ခေါ၊ စင်စစ်။ န-ခေမံ၊ ဘေးကင်းခြင်းကို မဖြစ်စေတတ်။ ဧတံသရဏံ၊ ဤအလုံးစုံသော ကိုးကွယ်ခြင်းသည်။ န-ဥတ္တမံ၊မမြတ်။ ဧတံ သရဏံ၊ ဤသို့ကိုးကွယ်ခြင်းကို။ အာဂမ္မ၊ အစွဲပြု၍။ ကောပိ၊ တယောက်သော သူမျှလည်း။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဆင်းရဲခြင်းမှ။ နပမုစ္စတိ၊ မလွတ်မြောက်နိုင်ပေတည်း။

ဤနေရာ၌ အကျိုးမရရုံမျှသာ မကသေး၊ သရဏဂုံ တည်ပြီးသောသူသည် သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့ကို-

(၁) ဆွေမျိုးတော်ခြင်း,
(၂) ဘေးကိုကြောက်ခြင်း,
(၃) ဆရာ တော်ဘူးခြင်း,
ဤသုံးပါးသောအကြောင်းမှတပါး—

မြတ်သော အလှူကို ခံထိုက်သော "ဒက္ခိဏေယျ" ဖြစ်ပေသည်၊ မကောင်းကျိုးကိုဖျောက်၍ ကောင်းကျိုးကို ပေးတတ်၏ဟု နှိမ်ချကျိုးနွံ တုပ်ဝပ် ခြင်းနှင့်တကွ ရှိခိုး ဆည်းကပ်သောသူသည် သရဏဂုံပျက်၏။

[ဓမ္မပဒ အဋ္ဌကထာ သာရတ္ထသင်္ဂဟ]

## ကံ, ဉာဏ်, ဝိရိယသာ လိုရင်းပါ

ကံ-ဟုမူလ၊ သမ္ဗုဒ္ဓတို့၊ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊သုခပွားရန်၊ဤလူ့ထံ၌၊ ဉာဏ်,ဝိရိယ၊ ပယောဂတည်း၊ ကာလဒေသ၊ပုဂ္ဂလကို၊နှိုင်းဆအပ်တုံ၊ကံကို ယုံ၍၊မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာ အကြောင်း၊ မရှိုးကောင်းဟု၊ သူဟောင်းရှေးက၊ ဆိုကုန် ကြ၏။

လို့လမထူ၊ဉာဏ်မကူဘဲ၊အယူတချောင်း၊ကံတကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊သင့်မသင့်ကို၊ အခွင့်ရှု၍၊ အပြု လို့လ၊ ရှိအပ်စွတည့်၊ တံငါ့လက်တွင်း၊ ရောက်လျှင်းတုံငြား၊

သုံးကောင်ငါးတို၊ မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော၊ ကံမွဲ ညာဏ်နို့၊ မလုံ့မလ၊နတ် မ မ-ဘူး၊ အလသ-မျိုး၊ အကျိုး ယွင်းယို၊ အလိုရှေ့ရည်း၊ မကျော့ကျည်းနှင့်၊ ကိုယ်လည်း လုံ့လ၊ နတ်လည်းမ၍၊ ဘောင့်တကြိုရာ၊ မြန်မကြာလျှင်၊ လွယ်ခါကိစ္စ၊ပြီးနိုင်ကြ၏၊ အန္တဗာလ၊ လူထိုမျှတို၊ ကမ္မ,ဝိရိ ယ၊မယုံကြဘူး၊သိဝမဟော၊ပရမေသွာ၊ဗြဟ္မာဇိဿနိုး၊ ကမ္ဘာ စိုးနှင့်၊ တန်းခိုးကြီးမား၊ နတ်ဘုရားတို၊ ဗပးစားဘန်ဆင်း၊ ဖြစ်တုံလျှင်းဟု၊ ချွတ်ယွင်းသမှု၊ အမှားရှုသည်၊ တောင်သူ့ ယူလေ့ ယူလာတည်း။

---

## နတ်မ-လိုက လိုက်နာကြ

(၁) ယသ္မိံ ပဒေသေ ကပ္ပေတိ၊
ဝါသံ ပဏ္ဍိတ ဇာတိယော။
သီလဝန္တေတ္ထ ဘောဇေတွာ၊
သညတေ ဗြဟ္မစာရိနော။ ။

(၂) ယာ တတ္ထ ဒေဝတာ အာသုံ၊
တာသံ ဒက္ခိဏမာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊
မာနိတာ မာနယန္တိ နံ။ ။

(၃) တတော နံ အနုကမ္ပန္တိ၊
မာတာ ပုတ္တံဝ ဩရသံ၊
ဒေဝတာနုကမ္ပိတော ပေါသော၊
သဒါ ဘဒြာနိ ပဿတိ။ ။

[သုတ်မဟာဝါမဟာပရိနိဗ္ဗာနသုတ်,ဝိနည်းဘေသဇ္ဇခန္ဓက]

(၁) (သုနိဓ ဝဿကာရာ)သုနိဓအမတ်ကြီး, ဝဿကာ ရအမတ်ကြီးတို့ ။ယသ္မိံ၊အကြင်အရပ်၌။ပဏ္ဍိတဇာတိယော၊ ပညာရှိ၏ သဘောလက္ခဏာနှင့် ပြည့်စုံသောသူသည်။ဝါသံ၊ မြို့, ပြ, ပြည်,ရွာအိမ်ရာဌာန တည်ထောင်ပြုစု၍ နေခြင်းကို။ ကပ္ပေတိ၊ ပြု၏။ ဧတ္ထ၊ ဤသို့တည်ထောင်ပြုစု၍နေရာ၌ ။ သညတေ၊ ကိုယ်,နှုတ်,စိတ်သုံး သုံးပါးလုံးကို စောင့်သုံးကုန်သော။ ဗြဟ္မစာရိနော၊ အကျင့်မြတ်တို့ကို ကျင့်ဆောင်ရှိကုန်သော။ သီလဝန္တေ၊ သီလရှိကုန်သော ရသေ့,ရဟန်းသူတော်ကောင်း တို့ကို။ဘောဇေတွာ၊ဆွမ်းကျွေးလှူဒါန်းပူဇော်ပြီး၍။-

(၂) တာသံ၊ ထိုအရပ်၌။ ယာဒေဝတာ၊ အကြင်နတ် တို့သည်။ အာသုံ၊ရှိကြကုန်၏။ တာသံ၊ ထိုနတ်တို့အား။ ဒက္ခိ ဏံ၊ အ [illegible]၏အဘို့ကို။ အာဒိသေ၊ အမျှဝေရာ၏။ [illegible] အမျှဝေသဖြင့် ချီးမြှောက် [illegible]ကုန်သော။ တာ၊ ထိုနတ်တို့သည်။ နံ၊ ထိုအမျှဝေသောသူကို။ ဧဝယန္တိ၊ အလ ပြန်၍ ချီးမြှောက်ထောက်ပံ့ကြကုန်၏။ မာနိတာ၊ အမျှဝေသ ဖြင့် မြတ်နိုးအပ်သောနတ်တို့သည်။ မာနယန္တိ၊ အလျှော်ပြန်၍ မြတ် [illegible]ကြကုန်၏။

(၃) တတော၊ သို့လို အမျှဝေသောကြောင့်။ မာတာ၊ အမိသည်။ ဩရသံ၊ ရင်၌ဖြစ်သော။ ပုတ္တံ၊သားကို။အနုကမ္ပတိ ယထာ၊ အစဉ်သနားစုံမက်သကဲ့သို့။ နံ၊ ထိုအမျှဝေသောသူကို။ အနုကမ္ပန္တိ၊ အစဉ်သနားစုံမက်ကုန်၏။ ဒေဝတာနုကမ္ပိတော၊ နတ်တို့သနားစုံမက်အပ်သော။ ပေါသော၊ လူသည်။ သဒါ၊ အခါခပ်သိမ်း။ ဘဒြာနိ၊ ကောင်းမြတ်သော အကျိုးစီးပွါး တို့ကို။ပဿတိ၊မုချမသွေမြင်ရပေတော့၏။

လိုရင်းအကျဉ်းကား ရှေ့လက်ထက်တော်အခါ အဇာတ သတ်မင်းစေခိုင်းခြင်းကြောင့် သုနိဓ,ဝဿကာရ အမတ်ကြီး တို့ဦးစီးသောအဖွဲ့ကြီးသည်(ယခုပါဋ္ဌနာခေါ်)ပါဋလိပုတ်ရွာ ကိုမြို့သစ်တည်၍ နေကြလေရာ ထိုအခါဝယ် ငါတို့ဗုဒ္ဓကလဲ သံဃာတော်များနှင့်တကွ ဤဌာနသို့ဒေသစာရီ ကြွချီကြွကာ ဆိုက်ရောက်လာခိုက် ကြိုကြိုက်ပါ၍ ဆွမ်းလုပ်ကျွေးကာတရား နာလျက် ကုသိုလ်၏အဘို့နတ်တို့အား အမျှပေးဝေကြသဖြင့် နတ်တို့ကတဖန် အတုံ့ပြန်ကာ ချစ်ခင်ကြင်နာ စောင့်ရှောက်, မ-စပါသောကြောင့်ယခုထက်တိုင်ပင်စည်ကားကြီးပွားလျက် ဟင်(ပါဋ္ဌနာမြို့ဟုတွင်ကာ)တွေ့မြင်နိုင်ကြသေး၏။

---

## နတ်ပူဇော်ခြင်းအစသဘာဝ

ရှေးမင်းများသည် မင်းကျင့်တရားဖြစ်သော "အပရိဟာ နိယ"တရားအတိုင်း "စတုလောကပါလ" စသောသာသနာ စောင့်နတ်ကြီးများကို ပူဇော်ပသလေ့ရှိခဲ့လေရာ ဂုဏ်ရှိသူ လုပ်သည်ကို အတုလိုက်ပါ၍ ဗုဒ္ဓဘာသာဝင် သူတော်စင် တို့ပင်"ပဇာယ ဒိဝါစ ရတ္တောစ ဟရန္တိ ယေ ဗလိံ"စသော ဒေသနာတော်အရ နတ်ကောင်းနတ်မြတ်များကို သင့်လျော် သောပူဇော်ဘွယ်ရာတို့ဖြင့် ပူဇော်ခြင်းပြုကြလေ၏။

ရှေးကြသော ဇောတိတတ္တကျမ်း, မဉ္ဇူပူရာဏ်ကျမ်း, မဟာကပိလကျမ်း စသော နတ်နှင့်ပတ်သက်သော ကျမ်း ဟောင်းကြီးများ၌ နတ်ရေအိုးများ ပုံသဏ္ဌာန်တမျိုးပြောပ်၍ တည်သည်ဟုသာပါရှိလေသည်၊ နောက်ပေါ် သံရောဒယ ကျမ်းများ၌မူကား- နတ်ရုပ်ထုလုပ်နည်းများ, နတ်ရုပ်ရေး ၍ပူဇော်နည်းများ စုံလင်စွာပါရှိ၏၊ ပုဂံခေတ် ရာဇဝင်

သမိုင်းများအရ သက္ကရာဇ် ၁၂၂၆- ခုနှစ်နန်းတက်သော သေဉ်လည်ကြောင်မင်း လက်ထက် တကောင်းမှ စကားပင်ကြီးတပင်ကို အမြစ်ပါတူး၍ ရောဝတီတွင် မျှောလိုက်လေရာ နတ်မောင်နှမ (မဟာဂီရိနှင့် ရွှေမျက်နှာ) တို့ အမှီပြုကာ နေသည့်စကားပင်ဟုခံ့ကာ ၎င်းတုံးကိုဆယ်ပြီး နတ်မောင်နှမ ရုပ်တုများထု၍ ပုပ္ပါးတောင်ခြေမှာ ကိုးကွယ်ကြောင်းနှင့် နတ်တော်လတိုင်း ပုဂံမင်းအဆက်ဆက် နတ်မောင်နှမကို ပူဇော်ပသကြကြောင်းကိုလည်း ရွှေစည်းခုံသမိုင်းနှင့် ဦးကုလားရာဇဝင်တွင် ဖော်ပြထား၏၊ (အိန္ဒိယယဉ်ကျေးမှုမှ ဆင်းသက်လာဟန်ရှိ၏၊) မဟာဂီရိနတ်သည် ရှေးကကိုယ်ထင်ပြ၍ မင်းနှင့်စကားပြောသတဲ့၊ နောက်မှ ကိုယ်ထင်လည်းမပြ,စကားမပြောရသဖြင့်(နတ်ပုစ္ဆာနံ့ခေါ်) နတ်ကတော်တို့ကို (နတ်ပွဲယင်)ဟုဆိုသော နတ်ကိုတင်ကာ မေးသူးကြောင်းကိုဗမာရာဇဝင်များ၌ဆို၏၊ရှေးကမရှိဟုမှတ်။

ရှေးကပျော်ပွဲများအတွက် အချိန်ကုန်,ငွေကုန်မည့်အစား အချိုးမဖြစ်စေဘဲ ရတနာသုံးပါးနှင့်တွဲကာ ပြုလုပ်ခြင်းဖြင့် လောကီ အပြစ်ပြေပေါ်ပါးနိုင်သည့်ပြင် လောကုတ္တရာ ကုသိုလ်များပါရရန် ရည်သန်စီစဉ်ခဲ့ကြသတဲ့၊ "ဆင်ပြခံတောင်း သကဲ့သို့" ဘုရားပွဲအတု အပများဖြစ်ပေါ်၍ လာခဲ့ကြလေ၏။

---

## သေသေချာချာစဉ်းစားပါ

ယခုငါတို့ကိုးကွယ်နေကြသော နတ်များကား ပုဂံခေတ်ကမှ ဖြစ်ပေါ်လာကြပါလျှင် ဟိုအရင်က နတ်များမရှိကြလို့လား?၊အရင်ကရှိပါလျှင် ထိုနတ်တို့က ယခုသူတို့ကိုမကိုးကွယ်လို့ အပြစ်မပေးနိုင်ဘူးလား၊ မိဘိုးဖလာ မကိုးကွယ်က

အပြစ်ရှိပေါ်လျှင် နတ်ကိုးကွယ်သူတို့ ရဟန်းသာမဏေပြုက ကိုးကွယ်ရပါသေးသလား?၊ မကိုးကွယ်က ကျန်းမာရွှင်ပြစွာ မနေနိုင်ကြတော့ဘူးလား?၊ ဘာသာခြားများကို နတ်များက အဘယ့်ကြောင့် မဖမ်းစားနိုင်ပါသလဲ? စသည်ဖြင့် စင်းစား ဆင်ခြင်ရာ၏၊ နတ်မရှိဟု ဆိုသည်မဟုတ်။

## ဆိုရေးရှိက ဆိုအပ်လှ၏

ဘုရားလူ့ဘ၊ မုနိန္ဒလျက်၊ မိန်းမ, ယောကျ်ား၊
လူ့စကားဖြင့်၊ မကြားစတောင်း၊ မဆိုကောင်းကို၊
အကြောင်းဆောင်သွေး၊ ဆိုတုံသေးရှင့်၊ ဆိုရေးရှိက၊
ဆိုအပ်လှ၏၊ဆိုစမျှားလျှား၊ ထားပချေဘိ၊ ငါဝန်ရှိခဲ့၊
ပြီးမိပြီးစေ၊ ဆိုလျှင်းပေအံ့။

ဤသို့ အရှင်မဟာရဋ္ဌသာရ ထုံးနှလုံးသွင်းကာသိသင့် သိထိုက်သမျှ အဝဝတို့ကို ကောင်းစွာကျနသိကြစေခြင်းငှါ ၎င်း, ဗုဒ္ဓဘာသာ သာသနာကို နတ်ဘာသာ သာသနာက လွှမ်းမိုးသွားမည်ကို စိုးပါသဖြင့်၎င်း အကြောင်းသင့်စွာ ဖွင့်ပြရပေ၏၊ထို့ကြောင့်ငါတို့ဗုဒ္ဓက နတ်ဝါဒကိုပယ်လှန်ကာ ဝါဒမှန်ကို မိန့်ဟတော်မူသည်မှာ—

ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။

ဧတံခေါသရဏံ၊ ဤရတနာသုံးပါးကို ကိုးကွယ်လည်း လျောင်းပုန်းအောင်းမှီခိုခြင်းသည်သာလျှင်။ ခေမံ၊ ဘေးကင်း ခြင်းကိုဖြစ်စေတတ်၏။ ဧတံသရဏံ၊ သည်။ ဥတ္တမံ၊ မြတ်၏။ ဧတံသရဏံ၊ ကို။ အာဂမ္မ၊ အတည်အမြဲအစွဲပြု၍။ သဗ္ဗဒုက္ခာ၊ အလုံးစုံသောဆင်းရဲခြင်းမှ။ ပမုစ္စတိ၊ ကင်းလွတ်ရပေတော့၏။

ဤသို့ ဘုရားရှင်၏ ဒေသနာတော်အဆုံး၌ အင်္ဂုဒတ္တ အမည်ရှိသော ခေါင်းဆောင်ကြီးနှင့်တကွ တပည့်သာဝက များပါ မိမိတို့၏ အယူဝါဒကိုစွန့်ကာ ရဟန္တာ အဖြစ်သို့ ရောက်ကြလေ၏။

* မှားမှန်အဖြစ်-စစ်ဘိခဲပေ။
မှားအမှန်-ဝေဘန်သိခဲပေ။
မှားမှန်ဝေခွဲ-ပြောခဲကြပေ။
အမှားလှန်-အမှန်ကျင့်ခဲပေ။

---

## သရဏဂမနာနိသံ သဘာဝကို ပြခြင်း

ဤ၌ သရဏ ဂမနာနိသံသဟူသည် ပြဆိုပြီးခဲ့သော အင်္ဂါ ၄-ပါးနှင့်ပြည့်စုံစွာ ဆောက်တည်သော သရဏဂုံ၏ အကျိုးဟုဆိုလိုသည်၊သရဏဂုံသည်–

(၁) လောကီသရဏဂုံ,

(၂) လောကုတ္တရာသရဏဂုံ,
ဟူ၍ နှစ်ပါးအပြားရှိ၏၊ထိုနှစ်ပါးတို့တွင်–

(၁) လောကီသရဏဂုံ၌လည်း (က) ဒါယကာတို့ ဆောက်တည်သောသရဏဂုံ, (ခ) ဥပါသကာတို့ ဆောက် တည်သော သရဏဂုံ အားဖြင့်နှစ်ပါးပြားပြန်၏၊ ထင်ရှား စေဦးအံ့၊(က) ဒါယကာ ဒါယိကာမတို့သည် အလှူပေးရာ, သီလဆောက်တည်ရာတို့၌ သရဏဂုံကိုယူပြီး၍ လှူဒါန်း ခြင်း, သီလယူခြင်းကိုပြုကြ၏၊ထိုသို့ ဆောက်တည်အပ်သော သရဏဂုံသည် ကမ္မသကတဉာဏ် အခြေခံနှင့်ဆောက်တည်

ရှိမျှသာဖြစ်၏၊ မြဲမြံခိုင်ခံ့စွာ ယုံကြည်မြတ်နိုးခြင်းမရှိ၊ ခဏမျှသာ ယုံကြည်မြတ်နိုးခြင်းရှိ၏၊ ဘာ့ကြောင့်ဆိုသော်ကာလသုံးပါးတို့၌ချို့တဲ့တတ်သောကြောင့်တည်း။

ဥပမာ-ရှေးအခါက တကြိမ်တခါမျှသာ သုံးဆောင်ရဘူးသောမွန်မြတ်သော(ပါယာသဘတ်)ထမင်းကိုတဖန်ပြန်၍အောက်မေ့သတိရပြန်သော် ထမင်း၏ အရသာလည်း မရှိ၊ ရလတ္တံ့လည်းမဟုတ်၊ ရဘူးသည်မျှ စ်သကဲ့သို့ ဒါယကာ, ဒါယိကာမတို့ဆောက်တည်သော သရဏဂုံသည် တည်ဘူးသည်မျှသာရှိ၏၊ တည်ဆဲလည်းမဟုတ်၊ တည်လတ္တံ့လည်းမဟုတ်၊ သို့ဖြစ်၍ "ယထာဗလ-အာနိသံသ" စွမ်းနိုင်သမျှသာ အကျိုးရှိချေ၏။

(ခ) ဥပါသကာ,ဥပါသိကာမတို့ဆောက်တည်အပ်သောသရဏဂုံကား—အတိတ်ကာလကလည်း ဆောက်တည်ခဲ့ပြီး, ပစ္စုပ္ပန်ကာလ၌ ဆောက်တည်ဆဲ,အနာဂတ်ကာလ၌ဆောက်တည်လတ္တံ့၊ ဤကာလသုံးပါးတို့ မချို့တဲ့သောကြောင်၎င်း, ရတနာသုံးပါးတို့၏ သဘောသဘာဝတို့၌ ယုံကြည် မြတ်နိုးခြင်းကို၎င်း ကောင်းစွာ တည်အပ်သည်ဖြစ်၍ သစ္စာနုလောမိက သမ္မာဒိဋ္ဌိဉာဏ် အခြေခံနှင့်မြဲမြံခိုင်ခံ့စွာ ဆောက်တည်သည်ဖြစ်၏။

ဥပမာ-ခတ္တိယမဟာသာလ သူဌေးကြီးသည် အရွယ်ကြီးရင့်သည်ဖြစ်၍ သားကြီးအား အဘိုးအနဂ္ဃ ထိုက်တန်သော ပတ္တမြား,ရွှေ,ငွေစသည်တို့ကိုအပ်နှင်း၏၊ ထိုသားကြီးသည် ထိုပတ္တမြား,ရွှေ,ငွေစသည်ကို လုံခြုံရာမြေ၏အတွင်း၌ သိုမှီး ခဲ့ပြီးသည် နောက်ကာလ၌ အောက်မေ့ တိုင်းလည်း

နှစ်သက်၏၊ နောက်ကိုလည်းနှစ်သက်လတ္တံ့၊ ဤကာလ သုံးပါးလုံးနှစ်သက်ခြင်းဖြစ်သကဲ့သို့ ဥပါသကာတို့ ဆောက်တည်သောသရဏဂုံသည် "မဟပ္ဖလအာနိသံသ" ကြီးမားသော အကျိုးရှိချေ၏။

---

## သရဏဂုံ၏အကျိုးလေးပါးကား

(၁) အပါယ်လေးပါမှ လွတ်မြောက်ရခြင်း အကျိုးတပါး,
(၂) နတ်ရွာသုဂတိသို့လားရောက်ရခြင်းအကျိုးတပါး,
(၃) ရှင်တော်ဘုရား၏ သားရင်း ဖြစ်ရခြင်း အကျိုးတပါး,
(၄) ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ အချွတ်ကို ခံရခြင်းတပါး,

ဤလေးပါးသောအကျိုးကို ခံစားရ၏၊ ထိုလေးပါးသော အကျိုးတို့တွင် (၁) အပါယ်မှ လွတ်ခြင်း, (၂) နတ်ရွာ သုဂတိသို့လားခြင်း အကျိုးနှစ်ပါးကို ရှင်တော်ဘုရား မိန့်ကြားတော်မူသည်မှာ—

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယ ဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။ ။
[သုတ်မဟာဝါပါဠိ မဟာသမယသုတ်]

ယေကေစိ၊အမှတ်မရှိကုန်သောသူတို့သည်။ ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ သရဏံ၊ ဘေးကိုဖျောက်တတ် မြတ်သော ကိုးကွယ်

ချာဟူ၍။ ဂတာသေ၊ ဆည်းကပ်ကြကုန်၏။ တေ၊ ထိုသူတို့သည်။ အပါယဘူမိံ၊ ချမ်းသာကင်းကုန် အပါယ်ဘုံသို့။ နဂမိဿန္တိ၊ မလားမရောက်ရကုန်။ မာနုသံ ဒေဟံ၊ လူ၏အတ္တဘောကို။ ပဟာယ၊ ပယ်စွန့်၍။ ဒေဝကာယံ၊ နတ်၏အတ္တဘောကို။ ပရိပူရေဿန္တိ၊ ပြည့်စုံကြကုန်လတ္တံ့။

[ဤကား နိဗ္ဗေမတိကကိုရည်သည်၊အဓိပ္ပါယ်ထင်ရှားပြီ။]

---

## (၃) ဘုရားသားတော်ရင်းဖြစ်ခြင်းအကျိုးကား

သရဏဂမနတော ပဉ္စာယ သောတာပတ္တိဖလ
သစ္ဆိကိရိယပဋိပ္ပဿဒ္ဓါတိ အဓိပ္ပေတာ။
[ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ္တ အဋ္ဌကထာ]

သရဏဂမနတော၊ သရဏဂုံတည်သည်မှ။ ပဉ္စာယ၊စ၍။ သောတာပတ္တိဖလ သစ္ဆိကိရိယ ပဋိပ္ပဿဒ္ဓါတိ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါကျင့်သောသူဟူ၍။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။

---

### သားတော် ၁၂-ယောက်ကား

(၁) သောတာပတ္တိဖလ သစ္ဆိကိရိယပုဂ္ဂိုလ်,
(၂) သောတာပတ္တိ မဂ် ပုဂ္ဂိုလ်,
(၃) သောတာပတ္တိ ဖိုလ် ပုဂ္ဂိုလ်,
(၄) သကဒါဂါမိဖလ သစ္ဆိကိရိယပုဂ္ဂိုလ်,
(၅) သကဒါဂါမိ မဂ် ပုဂ္ဂိုလ်,
(၆) သကဒါဂါမိ ဖိုလ် ပုဂ္ဂိုလ်,
(၇) အနာဂါမိဖလ သစ္ဆိကိရိယပုဂ္ဂိုလ်,

(၈) အနာဂါမိ မဂ် ပုဂ္ဂိုလ်,
(၉) အနာဂါမိ ဖိုလ် ပုဂ္ဂိုလ်,
(၁၀) အရဟတ္တဖလ သစ္ဆိကိရိယ ပုဂ္ဂိုလ်,
(၁၁) အရဟတ္တ မဂ် ပုဂ္ဂိုလ်,
(၁၂) အရဟတ္တ ဖိုလ် ပုဂ္ဂိုလ်,

ဤ ၁၂-ယောက်သော ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ သားတော်အစစ်ဖြစ်ကြကုန်၏။

---

## (၄) ဘုရားရှင်တို့၏ အချွတ်ခံရခြင်းအကျိုးကား

ရှေးရှေးသော ဘုရားရှင်တို့၏ သာသနာတော်၌ သရဏဂုံ တည်ခဲ့ဘူးသူ နိပါလျှင် နောက်နောက်သော ဘုရားရှင်တို့သည် ချွတ်ရမြဲတံထွာ မှတ်သားတည်း။

ထင်ရှားစေအံ့၊ မိလိန္ဒမင်း အလောင်းသာမဏေသည် ကဿပဘုရားရှင်၏ သာသနာတော်၌ သရဏဂုံတည်ခဲ့ဘူးသောကြောင့် ငါတို့ဂေါတမ ရှင်တော်ဘုရားသာသနာတော်၌ ရဟန္တာ ဖြစ်ရ၏၊ထို့ပြင် တပါး တိသရဏ ပဉ္စယမထေရ် အလောင်းသည် ၉၁-ကမ္ဘာထက် ဝိပဿီဘုရား သာသနာ တော်၌ သရဏဂုံတည်ခဲ့ဘူးသောကြောင့် ငါတို့ဗုဒ္ဓ ဂေါတမ မြတ်စွာရှင်း၌ ၇-နှစ်သားအရွယ်ကပင် ရဟန္တာဖြစ်ရ၏။

ထို့ပြင် တပါး ပေါက္ခရသာတိ ပုဏ္ဏား, သိင်္ဂါရဝပုဏ္ဏား, ဇာဏုဿောဏိပုဏ္ဏား, ဗိမ္ဗိသာရ, ပဿေနဒီ, ဥပ္ပလဝဏ် စသည် တို့သည်လည်း ရှေးဘုရားရှင်တို့၏ သာသနာ၌ သရဏဂုံ တည်ခဲ့ဘူးသောကြောင့် ငါတို့ဘုရားထံတော်ပါး၌ အကျွတ် တရား ရကြသည်ကား များပြားလှပေ၏။

တနည်း သရဏဂုံ၏ အကျိုး ၁၀-ပါးကား—

ထိုမှတပါး ဖြစ်လေရာရာ ဘဝသံသရာတို့၌-

(၁) အာယု-အသက်ရှည်ခြင်း,

(၂) ဝဏ္ဏ-အဆင်းလှခြင်း,

(၃) သုခ—ချမ်းသာကြီးခြင်း,

(၄) ဗလ—ခွန်အားကြီးခြင်း,

(၅) ပဋိဘာန-ပညာကြီးခြင်း တည်းဟူသော အဇ္ဈတ္တ အကျိုးငါးပါး။

(၁) ရူပ-အဆင်းလှခြင်း,

(၂) သဒ္ဒ-အသံကောင်းခြင်း,

(၃) ဂန္ဓ-အနံ့ကောင်းခြင်း,

(၄) ယသ-အခြံအရံများခြင်း,

(၅) အဓိပတေယျ- အစိုးရခြင်းတည်းဟူသော ဗဟိဒ္ဓ အကျိုးငါးပါး၊ပေါင်း ၁၀-ပါးသောအကျိုးရကြောင်းအရှင် ခမောဂ္ဂလာန်က သိကြားမင်းအား ဟောကြားလေ၏။

[ဤကား သောကီ သရဏဂုံ၏ အကျိုးတည်း]

---

လောကုတ္တရာ သရဏဂုံ၏ အကျိုးကား

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယ သစ္စာနိ၊သမ္မ ပညာယ ပဿတိ။ ။
[ဓမ္မပဒ ပါဠိတော်]

ယောစ၊ အကြင်သူသည်လည်း။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကို လည်းကောင်း။ ဓမ္မဉ္စ၊တရား တော်မြတ်ကို လည်းကောင်း။ သံဃဉ္စ၊ သံဃာတော်မြတ်ကို လည်းကောင်း။ သရဏံ၊ ဘေး

ကို ဖျောက်တတ် မြတ်သော ကိုးကွယ်ရာဟူ၍။ တော၊ဆည်း ကပ်၏။ သော၊ ထိုသူသည်။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊အရိယသစ္စာတို့ကို။ သမ္မပညာယ၊ ထူးသော မဂ်ပညာဖြင့်။ ပဿတိ၊ နိဗ္ဗာန်ကို မြင်ရပေတော့၏။

ဤသို့ မဂ်ဒွါလာသော သဒ္ဓါစေတသိက် တည်းဟူသော သရဏဂုံသည်ကား ဝရဇိန်လက်နက် မိုယ်းကြိုးစက်ကဲ့သို့ လောဘ,ဒေါသ,မောဟ တည်းဟူသော အကုသိုလ်တရားအစု အပေါင်းကို တချက်တည်းဖျက်ဆီးလျက် သစ္စာလေးပါးကို တပြိုင်နက်သိစွမ်းနိုင်သော မဂ်ဉာဏ်တို့နှင့်ယှဉ်သော သဒ္ဓါဖြစ် ပေရကား ပစ္စက္ခ,တမလွန် အကျိုးမှန်, အကျိုးပြတ် နှစ်ပါး သည့် အလွန်ထင်ရှားလှပေ၏။

---

### ပစ္စက္ခ-အကျိုးငါးပါးကား

(၁) သံဒိဋ္ဌိက-မိမိ၏သန္တာန်၌ ကိလေသာမရှိကြောင်း ကို ကိုယ်တိုင်မျက်မှောက်ပြုရခြင်း,

(၂) အကာလိက-ကိလေသာမရှိသော အကျိုးကိုအခါ မလင့် ခံစားရခြင်း,

(၃) ဧဟိပဿိက-မဂ်ဉာဏ်က"ပုညဝန္တ" တရားစုကို ခေါ်သကဲ့သို့ ရှိခြင်း,

(၄) ဩပနေယျိက-မဂ်ဉာဏ်ဖြင့် ကပ်၍ ဆောင်အပ် သည်ကို သိရခြင်း,

(၅) ပစ္စတ္တံဝေဒိတဗ္ဗ-မိမိရသောနိဗ္ဗာန်ကိုမိမိသာလျှင် သိရခြင်း—

ဤသို့အားဖြင့် ပစ္စက္ခအကျိုးတရား ငါးပါးတည်း။

## တမလွန် အကျိုးရှစ်ပါးကား

(၁) ဒိဋ္ဌဓမ္မ-နိဗ္ဗာန်ကို ကိုယ်တိုင်တွေ့မြင်ရခြင်း,
(၂) ပတ္တဓမ္မ-နိဗ္ဗာန်သို့ ရောက်သောအဖြစ်သို့ ရောက်ရခြင်း,
(၃) ဝေဒိတဓမ္မ-နိဗ္ဗာန်ကို သိခြင်း,
(၄) ပရိယောဂါဠ္ဟဓမ္မ-နိဗ္ဗာန်သို့သက်ဝင်ရခြင်း,
(၅) တိဏ္ဏဝိစိကိစ္ဆာ-နိဗ္ဗာန်၌ ယုံမှားကင်းရခြင်း,
(၆) ဝိဂတကထံကထ-ဟုတ်သည်,မဟုတ်သည်၌ယုံမှားကင်းရခြင်း,
(၇) ဝေသာရဇ္ဇပတ္တ- နိဗ္ဗာန်ကို ငါမြင်၏ဟု ရဲရင့်စွာ ဉာဏ်ဖြင့်ရောက်ခြင်း,
(၈) အပရပ္ပစ္စယ-ဤဆရာမှတပါး အခြားသောဆရာ ရှာဘွယ် မရှိခြင်း-

ဤသို့အားဖြင့် တမလွန် အကျိုး ရှစ်ပါးတည်း။

ဤပစ္စုပ္ပန်,တမလွန် နှစ်တန်သော အကျိုးတရားတို့သည် "ဥပ္ပါဒေါဝါယံ၊ အနုပ္ပါဒေါခေမံ" ဟူ၍ ရှင်သာရိပုတ္တရာမထေရ် ဟောတော်မူပေသောကြောင့် "ပစ္စက္ခ"၌ ကိလေသာတို့၏ ဖြစ်ခြင်းသည်ဘေးမည်၏၊ မဖြစ်ခြင်းသည် ခေမ ဟူသော နိဗ္ဗာန်မည်၏၊ ဤခေမ နိဗ္ဗာန်ကို ရကြသော အရိယာသူတော်ကောင်းတို့သည် အဆုံးသောအရဟတ္တမဂ်သို့ရောက်၍ စုတိကမ္မဇရုပ် အကြွင်းမဲ့ချုပ်ခြင်းကိုခံစားရသော ရဟန္တာအရှင်မြတ်တို့မှာ ဥတ္တမ မည်သော နိဗ္ဗာန် အသင်္ခတဓာတ်ကို အကြောင်းပြု၍ အလုံးစုံသော ဝဋ္ဋဒုက္ခကြီးမှ ထွက်မြောက်ရခြင်း တမလွန်အကျိုးကိုခံစားရ၏၊ သေက္ခ ပုဂ္ဂိုလ်တို့မှာ

လည်း သုဂတိ အဆက်ဆက်ဖြစ်၍ အဆုံးသို့ရောက်ရလေ
တော့၏။

---

## သရဏ သံကိလေသ သဘာဝကိုပြခြင်း

စေတိယာနိ အာရောဟန္တော ဆတ္တံ ဓာရေတိ၊
ဥပါဟနံ ဓာရေတိ၊ အယံ သတ္ထရိ အဂါရဝေါ နာမ။
[ဝိနည်းပါဠိတော်]

စေတိယာနိ၊ စေတီယင်ပြင်သို့။ အာရောဟန္တော၊ တက်သောသူသည်။ ဆတ္တံ၊ ထီးကို။ ဓာရေတိ၊ ဆောင်း၏။ ဥပါဟနံ၊ ဖိနပ်ကို။ ဓာရေတိ၊ စီး၏။ အယံ၊ ဤသူသည်။ သတ္ထရိ၊ မြတ်စွာဘုရား၌။ အဂါရဝေါနာမ၊ မရိုသေသောသူမည်၏။ ဝါ၊ သရဏကို ညစ်နွမ်းဖျက်ဆီးသောသူမည်၏။

ဤသို့ ဗုဒ္ဓမိန့်ဟသည့်နှင့်အညီ "သရဏ သံကိလေသ" သရဏကို ညစ်နွမ်း ဖျက်ဆီးကြောင်းတရား—

(၁) ကာယ သံကိလေသ- ကိုယ်ဖြင့်ညစ်နွမ်းအောင်ပြုခြင်း,
(၂) ဝါစာသံကိလေသ- နှုတ်ဖြင့်ညစ်နွမ်းအောင်ပြုခြင်း,
(၃) မန သံကိလေသ-စိတ်ဖြင့် ညစ်နွမ်းအောင်ပြုခြင်း
အားဖြင့် သုံးပါးအပြားရှိ၏။

---

## ကာယ သံကိလေသ သုံးပါးကား

(၁) ဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာ အရှင်မြတ်တို့ ရင်း,
အရှင်မြတ်တို့၏ သရီရ ဓာတ်တော်, ဆံတော်, အံတော်,
ဆင်းတုတော်တို့ဦး ငြင်း, ဓာတ်တော် စသည်တို့၏ တည်ရာ

စေတီယင်ပြင်တို့၌ရှင်း မရိုမသေ သွားလာခြင်း, ထီး, ဘိနပ်, ယာဉ်အမျိုးမျိုးတို့ကို ဆောင်း-စီးခြင်း, အညစ်အကြေးကိုစွန့်ခြင်း, မလျောက်ပတ်သော ဣရိယာပုထ်တို့ကိုပြုခြင်း စသည်တို့သည် ဘုရား၌ "ကာယ သံကိလေသ" ကို ပြုသည်မည်၏။

(၂) တရားတော်၌ ကိုယ်ကိုမရိုမသေပြုသဖြင့် ဟရားနာ သွားလာခြင်း,မရိုသေသော ဣရိယာပုထ်ဖြင့် နာကြားခြင်း,မြင့်သောနေရာကသော်၎င်း,ဘိနပ်,ယာဉ်စီး၍သော်၎င်း, နာကြားခြင်းစသည်တို့သည် တရား၌ "ကာယ သံကိလေသ" ကိုပြုသည်မည်၏။

(၃) ရဟန်းသံဃာတို့၌ ကိုယ်ဖြင့်ထိပါးခြင်း,နေရာတူ-တန်းတူ နေထိုင်ခြင်း, မလျောက်ပတ်သော ဣရိယာပုထ်ကိုပြု၍နေခြင်း, သံဃာတော်တို့နေရာ၌နေခြင်း, သံဃာအာရာမ်စသည်တို့၌ဘိနပ်,ယာဉ်,ထီးဆောင်း- စီးခြင်း,ဦးရစ် ဦးထုပ်ပေါင်း, ဆောင်းခြင်း, အညစ်အကြေးစွန့်ခြင်း စသည်တို့သည် သံဃာ၌ "ကာယ သံကိလေသ" ကိုပြုသည်မည်၏။

---

## ဝါစာ သံကိလေသ သုံးပါးကား

(၁) သက်တော်ထင်ရှား ရှင်တော် ဘုရားအား၎င်း, ဓာတ်တော်, မွေတော်တို့နှင့်တကွ စေတီပုထိုးတို့အား၎င်း ကျေးဇူးမဲ့ကဲ့ရဲ့သောစကား, ရုန့်ရင်းသိမ်ဖျင်းသော စကားတို့ကို ရယ်ဘွယ်မျှ မပြောမဆိုကောင်း၊ ပြောဆိုမိငြားအံ့၊ ရှင်တော်ဘုရား၌ "ဝါစာ သံကိလေသ" ကိုပြုသည်မည်၏။

(၂) တရားတော်၌ကျေးဇူးမဲ့ကဲ့ရဲ့သောစကား,ရုန့်ရင်းသိမ်ဖျင်းသောစကားတို့ကိုရယ်ဘွယ်မျှ မပြော မဆိုကောင်း၊

ပြောဆိုမိငြားအံ့၊ တရားတော်၌ ဝါစာ သံကိလေသ ကိုပြုသည်မည်၏။

(၃) သံဃာတော်၌ ကျေးဇူးမဲ့ကဲ့ရဲ့သောစကား၊ ရှုန့်ရင်းကြမ်းတမ်းသိမ်ဖျင်းသောစကားတို့ကိုမပြောမဆိုကောင်း၊ ပြောဆိုမိငြားအံ့၊သံဃာတော်၌ "ဝါစာ သံကိလေသ" ကို ပြုသည်မည်၏။

---

## မန သံကိလေသ သုံးပါးကား

(၁) သက်တော်ထင်ရှား ရှင်တော်ဘုရား၌လည်းကောင်း၊ သရီရဓာတ် မွေတော်မြတ်စသည်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကိုလည်းကောင်း၊ မသိခြင်း အညာဏ၊ ဘုရားဟုတ်၏လော၊ မဟုတ်၏လောဟု ယုံမှားခြင်း သံသယ၊ ဘုရားမဟုတ်ဟုရှုယူခြင်း မိစ္ဆာဉာဏ၊ ဒေါသတို့ဖြင့် ပြစ်မှားခြင်း အနာဒရ-စသည်တို့ကို မပြုမထင်ကောင်း၊ ပြုထင် ငြားအံ့၊ ဘုရား၌—"မနသံကိလေသ" ပြုသည်မည်၏။

(၂) တရားတော်၌ ဂုဏ်ကျေးဇူးတော်တို့ကို မသိခြင်း အညာဏ၊ တရားဟုတ်၏လော၊ မဟုတ်၏လောဟု ယုံမှားခြင်း သံသယ၊ တရား မဟုတ်ဟုရှုယူခြင်း မိစ္ဆာဉာဏ၊ ဒေါသတို့ဖြင့်ပြစ်မှားခြင်း အနာဒရ-စသည်တို့ကို မပြုမထင်ကောင်း၊ ပြုထင်ငြားအံ့၊ တရားတော်၌ "မန သံကိလေသ" ကို ပြုသည်မည်၏။

(၃) သံဃာတော်၌ ဂုဏ်ကျေးဇူးတော်တို့ကို မသိခြင်း အညာဏ၊ သံဃာဟုတ်၏လော၊ မဟုတ်၏လောဟု ယုံမှားခြင်း သံသယ၊ သံဃာမဟုတ်ဟုယူခြင်း မိစ္ဆာဉာဏ၊ ဒေါသ

တို့ဖြင့်ပြစ်မှားခြင်းအနာဒရ-စသည်တို့ကိုမပြု,မထင်ကောင်း၊ ပြု,ထင်ငြားအံ့၊သံဃာတော်၌ "မနသံကိလေသ" ကိုပြုသည် မည်၏။

ဤသို့သရဏဂုံ တည်သောသူမှန်ပေလျှင် ဘုရားကိုဘုရား မဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာကို သံဃာမဟုတ်ဟု ပြောရမည်၊မပြောလျှင်ဦးခေါင်းကိုသံလျက်,ဓားနှင့်ဖြတ်မည် ဟု ပြုစေကာမူ ဖြတ်လိုက ဖြတ်ပါစေ၊ ပြောဆိုရိုးတံထွာ ဓမ္မ တာ မဟုတ်၊အမှတ်မဲ့ သံကိလေသ ၉-ပါးတို့နှင့်တကွ ပြုမိ, ပြောမိ, ပြစ်မှားမိခဲ့သည်ဖြစ်အံ့၊လျှင်စွာကန်တော့အပ်၏။

---

## ကန်တော့ရန်ကား

အစ္စယော မံ ဘန္တေ ဘဂဝါ အစ္စဂမာ ယထာ ဗာလံ ယထာမူဠှံ ယထာအကုသလံ၊ တဿ မေ ဘန္တေ ဘဂဝါ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယ။

ဘန္တေ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်ကျေးဇူး ထူးမြတ်ထင်ရှား မြတ်စွာဘုရား။ ယထာဗာလံ၊ အကြင်မိုက် မဲသောအလျောက်။ ယထာမူဠှံ၊ အကြင်တွေဝေသော အ လျောက်။ ယထာအကုသလံ၊အကြင်မလိမ္မာသောအလျောက်။ အစ္စယော၊ လွန်ကျူးမိသောအပြစ်သည်။ မံ၊ အကျွန်ုပ်ကို။ အစ္စဂမာ၊ ရောက်ခဲ့ပါပြီ။ ဘန္တေ ဘဂဝါ၊ မြတ်စွာဘုရား။ တဿမေ၊ ထိုအကျွန်ုပ်အား (အနုကမ္ပာ-အနုကမ္ပာယ) အစဉ်သနားသည်ကိုအကြောင်းပြု၍။အစ္စယံ၊လွန်ကျူးမိသော အပြစ်ကို။ အစ္စယတော၊ လွန်ကျူးသော အပြစ်အားဖြင့်။

အာယတိ၊ နောင်အခါ၌။ သံဝရာယ၊ ပြစ်မှားခြင်းမရှိစေခြင့်
ရှောက်ပါရခြင်း အကျိုးငှါ။ပဋိဂ္ဂဏှာတု၊ သည်းခံတော်မူပါ
အရှင်ဘုရား။

ဤသို့ သုံးကြိမ်, သုံးဖန် ကန်တော့ တောင်းပန်ပြီးလျှင်
သံကိလေသ မဖြစ်အောင် တဖန်သရဏဂုံကို ခံယူဆောက်
တည်ရာ၏၊ ကန်တော့တောင်းပန်၍ တဖန်ခံယူဆောက်တည်
ခြင်းကိုမပြုဘဲ နေငြားအံ့ သရဏဂုံ ပျက်လေ၏။

---

## သရဏဘေဒ သဘာဝကိုပြခြင်း

ဤ၌သရဏဘေဒဟူသည်သရဏဂုံပျက်စီးခြင်းပင်တည်း၊
ပျက်စီးခြင်းသည်လည်း—

(၁) သာဝဇ္ဇဘေဒ-အပြစ်နှင့်တကွပျက်စီးခြင်း။
(၂) အနဝဇ္ဇဘေဒ - အပြစ်မရှိ ပျက်စီးခြင်းဟု
နှစ်ပါးအပြားရှိ၏၊ ထို၂စ်ပါးတို့တွင်—

(၁) သရဏဂုံတည်သူဟူတို့မှာ သံကိလေသတရားတို့
ကို ကျူးလွန်ပြစ်မှားလျှင်ငှင်း, ဗုဒ္ဓဘာသာကိုစွန့်၍ သာသ
နာတော်မှဒအပ တိတ္ထိတို့၏ ဘာသာဝါဒကို ယူမှားလျှင်ငှင်း,
သရဏဂုံပျက်၏၊သာမညောတို့မှာကား လိင်(၁၀)ပါးတွင်
တပါးပါးကို ကျူးလွန်လျှင် ဥဘတောသုဒ္ဓိသရဏဂုံပျက်၏၊
ဘာသာတပါးယူမှားလျှင် ဥဘတောသုဒ္ဓိသရဏဂုံ, ပကတိ
သရဏဂုံ၂-ပါးစုံပျက်၏၊ ထို့ကြောင့် သရဏဂုံ၏ ပျက်စီး
ကြောင်းကား ဗုဒ္ဓဘာသာကိုစွန့်၍ ဘာသာတပါးသို့ ပြောင်း
ရွှေ့သွားခြင်းတပါးသာရှိ၏၊ဤကား သာဝဇ္ဇဘေဒအပြစ်နှင့်
တကွ ပျက်စီးခြင်းမည်၏။

(၂) သရဏဂုံတည်သူတို့မှာ အသက်ထက်ဆုံး သံကိုလေသတရားတို့ကို မလွန်ကျူးခြင်း, သာသနာတော်၌ အပတိတ္ထိတို့၏ဘာသာဝါဒတို့ကိုမယူမှားပါသော်လည်း သေလွန်သောအခါ သရဏဂုံပျက်ရတော့သည်သာ၊ သာမဏေတို့မှာကား လူဝတ်လဲသော် ဥဘတောသုဒ္ဓိ သရဏဂုံသာပျက်၏၊ သေလွန်သော် ဥဘတောသုဒ္ဓိ သရဏဂုံ, ပကတိသရဏဂုံ ၂-ပါးစုံပျက်၏၊ ဤကား အနဝဇ္ဇဘေဒ အပြစ်မရှိပျက်စီးခြင်း မည်၏၊ ထိုပျက်စီးခြင်း ၂-ပါးတို့တွင်—

(၁) သာဝဇ္ဇဘေဒသည် အနိဋ္ဌဖလ-အလိုမရှိအပ်သော အကျိုးကိုပေးတတ်၏။

(၂) အနဝဇ္ဇဘေဒသည် ဣဋ္ဌဖလ-အလိုရှိအပ်သောအကျိုးကိုပေးတတ်၏။

[ခုဒ္ဒကပါဌ အဋ္ဌကထာ]

---

## သရဏဂုံ ၂-မျိုး

"ဒုဝိဓံ သရဏဂမနံ လောကုတ္တရံ လောကိယဉ္စ" နှင့်အညီ သရဏဂုံသည် သာမန်အားဖြင့် တမျိုးပင်ဖြစ်သော်လည်း ကိုးကွယ်အားထားသူ၏ ဒိဂရီစံချိန်ကို ခန့်မှန်းခြင်းအားဖြင့်—

(၁) လောကုတ္တရာသရဏဂုံ,

(၂) လောကီသရဏဂုံဟု ၂-မျိုးကွဲပြားရပြန်၏။

(၁) လောကုတ္တရာ သရဏဂုံဟူသည် အရိယာပုဂ္ဂိုလ်တို့၏ဆိုင်ရာမဂ်စိတ် အခိုက်အတန့် ကလေး၌ပင် သရဏဂုံ (ကိုးကွယ်ဆည်းကပ်မှု)၏အနှောင့်အရှက်ဖြစ်သော (ဒိဋ္ဌိ,

ဝိစိကိစ္ဆာ) စသောကိလေသာတို့ကို အကြွင်းမဲ့ ပယ်လိုက်ခြင်းကြောင့် ဘယ်ဘဝမှ မပျက်ပြားအောင် ယင်းအရိယာပုဂ္ဂိုလ်တို့၏သန္တာန်၌ အစဉ်ထာဝရနိုင်မြဲသွားသော နိယတသရဏဂုံ မျိုးပင်ဖြစ်၏၊ အရိယာတို့သာ ရထိုက်သောကြောင့် ယင်းလောကုတ္တရာ သရဏဂုံကိုပင် အရိယာသရဏဂုံဟု ဆိုရပြန်သည်၊ မဂ်စိတ်ကြောင့် တလုံးသော အက္ခရာကိုမှ ရွတ်ဆိုခွင့်မရ နှုတ်ဖြင့် ရွတ်ဆိုရသော သရဏဂုံမဟုတ်ပေ။

(၂) လောကီသရဏဂုံဟူသည် သူလိုကိုယ်လိုပုထုဇ္ဇန်တို့သန္တာန်၌သာ ဖြစ်ပေါ်ရသော-ရနိုင်သောကြောင့် ယင်းလောကီသရဏဂုံကိုပင် ပုထုဇ္ဇန်သရဏဂုံဟုဆိုရပြန်၏။

---

## ယင်း ၂-မျိုးအထူး

(က) အရိယာသရဏဂုံ၏ သဘောကား–

(၁) [illegible]ာန်ကိုအာရုံပြု၍ဖြစ်ပေါ်လာခြင်း,

(၂) သရဏဂုံ၏ ဆန့်ကျင်ဘက် ကိလေသာ တို့ကို အကြွင်းမဲ့ ဖြတ်တောက်ခြင်းကြောင့် ညစ်နွမ်းမှု မရှိသည့်အတွက် အသစ်စက်စက်ကဲ့သို့ ဖြစ်၍ နေခြင်း,

(၃) ဘဝပြောင်းသော်လည်း သရဏဂုံမပျက်ခြင်း,

(၄) [illegible]က်မြှက် မဆောက်တည် ရဘဲလျက် အလိုအလျောက် သရဏဂုံဆောက်တည်မှု ပြီးစီး[illegible]ဖြစ်ခြင်းဟူသော ဤဂုဏ်အင်္ဂါတို့နှင့်ခိုင်လုံစွာ ပြည့်ဝလျက်ရှိပေ၏။

(ခ) ပုထုဇ္ဇန်သရဏဂုံ၏ သဘောကား ဤကဲ့သို့နိုင်လုံသော ဂုဏ်အင်္ဂါများမရှိသေးပေ။

(၁) ရတနာသုံးပါး၏ဂုဏ်ကိုအာရုံပြု၍ဖြစ်ပေါ်ရခြင်း,

(၂) သရဏဂုံ၏အနှောက်အရှက်ဖြစ်သော ကိုယ်တွင်းကိလေသာတို့ကို အကြွင်းမဲ့မဖြတ်တောက်နိုင်ခြင်းကြောင့် မကြာမကြာ ညစ်နွမ်းသွားရခြင်း,

(၃) တဘဝထည်း၌ပင် သရဏဂုံပျက်နိုင်သဖြင့် စိတ်မချရခြင်း,

(၄) သရဏဂုံပျက်လျှင် နှုတ်မြွက်၍ဆောက်တည်ရပြန်ခြင်းဟူသော အမှတ်လက္ခဏာများသည် ပုထုဇ္ဇန်သရဏဂုံ၏ အင်္ဂါရပ်များပင်တည်း။

[မူလပဏ္ဏာသ ဘယဘေရဝ သုတ္တအဋ္ဌကထာ]

---

## သရဏဂုံတင်ကြသဘာဝ

ယခုကာလ၌ကား သီလဆောက်တည်တိုင်း သရဏဂုံကိုဆောက်တည်လေ့ရှိကြ၏၊ အမှန်မှာ ယုံကြည်လေးစားစွာတကြိမ်တခါလောက် ဆောက်တည်ထားလျှင် ယုံကြည် အားထားသောစိတ် မပျက်ပြားက ဟသက်လုံး သရဏဂုံတည်လေတော့၏၊ မဆောက်တည်ကောင်းဟုမဆိုလိုပါ၊ ရတနာသုံးပါးကိုမကိုးကွယ်လိုသည့်အခါနှင့် အသက်သေဆုံးသည့် အခါဝယ် အလိုအလျောက် သရဏဂုံပျက်တော့၏၊ ထို့ကြောင့် တစုံတယောက် သေဆုံးသည့်အခါ ရောက်ရာဘဝက သတိရလျှင် သရဏဂုံယူပါစေတော့ဟု ရည်မှန်း၍ ဗုဒ္ဓဘာသာ

များ အလောင်းကို သရဏဂုံတင်းပြုကြသည်၊ အလောင်း အတွက်မှာ သရဏဂုံတင်သော်လည်း မရတော့ပေ။

### သရဏ အတုအပ များကား

ကမ္ဘာ လောကရှိ လူမျိုး အသီးသီးအလိုက် အတွတ်အ တိပ်ပြု၍ ကိုးကွယ်အပ်သော အခြားသရဏ (ကိုးကွယ်ရာ) အမျိုးမျိုးတို့လည်း ရှိသေး၏။ငါတို့ဗုဒ္ဓ မပွင့်ပေါ်မီ ခေတ်က "အဂ္ဂိဒတ္တ"ရဟန်းယောင်၏နောက်လိုက်များ ကိုးကွယ်အပ် သော တောကြီး,တောင်ကြီး, သစ်ပင်ကြီးများ ဟိန္ဒူဗြာဟ္မဏ တို့ ကိုးကွယ်အပ်သော မဟာဗြဟ္မာ နတ်တို့နှင့် ဗုဒ္ဓပရိနိဗ္ဗာန် ပြုပြီး နောက်ခေတ် ရောက်မှ ပေါ်ပေါက် လာကြသော ခရစ်ယန်တို့ ကိုးကွယ်အပ်သော ဂေါ့(ဒ်), ပါရှင်ဘာသာ တို့ ကိုးကွယ်အပ်သော ခိုဒါ, အာရဘီ ဘာသာတို့ ကိုးကွယ် အပ်သော အလ္လာ အစရှိသည် ကမ္ဘာ့ပြု ဘုရားသခင်တို့ ပင်တည်း။

ဤဖော်ပြထားသောအရာဝတ္ထုတို့ကိုလည်း ဆိုင်ရာလူမျိုး အသီးသီးတို့က သူတို့၏ အမြင်အားဖြင့် ကိုးကွယ်ရာဟု ထင် မှတ်လျက် ရှိသောကြောင့် သရဏ (ကိုးကွယ်ရာ) ဟူ၍ပင် ဆိုရ၏၊သို့သော်လည်း သရဏအစစ်ဟူ၍ကား မဆိုထိုက်ပေ၊ အဘယ်ကြောင့်ဆိုသော် အားထားရာဟု ယုံစားလျက်အများ ၏ ကိုးကွယ်အားထားမှုကို ခံယူရသော်လည်း ယင်းသရဏ တို့သည် အများ ယုံစားသည့် အတိုင်း တကယ် အားထား လောက်သော သရဏ (ကိုးကွယ်ရာ) များ မဟုတ်သော ကြောင့်ပင် ဖြစ်လေသည်။

ဥပမာ အားဖြင့်ဆိုသော် အကူအညီ မပေးနိုင်သော သာမန် လူတယောက်ကို တကယ့် လူတူးလူမြတ် ထင်ပြီး အရေးရှိက ကယ်မ-လိမ့်မည်ဟု အားထား သော်လည်း အရေးကိစ္စ ပေါ်လာသည့် အခါ၌ ယင်းလူသာမန်သည် မူလကပင် ကယ်မ—နိုင်သော အရည်အချင်း ပြည့်ဝသူ မဟုတ်သောကြောင့် အားထားသူ မျှော်လင့်သည့် အတိုင်း အားထားရာအစစ် မဖြစ်နိုင် သကဲ့သို့တည်း။

## ပစ္စုပ္ပန်ကျိုးအတွက်မှာ မကန့်ကွက်ပါ

ဒိဝါစ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာဟိ နေ ရက္ခထ အပ္ပမတ္တာ။
[ရတနသုတ်-ပါဠိတော်]

ယေ၊ အကြင်လူ အပေါင်းတို့သည်။ ဒိဝါစ၊ နေ့အခါ၌ ၎င်း။ ရတ္တောစ၊ ညဉ့်အခါ၌၎င်း။ ဗလိံ၊ ဗလိနတ်စာ ပူဇော်သက္ကာကို။ ဟရန္တိ၊ ဆောင်ယူ ပူဇော်ကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ (တုမှေ)၊သင်နတ်အပေါင်းတို့သည်။အပ္ပမတ္တာ၊ မမေ့မလျော့ကြ ကုန်သည်ဖြစ်၍။ နေ၊ ထိုသူတို့ကို။ ရက္ခထ၊ စောင့်ရှောက်ကြကုန်လော့။

ဤသို့လျှင် ရတနသုတ် တော်တွင် ဟောတော် မူသည်တချက်,တိုင်းပြည်,မြို့,ရွာစောင့် နတ်တို့ကို အစဉ်အလာ မပျက်ရအောင် ကိုးကွယ်ခြင်းကြောင့် အကျိုးစီးပွါး မဆုတ်ယုတ်နိုင်သော "အပရိဟာနိယဓမ္မ" တပါးဖြစ်ကြောင်းကို မဟာပရိနိဗ္ဗာန သုတ်၌ ဟောတော် မူသည် တချက်၊ဤသို့ စသည် အားဖြင့် သုတ္တန် အရပ်ရပ်တို့၌ ချီးမွမ်းတော်မူ၏။

ထိုသော် သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်တို့နှင့်ပြည့်စုံကြပေကုန်၏ဟု ဒက္ခိဏေယျ၊ အနေနှင့် မကိုးကွယ်အပ်၊ ကံကို လုံးဝယုတ်၍လည်း ထိုနတ်တို့ကသာ ကောင်းကျိုး, မကောင်းကျိုးကို ပေးနိုင်သည်ဟူသော အနေနှင့် မကိုးကွယ်အပ် မှတ်လေ။

ဥပမာ အားဖြင့် အနာရောဂါ မကပ်ရောက် ပါစေခြင်း အကျိုးငှါ ဆေးဆရာကြီးများကို ကိုးကွယ်ကြရသကဲ့သို့၎င်း, ဥစ္စာပစ္စည်း တိုးပွါးစေခြင်း အကျိုးငှါ သူဌေး သူကြွယ်ကြီးများကို ကိုးကွယ်ကြရသကဲ့သို့၎င်း, ခပ်သိမ်း ကိစ္စ အဝဝတို့ အကျိုးငှါ မင်းစိုး ရာဇာ တို့ကို ကိုးကွယ် ကြရ သကဲ့သို့၎င်း ဤကဲ့သို့ ကိုးကွယ်သည်သာ ဖြစ်စေရာ၏။

> [**မှတ်ချက်**] ဘေးကို ကြောက်ခြင်း, လာဘ်ကိုလိုခြင်း,မိရိုးဖလာ ဓမ္မတာ ဖြစ်ခြင်း ဤသုံးပါးအတွက်သာ ကိုးကွယ်ရသည် ဟူလို။

ထို့ကြောင့် သရဏဂုံသည် သာသနာတော်တွင်း သက်ဝင်ခြင်းအစဖြစ်၏၊ သက်ဝင်ခြင်းမည်သည်ကား ဝဋ်ဆင်းရဲတို့မှ ထွက်မြောက်ထုတ်ဆောင်ခြင်းအကျိုးငှါဖြစ်၏၊ ထိုသို့ဖြစ်ခြင်းသည်လည်း အရိယာမဂ်ကို ထိုးထွင်း၍ သိခြင်းဖြင့်သာ ဖြစ်၏၊ ထို့ကြောင့် ထိုးထွင်း၍သိခြင်းအဘို့ရှိသော နိဗ္ဗေဓဘာဂိယဖြစ်သော သရဏဂုံ, သီလကို ခံယူဆောက်တည်ခြင်း, သာမဏေပြုခြင်း, ပဉ္စင်းခံခြင်း, စတုပါရိသုဒ္ဓိသီလကို ဖြည့်ခြင်း, သမထအလုပ်ကို အားထုတ်ခြင်း, ဝိပဿနာကို ရှုမှတ်ပွားများခြင်းသည်သာလျှင်သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပတ္တိအကျင့်ဖြစ်သည်၊ ၎င်းအကျင့်ရှိသောပုထုဇ္ဇန်

ပုဂ္ဂိုလ်တို့သည်လည်း ကလျာဏ ပုထုဇ္ဇနပုဂ္ဂိုလ်တို့ချည်း ပင်ဟူ၍မှတ်ရာ၏။

[ဒက္ခိဏာဝိဘင် သုတ္တဋီကာ]

## ဥပါသကာဖြစ်ရ သဘာဝကို ပြခြင်း

ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။

ဝက္ကလိ၊ ချစ်သားဝက္ကလိ။ ယောခေါ၊ အကြင်သူသည်။ ဓမ္မံ၊ ငါဘုရား၏ဂုဏ်ကျေးဇူးတော် အစရှိသော သဘောတရား အပေါင်းကို။ ပဿတိ၊ ကောင်းစွာစစ်မြင်ခဲ့သည်ဖြစ်အံ့။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်သောသူမည်ပေ၏။

ဤသို့ ဝက္ကလိအား ရှင်တော်ဘုရားက ရွှေဗျာကျူးဟိတ် ဗျာဒိတ်စကား ထားတော်မူသည်နှင့်ညီစွာ အလိုတော်ကျ သရဏဂုံတည်ရှိရသော သူတော်ကောင်းသည် ဒါယကာ၏ အဖြစ်မှလွန်မြောက်၍ ဥပါသကာဘုံ၌ တည်ရလေ၏၊ ဥပါ သကာဟူသောအမည်ကိုရလျှင် ကလျာဏပုထုဇ္ဇန် ဟူသော အမည်, သောတာပတ္တိဖလ သစ္ဆိကိရိယ ပုဂ္ဂိုလ်ဟူသော အမည်, စူဠသောတာပန်ဟူသောအမည်, အရိယဒဿာဝီ ဟူသောအမည်, သပ္ပုရိသဒဿာဝီဟူသောအမည်, သာသနိ ကဟူသောအမည် ဤသို့သောဘွဲ့ထူးတို့ကို ဆွတ်ခူးပန်ဆင်ရ လေတော့၏။

## ဥပါသကာ ၂-မျိုး

ဤသို့ဗျာဒိတ်အထူးကို ခံရသောဥပါသကာသည်လည်း—
(၁) စဏ္ဍာလ ဥပါသကာ,
(၂) ပဒုမ ဥပါသကာ—
ဟူ၍ နှစ်မျိုးခွဲ၍ ကွဲပြားရပြန်၏။

## စဏ္ဍာလဥပါသကာ၏အင်္ဂါငါးပါး

(၁) အသဒ္ဓ-ရတနာသုံးပါးတို့၏ဂုဏ်ကို ကောင်းစွာ မယုံကြည်ခြင်း,
(၂) ဒုဿီလ-သီလမရှိခြင်း,
(၃) ကောတုဟလမင်္ဂလိက-ဝေဒင်,ယတြာ, အမြင်, အကြား,အတွေ့စသော ဒိဋ္ဌ, သုတ, မုတမင်္ဂလာကိုယုံကြည်ခြင်း,
(၄) နကမ္မပစ္စ-ကံကိုမယုံကြည်ခြင်း,
(၅) ဗဟိဒ္ဓဒက္ခိဏေယျ-သာသနာတော်မှအပ ဗာဟိရတိတ္ထိတို့ကို ကိုးကွယ်ဆည်းကပ်ခြင်း—

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော ဥပါသကာသည်ဥပါသက စဏ္ဍာလ- ကြမ်းကြုတ်သောဥပါသကာဟူ၍၎င်း, ဥပါသက မလ-ညစ်နွမ်းသော ဥပါသကာဟူ၍၎င်း, ဥပါသကပတိကိဋ္ဌ-စက်ဆုပ်အပ်သော ဥပါသကာဟူ၍၎င်း ခေါ်ဆိုအပ်မှတ် အပ်၏။

[အင်္ဂုတ္တရပါဠိတော်]

[မှတ်ချက်] ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသောဥပါသကာကို ရှင်တော်ဘုရားအလိုတော်မရှိအပ်။

---

## ပဒုမဥပါသကာ၏အင်္ဂါငါးပါး

(၁) သဒ္ဓ-ရတနာသုံးပါးတို့၏ဂုဏ်ကိုယုံကြည်ခြင်း,
(၂) သီလဝါ-သီလနှင့်ပြည့်စုံခြင်း,
(၃) အကောတုဟလမင်္ဂလိက- ဝေဒင်, ယတြာ, အမြင်,အကြား, အတွေ့စသောဒိဋ္ဌ, သုတ, မုတမင်္ဂလာကိုမယုံကြည်ခြင်း,

(၄) ကမ္မပစ္စ-ကံကိုယုံကြည်ခြင်း,
(၅) နဇဟိဒ္ဓဒက္ခိဏေယျ- သာသနာတော်မှအပ ဗာ
ဟိရတိတ္ထိတို့ကို မကိုးကွယ်,မဆည်းကပ်ခြင်း,

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောဥပါသကာသည် ဥပါသက
ရတန-နှစ်သက်ဘွယ်သောဥပါသကာဟူ၍၎င်း၊ ဥပါသကပဒု
မ-ကြာပဒုမာ* နှင့်တူသော ဥပါသကာဟူ၍၎င်း၊ ဥပါသက
ပုဏ္ဍရိက - ပုဏ္ဍရိက်ကြာနှင့်တူသော ဥပါသကာဟူ၍၎င်း
ခေါ်ဆိုအပ် မှတ်အပ်၏၊ [အင်္ဂုတ္တရ ပါဠိတော်]

[မှတ်ချက်] ဤအင်္ဂါငါးပါးတို့နှင့်ပြည့်စုံသော ဥပါသကာ
ကိုသာ သျှင် ရှင်တော်ဘုရား ချီးမွမ်းအလိုရှိ
တော်မူ၏။

---

## ဥပါသကာ ဂုဏ်ငါးပါး

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော ဥပါသကာသည် (၁)ဥပါ
သကာ, (၂) ဥပါသကာသီလ, (၃) ဥပါသကာအာဇီဝ,
(၄)ဥပါသကာသမ္ပတ္တိ,(၅)ဥပါသကာဝိပ္ပတ္တိ-ဤဥပါသကာ
ဂုဏ်ငါးဖြာ၌ လိမ္မာစေရာ၏။

ထင်ရှားစေအံ့—

(၁) ဥပါသကာသည် ပြအပ်ခဲ့ပြီးသော သရဏ သဘာဝ
ခုနစ်ပါးတို့တွင် သရဏ,၊ သရဏ ဂမန, သရဏဂစ္ဆ,
သရဏ ဂမန ပဘေဒ- ဤအင်္ဂါလေးပါးတို့နှင့်ပြည်စုံစေရာ
၏။

---

*ကြာဖြူ,ကြာနီ တို့တွင် ပွင့်ချပ်တရာပြည့်က "ပဒုမ္မာ" မပြည့်
က "ပုဏ္ဍရိက်" ခေါ်၏။

(၂) ဥပါသကာသီလသည် သရဏဂုံတည်ပြီးသည်ဖြစ်၍ သရဏသံကိလေသကို ပယ်ခြင်း, သာဝဇ္ဇဘေဒကို ပယ်ခြင်း နှစ်ပါးစုံတို့နှင့်ပြည့်စုံစွာ သီလကို မြဲစေရာ၏။

(၃) ဥပါသကာအာဇီဝသည် ထိုသရဏဂုံသီလတို့၌ တည်လျက် (၁) သတ္တဝါဏိဇ္ဇာ- လူကို ရောင်းဝယ်ခြင်း, (၂)သတ္ထဝါဏိဇ္ဇာ-လက်နက်ကိုရောင်းဝယ်ခြင်း, (၃) ဝိသဝါဏိဇ္ဇာ-အဆိပ်ကိုရောင်းဝယ်ခြင်း, (၄) မဇ္ဇဝါဏိဇ္ဇာ- ခသရည် အရက် မူးမေ့စေတတ်သော ဘိန်း,ဘင်း,ကဇော်အစရှိသော ဝတ္ထုတို့ကိုရောင်းဝယ်ခြင်း, (၅) မံသဝါဏိဇ္ဇာ-သားကိုသတ်၍ရောင်းဝယ်ခြင်း- ဤကုန်ငါးပါးတို့ကို မသွယ်မူ၍ အသက်မွေးစင်ကြယ်စေရာ၏။

[အကျဉ်း] သတ္တ,သတ္ထ၊ဝိ,မဇ္ဇ၊ မံသ ကုန်ငါးမျိုး။

[အင်္ဂုတ္တိုရ်]

[မှတ်ချက်] ဥပါသကာသီလ,ဥပါသကာအာဇီဝကိုသရဏအသံကိလေသ, သရဏ အဘေဒ ၂-ပါးတို့ဖြင့်ရအပ်၏။

(၄) ဥပါသကာသမ္ပတ္တိသည် သရဏဂုံတည်ခြင်း,သီလမြဲခြင်း,အသက်မွေး စင်ကြယ်ခြင်းတို့နှင့် ပြည့်စုံစေရာ၏။

[မှတ်ချက်] ဤသမ္ပတ္တိကို သံကိလေသ သာဝဇ္ဇဘေဒကိုကြည့်၍ ၆-ပါးလုံးဖြင့် ရအပ်၏။

(၅) ဥပါသကာဝိပ္ပတ္တိ ဟူသည် ဥပါသကာ ဥပါသကာသီလ,ဥပါသကာအာဇီဝ,ဥပါသကာသမ္ပတ္တိ လေးပါးတို့တွင် တပါးပါး ချို့ယွင်းပျက်စီးခြင်းကိုဆို၏။

[မှတ်ချက်] ဤဝိပ္ပတ္တိကိုသံကိလေသ သာဝဇ္ဇဘေဒ တို့ဖြင့် ပြအပ်၏။

သရဏဂုံကိုပြဆိုရာ အခန်း ပြီး၏။

# ၂။ သီလကိုပြဆိုရာအခန်း

ဓနံ စဇေ အင်္ဂံ ရက္ခံ၊ အင်္ဂံ စဇေယျ ဇီဝိတံ။
သဗ္ဗမ္ပိ ရက္ခမာနော တု၊ သဗ္ဗံ စဇေယျ ပဏ္ဍိတော။ ။
[ပါဠိဇာတ် ပါဠိတော်]

(သာဓဝေါ)၊ သီလ သာမာ ဓိပညာဟု သုံးဖြာသုံးရပ် သာသနာတော်မြတ်ကို ကျင့်ကြံလိုက်စား အို-သူတော်ကောင်းများတို့။ အင်္ဂံ၊ မျက်စိ,နားရွက်,ခြေ,လက်စသား ကိုယ်တွင်းရှိသောအင်္ဂါများကို။ ရက္ခံ၊ ရောဂါစသည့်တို့အတွက် မပျက်စီးရအောင် စောင့်ရှောက်လိုသောသူသည်။ ဓနံ၊ ရွှေ,ငွေရတနာဥစ္စာစီးပွား အပပစ္စည်းများကို။ စဇေ၊ ပျောက်မည်ပကတိ အမှန်သိက နည်းများသဘော နှစ်မြောမဘက် ရက်ရက်ရဲရဲကြီး ပေးစွန့်ရာ၏။ ဇီဝိတံ၊ ဖြဲလှစွာ အသက်ခန္ဓာကို။ ရက္ခံ၊ အင်္ဂါခြေလက် စသည်တို့အတွက် မပျက်စီးရအောင် စောင့်ရှောက်လိုသောသူသည်။ အင်္ဂံ၊ မျက်စိ, နားရွက်,ခြေ,လက်စသား အသေးစိတ်အင်္ဂါများကို။ စဇေ၊ အလှပျက်မည် စိတ်မရည်ဘဲရက်ရဲစွာဖြတ်တောက်စွန့်ပယ်ရာ၏။ တု၊ ထိုမှတပါး။ သဗ္ဗမ္ပိ၊ သူတော်တရား အစစ်များကို။ ရက္ခမာနော၊ ပစ္စည်းအင်္ဂါ အသက်ခန္ဓာအတွက် မပျက်ရအောင် စောင့်ရှောက်လိုသော။ပဏ္ဍိတော၊ကျိုးကြောင်းမြင်သိ ပညာရှိသူတော်ကောင်းသည်။ သဗ္ဗံ၊ အလုံးစုံသော ပစ္စည်းအင်္ဂါ အသက်ခန္ဓာစုကို။ စဇေယျ၊ နှစ်မြောမဘက် သဘောနက်ဖြင့် ရက်ရက်ရောရောကြီး ပယ်စွန့်နိုင်ရာသတည်း။

## သီလခေါ်တွင် ဝိရတီပင်

ဤ သီလဟူသည် စောင့်ထိန်းခြင်းပင်တည်း၊ ထိုစောင့်ထိန်းမှုသီလသည်လည်း (၁) ပဟာနသီလ,(၂) ဝေရမဏီသီလ, (၃) စေတနာသီလ, (၄) သံဝရ သီလ, (၅) အဝီတိက္ကမ သီလ ဟူ၍ အရာအားလျော်စွာ ငါးမျိုးပြားလေသည်၊ ထိုမှတပါး "ပရိယန္တသီလ, အပရိယန္တသီလ" စသည်ဖြင့် ပဋိသမ္ဘိဒါမဂ်၌ ဟောထားသော သီလများလည်းရှိသေး၏၊အယုတ်ဆုံးအားဖြင့်ယင်းပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ပင် "ပါဏာတိပါတံ သံဝရဋ္ဌေန သီလံ" စသည်ဖြင့် အကုသိုလ်ပထိုက်ကို သီလအမည်ဖြင့် ဟောထားသောအရာလည်း ရှိပေသည်။

ဤသို့မျိုး အရာအားလျော်စွာ ဟောထားအပ်သော သီလအမျိုးအစား များပါသော်လည်း လောဘ, ဒေါသ, မောဟဟူသော ကိလေသာတရားဆိုးများကို နှိပ်နင်းသတ်ဖြတ်ရန်-

(၁) သီလသိက္ခာ,
(၂) သမာဓိသိက္ခာ,
(၃) ပညာသိက္ခာ ဟု လက်နက်သုံးမျိုးရှိသည်အနက် သီလသိက္ခာအားဖြင့် မုချတိုက်ရိုက်ကျင့်ရအပ်သောသီလသည်ကား ဝိရတီစေတသိက်ပင်တည်း။

[သမ္မောဟဝိနောဒနီ အဋ္ဌကထာ]

---

## ဝိရတီ၏တရားကိုယ်

ဤသီလဟူသည်မှာ ဝိရတီဖြစ်ကြောင်းကား ထင်ရှားပြီ၊ သို့ဖြစ်လျှင် သီလအဖြစ်ဖြင့် ချကောက်ယူအပ်သော

ထိုဝိရတီတို့သည် တရားကိုယ်အားဖြင့် အဘယ်တရားပါ နည်းဟူမူကား—

(၁) သမ္မာဝါစာ-ကောင်းစွာပြောဆိုမှု,
(၂) သမ္မာကမ္မန္တ-ကောင်းစွာပြုလုပ်မှု,
(၃) သမ္မာအာဇီဝ-ကောင်းစွာအသက်မွေးမှု

ဤဝိရတီ စေတသိက် သုံးမျိုးပင်တည်း။

ချဲ့၍ပြဦးအံ့၊ ဤဝိရတီသုံးမျိုးရှိသည်အနက်—

(က) သမ္မာဝါစာ ဟူရာ၌—
(၁) မုသာဝါဒ-လိမ်လည်လှည့်စားခြင်း,
(၂) ဖရုသဝါစာ-ဆဲရေးတိုင်းထွာခြင်း,
(၃) ပိသုဏာဝါစာ-ကုန်းတိုက်ခြေထိုးခြင်း,
(၄) သမ္ဖပ္ပလာပဝါစာ-အဖျင်း, အချော်,အရော်, အရှက် ပြောဆိုခြင်း-

ဟုဆိုအပ်သောဤဝစီဒုစရိုက် ၄-မျိုးမှရှောင်လျှင်“သမ္မာ ဝါစာ”-အကောင်းပြောဖြစ်၏။

(ခ) သမ္မာကမ္မန္တ ဟူရာ၌—
(၁) ပါဏာတိပါတ-သူ့အသက်ကိုသတ်ဖြတ်ခြင်း,
(၂) အဒိန္နာဒါန-သူတပါးပိုင်ဥစ္စာကို ခိုးယူ,တိုက်ခိုက် ခြင်း,
(၃) ကာမေသုမိစ္ဆာစာရ- သူ့သားမယား, သူ့လင် သားနှင့်, သူတပါး၏ သားပျို, သမီးပျိုများကို အပျော်လိုက် ဖျက်ဆီးခြင်းဟု ဆိုအပ်သော ဤ ကာယ ဒုစရိုက်သုံးမျိုးမှရှောင်လျှင် သမ္မာကမ္မန္တ- အကောင်းပြု ဖြစ်၏။

(ဂ) သမ္မာအာဇီဝ-ဟူရာ၌ အသက်မွေးမှုနှင့်သက်ဆိုင်သော ထိုဝစီဒုစရိုက် ၄-မျိုး, ကာယဒုစရိုက် ၃-မျိုး, မှားသောကုန်သွယ်ခြင်း ၅-မျိုးမှရှောင်ရှား၍ ကောင်းရောင်း, ကောင်းဝယ်, ကုန်သွယ်, လယ်လုပ်ခြင်း-စသည်ဖြင့် အသက်မွေးခဲ့လျှင် သမ္မာအာဇီဝ- အသက်မွေးကောင်း ဖြစ်၏။

၎င်းသမ္မာအာဇီဝသည်ကား-သမ္မာဝါစာ, သမ္မာကမ္မန္တ တို့မှ အသီးအခြားမရှိပေ၊ သမ္မာဝါစာ, သမ္မာကမ္မန္တတို့ကိုယူလျှင် ယင်း ၂-မျိုး၌ ပါဝင်ပြီးဖြစ်သော သမ္မာအာဇီဝသည်လည်း အလိုအလျောက် ယူပြီးဖြစ်တော့၏၊ အဘယ့်ကြောင့်ဆိုသော် အသက်မွေးမှုနှင့် ဆိုင်သော "ကာယဒုစရိတာဝိရတိ, ဝစီဒုစရိတ ဝိရတိ" တို့သည်ပင် "သမ္မာအာဇီဝ" ဖြစ်ခြင်း ဝိရတိမှန်ကလည်း မနောဒုစရိုက်မှ ရှောင်ကြဉ်မှုမဖြစ်နိုင်ခြင်း-စသည်တို့ကြောင့်ပင်တည်း။

[မဇ္ဈိမ်ဋီ အဋ္ဌကထာဝိတ္ထာရပ္ပဒါဒကဏ္ဍ-လောကုတ္တရာ ကုသိုလ်အဖွင့်စသည်…]

---

## သမ္မာအာဇီဝ ၂-မျိုး

ထင်ရှားစေဦးအံ့၊ ဝစီဒုစရိုက်သည်လည်း—

(၁) အသက်မွေးမှုနှင့်ဆိုင်သော ဝစီဒုစရိုက်,

(၂) အသက်မွေးမှုနှင့်မဆိုင်သောဝစီဒုစရိုက်ဟု ၂-မျိုး ရှိ၏၊

ထို ၂-မျိုးတို့တွင်(၁)နံပါတ် ဥပမာမှာ ဈေးသည်တို့၏ မတရားအမြတ်စားလိုမှုအတွက် တဖက်သား အကျိုးဆုတ်ယုတ်လောက်အောင်လိမ်လည်ပြောဆိုရခြင်းမျိုး, တရားလို,

တရားခံတို့၏အနိုင်ရရေးအတွက်နှစ်ဘက်သော ရှေ့နေ,ဝတ်လုံ တို့၏ လိမ်လည် ပြောပေးရခြင်းမျိုး-စသည်တို့သည် အသက် မွေးမှုနှင့်ဆိုင်သော ဝစီဒုစရိုက်များဖြစ်၏။

ထိုသို့ဖြစ်ရာ ၎င်းဈေးသည်စသည်တို့က "ငါသည်တော်၍ သေသော်လည်း သေပါစေ-ဤလိုမုသားမျိုးကိုမူကား မသုံး တော့ပြီ"ဟု စိတ်ပိုင်းဖြတ်လျက် ယင်းအသက်မွေးမှုနှင့် ဆိုင်သော မုသာဝါဒမှရှောင်လျှင် ထိုအခါမျိုး၌ဖြစ်ပေါ်သော အာဇီဝသည် သမ္မာဝါစာဇီဝဖြစ်၏၊ သို့မဟုတ် အသက် မွေးမှုနှင့်မဆိုင်သော အခြားမုသာဝါဒမျိုးမှ ရှောင်ကြဉ်ရာ၌ မူကား-ရိုးရိုး"သမ္မာဝါစာ ဝိရတီ"သာဖြစ်၏။

ထိုမှတပါးလည်း မုဆိုး, တံငါ-စသည်များ၏ သူ့အသက် သတ်မှု ခိုးသား, ဓားပြစသည်များ၏ ခိုးယူ, တိုက်ခိုက်မှုတို့ သည်ကား အသက်မွေးမှုနှင့်ဆိုင်သော "ကာယဒုစရိုက်" များဖြစ်ကြ၏၊ ထိုကာယဒုစရိုက်မှုမျိုးမှ ရှောင်ကြဉ်ရာ၌ ဖြစ်ပေါ်လာသော အာဇီဝသည်ကား- "သမ္မာကမ္မန္တာ ဇီဝ"သာတည်း၊ သို့မဟုတ်-အသက်မွေးမှုနှင့် မဆိုင်သော အခြားကာယဒုစရိုက်မှ ရှောင်ကြဉ်ရာ၌ကား- ရိုးရိုး"သမ္မာ ကမ္မန္တ ဝိရတီ"သာဖြစ်၏။

ဤသို့အားဖြင့် အသက်မွေးမှုနှင့်ဆိုင်သော "ဝိရမိတဗ္ဗ ဝတ္ထု"ဖြစ်သည့်-ကာယဒုစရိုက်,ဝစီဒုစရိုက် ၂မျိုးသို့လိုက်၍ ကောင်းရောင်း,ကောင်းဝယ်,ကုန်သွယ်, လယ်လုပ်ခြင်းစသော သမ္မာအာဇီဝဝိရတီသည်လည်း—

(၁) သမ္မာကမ္မန္တာဇီဝ- အကောင်းပြု-ပြု၍ အသက် မွေးခြင်း,

(၂) သမ္မာဝါစာဇီဝ- အကောင်းပြော-ပြော၍ အသက်မွေးခြင်း,

ဟုအငြင်းအရာအားဖြင့် ၂-မျိုးရှိရပြန်လေ၏၊ထိုကြောင့်—

(၁) သမ္မာဇီဝ-မှန်ကန်သော အသက်မွေးမှု,

(၂) မိစ္ဆာဇီဝ- မှောက်မှားသော အသက်မွေးမှုတို့ ဟူသည်မှာ ကိုယ်မှု,နှုတ်မှုတို့၏ အရာသာဖြစ်၏၊ စိတ်မှု မနောကံ၏ အရာမဟုတ်ဟု ခွဲခြားမှတ်သားရာ၏။

[မှတ်ချက်] မနောကံများကို သီလအရာထား၍ မဆောက်တည်ရဟူလို။ [ဋင်းအဋ္ဌကထာ]

---

## ရန်သူသုံးစားနှင့် လက်နက်သုံးပါး

လောက၏ ဆင်းရဲအမျိုးမျိုးမှဋင်း, အပါယ်ဆင်းရဲအမျိုးမျိုးမှဋင်း မလွတ်မြောက်နိုင်အောင် သတ္တဝါတို့၏ သန္တာန်၌ ဘဝ အဆက်ဆက် လွှမ်းမိုးနှိပ်စက် မင်းမူလျက် ရှိသော လောဘ- လိုချင်တပ်မက်မှု, ဒေါသ- ကြမ်းတမ်း ခက်ထန်မှု, မောဟ-အမှန် အတိုင်း မသိမှု- အစရှိသော ကိလေသာတို့သည်—

(၁) ဝီတိက္ကမကိလေသာ-ကိုယ်မှု,နှုတ်မှု သောင်းကျန်းခြင်း,

(၂) ပရိယုဋ္ဌာန ကိလေသာ- စိတ်မှု သောင်းကျန်းခြင်း,

(၃) အနုသယ ကိလေသာ- သောင်းကျန်း ဘို့ရန်မျိုးစေ့ အငနေနှင့် အသင့် ရှိနေခြင်း,

ဤသို့အားဖြင့်သုံးမျိုးသုံးစား ကွဲပြားလျက်ရှိသောကြောင့် ထို ကိလေသာ သုံးမျိုးကို သတ်ဖြတ်ဘို့ရန်အတွက် လက်နက်ကလည်း—

(၁) သီလ သိက္ခာ- ကိုယ်မှု, နှုတ်မှု စောင့်ထိန်းရေးကျင့်စဉ်,

(၂) သမာဓိ သိက္ခာ-စိတ်ထား တည်တံ့ ခိုင်မြဲရေး ကျင့်စဉ်,

(၃) ပညာ သိက္ခာ- ရုပ်,နာမ် သဘာဝကိုခွဲခြားသိမြင်ရေး ကျင့်စဉ် ဟူ၍ သုံးမျိုးသုံးစားပင် ရှိ၍ပြန်လေ၏။

ဤသို့လျှင် သောင်းကျန်းမှု ကိလေသာကို နှိမ်နင်းရန်လက်နက်သဖွယ်ဖြစ်သော ကျင့်စဉ်သုံးမျိုး ရှိရာတွင်—

(၁) ကိုယ်မှု,နှုတ်မှုသောင်းကျန်းခြင်းကိုသီလလက်နက်ဖြင့် နှိမ်နင်းရမည်ဖြစ်၏။

(၂) စိတ်မှု သောင်းကျန်း ခြင်းကိုမူ သမာဓိလက်နက်ဖြင့် နှိမ်နင်းရမည် ဖြစ်၏။

(၃) အနုသယ(မျိုးစေ့) ကိလေသာကို မူကား ပညာလက်နက်ဖြင့် နှိမ်နင်းရ မည်သာဖြစ်၏။

---

## အာရတီနှင့်ဝိရတီ

(၁) အာရတီ ဟူသည် မကောင်းမှု၌ အပြစ်ကိုရှုလေ့ရှိသောပုဂ္ဂိုလ်၏ စိတ်ဖြင့်သာလျှင် မနောဒွါရမှ ရှောင်ကြဉ် ခြင်းသည် အာရတီမည်၏။

(၂) ဝိရတိ ဟူသည်ကား ကမ္မဒွါရ၏ အစွမ်းအားဖြင့် ကိုယ်မှု သောင်းကျန်းခြင်း,နှုတ်မှုသောင်းကျန်းခြင်း မှ ရှောင်ကြဉ်ခြင်းသည် ဝိရတိမည်၏။

ဤသုတ္တ နိပါတ် အဋ္ဌကထာ၏ အလိုအားဖြင့်—

(၁) အာဇီဝအရ စိတ်မှုသောင်းကျန်းခြင်းမှရှောင်ကြဉ် မှုပင်ဖြစ်၍-

(၂) ဝိရတိအရ ကိုယ်မှု, နှုတ်မှု, သောင်းကျန်းခြင်းတို့ မှ ရှောင်ကြဉ် မှုပင် ဖြစ်သည်ဟု ဆိုလိုရင်းပေ တည်း။ [သုတ္တနိပါတအဋ္ဌကထာ]

[ဆောင်] (၁) လွှင်ကြူး,ထကြွ၊နှသယ၊သုံးဝကိလေသာ။
(၂) သီလ,သမာဓိပညာ၊ သတ်ရာသုံးသိက္ခာ။
(၃) သဗ္ဗညုတ၊ ဘ်သဏ္ဍ၊ မှတ်ကြ ဆေးဆရာ။
(၄) အနာနှင့်ဆေး၊ လျော်ရာပေး၊ ပျောက်ရေး ဝေဒနာ။
(၅) လိုရင်းပဓာန၊ထုတ်ဖော်ပြ၊သိကြသေအချာ။

---

## သီလ သိက္ခာ အပြာပြာ

ဤသီလ ဟူရာ၌ (၁)ငါးပါးသီလ, (၂)အာဇီဝဋ္ဌမက သီလ, (၃)ရှစ်ပါးသီလ, ကိုးပါးသီလ စသည်တို့ပင်ဖြစ်၏၊ ထိုသီလ သုံးမျိုးတို့အနက် (၁)နံပါတ်အရ ငါးပါးသီလနှင့် (၂)နံပါတ်အရ အာဇီဝဋ္ဌမကသီလတို့သည် လူများအမြဲ ဆောက်တည် စောင့်သုံးရသော "နိစ္စသီလ" များ ဖြစ်၏၊ (၃)နံပါတ်အရ ရှစ်ပါးသီလ, ကိုးပါးသီလ စသည်တို့ကား အခါအားလျော်စွာ ဆောက်တည်စောင့်သုံးလျက် ရှိကြသော "ဥပေါသထသီလ"များ ဖြစ်ကြ၏၊ ဤ၌ အမြဲဆောက်တည်

ထိန်းသိမ်း ရသော ငါးပါးသီလ, အာဇီဝဋ္ဌမက သီလတို့ကို ထောက်၍ ရှစ်ပါးသီလ စသည်တို့ကို ရံဖန်ရံခါ မှသာ ဆောက်တည် စောင့်သုံးရသော သီလဟူ၍ အများနားလည် နေကြ၏၊ သို့သော် ကဿပဘုရား လက်ထက်တော် အခါက အသက်ထက်ဆုံး အပျိုကြီးလုပ်ကာ ဥပုသ်သီလ၌သာ မွေ့ လျော်ကြသော "ဝိသာခါအလောင်း"စသော ကိကီမင်းကြီး သမီးတော်များကဲ့သို့ "ရှစ်ပါးသီလ"စသည်ကိုပင် နိစ္စသီလ ပြု၍ ဆောက်တည် စောင့်သုံး နိုင်လျှင်လည်း ပို၍ကုသိုလ်ပွား များမည် ဖြစ်သောကြောင့် ဆောက်တည်ကောင်းသည် ဟူ၍ ပင် မှတ်အပ်၏။

[အမှာ] သီလဆောက်တည်ပုံ အစီအစဉ်ကိုပြရာ၌ ထူးသည် ကိုသာ ပြသွားမည်ဖြစ်၏။

## ဗမာလို ကန်တော့ရန်

ဩကာသ,ဩကာသ,ဩကာသ ကာယကံ,ဝစီကံ,မနောကံ တည်းဟူသော သုံးပါးသောကံတို့တွင် တပါးပါးသောကံဖြင့် ပြစ်မှားမိသည် ရှိသော် ပျောက်ပါစေခြင်း အကျိုးငှါ ပဌမ, ဒုတိယ, တတိယ တကြိမ်, နှစ်ကြိမ်, သုံးကြိမ် မြောက်အောင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ တည်းဟူသော ရတနာမြတ် သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုး ပူဇော် ဖူးမျှော် မာန်လျှော့ ကန်တော့ ပါ၏ အရှင်ဘုရား....။

ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အပါယ် လေးပါး,ကပ်သုံးပါး,ရပ်ပြစ်ရှစ်ပါး,ရန်သူမျိုးငါးပါး, ဝိပတ္တိ တရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်း

လွတ် ငြိမ်းသည်ဖြစ်၍ ရှာန်တရား, မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို (ချမ်းသာသောအကျင့် လွယ်သော အသိဉာဏ်ဖြင့်) လျင်မြန်စွာ ရပါလို၏အရှင်ဘုရား။

---

## ၁က်ဆစ် အဓိပ္ပါယ်

ဩကာသ-ဟူသည် ပါဠိစကား မာလို "တည်ရာ" ဟု ရ၏၊ "ရှိခိုးပူဇော်ခြင်းတို့၏ တည်ရာဖြစ်တော်မူသော အရှင် မြတ် ဘုရား" ဟု ဝေါဝေါ်လျှောက်ထားသော စကားပင်၊ အ လေး ပြုသောအားဖြင့် သုံးကြိမ်ထပ်၍ဆို၏။

---

## ကံ သုံးပါး

ကာယကံ- ကိုယ်ဖြင့်ပြုလုပ်မှု,
ဝစီကံ- နှုတ်ဖြင့် ပြောဆိုမှု,
မနောကံ- စိတ်ဖြင့် ကြံစည်မှု၊—

---

## အပါယ် လေးပါး

(၁) ငရဲ- ဤမြေကြီးအောက်မှာရှိသော ငရဲဘုံများ,
(၂) တိရစ္ဆာန်-ကျွဲ, နွား, ဆင်,မြင်း,ကောင်းကင်ပျံသွား သတ္တဝါများနှင့် ရေ,ကုန်းရှိ ပိုးမွှားစသည်များ (နေရာအရပ် သီးခြားမရှိ)။
(၃) ပြိတ္တာ-စားရမဲ့,သောက်ရမဲ့ဖြစ်၍နေသော အစိမ်း, သူရဲ,တစ္ဆေ,မှင်စာစသောသတ္တဝါများ (နေရာအရပ်သီးခြား မရှိ)။

(၄) အသူရကာယ်-ပြိတ္တာ အကြီးစား လူနှင့် ဝေးရာ မြစ်,သမုဒ္ဒရာ ကမ်းစ,တော,တောင်ကြီး ချား၌နေကြ၏။

ဤလေးပါးကား ချမ်းသာ ကင်းသောကြောင့် အပါယ် ခေါ်၏။

## ကပ်သုံးပါး

(၁) သတ္ထန္တရကပ်-အချိန်အရွယ်မရောက်ခင် သူတပါးလက်နက်ဖြင့်သေကြေပျက်စီးရခြင်း,

(၂) ရောဂန္တရကပ်-အချိန်အရွယ်မရောက်ခင် အနာရောဂါဖြင့် သေကြေ ပျက်စီးရခြင်း,

(၃) ဒုဗ္ဘိက္ခန္တရကပ် - အချိန်အရွယ်မရောက်ခင် ဝတ်မွတ်ခေါင်းပါး၍ သေကြေ ပျက်စီးရခြင်း—

## ရပ်ပြစ်ရှစ်ပါး

(၁-၂-၃) ဘုရားပွင့်ဆဲအခါ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, ဤသုံးဘုံ၌ဖြစ်၍နေခြင်း(အသူရကာယ်ကို ပြိတ္တာမျိုး၌ သွင်းယူ။)

(၄) ဘုရားပွင့်ဆဲအခါ အသညသတ် ဗြဟ္မာ, အရူပဗြဟ္မာဘုံ၌ ဖြစ်၍နေခြင်း,

(၅) ဘုရားရှင်နှင့် ရဟန်းတော်များမရောက်ရာအစွန်အဖျား တော, တောင်ကြား လူရိုင်းများနေရာ (ပစ္စန္တရာဇ်)အရပ်၌ဖြစ်၍နေခြင်း,

(၆) ဘုရားပွင့်ဆဲအခါ မိစ္ဆာဒိဋ္ဌိဉာဏ်ရှိသူ ဖြစ်၍နေခြင်း,

(၇) ဘုရားပွင့်ဆဲအခါ တရားကို နားလည်နိုင်သော ဉာဏ်မရှိသူဖြစ်၍နေခြင်း-

[မှတ်ချက်] ဤခုနစ်မျိုးကား-ဘုရားပွင့်ဆဲအခါကိုရည်သည်။

(၈) တတ်သိ နားလည်သော ဉာဏ်ရှိသော်ငြားလည်း ဘုရားမပွင့်တဲ့ သာသနာပ အခါဖြစ်၍နေခြင်း ဤ ၈-ပါးကိုအပြစ်ရှိ, မကောင်းသော''ရပ်ပြစ်'' ဟုခေါ်၏၊ မဂ်,ဖိုလ်တရားမရနိုင်ခြင်းကို အပြစ် ဆို၏၊ ဤ ၈-ပါးကို သုတ်ပါထေယျ ပါဠိတော် မှာ ''အက္ခဏ''တရားဟုဟောတော်မူ၏၊ယူနည်း အမျိုးမျိုးရှိသေး၏။

[ဆောင်] ဘုရားပွင့်ခါ၊ ပါယ်သုံးရွာနှင့်၊ ဒီဃာယုနတ်၊ ဖြစ်တတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ၊ ဉာဏ်မရှိသား၊ ဉာဏ်ရှိငြားလည်း၊ ဘုရားမဖြစ်၊ ကျမ်းဂန်လှစ်သည်၊ ရပ်ပြစ်ရှစ်ပါးသရုပ်တည်း။

## ရန်သူမျိုးငါးပါး

(၁) ရေ, (၂) မီး, (၃) မင်းဘေး, (၄) ခိုးသူ, (၅) မချစ်မနှစ်သက်အပ်သောသူ-

[ဆောင်] ရေ, မီး, မင်းဘေး၊ ခိုးသူဘေး၊ မုန်းဘေး, ငါးရန်သူ။

## ဝိပတ္တိတရားလေးပါး

(၁) ကာလဝိပတ္တိ—မင်းဆိုး, မင်းယုတ် စိုးအုပ်သော အခါ,

(၂) ဂတိဝိပတ္တိ— အပါယ်လေးပါး၌ ဖြစ်ရခြင်း, (မကောင်းသောဂတိဖြစ်၍ ၎င်း၄-ပါးကို ဂတိဝိပတ္တိ ဆို၏)

(၃) ဥပဓိဝိပ္ပတ္တိ- ရုပ်အင်္ဂါချို့တဲ့ခြင်း, (ရုပ်, ဆင်း, အင်္ဂါကို ဥပဓိဆို၍ ၎င်းချို့တဲ့မှုကို ဥပဓိဝိပ္ပတ္တိ ဆို၏)

(၄) ပယောဂ ဝိပ္ပတ္တိ-အသိအလိမ္မာ ဉာဏ်ပညာနှင့် သတိ, ဝိရိယများကို ပယောဂဆို၍ ထိုတရားများ မရှိက ပယောဂဝိပ္ပတ္တိ ဆို၏။

[မှတ်ချက်] ရှေ့သုံးပါးနှင့်တွေ့ကြုံနေက ပြင်၍မရ၊နောက် တပါးကား ပြင်၍ရနိုင်၏။

[ဆောင်] ကာလ,ဂတိ၊ဥပဓိမှ၊ ပယောဂ၊လေးဝဝိပ္ပတ္တိ။

---

## ဗျသန တရားငါးပါး

(၁) ဉာတိဗျသန-ဆွေမျိုးများပျက်စီးခြင်း,

(၂) ဘောဂဗျသန-စည်းစိမ်ဥစ္စာပျက်စီးခြင်း,

(၃) ရောဂဗျသန-အနာရောဂါဖြစ်ခြင်း,

(၄) သီလဗျသန-သီလပျက်ခြင်း,

(၅) ဒိဋ္ဌိဗျသန-မိစ္ဆာအယူကို ယူခြင်း-

[မှတ်ချက်] ဗျသန ဟူသည် ပျက်စီးဆုံးပါးခြင်းကိုဆို၏၊

[ဆောင်] ဉာတိ,ဘောဂ၊ ရောဂ,သီလ၊ဒိဋ္ဌိကျ၊ ငါးဝ ဗျသန။

---

## ငါးပါးသီလတောင်းပါဠိသက်သက်

(၁) အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၂) ဒုတိယမ္ပိ အဟံ ဘန္တေ…………မေ ဘန္တေ။
(၃) တတိယမ္ပိ အဟံ ဘန္တေ…………မေ ဘန္တေ။

---

## ပါဠိအနက်တွဲလျက်

(၁) ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော် (တပည့်တော်မ)သည်။တိသရဏေန၊သရဏဂုံသုံးပါးနှင့်။ သဟ ဝါကျ။ ပဉ္စသီလံ၊ငါးပါးသီလဟည်းဟူသော။ဓမ္မံ၊ သိက္ခာပုဒ်ဒေါ် ဘုရားတော် မြတ်ကို။ ယာစာမိ၊ တောင်းပန် ပါ၏။ ဘန္တေ၊အရှင်ဘုရား။မေ၊တပည့်တော်(တပည့်တော်မ)အား။ အနုကမ္ပံ၊ချီးမြှောက်ခြင်းကို။ ကတွာ၊ပြု၍။ သီလံ၊ သီလကို။ ဒေထ၊ ပေးသနားတော်မူပါကုန်အရှင်ဘုရား။

(၂) ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား စသည်….ဆိုလေ။

(၃) တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ဘန္တေ၊ အရှင်ဘုရား-စသည်….ဆိုလေ။

---

## ဗမာလိုသက်သက်

အရှင်ဘုရား….တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကို တောင်းပန်ပါ၏၊ တပည့်တော်အား သနားသဖြင့် သီလတရား ပေးသနားတော်မူပါအရှင်ဘုရား။
[မှတ်ချက်] မိမိဘာသာ ခံယူတတ်က တောင်းနေဘွယ်မလို။

**အာမဘန္တေ**။ဘန္တေ၊ အရှင်ဘုရား၊ အာမ၊ အမိန့်တော်အတိုင်းပါဘုရား။
[မှတ်ချက်] အရှင်ဘုရားပေးသော ဆုနှင့် ပြည့်စုံလိုပါသည်ဟူလို၊ ဘုရားရှေ့ မိမိဘာသာတောင်းရာ၌ အာမဘန္တေ ဆိုဘွယ်မလို။

**ယမဟံ ဝဒါမိ တံ ဝဒေထ**။ယံ၊အကြင်စကားကို။အဟံ။ငါသည်။ ဝဒါမိ၊ ဆိုပေ၏။ တံ၊ ထိုငါဆိုသော စကားကို၊ ဝဒေထ၊ လိုက်၍ဆိုကြကုန်လော့။

[မှတ်ချက်] ငါဆိုတာကိုလိုက်၍ဆိုကြဟု သီလပေးသူက တိုက်တွန်းတဲ့စကား။

## နမောတဿအနက်

အရဟတော၊ ပူဇော်သချကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အလုံးစုံသောတရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိမြင်တော်မူသော။တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။နမော၊ ရှိခိုးပါ၏အရှင်ဘုရား။

[အမှာ] သရဏဂုံကိုကား သရဏဂုံခန်းက ပြခဲ့ပြီ၊ ယူလေတော့။

**သရဏဂမနံ ပရိပုဏ္ဏံ**။သရဏဂမနံ၊ သရဏဂုံသည်။ပရိပုဏ္ဏံ၊ သင်တို့သန္တာန်မှာပြည့်စုံပြီ။ သရဏဂုံတည်ပြီဟူလို။

တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။
(အဆုံး၌ သီလပေးကိုယ်တော်ကဆို၏။)

တိသရဏေန၊သရဏဂုံသုံးပါးနှင့်။သဟ၊တကွ။ ပဉ္စသီလံ၊ ငါးပါးသီလကို။သာဓုကံ၊ကောင်းစွာ။ ကတွာ၊ ပြုကြကုန်၍။ အပ္ပမာဒေန။မမေ့မလျော့သောသတိတရားဖြင့်။ ခမ္မ၊ ငါးပါးသီလအကျင့်ကို။သမ္ပာဒေထ၊ပြည့်စုံကြစေကုန်လော့။ ဤကားတိုက်တွန်းသော စကားတည်း၊ (ဤတွင် သိမှတ်ဘွယ်ရာ ပြည့်စုံရာသတည်း။)

## ငါးပါးသီလ

## ပါဏာတိပါတ သိက္ခာပုဒ်

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၁) ပါဏာတိပါတာ၊သူတပါးအသက်ကိုသတ်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရကြောင်း ကောင်းသော အကျင့်မြတ် သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ စိတ်၌မြဲစွာ ဆောက်တည်ပါ၏။

[မှတ်ချက်] သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ ဟုလို။

---

### သူ့အသက်သတ်ရာ၌ အင်္ဂါ ၅-ပါး

(၁) သတ္တဝါဖြစ်ခြင်း,
(၂) သတ္တဝါမှန်းသိခြင်း,
(၃) သတ်လိုသောစိတ်ရှိခြင်း,
(၄) သတ်ခြင်းငှါလုံ့လပြုခြင်း,
(၅) ထိုလုံ့လကြောင့် သေခြင်း-ငါးပါးတည်း။

---

### သတ်ကြောင်း ပယောဂ ၆-ပါး

(၁) ကိုယ်တိုင် မိမိလက်စသည်ဖြင့် သတ်ခြင်း,
(၂) သူတပါးကို စေခိုင်း၍ သတ်ခြင်း,
(၃) လေး စသောလက်နက်ဖြင့် ပစ်ခတ်၍သတ်ခြင်း,
(၄) တွင်း, ကျင်း စသော ထာဝရမှုကို ပြု၍သတ်ခြင်း,
(၅) အင်း, အိုင် စသောအတတ်ဖြင့်သတ်ခြင်း,
(၆) တန်းခိုးဖြင့်သတ်ခြင်း ခြောက်ပါးတည်း။

ထို ၆-ပါးသောပယောဂတို့တွင် တပါးပါးသော ပယော ဂဖြင့် ပြုအပ်ပြီးသောအင်္ဂါ ၅-ပါးစုံညီလျှင် ကမ္မပထမြောက်၍ အပါယ်ပဋိသန္ဓေကျိုးကိုပေးနိုင်သော ''ဇနကသတ္တိ'' ဧကန် ရှိ၏။ [ဓမ္မသင်္ဂဏီအဋ္ဌကထာ,ဝိဘာဝနီဋီကာ]

[မှတ်ချက်] မိမိမှတပါးသတ္တဝါသာ၊ မိမိကိုယ်ကို သတ်ရာ ကမ္မပထမမြောက်ဟုမှတ်။

---

## သူ့သက် သတ် ပြစ်

ပဉ္စဇာတိ သတံ ပေတံ၊
မစ္ဆ နာဂါ မိဂါ ရုစ။
မဟိံသာ သောဏာ သိင်္ဂါလာ၊
ပါဏာဃာတဿ ဒေါသကာ။ ။

[ရှေးဆရာများ]

ပဉ္စဇာတိ သတံ၊ ဘဝငါးရာ။ ပေတံ၊ ပြိတ္တာဘုံ၌ မိမိသတ် သောကံနှင့်တူစွာအသတ်ကိုခံရခြင်းသည်ငှင်း။ပဉ္စဇာတိသတံ၊ ဘဝငါးရာ။ မစ္ဆာစ၊ ငါးဖြစ်၍ သူတပါးတို့၏ အသတ်ကို ခံရ ခြင်းသည်ငှင်း။ ပဉ္စဇာတိသတံ၊ ဘဝငါးရာ။ နာဂါစ၊မြွေနဂါး ဖြစ်၍ သူတပါးတို့၏ အသတ်ကို ခံရခြင်းသည်ငှင်း။ ပဉ္စဇာ တိသတံ၊ ဘဝ ငါးရာ။ မိဂါစ၊ သားသမင်ဖြစ်၍ သူတပါးတို့ ၏အသတ်ကိုခံရခြင်းသည်ငှင်း။ ပဉ္စဇာတိသတံ၊ဘဝငါးရာ။ရုစ၊ စိုင်ဖြစ်၍ သူတပါးတို့၏အသတ်ကို ခံရခြင်းသည်ငှင်း။ ပဉ္စဇာ တိသတံ။ ဘဝငါးရာ။ မဟိံသာစ၊ ကျွဲဖြစ်၍ သူတပါးတို့၏ အသတ်ကို ခံရခြင်းသည်ငှင်း။ ပဉ္စဇာတိသတံ၊ ဘဝ ငါးရာ။ သောဏာစ။ အိမ်ခွေးဖြစ်၍ သူတပါးတို့၏ အသတ်ကိုခံရခြင်း သည်ငှင်း။ပဉ္စဇာတိသတံ၊ ဘဝ ငါးရာ။သိင်္ဂါလာစ၊ တောခွေး

(မြေခွေး)ဖြစ်၍ သူတပါးတို့၏အသက်ကို ခံရခြင်းသည်ငင်း။ ဇာတိ-ဇာမေ၊ ဤသည်တို့ကား။ပါဏာဃာတဿ။ သတ္တဝါတပါးကို သတ်မှားသော အကုသိုလ်ကံ၏။ ဒေါသကာ၊ အပြစ်တို့ ပါပေတည်း။

---

ထိုမှတပါး အပြစ်များ

(၁) မျက်စိ,နား,နှာ စသော အင်္ဂါ ခြေ,လက် မပြည့်စုံခြင်း,
(၂) ရုပ်ရေ မွဲပြာ၍ စိုပြေပြေမရှိခြင်း,
(၃) အားအင်နည်းပါးခြင်း,
(၄) လျင်မြန်ဖြတ်လတ်ပှုမရှိခြင်း,
(၅) ဘေးရန်ရွေ့လျှင် ကြောက်ရွံ့တတ်ခြင်း,
(၆) သူတပါးအသတ်ခံရခြင်း,သို့မဟုတ်ကိုယ်တိုင်သတ်၍သေခြင်း,
(၇) အနာရောဂါများခြင်း,
(၈) အချွေအရံပျက်စီးခြင်း,
(၉) အသက်တိုခြင်းစသောအပြစ်များကို ခံရ၏။

[မှတ်ချက်] ဤကားအပါယ် ၄-ပါးကလွတ်၍ လူ့ဘဝရမှ ခံရသော အပြစ်မျှသာတည်း။ [အင်္ဂုတ္တရ-ဒါနဝဂ္ဂ]

---

ရှောင်ကြဉ်ရကျိုး

(၁) မျက်စိ, နား, ၁, အင်္ဂါခြေ, လက်ပြည့်စုံခြင်း,
(၂) ရုပ်ရေအဆင်း လှပခြင်း,
(၃) လျင်မြန်ဖြတ်လတ်ခြင်း,
(၄) ဘေးရန်ကို မကြောက်ရွံ့ခြင်း,

(၆) သူများလက်ချက်ဖြင့် မသေရခြင်း,
(၇) အနာရောဂါကင်းခြင်း,
(၈) အချွေအရံများခြင်း,
(၉) အသက်ရှည်ခြင်း စသောအကျိုးများကိုရ၏။
[မှတ်ချက်] ဤကားနတ်ပြည်ကစုတေ၍ လူ့ဘဝရမှ ခံစား
ရသောအကျိုးမျှသာတည်း။
[ပဥ္စဂုံတ္တရဥပါသကဝဂ်]

## အပြစ်, အကျိုးပြ ဆောင်ပုဒ်

ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊အသတ်ခံရ၊အနာများလျက်၊ ချွေရံပျက်၍၊ အသက်ကိုလျှ၊ ပြစ်များစွာသည်၊ ရှောင်က အပြန် အကျိုးတည်း။

ပါဏာတိပါတ သိက္ခာပုဒ်ပြီး၏။

---

## အဒိန္နာဒါနသိက္ခာပုဒ်

(၂)အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၂)အဒိန္နာဒါနာ၊ သူတပါးဥစ္စာကိုခိုးယူခြင်းမှ။ ဝေရ
မဏီသိက္ခာပဒံ၊....ကို။သမာဒိယာမိ၊....ပါ၏။
[မှတ်ချက်] သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏
ဟူလို။

---

## သူတပါးဥစ္စာ ခိုးယူရာ၌ အင်္ဂါ၅-ပါး

(၁) ပိုင်ရှင်က ကိုယ်,နှုတ်ဖြင့် မပေးသောဥစ္စာဖြစ်ခြင်း,
(၂) သူတပါးဥစ္စာမှန်းသိခြင်း,
(၃) ခိုးလိုသောစိတ်ရှိခြင်း,

(၄) ခိုးခြင်း၄ါလုံ့လပြုခြင်း,
(၅) ထိုလုံ့လဖြင့်ခိုးခြင်း ငါးပါးတည်း။

## ခိုးကြောင်းပယောဂ ၆-ပါး

ပယောဂ ၆-ပါးကား ပါဏာတိပါတနှင့် တူ၏၊ ထို ပယောဂ ၆-ပါးတို့တွင် တပါးပါးသော ပယောဂ၌ ပြအပ်ပြီးသော အင်္ဂါ ၅-ပါးစုံညီလျှင် ကမ္မပထမြောက်၍ အပါယ်ပဋိသန္ဓေကျိုးကို မုချပေးနိုင်၏၊ ကံမမြောက်က မုချမပေးနိုင်။ [ရင်း]

## ခိုးခြင်း ၂၅-ပါး

(က) နာနာဘဏ္ဍပဉ္စက— အထူးထူးသောဥစ္စာကို ခိုးခြင်း ၅-ပါးဟူသည် သက်မဲ့ဖြစ်သောအထူးထူးသောဥစ္စာကိုရင်း, သက်ရှိ, သက်မဲ့ ရောသော အထူးထူးသောဥစ္စာကိုရင်း,
(၁) အာဒိယန-တရားဆင်သဖြင့် ဥစ္စာရှင်ကိုရှုံးစေ၍ ခိုးခြင်း,
(၂) ဟရဏ—ဥစ္စာရှင်တို့က မစေခိုင်းဘဲ သူတပါးပစ္စည်းကို ယူသွားလေသော် ခိုးလိုသောစိတ်ဖြင့် ဦးခေါင်း၌ထားသောပစ္စည်းကိုပခုံးသို့ချ၍ ခိုးခြင်း,
(၃) အဝဟရဏ—ဥစ္စာရှင်တို့က မိမိထံအပ်နှံထားသောဥစ္စာကိုတောင်းသည်ရှိသော် ငါမယူဟု ပျက်ကွယ်သည်ဖြစ်၍ ဥစ္စာရှင်၏ မရတော့ပြီဟု ဝန်ချစေ၍ ခိုးခြင်း,

(၄) ဇူရိယာပထ ဝိကောပန— ပစ္စည်းယူသောသူနှင့် တကွ ဥစ္စာကိုခိုးယူအံ့ဟု ယူဆောင်သောသူအား ခြိမ်းချောက်ဆွဲငင်သဖြင့် ၂-ခုမြောက် ဘဝါး လှမ်းကို လွှန်စေ၍ခိုးခြင်း,

(၅) ဌာနာစာဝန-ထားအပ်သောပစ္စည်းကို တည်နေ ရာမှရွှေ့စေ၍ ခိုးခြင်း၅-ပါးတည်း။

(ခ) ကောဘဏ္ဍပဉ္စက — အသက်ရှိသော "သဝိညာ ဏက"ဟူသော တပါးသော ပစ္စည်းဘဏ္ဍာကို ခိုးခြင်း၅-ပါးဟူသည် ဆိုအပ်ပြီးသော "အာဒိ ယန"စသော ခိုးခြင်း၅—မျိုးတို့ဖြင့် ခိုးခြင်းပင် တည်း၊ဥစ္စာ ဘဏ္ဍာသာထူးသည်၊ ခိုးပုံမထူးတော့ ပြီ၊၅—ပါးတည်း။

(ဂ) သာဟတ္ထိကပဉ္စက—ကိုယ်တိုင်ခိုးခြင်း ၅—ပါးဟူ သည်—

(၁) သာဟတ္ထိက—မိမိကိုယ်တိုင်ခိုးခြင်း,

(၂) အာဏတ္တိက-သူတပါးတို့အားစေခိုင်း၍ခိုးခြင်း,

(၃) နိဿဂ္ဂိယ— ကင်းထားရာအရပ်, ကြံဆရာအရပ် အတွင်း၌နေ၍ ပစ္စည်းကိုပစ်ချ၍ ခိုးခြင်း,

(၄) အတ္ထသာဓက-ဤမည်သောသူ၏ပစ္စည်းကို အကြင် အခါ စွမ်းနိုင်၏၊ ထိုအခါ ခိုးလေလော့ဟု စေခိုင်း ၍ခိုးခြင်း,

(၅) ဓုရနိက္ခေပ— တရားဆင်သောအခါ, အပ်နှံသော ပစ္စည်းကို တောင်းသောအခါ, အခိုက်အတန့်ငါး ချမ်းသော ပစ္စည်းဘဏ္ဍာစားထိုက်သောပစ္စည်းတို့

ကိုတောင်းသောအခါတို့၌ မပေးဟု ပျက်ကွယ်သည်ဖြစ်၍ ဥစ္စာရှင်တို့ ဝန်ချ၍ခိုးခြင်း ၅-ပါးတည်း။

(ဃ) ပုဗ္ဗပယောဂပဉ္စက—မခိုးမီရှေး၌ဖြစ်သော လှံ့လဖြင့်ခိုးခြင်း ၅—ပါးဟူသည်—

(၁) ပုဗ္ဗပယောဂ-မခိုးမီ ရှေး၌ဖြစ်သောပယောဂဖြင့်စေခိုင်း၍ခိုးခြင်း,

(၂) သဟပယောဂ-တကွနက်အားထုတ်သောပယောဂဖြင့် နေရာမှရွေ့စေ၍ခိုးခြင်း,

(၃) သံဝိဓာဝဟာရ- ဤမည်သော ပစ္စည်းကို ခိုးယူကုန်အံ့ဟု တိုင်ပင်၍ ခိုးခြင်း,

(၄) သင်္ကေတကမ္မ- နံက်အခါ၌ ခိုးယူလော့- စသည်အချိန်း အချက် ထားသဖြင့် စေခိုင်း၍ ခိုးခြင်း,

(၅) နိမိတ္တကမ္မ-ခိုးယူစေခြင်းငှါ မျက်စိမှိတ်ခြင်း,လည်ညိတ်ခြင်း စသော အမှတ်ကိုပြ၍ ခိုးယူစေခြင်း ၅—ပါးတည်း။

(င) ထေယျာဝဟာရပဉ္စက-စဉ်းလဲ၍ ခိုးခြင်း ၅—ပါးဟူသည်ကား—

(၁) ထေယျာဝဟာရ-ချိန်စဉ်းလဲ,တင်းစဉ်းလဲ, အသပြာစဉ်းလဲတို့ဖြင့်၎င်း မိမိကိုယ်ကို မထင်ရှားစေမူ၍အိမ်ခြိစ်ဖြတ်ခြင်းစသည်ဖြင့်၎င်း ခိုးခြင်း,

(၂) ပသယှာဝဟာရ- အနိုင်အထက်နှိပ်စက်၍ခိုးခြင်း,

(၃) ပရိကပ္ပါဝဟာရ-ပစ္စည်းဘဏ္ဍာကို၎င်း, အရပ်ကို၎င်း ကြံဆ၍ ခိုးခြင်း။

(၄) ပဋိစ္ဆန္နာဝဟာရ- သူတပါးဥစ္စာကို နောက်မှ လာယူအံ့ဟု တစုံတခုဖြင့် ဖုံးလွှမ်းထားခဲ့၍ ခိုးခြင်း,
(၅) ကုသာဝဟာရ- ကမ္ဘည်းမဲ့ချ၍ ပစ္စည်းကို ဝေရာ မိမိကျသည်ကို သူတပါး ကမ္ဘည်းမဲနှင့် လဲပြောင်း ၍ခိုးခြင်း ၅--ပါး တည်း။ (ဤသို့ အားဖြင့် ခိုး ခြင်း ၂၅-ပါး ဖြစ်၏။)

## သူ့ဥစ္စာခိုးပြစ်

ဒလိဒ္ဒေါ ကပဏော ဇောဝ၊ ဝိရူပေါ ဗဟုပဒ္ဒဝေါ။
နီစကုလေသု ဇာယန္တိ၊အဒိန္နာဒါနသာ ဒေါသကာ။ ။
[ရှင်း]

ယေ၊ အကြင်သူတို့သည်။ ပရေသန္တကံ၊ သူတပါးဥစ္စာကို။ အာဒိယန္တိ၊ ခိုးယူကုန်၏။ တေ၊ ထိုသူတို့သည်။ အပါယ မုတ္တာနိ၊ အပါယ်လေးဘုံမှ လွတ်ကုန်သည်ဖြစ်၍။ မနုဿေ သု၊ လူ့ဘုံတို့၌။ ဇာတေသုပိ၊ ဖြစ်ရကုန်သော်လည်း။ သတကျွတ္တုံ၊ အရာမက အကြိမ်များလှစွာ။ဒလိဒ္ဒေါ၊ သူဆင်း ရဲ၏ အဖြစ်လည်းကောင်း။ ဇကော၊ တယောက် အထည်း တည်းသော။ ကပဏောစ၊ အထီး ကြီးသောသူ၏ အဖြစ် လည်းကောင်း။ ဝိရူပေါစ၊ အဆင်းမလှသော သူ၏အဖြစ် လည်းကောင်း။ ဗဟုပဒ္ဒဝေါစ၊ များသောဘေးရန်ရှိသောသူ ၏ အဖြစ်လည်းကောင်း။ နီစကုလေသုစ၊ ယုတ်သောအမျိုး တို့၌ လည်းကောင်း။ ဇာယန္တိ၊ ဖြစ်ရကုန်၏။ ဣတိဣမေ၊ ဤသည်တို့ကား။အဒိန္နာဒါနဿ၊သူတပါးဥစ္စာကို ခိုးယူသော သူ၏။ဒေါသကာ၊ အပြစ်တို့ပါပေတည်း။

## ထိုမှတပါး အပြစ်များ

(၁) ဥစ္စာရှားနဲ့မွဲတတ်ခြင်း,
(၂) ဆင်းရဲတတ်ခြင်း,
(၃) တော်မှတ်ရတတ်ခြင်း,
(၄) အလိုရှိသောအရာကိုမရတတ်ခြင်း,
(၅) စည်းစိမ်ပျက်စီးတတ်ခြင်း,
(၆) ရေ, မီး, သူခိုး, အမွေခံသား သူဆိုး, မင်းဆိုးတို့၏ ဖျက်ဆီးမှုကြောင့် ဥစ္စာပျက်ပြားရခြင်း စသော အပြစ်များကိုခံရ၏။

---

## ရှောင်ကြဉ်ရကျိုး

(၁) ဥစ္စာပေါများခြင်း,
(၂) ချမ်းသာကြွယ်ဝခြင်း,
(၃) တော်မှတ်ဘေးမှလွတ်ရခြင်း,
(၄) အလိုဆန္ဒကိုရလွယ်ခြင်း,
(၅) ဥစ္စာ, စည်းစိမ်တည်မြဲခြင်း,
(၆) ရန်သူမျိုး ၅-ပါးမှ လုံခြုံခြင်း စသောအကျိုးများကိုရ၏။

## အပြစ်, အကျိုးပြဆောင်ပုဒ်

အဒိန္နဒါ၊ခိုးပေါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲ,ဘတ်ဘိလိုရမရ၊ ဘောဂပျက်စီး၊ ရေ,မီး,သူခိုး၊ မွေခံဆိုးနှင့်၊မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊ ရှောင်ခါအပြန် အကျိုးတည်း။
အဒိန္နာဒါန သိက္ခာပုဒ်ပြီး၏။

## ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်

(၃) ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၃) ကာမေသု မိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသော အကျင့်မှ။ ဝေရမဏီ သိက္ခာပဒံ၊....ကို။ သမာဒိယာမိ၊....ပါ၏။

[မှတ်ချက်] သူ့အိမ်ရာကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

---

## သူ့သားအိမ်ရာ ပြစ်မှားရာ၌ အင်္ဂါ ၄-ပါး

(၁) မသွားလာထိုက်သော ယောက်ျား,မိန်းမဖြစ်ခြင်း,
(၂) မှီဝဲလိုစိတ်ရှိခြင်း,
(၃) မှီဝဲမှုလုံ့လပြုခြင်း,
(၄) မဂ်အချင်းချင်းသွင်း၍ သာယာခြင်း ၄-ပါးတည်း။

---

## မှီဝဲကြောင်းပယောဂ ၁-ပါး

မှီဝဲကြောင်း ပယောဂကား သာဟတ္ထိက—ကိုယ်တိုင်အားထုတ်ခြင်း ၁—ပါးပင်၊ ထိုပယောဂ၌ ပြအပ်ပြီးသော အင်္ဂါ ၄—ပါး စုံညီလျှင် "ကမ္မပထ" မြောက်၍ အပါယ်ပဋိသန္ဓေကျိုး မှချပေးနိုင်၏၊ မစုံက မှချမပေးနိုင်။

---

## အဂမနီယဋ္ဌာန-ဣတ္ထိဝိသ
## ယောကျ်ားတို့ မသွားလာရသောမိန်းမ ၂၀

(၁) မာတုရက္ခိတာ-အမိစောင့်သောမိန်းမ,
(၂) ပိတုရက္ခိတာ-အဘစောင့်သောမိန်းမ,

(၃) မာတာပိတုရက္ခိတာ-မိ,ဘနှစ်ပါးစောင့်သောမိန်းမ,
(၄) ဘာတုရက္ခိတာ-မောင်ကြီး,မောင်ငယ် စောင့်သော မိန်းမ,
(၅) ဘဂိနီရက္ခိတာ—အစ်မ,ညီမစောင့်သော မိန်းမ,
(၆) ဉာတိရက္ခိတာ—ဆွေမျိုးစောင့်သော မိန်းမ,
(၇) ဂေါတ္တရက္ခိတာ—အနွယ်တူစောင့်သော မိန်းမ,
(၈) ဓမ္မရက္ခိတာ-သီတင်းသုံးဘော်စောင့်သော မိန်းမ,
(၉) သာရက္ခာ—ယိမ်းမြားထိုက်သူ အစောင့်ရှိသော မိန်းမ,
(၁၀) သပရိဒဏ္ဍာ—မင်းတို့ထားအပ်ပြီးသော ဒဏ်ရှိသောမိန်းမ,
(၁၁) ဓနက္ကီတာ—ဥစ္စာဖြင့် ဝယ်အပ်သော မိန်းမ,
(၁၂) ဆန္ဒဝါသိနီ—အလိုတူ၍ သင့်နေသော မိန်းမ,
(၁၃) ဘောဂဝါသိနီ—စည်းစိမ်ပေး၍ နေသောမိန်းမ,
(၁၄) ပဋဝါသိနီ—ပုဆိုးပေး၍ နေသောမိန်းမ,
(၁၅) ဩဒပတ္တကိနီ—ရေခွက်၌ လက်ချ၍ ,မိဘနှစ်ပါး ယိမ်းမြားသော မိန်းမ,
(၁၆) ဩဘဋစုမ္ဗဋာ—ခေါင်းခုကို ချ၍ နေသော မိန်းမ,
(၁၇) ဒါသီစ ဘရိယာ—ကျွန်လည်းဖြစ်, မယားလည်း ဖြစ်သော မိန်းမ,
(၁၈) ကမ္မကာရီစ ဘရိယာ—အမှုလုပ်လည်းဖြစ်,မယား လည်းဖြစ်သော မိန်းမ။
(၁၉) ဓဇာဟဋာ—စစ်မြေမှဆောင်ခဲ့သောမိန်းမ,
(၂၀) မုဟုတ္တိကာ-တမုဟုတ်မျှ ပေါင်းဘော်သော မိန်းမ,

ဤ(၂၀)သောမိန်းမတို့ကား ယောကျ်ားတို့အား မိစ္ဆာစာရကံထိုက်၍ မသွားလာရသော "အဂမနီယဝတ္ထု"တို့မည်ကုန်၏။ [ဓမ္မသင်္ဂဏီ အဋ္ဌကထာ]

မိန်းမတို့မှာကား—

(၁) မာတုရက္ခိတ အစ(၈)ဓမ္မရက္ခိတ အဆုံးရှိသောရှစ်ယောက်သောမိန်းမတို့သည် ယောကျ်ားတပါးသို့သွားလာရာ၌"မိစ္ဆာစာရကံ" မဖြစ်၊အဘယ့်ကြောင့်ဆိုသော် အမိစသော စောင့်ရှောက် အပ်သူတို့သည် ထိုသူ့မီး စသည်တို့၏ဖောဋ္ဌဗ္ဗာရုံကို အစိုးမရ၊ စင်စစ်မှာ မသင့်လျော်သောယောကျ်ား၌ မသွားလာစိမ့်သောငှာ ထိန်းသိမ်းစောင့်ရှောက်ခြင်း "ကာမ ရက္ခိတ" မျှသာ ဖြစ်သော ကြောင့်တည်း။ [ဍင်းဋီကာ]

ထိုမှတပါး ကြွင်းသော (၁၂)ယောက်သော မိန်းမတို့၌ကား မိစ္ဆာစာရကံ ထိုက်ကုန်၏၊ အဘယ့်ကြောင့်ဆိုတော် စောင့်ရှောက်သူတို့သည် ကာမကိုအစိုးရသောအရှင် "ကာမိဿရ,ကာမသာမိ" ဖြစ်သောကြောင့်တည်း။ [ဍင်းဋီကာ]

---

## သူ့သားအိမ်ရာကျူးလွန်မှုနှင်းဖြစ်

ပဉ္စဇာတိသတံ ဣတ္ထိ၊ နပုံသကံ တထေဝစ။
ဇိဂုစ္ဆာ ပုတိကုဋ္ဌာစ၊ပနဒါရဿ ဒေါသကာ။ ။

ပဉ္စဇာတိသတံ၊ ဘဝငါးရာ။ ဣတ္ထိ၊ မိန်းမသည်။ ဇာယတေ၊ ဖြစ်ရလေ၏။ တထေဝ၊ ထို့အတူလျှင်။ ပဉ္စဇာတိသတံ၊ဘဝငါးရာ။နပုံသကံ၊မိန်းမ မဟုတ်, ယောကျ်ားမဟုတ်နပုန်းပဏ္ဍုက်သည်။ ဇာယတေ၊ ဖြစ်ရလေ၏။ ဇိဂုစ္ဆာ၊ စက်ဆုတ်ဘွယ်ရာသော။ ပုတိကုဋ္ဌာစ၊ ပုပ်သောနူနာစွဲသော

သူ၏အ[illegible]စ်သည်လည်း။ပဥ္စာဇာတိသတံ၊ ဘဝင်္ဂ်ါးရော။ ဇာယ တော၊ ဖြစ်ရလေ၏။ ဇာတိဇာမေ၊ ဤသည်တို့ကား။ ပရဒါရဿ၊ သူ့သားအိမ်ရာကို လွန်ကျူး ဖြစ်မှားသော ပရဒါရကံ၏။ ဒေါသကာ၊ အပြစ်တို့ပါပေတည်း။

---

## ထိုမှတပါးအပြစ်များ

(၁) မလိုမုန်းထားသူများခြင်း,
(၂) ရန်သူများခြင်း,
(၃) လာဘ်ပစ္စည်းများရှားပါးခြင်း,
(၄) ချမ်းသာမှုမရှိခြင်း,
(၅) မိန်းမဖြစ်ရခြင်း,
(၆) ကျား,မ-မဟုတ် ပဏ္ဍုက်ဖြစ်ရခြင်း,
(၇) ယောကျ်ား ဖြစ်ပြန်ပါလည်း အမျိုးယုတ်၌ ဖြစ်ရခြင်း,
(၈) မျက်နှာပျက်၍ အရှက် ကွဲရတတ်ခြင်း,
(၉) မျက်စိ,နား,နှာစသော အင်္ဂါလက္ခဏာ ဇာမြဲ ယွင်းချို့ယွင်းသိမ်ရခြင်း,
(၁၀) စိုးရိမ်ကြောင့်ကြအားကြီးခြင်း,
(၁၁) ချစ်သူနှင့် ကွေကွင်း[illegible]ကွာရခြင်းစသော အပြစ် များကို[illegible]ရ[illegible]

---

## ရှောင်ကြဉ်ရကျိုး

(၁) ချစ်[illegible]င်သူပေါများခြင်း,
(၂) ဘေးရန်မများခြင်း,
(၃) လာဘ်ပေါများခြင်း,

(၄) ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း,
(၅) ယောကျာ်းဖြစ်ရခြင်း,
(၆) မြတ်သောအမျိုး၌ဖြစ်ရခြင်း,
(၇) အရှက်တကွဲအကျိုးနဲမဖြစ်ရခြင်း,
(၈) ကြန်အင်လက္ခဏာ ရူပနွံပြည့်စုံရခြင်း,
(၉) ချစ်သူနှင့်အတူတကွနေရ၍ ချမ်းသာခြင်း စသော အကျိုးများကိုရ၏။

## အပြစ်, အကျိုးပြဆောင်ပုဒ်

မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊မုန်းကြသူများ၊ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဇာတ္တိပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဇူနွေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်ခါအပြန် အကျိုးတည်း။

ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ပြီး၏။

---

## မုသာဝါဒသိက္ခာပုဒ်

(၄) မုသာဝါဒါဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၄)မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊....ကို။ သမာဒိယာမိ၊....ပါ၏။

[မှတ်ချက်] လိမ်လည်လှည့်ပတ်ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

---

## မုသားပြောရာ၌ အင်္ဂါ ၄—ပါး

(၁) မဟုတ်မမှန်သောဝတ္ထုဖြစ်ခြင်း,
(၂) မှားယွင်းစေလိုသောစိတ်ရှိခြင်း,

(၃) မှားယွင်းအောင်ကိုယ်နှုတ်ဖြင့်လုံ့လပြုကာ လိမ်ညာခြင်း,

(၄) အလိမ်ခံရသူက လိမ်ညာသည်ကို သိခြင်း ၄–ပါးတည်း။

---

### ပြောဆိုကြောင်း ပယောဂ ၁–ပါး

မုသားပြောဆိုကြောင်း ပယောဂကား "သာဟတ္ထိက" ကိုယ်တိုင်ပြောဆိုခြင်း ၁–ပါးပင်၊ ထိုပယောဂနှင့် ပြအပ်ပြီးသောအင်္ဂါ ၄-ပါးစုံညီလျှင်"ကမ္မပထ"မြောက်၍ အပါယ်ပဋိသန္ဓေကျိုး မုချပေးနိုင်သည်၊ မစုံက မုချမပေးနိုင်။

---

### အနရိယ ဝေါဟာရ

### ပုထုဇ္ဇန်တို့သာပြောဆိုခြင်း ၈-ပါး

(၁) စက္ခုဒွါရကိုမှီ၍ မမြင်သည်ကိုမြင်၏၊ မြင်သည်ကို မမြင်ဟု လိမ်လည်ပြောဆိုခြင်း ၂-ပါး,

(၂) သောတဒွါရကိုမှီ၍ မကြားသည်ကို ကြား၏၊ ကြားသည်ကို မကြားဟု လိမ်လည်ပြောဆိုခြင်း ၂-ပါး,

(၃) ဃာန, ဇိဝှာ, ကာယ ဒွါရသုံးပါးကိုမှီ၍ မတွေ့အပ်သည်ကို တွေ့၏၊ တွေ့အပ်သည်ကို မတွေ့ဟု လိမ်လည်ပြောဆိုခြင်း ၂-ပါး,

( ) မနောဒွါရကိုမှီ၍ မနောဝိညာဏ်ဖြင့် မသိအပ်သည်ကိုသိ၏၊ သိအပ်သည်ကိုမသိဟု လိမ်လည်ပြောဆိုခြင်း–

ဤသို့အားဖြင့် ချွတ်ယွင်းစေခြင်းကို ဖြစ်စေတတ်ကုန်သော မုသာဝါဒ၏ "ကမ္မပထ"အကြောင်းဖြစ်ကုန်သော "အနရိယ ဝေါဟာရ"တို့သည် ၈-ပါး အပြားရှိကုန်၏။

[ပါစိတ်ပါဠိတော်]

## မုသားပြောပြစ်

ပုတိဂန္ဓော မုခါ ဝါယတိ၊
ယောဇနသတ ပရိမဏ္ဍလံ။
ဓမ္မဉ္စ န ဇာနာတိ၊
မုသာဝါဒဿ ဒေါသကာ။ ။

မုခါ၊ ခံတွင်းမှ။ ပုတိဂန္ဓော၊ မသတီစရာ ရွံရှာစက်ဆုပ် ပုပ်သောအနံ့သည်။ ယောဇနသတ ပရိမဏ္ဍလံ၊ ယူဇနာ တရာအတွင်း၌။ ဝါယတိ၊ လှိုင်ပျံ့စေ၏။ ဓမ္မဉ္စ၊ သူတော် တရား လိုက်စားကျင့်ကြံ တရားမှန်, တရားမြတ်ကိုလည်း။ နဇာနာတိ၊ ကာလသုံးတန် ဖြစ်ပျက်ဟန်ကို ဉာဏ်မှာမသိ မရှိမိ၍ သေချာတိတိ မသိတော်ပေ။ ဣတိဣမေ၊ ဤသည် တို့ကား။မုသာဝါဒဿ၊မုသားပြောဆိုသောသူ၏။ ဒေါသကာ၊ အပြစ်တို့ပါပေတည်း။

## ထိုမှတပါး အပြစ်များ

(၁) စကားမပီသခြင်း,
(၂) သွားမညီညွတ်ခြင်း,
(၃) ခံတွင်းပုပ်ညှီခြင်း,
(၄) ကိုယ်ရေပူရှိန်ခြောက်ကပ်ခြင်း,
(၅) မျက်စိစသောအင်္ဂါဣန္ဒြေများမကြည်လင်ခြင်း,
(၆) ကိုယ်နေပုံဟန်ဆိုးဝါးခြင်း,

# ဝိဇ္ဇာစရဏပါရဂူကျမ်း

(၇) ဩဇာအာဏာမရှိခြင်း,
(၈) အပြောအဆိုကြမ်းတမ်းခြင်း,
(၉) စိတ်မတည်ကြည် လော်လည်ခြင်းစသော အပြစ်များကိုခံရ၏။

---

## ရှောင်ကြဉ်ရကျိုး

(၁) စကားပီသခြင်း,
(၂) သွားညီညွတ်လှပခြင်း,
(၃) ကိုယ်တွင်းနံ့ မွှေးပျံ့ခြင်း,
(၄) ကိုယ်ရေ မွေ့,စိုပြေခြင်း,
(၅) မျက်စိစသော အင်္ဂါ,ရုပ်ခြွေ ကြည်လင်ခြင်း,
(၆) ကိုယ်နေပုံဟန် အချိုးကျ လှပခြင်း,
(၇) ဩဇာ အာဏာရှိခြင်း,
(၈) အပြော အဆို သိမ်မွေ့နူးညံ့ခြင်း,
(၉) စိတ်တည်ကြည်ခြင်း-စသော အကျိုးများကိုရ၏။

## အပြစ်,အကျိုးပြ ဆောင်ပုဒ်

မှသားစကား၊ ပြောဆိုဖြားမှု၊ စကားမပီ၊ သွားမညီဘည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဇရခြွေနောက်၊ ပုံယွင်းဘောက်၏၊ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်သည်၊ ရှောင်ကြဉ်အပြန် အကျိုးတည်း။

မှသာဝါဒ သိက္ခာပုဒ် ပြီး၏။

---

## သုရာမေရယ သိက္ခာပုဒ်

(၁) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်း၏ အကြောင်းစင်စစ် မူးယစ်စေတတ်သော သေရည်,အရက်ကို သောက်စားခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊....ကို။ သမာဒိယာမိ၊....ပါ၏။

[မှတ်ချက်] သေရည် အရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

---

## သေ,အရက်သောက်ရာ၌ အင်္ဂါ ၄-ပါး

(၁) မူးယစ်စေတတ်သော သေ,အရက် စသည်ဖြစ်ခြင်း,
(၂) သောက်လိုသောစိတ်ရှိခြင်း,
(၃) သောက်ခြင်း,
(၄) မူးယစ်,မေ့လျော့ခြင်း ၄-ပါးတည်း။

---

## သောက်စားကြောင်း ပယောဂ ၁-ပါး

သေ,အရက်သောက်စားကြောင်း ပယောဂကား "သာဟတ္ထိက" ကိုယ်တိုင်သောက်ခြင်း ၁-ပါးပင်၊ ထိုပယောဂ၌ ပြအပ်ပြီးသော အင်္ဂါ ၄-ပါးစုံညီလျှင် "ကမ္မပထ"မြောက်၍ အပါယ်ပဋိသန္ဓေကျိုး မုချပေးနိုင်သည်၊ မစုံက မုချမပေးနိုင်။

[သံယုတ် အဋ္ဌကထာ]

[မှတ်ချက်] အဆင်း,အနံ့,အရသာမထင်ရှားသော သေ,အရက်ပါသောဆေး,ဟင်းကား-စားသောက်ကောင်း၏၊
[မဟာဝါပါဠိတော်,ပါစိတ်အဋ္ဌကထာ]

## သေ့အရက်သောက်ပြစ်

ယဉ္စော ပဉ္စဇာတိသတံ၊ သောဏော ပဉ္စဇာတိသတံ။
ဥမ္မတ္တကော အနန္တောစ၊ သုရာပါနဿ ဒေါသကာ။ ။

ယဉ္စော၊ ဘီလူး၏အ[illegible]စ်သည်။ ပဉ္စဇာတိသတံ၊ ဘဝငါး ရာ။ ဇာယတေ၊ ဖြစ်ရလေ၏။ သောဏော၊ သူတပါးတို့[illegible]နှင့် ပြစ်[illegible]သောမစင်ကို စား[illegible]သောခွေးသည်။ ပဉ္စဇာတိသတံ၊ ဘဝငါး[illegible]။ ဇာယတေ၊ ဖြစ်ရလေ၏။ ဥမ္မတ္တကော၊ အ[illegible] သည်ကား။ အနန္တောစ၊ [illegible]ဟန်းသ[illegible]ရေတွက်ခြင်းငှါ မတတ် သာအောင် များလှ[illegible]လည်း။ ဇာယတေ၊ ဖြစ်ရလေ၏။ [illegible]တိဋ္ဌဝေ၊ ဤသည်တို့ကား။ သု[illegible]ပါနဿ၊ သေ[illegible]ည်သောက် ခြင်း၏။ [illegible]သကာ၊ အပြစ်တို့[illegible]ပေတည်း။

---

### ထိုမှတပါး အပြစ်များ

(၁) အ[illegible]အခွင့် သ[illegible]မသင့်ကို မသိတတ်ခြင်း,
(၂) ပျင်းရိတတ်ခြင်း,
(၃) မေ့[illegible] မှုးရူးတတ်ခြင်း,
(၄) သူတပါးကျေးဇူးကို မသိတတ်ခြင်း,
(၅) အ[illegible]က်,အကြော[illegible] ကင်းတတ်[illegible]င်း,
(၆) အလုံးစုံသော မကောင်းမှုများကို ပြုမိလွယ် ခြင်း စသောအပြစ်[illegible]ားကိုခံရ၏။

---

### တနည်း-အပြစ် ၆-ပါး

(၁) ယခုဘ[illegible] ပင် ပစ္စည်း ဥစ္စာ ဆုတ်ယုတ်ပျက် ပြားခြင်း။

(၂) ရန်များဖြစ်ပွားတတ်ခြင်း,
(၃) အနာရောဂါများခြင်း,
(၄) မကောင်းသတင်း ကျော်စောခြင်း,
(၅) လျှို့ဝှက်အပ်သော အင်္ဂါများပေါ်၍ အရှက်ရခြင်း,
(၆) အသိဉာဏ်ပညာ ဆုတ်ယုတ်တတ်ခြင်း-
[ပါထေယျသိင်္ဂါလောဝါဒသုတ်]

## ရှောင်ကြဉ်ရကျိုး

(၁) အရာရာ သင့်မသင့် သိတတ်ခြင်း,
(၂) မပျင်းတတ်ခြင်း,
(၃) သတိကောင်း၍ လူကောင်းဖြစ်ရခြင်း,
(၄) သူတထူးကျေးဇူး သိတတ်ခြင်း,
(၅) ရှက်,ကြောက်တတ်ခြင်း,
(၆) ကုသိုလ်ကောင်းမှု ပြုလွယ်ခြင်း—
စသောအကျိုးများကိုရ၏။

## အပြစ်,အကျိုးပြဆောင်ပုဒ်

သေရည်သောက်လင့်၊သင့်မသင့်၌၊ရေးခွင့်မသိ၊ပျင်းရှိ၊ ခံမှုရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများသထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုဖြစ်ရာသည်၊ ရှောင်ခါ အပြန်၊ အကျိုးတည်း။

## သေရည်သောက်စား အပြစ်များ

အပိ စေတ္တ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ မဟာသာဝဇ္ဇံ၊ န တထာ ပါဏာတိပါတာဒယော၊

ကဿာ မနုဿဘူတဿာပိ ဥမ္မတ္တကဘာဝသံဝတ္တ-
နေန အရိယဓမ္မန္တရာယ ကရဏတော။
[ခုဒ္ဒကပါဌ အဋ္ဌကထာ သိက္ခာပဒ သုတ္တ]

အပိစ၊ ဆိုဘွယ်အထူးကား။ ဧတ္ထ၊ ဤငါးပါးသောကံတို့တွင်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ။ မေ့လျော့ခြင်း၏ အကြောင်းစင်စစ် မူးရစ်စေတတ်သော သေရည် အရက်ကို သောက်စားခြင်းသည်သာလျှင်။ မဟာသာဝဇ္ဇံ၊ အပြစ်ကြီး၏။ တထာ၊ ထိုသုရာမေရယအတူ။ ပါဏာတိပါတာဒယော၊ ပါဏာတိပါတ စသောကံတို့သည်။ မဟာသာဝဇ္ဇံ၊ အပြစ်ကြီးသည်။ နဟောန္တိ၊ မဖြစ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ မနုဿဘူတဿာပိ၊ လူဖြစ်သော သူအားလည်း။ ဥမ္မတ္တကဘာဝ သံဝတ္တနေန၊ ရူးသော အဖြစ်ကိုပြုသဖြင့်။ အရိယဓမ္မန္တရာယ ကရဏတော၊ အရိယမဂ်, ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သောကြောင့် ပေတည်း။

ဤအရာ၌အချို့က "သုရာမေရယ" သည် "အပါယဂမနိယ" အပါယ်ပြစ် မဖြစ်ဟုဆိုကုန်၏၊ ထိုစကားမသင့်၊ အဘယ့်ကြောင့်ဆိုသော် ပါဏာတိပါတ စသောကံလေးပါးသည် "အပါယ ဂမနိယ" ကံချည်းပင်ဖြစ်၏၊ထိုကံတို့ထက်ပင် သုရာမေရယ ကံအပြစ်သည် သာလွန်၍ အပြစ်ကြီးပေရကား "အပါယ ဂမနိယ" အရာကို "ကာကထာ" အဘယ်ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း-ဟု ပါဠိတော်၏ အရကို ထောက်ဆ နှိုင်းချင့်ယူသင့်သောကြောင့် "အပါယ ဂမနိယ" ကံဟု ဧကံမုချမှတ်ကြရာ၏၊ ပဋ္ဌာန်ပတ္တာရ ပါဠိတော်တွင် လည်း အကျယ်အားဖြင့် များစွာဟောင်၏၊ ထို့ကြောင့် ခုဒ္ဒကပါဌ အဋ္ဌကထာ မင်္ဂလသုတ် အဖွင့်မှာလည်း သေရည်သောက်

စားသောသူသည် အဆိုးအကောင်း အကျိုး အကြောင်းကို မသိတတ်ခြင်း, အမိ အဘ တို့၏ အန္တရာယ်ကို ပြုတတ်ခြင်း, ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့၏ အန္တရာယ်ကိုလည်း ပြုတတ်ခြင်း,မျက်မှောက်ဘဝ၌ သူတော်ကောင်းတို့ ကဲ့ရဲ့ခြင်း, တမလွန်ဘဝ၌လည်း အပါယ် လားရခြင်း,ဘဝ သံသရာ အဆက်ဆက်၌လည်း ရူးနှမ်းခြင်းသို့ ရောက်ရ၏။

ထိုမှတပါးလည်း မူးလာသည့်အခါသတ်ဖြတ်ရမှု,ခိုးဝှက် တိုက်ခိုက်ရမှု, လိမ်လည် လှည့်ပတ်ရမှု, သူ့သား အိမ်ရာ ပြစ်မှားမှု စသည်များကို ပြုဘို့ရန် မခကြာက်တော့ပြီ၊ အခွင့် သင့်ရာ ပြုကျင့်တော့မည် ဧကန်သာတည်း။

---

## အနည်းငယ်မျှကံထိုက်ရ

ကုသဂ္ဂေန ပိဝနတော ပါစိတ္တိယံ။ ။

ကုသဂ္ဂေန၊ သမန်းမြက်ဖျားဖြင့်။ ပိဝနတော၊ တို့၍ သောက်သောရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့် ၏။

သုရာမေရယ သိက္ခာပုဒ်၌ အနည်းငယ်မျှ သမန်းမြက် ဖျား စသည်ဖြင့် ထိတို့သောက်ရာ သုရာမေရယ သိက္ခာပုဒ် ပျက်၏၊ ရဟန်းဖြစ်၍သာ ပါစိတ်အာပတ်ဟု ဆိုသည်၊ သီလ ပျက်ခြင်း,ကံထိုက်ခြင်းအတူတူပင်၊ လူ,သာမဏေတို့မှာ-

(၁) သုရာယစ်မျိုးဖြစ်ခြင်း,
(၂) သောက်လိုသောစိတ်ရှိခြင်း,
(၃) လုံ့လပြုခြင်း,

(၄) သောက်သော ခဏ၌ လည်မျိုတဘက်သို့ ဝင်ခြင်း အင်္ဂါလေးပါး။

သစိတ္တက ရဟန်းတို့မှာ အင်္ဂါ ၂—ပါး၊ အစိတ္တက သုရာ အနည်းအများကို လိုက်၍ အပြစ် အကြီး, အငယ် ကိုသာ ရွေးချယ်သင့်သည်၊ သီလပျက်, မပျက်, ကံထိုက်, မထိုက်မှာ ယုံမှားမရှိရာ၊ ကံထိုက်ချေကလည်း "အပါယဂမနီယ" မှချ ဖြစ်၏ဟု မှတ်။

သုရာပါန သိက္ခာပုဒ်ပြီး၏။

---

## ငါးပါးသီလ အကျိုးပြ

ဤသို့ပြဆိုခဲ့ပြီးသော ၅-ပါးသီလ နှင့် ပြည့်စုံသောသူသည် လူသီလဝန္တ၏ အဖြစ်, အပါယ်တံခါး ပိတ်သည်၏ အဖြစ်, နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်၏အဖြစ်ကို "မဟာဝဂ္ဂသံယုတ် မဟာနာမသုတ်" ၌ မဟာနာမ် မင်းကြီးအား မြတ်စွာဘုရား မိန့်ကြားတော်မူ၏၊ ၎င်းအဋ္ဌကထာမှာလည်း ရှင့်၏။

ထိုမှတပါးသရဏဂုံနှင့်ပြည့်စုံကဥပါသကာ၊ ထိုဥပါသကာ သည် ၅-ပါးသီလနှင့်ပြည့်စုံပြန်ကဥပါသကာသီလဝန္တအစစ် ဖြစ်၏၊ ထိုမှတပါး ဒုဂ္ဂတိဘေး,ဝိနိပါတဘေးမှ လွန်မြောက် ၍ သောတာပန် မဂ်,ဖိုလ် ရကြောင်း ကောင်းသော အင်္ဂါ ၄-ပါးလည်း သရဏဂုံသုံးပါးနှင့် အရိယကန္တ ၅-ပါးသီလ တပါးဖြစ်ကြောင်း ဘုရားရှင်မိန့်တော်မူ၏။(၎င်း)

ထိုမှတပါးလည်း ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင် သုတ်၌ အရှင် အာနန္ဒာက မြတ်စွာဘုရားကိုသရဏဂုံသုံးပါး နှင့် အရိယကန္တ ၅-ပါးသီလ ပြည့်စုံသော် "ဥပါသကာ သီလ ဝန္တ" ဖြစ်ကြောင်းကိုလျှောက်၏၊ ထိုမှတပါးလည်း ပဉ္စင်္ဂုတ္တရ

ပါဠိတော်မှာ မြတ်စွာဘုရားက အနာထပိဏ်အား ၅-ပါး သီလနှင့်မပြည့်စုံက ''ဒုဿီလ''ရဲ့သို့လည်းကျ၏၊ပြည့်စုံပါက ''သီလဝန္တ''ဖြစ်၍ နတ်ပြည်သို့လားရကြောင်း မိန့်တော်မူ၏၊ ထို့ကြောင့် ၅-ပါးသီလသည် မဂ်,ဖိုလ် ရကြောင်း ကောင်းမြတ်သော''သီလ''အစစ်ဖြစ်၏ဟု သေသေချာချာ မှတ်လေ။

## တတ်နိုင်သမျှဆောက်တည်ရ

ကတမော သိက္ခာပဒပရိယန္တော၊ ဥပါသကော-ပါသိကာနံ ယထာသမာဒါနဝသေန ဧကံဝါ ဒွေဝါ တီဏိဝါ စတ္တာရိဝါ ပဉ္စဝါ အဋ္ဌဝါ ဒသဝါ သိက္ခာ-ပဒါနိ ဟောန္တိ၊ သိက္ခမာန သာမဏေရ သာမဏေ-ရီနံ ဒသ သိက္ခာပဒါနိ၊အယံ သိက္ခာပဒပရိယန္တော။ [ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာစသည်…]

ကတမော၊ အဘယ်သည်လျှင်။ သိက္ခာပဒ ပရိယန္တော၊ အသီးအသီးဆောက်တည်အပ်သော သိက္ခာပုဒ်အပိုင်းအခြားမည်ပါသနည်း။ ဥပါသကောပါသိကာနံ၊ ဥပါသကာ,ဥပါသိကာ တို့အား။ ယထာသမာဒါန ဝသေန၊ အကြင် အကြင်အားထုတ်နိုင်သမျှ ဆောက်တည်အပ်သော သိက္ခာပုဒ်၏ အစွမ်းဖြင့်။ ဧကံဝါ၊ တပါးသောသိက္ခာပုဒ်သည်၎င်း။ ဒွေဝါ၊ နှစ်ပါးသော သိက္ခာပုဒ်တို့သည်၎င်း။ တီဏိဝါ၊ သုံးပါးသော သိက္ခာပုဒ်တို့သည်၎င်း။ စတ္တာရိဝါ၊ လေးပါးသော သိက္ခာပုဒ်တို့သည်၎င်း။ပဉ္စဝါ၊ငါးပါးသောသိက္ခာပုဒ်တို့သည်၎င်း။ အဋ္ဌဝါ၊ရှစ်ပါးသောသိက္ခာပုဒ်တို့သည်၎င်း။ ဒသဝါသိက္ခာပဒါနိ၊ ဆယ်ပါးသော သိက္ခာပုဒ်တို့သည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အယံ၊ ဤသည်လျှင်။ သိက္ခာပဒ ပရိယန္တော၊ အသီးအသီး

ဆောက်တည်၍ကျင့်အပ်သော သိက္ခာပုဒ်အပိုင်းအခြား မည်၏။ သိက္ခမာန သာမဏေရ သမဏေရီနံ၊ သိက္ခမာန်, သာမဏေ ယောကျာ်း, သာမဏေမ တို့အား။ ဒသသိက္ခာပဒါနိ၊ ဆယ်ပါးသောသိက္ခာပုဒ်တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏၊အယံ၊ ဤသည်လျှင်။ သိက္ခာပဒ ပရိယန္တော၊ သိက္ခာပုဒ် အပိုင်းအခြားမည်၏။

ဤအရာ၌ငါးပါးလုံးတတ်နိုင်မှမဟုတ်သေး၊တပါး,နှစ်ပါးစသည်အားဖြင့်လည်း တတ်အားသမျှဆောက်တည်ရ၏၊ သို့သော် ၅-ပါးသီလသာယူ၊ ၈-ပါး ၁၀-ပါးတို့ကား ခွဲခြား၍ မဆောက်တည်အပ်ဟုမှတ်၊ထိုမှတပါး သိက္ခာတရားတို့သည် (၁)ဘိက္ခုသိက္ခာ, (၂)ဘိက္ခုနီသိက္ခာ, (၃)သာမဏေရ သိက္ခာ, (၄)သာမဏေရီသိက္ခာ, (၅)သိက္ခမာနသိက္ခာ, (၆)ဥပါသကာ သိက္ခာ, (၇)ဥပါသိကာ သိက္ခာဟု ဧာန ဝိဘင်း အဋ္ဌကထာ၌ ဖွင့်၏၊ ထို ၇-မျိုးသော သိက္ခာ၏အရ ကျင့်အပ်သမျှသည် စတုဘူမိကကုသိုလ်တရားချည်းပင်တည်း။

ထိုသိက္ခာ ၇-မျိုးတို့တွင် အယုတ်ဆုံး ဥပါသကာ,ဥပါသိကာ သိက္ခာဖြစ်သော ၅-ပါးသီလ၏အင်္ဂါတပါးပါး၌ပင်လျှင် ခပ်သိမ်းကုန်သော စတုဘူမိက ကုသိုလ်တရားတို့၏ တည်ရာ တည်ကြောင်း ဖြစ်သောကြောင့် "ပဒ" မည်ကြောင်းကို သမ္မောဟဝိနောဒနီ အဋ္ဌကထာ သိက္ခာပဒ ဝိဘင်း --

> ပဉ္စသု ပန သီလင်္ဂေသု ယံကိဉ္စိ အင်္ဂံ တာသံ သိက္ခာနံ ပတိဋ္ဌာနဋ္ဌေန ပဒတ္တာ သိက္ခာနံ ပဒတ္တာ သိက္ခာပဒါနိ။

ပန၊အထူးကိုဆိုဦးအံ့။ပဉ္စသု၊ငါးပါးကုန်သော။သီလင်္ဂေသု၊ သီလ၏အင်္ဂါတို့တွင်။ ယံကိဉ္စိ၊ အမှတ်မရှိ တပါးဖြစ်သော။

အင်္ဂ၊ အင်္ဂါသည်။ တာသံ သိက္ခာနံ၊ထိုစတုဘုမ္မိက ကုသိုလ် တရားတို့၏။ ပတိဋ္ဌာနဋ္ဌေန၊ တည်ရာဖြစ်သော အနက်သ ဘောကြောင့်။ ပဒံ၊ ပဒမည်၏။ ဣတိ၊ ဤသို့။ သိက္ခာနံ၊ စတု ဘုမ္မိက ကုသိုလ်တရားတို့၏။ ပဒတ္တာ၊ တည်ရာ၏အဖြစ် ကြောင့်။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့မည်ကုန်၏။

ထိုမှတပါး နိစ္စသီလ၏အစွမ်းအားဖြင့် ၅-ပါးသီလကို ၄င်း, ဥပုသ်နေ့၌ ၈-ပါးသီလကို၄င်း, အားအစွမ်းရှိခဲ့သော် ၁၀-ပါးသီလ၄င်း ကောင်းမွန်ရိုသေစွာ စောင့်ရှောက်၍ "အခမ္မိကဝါဏိဇ္ဇ"ခေါ် မလျော်သောကုန်သွယ်ခြင်း ၅-ပါး တို့ကို ပယ်ရှားလျက် "ဓမ္မိကဝါဏိဇ္ဇ" ခေါ်တရားနှင့် လျော်သော ကုန်သွယ်ခြင်း, လယ်လုပ်ခြင်း စသည်တို့ဖြင့် ကောင်းစွာအသက်မွေးခြင်းသည် သမ္မာအာဇီဝ ဖြစ်ကြောင်း ကို (ဇိနာလင်္ကာရ ဋီကာ) ဖွင့်၏။

---

## ပျက်စီးပါက ဆောက်တည်ရ

> ပုန သမာဒါနေန ပဋိတ္တံ သီလဿ သမ္ပဇ္ဇတိ။
> [ခုဒ္ဒကပါဌ အဋ္ဌကထာ]

သီလဿ၊ပျက်စီးသောသီလ၏။ဝါ၊ ကို။ပုနသမာဒါနေန၊ တဖန်ဆောက်တည်ခြင်းဖြင့်။ ပဋိတ္တံ၊ ငါးပါးသောအင်္ဂါ ၏အဖြစ်သို့။ သမ္ပဇ္ဇတိ၊ ရောက်၏။

မိမိတို့၏သီလပျက်စီးသွားပါက တဖန်ဆောက်တည်ခြင်း ဖြင့် သီလပြည့်စုံ၏၊ လူပုဂ္ဂိုလ်တို့၏ တပေါင်းတည်းအားဖြင့် ဆောက်တည်ထားမှု ဆောက်တည်ထားသော သီလကား တပါးပျက်ကအကုန်ပျက်ရတော့၏၊တပါးစီအားဖြင့်ဆောက်

တည်ထားမှုကား တပါးပျက်လျှင် တပါးသာပျက်သည်၊ ကျန်လေးပါးမပျက်၊ သူတို့၏သီလအားလုံးဤနည်းချည်းမှတ်လေ၊ သာမဏေတို့မှာကား လိင် ၁၀-ပါးထည်းမှ တပါးပျက်က အကုန်ပျက်လေတော့၏။

[သမ္မောဟဝိနောဒနီ သိက္ခာပဒဝိဘင် အဋ္ဌကထာ]

ပဉ္စင်္ဂသီလပြီး၏။

---

## ဗြဟ္မစရိယ ပဉ္စက သီလ

## ဗြဟ္မစရိယ ပဉ္စက သီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ ဗြဟ္မစရိယ ပဉ္စကသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ....မေ ဘန္တေ။

တတိယမ္ပိ....မေ ဘန္တေ။

[လိုရင်း] ဗြဟ္မစရိယ ပဉ္စက သီလံ၊ မေထုန်မစပ်မြတ်သော အကျင့်လျှင်ငါးခုမြောက်ရှိသောသီလဟူသော။ ကျန်ပုဒ်များ ငါးပါးသီလနှင့်တူပြီ၊ သိက္ခာပုဒ် ဘွင်လည်းကာမေသုမိစ္ဆာစာရနေရာ အဗြဟ္မစရိယ ထည့်ရုံသာထူး၏။

---

## အဗြဟ္မစရိယ သိက္ခာပုဒ်

အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အဗြဟ္မစရိယာ၊ မမြတ်သောမေထုန်အကျင့်မှ။ ဝေရမဏီ သိက္ခာပဒံ....ကို။ သမာဒိယာမိ၊ ....ပါ၏။

[အမှာ] မေထုန်အကျင့်မှ ရှောင်ကြဉ်ပါ၏ဟူလို၊ ကာမေသုမိစ္ဆာစာရ၌ကား မိမိကာမပိုင်ကို သွားသော

ပြုကျင့်ရသေး၏၊ အမြဲဟူ၍စရိယကား မေထုန်မှုကို လုံးဝမပြုကျင့်ရဟုမှတ်၊ အိမ်ထောင်မရှိသော သူတော်စင်များမှာ ရိုးရိုးပဉ္စင်္ဂသီလထက် ဤဗြဟ္မစရိယ ပဉ္စက သီလကို ဆောက်တည်ကြလျှင် သာလွန်၍ အကျိုးများဘွယ်ရှိ၍ ဆောက်တည်ကြပါကုန်။

ဗြဟ္မစရိယ ပဉ္စက သီလပြီး၏။

---

## အာဇီဝ ဋ္ဌမက သီလ

### အာဇီဝ ဋ္ဌမက သီလ တောင်း

အဟံ ဘန္တေ တိသရဏေန သဟ "အာဇီဝဋ္ဌမက သီလံ" ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ.... မေ ဘန္တေ။

တတိယမ္ပိ.... မေ ဘန္တေ။

[လိုရင်း] အာဇီဝဋ္ဌမက သီလံ၊ အသက်မွေးစင်ကြယ်ခြင်းလျှင် ရှစ်ခုမြောက်ရှိသော သီလ ဟူသော။ ။ ကျန်ပုဒ်များ ငါးပါးသီလနှင့် တူပြီ၊ သိက္ခာပုဒ်များမှာလည်း ပါဏာတိပါတမှ မုသာဝါဒအထိ ၄-ပါးတူပြီ၊ သုရာမေရယလည်း ရသကာမဖြစ်၍ ဖဿကာမဖြစ်သော ကာမေသုမိစ္ဆာစာရ၌ သွင်းယူအပ်၏၊ ထူးသည်ကိုသာပြတော့အံ့။

[အနုဋီကာ, အဘိဓမ္မတ္ထဝိဘာဝနီဋီကာ]

---

## ပိသုဏ ဝါစာ သိက္ခာပုဒ်

(၅) ပိသုဏဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၅) ပိသုဏာဝါစာ၊ ချောပစ် ကုန်းတိုက်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊.... ကို။သမာဒိယာမိ၊.... ပါ၏။
[မှတ်ချက်] ချောပစ် ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

## ကုန်းတိုက်ရာ၌ အင်္ဂါ ၄-ပါး

(၁) ကွဲပြားစေအပ်သောသူဖြစ်ခြင်း,
(၂) သူနှစ်ဦးတို့၏ ကွဲပြားခြင်းကို ရှေးရှုသည်၏အဖြစ်, သူတို့နှစ်ခြင်းကွဲပြား၍ ငါ့ကိုချစ်ခြင်းဖြစ်လတ္တံ့ ဟုမိမိအား ချစ်စေလိုခြင်းကိုရှေးရှုသည်၏အဖြစ်၊ ဤအကြောင်း ၂-ပါးတို့တွင် တပါးပါးသောအကြောင်းကို အကြံရှိခြင်း,
(၃) ကွဲပြားခြင်းအားလျော်သောလုံ့လကိုပြုခြင်း,
(၄) ကွဲပြား စေအပ်သော သူ၏ ထိုစကား အနက်အဓိပ္ပါယ်ကိုသိခြင်း အားဖြင့် အင်္ဂါ၄-ပါးတည်း။
ဤအင်္ဂါ ၄-ပါးဖြင့် ကွဲပြားကြောင်းကို ပြုသော်လည်း မကွဲပြားက ကမ္မပထ မမြောက်၊ ကွဲပြားသော်သာလျှင် ကမ္မပထ မြောက်၏၊ ပယောဂကား ကာယပယောဂ တပါးသာတည်း။

## ကုန်းတိုက်ပြစ်

ချောပစ် ကုန်းတိုက်သောသူကား ရှည်မြင့်စွာသောကာလပတ်လုံး ငရဲ၌ခံပြီး၍ ငရဲမှလွတ်သောအခါ ခံတွင်းမှပိုးလောက်တဖွားဖွားထွက်လျက် မိမိပါးစပ်ကို ထိုထို ဤဤကိုက်ခဲ၍ အရေထက်ဝန်းကျင်တွင် အပုပ်နံ့တို့ဖြင့် ပျံ့နှံ့သော ပုတိမုခ ပြိတ္တာဖြစ်ရလေ၏။ ပေတဝတ္ထု ပါဠိတော်,

ၒင်း အဋ္ဌကထာ)လူ့ဘဝရပြန်သော် သူတပါးတို့၏ ဆဲရေး စွပ်စွဲခြင်းကိုခံရ၍ ကြီးစွာသော ရှက်ကြောက်ခြင်းသို့ရောက် ရ၏။ [ဓမ္မပဒ]

---

## ရှောင်ကြဉ်ရကျိုး

ချောပစ် ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်သော သူကား ဤဘဝမှစုတေသော် နတ်ပြည်၌ဖြစ်ရခြင်း, လူ့ပြည်သို့တဖန် ဖြစ်ရပြန်သော် လေးကျွန်းသနင်း စကြာမင်းဖြစ်ရခြင်း, ပြည့်စုံ ညီညွတ်သောသွားရှိခြင်း, မခေါ မကြဲသောသွားရှိခြင်း, မပြို မကွဲ မြဲသောအခြံရံရှိခြင်း, အဆုံးဘဝ မဂ်,ဖိုလ် ကိုရခြင်း အကျိုးထူးတို့ကိုရလေ၏။

[သုဘ်ပါထေယျ လက္ခဏသုတ္တ]

ပိသုဏဝါစာ သိက္ခာပုဒ်ပြီး၏။

---

## ဖရုသ ဝါစာ သိက္ခာပုဒ်

(၆) ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၆)ဖရုသဝါစာ၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း မှ။ ဝေရမဏီသိက္ခာပဒံ၊....ကို။ သမာဒိယာမိ၊....ပါ၏။

[**မှတ်ချက်**] ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

---

## စကားပြောကြမ်းရာ၌ အင်္ဂါ ၃-ပါး

(၁) ဆဲရေးအပ်သောတပါးသူဖြစ်ခြင်း,

(၂) အမျက်ထွက်သောစိတ်ရှိခြင်း,

(၃) ယုတ်,မြတ်သော အမျိုး,အမည်, အနွယ်, အမှု, အတတ်, အနာ, အသွင်သဏ္ဌာန်, ယုတ်သောကိလေသာ,ယုတ်,မြတ်သောအာပတ်ဖြင့်ဆဲရေးခြင်း။

ဤ ၁၀-ပါးတို့တွင် တပါးပါးသော အမည်ကိုယူ၍ ဆဲရေးခြင်း ဤအင်္ဂါ ၃-ပါးစုံလျှင် ကမ္မပထ မြောက်၏၊ မစုံလျှင် မမြောက်၊ ပယောဂကား ကာယပယောဂ တပါးသာတည်း။

---

## စကားကြမ်းပြောပြစ်

ကြမ်းတမ်းသောစကားကို ပြောဆိုသောသူသည် စုတေ မနေ သေလွန်ပြီးနောက် ရှည်မြင့်လှစွာ ငရဲ၌ ရတတ်ခြင်း, (ဓမ္မပဒ အဋ္ဌကထာ ရေဝတီဝတ္ထု) ပြိတ္တာဘုံ၌ဖြစ်ရတတ်ခြင်း, မိမိပြုသော ဝစီဒုစရိုက်အားလျော်စွာ ထမင်းမစားရ, ရေမသောက်ရ, အဝတ်မဝတ်ရ, အစာ, ရေတို့ကိုတွေ့၍ သောက်စားမည်ပြုလျှင် သွေး, ပြည်, ကျင်ကြီး, ကျင်ငယ်သာ ဖြစ်၍ အတိုင်းမသိသော ဆင်းရဲကိုခံစားရလေ၏။

[ပေတဝတ္ထု အဋ္ဌကထာ- ပူတိမုခပေတဝတ္ထု]

---

## ရှောင်ကြဉ်ရကျိုး

ကြမ်းထမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သောသူကား လူ့ဘဝမှ စုတေသော် နတ်ပြည်သို့ဖြစ်ရခြင်း, လူ့ပြည်သို့တဖန်ဖြစ်ရပြန်သော် လေးကျွန်းသနင်းစကြာမင်းဖြစ်ရခြင်း, ကြီးပြန့်နူးညံ့သောလျှာရှိခြင်း, ဗြဟ္မာမင်းအသံ, ကရဝိက်ငှက်မင်း အသံကဲ့သို့သော အသံရှိခြင်း,သူတပါးတို့

ယုံကြည်အပ်သောစကားရှိခြင်း အဆုံးဘဝ၌ မဂ်,ဖိုလ်ရခြင်း အကျိုးထူးတို့ကိုရလေ၏။

[သုတ်ပါထေယျလက္ခဏာသုတ္တ]

ဖရုသဝါစာသိက္ခာပုဒ်ပြီး၏။

---

## သမ္ဖပ္ပလာပ သိက္ခာပုဒ်

(၇) သမ္ဖပ္ပလာပါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၇) သမ္ဖပ္ပလာပါ၊ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ။ဝေရမဏီသိက္ခာပဒံ၊....ကို။ သမာဒိယာမိ၊ ...ပါ၏။

[မှတ်ချက်] ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

---

## အဖျင်းပြောရာ၌ အင်္ဂါ ၂-ပါး

(၁) အကျိုးမရှိသောစကားကို ရှေးရှုသည်ဖြစ်ခြင်း,
(၂) ထို အကျိုး မရှိသော စကားကို ပြောဆိုခြင်း
အင်္ဂါ ၂-ပါး။

ထိုပြောဆို အပ်သော အကျိုးမရှိသော စကားကို သူတပါးတို့ မယူလျှင် ကမ္မပထမမြောက်၊ ယူသော်သာ မြောက်၏၊ ပယောဂကား ကာယပယောဂ တပါးသာတည်း။

သမ္ဖပ္ပလာပ၌ အကျုံးဝင်သော တိရစ္ဆာနကထာ ၃၂-ပါးကား-

(၁) မင်းနှင့်စပ်သောစကား,ထို့အတူ (၂) ခိုးသူ, (၃) အမတ်ကြီး, (၄) စစ်သည်, (၅) ကြောက်ခြင်း, (၆) စစ်ထိုးခြင်း,(၇)ထမင်း,(၈)အဖျော်, (၉)အဝတ်,

(၁၀) အိပ်ရာ, နေရာ, (၁၁) ပန်း, (၁၂) နံ့သာ, (၁၃) ဆေးမျိုး,(၁၄) ယာဉ်,(၁၅) ရွာ,(၁၆) နိဂုံး, (၁၇) မြို့,(၁၈) ဇနပုဒ်,(၁၉) မိန်းမ,(၂၀)ယောကျာ်း, (၂၁) လုလင်ကျို့,(၂၂) မိန်းမပျို,(၂၃) ရဲရင့်ခြင်း, (၂၄) ခရီး,(၂၅) ခရီး၌နေသောသူ,(၂၆) ရေဆိပ်,(၂၇) ရေ ဂျက်သောကျွန်မ,(၂၈) ရှေးပျက်စီး သောဆွေမျိုး,(၂၉) အထူးထူးသော စကား, (၃၀) လောကကိုဘန်ဆင်းသည်, (၃၁) သမုဒ္ဒရာကိုဘန်ဆင်းသည်,(၃၂) ဤသို့ပွား၏၊ဤသို့ ဆုတ်၏-ဟူသောစကား—ဤ ၃၂—ပါးသော စကားတို့သည် နတ်ရွာ, နိဗ္ဗာန်, ချမ်း, မဂ်, ဖိုလ်မှ ဖီလာဖြစ်သောကြောင့် အကျိုးစီးပွား မရှိသော တိရစ္ဆာနကထာ မည်ကုန်၏။

[သီလက္ခန်ပါဠိတော် သာမညဖလသုတ်]

---

## ဝါစာသုံးပါး သတိထား

ဤအရာ၌—

(၁) ဝိရတီဝါစာ,

(၂) သဒ္ဒဝါစာ,

(၃) စေတနာဝါစာ

ဟူ၍ သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင်—

(၁) မဂ္ဂင်ရှစ်ပါး၌ ပါသော သမ္မာဝါစာသည် ဝိရတီ ဝါစာမည်၏။

(၂) အသံကိုဖြစ်စေတတ်သော သဒ္ဒရုပ်သည် သဒ္ဒဝါ စာမည်၏။

(၃) ဗိသုဘာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာ- ဤသုံးပါးသည် စေတနာဝါစာမည်၏။

ထို့ကြောင့် နှုတ်ကချီသော်လည်း စေတနာက ထိုကံသုံးပါးတွင် တပါးပါးသို့ ရှေးရှုလျှင် စေတနာရှေးရှုရာ ဒွါရိုက်ဝါစာ ဖြစ်တော့သည်သာတည်း။

---

## အဖျင်းပြောပြစ်

သဘာဝကင်း ပြိန်ဖျင်းသောစကားကို ပြောဆိုသူသည် စုတေမနေ သေလွန်သည်၏ အခြားမဲ့၌ ငရဲ၌ ခံရ၏၊ ဤအရာမှာ သံယုတ်ပါဠိတော်လာ ဂါမဏိဝတ္ထုဖြင့် သိရ၏။ သတ္တဝါတို့ကား မူလကပင် ရာဂ, ဒေါသ, မောဟ မကင်းကြပေ၊ ထိုပုဂ္ဂိုလ်တို့အား သဘင်သည်များသည် ဟပ်နှစ်သက်ခြင်း, အမျက်ထွက်ခြင်း, မိုက်မဲတွေဝေခြင်းငှါ ဖြစ်သောအာရုံတို့ကို ပြသပြောဆိုကာ မိမိ, သူတပါး နှစ်ဦးသားလုံး လွန်စွာ မေ့လျော့စေသောကြောင့် သေသည်၏ အခြားမဲ့၌ အဝီစိငရဲ၏တခုသောအရပ် ပဟာသငရဲတွင် တီးမှုတ်, ဆို, ကကာ ခံရလေ၏။

---

## ရှောင်ကြဉ်ရကျိုး

ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သောသူကား လူ့ဘဝမှ စုတေသော် နတ်ပြည်၌ဖြစ်ရ၏၊ လူ့ပြည်သို့တဖန် ဖြစ်ရပြန်သော် လေးကျွန်းသနင်း စကြာမင်းဖြစ်ရခြင်း, ခြင်္သေ့မင်းမေးနှင့် တူသော မေးရှိခြင်း, သူတပါးတို့ မဖျက်ဆီးနိုင်ခြင်း, အသုံးဘဝ၌ မဂ်, ဖိုလ် ကိုရခြင်း အကျိုးတို့ကိုရလေ၏။ [သုတ်ပါထေယျ လက္ခဏာသုတ္တ]

## မကောင်းကိုရှောင်

ပုရိသဿဟိ ဇာတဿ၊ ကုဓာရီ ဇာယတေ မုခေ။
ယာယ ဆိန္ဒတိ အတ္တာနံ၊ဗာလော ဒုဗ္ဘာသိတံ ဘဏံ။ ။

ဇာတဿ၊ မွေးဘွားရှိလာသော။ ပုရိသဿ၊ ယောကျ်ား မိန်းမဖြစ်သော သတ္တဝါ၏။ မုခေ၊ ခံတွင်း၌။ ကုဓာရီ၊ စက် ဆုပ်ဘွယ်အသွားရှိသော ဝစီဒုစရိုက်လေးပါး ဟူသော ဓားမ လေးစင်းသည်။ဇာယတေ၊ပါလာသည်ဖြစ်၏။ယာယ၊အကြင် ခံတွင်းတွင် ပါလာသော ဝစီဒုစရိုက်လေးပါးဟူသော ဓား မလေးစင်းဖြင့်။ဒုဗ္ဘာသိတံ၊ မကောင်းသော ဒုစရိုက်စကားကို။ ဘဏံ–ဘဏန္တော၊ ပြောဆိုရေရွက်လျက်။ ဗာလော၊သူမိုက် သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဆိန္ဒတိ၊ ခုတ်စင်း, လှည်း ဖြတ်လေတော့၏။

---

## ကောင်းကိုဆောင်

(၁) သုဘာသိတဝါစာ–ကောင်းမွန်ပြေပြစ်သောစကား,
(၂) ဓမ္မဝါစာ–တရားနှင့်ယှဉ်သော စကား,
(၃) ပိယဝါစာ–ချစ်ဘွယ်သောစကား,
(၄) သစ္စဝါစာ–ဟုတ်မှန်သော စကား–

ဤလေးခွန်းသော စကား မျိုးသာ ပြောဆို ရာ၏။

[ဆောင်] သုဘာသိတာနှင့်၊ပိယငယ် ဝါစာ။ ။သစ္စံ, ဓမ္မံ ထည့်၊ ဖြစ်၏လေးဖြာ။ ။ဤလက်ာ အင်္ဂါကွဲ့ မှတ်အုံး။ ။စကားစမည်၊ဆိုကသည်ကို၊မလွန် ရအောင်၊ ပြောကြလက်သုံး။ ။
[သုဘာသိတ သုတ်တော်မှ။]
သမ္မပ္ပလာပ သိက္ခာပုဒ်ပြီး၏။

## မိစ္ဆာဇီဝသိက္ခာပုဒ်

(၈) မိစ္ဆာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၈) မိစ္ဆာဇီဝါ၊ မှားသော အသက်မွေးမှုမှ။ ဝေရမဏီ သိက္ခာပဒံ၊....ကို။ သမာဒိယာမိ၊....ပါ၏။

[မှတ်ချက်] မှားသောအသက်မွေးမှုမှရှောင်ကြဉ်ပါ၏ ဟူလို၊ အသက်မွေးဝမ်းကြောင်း-အရောင်းအဝယ် အလုပ်အကိုင်ဟူသမျှကို ပါဠိလို "အာဇီဝ"၊ရှစ်ခုမြောက်ရှိသောသိက္ခာပုဒ်ကိုပါဠိလို"အဋ္ဌမက"၊ နှစ်ရပ်ပေါင်း "အာဇီဝဋ္ဌမကသီလ"ဟုမှတ်။

ဤအာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံကို ပါဠိတော်, အဋ္ဌကထာတို့၌ တိုက်ရိုက်မပြ၊ ငါးပါးသီလစသည်ဆောက်တည်ပုံကို"နယဂ္ဂါဟ"နည်းယူ၍ ရှေးပညာရှိများ ပြထားခြင်းဖြစ်၏၊ ထိုသိက္ခာပုဒ် ၈-ပါးတို့တွင် ၁—နံပါတ်မှ ၇—နံပါတ်ထိ သိက္ခာပုဒ်တို့ကား သုစရိုက် ၁၀-ပါးတွင် ကာယကံ ၃—ပါးနှင့် ဝစီကံ ၄—ပါးပင်တည်း၊ထိုကံ ၇—ပါး လုံခြုံပြီးသူ၌"ဥပါသကာဂုဏ်ငါးပါး"က ပြခဲ့သော အခမ္မီက ဝါဏိဇ္ဇ ခေါ် တရားနှင့်မလျော်သော ရောင်းဝယ်ခြင်း ၅—မျိုးမှ စင်ကြယ်ပါမူ "အာဇီဝဋ္ဌမကသီလ" ဆောက်တည်သည်ဖြစ်စေ,မဆောက်တည်သည်ဖြစ်စေ အမြဲလုံခြုံနေတော့၏။

ထို့ကြောင့် ဤ"အာဇီဝဋ္ဌမကသီလ"ကား ငါးပါး သီလကဲ့သို့ပင်ဆောက်တည်သည်ဖြစ်စေ, မဆောက်တည်သည်ဖြစ်စေ လွန်ကျူးက အပြစ်၊ ရှောင်ကြဉ်က အကျိုးရ၏။ ၅—ပါးသီလသည် သူတော်စင်ဟူသမျှ အမြဲ စောင့်ထိန်းရသော ကိုယ်ကျင့်သီလဖြစ်သကဲ့သို့ ဤ"အာဇီဝဋ္ဌမကသီလ"

သည်လည်း အထက်တန်းသူတော်စင်မှန်သမျှ အမြဲစောင့် ထိန်းရမည့် "နိစ္စ သီလ"ဖြစ်၏။ ထို့ကြောင့် ကျမ်းဂန်များ ၌ "အာဒိဗြဟ္မစရိယသီလ"ဟုလည်း ခေါ်သေး၏၊ (ဗြဟ္မ စရိယ-မဂ်ရကြောင်း ကောင်းသောအကျင့်၏။ အာဒိ၊ အစ ဖြစ်သော။သီလ-အကျင့်။) အာဇီဝဋ္ဌမက သီလသည် မဂ် တရားရဖို့ရန် အခြေခံသီလဖြစ်၏ဟုလို၊ ဤအရာဝယ်"အရိ ယာကန္တ ငါးပါးသီလ"ထက်ဝန်းကျင်မှ လုံခြုံလျှင်လည်း "အာဇီဝဋ္ဌမကသီလ"ကိစ္စ ပြီးတော့သည်သာ၊ ထို့ကြောင့် ၅-ပါးသီလနှင့်အတူတူဟုမှတ်လေ။

---

## စောင့်မစောင့်ရ ဝိဝါဒ

ဤ"အာဇီဝဋ္ဌမကသီလ"ကို စောင့်ကောင်း, မစောင့် ကောင်း ငြင်းခုံကြ၏၊ မစောင့်ကောင်းစရာအကြောင်း ရှာ၍ မရရုံမျှမက "မဇ္ဈိမနိကာယ်, ပရိဗ္ဗာဇကဝဂ်၊ သမဏမုဏ္ဍိ ကပုတ္တ"သုတ်၌ "ထပတိ"သူကြွယ်အား ဘုရားရှင်ဟောကြား တော်မူသည်မှာ"ကတမေစ ထပတိကုသလာသီလာ၊ကုသလံ ကာယကမ္မံ ကုသလံဝစီကမ္မံ ပရိသုဒ္ဓံ အာဇီဝမ္ပိခေါ အဟံ ထပတိသီလသ္မိံ ဝဒါမိ၊ဣမေဝုစ္စန္တိ ထပတိ ကုသလာသီလာ" "ထပတိ၊အို ထပတိသူကြွယ်....။ ကတမေ၊အဘယ်တရားတို့ သည်၊ကုသလာ သီလာ၊ ကုသိုလ်ဟူသော ကိုယ်ကျင့်သီလတို့ ဖြစ်ကုန်သနည်း ဟူမူကား။ ကုသလံ၊ ကုသိုလ်ဟု ဆိုအပ် သော၊ ကာယကမ္မဥ္စ၊ ကာယကံ ၃—မျိုးကိုင်း။ ကုသလံ၊ ကုသိုလ်ဟုဆိုအပ်သော။ ဝစီကမ္မဥ္စ၊ ဝစီကံ ၄—မျိုးကိုင်း။ ပရိသုဒ္ဓံ၊ သန့်ရှင်းစင်ကြယ်သော။ အာဇီဝမ္ပိ၊ အသက်မွေးမှု ကိုင်း။ ခေါ၊ စင်စစ်အားဖြင့်။ သီလသ္မိံ၊ သီလတရားဟူ၍။

အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ထပတိ၊ အို-ထပတိ သူကြွယ်။ ဣမေ၊ အာဇီဝလျှင် ရှစ်ခုမြောက်ဖြစ်သော ကာယကံ ကုသိုလ် ဝစီကံ ကုသိုလ် တို့ကိုပင်။ ကုသလာသီလာ၊ ကုသိုလ် သီလဟူ၍။ဝဒ္ဒါမိ၊ ဆိုအပ်ကုန်၏။ ။ဤသို့ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် ခွင့်ပြုတော်မူအပ်သော ဘုရားဟော သီလသာဖြစ်၏။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ဋီကာတို့လည်း ဖွင့်၏၊) ဝိမုတ္တိရသကျမ်းဆရာ ယောအတွင်းဝန်က အာဇီဝဋ္ဌမကသီလသာ နိဗ္ဗာန်ကို တိုက်ရိုက် အကျိုးပေးနိုင်သည်ဟု အမှားညွှန်ပြခြင်းကိုသာ ဆိဒ္ဓိ ပိဓာနနီကျမ်း နောက်ပိုင်းမှာ မဟာဝိသုဒ္ဓါရုံ ဆရာတော်က ပယ်ဖျက်ခြင်းဖြစ်သည်၊ အာဇီဝဋ္ဌမကသီလကို တိုက်ဖျက်သည်မဟုတ်၊ အမှန်မှာကား မဂ်ကုသိုလ် မဟုတ်သေးလျှင် မည်သည့်သီလမျှ နိဗ္ဗာန်သို့ တိုက်ရိုက်မရောက်စေနိုင်၊ ဝဋ်ဒုက္ခကုန်ခန်းရေးအတွက် ရည်ရွယ်လိုက် ဆောက်တည်သူမှာ အာဇီဝဋ္ဌမက သီလက နိဗ္ဗာန်ရောက်မှုအထောက်အပံ့ ပြုနိုင်သကဲ့သို့ အခြား ငါးပါးသီလစသည်တို့ကလည်း နိဗ္ဗာန်ရောက်မှုအထောက်အပံ့ပြုနိုင်သည်သာတည်း။

ဤ''အာဇီဝဋ္ဌမက သီလ''သည်လည်း-

(၁) ရဟန်းတို့၏ အာဇီဝဋ္ဌမကသီလ,

(၂) ပကတိလူတို့၏ အာဇီဝဋ္ဌမကသီလ,

(၃) ရသေ့သူတော်တို့၏အာဇီဝဋ္ဌမကသီလ-

အားဖြင့်သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင်-

(၁) ရဟန်း,သာမဏေတို့မှာ ထင်ရှား ရှိတိုင်းဖြင့်ပင် အာဇီဝဖြစ်၏။

(၂) ပကတိလူတို၏ (က) ကမ္ဗပထ အာဇီဝဋ္ဌမက သီလမှာမူ အစမ္ဘိက ကုန်ငါးပါးကိုကြဉ်၍ ထက်ဝန်းကျင် လုံခြုံစွာငါးပါးသီလကို ဆောက်တည်သည်ကစ၍ပြည့်စုံ၏၊ (ခ) ၈-ပါး, ၉-ပါး, ၁၀-ပါးတို့တွင် တပါးပါးနှင့် ပြည့်စုံခဲ့မူ ပဏ္ဏတ္တိ-ပညတ်တော်မူသော အာဇီဝဋ္ဌမကသီလ နှင့် ပြည့်စုံ၏၊ ဤပဏ္ဏတ္တိ သုစရိတ အာဇီဝဋ္ဌမကသီလကို လူ,ရှင်,ရဟန်း ပြည့်စုံလုံခြုံနိုင်ခဲ၏၊ ကမ္ဗပထ သုစရိတ အာဇီဝဋ္ဌမကသီလကား လုံခြုံလွယ်၏ဟုမှတ်။

[မှတ်ချက်] နေတ္တိဟာရအဋ္ဌကထာ,မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ, ၎င်းဋီကာ။

---

## မိစ္ဆာဇီဝသဘာဝ

မိစ္ဆာဇီဝမှုများကား-

(၁) သူ့အသက်ကိုသတ်၍ပစ္စည်းရှာမှု,

(၂) ခိုးတိုက် လုယက်၍ပစ္စည်းရှာမှု,

(၃) သူတပါးက ပစ္စည်းဥစ္စာပေးသဖြင့် သူ့သားအိမ် ရာကိုကျူးလွန်ဖျက်ဆီးမှု,

(၄) မတရားရှေ့နေ, မတရားသက်သေလိုက်ခြင်း, လိမ် လည်လှည့်ပတ်၍ ရောင်းဝယ်ခြင်းတို့ဖြင့် ပစ္စည်း ရှာမှု,

(၅) ပစ္စည်းရအောင် ရန်တိုက်ပေးမှု,

(၆) သူတပါးက ပစ္စည်းပေး၍ အဆဲခိုင်းသဖြင့် ဆဲမှု,

(၇) ကွက်စိပ်, စာပြော,သဘင်သည်အလုပ်ဖြင့် မဟုတ် မမှန်ကြားသူတို့ ပျော်ရွှင်ရရန် စိတ်လေလွင့်ရန် ဒဏ္ဍာရီ ဇာတ်ဝတ္ထုများကို ပြောဆိုမှုများသည် "မိစ္ဆာဇီဝ"မှုများပင်တည်း။

ဤမိစ္ဆာဇီဝမျိုးကို ပါဏာတိပါတ စသော ရှေ့သိက္ခာပုဒ် ၇-ပါးဖြင့် ရှောင်ကြဉ်ပြီးသားဖြစ်သော်လည်း "မြဲရာသံပတ်"ဟူသကဲ့သို့ ဤမိစ္ဆာဇီဝသိက္ခာပုဒ်ဖြင့်လည်း ရှောင်ကြဉ်ရပြန်၏။

---

## မိစ္ဆာဇီဝ သဘာဝ

မိစ္ဆာဇီဝ များကား—

(၁) သတ္တဝါဏိဇ္ဇာ-လူသတ္တဝါကို သွေးဆောင်ခေါ်ယူ၍ သူတပါးထံ ကျွန်အဖြစ်ရောင်းမှု (ပြည့်တန်ဆာများကို မွေး၍ ခေါင်းလုပ်မှုများလည်းပါဝင်၏။)

(၂) သတ္ထဝါဏိဇ္ဇာ-ဓား,လှံ,သေနတ်,ပိုက်ကွန် စသော လက်နက်များရောင်းမှု,

(၃) ဝိသဝါဏိဇ္ဇာ-အဆိပ်ရောင်းမှု,

(၄) မဇ္ဇဝါဏိဇ္ဇာ-ထန်းရည်, အရက်, ဘိန်း, ဘင်း, ကစော်စသည်ရောင်းမှု,

(၅) မံသဝါဏိဇ္ဇာ-နွား, ကျွဲ, ကြက်, ဝက်, ဆိတ်, ငှက် စသည်နှင့် ဥပဟူသမျှပါ အသားစားရန် သတ်ဖြတ်သူအား ရောင်းမှုဟု ကျမ်းဂန်ဝယ် ကုန်မသွယ် ကောင်းကြောင်း ၅-ပါးပြ၏။

ထိုမှတပါး မြင်းလောင်း, နွားလောင်း, ကျွဲတိုက်,ဖဲရိုက်၍ ပစ္စည်းရှာမှုများလည်း မိစ္ဆာဇီဝပင်၊မိမိကိုယ်တိုင်မပြုသော်လည်း စီပွားတူဖြစ်သော လင်,မယား,သား,သမီး,ညီ,အစ်ကို, မောင်,နှမ စသည်တို့၏မိစ္ဆာဇီဝကို ဝမ်းမြောက်သဘောတူလျှင်လည်း မိစ္ဆာဇီဝပင်တည်း၊ သဘောမတူလျှင်ကား မိမိမှာ မိစ္ဆာဇီဝ မဖြစ်ဟုမှတ်။

---

## သမ္မာအာဇီဝ သဘာဝ

မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ တရားသဖြင့်ရရှိသော ပစ္စည်းဥစ္စာကို"ဓမ္မိယလဒ္ဓ"ပစ္စည်းဟုခေါ်သည်၊(ဓမ္မိယ၊ တရားနှင့်လျော်စွာ။လဒ္ဓ၊ရအပ်သောပစ္စည်း။)အဓမ္မအနှစ်ရခြင်း,ကုလီ, တောင်သူ, စာရေး, ကျောင်းဆရာ, အတိုးရင်းပွားပေးခြင်း စသည်တို့သည် များသောအားဖြင့် "ဓမ္မိယလဒ္ဓ"ပစ္စည်းများတည်း၊ ထိုပစ္စည်းဖြင့် အသက်မွေးခြင်းကား "သမ္မာအာဇီဝ"ပင်တည်း။

---

## သမ္မာအာဇီဝ နှစ်ဝါဒ

ဤသမ္မာအာဇီဝသည်—

(၁) သုတ္တန်သမ္မာအာဇီဝ,

(၂) အဘိဓမ္မာသမ္မာအာဇီဝဟု ၂-မျိုးရှိ၏၊ထို ၂-မျိုးတို့တွင်—

(၁) တရားလမ်းအတိုင်း ပစ္စည်းရှာဘွေခြင်း, တရား

သဖြင့်ရသော ပစ္စည်းများကို စားသောက် သုံးစွဲခြင်းသည် သုဉ္ဇာန်သမ္မာအာဇီဝမည်၏။

(၂) မတရားသဖြင့် ပစ္စည်းရှာကြံပါချက်များမှ ရှောင်ကြဉ်၍ နေခြင်းသည် အဘိဓမ္မာ သမ္မာအာဇီဝမည်၏၊ ထို့ကြောင့် နားမလည်ခင်က မတရားသဖြင့် ရထားသော ပစ္စည်းကို သုံးစွဲနေသော်လည်း နားလည်လာသည့်အခါ လိုက်ကဲ့သို့ မတရားပစ္စည်းရှာမှုများကို ရှောင်ကြဉ်နေပါလျှင် အဘိဓမ္မာသမ္မာအာဇီဝဖြစ်သေး၏၊ ထိုရင်းကား ရှိထားသော မတရားပစ္စည်းများသည် သုဉ္ဇာန်အလို မိစ္ဆာဇီဝဖြစ်သော်လည်း နောက်ရှောင်ကြဉ်နိုင်လျှင် အဘိဓမ္မာအလို သမ္မာအာဇီဝဖြစ်၍ အာဇီဝဋ္ဌမကသီလကို ဆောက်တည်စောင့်ထိန်းနိုင်၏ဟုမှတ်လေ။

ရဟန်းများကား မတရားရထားသော ပစ္စည်းများကို လုံးဝစွန့်ပစ်နိုင်မှသာ သမ္မာအာဇီဝ ဖြစ်နိုင်သည်၊ ဆေးကုခြင်း, ဗေဒင်ဟောခြင်း, ကြည်ညိုအောင်ပိတ် ဟန်ဆောင်မှု စသော မတရားမှုတို့ဖြင့် ရရှိသောပစ္စည်းများကို သုံးစွဲနေသမျှ သုံးတိုင်းသုံးတိုင်း အာပတ်သင့်ရုံမျှမက ထိုပစ္စည်းများကို အခြားရဟန်းများလည်း မသုံးဆောင်ထိုက်တော့ပေ၊ ထိုကြောင့် လူဖြစ်စေ, ရဟန်းဖြစ်စေ မိစ္ဆာဇီဝကို အထူးရှောင်ကြဉ်လျက် သမ္မာအာဇီဝဖြစ်အောင် အသက်မွေးပြီးလျှင် အာဇီဝဋ္ဌမကသီလကို စောင့်ထိန်းထိုက်လှပေသတည်း။

အာဇီဝဋ္ဌမကသီလပြီး၏။

## "ရှစ်ပါး-သီလ"
## ရှစ်ပါးသီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ "အဋ္ဌင် သမန္နာဂတံ ဥပေါသထသီလံ" ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ....မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ....မေ ဘန္တေ။

[လိုရင်း] အဋ္ဌင်သမန္နာဂတံ၊ ရှစ်ပါးသောအင်္ဂါနှင့်ပြည့်စုံသော။ဥပေါသထသီလံ၊ ဥပုသ်သီလတည်း ဟူသော။ ။ကျန်ပုဒ်များတူပြီ၊သိက္ခာပုဒ်တွင်လည်း သုရာမေရယ သိက္ခာပုဒ်အထိတူပြီ၊ ကျန်သိက္ခာပုဒ်များသာပြပေအံ့။

---

## ဝိကာလ ဘောဇန သိက္ခာပုဒ်

(၆) ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလ ဘောဇနာ၊နေလွဲအခါ ညစာစားခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊....ကို။ သမာဒိယာမိ၊ ....ပါ၏။

[မှတ်ချက်] နေလွဲ ညစာ စားခြင်းမှ ရှောင် ကြဉ်ပါ၏ ဟူလို။

---

## ညစာ စားခြင်း အပြစ်

ဥပုသ်စောင့်သည့်နေ့ မွန်းတည့် ၁၂-နာရီမှစ၍ နောက်နေ့ဘက်သို့ နေအရုဏ်တက်သည့်တိုင်အောင် ထမင်း,ဟင်း (ဟင်းချက်ရသော) အသီး,အရွက်, စသည်နှင့် မုန့်မျိုးစုံပါ

စားဘွယ်,သောက်ဘွယ်ရာတို့ကို စားသောက်လျှင် ဤသိက္ခာပုဒ်ပျက်၏။

(၁) ပိပါသ– ဆာလောင်မွတ်သိပ်သော အကြောင်းရှိက ဖျော်ရည်,ဘိလပ်ရည် စသည်များကိုသောက်ရ၏၊ အဖတ်ကိုကား မစားရ။

(၂) ဂေလည–နာသော ရောဂါ အကြောင်းရှိက, စတုမဓု,ထန်းလျက်,သကြားစသော ဆေးဘက်ဝင်သည့်အရာဝတ္ထုများနှင့် ဆေးအမျိုးမျိုးကို စားကောင်း၏။

(၃)အကြောင်းမရှိဘဲ ဖျော်ရည် အမျိုးမျိုးနှင့်တကွစတုမဓု,ထန်းလျက်,သကြား, ဂျင်းသုတ်,ကွမ်း, ဆေး စသည်ကို စာသောက်လျှင်ကား သိက္ခာပုဒ်လုံးလုံး မပျက်ငြားသော်လည်း ညှိုးနွမ်းလေ၏၊ သစ်ပင်ညှိုးလျှင် အသီးနည်းသကဲ့သို့ ဥပုသ်ညှိုးလျှင်လည်း အကျိုးရနည်း၏။

---

## မစားခြင်းအကျိုး

ဤသိက္ခာပုဒ်၏ ရည်ရွယ်ချက်အကျိုးကား ကိစ္စနည်း၍ တရားအာရုံပြုရန် အချိန်များစွာ ရစေခြင်း,

လောကီအာရုံ ကာမဂုဏ်ဘက်သို့ စိတ်မဝင်စားအောင် ရှောင်ကြဉ်ပြီးဖြစ်ခြင်းနှင့်တကွ တထပ်သာ စားသောသူသည် (၁) ရောဂါကင်းခြင်း, (၂) ဆင်းရဲမရှိခြင်း, (၃)ကိုယ်ပေါ့ပါးခြင်း, (၄) အားရှိခြင်း, (၅) ချမ်းသာစွာ နေရခြင်း အကျိုးတရားတို့ကိုရကြောင်း မူလပဏ္ဏာသ ပါဠိတော် ဩပမ္မဝဂ် ကကစူပမသုတ်၌ ဟောတော်မူ၏၊ အရုဏ်မတက်ခင်စားလျှင် သိက္ခာပုဒ်ပျက်၏၊ အရုဏ်ကိုလေးစားရာ၏။

## အရုဏ်တက် နေထွက် နေဝင်ဇယား

| လစဉ် | အရုဏ်တက် | | နေထွက် | | နေဝင် | |
|---|---|---|---|---|---|---|
| | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁။ တကူးလ | ၅ | ၀၀ | ၆ | ၀၀ | ၆ | ၀၀ |
| ၂။ ကဆုန်လ | ၄ | ၅၀ | ၅ | ၅၀ | ၆ | ၁၀ |
| ၃။ နယုန်လ | ၄ | ၄၀ | ၅ | ၄၀ | ၆ | ၂၀ |
| ၄။ ဝါဆိုလ | ၄ | ၃၀ | ၅ | ၃၀ | ၆ | ၃၀ |
| ၅။ ဝါခေါင်လ | ၄ | ၄၀ | ၅ | ၄၀ | ၆ | ၂၀ |
| ၆။ တော်သလင်းလ | ၄ | ၅၀ | ၅ | ၅၀ | ၆ | ၁၀ |
| ၇။ သီတင်းကျွတ်လ | ၅ | ၀၀ | ၆ | ၀၀ | ၆ | ၀၀ |
| ၀။ တဆောင်မုန်းလ | ၅ | ၁၀ | ၆ | ၁၀ | ၅ | ၅၀ |
| ၉။ နတ်တော်လ | ၅ | ၂၀ | ၆ | ၂၀ | ၅ | ၄၀ |
| ၁၀။ ပြာသိုလ်လ | ၅ | ၃၀ | ၆ | ၃၀ | ၅ | ၃၀ |
| ၁၁။ တပို့တွဲလ | ၅ | ၂၀ | ၆ | ၂၀ | ၅ | ၄၀ |
| ၁၂။ တပေါင်းလ | ၅ | ၁၀ | ၆ | ၁၀ | ၅ | ၅၀ |

## ဆောင်ရန်လက်ာ

၁။ ကူး-သောင်,နွေး,တုံ။
၂။ ဆုံ-ဖော်,ဖိ,နှင်း။
၃။ ယုန်-မြင်း,လှ,တန်။
၄။ ဆို-ပြန်, ဆယ်, ထပ်။
၅။ ခေါင်-ပြတ်, လည်,တို။
၆။ တော်-ပျို, ပြန်, နှက်။
၇။ ကျွတ်-ဟိန်,ထွက်,တင်။
၈။ မုံး-သက်, အောင်,ထိပ်။
၉။ နတ်-သား, ချိတ်,တည်။
၁၀။ သိုလ်-သိပ်,စိုး,နှံ။
၁၁။ တွဲ-သန့်, ခေါင်း,တွင်။
၁၂။ ပေါင်း- သင်, အင်ဘော၊ ချလေမမှား၊ နေသွက်ထား လော-

ယုတ်ကား ကော၊ အရက်လာ၏။

တွက်ရနာရီ၊ ဆယ့်နှစ်မှီအောင်၊ ဃဋီဥဒိန၊လိုသမျှသည်၊မောရ ပဉ္စာ-ယွန်းချိန်တည်း။

ဝိကာလဘောဇနသိက္ခာပုဒ်ပြီး၏။

## နစ္စဂီတသိက္ခာပုဒ်

နစ္စ ဂီတ ဝါဒိတ္တ ဝိသူကဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခါပဒံ သမာဒိယာမိ။

(၇) နစ္စ ဂီတ ဝါဒိတ္တ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ အကုသိုလ်များကြောင်း မကောင်းမှု ဖြစ်သော ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း,ခြောင့်တံကျင်ပမာ မဘွယ်ရာမှု ကြည့်ရှုနားထောင်ခြင်း, ပန်းပန်ခြင်း, နံ့သာပြစ်ကို နိမ့်ရာအရပ်၌ ဖို့သိပ်ခြင်း, နံ့သာရည်ကို လိမ်းကျံ ခြယ်လှယ်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊....ကို။ သမာဒိယာမိ၊....ပါ၏။

---

## မှတ်ရန်အဓိပ္ပါယ်

ဤအရာ၌နစ္စ—ကခြင်းကား မိမိကခြင်း,သူတပါးကိုကစေခြင်း ၂-ပါး၊ဂီတ—သီချင်းဆိုခြင်းကား—မိမိဆိုခြင်း, သူတပါးကိုဆိုစေခြင်း ၂-ပါး၊ဝါဒိတ္တ—တီးမှုတ်ခြင်းကား-မိမိတီးမှုတ်ခြင်း, သူတပါးကိုတီးမှုတ်စေခြင်း ၂-ပါး၊ ဝိသူက—ခြောင့်တံကျင်ပမာ သာသနာတော်လုပ်ငန်း၏ ဆန့်ကျင်ဘက်ဖြစ်သော၊ဒဿန—ကြည့်ရှုနားထောင်ခြင်း,လူဟို၏က,ပြ,တီးမှုတ်ခြင်းနှင့် တိရစ္ဆာန်များတို့ က, ပြခြင်းပါ တမင်သွား၍ ကြည့်ရှုနားထောင်မှ သီလပျက်သည်၊ မိမိဘာသာနေစဉ် မြင်လောက် ကြားလောက်ရာအရပ်သို့လာ၍ ကပြ, သီဆို,တီးမှုတ်သံများကို ကြည့်ရှု နားထောင်မိသော်ငြင်း, အခြားကိစ္စဖြင့်သွားလာခိုက်တွင် တွေ့မြင်သော်ငြင်း, သီလမပျက်ပေ၊

မာလာ-ပန်းအမျိုးမျိုး,ဂန္ဓ—နံ့သာ,(နိမ့်ရာအရပ်ကိုဖို့သိပ်၍ ရကောင်းသော နံ့သာပြစ် နံ့သာပြောင်း) ဝိလေပန—နံ့သာ ရည်,(အရောင်တင်ဆေးရေမွှေး,နံ့သာဆီ,မျက်နှာချေ,ပေါင်ဒါ) ဓာရဏ—ပန်ဆင်ခြင်း, မဏ္ဍန—ချောက်ပေါက်မာစသော နိမ့်ရာအရပ်ကို ဖို့သိပ်ခြင်း, ဝိဘူသန—လိမ်းကျံခြယ်လယ်ဆွတ်ဖျန်းခြင်း, ဌာန—ကာမစိတ်ဓာတ်များကို တိုးပွားခြင်း၏အကြောင်း ဤနံ့သာလိမ်းမှုစသည်ကို သာယာသောအားဖြင့် မပြုကောင်း၊ အနာရောဂါရှိသော် လိမ်းကျံကောင်း၏၊ ရဟန်း,သာမဏေများ၌ ကိုယ်နံ့မကောင်းက (ရေမွှေးဆပ်ပြာစသည်) ခွင့်ပြုသောကြောင့် ဥပုသ်သည်များလည်း ကိုယ်နံ့မကောင်းက သင့်မည်ထင်၏။

---

## အကျိုးနှင့်အပြစ်

ဤသိက္ခာပုဒ်လာအမှုဟူသမျှသည် လောကီအာရုံ ကာမဂုဏ်စိတ်ဓာတ်များကို တိုးပွါးစေတတ်ရကား စောင့်ထိန်းသောအားဖြင့် လောကီအာရုံဘက်၌ ညွတ်ကိုင်းမည့်စိတ်ဓာတ်များကို တားမြစ်ပြီးသားဖြစ်စေခြင်းအကျိုးရှိ၏၊မစောင့်စည်းက အပြစ်ရသည်ကိုလည်း သိကြပေရာ၏။

နစ္စ ဂီတ သိက္ခာပုဒ်ပြီး၏။

---

## ဥစ္စာသယနမဟာသယန သိက္ခာပုဒ်

(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၈) ဥစ္စာသယန မဟာသယနာ၊ မြင့်သောနေရာ မြတ်သောနေရာ၌လျောင်းစက်နေထိုင်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊····ကို။ သမာဒိယာမိ၊····ပါ၏။

---

## မှတ်ရန်အဓိပ္ပါယ်

ဥစ္စာသယန–မြင့်သော နေရာကား တတောင့်ထွာထက် ရှည်သောအခြေရှိသော အိပ်ရာ, ခုတင်, ကုလားထိုင်ကြီးများ ပေါ်၌ နေထိုင်အိပ်ခြင်းမျိုးတည်း၊ လူကြီးကအောက်က,ဥပုသ် သည်လူငယ်ကအထက်က နေခြင်းမျိုးမဟုတ်။

မဟာသယန–မြတ်သောနေရာကား စည်းစိမ်ရှင်ကြီးများ ၏ လက်လေးသစ်ထက်ရှည်သော အမွေးရှိသော အခင်း, ခြင်္သေ့,သစ်, ကျားအရုပ်များဖြင့်ခမ်းနားဆန်းကြယ်သောအ ခင်း,ရွှေချည်,ငွေချည်ထိုးပိုးအခင်း, (ရိုးရိုးပိုးအခင်းမဟုတ်) လဲ, ဝါဂွမ်းမျိုးသွတ်သောမွေ့ရာ,(အုန်းဆံသွတ်မွေ့ရာစသည် မဟုတ်) ဤသို့စသည်ဖြင့် အလွန်ခမ်းနားသော အခင်းများ တည်း၊ သင်ဖြူးချော, ကော်ဇောနုစသော ရဟန်း သံဃာ ဂုဏ်ဝါကြီးမားသောပုဂ္ဂိုလ်တို့နေရာကို ဤအရာ၌ မြတ်သော နေရာမဟုတ်။

---

## အကျိုးနှင့်အပြစ်

ဤသိက္ခာပုဒ်လည်း မြင့်မြတ်သော နေရာ၌ ခမ်းနားစွာ အိပ်စက်နေထိုင်ပါက လောကီအာရုံဘက်၌ စိတ်ဝင်စားဘွယ် ရာပင် ဖြစ်၏၊ ထို့ကြောင့် ဥပုသ် စောင့်သည့်အခါ ဤသိက္ခာ ပုဒ်နှင့်တကွ နစ္စ, ဂီတ, ဝိကာလဘောဇန, အဗြဟ္မစရိယ,

သိက္ခာပုဒ်တို့ကို ထိန်းသိမ်း စောင့်ရှောက်ရခြင်းကား လောကီ အာရုံ ကာမဂုဏ်ဘက်သို့ စိတ်မရောက်ဘဲတရားကို နှလုံးသွင်းကာ အရိယာသူတော်ကောင်းတို့၏အနေမျိုးကိုနေစေရန်အတွက် ရည်ရွယ်ချက်ဖြစ်၏၊ မစောင့်စည်းက ပြစ်ခဲ့ပြီးအပြစ်များ ကျရောက်မည်ကိုလည်း သိရာ၏၊ ဥပုသ် မစောင့်သည့်အခါ အပြစ်ဟု မဆိုသာပေ။

## ဥပုသ်

ဥပုသ်ဟူသည် "ဥပေါသထ"ဟူသော ပါဠိမှဆင်းသက်၍ ပျက်လာသော စကားတည်း၊ ညစာမစားခြင်း, သူ့အသက်မသတ်ခြင်း စသောသိက္ခာပုဒ် များနှင့်တကွ တစုံတခုသော တရားကို အာရုံပြု၍နေခြင်းဟူသော အကျင့်ကောင်း အကျင့်မြတ်နှင့် ပြည့်စုံအောင် စောင့်စည်း နေထိုင်ခြင်းကို "ဥပုသ်စောင့်"ဟု ခေါ်၏။

[ဆောင်] အင်္ဂါရှစ်တန်၊ သီလခံ၍၊ ခြိုးခြံအောင့်အည်း၊ တဖြောင့်တည်းဖြင့်၊ စောင့်စည်း အားထုတ်၊ တရားကုပ်၊ "ဥပုသ်စောင့်"ဟု ခေါ်။

ဤအရာ၌ "ဥပုသ်"သည်လည်း—

(က) အရိယဥပုသ်—

(ခ) ဂေါပါလဥပုသ်ဟု ၂-မျိုးရှိရာ—

(က) အရိယဥပုသ်ဟူသည် သီလယူ၍ တရားတမျိုးမျိုးကို အားထုတ်နေသော ဥပုသ်စောင့်သုံးခြင်းကို "အရိယဥပုသ်" (မြတ်သောဥပုသ်)ဟုဆို၏၊ဤအရိယာဥပုသ်သည်လည်း—

(၁) ဗြဟ္မဥပုသ်,

(၂) ဓမ္မဥပုသ်,

(၃) သံဃဥပုသ်,
(၄) သီလဥပုသ်,
(၅) ဒေဝဥပုသ်ဟူ၍ ၅-မျိုးရှိ၏၊ ထို ၅-မျိုးတို့တွင်—

(၁) ဗြဟ္မဥပုသ်ဟူသည် မြတ်စွာဘုရားသည် "ဗြဟ္မ" မည်တော်မူ၏၊ ထို့ကြောင့် ရှစ်ပါးသီလယူ၍ ဘုရားဂုဏ်ကို အာရုံပြု၍နေခြင်းကို ဗြဟ္မဥပုသ်ခေါ်၏၊ထို့အတူ—

(၂) တရားတော်ဂုဏ် အာရုံပြုနေပါက ဓမ္မဥပုသ်,
(၃) သံဃာတော်ဂုဏ်ကိုအာရုံပြုနေပါက သံဃဥပုသ်,
(၄) မိမိသီလ၏မကျိုးမပေါက်,မပြောက်, မကျားပုံကို အာရုံပြုကာဝမ်းမြောက်ဝမ်းသာနေခြင်းသီလကိုသီလဥပုသ်ခေါ်၏။

## မှတ်ချက်ဆောင်ပုဒ်

(၁) အင်္ဂါရှစ်ပါး၊ရင်း,အဖျားက၊ တပါးပါးကျိုး၊ ဥပုသ် မျိုး၊အကျိုး,အပြတ်ခေါ်။
(၂) အင်္ဂါရှစ်ပါး၊ အလယ် ကြားက၊ တပါးပါးပျက်၊ ဥပုသ်ထွက်၊ပေါက်,ပျက်သည်ဟုခေါ်။
(၃) အင်္ဂါရှစ်ပါး၊ခုန်ကျော်အားဖြင့်၊ ကျိုး, ကြား, ပြီး ပြောက်၊ယွင်းသွေဖောက်၊အပြောက်ဥပုသ်ခေါ်။
(၄) နွားကြောင်,နွားကျား၊ ပုံအလားသို့၊ နှစ်ပါး, သုံး ပါး၊ အများဆက်လျက်၊ တရားပျက် "ကျားကွက်" သည်ဟုခေါ်။

[မှတ်ချက်] ယခုကာလ တပါးစီခွဲ၍ ဆောက်တည်ကြသော ကြောင့် တပါးပါးပျက်သော်လည်း ကျန်သီလ အတွက်အကျိုးရှိ၏၊ အားလုံးမပျက်၊ ထိုမှတပါး နှစ်, လ, ရက်, နာရီပိုင်း စသည်အားဖြင့်သည်း စောင့်ကောင်း၏မှတ်လေ။

(၅) ဒေဝ—နတ်ဥပုသ်ဟူသည် နတ်များကို ပမာထား၍ မိမိသန္တာန်၌ရှိသော သဒ္ဓါ,သီလစသော သူတော်ကောင်းတရားများကို အောက်မေ့ဆင်ခြင်လျက် ကြည်လင် ဝမ်းမြောက်စွာနေခြင်းကို "ဒေဝဥပုသ်"ဟုခေါ်၏။

---

**ဆင်ခြင်ပုံကား**

နတ်,ဗြဟ္မာများသည် ငါတို့ကဲ့သို့ပင် လူဖြစ်စဉ်အခါက သဒ္ဓါ, သီလ စသော သူတော်ကောင်းတရားများနှင့်ပြည့်စုံကြပေသောကြောင့်နတ်ပြည်,ဗြဟ္မာပြည်မှာဖြစ်ကြရပေသည်၊ ထိုတူပမာ ယခုအခါ ငါ့သန္တာန်မှာလည်း မိဘ,ဆရာတို့၏ အဆုံးအမကြောင့် သူတော်ကောင်းတရားများ ထင်ရှားရှိပေပြီ၊ သို့အတွက် နောင်ရေးနောင်တာ သံသရာမှာ စိတ်ချဘွယ်ရာ လွန်စွာလူဖြစ်ကျိုးနပ်ပါပေစွတကားဟု ဆင်ခြင်ရာ၏။

[**မှတ်ချက်**] ဤဥပုသ်များကား, ဝိသာခါ ကျောင်းအမအား မြတ်စွာဘုရား ဟောကြားတော်မူ၏၊ အရိယဥပုသ်မျိုး၏ အကျိုးကား— ဇမ္ဗူဒိပါတကျွန်းလုံးကို အစိုးရသောမင်း, မိဖုရားအဖြစ်ထက် အကျိုးကြီးမားကြောင်းကို ဟောတော်မူပေ၏။

---

## (ခ) ဂေါပါလ ဥပုသ်

(ခ) ဂေါပါလ-နွား ကျောင်းသား ဥပုသ် ဟူသည် အရိယာဥပုသ်များကဲ့သို့ ကျနစွာ မစောင့်သုံးဘဲ နွားကျောင်းသားပမာ ယနေ့ ငါ့နွားများဟာ ဤနေရာမှာ စား၍ ဤနေရာမှာ ရေသောက်ကြပေသည်၊ နံက်ဖန်မှာကား ထိုနေရာမှာ စား၍ ထိုနေရာမှာ ရေသောက် ကြပေလိမ့်မည်-စသည်ဖြင့်

ကြံစည်တွေးတောကာနေသကဲ့သို့ ယနေ့ဤအစာများကို စား၊ သောက်၍နက်ဖြန်ကား မည်သည့် စားသောက်ဘွယ်ရာများကို စားသောက်မည်ဟု အစားအသောက်နှင့် လောကီရေး ရာများကိုသာ ကြံစည်နေခြင်းကို "ဂေါပါလဥပုသ်"ခေါ်၏။

[မှတ်ချက်] ဤဂေါပါလဥပုသ်ကား အကျိုးရငြားသော်လည်းအကျိုးမများလှဟုဘုရားရှင်ဟောတော်မူ၏၊ ထို့ကြောင့် အရိယာ ဥပုသ်မျိုးဖြစ်အောင် ကျင့်ဆောင် ကြပါကုန်။

ရှစ်ပါး သီလ ပြီး၏။

---

## ကိုးပါး သီလ
## ကိုးပါးသီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ နဝင် သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ....မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ....မေ ဘန္တေ။

[လိုရင်း] နဝင်သမန္နာဂတံ၊ အင်္ဂါကိုးပါးနှင့်ပြည့်စုံတော်မူသော။ ။ကျန်ပုဒ်များနှင့်သိက္ခာပုဒ်များကို ရှစ်ပါးသီလအတိုင်း ဆောက်တည်ပြီး၍၊ ကိုးခုမြောက် သိက္ခာပုဒ်အတွက် ဆောက်တည်ရန်ကား—

(၉) ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာ ဝန္တံ လောကံ ဖရိတွာ ဝိဟရာမိ။

၉ (၉) ယထာဗလံ၊ စွမ်းအား ရှိသလောက်။ မေတ္တာသဟဂတေန၊ မေတ္တာနှင့်တကွဖြစ်သော။ စေတသာ၊စိတ်ဖြင့်။

သဗ္ဗာဝန္တံ၊အလုံးစုံ အစိပ်အပိုင်းရှိသော။ လောကံ၊ သတ္တဝါ အပေါင်းကို။ ဖရိတွာ၊ပြန့်နှံ့စေ၍။ ဝိဟရာမိ၊ နေပါအံ့။

[မှတ်ချက်] စွမ်းနိုင်သမျှမေတ္တာစိတ်ဖြင့် သတ္တဝါအပေါင်းတို့ အပေါ်၌ ဖြန့်၍နေပါမည် ဟူလို။

ဤ နဝင် သီလ ခေါ် ကိုးပါးသီလသည် နဝင်္ဂုတ္တရပါဠိ တော် သီဟနာဒဝဂ် မှာလာ၏၊ မေတ္တာကား ပါဏာတိပါ တ စသော သိက္ခာပုဒ်များကဲ့သို့သိက္ခာပုဒ်တပါး မဟုတ်၊ရှစ် ပါးယူ၍ မေတ္တာစိတ်နှင့် နေခြင်းမျှပင်ဖြစ်၏၊ ပါဏာတိပါတ စသော သိက္ခာပုဒ်များကို ဆောက်တည်ရာ၌ တနေ့လုံးရှောင် ကြဉ်နိုင်သလို မေတ္တာစိတ်ဖြင့် နေပါမည်ဟု ဆောက်တည်ရာ ၌ တနေ့လုံး မနေနိုင်ပေရာ၊ ထို့ကြောင့် သိက္ခာပုဒ် မဟုတ် သော်လည်း ''ယထာဗလံ'' ပုဒ်ထည့်၍ ဆောက်တည်လိုသူ တို့အလိုက် မေတ္တာကို အမွန်းတင်လျက် စောင့်သုံးပါက ရှိုး ရိုး ဥပုသ်ထက် အကျိုးများထိုက် သောကြောင့် မေတ္တာနှင့် တကွ''နဝင်ဥပုသ်''ကို ဘုရားရှင်လက်ထက်တော်မှာပင်အချို့ စောင့်သုံးကြလေ၏။

[အမှာ] ၅၂၈-သွယ်မေတ္တာ ဘာဝနာကို ''သဘာဝ ပါရဂူ''မှာ ရေးခဲ့ပြီ၊ယူလေ။

ကိုးပါးသီလ ပြီး၏

---

## ဆယ်ပါး သီလ

## ဆယ်ပါး သီလ တောင်း

အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ....မေ ဘန္တေ။
တတိယမ္ပိ အဟံ ဘန္တေ....မေ ဘန္တေ။

[လိုရင်း] ဒသဂဟဋ္ဌသီလံ-ဆယ်ပါးသော သူတို့၏ သီလတည်းဟူသော။ ။ရသေ့,သူတော်,သီလရှင်ဖြစ်ပါက ဒသပရိဗ္ဗာဇက ပဗ္ဗဇ္ဇသီလံဟုဆို။ ကျန်ပုဒ်များဖြင့် သိက္ခာပုဒ်များလည်း နစ္စဂီတနှင့် မာလာဂန္ဓ သိက္ခာပုဒ် ၂-ခု ခွဲသည်မှတပါး မထူးခြားတော့ပြီ။

---

## နစ္စဂီတနှင့် မာလာဂန္ဓ

၎င်း "နစ္စဂီတနှင့် မာလာဂန္ဓ"သိက္ခာပုဒ်ကား ၈-ပါးသီလမှာ တပုဒ်တည်းထား၍ ၁၀-ပါးသီလမှာ ၂-ပုဒ်ခွဲထားခြင်းကား ဘယ်သဘောပါနည်း"ဟူပြောအံ့၊ကခြင်းစသည်ပြုသောသူမှာ မချွတ်ပန်းပန်ခြင်းစသည်ကို ပြုတတ်ရကား "ဝီတိက္ကမ"(လွန်ကျူးသော)အင်္ဂါချင်း ရေတူသောကြောင့် လူတို့၌ပေါင်း၍ တအင်္ဂါတည်းဟောတော်မူသည်၊သာမဏေတို့မှာကား လူတို့ကဲ့သို့ မပန်ဝန့်သည်ဖြစ်၍ ကခြင်းစသည်ကို ပြုငြားသော်လည်း ပန်းပန်ခြင်းစသည်ကို မပြုတတ်ရကား "ဝီတိက္ကမ"အင်္ဂါချင်း ရေမတူသောကြောင့် ခွဲထား၏၊ တနည်း-တပါးစီခွဲ၍ ဆောက်တည်သော်တပါးလွန်ကျူးလျှင် တပါးသာပျက်သည်၊ သို့ဖြစ်၍ တနေ့တရက်မျှ ဆောက်တည်သောလူတို့၏ ၈-ပါးသီလအတွက် အထူးအားထုတ်စေခြင်းငှါ ပေါင်း၍ထားသည်၊ တနည်း-နစ္စ,ဂီတကား-အဇ္ဈတ္တတရားနှင့်စပ်သည်၊မာလာဂန္ဓကား-ဗဟိဒ္ဓတရားနှင့်စပ်သည်၊ သို့ဖြစ်၍ အဇ္ဈတ္တ,ဗဟိဒ္ဓ အပြားကိုသိစေလို၍ "ဒသင်္ဂ"၌ခွဲ၍ "အဋ္ဌင်္ဂ"၌ ပြားသော်လည်း "သမာဒါတဗ္ဗ-ဝီတိက္ကမိတဗ္ဗ"

ဆောက်တည်အပ်, လွန်ကျူးအပ်သော ဝတ္ထုချင်း ရေတူ သောကြောင့် ပေါင်း၏။ [မိုင်းခိုင် ဆရာတော်]

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟနာ၊ ရွှေ,ငွေ,ရတနာတို့ ကိုခံယူကိုင်တွယ်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊....ကို။ သမာဒိ ယာမိ၊.... ပါ၏။

**[မှတ်ချက်]** ရွှေငွေ ရတနာတို့ကို ခံယူကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ပါ၏ဟုလို။ ဤအရာဝယ် မင်းတို့က ရတနာဟု သမုတ်ထားသော ကျေး, သံ, ခဲ,စက္ကူတို့ပါ ရတနာဟု ယူ၍ မိမိမှာ အမြဲဝတ်ဆင်ထားသော တန်ဆာ ရတနာ တို့ကိုကား ဖြုတ်ထားဘွယ်မလိုဟုမှတ်။

---

## ဝိရတိ သဘာဝ သုံးဌာန

ဤသို့ပြဆိုခဲ့ပြီးအသီးသီးသောသီလတို့ကို အကျဉ်းချုံးက သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဝိရတီ သုံးဌာနပင် ဖြစ်၏၊ ထိုဝိရတီ ၃-မျိုးတို့တွင်လည်း တမျိုး တမျိုး၌ (၁) သမ္ပတ္တဝိရတီ, (၂) သမာဒါနဝိရတီ, (၃) သမုစ္ဆေဒ ဝိရတီ ဟူ၍ ၃-မျိုးစီရှိနိုင်ပြန်သောကြောင့် တကယ်သီလလုံ ခြုံရေး၌ စိတ်ဝင်စားသူတိုင်းပင် ထိုက်သည်အားလျော်စွာ ထူထောင်ကြရမည်သာတည်း။

ထင်ရှားစေအံ့—

(၁) သမ္ပတ္တဝိရတီ -တိုက်ဆိုင်လာသော ကိုယ်, နှုတ်, သောင်းကျန်းမှုမှ ရှောင်ကြဉ်ခြင်း ဟူသည် ရှေးမဆွက ငါး

ပါးသီလ စသည်ကို ခံယူဆောက်တည် မထားသော်လည်း ရှောင်ကြဉ်ဘွယ်အာရုံ တခုခုနှင့် တွေ့ကြုံဆုံဆည်းသောအခါ "စိတ်ကောင်းဝင်၍ဖြစ်စေ,တခုခုထောက်ထား၍ဖြစ်စေ"ဤလို အမှုမျိုးကို ငါမပြုတော့ပြီဟု ရှောင်ကြဉ်လိုက်ခြင်းကြောင့် သူ့သဘာဝအားဖြင့်ပင် သမ္ပတ္တဝိရတီ မည်တော့၏။

(၂) သမာဒါန ဝိရတီ-နှုတ်မြွက်ဆောက်တည်၍ ရှောင်ကြဉ်ခြင်း ဟူသည် ရှေးမဆွကပင် "ဤအမှု ဤအမှုများမှ ငါရှောင်ကြဉ်တော့အံ့"ဟု ငါးပါးသီလ စသည်ကို ခံယူဆောက်တည်ထားပြီးလျှင် ရှောင်ကြဉ်ဘွယ် အာရုံ တခုခုနှင့် တွေ့ကြုံလာသောအခါ၌လည်း မူလက ဆောက်တည်ခဲ့သည် အတိုင်းပင် တွေ့လာသော ကိုယ်, နှုတ်, သောင်းကျန်းမှုတို့မှ ရှောင်ကြဉ်ခြင်းသည် သမာဒါန ဝိရတီ မည်၏။

(၃) သမုစ္ဆေဒ ဝိရတီ -မဂ်,ဖြင့်အကြွင်းမဲ့ဖြတ်တောက်၍ ရှောင်ကြဉ်ခြင်း ဟူသည် ကိုယ်,နှုတ် သောင်းကျန်းမှုကို သာမက စိတ်၏သောင်းကျန်းမှုကိုပါ အကြွင်းမဲ့ အမြစ်ပြတ်အောင် ဖြတ်တောက်နိုင်သောကြောင့် သမုစ္ဆေဒ ဝိရတီမည်၏၊ ဤသမုစ္ဆေဒဝိရတီမှာကား ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့အားမဖြစ်၊ အရိယာပုဂ္ဂိုလ်တို့အားသာလျှင်ဖြစ်၏၊ထို့ကြောင့် သမုစ္ဆေဒ ဝိရတီ၏ အစွမ်းအားဖြင့်ဖြစ်သော လောကုတ္တရာ သီလကို သာ အရိယသီလ မဂ်သီလ အစစ်ဟူ၍လည်း ဆိုထိုက်ပေ၏။

ဤမျှတိုတောင်းလှသော လူ့ဘဝ ရလာခိုက် အချိန်ကို တန်ဘိုးရှိအောင် အသုံးပြုကြရန်မှာ လူလူချင်း ညှဉ်းပန်းလိုမှု, တရားမဲ့ ဆက်ဆံလိုမှု, တကိုယ်ကောင်း ကြံစားမှု စသောမကောင်းမှုများကို ကိုယ်,နှုတ် ၂-ပါးဖြင့် မလွန်ကျူး

မ်ကြဲစေဘဲ ထိုမကောင်းမှု ဝင်ပေါက်ဖြစ်သော ကိုယ်,နှုတ် ၂-ပါးကို လုံခြုံစွာ စောင့်စည်း ထိန်းသိမ်းထားရပေမည် သာတည်း။

---

## ဂဟဋ္ဌ သီလ သဘာဝ

ဥပါသက ဥပါသိကာနံ နိစ္စသီလဝသေန ပဉ္စ
သိက္ခာပဒါနိ သတိဝါ ဥဿာဟေ ဒသ ဥပေါသထင်္
ဝသေန အဋ္ဌာတိ ဣဒံ ဂဟဋ္ဌသီလံ။
[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သီလနိဒ္ဒေသ]

ဥပါသကဥပါသိကာနံ၊ ဒါယကာ, ဒါယိကာမတို့အား။ နိစ္စသီလဝသေန၊ အမြဲကျင့်ကြံအပ်သည်၏ အစွမ်းအားဖြင့်။ ပဉ္စသိက္ခာပဒါနိဝါ၊ ငါးပါးသောသိက္ခာပုဒ်တို့ကိုလည်း ကောင်း။ ဥဿာဟေ၊ စွမ်းနိုင်သည်။ သတိ၊ ရှိတော်။ ဒသ ဝါ၊ ဆယ်ပါးသော သိက္ခာပုဒ်တို့ကိုလည်းကောင်း။ ဥပေါသထင်္ဂဝသေန၊ ဥပုသ်အင်္ဂါ၏ အစွမ်းအားဖြင့်။ အဋ္ဌဝါ၊ ရှစ်ပါးသောသိက္ခာပုဒ်တို့ကို လည်းကောင်း။ ဣတိ၊ ဤသို့။ ဣဒံ၊ ဤ ၅-ပါး,၈-ပါး,၁၀-ပါးသော သိက္ခာ သီလသည်။ ဂဟဋ္ဌသီလံ၊ လူတို့ကျင့်သုံးအပ်သော သိက္ခာသီလ မည်၏။

ဤသို့အားဖြင့် လူတို့ကျင့်သုံးဆောက်တည်ရသော သီလမျိုးသည် အမြဲအားဖြင့်ကား ၅-ပါးသီလတတ်စွမ်းနိုင်သည် ရှိသော် ဥပုသ်အင်္ဂါဖြစ်သော ၈-ပါးသီလ, ၁၀-ပါးသီလ တို့ကိုလည်း ဆောက်တည် ကျင့်သုံးနိုင်သည်၊ ထို့ကြောင့် ၅-ပါး,၈-ပါး, ၁၀-ပါးသီလများကို လူတို့သီလမည်၏ဟူ၍ မှတ်အပ်၏။

## သာသနာ တွင်း,ပ သီလ ၂-ဌာန

ဤသို့ အခါအားလျော်စွာ လူတို့ ဆောက်တည်ကြသော ၅-ပါးသီလ စသည်တို့ကား သာသနာပအခါက လူ့ရွာ နတ်ဌာန် ရောက်ကြောင်းအဖြစ်ဖြင့် ရှေးသူတော်ကောင်းများ အစဉ်အလာအရ ဆောက်တည်ကျင့်သုံးအပ်သော ဓမ္မတာ သီလပင်ဖြစ်သည် မဟုတ်ပါလား ဟူငြားအံ့၊ "ဟုတ်မှန် ပေ၏"၊ သို့သော် ဗုဒ္ဓရှင်တော်ပွင့်ပေါ်ရာအခါ၌မူကား ထို သီလများကိုပင် မဂ်ဖိုလ်ရရေးအတွက် အထောက်အပံ့အဖြစ် ဖြင့် အတည်ပြုတော်မူခဲ့ပေ၏။

> တတ္ထ ပဉ္စင် အဋ္ဌင် ဒသင်သီလန္တိ အဗုဒ္ဓကာလေ သီလံ သန္ဓာယ ဝုတ္တံ၊ တဿ ဝိဝဋ္ဋူပနိဿယတ္တာ ဘာဝါ။

[ဝိမတိဋီကာ]

တတ္ထ၊ ထိုစကားအချက်၌။ ပဉ္စင်အဋ္ဌင် ဒသင်သီလန္တိ၊ ၅-ပါး, ၈-ပါး, ၁၀-ပါးသီလဟူသည်ကား။ အဗုဒ္ဓကာလေ၊ ဘုရားမပွင့်ရာ သာသနာပ အခါက။ သီလံ၊ သီလကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဝုတ္တံ၊ ဆိုအပ်၏။ (ကသ္မာ) အဘယ်ကြောင့် နည်းဟူမူကား။ တဿ၊ ထိုသာသနာပ အခါက သီလ၏။ ဝိဝဋ္ဋူပနိဿယတ္တာ၊ မဂ်ဖိုလ်ရကြောင်း ကောင်းသော အထောက်အပံ့၏။အဘာဝါ၊မဖြစ်နိုင်သောကြောင့်ပေတည်း။

ဤသို့ဆိုအပ်ခြင်းကား သာသနာပ အခါက မဂ်,ဖိုလ်၏ အကြောင်း မဖြစ်နိုင်သောကြောင့်သာဆိုသည်၊ ဘုရားပွင့်ရာ သာသနာတွင်း အခါ၌ကား ယင်းသီလများပင် လွန်ကဲ ထူးမြတ်သောသီလများဖြစ်ရပြန်၍ မဂ်ဖြစ်ခြင်း၏ အကြောင်း အသွင်ပြောင်းလာရသောကြောင့် ထူးကဲ မြင့်မြတ် ရပေ၏။

> ယံ ပန ဗုဒ္ဓုပ္ပါဒေ ရတနတ္တယဂုဏံ တထတော ဉတွာ သာသနေ သုနိဝိဋ္ဌ သဒ္ဓါဟိ ဥပါသကော ပါသိကာဟိစေဝ သာမဏေရ သိက္ခမာနာဟိစ ရက္ခိယမာနံ ပဉ္စင် အဋ္ဌင် ဒသင်္ဂသီလံ၊ တမ္ပိ အဓိသီလမေဝ၊မဂ္ဂုပ္ပတ္တိဟေတုတော။
> [ဝိမတိ-ဋီကာ]

ပန၊သာသနာတွင်း, သာသနာပ သီလ၏အထူးကိုပြဦးအံ့။ ဗုဒ္ဓုပ္ပါဒေ၊ ဘုရားပွင့်ရာ သာသနာတွင်း အခါ၌။ ရတနတ္တယဂုဏံ၊ ရတနာသုံးပါး၏ ဂုဏ်ကို။ တထတော ဉတွာ၊ အမှန်အတိုင်းသိ၍။ သုနိဝိဋ္ဌသဒ္ဓါဟိ၊ သာသနာတော်ကို သက်ဝင်ယုံကြည်ကြကုန်သော။ ဥပါသကော ပါသိကာဟိစေဝ၊ ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမတို့သည်၎င်း။ သာမဏေရ သိက္ခမာနာဟိစ၊ သာမဏေ သိက္ခမာန်တို့သည်၎င်း။ ရက္ခိယမာနံ၊ စောင့်သုံးအပ်ကုန်သော။ ယံ ပဉ္စင် အဋ္ဌင် ဒသင်္ဂသီလံ၊အကြင် ၅–ပါး,၈–ပါး, ၁၀–ပါးသီလသည်။ (အတ္ထိ)ရှိ၏။တမ္ပိ၊ ထိုသီလများသည်လည်း။အဓိသီလမေဝ၊ လွန်ကဲထူးမြတ်သော သီလပင်တည်း။ (ကသ္မာ)၊ အဘယ့်ကြောင့် နည်းဟူမူကား။ မဂ္ဂုပ္ပတ္တိဟေတုတော၊ မဂ်ဖြစ်ခြင်း၏အကြောင်း အသွင်ပြောင်းကာ ထူးကဲလာရသောကြောင့်ပေတည်း။

ထိုမှတပါး ဗုဒ္ဓရှင်တော်ဘုရား အတည်ပြုထားသည်များကား အင်္ဂုတ္တရနိကာယ ဥပေါသထဝဂ် သံခိတ္တုပေါသထသုတ်, ဝိတ္ထတုပေါသထသုတ်, နဝင်္ဂုပေါသထသုတ် စသည်အားဖြင့် များစွာရှိပေသေး၏။

ဤသို့အားဖြင့် ကျနစွာ မိန့်မှာထားသော စကားများကို လေးစားရိုသေစွာ မိမိစိတ်သာ ပဓာန မဂ်,ဖိုလ်ကိုအကြောင်း ပြုနိုင်သော သီလများကိုပင် အပြစ်မြင်ကာ မပြောမှား မကျင့်မှားကြစေရန် ရည်သန်သော အားဖြင့် သတိပေး နှိုးဆော်လိုက်ရပေသတည်း။

---

## လောကီ,လောကုတ် သီလ ၂–ဌာန

ဤသို့ပြဆိုခဲ့ပြီး အသီးသီး ဆောက်တည်ရသော သီလ ဟူသမျှကား လောကီသီလသာဖြစ်ပေ၏၊ လောကုတ္တရာ သီလမှာကား ပါဠိတော် အရပ်ရပ်တို့၌ အသီးသီးခံယူ ဆောက်တည်မှုမလာချေ၊ တပေါင်းတည်း တချက်တည်းသာ လာရှိပေ၏။

ထင်ရှားစေအံ့၊ လောကုတ္တရာသီလ၌ တပေါင်းတည်း တချက်တည်း လာခြင်းအကြောင်းကား မဂ်မည်သည် စိတ္တက္ခဏာ တချက်သာရှိ၏၊ နှုတ်မြွက်၍ ဆောက်တည်ခွင့်မရှိ၊ လောကုတ္တရာသီလမည်သည် နှုတ်မြွက်၍ဆောက်တည်ရသော သီလမျိုးမဟုတ်၊ မဂ်ခဏ၌တပေါင်းတည်းတချက်တည်း ပြီးစီးသောသီလမျိုးသာဖြစ်၏၊ ပြီးစီးပုံကား မဂ်စိတ်ဖြစ်ပေါ်သည် နှင့်တပြိုင်နက် ဝစီဒုစရိုက် ၄-ပါးကို တပြိုင်နက် တချက် တည်းအကြွင်းမရှိအောင် ပယ်နိုင်သော သမ္မာဝါစာဝိရတီ သည် ဖြစ်ပေါ်လေ၏၊ ကာယဒုစရိုက် ၃-ပါးကို တပြိုင်နက် တချက်တည်း အကြွင်းမရှိအောင် ပယ်နိုင်သော သမ္မာကမ္မန္တ ဝိရတီသည်လည်း ဖြစ်ပေါ်လေ၏၊ မိစ္ဆာဇီဝအပေါင်းတို့ကို တပြိုင်နက် တချက်တည်း အကြွင်းမရှိအောင် ပယ်နိုင်သော သမ္မာအာဇီဝ ဝိရတီသည်လည်းဖြစ်ပေါ်လေ၏၊လောကုတ္တရာ

အာဇီဝဋ္ဌမက သီလပြည့်စုံလေ၏၊ ခန္ဓပရိနိဗ္ဗာန်စံယူသည် တိုင်အောင် အစဉ်မြဲလေ၏၊ ထို့ကြောင့် လောကုတ္တရာသီလ မျိုး၌ ခံယူဘွယ်ကိစ္စမရှိကြောင်းကို ထပ်လောင်းကာသတိပေး လိုက်ရပေသတည်း။

ဤတွင် လူတို့သီလပြီး၏။

## စတုပါရိသုဒ္ဓိသီလသဘာဝ

## (၁) ပါတိမောက္ခ သံဝရသီလ

ရဟန်း သာမဏေတို့၏ သီလသည်ကား (၁) ပါတိ မောက္ခ သံဝရသီလ, (၂)ဣန္ဒြိယ သံဝရသီလ, (၃)အာဇီဝ ပါရိသုဒ္ဓိသီလ, (၄) ပစ္စယသန္နိဿိတသီလဟူ၍ ရဟန်း, သာမဏေတို့၏ သီလသည် ၄-မျိုးရှိပေ၏၊ (၁) ပါတိ မောက္ခသံဝရသီလ- အလွန်မြတ်သော စောင့်စည်းခြင်းအ ကျင့်ဟူသည် အကျဉ်းအားဖြင့် ပါတိမောက်လာ(၂၂၇) သွယ်သော သိက္ခာပုဒ် အကျယ်အားဖြင့်သော်ကား (၉၁- ၀၀၅၀၃၆၀၀၀)ကုဋေပေါင်း ကိုးထောင် ဘရာ ရှစ်ဆယ် ငါးသန်း သုံးသောင်း ခြောက်ထောင်သော သိက္ခာပုဒ်တို့ကို သင်ရုန်းသွား,အပ်ဖျားပေါ်တွင် တင်ထားအပ်သောမုံညင်း စေ့ကို ဂရုစိုက်ကာ မကျရအောင် စောင့်ရှောက်ရာ သကဲ့သို့ စောင့်စည်းပိတ်ဆို့ကာ စောင့်ရှောက်သည်ဖြစ်၍ နေခြင်းပေ တည်း။

ဤပါတိမောက္ခသံဝရသီလကို စောင့်ရှောက်ရာ၌ မျက်စိ, နား,နှာ,အင်္ဂါ,ခြေ,လက် စသည်တို့တွင် အနာရောဂါစွဲကပ် နေရာ ခြေ,လက်,အင်္ဂါစသည်တို့အတွက် မပျက်စီးရန် ဥစ္စာ ပစ္စည်း အသီးသီးတို့ကို မငဲ့မကွက်စွန့်ပစ်ကာစောင့်ရှောက် ရာသကဲ့သို့ရင်း, ထိုမှတသီးအရေးကြီးလှသော အသက်ခန္ဓာ

အတွက်ဆိုလျှင် ခြေ,လက်အင်္ဂါစသည်ကိုပင် ဖြတ်တောက် ပယ်စွန့်ကာစောင့်ရှောက်ရာသကဲ့သို့ရင်း,ထိုမှတဖြာ အလွန် ရခဲလှစွာသော သူတော်ကောင်းတရား သီလသိက္ခာများကို ကား ခြေ,လက်,အင်္ဂါ စသည်နှင့်တကွ အသက်ခန္ဓာကိုပါ မငဲ့မညှာ စောင့်ရှောက်ရပေမည်သာတည်း။

ပါတိမောက္ခံ ဝိသောဓေန္တော၊အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။ ။
[ပေါရာဏ]

ပါတိမောက္ခံ၊ ဝိနည်းပိဋကတ် အရပ်ရပ်၌ ပညတ်ထုတ် ဘော် သိက္ခာပုဒ် သီလတော်ကို။ ဝိသောဓေန္တော၊ မကျိုး မပေါက် မညှိုးပျောက်ဘဲတိုးတောက်စေချင် သုမ်သင်သူသည်။ ဇီဝိတံ၊ လွန်စွာစုံမက် ကိုယ်အသက်ကို။ အပ္ပေဝဇဟေ၊ မငံ့တငံ့ ရှံ့တရှံ့ဖြင့် တွန့်ကာလွန့်ကာ စွန့်လိုက်ရစေကာမူ။ လောကနာထေန၊ ဗြဟ္မာ, လူ, နတ် မြတ်ထက်မြတ်သည့် နတ်နတ်ထိပ်ထား ဘ ဘုရားသည်။ ပညတ္တံ၊ အာဏာတော် မြတ်, မိန့်တော်မှတ်၍ ပညတ်ထုတ်ဘော် ဟောပြတော်မူ အပ်သော။ သီလသံဝရံ၊ ကိုယ်, နှုတ် နှစ်ထွေ ချုပ်တည်း စေဘို့ ကုဋေကိုးထောင် ကျော်ခေါင်မြင့်ဟီး သီလတော် ကြီးကို။ နဘိန္ဒေ၊ အမိန့်တော်ချက် ဦးထိပ်ရွက်၍ မဖျက်မိ စေ စောင့်စည်းသင့်ပေသတည်း။

[မှတ်ချက်] ဤပါတိမောက္ခ သံဝရသီလ၌ သဒ္ဓါပြဋ္ဌာန်း၏။

---

## (၂) ဣန္ဒြိယသံဝရ သီလ

(၂) ဣန္ဒြိယ သံဝရသီလ-ဣန္ဒြေတို့ကို စောင့်စည်းခြင်း အကျင့်ဟူသည် စက္ခုအစရှိသော ခြောက်ပါးသော ဒွါရ

တို့ကို လုံခြုံစွာ စောင့်စည်းပိတ်ဆို့သည်ဖြစ်၍ နေခြင်းပေတည်း။

အာဒိတ္တာယ စက္ခာဒီနံ၊ဝရံ သမ္ပလိမဋ္ဌနံ။
နတုစက္ခာဒိဒွေ ယျေသု၊ နိမိတ္တဂ္ဂဟဏံ ဝရံ။ ။
[အာဒိတ္တပရိယာယသုတ္တသင်္ဂဟ] ✓

အာဒိတ္တာယ၊ အစ,အဆုံး အားလုံးအတိ ရဲရဲညီသော သံတံကျင်ကြီးဖြင့်။ စက္ခာဒီနံ၊ မျက်စိအစရှိသည်တို့ကို။ဝါ၊ မျက်စိ,နား,နှာ, လျှာ, အာ,ကိုယ်, ရင်တို့ကို။သမ္ပလိမဋ္ဌနံ၊ ပတ်ချာဝန်းကျင် ဆွဲငင်ထိုးဖေါက်လိုက်ရခြင်းသည်။ ဝရံ၊ မသေခင်မျှ တခဏသာ ဆင်းရဲတာကြောင့်မြတ်ရာပါသေး၏။ စက္ခာဒိဒွေ ယျေသု၊ မျက်စိစသည်ဖြင့် သိအပ်သော ရူပါရုံစသည်တို့၌။ဝါ၊ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံကောင်းကောင်းတို့၌။နိမိတ္တဂ္ဂဟဏံ၊သုဘနိမိတ်စသည်ကိုယူခြင်းသည်။နတု ဝရံ၊ ယခုဘဝ ပစ္စက္ခ၌လည်း ခြောက်ဒွါရမှာ ဆဲ့ကဖြာမီး ညီးညီးပြောင်ပြောင် အမြဲလောင်ကာ ထောက်တည်ရာ မရကြဘဲ ခန္ဓာစဲလျှင် မလွဲမုချ အပါယ်ထဲသို့ ကျတတ်သောကြောင့် မမြတ်သည်သာတည်း။

ဤဣန္ဒြိယသံဝရသီလ၌သတိလွတ်ကင်း၍ပျက်ယွင်းခဲ့ပါမူ—
န ပုနေဝံ ကရိဿာမိ။

ဝေံ၊ ဤသို့။ ဝါ၊ဤလို ဤပုံ။ပုန၊ နောက်ထပ်တဖန်။နကရိဿာမိ၊ မပြုတော့အံ့။

ဤလိုနောက် မပြုတော့အံ့ဟု ပါဠိ,ဗမာ လိမ္မာသလို ဆောက်တည် ကုစားပါက စင်ကြယ်ရပေ၏၊ နောက်-သီလများလည်း ဤနည်းအတိုင်းပင်တည်း။

[မှတ်ချက်] ဤဣန္ဒြိယသံဝရ သီလ၌ သတိပြဋ္ဌာန်း၏။

## (၃)အာဇီဝ ပါရိသုဒ္ဓိ သီလ

(၃) အာဇီဝပါရိသုဒ္ဓိသီလ- အသက်မွေးစင်ကြယ်ခြင်း အကျင့် ဟူသည်-
(၁) ဒုစရိတ မိစ္ဆာဇီဝ,
(၂) အနေသန မိစ္ဆာဇီဝ,
(၃) ကုဟနာဒိ မိစ္ဆာဇီဝ,
(၄) တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝတို့ဖြင့် အသက်မွေး ခြင်းမှ ရှောင်ကြဉ်မှုပေတည်း။

ထင်ရှားစေအံ့—

(၁) ဒုစရိတ မိစ္ဆာဇီဝ—မကောင်းသော အကျင့်ဖြင့် မှားသော အသက်မွေးခြင်း ဟူသည် ကာယ ဒုစရိုက်၃-ပါး, ဝစီဒုစရိုက် ၄—ပါး အာဇီဝကို အကြောင်းပြု၍ ပညတ်အပ် သော ပါရာဇိက, သံဃာဒိသေသ်,ထုလ္လစ္စည်း,ပါစိတ်,ပါဋိ ဒေသနီ,ဒုက္ကဋ် ဟူသော သိက္ခာပုဒ် ၆-ပါး,ပေါင်း ၁၃-ပါး ၎င်းတို့မှ ရှောင်ကြဉ်လျှင် "ဒုစရိတမိစ္ဆာဇီဝ ဝိရတီ" ဖြစ် ၍ သီလဝိသုဒ္ဓိ ဖြစ်၏၊

(၂) အနေသန မိစ္ဆာဇီဝ-မရှာမှီးအပ်သော ရှာမှီးမှု ဖြင့် မှားသောအသက်မွေးခြင်း ဟူသည်—
(၁) ပန်းပေးခြင်း,
(၂) သစ်သီးပေးခြင်း,
(၃) ကာသယ်မှုန့်ပေးခြင်း,(လိမ်းစရာ,သနပ်ခါး,ပေါင် ဒါမှုန့်များ)
(၄) မြေညက်ပေးခြင်း(လိမ်းစရာမြေညက်)
(၅) ဝါးပေးခြင်း,

(၆) ဒန်ပူပေးခြင်း,
(၇) မိမိခြေဖြင့် ဒကာ,ဒကာမတို့၏ အခိုင်း အစေခံ ခြင်း,
(၈) ဆေးကုခြင်း-ဤကား "ကုလ, ဒူသန"-အမျိုး ကောင်းတို့ သဒ္ဓါတရားကို ဖျက်ဆီး တတ်သော တရား ၈—ပါးတည်း။
(၁) မျက်နှာသစ်ရေပေးခြင်း,
(၂) ဆွမ်းတုံ့ပြန်၍ကျွေးခြင်း,
(၃) သစ်ရွက်ပေးခြင်း,
(၄) ရေချိုးကသယ်မှုံ့(ဆပ်ပြာမှုံ့,ဆပ်ပြာခဲပါယူ) ပေးခြင်း,
(၅) ကလေးများကို ချီပိုးခြင်း,
(၆) မကျက်နည်းပါး,အကျက်များသောပဲနောက်ဟင်း ဟန်, အမှန်နည်းပါး မမှန်များသော စကားကိုဆို ခြင်း,
(၇) ဒကာ,ဒကာမ,တို့ကို မြှင့်တင်၍ မိမိကိုယ်ကိုနှိမ့်ချ ကာ ချစ်ဘွယ်သော စကားကို ပြောဆိုခြင်း,
(၈) ဒကာ,ဒကာမတို့၏ အခိုင်းအစေခံခြင်း,
(၉) ဒကာ,ဒကာမတို့၏ စာတမန်, သတင်းစကား အ အသွားအပြန်ပေးခြင်း,
(၁၀) အိမ်ရာ,လယ်,ယာစသောမြေကြန်,အတတ်ပြုခြင်း,
(၁၁) အင်္ဂဝိဇ္ဇာကျမ်း, မာသုရက္ခကျမ်း,ရာဇသတ်ကျမ်း စသော ကျမ်းဂန်အတတ်ပြုခြင်း, (ခတ္တဝိဇ္ဇာတိ အင်္ဂဝိဇ္ဇာ မာသုရက္ခရာဇသတ္တာဒိ သတ္ထံ)
[ဒီဃနိကာယ သီလက္ခန္ဓ ဗြဟ္မ ဇာလသုတ္တ]

(၁၂) ယောက်ျား,မိမ္မတို့၏ လက္ခဏာ ကြန်အင်္ဂါ, အတတ်ပြုခြင်း,

(၁၃) နက္ခတ်အတတ်ပြုခြင်း—

ဤ ၁၃-ပါးနှင့် အထက်က, ကုလ, ဒူသန ၈-ပါးနှင့် ပေါင်းသော်''အနေသန''(မရှာမှီးအပ်သောတရား ၂၁-ပါး) ဖြစ်၏ (ဤ၌ ယူနည်း အမျိုးမျိုးရှိသေး၏။)

## ဆောင်ပုဒ်

(၁) ''ပွင့်,သီး,မှုံ့, မြေ၊ဝါး,ပူ,ခြေ၊ ဝေဠွေ ဒူရှစ်ဖြာ။
(၂) မျက်သစ်ရေထက်၊ဆွမ်းကုံ့စွက်၊သစ်ရွက်,ချီးမွှံ့ပါ။
(၃) ကလေးချီသယ်၊ ပဲဟင်းနှယ်၊ ချစ်ဘွယ်နှုတ်ဝါစာ။
(၄) ခိုင်းစေရာခံ၊ စာတမန်၊ မြေကြန်အတတ်ပါ။
(၅) ခတ္တ,အင်္ဂ၊ နက္ခတ္တ၊ သုံးဝ၊ ထိုဝိဇ္ဇာ။
(၆) ပေါင်းပါဒူရှစ်၊ နှစ်ဆယ့်တစ်၊ ဖြစ်၏နေသနာ။

ဤ ၂၁-ပါးသော''အနေသန''မှုတို့ကိုပြုသဖြင့် ပစ္စည်း, လာဘ် တို့ကိုဖြစ်စေ၍ ရဟန်း, သာမဏေ, ရသေ့, သူတော်, သီလရှင် တို့၏ အသက်မွေးမှုသည် ''မိစ္ဆာဇီဝ''မည်၏၊ ဤ အမှုမျိုးမှ ရှောင်ကြဉ်လျှင် ''အနေသန မိစ္ဆာဇီဝ ဝိရတီ'' ဖြစ်၍ ''သီလဝိသုဒ္ဓိ''ဖြစ်၏။

(၃) ကုဟနာဒိ မိစ္ဆာဇီဝ—အံ့ဘွယ်ပြုခြင်း စသည်ဖြင့် မှားသောအသက်မွေးခြင်း ဟူသည် (၁) ပစ္စယပဋိသေဝန— လာဘ်ပူဇော် အကျော်အစောကို တောင့်တလျက် ပါပိစ္ဆ သဘော နှိပ်စက်သည်ဖြစ်၍ ပစ္စည်းဘိတ်လှူသည် ရှိသော် အလိုနည်းဟန် ပယ်လှန်ငြင်းလျက် သူကတက်၍ လှည်းထက် တင်ဆောင် လှူအောင်တခု အံ့ဘွယ်ပြုခြင်း, (၂) သာမန္တ ဇပ္ပန—ရျာန်,မဂ်,ဖိုလ်ရ-အနည်းပြလျက် မြွက်ဟထိုထိုပြော

ဆိုသမှု အံ့ဘွယ်ပြုခြင်း, (၃) ဇာရိယာပထ သန္နိဿိတ–ချီးမွမ်းစေလိုသော အလိုဖြင့် ဇာရိယာပုထ် ပြုပြင်သိမ်းချုပ်မျက်မှောင်ကုတ်လျက် အဟုတ်တကယ် ညာ, ဘယ် မရှု အံ့ဘွယ်ပြုခြင်း တည်းဟူသော "ကုဟနဝတ္ထု"သုံးပါး။

(၁) အာလပန–ကျောင်းသို့ရောက်လာ လူတကာကို ပင့်လာသလော,ပဇာလေသာဟု သဘောစမြှု စကားမြှုခြင်း, မင်းကြီး, မှူးမတ်, လေးမြတ်သောငါ မင်းဆရာဟု ကြွားကာ, မောက်မို မိမိကိုယ်ကို တင်ဆို ပြောဟောခြင်း, (၂) လပန–သူတပါတို့မေး၍ ပြောခြင်း, (၃) သလ္လပန–ညှာ၍ပြောခြင်း, (၄) ဥလ္လပန–ပင့်၍ တင်၍ ပြောခြင်း, (၅) သမုလ္လပန–အချင်းခပ်သိမ်း ပင့်၍ တင်၍ ပြောခြင်း, (၆) ဥန္နဟန–ရစ်၍ပြောခြင်း, (၇) သမုန္နဟန–အချင်းခပ်သိမ်း အဘန်ဘန်ရစ်၍ ပြောခြင်း, (၈) ဥက္ကာစန–မြှောက်၍ပြောခြင်း, (၉) သမုက္ကာစန–အချင်း ခပ်သိမ်း အဘန်ဘန် မြှောက်၍ပြောခြင်း, (၁၀) အနုပိယ ဘာဏိတာ–မှန်သည်အလျောက် သဘောအတိုင်းမရှု ချစ်ဘွယ်မှု ကိုသာ ပြောခြင်း, (၁၁) စာဋုကမျတာ–ကိုယ်ကို အောက်ထားကာ အောက်ထားကာ ပြောခြင်း,(၁၂) မုဂ္ဂသုမျတာ–မကျက်နည်းပါး အကျက်များသော ပဲနောက်ဟင်း အတူ မမှန်တချို့ မှန်တချို့ ပြောခြင်း, (၁၃) ပါရိဘဋ္ဌတာ–ထိန်းယအတူ ရှာသူသားငယ်တို့ကို ချီပိုးထိန်းယခြင်း တည်းဟူသော "လပနဝတ္ထု" တဆယ့်သုံးပါး။

(၁) နိမိတ္တ–အမှတ်မရှိ သူတပါးတို့ ပစ္စည်းလှူခြင်း၌ အမှတ်ကို ဖြစ်စေခြင်း, (၂) နိမိတ္တကမ္မ–အမှတ်ပြုခြင်း, (၃) ဩဘာသ–ပစ္စည်းနှင့်စပ်သော စကားကို ပြောခြင်း,

(၄) ဩဘာသကရဏ–သူတပါးကိုကြားစေ၍ လှူစေခြင်း, (၅) သာမန္တဇပ္ပန–မိမိအလိုရှိသောဝတ္ထု အနီးပြု၍မလှူ မနေသာအောင် ပြောခြင်း, (၆) ပရိကထာ–သူတပါး ပစ္စည်းကို မရရအောင် တလည်လည်ပြောခြင်း တည်းဟူသော "နေမိတ္တိကတာ ဝတ္ထု"ခြောက်ပါး။

(၁) အက္ကောသ–မလှူမနေဝံ့အောင်ဆဲရေးခြင်း,(၂) ဝမ္ဘန–ချုပ်ချယ်ခြင်း, (၃) ဂရဟာ–ပြစ်တင် ကဲ့ရဲ့ခြင်း, (၄) ဥက္ခေပန–စကားကိုပယ်ခြင်း, အလှူရှင်ကြီးပေဟု မြှောက်ချီခြင်း, (၅) သမုက္ခေပန–အချင်း ခပ်သိမ်းပယ် ခြင်း, အလှူရှင်ကြီးပေဟု ပြင်းစွာမြှောက်ချီခြင်း, (၆) ခိပ န–ပြုရယ်မှုခြင်း, (၇) သံခိပန–ပြင်းစွာ ပြုရယ်မှုခြင်း, (၈) ပါပန–ကျေးဇူးမဲ့သို့ ရောက်စေခြင်း, (၉)သမ္ပါပန– အချင်းခပ်သိမ်းရောက်စေခြင်း, (၁၀) အဝဏ္ဏဟာရိတာ– အရပ်တပါးသို့ ကျေးဇူးမဲ့ကို ဆောင်ခြင်း, (၁၁) ပရပိဋ္ဌိမံ သိကာ–မျက်မှောက်နာဘွယ် မျက်ကွယ်ကျေးဇူးမဲ့ အတင်း ပြောခြင်းတည်းဟူသော "နိပ္ပေသိကတာဝတ္ထု" ဆယ့်တပါး။

(၁) လာဘေနလာဘံ နိဇိဂီသနတာ–ဤအိမ်မှ ရသော ပစ္စည်းကို ထိုအိမ်သို့–ထိုအိမ်မှ ရသော ပစ္စည်းကို ဤအိမ် သို့ ဆောင်၍ အနည်းငယ်ပစ္စည်းဖြင့် များသောပစ္စည်းကို လှည့်ပတ်၍ အဆင့်ဆင့် အတန်တန် တဘန်ရှာမှီးခြင်းအစရှိ သည်တို့မှ ရှောင်ကြဉ်က "ကုဟနာဒိ မိစ္ဆာဇီဝ ဝိရတိ" ဖြစ်၍ "သီလဝိသုဒ္ဓိ"ဖြစ်၏။

(၄) တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝ–မြင်ဖိုလ်မှ ဖီလာကန့် လန့် ဆန့်ကျင်ဘက် အတတ်မျိုးဖြင့် မှားသော အသက်မွေး

ခြင်း] ဟူသည် အင်္ဂဝိဇ္ဇာ, လက္ခဏာဝိဇ္ဇာ စသော ဗေဒင်ပေ, ဆေးကု အမှုမျိုးသည် ရဟန်းတို့၏ "ပဋိပတ္တိဓမ္မ" နှင့် ဖီလာကန့်လန့် ဆန့်ကျင်ဘက်မျိုးဖြစ်၍ တိရစ္ဆာနဝိဇ္ဇာ"မည်၏၊ ၎င်းတို့မှ ရှောင်ကြဉ်လျှင် "တိရစ္ဆာနဝိဇ္ဇာမိစ္ဆာဇီဝဝိရတိ"ဖြစ်၍"သီလဝိသုဒ္ဓိ"ဖြစ်၏။ [ကုစားပုံတူပြီ]

[မှတ်ချက်] ဤအာဇီဝပါရိသုဒ္ဓိသီလ၌ ဝိရိယပြဋ္ဌာန်း၏။

---

## (၄)ပစ္စယ သန္နိဿိတသီလ

(၄) **ပစ္စယသန္နိဿိတ သီလ**—[ပစ္စည်း ၄-ပါး၌ ကောင်းစွာမှီဝဲသောအကျင့်]ဟူသည်—

(၁) ဓာတု ပစ္စဝေက္ခဏာ,
(၂) ပဋိကူလ ပစ္စဝေက္ခဏာ,
(၃) သဘာဝ ပစ္စဝေက္ခဏာ—
ဟူ၍ "ပစ္စဝေက္ခဏာ"သုံးမျိုးရှိ၏။

ထင်ရှားစေအံ့—

(၁) **ဓာတုပစ္စဝေက္ခဏာ**—[ဓာတ်အားဖြင့် ဆင်ခြင်ခြင်း] ဟူသည်ကား ဤသုံးဆောင်ဘွယ်"ဆွမ်း"စသော ပစ္စည်း ၄-ပါးတို့သည် ဓာတ် ၄-ပါးအစုမျှသာတည်း၊ ထို့အတူ သုံးဆောင်သူလည်း ဓာတ် ၄-ပါးသာတည်းဟူ၍ ပစ္စည်း ၄-ပါး၌ ဓာတ်အားဖြင့် ဆင်ခြင်ခြင်းပေတည်း။

(၂) **ပဋိကူလပစ္စဝေက္ခဏာ**-[စက်ဆုပ်ဘွယ်ရာအားဖြင့် ဆင်ခြင်ခြင်း] ဟူသည်ကား- စက်ဆုပ်ဘွယ်မရှိသေးသော ဤသုံးဆောင်ဘွယ် "ဆွမ်း"စသော ပစ္စည်း ၄-ပါးတို့သည် ငါ၏အကောင်ပုပ်သို့ ရောက်၍ အလွန်လျှင် စက်ဆုပ်ဘွယ်

ရှိစွပါတကား-ဟူ၍ ပစ္စည်း ၄-ပါး၌ "ပဋိကူလ"အားဖြင့် ဆင်ခြင်ခြင်းပေတည်း။

(၃) **သဘာဝ ပစ္စဝေက္ခဏာ** [သူ့သဘော အလျောက် ဆင်ခြင်ခြင်း]ဟူသည်ကား ဆွမ်း၌—

(၁)ဤရုပကာယ၏တည်တံ့နိုင်ရုံ့ငှါသာလျှင်ဆွမ်း,ခဲဖွယ်, ဘောဇဉ်ကို မှီဝဲသုံးဆောင်ပါ၏၊ (၂)မျှတနိုင်ရုံ့ငှါသာလျှင် ။ပ။၏ (၃) ဆာလောင်မွတ်သိပ်ခြင်း, ဘေးကိုဖျောက်နိုင်ရုံ့ငှါ သာလျှင်။ပ။၏၊(၄)မြတ်သောအကျင့်ကိုကျင့်နိုင်ရုံ့ငှါသာလျှင် ။ပ။၏,ဟူ၍ ဤ ၄-ပါးတို့တွင် တပါးပါးဖြင့် "လုပ်"တိုင်း "သဘာဝ"အားဖြင့် ဆင်ခြင်ခြင်းပေတည်း။

(၂) သင်္ကန်း၌ ကိုယ်မှလွတ်၍ ဝတ်ရုံတိုင်း အရှက်ကို ဖျက်ဆီးတတ်သော ကျဉ်းမြောင်းသောအရပ်ကို ဖုံးလွှမ်းခြင်း အကျိုးငှါ(သင်္ကန်း)အဝတ်အရုံကိုဝတ်ရုံပါ၏ဟူ၍"သဘာဝ" အားဖြင့် ဆင်ခြင်ခြင်းပေတည်း။

(၃) ကျောင်း၌ဝင်,ထွက်သုံးဆောင်တိုင်း ဥတုဘေးရန် ကို ပယ်ဖျောက်ခြင်းအကျိုးငှါ ကျောင်း, အိပ်ရာ,နေရာကို မှီဝဲသုံးဆောင်ပါ၏ဟူ၍ "သဘာဝ"အားဖြင့် ဆင်ခြင်ခြင်း ပေတည်း။

(၄) ဆေး၌ အကပ်အရာ သုံးဆောင်ရာ ကာလ၌ပင် ဤရောဂါဝေဒနာကို ပယ်ဖျောက်ခြင်းအကျိုးငှါ ဆေးပစ္စည်း ကို မှီဝဲသုံးဆောင်ပါ၏ဟူ၍"သဘာဝ"အားဖြင့် ဆင်ခြင်ခြင်း ပေတည်း။

[အမှာ] ဤပစ္စဝေက္ခဏာ ၄-ပါးတို့တွင် ဆွမ်း,သင်္ကန်း, ကျောင်း ၃-ပါးကား အရက်အတွင်းဆင်ခြင်၍ ရ၏၊ ဆေးကားကပ်ရာ,သုံးဆောင်ရာ အခါ၌သာ

ဆင်ခြင်နိုင်၏၊ လွှန်မှုသတိရက ''ဇူဏ'' ကြေးကျ
ရတော့၏၊ လူများလည်း ''ဇူဏ'' မဖြစ်သော်
လည်း ကိလေသာဖြစ်၍ ဆင်ခြင်ရာ၏။
[ဝိသုဒ္ဓိမဂ် မဟာဋီကာ]
[မှတ်ချက်] ဤပဗ္ဗယသန္နိသိတသီလကား–ပညာပြဋ္ဌာန်း၏။

## သုဒ္ဓိလေးမျိုး

ဤအရာ၌ သုဒ္ဓိ–စင်ကြယ်ခြင်း၄-မျိုးဟူသည် (၁)ဒေသနာသုဒ္ဓိ, (၂)သံဝရသုဒ္ဓိ, (၃)ပရိယေဋ္ဌိသုဒ္ဓိ, (၄)ပစ္စဝေက္ခဏာသုဒ္ဓိဟူ၍ စင်ကြယ်မှုတို့သည် လေးမျိုးရှိပေ၏။

(၁) **ဒေသနာသုဒ္ဓိ**– သင့်ရောက်ပြီးသော အာပတ်ကို ထင်စွာပြောကြားခြင်းဖြင့် စင်ကြယ်စေခြင်း,

(၂) **သံဝရသုဒ္ဓိ**–စက္ခုစသော ဣန္ဒြေတို့ကို စောင့်စည်းသောအားဖြင့် စင်ကြယ်စေခြင်း,

(၃) **ပရိယေဋ္ဌိသုဒ္ဓိ**–ပစ္စည်း ၄-ပါးတို့ကို တရားသဖြင့် ရှာမှီးသောအားဖြင့် စင်ကြယ်စေခြင်း,

(၄) **ပစ္စဝေက္ခဏာသုဒ္ဓိ**–ပစ္စည်း ၄-ပါးတို့ကို ဆင်ခြင်၍ သုံးဆောင်ခြင်းဖြင့် စင်ကြယ်စေခြင်း,

ဤသို့အားဖြင့် ၄-ပါးသောသီလ၏ စင်ကြယ်ရာ,စင်ကြယ်ကြောင်း ''သုဒ္ဓိ'' ၄-မျိုးကိုလည်း သိကြပေရာ၏။

## ပရိဘောဂ ၄-မျိုး

ဤအရာ၌ ပရိဘောဂ – သုံးဆောင်ခြင်းတို့သည်လည်း–

(၁) ထေယျပရိဘောဂ,

(၂) ဣဏပရိဘောဂ,

(၃) ဒါယဇ္ဇပရိဘောဂ,
(၄) သာမိပရိဘောဂ-
ဟူ၍ "ပရိဘောဂ"တို့သည် ၄-မျိုးရှိကုန်၏။

(၁) ထေယျပရိဘောဂ-ခိုး၍ သုံးဆောင်ခြင်းဟူသည်မှာ သီလမရှိသော "ဒုဿီလ"ပုဂ္ဂိုလ်သည် သံဃာ့ဘောင်၌နေ၍ သီလစင်ကြယ်မှသာ သုံးဆောင်ရာသော ပစ္စည်းလေးပါးတို့ကိုခံယူသုံးဆောင်ခြင်းပေတည်း။

(၂) ဣဏပရိဘောဂ -ကြွေးယူ၍ သုံးဆောင်ခြင်းဟူသည်မှာ သီလရှိသော "သုသီလ"ပုဂ္ဂိုလ်ပင် ဖြစ်စေကာ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ လေးပါးသောပစ္စည်းတို့ကို ခံယူသုံးဆောင်ခြင်းပေတည်း။

(၃) ဒါယဇ္ဇပရိဘောဂ - အမွေခံ၍ သုံးဆောင်ခြင်းဟူသည်မှာ "သေက္ခ" (ကျင့်ဆဲ) ပုဂ္ဂိုလ်ခုနစ်ယောက်တို့သည် မိဘအမွေပစ္စည်းကို သုံးဆောင်သကဲ့သို့ ပစ္စည်းလေးပါးကို "ပစ္စဝေက္ခဏာ"ဆင်ခြင်၍ သုံးဆောင်ခြင်းပေတည်း။

(၄) သာမိပရိဘောဂ - သခင်၏ သုံးဆောင်ခြင်း ဟူသည်မှာ တဏှာကျွန်အဖြစ်မှလွတ်သော "ရဟန္တာ"ပုဂ္ဂိုလ်တို့၏ ပစ္စည်းလေးပါးတို့ကို တရားနှင့်လျော်စွာ အစိုးတရသုံးဆောင်ခြင်းပေတည်း။

ဤသို့အားဖြင့် သုံးဆောင်ခြင်းတို့သည် ၄-မျိုးရှိပေသတည်း။ [ဝိသုဒ္ဓိမဂ်စသည်…]

[မှတ်ချက်] လက်ဖျစ်တတွက်ကာလမျှမေတ္တာပွားလျှင်ပင် ဒါယဇ္ဇပရိဘောဂ ဖြစ်ကြောင်း ကော်တွာရ ပါဠိတော်,အင်္ဂုတ္တရသံ့ဃာတဝဂ်,ပဌမအင်္ဂုတ္တရ

သဃ်ာတသုတ်မှာ မိန့်တော်မူသောကြောင့် မေတ္တာတရားစသည်များကို ကြိုးစား၍ပွား ကြကုန်ရာ၏၊ ''ပဓာနပါရဂူ''သီလကဏ္ဍမှာ ရေးခဲ့ပြီ။

---

## ဣဏပရိဘောဂအဖြစ်ရ

တေ စတ္တာရောပစ္စယေ အပစ္စဝေက္ခိတွာ ပရိ- ဘုဉ္ဇမာနာ ယေဘုယျေန နိရယတိရစ္ဆာနယော- နိတော န မုစ္စန္တိ။

[ကေနိပါတ လိတ္တဇာတကဋ္ဌကထာ]

တေ၊ ထိုရဟန်းတို့သည်။ စတ္တာရောပစ္စယေ၊ လေးပါးသော ပစ္စည်းတို့ကို။ အပစ္စဝေက္ခိတွာ၊ မဆင်ခြင်ကုန်မူ၍။ ပရိဘုဉ္ဇမာနာ၊သုံးဆောင်ကုန်သည်ရှိသော်။ယေဘုယျေန၊များသောအားဖြင့်။နိရယ တိရစ္ဆာန ယောနိတော၊ငရဲ,တိရစ္ဆာန်မှ။နမုစ္စန္တိ၊မလွတ်ကြကုန်။

ဤသို့ ''သီလဝန္တ''သီလစင်ကြယ်သောပုဂ္ဂိုလ်တို့သော်မှ ပစ္စည်း ၄-ပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ မသုံးဆောင်ပါက ''ဣဏပရိဘောဂ''ဖြစ်၍ ငရဲ,တိရစ္ဆာန်ဘုံက မလွတ်ကြရ ပါလျှင် သီလမစင်ကြယ်သော ''ဒုဿီလ'' ပုဂ္ဂိုလ်တို့မှာ အဘယ်ဆိုဘွယ်ရာရှိပါတော့အံ့နည်း၊ သိမ်မွေ့ နက်နဲခက်ခဲ လှသဖြင့် ထိတ်လန့်တုန်လှုပ်ဘွယ်ကောင်းလေစွ ပါတကား။

---

## အာပတ်ရှိကအပါယ်ကျ

သာပတ္တိကဿ ဘိက္ခဝေ နိရယံဝါ ဝဒါမိ တိရစ္ဆာန ယောနိံ ဝါတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ သာပတ္တိကော၊ အာပတ်နှင့်တကွ စိတ်ကျသောရဟန်းအား။ နိရယံဝါ၊ ငရဲသို့လားခြင်းကိုဓမ္မ။ တိရစ္ဆာနယောနိံ ဝါ၊ တိရစ္ဆာန်မျိုးသို့လားခြင်းကိုဓမ္မ။ ပါဋိ၊ ဤသို့။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏၊ (သတိရှိဘွယ်)

ဤသို့ အာပတ်နှင့်တကွ စိတ်ကျက ငရဲ,တိရစ္ဆာန်သို့လား ရရုံသာမက ယခု ပစ္စက္ခမှာလည်း ငယ်ငေါင်းသော ဒုက္ကဋ, ဒုဗ္ဘာသိတ အာပတ်ကလေးသော်မှ "အာဏာဝီတိက္ကမန္တ-ရာယ်"ဖြစ်၍ ဈာန်, မဂ်, ဖိုလ်ကို တားမြစ်ကြောင်း မူလ ပဏ္ဏာသ အဋ္ဌကထာ သီဟနာဒဝဂ် မဟာသီဟနာဒသုတ်မှာ ဖွင့်ပြထားတော်မူ၏၊ ပဓာနပါရဂူ သီလကဏ္ဍမှာပြခဲ့ပြီ။

ဤသို့ပြဆိုခဲ့သောလေးပါးသော သီလတို့တွင် (၁) ပါတိမောက္ခသံဝရသီလကား ဒွါရ ၆-ပါး တံခါး ၆-ပေါက်၌ သတိပြဋ္ဌာန်းကာ စောင့်ရှောက်ခြင်းမျှသာတည်း၊ (၂)အာဇီဝပါရိသုဒ္ဓိသီလကား တရားနှင့်လျော်စွာ ဝီရိယပြဋ္ဌာန်းကာ ပစ္စည်းကို ဖြစ်စေခြင်းမျှသာတည်း၊ (၃) ပစ္စယသန္နိဿိတ သီလကား ရအပ်သော ပစ္စည်းတို့ကို ပညာပြဋ္ဌာန်းကာ ဆင်ခြင်၍ သုံးဆောင်ခြင်းမျှသာတည်း၊ မုချအားဖြင့် (၄) ပါတိမောက္ခသံဝရသီလသာလျှင် ဇေဋ္ဌက(အကြီးဆုံး)သီလ, ပဓာန (လိုရင်း) သီလ,နိပ္ပရိယာယ (မုချ) သီလမည်၏၊ ကြွင်းသောသီလသုံးပါးကား ပါတိမောက္ခသံဝရသီလ၏ အစိပ်,အဘို့, အစိတ်အသင်းဖြစ်၍ အတွင်းဝင်ကုန်တော့သည် သာတည်း။

## အလဇ္ဇီသဘာဝ ၂–၄၁န

ဤအရာ၌ အလဇ္ဇီ–အရှက်မရှိခြင်းဟူသည် စေတနာနှင့်တကွ အာပတ်သို့ရောက်ခြင်း, မကုစားဘဲ ဖုံးလွှမ်းထားခြင်း, မလားရောက်အပ်သောအရာ၌လားရောက် စေခြင်းတို့သည်"အလဇ္ဇီ"မည်၏၊ ထိုအာပတ်တို့ကို ကုစားရာ၌လည်း အာယတိံ သံဝရ (နောင်စောင့်စည်းပါမည်ဟူသော နှလုံးသွင်းကျို့မရှိ)သဘာဝကိုလည်း သတိထားကြကုန်ရာ၏။

ယော ပန မဟာအလဇ္ဇီ ဥဒ္ဒမ္မံ ဥဗ္ဗိနယံ သတ္ထုသာသနံ ကရောတိ။

[ဝိမတိဋီကာ]

ယောပနမဟာအလဇ္ဇီ၊ အကြင် အကြီးစား အလဇ္ဇီရဟန်းသည်ကား။ ဝါ၊ အကြင်အလဇ္ဇီကြီးသည်ကား၊ ဥဒ္ဒမ္မံ သုတ်, အဘိဓမ္မာတရားမဟုတ်ပါဘဲ၊ ဥဗ္ဗိနယံ၊ ဝိနည်းမဟုတ်ပါဘဲ၊ သတ္ထုသာသနံ၊ မြတ်စွာဘုရား၏ အဆုံးအမ သုတ်, အဘိဓမ္မာ,ဝိနည်းကို၊ ကရောတိပြု၏။

ထို့ကြောင့် (၁)အလဇ္ဇီ, (၂)မဟာအလဇ္ဇီဟု ၂မျိုး ခွဲခြားမှတ်၊ ထို ၂မျိုးတို့တွင် (၁)အလဇ္ဇီဟူသည် အထက်ဘော်ပြပါ ဝိနည်းမိုရ်ဖြစ်၍ မိမိအကျိုးစီးပွား၏ ရန်သူဖြစ်သော(အတ္တပစ္စတ္ထိက)အလဇ္ဇီသည် အလဇ္ဇီသာမည (စုဥ အလဇ္ဇီ)မည်၏၊ (၂)မဟာအလဇ္ဇီဟူသည် မြတ်စွာဘုရားမဟောကြားအပ်သော သုတ်,အဘိဓမ္မာ ဝိနည်းအသီးသီးတို့ကို ယှဉ်မှီးကပ်ခါ မသိသူတို့အား ဩဝါးလျက် သာသနာတော်ကိုဖျက်သော သာသနာရန်သူ(သာသနာပစ္စတ္ထိက)ဖြစ်သော အလဇ္ဇီကြီးသည် မဟာအလဇ္ဇီမည်၏။

တေ အဂ္ဂိပဒိတ္တမိဝ အဂါရံ အတ္တနာဒုဂ္ဂဟိ-
တေန အတ္တာနဉ္စ အတ္တနော ဝစန ကာရကေစ
ဝိနာသေန္တိ။
[ခုဒ္ဒကပါဠ သုတ္တနိပါတ အဋ္ဌကထာ။]

ဟေ၊ ထိုမိမိတို့လည်း အကုသလကမ္မပထနှင့် ပြည့်စုံကုန်သည်ဖြစ်၍ သူတပါးတို့ကိုလည်း အကုသိုလ်, ဒုစရိုက်တရားတို့ကို ဆောက်တည်စေတတ်သော ၁၃၀၁၃တ်, ကောကာလိက အစရှိကုန်သော ကေန္တ အလဇ္ဇီ,ဒုဿီလ ဗာလပုဂ္ဂိုလ်တို့သည်။ အဂ္ဂိ၊ မီးသည်။ ပဒိတ္တံ၊ ညီးညီးပြောင်ပြောင်စွဲ၍လောင်သော။ အဂါရံ၊ အိမ်ကို။ ဝိနာသေန္တိ,ဣဝ၊ မီးသွေးပြာပုံဖြစ်၍ကုန်အောင်၊လုံးစုံပျက်ကြွေ ဖျက်ဆီးလေသကဲ့သို့။ တထာ၊ ထို့အတူ။ အတ္တနာ၊ မိမိသည်။ ဒုဂ္ဂဟိတေန၊ အမှားတိမ်းစောင်း မကောင်းအမှု မကောင်းယူဖြင့်။ အတ္တာနဉ္စ၊ မိမိကိုယ်ကိုငင်း၊ အတ္တနော၊ မိမိ၏။ ဝစနကာရကေစ၊ ဆိုစကားကို မှတ်သားလိုက်နာ ပြုတတ်စွာသော ပညာမဲ့သူရှင်,လူအပေါင်းတို့ကိုငင်း။ ဝိနာသေန္တိ၊ အပါယ်လေးဘုံရောက်၍ ကုန်အောင် လုံးစုံပျက်ကြွေ ဖျက်ဆီးတတ် လေကုန်၏။

ဤကဲ့သို့ အလဇ္ဇီတို့က ရာ, ထောင် မကသော အလဇ္ဇီတို့ကို ပွားစေ တတ်သောကြောင့် ထို အလဇ္ဇီ တို့ အား ပစ္စည်း ၄-ပါးတို့ဖြင့် ချီးမြှောက် ထောက်ပံ့သူ များလည်း ''အလဇ္ဇီပဂ္ဂဟ''ဖြစ်၍ အပြစ်နှင့်တကွ ဆိုးမစေခြင်း, သာသနာတော် ကြာရှည်တည်၍ နတ်သူတို့အစီးအပွား များပြားစေလိုသူ လူသူတော်ကောင်းများလည်း မေတ္တာကရုဏာကို ရှေ့ထား၍ ရဟန်းမသူတော်များကို ကဲ့ရဲ့တတ်ခြင်း,လမ်းဖြောင့်

လိုလား တရားမျှညီ သူတော်ပြီသော လဗ္ဗိရဟန်းကောင်းတို့လည်း အလွယ်တကူ နှုတ်ယူကျင့်တတ်စေခြင်း အကျိုးငှါ သာသနာပိုင်ဆရာတော်, ရှမ်းကလေးကျွန်းဆရာတော်, ပြည်ဆရာတော်, ခင်မကန်ဆရာတော်, မတ္တရာဆရာတော် စသော ဆရာတော် ကြီးများနှင့် အညီအညွတ် ပဉ္စမသံဂါယနာတင် မင်းတရားကြီး ထုတ်ပြန်တော်မူသော အမိန့်တော် ပြန်တမ်းကြီးကို မူအတိုင်းပြပေအံ့။

## အမိန့်တော်ပြန်တမ်းကြီး

ဘုန်းတော်အလွန် ကြီးမြတ်တော်မူသော ရေမြေ့အသျှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက် စကြာသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်၊ ငါ အရှင် ကေရာဇ်မင်းမြတ်သည် ကိုယ်ကျိုး ကိုယ်စီးပွားကိုသာ ငဲ့၍ မင်းအဖြစ်ကို ယူတော်မူသည်မဟုတ်၊ ဘေးလောင်းတော် အဇာတသတ်မင်း,ကာလာသောကမင်း, သီရိဓမ္မာသောကမင်း စသော သာသနာပြု မင်းတို့ကဲ့သို့ ရှေးရှေးသော ကိုယ်တော် အဖြစ်၌ မပြတ်လေ့လာ ကျင့်ဆောင်တော် မူခဲ့ဘူးသော သမ္မာ ဆန္ဒတော် အရင်းရှိသဖြင့် သာသနာတော်ကို ချီးမြှင့်ပြုစုတော် မူလိုသည်နှင့်အညီ ကျင့်ဆောင်နိုင်ခဲလှသော ရာဇဓမ္မအပေါင်း တို့ကို မတိမ်း,မယိမ်း မလစ်မလပ်ဧစရ၊ကျင့်ဆောင်တော်မူ၍ မြတ်သောတရား၌ တည်တော်မူလျက် မှူးတော်, မတ်တော်, မှူထမ်း, ရာထမ်းတို့ကိုလည်း အလောင်းတော် မဟောသဓာ, ဝိဓုရ, နန္ဒိသေနစသော ရှေးမှူးကောင်း, မတ်ကောင်းတို့ကဲ့သို့ ရာဇ,ဓမ္မ,လောက အကြောင်းသုံးပါးတို့၌တည်စေခြင်း, မင်း, မိဖုရား,မင်းညီ,မင်းသားမှစ၍ ပြည်သူလူအပေါင်းတို့ကိုလည်း ဒါန, သီလ စသော သူတော်ကောင်း တရား၌ တည်စေခြင်း,

ရဟန်းတော် တို့ကိုလည်း ပါတိမောက်ပြန်ခြင်း, ဥဘတော ဝိဘင်းဆောင်ခြင်းစသော သာသနာတော်မြတ်၏ မူလဘူတ တရား ထင်ရှားရှိလျက် မေ့မေ့လျော့လျော့ ပြုကြခြင်းကြောင့် ယိုယွင်းတိမ်မြုပ်ရှိသည်ကို ဝိနည်းပညတ်တော်နှင့် ညီအောင် အားထုတ်ဆောင်ရွက်စေခြင်း, အနုဂ္ဂဟနှစ်ပါးဖြင့် သာသနာ တော်ကို အလွန်အကျိုး ချီးမြှင့်တော်မူခြင်းစသော သာသနာ တော် စည်ပင်အံ့သည်ကို ရည်ရွယ်တော်မူလျက် သာသနာ နုဂ္ဂဟ ဓမ္မရာဇာဖြစ်သော မြတ်သော မင်းအဖြစ်ကို ယူတော် မူသည်။

သာသနာတော် ဆိုသည့်အရာသည် ဝိနည်း တရားတော် ထင်ရှားရှိသည်အတိုင်း ရဟန်းတော်တို့ ကောင်းမွန်စွာ မကျင့် မဆောင်က သာသနာတော် ညှိုးနွမ်းသည်၊ တရားတော်ကို မကျင့်မဆောင်သော တယောက်သောအလဇ္ဇီသည် အလဇ္ဇီ တထောင်ကိုဖြစ်စေ၍ သာသနာတော်ကို ဖျက်ဆီးနိုင်သည်။

သို့ သာသနာတော် ညှိုးနွမ်းပျက်စီးကြောင်း ဖြစ်သော အ လဇ္ဇီတို့၏ အမူအကျင့်ဟု ဆိုအပ်သော ရွှေ, ငွေ, မာသက, ကဟာပဏ-ဟူသော လေးပါးသော နိဿဂ္ဂိယဝတ္ထု၊ ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ, ခရုသင်း,ကျောက်သလင်း, သန္တာ, ပတ္တမြားနီ,ပတ္တမြားပျောက်, စပါးမျိုးခုနစ်ပါး ကျွန်မိန်းမ, ကျွန်ယောကျ်ား, ကျွဲ,နွား, ဆိတ်,ဝက်, ကြက်,ငှက်,လယ်,ယာ, ပန်းအရာမ်, သစ်သီးအရာမ်စသော ဒုက္ကဋ်ဝတ္ထုတို့ကို ရှာမှီး ခြင်း အမှီးခံ၍ထားသည်ကို သာယာခြင်း,သိုမှီးသိမ်းဆည်းခြင်း ဟူသော အလဇ္ဇီဓမ္မ။

နိဿဂ္ဂိယ ဝတ္ထုချင်းချင်း လဲလှယ်ရောင်းဝယ်ခြင်း, နိဿဂ္ဂိ ယ ဝတ္ထုဖြင့် ဒုက္ကဋ်ဝတ္ထုကိုလဲလှယ်ရောင်းဝယ်ခြင်း,နိဿဂ္ဂိယ

ဝတ္ထုဖြင့် ဆွမ်း, ဆန်, ဖျင်ပုဆိုးစသော ကပ္ပိယ ဝတ္ထုကို လဲလှယ် ရောင်းဝယ်ခြင်း,ဒုက္ကဋ်ဝတ္ထုချင်းချင်း လဲလှယ်ရောင်းဝယ်ခြင်း, ဒုက္ကဋ်ဝတ္ထုဖြင့် နိဿဂ္ဂိယဝတ္ထု, ကပ္ပိယဝတ္ထုတို့ကို လဲလှယ်ရောင်းဝယ်ခြင်းစသော အလဇ္ဇီဓမ္မ။

ရဟန်းတို့ ပရိက္ခရာကို ရောင်းချ၍ရသော ရွှေ,ငွေ စသော နိဿဂ္ဂိယဝတ္ထုတို့ကို ခံယူခြင်းဟူသော အလဇ္ဇီဓမ္မ။ရဟန်းတို့ ကပ္ပိယ ပရိက္ခရာဖြင့် ကဝါသည် စသောလူတို့ထံ ကွမ်းအစ်, ထုံးဘူး, ကန့်ကူ, ပုရပိုက်စသော ကပ္ပိယဝတ္ထုကို ကိုယ်တိုင် လဲလှယ် ရောင်းဝယ်ခြင်းဟူသော အလဇ္ဇီဓမ္မ။

ပန်းပေးခြင်း, သစ်သီးပေးခြင်း, က သည်မှုန့်, ခြေညက်, ဝါး, ဒန်ပူ, ဆေးပေးခြင်း, သလုံးမြင်းခေါင်းဖြင့်ဒါယကာတို့ အစေအပါးကိုခံခြင်း ဤရှစ်ပါးသော ကုလဒူသကအမှုကို ပြုခြင်းဟူသော အလဇ္ဇီဓမ္မ။

ဝါးပေးခြင်း စသော ၂၁-ပါးသော အနေသနတို့၌ အကျုံးဝင်သော လူတို့ကိုထမင်းကျွေးခြင်း,မုံ့ပေးခြင်း,ကွမ်းဆေးတည်ခြင်း, နေရာခင်း၍ အမှုအသေပြုခြင်း, ဗေဒင်ဟောခြင်း,ဆေးကုခြင်းစသော အလဇ္ဇီဓမ္မ။

အသက်မွေးခြင်းဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်သော ခြောက်ပါးသောသိက္ခာပုဒ်ကို လွန်ကျူးခြင်း, ဒွံဘွယ်သရဲကိုဖြစ်စေ၍ လာဘ်ကိုရှာမှီးခြင်း, ပစ္စည်းရခြင်း၏ အကြောင်းကိုပြောဆို၍ လာဘ်ကိုရှာမှီးခြင်း, ရအပ်ပြီးသော အနည်းငယ်သော လာဘ်ကိုပေးသဖြင့် မရသေးသော များစွာသောလာဘ်ကို တောင့်တ ရှာမှီးခြင်းစသော ယုတ်မာသော သဘော၏အစွမ်းဖြင့်ဖြစ်သော မိစ္ဆာဇီဝ ဟူသော အလဇ္ဇီဓမ္မ။

ဆင်စီး, မြင်းစီး, ရထားစီး, အတတ်စသော မဂ်, ဖိုလ်မှ ဗိလာဖြစ်သော တိရစ္ဆာန ဝိဇ္ဇာ အတတ်မျိုး၌ အကျုံးဝင်သော ပဒါးသတ်ခြင်း, ပြာချခြင်း, ခဲစေခြင်းစသည်ကိုဆိုသော တိရစ္ဆာန ဝိဇ္ဇာ- လောကာယတ ကျမ်းကို ရဟန်းတို့သင်လည်း မသင်အပ်၊ သူတပါးကိုလည်းမပြောအပ်၊ ကြေးငွေမပါ,သစ်မြစ်,သစ်ရွက်စသောဆေးဖြင့်သာ ပြုသော်လည်း,၎င်း အတတ်တို့ကို လေ့လည်း မလေ့ကျက်အပ်၊သူတပါးကိုလည်း မပြအပ်၊ လုပ်လည်းမလုပ်အပ်၊ လေ့ကျက် ပြသ ပြုလုပ်သောရဟန်းတို့သည် ခွန်းတိုင်း ခွန်းတိုင်း ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ်သင့်ခြင်းဟူသော အလဇ္ဇိဓမ္မ။

ငွေနှင့်ခဲ,ကြေးကိုစပ်၍ စပ်တူအဂ္ဂိရတ် ပြုလုပ်သူတို့သည် သုံးဆောင်ရန် ငွေကိုခံကတည်းကပင် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်သည်၊ ခဲ,ကြေးကို ငွေနှင့်စပ်၍သုံးသောအခါ ခိုးခြင်း ၂၅-ပါးတွင် "ထေယျာဝဟာရ" ၌ အကျုံးဝင်သောကြောင့် "ကူဋကဟာပဏာဝဟာရ"ဖြင့် ဆုံးဖြတ်အပ်သည်၊ကြေးနီ ဗို-ကိုရွှေမွေးထင်စေ၍သုံးဆောင်လျှင် ပါရာဇိကဖြင့်ဆုံးဖြတ်အပ်သည်ဟု လာသည်ကို ပြုကျင့် ကျူးလွန်ခြင်းဟူသော အလဇ္ဇိဓမ္မ။

ထိုးကွင်း, ခါးလှည့်, လက်ဖွဲ့, အင်း, အိုင်, ဓားပြီး, လှံပြီး စသောအတတ်တို့သည် မဂ်,ဖိုလ်မှ ဘီလာ တိရစ္ဆာနဝိဇ္ဇာ လောကာယတကျမ်း၌ အကျုံးဝင်သောကြောင့် ရဟန်းတို့ မပြုမကျင့်အပ်သည်ကို ကျင့်ခြင်းဟူသော အလဇ္ဇိဓမ္မ။

ထိုအတတ်ကို မှီ၍ရသော ပစ္စည်းတို့ကိုလည်း ရဟန်းတို့ မသုံးဆောင်ထိုက်ဘဲ သုံးဆောင်ခြင်းဟူသော အလဇ္ဇိဓမ္မ။

အနာရောဂါ မရှိဘဲ ရထားပေါင်းချုပ်,လှည်း, ထမ်းစင်, သန့်လျင်း,စသောယာဉ်တို့ကို ရဟန်းတို့ မစီးအပ်သည် ဖြစ်လျက် စီးခြင်းဟူသော အလဇ္ဇီဓမ္မ။

ခြေကွဲခြင်း, ခြေအသားစွန်းထွက်ခြင်း, အလွန်မြေကြမ်းခြင်း, အလွန်ပူခြင်းဟူသော အကြောင်းမရှိဘဲ ဘိနပ်စီးနင်း၍ မြို့တွင်း, ရွာတွင်းသို့ မဝင်အပ်ဘဲလျက် ဝင်ခြင်းဟူသော အလဇ္ဇီဓမ္မ။

အလုံးစုံဖြူသောဘိနပ်,လူတို့အသုံးအဆောင်နှင့် တူသော သမဏာသာရုပ္ပ မဖြစ်သော နီသောသည်းကြိုး, မည်းသော သည်းကြိုး တပ်သောဘိနပ်တို့ကို ရဟန်းတို့ အချင်းခပ်သိမ်း မစီးကောင်းဘဲလျက် စီးခြင်းဟူသော အလဇ္ဇီဓမ္မ။

ပြောက်ကျားသော သားမွေးဖြင့်ပြီးသော သခော်ကော်ဇော,တရုပ်ကော်ဇောတို့သည် တရားဟောပလ္လင်, ဆွမ်းစားစရပ် အိမ်၌လူတို့ခင်းသည်ကိုကြည့်၍ ဘုမတ္ထရဏာပြုလျက် ကပ္ပိယ အခင်းမခင်းဘဲ အိပ်ခြင်း, ထိုင်ခြင်း၄ာ မအပ်သည်ကို လွန်ကျူးကျော်နင်းခြင်းဟူသော အလဇ္ဇီဓမ္မ။

ကိုယ်ပူနာ, မျက်စိနာ,သည်းခြေနာစသော အနာဟူသော အကြောင်းမရှိဘဲ ရဟန်းတို့ ထီးမဆောင်း အပ်သည်ကို ဆောင်းခြင်းဟူသော အလဇ္ဇီဓမ္မ။

ကခြင်း, သီခြင်း, တီးမှုတ်ခြင်းနှင့်စပ်သော ဆိုင်း,ကချေသည်, ရုပ်သေး, ရုပ်စုံ, ဇာတ်, ပုံရှည်စသောအလုံးစုံသော သဘင်မျိုးတို့ကို မိမိပယောဂဖြင့်လည်း မယှဉ်စေအပ်၊ ရာဂစသော ကိလေသာပွားကြောင်း ဖြစ်သော ကုသိုလ်တို့ကို ဖျက်ဆီးတတ်သော သာသနာတော်၏ ဆန့်ကျင့်ဘက် ဆူး

ခြောင့်သဖွယ်ဖြစ်သော သဘင်ခံခြင်း, ဘတရမင်း စသည်ကို ပြောဟောနာခံခြင်း, လက်ခုပ်တီးခြင်း, စည်ပုတ်တီးခြင်း, အိုးစည်တီးခြင်း, ကချေသည်တို့ကို ကစေခြင်း, သံချောင်းကစားခြင်း, အရိုးဆေးကစားခြင်း, ဝါးထောင်ကစားခြင်း,ဖဲရိုက်, အံခတ်,စစ်ဘုရင်, ဆင်တိုက်,မြင်းတိုက်, ကျွဲတိုက်,နွားတိုက်, ဆိတ်တိုက်, သိုးတိုက်, ကြက်တိုက်,ခါတိုက်, ကျည်းသားရိုက်, ဒုတ်ပေါက်, လတ်ဝှေ့သတ်ကစားခြင်း, စစ်ထိုးခြင်း, ဗိုလ်ရေတွက်ခြင်း,စစ်သည်စုခြင်း, ဆင်, မြင်း,ရထား, ဗြဲသည်တို့ကို ကြည့်ရှုခြင်း,မီးဖြူ,မီးဝါစသောမီးမျိုးမီးပိတုံးစသော ရှူးမီးမျိုး မီးအိမ်ပျံ, ဒုန်းရှို့,ပြောက်ခွဲစသော အလုံးစုံသော အမှုသည် ဝိသုကဖြစ်၍ ရဟန်းတို့ မအပ်မစပ်သော အမှုကိုလျက်လွန်ကျူးကျော်နင်းပြုလုပ်စီရင်ကြည့်ရှုနားထောင်ခြင်းဟူသော အလဇ္ဇီဓမ္မ။

မြစ်နား ရဟန်းတို့သည် လျော်လျှော လျော်လောင်း ပြုပြင်၍ ကစားလိုသော စိတ်ဖြင့် ထိုမှ ဤမှမသွားလာ အပ်သည်ကို သွားလာခြင်းဟူသော အလဇ္ဇီဓမ္မ။

ယာဝဇီဝိက ဖြစ်သော ကွမ်း,ဆေးတို့ကို နေလွဲအခါအနာဟူသောအကြောင်းမရှိဘဲ သုံးဆောင်ခြင်းငှာ အကပ်ခံခြင်း၌ ၎င်း,မျိုတိုင်းမျိုတိုင်း၌၎င်း ဝိကာလ ဘောဇန သိက္ခာပုဒ်၏ အန္တရာပတ်ဖြင့် ဒုက္ကဋ်အာပတ်သင့်သည်၊ ယမန်နေ့၌အကပ်ခံအပ်ပြီးသော ကွမ်း, ဆေးတို့ကို နံနက်အခါ၌ အနာဟူသော အကြောင်းမရှိဘဲ အာဟာရအလို့ငှာ ခံယူခြင်း, မျိုခြင်းတို့၌ သန္နိဓိကာရ သိက္ခာပုဒ်၏ အန္တရာပတ်ဖြင့် ဒုက္ကဋ်အာပတ် သင့်သည်၊ ထိုကွမ်းဖတ်,ဆေးဖတ်,ကွမ်းသီးဖတ် မကင်းသော ခံတွင်းဖြင့် ဆွမ်းစသော အာမိသကို စားသောအခါ မျိုတိုင်း

မျိုတိုင်း သန္နိဓိပါစိတ် အာပတ်သင့်သည်၊ ဆွမ်းစားပြီး အာမိသ မကင်းသောခံတွင်းဖြင့် ကွမ်းဆေးတို့ကို သုံးဆောင်သော အခါတိုင်း၌လည်း မျိုတိုင်းမျိုတိုင်း သန္နိဓိပါစိတ် အာပတ်သင့်သည်၊ နေလွဲအခါ ယမန်နေ့က အကပ်ခံပြီးသော ကွမ်း,ဆေးတို့ကို အနာဟူသော အကြောင်းမရှိဘဲ သုံးဆောင်ခြင်း၌ ခံယူရာ မျိုရာတို့၌ ဝိကာလ ဘောဇန သိက္ခာပုဒ်, သန္နိဓိကာရ သိက္ခာပုဒ် နှစ်ပါးတို့ဖြင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်သည်ဖြစ်၍ ယမန်နေ့က အကပ်ခံအပ်သော ကွမ်း,ဆေးတို့ကို အကြောင်းမဲ့ အချင်းခပ်သိမ်း မသုံးဆောင်အပ်၊ ထိုနေ့ အကပ်ခံအပ်သော ကွမ်း,ဆေးတို့ကို နေလွဲအခါ အကြောင်းမဲ့ မသုံးဆောင်အပ်သည်ကို သုံးဆောင်ခြင်းဟူသော အလဇ္ဇီဓမ္မ။

ဦးခေါင်းပူနာ, ကုတ်ဟီး ချောင်းဆိုးကြီးအနာ,ထိပ်ခပ်နာ ဟူသော အကြောင်းမရှိဘဲ အခိုးတံ ဆေးလိပ်တို့ကို မသောက်မရှုအပ်၊ယမန်နေ့က အကပ်ခံအပ်သော အခိုးတံ ဆေးလိပ်, ထိုနေ့ အကပ်ခံအပ်ခဲ့ပြီးသော အခိုးတံ ဆေးလိပ်တို့ကို သောက်ရှုသော ရဟန်းအား ကွမ်း, ဆေး၌ ဆိုအပ်ခဲ့ပြီးသည်အတိုင်း အာပတ်သင့်သည်ကို မရှောင်ကြဉ်ဘဲ ပြုကျင့်ကျူးလွန်ခြင်းဟူသော အလဇ္ဇီဓမ္မ။

ထင်ရှားရှိသော ရဟန်းကိုမပန်မကြားမူ၍ ရှောင်တခင်ပြုအပ်သော ကိစ္စမရှိဘဲ နေလွဲအခါ မြို့တွင်း, ရွာတွင်းသို့ မဝင်အပ်သည်ကို ဝင်ခြင်းဟူသော အလဇ္ဇီဓမ္မ။

ဤသို့စသော အလဇ္ဇီအဖြစ်ကို ပြုတတ်သော သိက္ခာပုဒ်တို့ကို လေးစားမမူ သဗ္ဗညုဘုရား ရှေ့မျက်နှာတော်ကို မထောက်မညှာ တသက်လျှာမျှ လာဘ်ပူဇော် သက္ကာရကိုငဲ့၍

ရဟန်းကောင်းတို့၏ အသွင်အပြင် အဝတ်အဆင်ကား အရဟတ္တဓဇ မြတ်သော အဝတ်၊အကျင့်ကား သာသနာတော်၏ ဆုံးခြောင့်ခလုပ်, ယုတ်မာလှသောအကျင့်ဖြစ်၍ သာသနာတော်ကို ဖျက်ဆီးတတ်သော အလဇ္ဇီပုဂ္ဂိုလ်တို့ကို အားပေးအားမြှောက် ပူဇော် လှူဒါန်းသူတို့လည်း အလဇ္ဇီနှင့် ပေါင်းဘက်၍ သာသနာတော်ကို ဖျက်ဆီးသည် မည်လေသောကြောင့် အမိန့်တော်ရှိပါသည်။

အလဇ္ဇီဓမ္မတို့ကို လွန်ကျူးကျော်နင်း၍ကျင့်သော အလဇ္ဇီပုဂ္ဂိုလ်တို့ကို ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ ကျေးရွာနေ လူတို့ မကိုးကွယ် မလှူဒါန်းကြစေနှင့်၊မြို့ရှင်ရွာရှင်တို့က မြို့ရွာနေလူတို့ကို နိုင်နင်းအောင် တားမြစ်စေ၊ ကိုးကွယ်ရင်းဖြစ်၍ ကိုးကွယ်လိုလျှင် အလဇ္ဇီဓမ္မတို့ကို စွန့်စေ၍ အပြစ်အား လျော်စွာ ဝိနည်းကံဖြင့် ကုစား စေပြီးမှ ကိုးကွယ်လှူဒါန်းမြဲ လှူဒါန်းစေ၊ အလဇ္ဇီ ပုဂ္ဂိုလ်မှန်း သိလျက် အမိန့်တော် အာဏာတော်ကိုမတည် ကိုးကွယ် လှူဒါန်း အားပေးအားမြှောက်ပြု၍ သာသနာတော်ကို ဖျက်ဆီးသူတို့ကို အများကြောက်ရွံ့၍ သာသနာတော်ဘေးရန် ကင်းငြိမ်းအောင် တင်းတင်း ကြပ်ကြပ် ဝန်တို့က စီရင်၊ ထီးရုံ, နန်းရုံ စော်ဘွား,မြို့စား, မြို့ဝန်, မြို့သူကြီးတို့ကို စေ့နှံ့အောင် ပြန်ဆိုမှာထားစေ။

သက္ကရာဇ် ၁၂၁၇-ခု တပို့တွဲလဆန်း ၁၀-ရက်နေ့ နားခံတော် မင်းတင်ရာဇာ သီဟသူပြန် အမိန့်တော်။

## အလဇ္ဇီမှာ မသက်သာ

ဝိဏ္ဏောပိယ အယောဂုဠော၊အယောပဋ္ဋော၀ စီဝရံ။
ဝိဟာရော အယောကုမ္ဘိ၀၊သတ္တိဝေဓော၀ အဥ္ဇလိ။

အဿ၊ ထိုသီလ သိက္ခာ ကောင်းစွာမစင် ပုထုဇ္ဇန်ဆိုး ရဟန်းမျိုး၏။ ပိဏ္ဍောပိ၊ ဒကာ,ဒကာမ သဒ္ဓါကြွ၍ ထာ၀ရ လှူဒါန်းစားဘွယ် ဆွမ်းသည်လည်း။ အယောဂုဠော၀၊ အရှိန် ရဲရဲ မီးလျှံစွဲသည့် သံခဲသံလုံး သံတုံးတွေနှင့် တူလှလေ၏။ စီဝရံ၊ကိုယ်ဝယ်ဆင်မြန်းဝတ်သင်္ကန်းသည်။အယောပဋ္ဋော၀၊ အရှိန်ကြီးမား မီးလျှံဝါးသည့် သံပြားကြီးနှင့် တူလှလေ၏။ ဝိဟာရော၊ သွားရပ် ထိုင်လျှောင်း နေရာကျောင်းသည်။ အယောကုမ္ဘီ၀၊ ဝန်းကျင်တောက်ပြောင် ရဲရဲလောင်ငြီး သံအိုး ကြီးနှင့်တူလှလေ၏။ အဥ္ဇလိ၊ လူသူအားလုံး များညွတ်ချိုး၍ ရှင်ပြုံးကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြခြင်းသည်။ သတ္တိဝေဓော၀၊ အလျှံလက်လက် မြမြထက်သည့် လှံရွက်ကို မိုး ဝိုင်း၍ထိုးသည်နှင့် တူလှလေ၏တကား။

ဤကဲ့သို့ မိမိမှာ ရှိသေထိုက်သည့် သီလ, သမာဓိ, ပညာ လုံလောက်စွာ မရှိပါလျှင် သူတပါးတို့၏ ပစ္စည်း ၄-ပါး ရှိသေလေးစားမှုများကြောင့် မိမိတို့မှာအလွန်ကြီးလေးသော တာဝန်၏ တက်ရောက်ခြင်းကို ခံရလေ၏၊ မိမိသီလ မလုံ လောက်ပါက ရဟန်းအဖြစ်၌ နေထိုင်ဘို့ရန်ပင် မသင့်တော့ ပြီ၊ ရဟန်းအဖြစ်ဟူသည် အလွန်ကြီးမားသော ဆုထူးပန် အဂ္ဂသာဝက, မဟာသာဝက, သမ္မာသမ္ဗုဒ္ဓ အလောင်းတော် များနှင့် နိဗ္ဗာန်ကို မြန်မြန်ရလို၍ သံသရာ ငြီးငွေ့လှသော တကဲ့သူတော်ကောင်း များတို့သာ ထိုက်ဘန်ပေ၏၊အမှတ်တ

မဲ့နေသူတို့မှာ သာသနာတော်နှင့် မတန်မရာပါချေ၊စင်းစား ဘွယ်ပါတကား''။

[အကျယ်ကို သတ္တဂ်ုတ္တရပါဠိတော် မဟာဝဂ် အဂ္ဂိက္ခန္ဓုပမ သုတ်မှာ ယူကြပါကုန်။]

---

## ထင်းကုလားတုံးပမာ မဖြစ်စေရာ

ဆဝါလာတံ ယထာကဋ္ဌံ၊ နက္ကစိ ကိစ္စကာရကံ၊
နေဝဂါမေ အရညေ ဝါ၊ န ဟိ တံ ကဋ္ဌသမ္မတံ။
[ထေရာအပါဒါန်ပါဠိတော်]

(ဘောသိဿ)ငါ၏ထံပါး ခစားနေလှည့် အို-တပည့်တို့။ ဆဝါလာတံ၊ သုသာန်မြေ၌ သူသေဖုတ်သော။ ကဋ္ဌံ တပိုင်းလောင်ပြီး ထင်းစကြီးသည်။ ကွစိ။ ဘယ်အရပ်မှာမှ။ နကိစ္စကာရကံ၊ တစုံတခုသော ကိစ္စကိုမျှ အသုံးချခြင်းငှာ မသင့်လျော်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထိုနည်းတူစွာ။ တွံ၊ သင်သည်။ ဂါမေဝါ၊ အိမ်ရာထောင်သော သူတို့၏နေရာဖြစ်သော မြို့ရွာအတွင်း၌၎င်း။ အရညေဝါ၊ သာသနာထမ်း ရှင်ရဟန်းတို့ မွေ့လျော်ရာဖြစ်သော တော,တောင် အရပ်၌၎င်း။ နေဝကိစ္စကာရကံ၊ ဘယ်လိုကိစ္စမျိုးမှာမှ အသုံးမကျတဲ့ အကောင်ကြီးဖြစ်၍နေပါပြီတကား။ ဟိ၊ စင်စစ်ဧကန် ငါဆိုတိုင်းမှန်လှပေ၏။ တံ၊ သင့်ကို။ ကဋ္ဌသမ္မတံ၊ သုသာန်မြေ၌ သူသေဖုတ်သော ထင်းကုလားတုံးကြီးနှင့်တူသည်ဟူ၍။ (သန္တာ) သူတော်ကောင်းတို့သည်။ နကထေဿုံ၊ မဆိုကြပါစေကုန်လင့်။

ဤကဲ့သို့ သုဘူတိမထေရ်အလောင်း နစင်အခါ ကောသိယ ရသေ့ကြီးက ဘွားဘက်တော်ကောင်း တပည့်ပေါင်း

(၄၄၀၀၀)လေးသောင်းလေးထောင်တို့အား ဩဝါဒစကား မိန့်ကြားသည်ကို သတိသံဝေ,ရကြစေရန် ရည်သန် ူးရင်း နှလုံးသွင်းဖြင့် ထည့်သွင်းဖော်ပြလိုက်ရပေသတည်း၊ "သတိ ထားဘွယ်ပါတကား။"

---

## သုဒ္ဓိလေးဝ စင်ကြယ်မှု

*ရဟန်းကျင့်ဝတ်၊ တပါးတတ်က၊ လူနတ်ဦးခိုက်၊ ပူဇော် ထိုက်၏,ဟူသော ကိုးခန်းလက်ာကိုလိုရာထင်တိုင်း အဓိပ္ပါယ် ယူကြသဖြင့် "အပ္ပသုတ ဒုပ္ပည" ပုဂ္ဂိုလ်အများတို့သည် "စကားဖြစ်ဆန်း၊ ရဟန်းသိက္ခာ၊ တတ်ရာသမျှ၊ ကျင့်ပါက လည်း၊ မုချ လူ,နတ်၊ပူဇော်အပ်သကဲ့သို့၊ အဟုတ်အဟတ်၊ စွဲမှတ်ပြောဆို၊ အလိုရှိသမျှ၊ ကျင့်ကုန်ကြသည်ကား၊ အပ္ပ သုတ၊ အညာဏဒေါသ သာတည်း။

ထိုလက်ာ၏ ယထာဘူတ အဓိပ္ပါယ်ကား ဘယ်ဗေဒင်, ဘယ်မေ့သတ်စသောကျမ်းတို့ကို မတတ်သည်ဖြစ်စေ "စတု ပါရိသုဒ္ဓိသီလ"ကျင့်ဝတ်တပါးကိုကျင့်တတ်က ူ,နတ်ဦးခိုက် ပူဇော်ထိုက်၏ ဟူလိုသည်၊ သိက္ခာပုဒ်တပါး,သီလတပါးကို မဆိုလို၊ လေးပါးလုံး သီလပြည့်စုံမှပင်"သမဏပတိ္ဍပ" ဖြစ်၍ "စင်စစ်အကျိုးထူးမှုကြောင်း၊ သိက္ခာသီလ တပါးပါး ပျက်ကလည်း ဒုသီလ,အလဇ္ဇီ"သေသည် အခြားမဲ့ အ ပါယ်လားကြောင်း ကျမ်းဂန်များစွာဆို၏၊ ထို့ကြောင့် ပျက် စီးသောသီလကို ပြည့်အောင် ြည့်ဆောင်အားထုတ်ကြကုန်၊ ဗဟုဿုတရှိသော်သာလျှင် ဘာဝနာကို အားထုတ်ခြင်း အား ဖြင့် များသောကျေးဇူးရှိ၏၊ ဗောဇ္ဈင်္ဂကောသလ္လ အနုတ္တရ

ပီတိအဖြစ် သမထ, ဝိပဿနာနှင့် ယှဉ်ခြင်း စသည်တို့၌ ကောင်းစွာ ဆင်ခြင်ခြင်း, များသော ပုဂ္ဂိုလ်အား၊ သမထ ဝိပဿနာပြည့်နိုင်ရာ၏ဟုလိုသည်၊ ထို့ကြောင့် ဗဟုဿုတ ရှိသော်သာ "သမဏပတိရူပ" ဖြစ်၏၊ သို့ဖြစ်၍ အပ္ပ ဿုတရဟန္တာတို့၏ထိန်းခံသောထက် ဗဟုဿုတပုထုဇ္ဇန် ရဟန်း အထံ ကမ္မဋ္ဌာန်းနည်းခံခြင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ တို့၌ ချီးမွမ်းကြကုန်၏။

သူလည်းရဟန်း၊ ငါလည်းရဟန်း၊ ဝတ်သင်္ကန်းနှင့်၊ နေဆန်းနေကာ၊ မပြုပါနှင့်၊ စာပေကျမ်းဂန်၊ ရဟန်း ကျင့်နည်း၊ နိဿယည်းကို၊ ထုံးနည်းခံ၍၊ ကြိုကြို ကြည့် ကြည့်၊ ပညာပြည့်အောင်၊ ဖြည့်ကျင့်ဆောင်လော့။

စတုပါရိသုဒ္ဓိသီလ ပြီး၏

---

## ဝါရိတ္တ,စာရိတ္တ သဘာဝ

ဤအရာ၌ သီလသည်—

(၁) ဝါရိတ္တသီလ,

(၂) စာရိတ္တသီလ-ဟူ၍ ၂-မျိုးရှိရာ ထို၂မျိုးတို့တွင်—

၁။ ဝါရိတ္တသီလဟူသည်—

(၁) ယံ ဗုဒ္ဓံ နကာတဗ္ဗန္တိ ပဋိက္ခိတ္တဿ ကရဏံ တံ ဝါရိတ္တံ နာမ။

ဗုဒ္ဓံ၊ ဤအမှုကို။ နကာတဗ္ဗံ၊ မပြုအပ်။ ဣတိ၊ ဤသို့။ ပဋိက္ခိတ္တဿ၊ ပယ်မြစ်တော်မူအပ်သော။ ယံကရဏံ၊အကြင် အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ တံကရဏံ၊ ထိုအကြောင်း သည်။ ဝါရိတ္တံနာမ၊ ဝါရိတ္တသီလမည်၏။

ဤသို့အင်္ဂကထာ မိန့်မှာတော်မူအပ်သည်နှင့်အညီ ဤအမှုတို့ကို မပြုကျင့်အပ်ဟု မြတ်စွာဘုရား ပယ်မြစ်တော်မူထားသော ငါးပါးသီလ, အာဇီဝဋ္ဌမကသီလ အားဖြင့် ပိုင်းခြားအပ်သော သီလများသည် ဝါရိတ္တသီလမည်၏၊ ဤသီလနှင့်ကင်း၍ ထောက်ရာတည်ရာမရဟု မှတ်အပ်၏။

၂။ စာရိတ္တ သီလဟူသည်—

(၂) ယံ ဘဂဝတာ ဣဒံ ကာတဗ္ဗန္တိ ပညတ္တံ သိက္ခာပဒပူရဏံ တံ စာရိတ္တံနာမ။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ဣဒံ၊ ဤအမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ပညတ္တံ၊ ပညတ်တော်မူအပ်သော။ ယံသိက္ခာပဒပူရဏံ၊ အကြင်သိက္ခာပုဒ်ကို ဖြည့်ကျင့်မှုသည်။ အတ္ထိ၊ ရှိ၏။ တံ သိက္ခာပဒပူရဏံ၊ ထိုသိက္ခာပုဒ်ကိုဖြည့်ကျင့်မှုသည်။ စာရိတ္တံနာမ၊ စာရိတ္တသီလမည်၏။

ဤသို့ အဋ္ဌကထာမိန့်မှာတော်မူသောကြောင့် မြတ်စွာဘုရားက ဤအမှုများကိုကား ပြုကျင့်ရမည်ဟု မိန့်တော်မူထားသော ၈-ပါး,၉-ပါး,၁၀-ပါးသီလများနှင့် ထို့ထက်လူများမှာ ဧကာသနိက်,ပတ္တပိဏ်ဍိကင်နဲ့စ်ပါးကိုကျင့်သော ဓုတင်္ဂသီလ, ရတနာသုံးပါးတို့အား အရိုအသေပြုခြင်း အပစာယနသီလ, ၎င်းတို့၏ အမှုကိစ္စတို့ကို ဆောင်ရွက်ခြင်း ဝေယျာဝစ္စသီလ- ထိုသီလအပေါင်းတို့သည် လူ့ရွာ,နတ်ရွာ, ဗြဟ္မာ့အချုပ် မဟာဂ္ဂုတ်ဈာန်စသော လောကုတ္တရာ ချမ်းသာစီးပွား များရာအခွင့် ကျင့်အပ်ကျင့်ရာ ကျင့်ကောင်းစွာသော တရားအစုဟု ဘုရားခွင့်ပြုတော်မူသောကြောင့် စာရိတ္တသီလမည်၏။

## သီလ၏သဘာဝ

ဤသို့ပြဆိုခဲ့ပြီး အသီးသီးသော သီလအကျင့်တရားတို့၏ (၁) သဘော, (၂) ဆောင်ရွက်မည့်ကိစ္စ, (၃) ခံစားရမည့်အကျိုး, (၄) ပြဋ္ဌာန်းခြင်းအကြောင်း ၄-မျိုးတို့ဖြင့် ဝေဘန်သည်ရှိသော်—

(၁) ကုသလဓမ္မပတိဋ္ဌာနလက္ခဏံ- ကုသိုလ်တရားတို့၏ တည်ခြင်းသဘောလက္ခဏာရှိ၏။

(၂) ဒုဿီလဝိဒ္ဓံသနရသံ-မကောင်းမှု အကုသိုလ်ကို ဖျက်ဆီးခြင်းကိစ္စရှိ၏။

(၃) သောစေယျပစ္စုပဋ္ဌာနံ-စိတ်၏ စင်ကြယ်ခြင်းလျှင် ရှေးရှုထင်ခြင်းအကျိုးရှိ၏။

(၄) ဟိရောတ္တပ္ပ ပဒဋ္ဌာနံ- ဟိရီ,ဩတ္တပ္ပတရား ၂-ပါး လျှင် ပြဋ္ဌာန်းခြင်းအကြောင်းရှိ၏။

ဤဝါရိတ္တ,စာရိတ္တ သီလ ၂ ပါးအနက် စာရိတ္တသီလ သည် ရခဲသော ဒုလ္လဘငါးရပ်တွင် "သဒ္ဓမ္မသဝနဒုလ္လဘ" ဖြစ်၍ သာလွန်ခဲယဉ်းသောအကျင့် ပဋိပတ်ဖြစ်၏၊ဘာ့ကြောင့် ဆိုသော် ဘုရားတဆူ ပွင့်တော်မူကာ ဟောကြားပါမှ ကြား နာမှတ်သား ကျင့်ကြံရသောတရား ဖြစ်ခြင်းကြောင့်တည်း။

---

## သီလတရား အစားစား

ထိုစာရိတ္တသီလသည်လည်း—

(၁) ဟာနဘာဂိယသီလ,

(၂) ဌိတိဘာဂိယသီလ,

(၃) ဝိသေသဘာဂိယသီလ,

(၄) နိဗ္ဗေဒဘာဂိယသီလ,

ဟူ၍ ၄-ပါးအပြားရှိ၏။

ထင်ရှားစေအံ့—

(၁) ဟာနဘာဂီယသီလ, - ယုတ်သော အဘို့ရှိသော အကျင့် ဟူသည် ကိလေသာပွားရာ မဂ်,ဖိုလ်မှ ဖီလာဖြစ်သော တိုင်းစကား, ပြည်စကား, ရွာစကားစသော ၃၂-ပါးသော တိရစ္ဆာနကထာ စကား အရပ်ရပ်တို့ကို နာခံမှတ်သားပြောကြား၍ အနည်းငယ်မျှ သမထ,ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်မှု မပြုသော သီလသည် "ဟာနဘာဂိယသီလ" မည်၏။

(၂) ဌိတိဘာဂီယ သီလ— တည်ခါမျှ အဘို့ရှိသော အကျင့် ဟူသည် ၃၂-ပါးသော တိရစ္ဆာနကထာ ကင်းလွတ်ပါသော်လည်း ဘာဝနာတရား၌ အထူး မသက်ဝင် ရှောင်ကြဉ်ရုံမျှ စောင့်သုံးသော သီလသည် "ဌိတိဘာဂီယ သီလ"မည်၏။

(၃) ဝိသေသဘာဂီယသီလ— ထူးသော အဘို့ရှိသော အကျင့် ဟူသည် မိမိဆောက်တည်သော သီလကို အာရုံပြုကာ ရံဖန်ရံခါ သမထ, ဝိပဿနာ ရတနာသုံးပါး ဂုဏ်တော်များကို အာရုံရှေ့ထား အထူးပွားလျက် စောင့်သုံးသော သီလသည်"ဝိသေသဘာဂီယ သီလ"မည်၏။

(၄) နိဗ္ဗေဒဘာဂီယသီလ— ငြီးငွေ့သော အဘို့ရှိသော အကျင့် ဟူသည် သံသရာဝဋ်မှ လွတ်လိုသော ဆန္ဒနှင့် သင်္ခါရ၏ဖြစ်ပျက်ဟန်ကို အဘန်ဘန် ငြီးငွေ့သော နိဗ္ဗိန္ဒ ဉာဏ်နှင့်တကွ ဘာဝနာတရားတို့ကို ပွားများ အားထုတ် စောင့်သုံးသော သီလသည် "နိဗ္ဗေဒဘာဂီယသီလ" မည်၏။

ထို ၄-ပါးတို့တွင် ဟာနဘာဂီယ, ဌိတိဘာဂီယ ကို မဖြစ်စေမူ၍ ဝိသေသဘာဂီယဖြစ်အောင် ထို့ထက် နိဗ္ဗေဒ

ဘာဂီယသီလ ဖြစ်အောင် အားထုတ်စောင့်သုံးကုန်ရာသည်၊ ထို ၂-ပါးတို့တွင်လည်း ဟေဘာဂိယသီလ''ဖြင့် ကာမ သုဂတိ ခုနစ်ဘုံဝယ် ၂-ပါးသော သုခကို အကြိမ်ကြိမ်ခံ စားရာသည်၊ နိဗ္ဗေဒဘာဂိယသီလ''ဖြင့် လောကီ မဟဂ္ဂုတ် ဈာနသုခနှင့်တကွ နိဗ္ဗာနသုခကို ရရာ၏၊ထို့ကြောင့် "သီလ တော ဟောတိ သုခိတာ''ဟု မိန့်မှာတော်မူပေသတည်း။

---

## သီလစောင့်က ရှောင်ကြဉ်ရ

ဤအရာ၌ သီလ၏ ညှိုး နွမ်းခြင်း, ကျိုးပေါက်ခြင်းကို ဖြစ် စေတတ်သော သုဒ္ဓိမဂ် သီလနိဒ္ဒေသ သတ္တဂိုဏ္ဍ၊ပါဠိတော် မဟာရည၀ဂ် မေထုနသညောဂသုတ်လာ မေထုန်ငယ် ၇-ပါးနှင့် ပါပဓမ္မ, ၁၄-ပါးတို့စင်ကြယ်ပါမှ "သုဒ္ဓိသီလ'' ဟု ခေါ်ဆိုရပေမည်။

---

## သီလ၏ညှိုးနွမ်းစေတတ်သော မေထုန်ငယ် ၇-ပါး

မေထုန်ငယ် ၇-ပါးဟူသည်—

(၁) ဝိသဘာဂ—အန့်ကျင်ဘက်ဖြစ်သော ယောကျ်ား နှင့် မိန်းမတို့၏ အနင်း, အနှိပ်, အဆုပ်, အနယ်စသော ပျော်လိမ့်မှုကို သာယာခြင်းတပါး,

(၂) ဝိသဘာဂ—တို့နှင့် ရယ်ရွှင် ကျီစယ် ပျော်ရွှင်ဘွယ် စသော ပြောဆိုမှုကို သာယာခြင်းတပါး,

(၃) ဝိသဘာဂ-အားရုံဘို့အားစိန်းစိန်းစိုက်စိုက်,စူးစိုက် ကြည့်ရှုမှုကို သာယာခြင်းတပါး,

(၄) ဝိသဘာဂ-တို့၏ အဝေး,အနီးမှ အသံကို နား ထောင် သာယာခြင်းတပါး,

(၅) လွန်ခဲ့သော- အချိန်ကာလက ဝိသဘာဂတို့နှင့် သာယာခဲ့ဘူးသည်ကို အောက်မေ့သာယာခြင်းတပါး,

(၆) သူတပါးတို့ ဝိသဘာဂနှင့် သာယာခံစားနေသည်ကို နှစ်သက်သာယာခြင်းတပါး,

(၇) ယခုစောင့်ထိန်းလျက်ရှိသော သီလ၏ အကျိုးအတွက်နတ်သမီး, နတ်သားဘဝများကို မြှော်မှန်းစိတ်ညွတ်ကာ သာယာခြင်းတပါး—ဤသို့အားဖြင့် ၇-ပါးဖြစ်သတည်း။

ဆောင်ပုဒ်

(၁) ကြည့်,ထိ,စကား၊အသံကြား၊ ကြံဖြားကာမဂုဏ်။

(၂) ဝင်္ဂပတ္တနာ၊ စောင့်သုံးပါ၊ သတ္တာငယ် မေထုန်။

---

**သီလ၏ကျိုးပေါက်စေတတ်သော ပါပဓမ္မ ၁၇-ပါး** ✓

ပါပဓမ္မ ၁၇-ပါးဟူသည်—

(၁) ကောဓ-အမျက် ထွက်ခြင်း, (၂) ဥပနာဟ-ရန်ငြိုးဖွဲ့ခြင်း, (၃) မက္ခ-သူ့ကျေးဇူးကို ချေဖျက်ခြင်း, (၄) ပလာသ-အင်တူထားခြင်း, (၅) ဣဿာ-ငြူစူခြင်း, (၆) မစ္ဆရိယ-ဝန်တိုခြင်း, (၇) မာယာ—မိမိ အပြစ်ကို ဖုံးလွှမ်းလှည့်ပတ်ခြင်း,(၈)သာဌေယျ-မိမိဂုဏ်ကိုဘော်ကာဝါကြွားခြင်း(၉)ထမ္ဘ-ရိုသေကိုင်းညွှတ်ခြင်းမရှိခက်ထန်ခြင်း, (၁၀) မာန-ထောင်လွှားတက်ကြွခြင်း, (၁၁)အတိမာန-ငါ့ပြင်မရှိ,ထောင်လွှားတက်ကြွခြင်း,(၁၂)မဒ-မာန်ယစ်ခြင်း, (၁၃)ပမာဒ-မေ့လျော့ခြင်း, (၁၄)အတ္တုက္ကံသန-မိမိဂုဏ်ကိုမြှင့်တင်ခြင်း, (၁၅)ပရဝမ္ဘန-သူတပါးကို နှိမ့်ချခြင်း, (၁၆) နိန္ဒာ-ကဲ့ရဲ့ခြင်း, (၁၇) ဂရဟာ-မျက်ကွယ်ကဲ့ရဲ့ ရှုံ့ချခြင်း-ဤသို့အားဖြင့် ၁၇-ပါးတို့ပေတည်း။

## သီလဂုဏ် ၈-ပါး သတိထား

ဤသို့ပြဆိုခဲ့ပြီး အသီးသီး,အစားစား သီလများတို့တွင် မိမိတို့၏ စွမ်းပကားသတ္တိ ရှိသည်အားလျော်စွာ ကျင့်ဆောင်ကြကုန်သော သူတို့အား (၁)အခဏ္ဍ-မကျိုးခြင်း, (၂)အဆိဒ္ဒ-မပေါက်ခြင်း, (၃)အသဗလ-မပြောက်ခြင်း (၄)အကမ္မာသ-မကျားခြင်း, (၅)ဘုဇိဿ- တဏှာ့ကျွန်အဖြစ်မှလွတ်ခြင်း,(၆)ဝိညူပသတ္ထ-ပညာရှိတို့ချီးမွမ်းခြင်း,(၇)အပရာမဋ္ဌ-တဏှာ,မာန, ဒိဋ္ဌိတို့ဖြင့်မသုံးသပ်ခြင်း, (၈)သမာဓိသံဝတ္တနိက-သမာဓိ၏ အခြေခံဖြစ်ခြင်း- ဤသီလဂုဏ် ၈-ပါးတို့နှင့် ပြည့်စုံအောင် ကျင့်သုံးဆောက်တည်ရာ၏။

---

## တဏှာ မာန ဒိဋ္ဌိ ကပ်ငြိပုံ

(၁) တဏှာဖြစ်ပုံကား- သီလဆောက်တည်ရာဝယ်ယခုဘဝ,နောက်ဘဝတို့၌ ရဆဲ,ရလတ့်သော ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိ-ဟုဆိုအပ်သောကာမဂုဏ်အာရုံတို့ကိုအာသာတောင့်တ၍ သီလဆောက်တည်အံ့ဟုနှလုံးသွင်းလျက် ဆောက်တည်၏၊ ပြီးသော်လည်း သာယာ၏၊ဤသီလသည် တဏှာနှင့်ရောယှက်၍ ဆောက်တည်သော သီလမည်၏။

(၂) မာနဖြစ်ပုံကား—ငါ၏သီလသည် ဤသူ၏ သီလထက်မြတ်၏၊ ဤသူ၏သီလနှင့်မူ တန်းတူ၏၊ ဤသူ၏သီလလောက်ကား- မမြတ်ပေဟု နှိုင်းယှဉ်လျက် နှလုံးသွင်းကာဆောက်တည်၏၊ ထိုသီလသည် မာနနှင့်ရောယှက်၍ ဆောက်တည်သော သီလမည်၏။

(၃) ဒိဋ္ဌိဖြစ်ပုံကား– "ငါ့သီလစောင့်၏၊ သူ့သီလစောင့်၏၊ ငါသီလပေး၏၊ဤသူသီလပေး၏၊ ငါ,ဤသူတို့သည် ဤသီလကြောင့် လူဖြစ်လတ့်၊နတ်ဖြစ်လတ့်၊ဗြဟ္မာဖြစ်လတ့်" ဟု နှလုံးသွင်းလျက် ဆောက်တည်၏၊ထိုသီလသည် ဒိဋ္ဌိနှင့် ယှဉ်၍ ဆောက်တည်သောသီလမည်၏။

---

## တဏှာ မာန ဒိဋ္ဌိ မကပ်ငြိပုံ

ဤသို့ သီလဆောက်တည်ရာ ငါဟုဆိုအပ်သော ခန္ဓာငါးပါး သင်္ခါရအစဉ်တို့သည် (၁)ကာယဝိသုဒ္ဓိ-ကိုယ်၏စင်ကြယ်မှု, (၂)ဝစီဝိသုဒ္ဓိ-နှုတ်၏စင်ကြယ်မှု, (၃)စိတ္တဝိသုဒ္ဓိ-စိတ်၏ စင်ကြယ်မှုဖြစ်ကြောင်း ကောင်းမြတ်သော သူတော်ကောင်းတရားတို့၌ တည်ပေ၏၊ ငါတည်သည်မဟုတ်၊ ဤဝိသုဒ္ဓိသုံးပါးတို့သည် ကြီးပွားမြင့်မြတ်သည်ရှိသော် စင်စစ်အသင်္ခတဝိသုဒ္ဓိခေါ် နိဗ္ဗာန်ရွှေမြို့တော်ကြီးသို့ ရောက်လတ့်ဟူ၍ နှလုံးသွင်းလျက် ကျင့်သုံးဆောက်တည်ရာ၏၊ ဤသို့ ဆောက်တည်သည်ရှိသော် တဏှာ,မာန,ဒိဋ္ဌိတို့မယှဉ်မူ၍ ဆောက်တည်သည် မည်ပေတော့သတည်း။

---

## သီလာနိသံသ ၅-ဌာန

ဤကဲ့သို့ သီလနှင့်ပြည့်စုံပါက သီလာနိသံသ-သီလ၏ အကျိုးအာနိသင် ၅-ပါးကို ခံစားရပေ၏၊ အာနိသင်၅-ပါးကား–(၁)မမေ့မလျော့ခြင်းတည်းဟူသောအကြောင်းကြောင့် ကောင်းမြတ်ကြီးကျယ်သော စည်းစိမ်အစုသို့ ရောက်ရခြင်း အကျိုးတပါး, (၂)ကောင်းသော ကျော်စောသတင်းပျံ့နှံ့ခြင်း အကျိုးတပါး, (၃) ပရိသတ်အလယ် တင့်တယ် ရဲရင့်ခြင်း

အကျိုးတပါး, (၄)မတွေမဝေ သေရခြင်းအကျိုးတပါး, (၅)သေသည်၏အခြားမှာ ကောင်းသောသူတို့၏ လားရာ, နတ်ပြည်သို့သာ ကပ်ရောက်ရခြင်းအကျိုးတပါး-ဤသို့အားဖြင့် ငါးပါးသော အကျိုးတရားတို့ကို ခံစားရပေသတည်း။

---

## သီလာနိသံသ သဘာဝ

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသပရိစ္ဆေဒံ၊ တဿသီလဿ ကော ဝဒေ။ ။
[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သီလနိဒ္ဒေသ]

သာသနေ၊ အလုံးစုံသော လောကီ,လောကုတ္တရာ ဂုဏ်ကို ဆောင်တတ်သော သခင်ဂေါတမ လောကဘွဲ့တင် ဘုရားရှင် သာသနာတော်မြတ်၌။ ကုလပုတ္တာနံ၊ အကျင့်အာစာရအားဖြင့် အမျိုးကောင်းသား ဖြစ်ကြကုန်သော သူတို့၏။ ယံသီလံ၊ အကြင် သီလကို။ ဝိနာ၊ မလေးမစား ကြဉ်ကာထား၍။ ပတိဋ္ဌာ၊ ထောက်ရာမှီရာ သက်၍ တည်ရာသည်။ နတ္ထိ၊ မုချမသွေ မရှိနိုင်ချေ။ သီလမေဝ၊ သီလသည်သာလျှင်။ ပတိဋ္ဌာ၊ ထောက်ရာ မှီရာ သက်၍တည်ရာပေတည်း။ (ဧဝမာနုဘာဝဿ)၊ဤသို့ ကြီးမား များသော အာနုဘော်ရှိသော။ တဿသီလဿ၊ ထို သီလ၏။ အာနိသံသပရိစ္ဆေဒံ၊ဤ၍ဤ၍မျှ ဤသည်ပဟု အကျိုး၏ အပိုင်းအခြားကို။ ကော၊ အဘယ်မည်သောပညာရှိသည်။ ဝဒေ၊ အကျယ်ချဲ့ကာ ဟောပြနိုင်ပါတော့အံ့နည်း။

---

## သီလသည်သာ စင်ကြယ်ရာ

နဂင်္ဂါ ယမုနာစာပိ၊ သရဘူဝါ သရဿတီ။
နိန္နဂါဝါ ဝိရဝတီ၊ မဟီဝါပိ မဟာနဒီ။ ။

သက္ကုဏန္တိ ဝိသောဓေတုံ၊ တံမလံ ဣဓ ပါဏိနံ။
ဝိသောဓယတိ သတ္တာနံ၊ ယံ ဝေ သီလဇလံ မလံ။ ။
[၎င်း]

ဣဓ၊ ဤလူ့ရွာ၌။ ပါဏိနံ၊ ပါဏာဟု ဆိုအပ်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ယံမလံ၊ အကြင်ရာဂစသော အညစ်အကြေးကို။ သီလဇလံ၊ သီလတည်းဟူသောရေသည်။ ဝေ၊ မုချမသွေဧကန်စင်စစ်။ ဝိသောဓယတိ၊ သုတ်သင် ဆေးလျှော်တတ်လေ၏။ ပါဏိနံ၊ သတ္တဝါတို့၏။ တံမလံ၊ ထို အညစ်အကြေးကို။ ဂင်္ဂါဝါ၊ ဂင်္ဂါမည်သောမြစ်သည်၎င်း။ ယမုနာစာပိ၊ ယမုနာမည်သောမြစ်သည်၎င်း။ သရဿတီ၊ တသဲသဲအသံရှိသော။ သရဘူဝါ၊ သရဘူမြစ်သည်၎င်း။ အစိရဝတီ၊ အစိရဝတီမည်သော။ နိန္နဂါဝါ၊ ရှိုင်းဝှမ်းသောမြစ်သည်၎င်း။ မဟီဝါပိမဟာနဒီ၊ မဟီမည်သောမြစ်ကြီးသည်၎င်း၊ ဧတာနဒိယော၊ ဤမြစ်ကြီးငါးစင်းတို့သည်။ ဝိသောဓေတုံ၊ စင်ကြယ်အောင် ဆေးခလျှော်ခြင်းငှါ။ နသက္ကုဏန္တိ၊ မတတ်နိုင်ကုန်။

---

## နိဗ္ဗာန်ဝင်ရာ သီလသာ

သဂ္ဂါရောဟဏသောပါနံ၊ အညံ သီလသမံ ကုတော။
ဒွါရံဝါ ပန နိဗ္ဗာနံ၊ နဂရဿ ပဝေသနေ။ ။
[၎င်း]

သီလသမံ၊ သီလနှင့်တူသော။ အညံ၊ တပါးသော။ သဂ္ဂါရောဟဏသောပါနံ၊ နတ်ရွာသို့တက်ရာ စောင်းတန်းသည်။ ကုတောအတ္ထိ၊ အဘယ်မှာတစ် ရှိပါတော့အံ့နည်း။ နိဗ္ဗာနနဂရဿ၊ တဆယ့်တသီး မီးငြိမ်းရာမှန် နေရပ်ဗာန် မြို့တော်ကြီး

သို့။ ပဝေသနေပန၊ ဝင်ရောက်ရာ၌ကား။ သီလသမံ၊ သီလ နှင့်တူသော။ ဒွါရံ၀ါ၊ တံခါးသည်လည်း။ ကုတောဘဝိဿတိ၊ အဘယ်မှာ ဖြစ်နိုင်ပါတော့အံ့နည်း။

---

## သီလမဂ္ဂင် ကိလေစင်

ဧလောကီပုဗ္ဗဘာဂ မဂ္ဂင်ရှစ်ပါး မြတ်တရားတို့တွင် သမ္မာ ဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဤမဂ္ဂင် ၃-ပါးသည် သီ လက္ခန္ဓမဂ္ဂင်မည်၏။

[စူဠဝေဒလ္လသုတ်]

ဤမဂ္ဂင် ၃-ပါးကို လုံခြုံစွာ စောင့်သုံးသော သူတော် ကောင်းတို့သည် အဓိသီလသိက္ခာနှင့်ပြည့်စုံကုန်၏၊ အဓိသီလ သိက္ခာနှင့် ပြည့်စုံသော သူတော်ကောင်းတို့သည် ကာယကံ, ဝစီကံတို့ကြောင့်ဖြစ်သော ဝီတိက္ကမကိလေသာကို ပယ်နိုင်၏၊ ဝီတိက္ကမကိလေသာကို ပယ်နိုင်လျှင်လည်း ဝိနည်းပိဋကတ် တော်နှင့်အညီ ကျင့်နိုင်သောသူ မည်ပေတော့သတည်း။

[အဋ္ဌသာလိနီအဋ္ဌကထာ]

---

## သီလရှိမှ မြတ်ခေါ်ရ

ယော စ ဝဿသတံ ဇီဝေ၊
ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊
သီလဝန္တဿ ဈာယိနော။ ။

ဒုဿီလော၊ သီလမရှိသော။ အသမာဟိတော၊ တည်ကြည် သော စိတ်မရှိသော။ ယော စ၊ အကြင်သူသည်ကား။ ဝဿသတံ၊

အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်၍နေငြားအံ့။ သော၊ ထိုတရားမဖက် အလကားသက်သက် အသက်ရှည်၍နေသော သူထက်။ သီလဝန္တဿ၊ ကိုယ်ကျင့်သီလရှိသော။ ဈာယိနော၊ မကောင်းမှု ဒုစရိုက်ကို ဖုတ်မြိုက်ပြီးသောသူ၏။ ဧကာဟံ၊ တနေ့တရက် တနံနက်မျှ။ ဇီဝိတာ၊ အသက်ရှည်ရခြင်းသည်။ သေယျော၊ ကောင်းကျိုးနှင့်စပ် မျိုးမပြတ်အောင် မြတ်လှပေတော့သည်တကား။

[သတိထား] သီလနှင့်ပေ၊ သေသာသေလည်း၊ သေရာမရောက်၊ ဝမ်းသာမြောက်လော၊ ဒုစရိုက်ကို တန်ဆာဆင်၊ ရှင်ပင် ရှင်လည်း၊ ရှင်ရာမရောက်၊ ဝမ်းမမြောက်နှင့်။

## ဒုစရိုက် ၁၀-ပါး ရှောင်တရား

ဤအရာ၌ ဒုစရိုက် မကောင်းသော အကျင့် ၁၀-ပါး ဟူသည် (၁) ကာယဒုစရိုက် ၃-ပါး, (၂) ဝစီဒုစရိုက် ၄-ပါး, (၃)မနောဒုစရိုက် ၃-ပါး ဤသို့အားဖြင့် ၁၀-ပါး ဖြစ်၏။

၁။ ကာယဒုစရိုက် ၃-ပါးကား—

(၁) ပါဏာတိပါတ—သူ့အသက်သတ်မှု,
(၂) အဒိန္နာဒါန—သူ့ဥစ္စာကို မတရား ခိုးယူမှု,
(၃) ကာမေသုမိစ္ဆာစာရ—သူပိုင်မယား သမီးသားကို ပြစ်မှားကျူးလွန်မှု—

ဤသုံးပါးကို ကိုယ်ဖြင့် ပြုအပ်သော အမှုများဖြစ်၍ ကာယကံ ၃-ပါးဟူ၍ခေါ်၏။

[အကျယ် ၅-ပါး သီလခဏ်းမှာယူ]

[ဆောင်ပုဒ်] သက်သတ်,ခိုးမှု၊ကာမေသု၊သုံးခုကာယကံ။

၂။ ဝစီဒုစရိုက် ၄-ပါးကား—

(၁) မုသာဝါဒ—လိမ်လည်မှု,

(၂) ပိသုဏာဝါစာ—သူတပါးတို့ ကွဲပြားအောင် ကုန်းတိုက်မှု,

(၃) ဖရုသဝါစာ—ယုတ်ယုတ်မာမာ ဆဲဆိုမှု,

(၄) သမ္ဖပ္ပလာပ—ပြိန်ဖျင်းသောစကားပြောဆိုမှု—

[မှတ်ချက်] မဟုတ်သော်လည်း ဥပမာပြုကာ အကျိုးရှိအောင် ပြောဆိုရေးသားမှုမှာ "သမ္ဖပ္ပလာပ" မမည်၊ ဤလေးပါးကို နှုတ်ဖြင့်ပြောဆိုမှုများဖြစ်၍ ဝစီကံ ၄-ပါးဟူ၍ခေါ်၏၊ [အကျယ်, အာဇီဝဋ္ဌမကသီလခန်းမှာယူ။]

**ဆောင်ပုဒ်**

မုသားဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ဆဲရေးချောက်ခြိမ်း၊ အပြိန်းစကား၊ ပြောဆိုငြား၊လေးပါးဝစီကံ။

၃။ မနော-ဒုစရိုက် ၃-ပါးကား—

(၁) အဘိဇ္ဈာ- သူတပါး ဥစ္စာကို ငါ့ဟာဖြစ်လျှင် ကောင်းလေစွဟု မတရားကြံစည်မှု—

[မှတ်ချက်] တောင်း၍၎င်း, ငှါး၍၎င်း, ဝယ်၍၎င်း ယူမည်ဟု ကြံစည်မှုမှာ အဘိဇ္ဈာမဖြစ်မရှိ။

**အဘိဇ္ဈာ၌ အင်္ဂါ ၂-ပါး**

ဤအဘိဇ္ဈာ၌—

(၁) သူတပါး၏ ဥစ္စာဖြစ်ခြင်း, (၂) မိမိသို့ရှေးရှုညွတ်စေခြင်း အင်္ဂါ ၂-ပါးရှိ၏၊ထို ၂-ပါးတို့တွင် သူတပါးတို့၏ ဥစ္စာ၌ တပ်သော လောဘသည် ဖြစ်သော်လည်း ဤသူတပါး၏ ဥစ္စာသည် ငါ့အားဖြစ်လေသော် တော်လေစွဟု

မိမိသို့ရှေးရှုမည့်တိုင်သေးသမျှ ကမ္မပထ မမြောက်သေး၊ညွတ်မှမြောက်၏။

---

## အဘိဇ္ဈာ၏ အပြစ်နှင့်အကျိုး

ဤအဘိဇ္ဈာ၏ အပြစ်ကား-ရောရှုဝင်ရဲ့သို့ ကျရောက်ခံစားရသော အာဂန္တုကသူဌေးဝတ္ထုကို ထောက်၍ ငရဲသို့ကျရောက်ရခြင်း အပြစ်ကိုခံရ၍ မိမိဥစ္စာကို သူတပါးတို့အား ပေးလှူလိုခြင်း အနဘိဇ္ဈာ၏ အကျိုးသော်ကား—

(၁) မြတ်စွာဘုရားသားတော် သံဃာတော်တို့ကိုတွေ့၍ ကြည်ညိုခြင်းသည် နတ်ပြည်ရောက်ကြောင်း "သဂ္ဂ သံဝတ္တနိက ပဋိပဒါ"အကျင့်မည်၏။

(၂) ရှိသေလေးမြတ်ခြင်းသည် အမျိုး မြတ်ကြောင်း "ဥစ္စကုလ သံဝတ္တနိက ပဋိပဒါ" အကျင့်မည်၏။

(၃) လှူဒါန်းလိုခြင်းသည် တန်ခိုးကြီးကြောင်း" မဟေသက္ခသံဝတ္တနိကပဋိပဒါ" အကျင့်မည်၏။

(၄) လှူဒါန်း ခြင်းသည်- စည်းစိမ်ဥစ္စာ မပါများခြင်း "မဟာဘောဂ သံဝတ္တနိက ပဋိပဒါ"အကျင့်မည်၏။

(၅) တရားစကားကို နာခံမှတ်သားရခြင်းသည် မဂ်, ဖိုလ်,ရောက်ကြောင်း"မဂ္ဂ,ဖလသံဝတ္တနိက ပဋိပဒါ"အကျင့်မည်၏ ဟု မြတ်စွာဘုရား သားတော် သံဃာတော်တို့နှင့် ဆက်ဆံရကုန်သော ပုဂ္ဂိုလ်တို့အား ၅-ပါးသော ကျင့်ဝတ်ပဋိပဒါတို့သည် ဖြစ်ကုန်၏ဟု "ပဉ္စဂ္ဂိုဇ္ဇ"၏ ပါဠိတော်မှာ ဟောတော်မူခြင်းကြောင့် ပေးလှူလိုခြင်းအနဘိဇ္ဈာကမ္မပထ၏ တန်ခိုးကြီးခြင်းစသော "မဟေသက္ခဖလ"ကို အထူးဖြစ်စေနိုင်ကြောင်းကို သိအပ်ပေသတည်း။

(၂) ဗျာပါဒ—သူတပါးကို "သေကြေပျက်စီးသွားလျှင် ကောင်းလေစွာ့ဟု" ပြစ်မှားမှု။

## ဗျာပါဒ၌ အင်္ဂါ ၂ ပါး

ဤဗျာပါဒ၌- (၁) တပါးသောသတ္တဝါဖြစ်ခြင်း, (၂) ထိုတပါးသော သတ္တဝါ၏ ပျက်စီးမှုကိုကြံခြင်း အင်္ဂါ ၂-ပါး ရှိ၏၊ ထို ၂-ပါးတို့တွင် တပါးသောသတ္တဝါအပေါ်၌အမျက် ဒေါသသည် ဖြစ်သော်လည်း ဤသတ္တဝါသည် ပျက်စီးပါမူကား ကောင်းလေစွ ဟု ပျက်စီးခြင်းကို မကြံသေးသမျှ ကမ္မပထ မမြောက်သေး၊ ကြံစည်မှ မြောက်၏။

## ဗျာပါဒ၏ အပြစ်နှင့်အကျိုး

ဤဗျာပါဒ၏ အပြစ်ကား အသယှ သူဌေးအလျှ၌ ဝန်တို သော ခေါင်းဆောင်ကြီးသည် မနေ့ရဗျာပါဒ မနောကံ၏ အစွမ်းဖြင့် ...ဿာအဖြစ်ကိုရ၍ ပဝ...အခါ၌လည်း အကြောင်းနှင့်ဝ...ာ မျက်နှာ,လက်,ခြေတို့သည် အနေမကျ ဖြစ်လာရ၍ ကြီးလှစွာသော ဆင်းရဲကို အမြဲနေရလေသ တည်း၊ အသယှသူဌေးအလှူကို ခံယူအံ့ငှါ လာကုန်သော အလှူ့တို့အား ခေတနာမေတ္တာ ဈေထားချက် လက်ညှိုးညွှန် ပြခြင်း ကာယဝေ...ာစွ "အဗျာပါဒ မနောကံ" ၏ အစွမ်း ကြောင့် နတ်အဖြစ်ကိုရ၍ ပဝ...အခါ၌လည်း ကြီးစွာသော ဘုန်းနိုးနှင့်ယှဉ်သော လက်ညှိုးကို ရလေ၏၊ ထိုမှတပါး အဗျာပါဒသည် မေတ္တာ, ကရုဏာများပင် ဖြစ်သောကြောင့် ကောသင်္ဂုတ္တရ ပါဠိတော်လာ မေတ္တာအကျိုး ၁၁-မျိုး စသော အကျိုးတို့ကို ရနိုင်ကြောင်းကို သိအပ်ပေသတည်း။

(၃) မိစ္ဆာဒိဋ္ဌိ-အယူမှားမှု ကံ,ကံ၏ အကျိုးကို မယုံကြည်မှုစသည်....။

## မိစ္ဆာဒိဋ္ဌိ၌ အင်္ဂါ ၂-ပါး

ဤမိစ္ဆာဒိဋ္ဌိ၌-(၁) ယူအပ်သော၀တ္ထု၏ ယူသောအခြင်းအရာမှ ဖောက်ပြန်ခြင်း, (၂) ယူတတ်သော ဒိဋ္ဌိ၏ ဖောက်ပြန်သော အခြင်းအရာကို ဟုတ်မှန်၏ဟု ထင်ခြင်း အင်္ဂါ ၂-ပါး၊ ထိုအင်္ဂါ ၂-ပါးတို့ဖြင့် ယူအပ်သော ဒိဋ္ဌိတို့တွင် ဒုစရိုက်,သုစရိုက်ဟုဆိုအပ်သော ကုသိုလ်,အကုသိုလ်၏ အကျိုးကို ခံစားရရိုးမရှိဟု ကံ၏အကျိုးကို မြစ်တား၍ ယူသော နတ္ထိကဒိဋ္ဌိ။

သတ္တဝါတို့၏ ဖြစ်ရာအကြောင်း သံသရာ၏ စင်ကြယ်ရာ စင်ကြယ်ကြောင်းမရှိဟု အကြောင်းကိုမြစ်တား၍ ယူသော အဟေတုကဒိဋ္ဌိ။

တစုံ တခုသော-ကုသိုလ်, အကုသိုလ်ကံမည်သည် မရှိ၊ ဒါန,သီလ,ပါဏာတိပါတစသည်ကိုပြု၍ ကုသိုလ်,အကုသိုလ် မဖြစ်ဟု ကံကိုမြစ်တား၍ယူသော အကြိယဒိဋ္ဌိတို့ဖြင့် သာလျှင်ကမ္မပထမြောက်၏၊ကြွင်းသောဒိဋ္ဌိတို့ဖြင့်ကား ကမ္မပထမမြောက်၊(ဓမ္မသင်္ဂဏီအဋ္ဌကထာ,အဘိဓမ္မတ္ထဝိဘာဝနီဋီကာ) ကာမေသု မိစ္ဆာစာရကံမှစ၍ ဤမိစ္ဆာဒိဋ္ဌိကံတိုင်အောင် ကိုယ်တိုင်ပြုအပ်သော သာဟတ္ထိက ပယောဂ တပါးသာ ရှိကုန်၏။

---

### အယူမှားပြစ်

ဤမိစ္ဆာဒိဋ္ဌိ-အယူရှိသူတို့ကား ဒီဃနိကာယ် ပါထေယျဝဂ်ပါထိယသုတ်လာ ကောရခတ္တိယ၏ ကာဠကဉ္စိက အသူ

ရကာယ်ဘုံ၌ ခံရခြင်းကိုငင်း, ထိုမှတပါး ပုရာဏကဿပ, မာက္ခလိဂေါသာလတို့၏ မဟာအဝီစိငရဲလားရခြင်း စသည်တို့ကိုငင်း ထောက်ထားကာ ဒုစရိုက်သို့ သွားတတ်သော မိမိစိတ်ကို အုံးမလျက် အကျိုးစီးပွားရှိသော သုစရိုက်သို့သာ ကောင်းစွာဆောင်ယူကုန်ရာသတည်း။

---

## အယူမှန်ကျိုး

ဤသမ္မာဒိဋ္ဌိ အယူရှိသူတို့ကား-ဇလာမဟာံသ ဇာတ်လာ မိစ္ဆာဒိဋ္ဌိအယူရှိသူဟာ ဧသေဒါမိုးကာလ ငရဲနိမိတ်ထင်လာမှ အယူမှားကိုစွန့်၍ ကမ္မဟုတ်မှု အယူမှန်ကို ယူရသည့်စေတနာကြောင့် နတ်ရွာသို့ ရောက်ရသေး၏၊ ကာလရှည်လျား အယူမှန်ရှိသူကား အဘယ်မှာဆိုဘွယ်ရာရှိချေတော့အံ့နည်း၊ နောက်ဆုံးကာလ သမ္မာဒိဋ္ဌိမဂ္ဂင်က ယခင် သမ္မာဒိဋ္ဌိ ကမ္မပထမှ ပကတူပနိဿယ ပစ္စည်းကို ရသဖြင့် ယုတ်မာလှစွာ မိစ္ဆာအကြင်ကို သုဓ်သင်ပယ်ခွါလျက် သံသရာမှ ထွက်မြောက်စေနိုင်သည်ကိုငင်း ထောက်၍ သမ္မာဒိဋ္ဌိ အကျိုးကြီးဖြစ်သည်ကို သိအပ်ကုန်ရာသတည်း။

ဤသုံးပါးကို စိတ်ဖြင့် ကြံစည်မှုများဖြစ်၍ မနောကံ ၃-ပါးဟူ၍ ခေါ်၏။

### ဆောင်ပုဒ်

(၁) သူ့ဥစ္စာကို၊ ငါပိုင်လိုမှု၊ သူ့သက်ဇီဝေ၊ သေစေခြင်းဟူ၊ အယူမှောက်မှား၊ ကြံစည်ငြား၊ သုံးပါးမနောကံ။

(၂) ဤသို့ဆယ်ပါး၊ ဒုစရိုက်တရား၊ ရှောင်ရှားမပြုရန်၊

ဤသို့အားဖြင့် ဆယ်ပါးရှိ၏၊ ဤဒုစရိုက် ဆယ်ပါးကို အပါယ်သို့ လားကြောင်း ဖြစ်သောကြောင့် "အပါယ ဂမနိယ"

တရားဆယ်ပါးဟူ၍၎င်း,အပါယ်ရောက်ကြောင်း မကောင်းမှုကံဖြစ်သောကြောင့် "အကုသလ ကမ္မပထ" တရားဆယ်ပါးဟူ၍၎င်း ခေါ်သတည်း။

---

## အပြစ်ကြီးငယ် သိမှတ်ဘွယ်

ထိုဒုစရိုက် ၁၀-ပါးတို့၏ ပဋိသန္ဓေဇနကကို ဖြစ်စေနိုင်သော ကမ္မပထ ၁၀-ပါးတို့တွင် တပါးပါးသော ကမ္မပထ၌

(၁) များသော အပြစ်ရှိသော မဟာသာဝဇ္ဇ,

(၂) နည်းသောအပြစ်ရှိသော အပ္ပသာဝဇ္ဇ ဟူ၍ ၂-ပါးအပြားရှိ၏၊ထို ၂-ပါးတို့တွင်—

(၁) ပါဏာတိပါတကံ၌ သီလအစရှိသော ဂုဏ်ထူးမှ ကင်းသော တိရစ္ဆာန်တို့တွင် ငယ်သောသန်း,ကြမ်းပိုးစသည် သတ်ရာ၌ လုံ့လ ပယောဂ အားနည်း သောကြောင့် အပြစ်နည်း၏၊ကြီးမားသော သတ္တဝါကို သတ်ရာ၌ လုံ့လ ပယောဂ အားကြီးသောကြောင့် အပြစ်ကြီး၏၊ လုံ့လ ပယောဂ တူမျှသော် ဝတ္ထုများရာက အပြစ်ကြီး၍ ဝတ္ထုနည်းရာက အပြစ်နည်း၏။

သီလအစရှိသော ဂုဏ်အထူးနှင့် ပြည့်စုံသော သူတို့၌ ဂုဏ်ကြီးမြတ်ရာက အပြစ်ကြီး၏၊ ထို့ကြောင့် အမိ, အဘ ရဟန္တာတို့ကို သတ်ရာ၌ သေသည်၏ အခြားမဲ့မှာ တပါးသောကံ ခွင့်မရသော အနန္တရိယကံ ဖြစ်ရချေ၏။

(၂) အဒိန္နာဒါနကံ၌ ခိုးအပ်သော ဥစ္စာအဘိုး မြတ်က အပြစ်ကြီး၏၊ဝတ္ထုအဘိုးတူမျှခဲ့သော် ဥစ္စာရှင်၏ သီလစသော ဂုဏ်ကြီးမြတ်ရာအပြစ်ကြီး၏၊ထို့ကြောင့်လူတို့ပစ္စည်း,

သာမဏေ,ရဟန်းတို့၏ပုဂ္ဂလိကပစ္စည်း,သံဃာ့ပစ္စည်း,စေတီ ပစ္စည်းများကိုလည်း ပိုင်းခြားမှတ်သားအပ်၏။

(၃) ကာမေသု မိစ္ဆာစာရကံ၌ သီလအစရှိသော ဂုဏ်ကြီးမြတ်ရာ အပြစ်ကြီး၏။

(၄) မုသာဝါဒကံ၌ သူတပါးအကျိုး စီးပွါးကို ဖျက်ဆီးတတ်သော သက်သေခံခြင်းစသော မုသာဝါဒကံက အပြစ်ကြီး၍ မိမိပစ္စည်းကို မပေးလို မချေးငှါးလို၍ မရှိဟုဆိုအပ်သော မုသာဝါဒကံက အပြစ်နည်း၏။

(၅) ပိသုဏဝါစာ,

(၆) ဖရုသဝါစာတို့၌ ကွဲပြားစေအပ်သောသူ, ဆဲရေးအပ်သောသူတို့၏ သီလအစရှိသော ဂုဏ်ကြီးမြတ်ရာ အပြစ်ကြီး၏။

(၁၀) မိစ္ဆာဒိဋ္ဌိကံ၌ အနိယတ–မမြဲသည်က အပြစ်နည်း၍ နိယတ–အမြဲယူသည်က အပြစ်ကြီး၏၊ ဤသို့လည်း ပိုင်းခြားကာ သိမှတ်ရာသတည်း။

---

ဒုစရိုက်အကျယ် ၄၀–ကား

ဤဒုစရိုက်များကား–

(၁) သာဟတ္ထိက-ကိုယ်တိုင်ပြုခြင်း,

(၂) အာဏတ္တိက-သူတပါးကိုစေခိုင်းခြင်း,

(၃) ဝဏ္ဏဘာသန-ဒုစရိုက်ကို ပြုလျင် မည်သည့်လော ကီကျိုးကိုရမည် စသည်ဖြင့် ဂုဏ်ကျေးဇူးကို ပြောပြခြင်း,

(၄) သမနုည-သူတပါးတို့ ပြုနေသည်ကို နှစ်လိုဝမ်း မြောက်ခြင်းဟူ၍ လေး ိုးရှိသောကြောင့် ဒုစရိုက်ဆယ်ပါးကို

ငှင်းခလေးမျိုးနှင့် မြောက်ပွားလျှင် ဒုစရိုက်အကျယ် ၄၀-ဖြစ်၏၊ ဤလေးမျိုးလုံးမှ လွတ်ကင်းမှအောင် ရှောင်ကြဉ်ရာသတည်း။

ဆောင်ပုဒ်

(၁) ပြုစေ ဝမ်းမြောက်၊ ချီးမွမ်းလျောက်၊ လေးယောက်အပြစ်ခံ။

(၂) ဒုစရိုက်တရား၊ ဤလေးပါး၊ မြောက်ငြား လေးဆယ်ကံ။

---

### ဩဝါဒကထာ ဆုံးမစာ

သီဒန္တေဝ ဇလေ ခိတ္တာ၊ သိလာ မဟာဝ ခုဒ္ဒကာ။
ပတန္တိ ခုဒ္ဒကေနာပိ၊ အပါယံ ပါပကမ္မုနာ။ ။

ဇလေ၊ ရေ၌။ ခိတ္တာ၊ ပစ်ချအပ်ကုန်သော။ ခုဒ္ဒကာသိလာ၊ သေးသွယ် ငယ်ငေါ်း ကျောက်အပေါင်းတို့သည်။ မဟာဝ၊ ဒု ဒယ် ခန့်ငြား ကြီးမားသော ကျောက်တို့ကဲ့သို့။ သီဒန္တေဝ၊ နစ်မြုပ်ကုန်သည် သာလျှင် သတည်း။ ခုဒ္ဒကေန၊ မပြောလောက်ဖွယ် သေးသွယ် ငယ်ငေါ်းသော။ ပါပကမ္မုနာပိ၊ မကောင်းမှုကံကြောင့်လည်း။ အပါယံ၊ အပါယ်ဌာန ဘုံဘဝသို့။ ပတန္တိ၊ မုချမသွေ ကျရလေ ကုန်သတည်း။

---

### အပါယ်ကျက လွတ်ခဲစွ

ပတန္တာ ခုဒ္ဒကေနေဝ၊ ဗဟူဟိ ပုန ပီဠိတာ။
မောက္ခောကာသံ နဝိန္ဒန္တိ၊ ပါပံ ခုဒ္ဒမ္ပိ နာစရေ။ ။

ခုဒ္ဒကေနေဝ၊ သေးဖွဲ့ငယ်ငေါ်းသောမကောင်းမှုဖြင့်သာလျှင်။ ပတန္တာ၊ ငရဲသို့ ကျသောသူတို့သည်။ ပုန၊ နောက်ထပ်

တဖန်။ ဗဟုဟိ၊ များစွာ ကုန်သော မကောင်းမှုတို့သည်။ ဝိဋ္ဌိတာ၊ ဘိစီးနှိပ်စက် အပ်ကုန်သည်ဖြစ်၍။ မောဃ္ဃာကာသံ၊ လွတ်ရာလွတ်ကြောင်း အခွင့်ကောင်းကို။ နဝိန္ဒန္တိ၊ မုချမသွေ မရှာကြလေကုန်။ တသ္မာ၊ ထိုသို့ရခဲသောကြောင့်။ခုဒ္ဒကမ္ပိပါပံ၊အနည်းငယ်မျှ သေးဖွဲ့လှသော မကောင်းမှုကိုလည်း။ နာစရေ၊ ဝေးဝေးရှောင်ခွါ မကျင့်ကြံမိ စေရာသတည်း။

ဤကဲ့သို့ ဆရာမြတ်တို့ မိန့်မှာ ဆုံးမအပ်သော ဩဝါဒကထာကို ကြားနာ မှတ်သားရသည် အားလျော်စွာ မကောင်းမှု အကုသိုလ်ကံတို့ ဟူသည်မှာ ကြီးသည်,ငယ်သည် ဖြစ်စေ ပစ္စက္ခဘဝ၌ပင် စီးပွားချမ်းသာ ဂုဏ်ကျက်သရေတို့ကို ဖျက်ဆီး၍ တမလွန်လောက၌ အပါယ်လေးပါး သို့သာ ပစ်ချတတ်သော "သာဝဇ္ဇဒုက္ခဝိပါက လက္ခဏာ" သဘောသာဖြစ်ပေသတည်း။

ဒုစရိုက် ၁၀-ပါးပြီး၏။

---

### သုစရိုက် ၁၀-ပါး ဆောင်တရား

ဤအရာ၌ သုစရိုက်[ကောင်းသောအကျင့်]တရား ၁၀-ပါး ဟူသည် ဒုစရိုက် ၁၀-ပါးမှ ရှောင်ကြဉ်မှုပေတည်း။

၁။ ကာယသုစရိုက် ၃-ပါးကား—

(၁) ပါဏာတိပါတ ဝိရတိ= သူ့အသက် သတ်မှုမှ ရှောင်ခြင်း,

(၂) အဒိန္နာဒါန ဝိရတိ=သူ့ဥစ္စာကို မတရား ယူမှုမှ ရှောင်ခြင်း,

(၃) ကာမေသုမိစ္ဆာစာရ ဝိရတိ= ကာမေသုမှ ရှောင်ခြင်း—

ဆောင်ပုဒ်

သက်သတ်, ခိုးမှု၊ ကာမေသု၊ ရှောင်မှု သုံးတန် ကာယကံ။

ဤကား ကာယကံ ၃-ပါးတည်း။

၂။ ဝစီသုစရိုက် ၄-ပါးကား—

(၁) မုသာဝါဒဝိရတိ= လိမ်လည်မှုမှ ရှောင်ခြင်း,

(၂) ပိသုဏာဝါစာဝိရတိ= ကုန်းတိုက်မှုမှ ရှောင်ခြင်း,

(၃) ဖရုသဝါစာဝိရတိ= ဆဲဆိုမှုမှရှောင်ခြင်း,

(၄) သမ္ဖပ္ပလာပဝိရတိ= ပြိန်ဖျင်းသောစကားကို ပြောဆိုမှုမှ ရှောင်ခြင်း—

ဆောင်ပုဒ်

မုသားဆိုပြော၊ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ဆဲရေးချောက်ခြိမ်း၊ အပြိန်းစကား၊ ဤလေးပါး၊ ရှောင်ရှား ဝစီကံ။

ဤကား ဝစီကံ ၄-ပါးတည်း။

၃။ မနောသုစရိုက် ၃-ပါးကား—

(၁) အနဘိဇ္ဈာ= သူတပါးဥစ္စာ၌ မတရားကြံစည်မှုကို မပြုခြင်း,

(၂) အဗျာပါဒ= သူတပါး ပျက်စီးရန် ကြံစည်မှုကို မပြုခြင်း,

(၃) သမ္မာဒိဋ္ဌိ= မှန်သော အသိဉာဏ်ကို ဖြစ်စေခြင်း—

ဆောင်ပုဒ်

(၁) သူ့စည်းစိမ်ကို၊ တည်စေလိုမှု၊ သူ့သက်ဇီဝ၊ ရှည်စေခြင်ဟူ၊ အယူဖြောင့်ငြား၊ဤသုံးပါး၊မှတ်သားမနောကံ။

(၂) ဤသို့ဆယ်ပါး၊သုစရိုက်တရား၊ ဆောင်ထားပြုကျင့်ရန်။

ဤကား မနောကံ ၃-ပါးတည်း။

ဤသုစရိုက် ၁၀-ပါးကို "ကုသလကမ္မပထ" ဟု လည်း ခေါ်၏၊ ကုသလ-ကုသိုလ်+ကမ္မ-ကံ+ပထ-လူပြည်,နတ်ပြည်သို့ ရောက်ကြောင်း ဟူလို။

ဆောင်ပုဒ်

ဒုစရိုက် ဆယ်ပါး၊ ရှောင်ကြဉ် ငြား၊ မှဘ်သား သုစရိုက်ကံ။

---

## သုစရိုက်အကျယ် ၄၀-ကား

ဤသုစရိုက် တရားများလည်း ဒုစရိုက်တရား ကဲ့သို့ပင် (၁)ကိုယ်တိုင်ပြုခြင်း, (၂)သူများကိုစေခိုင်းခြင်း, (၃)သုစရိုက်ကိုပြုလျှင် မည်ကဲ့သို့ကောင်းကျိုးကိုရမည်ဟု ဂုဏ်ကျေးဇူးကို ပြောပြခြင်း, (၄)သူတပါးတို့ ပြုသည်ကို ဝမ်းမြောက်ခြင်း အားဖြင့် ၄၀-ပြားနိုင်လေသည်။

ဆောင်ပုဒ်

(၁) ပြုစေ ဝမ်းမြောက်၊ ချီးမွမ်း လျောက်၊ လေးယောက် အကျိုးခံ။

(၂) သုစရိုက်တရား၊ ဤလေးပါး၊ မြောက်ငြားလေးဆယ်ကံ။

သုစရိုက် ၁၀-ပါး ပြီး၏။

---

ဤသို့ ဒုစရိုက်ဆယ်ပါးတို့ကိုပယ်ရှား၍ သုစရိုက်၁၀-ပါးနှင့် ပြည့်စုံကုန်သော သူတို့သည် နတ်ပြည်၌ ဖြစ်သောအခါ တပါးသော နတ်တို့ထက် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, အခိုးရခြင်း ဟူသော အဓိပတိအကျိုး ၅-ပါး၊ အဆင်း,အသံ,အနံ့,အရသာ,အတွေ့ ဟူသော ပဉ္စဒွါရအကျိုး ၅-ပါး၊ ဤ ၁၀-ပါးသော အကျိုးတို့ဖြင့် သာလွန်နိုင်ကုန်၏။

လူ့ပြည်၌ဖြစ်သောအခါ တပါးသောလူတို့ထက် ၄-ပါးသော တန်းခိုး, ၇-ပါးသော ရတနာတို့ဖြင့် သာလွန်သော စကြာမင်းအဖြစ် အသုံးစွန်သောဘဝ၌ အလုံးစုံသောသတ္တလောကတို့ကို အလုံးစုံသော ဗုဒ္ဓဂုဏ်တို့ဖြင့် သာလွန်သော သဗ္ဗညုဘုရားအဖြစ်ဟူသော အကျိုးထူးဖြစ်စေနိုင်ကြောင်းနှင့် သုတ်ပါထေယျ ပါဠိတော် လက္ခဏာသုတ် စသော ပြအပ်ပြီးသော ထိုထိုကျမ်းဂန်တို့၌ တိုက်ရိုက်ထွက်ရှိသည်ဖြစ်၍ လူ့, နတ်ဟူသော လောကီအကျိုးထူးတို့နှင့်တကွ ဘုရား,ပစ္စေကဗုဒ္ဓါ,သာဝကဆုမြတ်တို့ကို ပုဂ္ဂိုလ်ရည်ရွယ်ရာ ထက်ဝန်းကျင် ပြည့်စုံပြီးစီးစေနိုင်၏ဟု ကောင်းစွာသက်ဝင် ယုံကြည်ကြကုန်ရာသတည်း။

သီလကို ပြဆိုရာအခဏ်း ပြီး၏။

# ၃။ ပုညကြိယာကိုပြဆိုရာအခန်း

## ပုညကြိယာ မကြောက်ရာ

ပုညံ ဘိက္ခဝေ မာဘာယိတ္ထ၊ ကုသလံ မာဘာ-
ယိတ္ထ၊ပုညံ ဘိက္ခဝေ ဘာယထော ကုသလံ ဘာယ-
တော သုခံ ဘာယတိ။
[ဓမ္မပဒ,ဇာတိပုတ်,ပါဠိတော်]

ဘိက္ခဝေ၊ ချစ်သားတသီး,ချစ်သမီးတို့။ ပုညံ၊ပုညကြိယာ အဖြာဖြာကို။ မာဘာယိတ္ထ၊ မကြောက် ကြပါကုန်လင့်။ ဘိက္ခဝေ၊ တို့။ကုသလံ၊ ကုသိုလ်ကောင်းမှုအစုစုကို။ မာဘာယိတ္ထ၊ လင့်။ ဘိက္ခဝေ၊တို့။ ပုညံ၊ကို။ဘာယထော၊မကြောက်သင့်ဘဲ ကြောက်မှားလွဲသောသူအား။ ကုသလံ၊ကို။ ဘာယတော၊ အား။ သုခံ၊လူ့ရွာ,နတ်ပြည်,နိဗ္ဗာန်သုံးဖြာ မြတ်ချမ်းသာကို။ ဘာယတိ၊ မကြောက်သင့်ရာ ကြောက်မိရှာသည် မည်ပေသတည်း။

ဤသို့လျှင် မြတ်စွာဗုဒ္ဓ မိန့်ဟတော်မူသည်ကို ထောက်က ရှေးလက်ထက်တော် အခါသမယက,ပင် ဒါနစသော ပုညကြိယာ အဖြာဖြာတို့ကို ကြောက်ကြသူများ ထင်ရှားရှိခဲ့ပေ၏၊ သို့ဖြစ်ခြင်းကြောင့် ကျေးဇူးတော်သခင် ဘုရားရှင်က မကြောက်သူကိုပင် တမင်အကြောင်းတင်ကာ ထွင်ဇာတ်သုပ်၍ ဟောတော်မူသည်မဟုတ်ကြောင်းကို ထင်ရှားသိအပ်လှပေတော့သတည်း။

## ပုညကြိယဝတ္ထုဆိုဒါဘာလဲ?

ဤပုညကြိယဝတ္ထုဟူသည်ကား—

(၁) မိမိသန္တာန်ဟုဆိုအပ်သော ခန္ဓာအစဉ်၌ အကုသိုလ်အညစ်အကြေး ဘေးရန်ကင်း၍သန့်ရှင်းကြည်လင် စင်ကြယ်ကောင်းမွန်အောင် ထုတ်ဆောင်သုတ်သင် တတ်သည်၏ အဖြစ်ကြောင့် ပုညမည်၏။

(၂) သူတော်ကောင်းတို့သည် နေ့ညမယုတ်အားထုတ် ပြုကျင့်အပ်သည်၏ အဖြစ်ကြောင့် ကြိယမည်၏။

(၃) လူ,နတ်,နိဗ္ဗာန်သုံးတန်စံပျော်မွေ့လျော်ခံစားအပ်သောအကျိုးတို့၏ အကြောင်းဖြစ်သောကြောင့် ဝတ္ထုမည်၏၊ ဤသို့လျှင် သုံးပါးစုံ၍ ထုံအပ်သော သဘောကြောင့် ပုညကြိယဝတ္ထုမည်၏ဟူ၍ မှတ်အပ်၏။

---

## ပုညကြိယဝတ္ထု ဤသုံးခု

ဘိက္ခဝေ ပုညကြိယဝတ္ထူနိ၊ ကတမာနိတီဏိ ဒါနမယံ ပုညကြိယဝတ္ထု၊ သီလမယံ ပုညကြိယဝတ္ထု၊ ဘာဝနာမယံ ပုညကြိယဝတ္ထု၊ ဣမာနိခေါ ဘိက္ခဝေ ပုညကြိယဝတ္ထူနိ။

[ဣတိဝုတ်,သုတ္တသင်္ဂဟ,စသောပါဠိတော်]

ဘိက္ခဝေ၊ချစ်သား,ချစ်သမီးတို့။ပုညကြိယဝတ္ထူနိ၊ပုညကြိယဝတ္ထုတို့သည်။ ဣမာနိတီဏိ၊ဤသုံးပါးတို့တည်း။ ကတမာနိတီဏိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား၊ ဒါနမယံ၊ ဒါနဖြင့်ပြီးသော။ ပုညကြိယဝတ္ထု၊ပုညကြိယဝတ္ထုတည်း။ သီလမယံ သီလဖြင့်ပြီးသော၊ ပုညကြိယဝတ္ထုတည်း။ ဘာဝနာမယံ၊ဘာ

ဝနာဖြင့်ပြီးသော၊ပုညကြိယဝတ္ထု၊ငှင်း၊ဘိက္ခဝေ၊တို့၊ ပုညကြိယဝတ္ထုနို၊ ပုညကြိယဝတ္ထုတို့သည်။ ဤမာနိခေါ်တီကာ၊ ဤ သုံးပါးတို့ပါပေတည်း။

ဤသို့လျှင်လူ့,ရွာ,နတ်ဌာန်,နိဗ္ဗာန်အထိ ချမ်းသာရှိကြောင်း ကောင်းသော အစီးအပွားတို့ကို ဆောင်စွမ်းနိုင်သော ပုညကြိယဝတ္ထုတို့သည်ကား–

(၁) ဒါနဖြင့်ပြီးသော ပုညကြိယဝတ္ထု၊,
(၂) သီလဖြင့်ပြီးသော ပုညကြိယဝတ္ထု၊,
(၃) ဘာဝနာဖြင့် ပြီးသော ပုညကြိယဝတ္ထု၊ ဟူ၍အမျိုး အစားအားဖြင့် သုံးပါးခွဲခြား၍ ဟောတော်မူပေ၏၊ ထိုသို့ ဟောရာဝယ် အကျယ်အားဖြင့် ဆယ်ပါးသော ပုညကြိယဝတ္ထု၊ အပြားဟူသော်ကား–

(၁) ဒါန=လှူဒါန်းပေးကမ်းမှု,
(၂) သီလ=သီလစောင့်မှု,
(၃) ဘာဝနာ=သမထ,ဝိပဿနာ တို့ကို ပွားများမှု,
(၄) အပစာယန=ရှိသေထိုက်သူတို့ကိုရှိသေမှု,
(၅) ဝေယျာဝစ္စ=သူတပါး၏ ကုသိုလ်ကိစ္စ၌ ကူညီမှု,
(၆) ပတ္တိဒါန=မိမိကုသိုလ်ကိုအမျှပေးဝေမှု,
(၇) ပတ္တာနုမောဒနာ=အမျှ ပေးသည့်အခါ,သာဓု ခေါ်မှု,
(၈) ဓမ္မဿဝန=တရားစကားနာကြားမှု,
(၉) ဓမ္မဒေသနာ=ပစ္စည်းလာဘ်ကိုမငဲ့ဘဲတရားဟော မှု,
(၁၀) ဒိဋ္ဌိဇုကမ္မ=အယူကို ဖြောင့်မတ်စွာပြုမှု–
ဟူ၍ ၁၀-ပါးသော အပြားကို မှတ်သားရာ၏။

## ဆောင်ပုဒ်

ပေးလှူဒါန၊ သီလစောင့်ခြင်း၊ ပွားခြင်း ဘာဝနာ၊ အပစာယန၊ တုပ်ကွရိုသေ၊ ဝေယျာဝစ္စ၊ သူများမှုဆောင်၊ ထို့နောင်တရပ်၊ ပတ္တိဒါန၊ ကိုယ့်ပုညကို၊ ဝေငှကြည့်စွာ၊ ပတ္တာနုမောဒန၊ သူများကုသိုလ်၊ အဘိုကိုလျှင်၊ နှစ်လိုကြည်ဖြူ၊ အမျှယူ၏၊ သူဟောတရား၊ နားငြားသဝန၊ တတ်သမျှကို၊ ဟောကဒေသနာ၊ ဖြောင့်စွာအယူ၊ ပြုတုံမှုက၊ ဒိဋ္ဌိဇုကမ္မ၊ ဤဆယ်ဝကား၊ ပုညကြိယာ၊ ပြုအပ်ရာသည် သုံးဖြာသုခ၊ ရကြောင်းတည်း။

---

## ပုညကြိယာ ၄၀-ကား

ဤပုညကြိယာ ၁၀-ပါးလည်း–
(၁) ကိုယ်တိုင်ပြုခြင်း,
(၂) သူများကိုအပြုခိုင်းခြင်း,
(၃) ပြုဘို့ရန် ကျေးဇူးဂုဏ်ကို ပြောပြခြင်း,
(၄) သူများပြုသည်ကို ဝမ်းမြောက်ခြင်း-
အားဖြင့် ၄၀-ပြားနိုင်၏။

## ဆောင်ပုဒ်

၁။ ပြုစေ ဝမ်းမြောက်၊ ချီးမွမ်းလှောက်၊ လေးယောက် အကျိုးခံ။
၂။ ပုညကြိယာ၊ ဤလေးဖြာ၊ မြှောက်ပါ လေးဆယ်ကံ။

---

## တနည်း ၃၀-ကား

တနည်းအားဖြင့် ပုညကြိယဝတ္ထု ၁၀-ပါးကို–
(၁) ပုဗ္ဗစေတနာ=မပြုမီ ပြုမည်ဟု အားတုတ်ကြံစည်သော စိတ်စေတနာ,

(၂) မုဉ္စစေတနာ=ပြုစုတုန်း၌ဖြစ်သော စိတ်စေတနာ,
(၃) အပရ စေတနာ=ပြုပြီးနောက် ဝမ်းမြောက် နေ သော စိတ်စေတနာ-

ဟုဆိုအပ်သော ဤသုံးမျိုးဖြင့် မြှောက်ပြန်လျှင် ပုညကြိယဝတ္ထု ၃၀-ဖြစ်၏။

## ဆောင်ပုဒ်

ပုညကြိယ၊ သုံးဝစေတနာ၊မြှောက်ပွားရာ၊ ဖြစ်လာ သုံးဆယ်တည်း။

---

## ကံ,ကမ္မပထ သဘာဝ

ဤအလုံးစုံသော ပုညကြိယာ ဝတ္ထုတို့သည် စေတနာ စေတသိက် တခုသာလျှင် ကံ မည်ကုန်၏၊ ကမ္မပထ သော်ကား ဒါနသည် အလောဘ ကမ္မပထ,သီလသည် ဝိရတီ ကမ္မပထ, ဘာဝနာသည် အလောဘ, အဒေါသ, သမ္မာဒိဋ္ဌိ ထိုက်သည် အားလျော်စွာ ကမ္မပထ, အပစာယနသည် အဒေါသ, သမ္မာ ဒိဋ္ဌိ ထိုက်သည်အားလျော်စွာ ကမ္မပထ, ဝေယျာ ဝစ္စသည် အဒေါသ ကမ္မပထ, ပတ္တိဒါနသည် အလောဘ ကမ္မပထ, ပတ္တာနုမောဒနသည် သမ္မာဒိဋ္ဌိ ကမ္မပထ, ဓမ္မသဝနသည် သမ္မာဒိဋ္ဌိကမ္မပထ, ဓမ္မဒေသနာသည် အလောဘ, အဒေါသ, သမ္မာဒိဋ္ဌိ ထိုက်သည် အားလျော်စွာ ကမ္မပထ,ဒိဋ္ဌိဇုကမ္မသည် သမ္မာဒိဋ္ဌိကမ္မပထ မည်၏၊ ဤသို့ "ကံ" မည်သော တရား, ကမ္မပထ မည်သော တရားတို့ကိုလည်း ပိုင်းပိုင်း ခြားခြား မှတ်သားရာ၏။

## ဝတ္ထုသုံးပါး၌ သွင်းယူပုံ

ဤပုညကြိယာဝတ္ထု ၁၀-ပါးတို့သည် သဘောလက္ခဏာ တူရာပေါင်း၍ ရေတွက်သည်ရှိသော် ဒါန, သီလ, ဘာဝနာ,သုံးပါး၌သာ အကျုံးဝင်ကုန်၏၊ အဘယ်သို့နည်း ဟူမူကား—

(၁) ဒါနသည် သူတပါးစည်းစိမ်ကို ငြူစူခြင်း ဣဿာ, မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း မစ္ဆေရ, အညစ်အကြေးတို့ကို ပယ်သကဲ့သို့ ထိုနည်းတူစွာ ပတ္တိဒါန, ပတ္တာနုမောဒနတို့သည်လည်း ဣဿာ,မစ္ဆေရတို့ကို ပယ်တတ်သောကြောင့် ဒါန၌ သွတ်သွင်းရေတွက်အပ်ကုန်၏။

(၂) သီလသည် စာရိတ္တသီလ, ဝါရိတ္တသီလ ဟူ၍နှစ်ပါးအပြားရှိသည်တို့တွင် အပစာယန, ဝေယျာဝစ္စ,တို့သည်လည်း စာရိတ္တသီလပင်ဖြစ်၍ သီလ၌သွတ်သွင်း၍ ရေတွက်အပ်ကုန်၏၊

(၃) ဘာဝနာသည် ကုသိုလ်တရားတို့၏ ပွားရာဖြစ်သကဲ့သို့ဓမ္မသဝန,ဓမ္မဒေသနာ နှစ်ပါးတို့သည်လည်း ကုသိုလ်တရားတို့၏ ပွားရာဖြစ်ရကား ဘာဝနာ၌ သွတ်သွင်း၍ ရေတွက်အပ်ကုန်၏။

ဒိဋ္ဌိဇုကမ္မကား အလုံးစုံသော ကုသိုလ်တို့ကို ဖြစ်စေတတ်သောကြောင့် သုံးပါးလုံး၌ပင် သက်ဝင်သည်ဟူ၍ ဒီဃနိကာယ်ဆောင် ဆရာတို့ဆိုကုန်၏၊အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာရှင်ကား ဘာဝနာ၌သာ ထည့်သွင်းအပ်၏ဟူ၍ မိန့်တော်မူ၏၊ ဤသို့လည်း ချုံး၍မှတ်သားရာ၏။

## ဆောင်ပုဒ်

(၁) ပုညကြိယာ၊ ဤဆယ်ဖြာ၊ ချုံးကာရေတွက်လျှင်း။
(၂) ဒါန,သီလာ၊ဘာဝနာ၊ သုံးဖြာစဥ်၍ခြင်း။
(၃) စ, နှစ်ကိုလယ်၊လယ်,နှစ်ကိုစ၊ဤသို့ချ၊ ဆုံးက ဆုံးခြင်း သွင်း။
(၄) ဒိဋ္ဌိဇုကား၊ထိုသုံးပါး၊လျော်ငြားအကုန်သွင်း။

---

## ဒါနသဘာဝ သုံးဌာန

ဤအရာ၌ ဒါနဟူသည်—
(၁) စေတနာဒါန,
(၂) ဝိရတီဒါန,
(၃) ဒေယျဓမ္မဒါန—
ဟူ၍ သုံးမျိုးရှိရာ ထိုသုံးမျိုးတို့တွင်—

(၁) သဒ္ဓါစေတသိက်,ဟိရီစေတသိက်တို့နှင့် ယှဥ်၍ ပြုအပ်သောဒါနသည် စေတနာဒါနမည်၏။

(၂) ပဉ္စသီလကို ဆောက်တည်လျှက် ဘေးမဲ့ပြု၍ ပေးလှူအပ်သော ဒါနသည် ဝိရတီဒါနမည်၏။

(၃) ထမင်း,အဖျော်စသော အလှူဝတ္ထုတို့ကို ပေးလှူခြင်းသည် ဒေယျဓမ္မဒါနမည်၏။

> ဒါနံနာမ တိဝိဓံ စာဂစေတနာပိ ဝိရတိပိ ဒေယျဓမ္မောပိ၊ တတ္ထ သဒ္ဓါဟိရိကံ ကုသလဉ္စ ဒါနန္တိ အာဂတဌာနေ စာဂစေတနာဒါနံ၊ အဘယံ ဒေတီတိ အာဂတဌာနေ ဝိရတီဒါနံ၊ ဒေတိ အန္နပါနန္တိ အာဂတဌာနေ ဒေယျဓမ္မောဒါနံ။
>
> [ကထာဝတ္ထု အဋ္ဌကထာ]

ဒါနံနာမ၊ဒါနမည်သည့်ကား။စာဂစေတနာပိ၊စာဂစေတနာဒါနငှင်း။ဝိရတီပိ၊ ဝိရတီဒါနငှင်း။ ဒေယျဓမ္မောပိ၊ ဒေယျဓမ္မဒါနငှင်း။ (ဣတိ)ဤသို့။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။တဏ္ဍ၊ ထိုသုံးပါးတို့တွင်။ သဒ္ဓါဟိရိကံ၊သဒ္ဓါစေတသိက်, ဟိရီစေတသိက်ကို။ ကုသလဥ္စဒါနံ၊ကုသိုလ်ဒါနဟူ၍။ ဣတိ၊ဤသို့။ အာဂတဋ္ဌာနေ၊လာသောအရာ၌။ စာဂစေတနာဒါနံ၊စာဂစေတနာဒါနမည်၏။အဘယံ၊ ဘေးမရှိသည်ကို။ ဒေတိ၊ ပေး၏။ ဣတိ၊ ဤသို့။အာဂတဋ္ဌာနေ၊ လာသောအရာ၌။ ဝိရတီဒါနံ၊ဝိရတီဒါနမည်၏။ အန္နပါနံ၊ ထမင်း,အဖျော်ကို။ဒေတိ၊ပေး၏။ ဣတိ၊ ဤသို့။အာဂတဋ္ဌာနေ၊ လာသောအရာ၌။ ဒေယျဓမ္မောဒါနံ၊ ဒေယျဓမ္မဒါန မည်၏။

---

## ဒါနသုံးဌာန သဘာဝ

(၁) ဒေန္တိ တောယ ဒေယျဓမ္မန္တိ ဒါနံ။

(၁) တောယ၊ ထိုစွန့်ကြဲကြောင်း စေတနာဖြင့်။ ဒေယျဓမ္မံ၊လှူအပ်သောဝတ္ထုကို။ဒေန္တိ၊ ပေးလှူကုန်၏။ဣတိတသ္မာ၊ ထိုသို့လှူကြောင်းဖြစ်သောသတ္တိကြောင့်။ သာ၊ ထိုစေတနာသည်။ ဒါနံ၊ ဒါနမည်၏။(စေတနာဒါန ရစေ။)

(၂) ဒုဿီလျစေတနာဝ ခဏ္ဍေဟိ ဝိရန္တိလုနန္တိတိ ဝိရတီ။

(၂) ဒုဿီလျစေတနာဝ ခဏ္ဍေဟိ၊ သီလမရှိသော စေတနာကို တူးဖြိုခြင်းတို့ဖြင့်။ ဝိရန္တိလုနန္တိ၊ ဖြတ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိရတီ၊ ဝိရတီမည်၏။ (ဝိရတီဒါန ရစေ။)

(၃) ဒေယျဓမ္မော ဒိယျတိတိ ဒါနံ။

(၃) ဒေယျဓမ္မော၊ လှူအပ်သောဝတ္ထုကို။ ဒိယျတိ၊ လှူအပ်၏။ ဣတိတသ္မာ၊ ထိုသို့ပေးလှူအပ်သောသတ္တိကြောင့်။ ဒါနံ၊ ဒါနမည်၏။(ဒေယျဓမ္မဒါန ရစေ။)

---

## တရားကိုယ်မှာ ၆-ဌာန

ဤသို့ ပြခဲ့ပြီးသော ဒါနတို့သည် တရားကိုယ်အားဖြင့် သော်ကား—

(၁) စေတနာဒါန,
(၂) အလောဘဒါန,
(၃) သမ္မာဝါစာ,
(၄) သမ္မာကမ္မန္တ,
(၅) သမ္မာအာဇီဝ-ဟူသော ဝိရတိဒါန,
(၆) ဒေယျဓမ္မဒါန—

ဟူ၍ခြောက်ပါးအပြားရှိ၏၊ ထိုခြောက်ပါးတို့တွင်—

---

### (၁) စေတနာဒါန သဘာဝ

စေတသိကော ဒါနန္တိ အာမန္တာ။
[ကထာဝတ္ထုပါဠိတော်]

စေတသိကော၊ စေတနာ စေတသိက်သည်။ ဒါနံ၊ ဒါန မည်သလော။ဣတိပုစ္ဆာယံ၊ဤသို့မေးသည်ရှိသော်။ အာမန္တာ၊ စေတနာစေတသိက်သည် ဒါနမည်၏။ ဣတိဝိသဇ္ဇေတဗ္ဗံ၊ ဤသို့ဖြေအပ်၏။ (စေတနာသည် ဒါနမည်၏ဟူလို။)

## (၂) အလောဘဒါန သဘာဝ

စေတနာတိ ပဋ္ဌာနဝသေန ဝုတ္တံ တံ ဂတိကတ္တာ
ပန သမ္ပယုတ္တော အလောဘောပိ ဒါနံနာမ။
[မူလဋီကာ]

စေတနာတိ၊ စေတနာဟူသောစကားကို။ ပဋ္ဌာနဝသေန၊ ပဋ္ဌာန နည်း၏အစွမ်းဖြင့်။ ဝုတ္တံ၊ အဋ္ဌကထာဆရာမိန့်မှာ တော်မူအပ်၏။ ပန၊ စင်စစ်သော်ကား။ တံဂတိကတ္တာ၊ ထိုစေတနာနှင့် အလားတူသောကြောင့်။ တံသမ္ပယုတ္တော၊ ထိုစေတနာနှင့်ယှဉ်သော။ အလောဘောပိ၊ အလောဘစေတသိက်သည်လည်း။ ဒါနံနာမ၊ ဒါနမည်၏။ (လိုရင်းအား ဖြင့်သာစေတနာကိုဒါနဆိုသည်၊ အမှန်မှာကား-ထိုစေတနာ နှင့်ယှဉ်သော အလောဘစေတသိက်လဲ ဒါနပါဘဲ ဟူလို။)

---

## (၃) ဝိရတီဒါန သဘာဝ

ပါဏာတိပါတာ ပဋိဝိရတော ဘိက္ခဝေ အရိယ
သာဝကော အပရိမာဏာံ သတ္တာနံ အဘယံ ဒေတိ၊
အဝေရံ ဒေတိ၊ အဗျာပဇ္ဈံ ဒေတိ၊ အပရိမာဏာံ
သတ္တာနံ အဘယံ ဒတွာ အဝေရံ ဒတွာ အဗျာပဇ္ဈံ
ဒတွာ အပရိမာဏာဿ အဘယဿ အဝေရဿ
အဗျာပဇ္ဈဿ ဘာဂီ ဟောတိ၊ ဣဒံ ဘိက္ခဝေ ပဌမံ
ဒါနံ မဟာဒါနံ။(သိက္ခာပုဒ်၅-ပါး၌အတိုင်းသွား)
[အင်္ဂုတ္တရ ပါဠိတော်]

ဘိက္ခဝေ၊ ရဟန်းတို့။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ပဋိဝိရတော၊ရှောင်ကြဉ်သော။အရိယသာဝကော၊

ပါဘုရား၏စကားကို နားထောင်သော သူတော်ကောင်းသည်။ အပရိမာဏာနံ၊ အတိုင်းအရှည်အပိုင်းအခြားမရှိ မရေတွက်နိုင်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ အဘယံ၊ ဘေးမရှိသည်ကို။ဒေတိ၊ ပေးလှူသည်မည်၏။အဝေရံ၊ရန်မရှိသည်ကို။ ဒေတိ၊ ၏။ အဗျာပဇ္ဈံ၊ ကြောင့်ကြမရှိသည်ကို။ ဒေတိ၊ ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အပရိမာဏာနံ၊ အတိုင်းအရှည် အပိုင်းအခြားမရှိ မရေတွက်နိုင် ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ အဘယံ၊ ဘေးမရှိသည်ကို။ ဒတွာ၊ ပေးလှူသည်မည်သောကြောင့်။ အဝေရံ၊ ရန်မရှိသည်ကို။ ဒတွာ၊ ကြောင့်။ အဗျာပဇ္ဈံ၊ ကြောင့်ကြမရှိသည်ကို။ ဒတွာ၊ ကြောင့်။ အပရိမာဏဿ၊ အတိုင်းအရှည် အပိုင်းအခြားမရှိ မရေမတွက်နိုင်သော။အဘယဿ၊ ဘေးမရှိခြင်း၏၊ အဝေရဿ၊ ရန်မရှိခြင်း၏။ အဗျာပဇ္ဈဿ၊ ကြောင့်ကြမရှိခြင်း၏။ ဘာဂီ၊ အဘို့ရှိသည်။ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ဣဒံဒါနံ၊ ဤသဗ္ဗဝါကို သတ်ခြင်းမှ ကြဉ်သဖြင့် ဘေးရန်ကင်းခြင်း, ကြောင့်ကြမဲ့ကို ပေးလှူခြင်းဟုဆိုအပ်သောအလှူသည်။ပဌမံ၊ ရှေးဦးစွာသော။ မဟာဒါနံ၊ မဟာဒါန မည်၏။

(ဝိရတီသည်ပင် ဒါနမည်၏ဟူလို)

## (၆) ဒေယျဓမ္မဒါန သဘာဝ

ဒေယျဓမ္မော ဒါနန္တိ အမန္တာ။

[ကထာဝတ္ထုပါဠိတော်]

ဒေယျဓမ္မော၊ ဆွမ်း,သင်္ကန်းစသော လှူဖွယ်ဝတ္ထုသည်။ ဒါနံ၊ ဒါနမည်သလော။ ဣတိပုစ္ဆာယံ၊ ဤသို့မေးသည် ရှိသော်။ အာမန္တာ၊ ဆွမ်း,သင်္ကန်းစသော လှူဖွယ်ဝတ္ထုသည်

ဒါနမည်၏။ ဣတိဝိသဇ္ဇေတဗ္ဗံ၊ ဤသို့ဖြေအပ်၏။ (လှူဘွယ် ဝတ္ထုသည် ဒါနမည်၏ဟူလို။)

လိုရင်းသဘာဝ နှစ်ဌာန

ဝေမေတံ တိဝိခံပိ အတ္တတော စေတသိကာ
ဓမ္မောစေဝ ဒေယျဓမ္မောစာတိ ဒုဝိဓော။
[ကထာဝတ္ထုအဋ္ဌကထာ]

ဧဝံယထာဒုတ္တနယေန၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ တိဝိခံပိ၊ တရားကိုယ်အားဖြင့် ခြောက်ပါးပင်ဖြစ်သော်လည်း အမျိုးအစားအားဖြင့် သုံးပါးလည်းဖြစ်သော။ ဧတံ၊ ထိုဒါနသည်။ အတ္တတော၊ အနက်သဘောအားဖြင့်။ စေတသိကာ ဓမ္မောစေဝ၊ စေတသိက်တရားသည်၎င်း။ ဒေယျဓမ္မောစ၊ ဒေယျဓမ္မဝတ္ထုသည်၎င်း။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ပြဆိုခဲ့ပြီး အသီးသီးသောဒါနသည် သာမည လက္ခဏာအားဖြင့်တပါး, တရားကိုယ်အားဖြင့် ခြောက်ပါး,အမျိုးအားဖြင့် သုံးပါးပင်ပြားသော်လည်း သဘော အားဖြင့် သော်ကား(က)စေတနာဒါန, (ခ)ဝတ္ထုဒါနဟူ၍ နှစ်ပါး ပင်ဖြစ်၏။

စေတနာဒါန သုံးဌာန

ထိုနှစ်ပါးတို့တွင် (က)စေတနာဒါနသည်လည်း—

(၁) ပုဗ္ဗစေတနာ,
(၂) မုဉ္စစေတနာ,
(၃) အပရစေတနာ—

ဟူ၍ သုံးပါး အပြားရှိ၏။

ထင်ရှားစေဦးအံ့—

(၁) မလှူမီ ရှေးအဘို့၌ ရွှင်လမ်းဝမ်းမြောက်၍ နေခြင်းသည် “ပုဗ္ဗစေတနာ” မည်၏။

(၂) လှူနေဆဲအချိန်မှာ စိတ်၏ ကြည်လင်ရွှင်ပြနေခြင်းသည်“မုဉ္စစေတနာ”မည်၏။

(၃) လှူပြီးသည်မှနောက်ကာလ၌ ကြိစည်ဆင်ခြင်တိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်၍နေခြင်းသည် “အပရစေတနာ” မည်၏၊ ဤသုံးပါးလုံးပြည့်စုံပါမှ ဒါန၏အကျိုး ဖွံ့ဖြိုး ပြည့်စုံရာသောကြောင့် ထိုစေတနာသုံးဖြာသည် သမ္ပဒါတရား လည်းမည်၏။

ပုဗ္ဗေဝ သုမနော ဒါနာ၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊ ဧသာ ပုညဿ သမ္ပဒါ။
[ဆက္ကင်္ဂုတ္တရ ပါဠိတော်]

ဒါနာ၊ ပေးလှူသည်မှ။ ပုဗ္ဗေဝ၊ ရှေးမဆွကလျှင်။ သုမနော၊ ရွှင်လမ်းကြည်သာသည်။ သိယာ၊ ဖြစ်ရာ၏။ ဒဒံ၊ လှူ၍နေစဉ်။ စိတ္တံ၊ မိမိစိတ်ကို။ ပသာဒယေ၊ ရွှင်လမ်းဝမ်းသာ ကြည်စေရာ၏။ ဒတွာ၊ လှူ၍ပြီးကြ နောက်ကာလ၌။ အတ္တမနော၊ ရွှင်လန်း ဖြိုးမောက် ပွှန်ဝမ်းမြောက်သည်။ ဟောတိ၊ ဖြစ်၏။ ဧသာ၊ ဤသည်သာလျှင်။ ပုညဿ၊ ကုသိုလ်ကောင်းမှု၏။ သမ္ပဒါ၊ ပြည့်စုံခြင်းပါပေတည်း။

---

မုဉ္စစေတနာသာ ဒါနပါ

ပုဗ္ဗ ပစ္ဆာဘာဂ စေတနာ တဗ္ဗေဝ သမောဓာနံ ဂစ္ဆန္တိ။
[အဘိဓမ္မတ္ထဝိဘာဝနီဋီကာ]

ပုဗ္ဗပစ္ဆိ ဘာဂစေတနာ၊ ရှေ့အဘို့နောက်အဘို့၌ဖြစ်သော ပုဗ္ဗစေတနာ,အပရစေတနာကို။ တတ္ထဝ၊ ထိုမုဥ္စစေတနာ၌ သာလျှင်။ သမောဓာနံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဤစေတနာသုံးပါးတို့တွင်လည်း မုချအားဖြင့် မုဥ္စစေတနာသာလျှင် ဒါနမည်၏၊ ထို့ကြောင့် ပုဗ္ဗစေတနာနှင့် အပရစေတနာတို့ကို ဤမုဥ္စစေတနာသို့သာ သဂြိုဟ်ရေတွက်အပ်၏၊ မှန်ပေ၏- ခတ်ပုံရိုက်သူပမာ ရိုက်ဆဲအချိန်မှာ အချိုးမကျလျှင် ရှေ့အဘို့နောက်အဘို့မှာ ဘယ်လိုပင်ပြုပြင်ပါသော်လည်း အချိုးမကျရာသကဲ့သို့ပေတည်း။

---

## ဝတ္ထုဒါန သဘာဝ

ဤဝတ္ထုဒါန သည်လည်း—

(၁) ဓမ္မဒါန,

(၂) အာမိသဒါန—

ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်-(၁)ဓမ္မဒါနကို ဓမ္မဒေသနာ အခဏ်းမှ ပေါင်း၍ပြအံ့၊ (၂)အာမိသဒါနသည်လည်း အဇ္ဈတ္တိကဒါန, ဗာဟိရဒါနအားဖြင့် နှစ်ပါးအပြားရှိ၏။

ထင်ရှားစေအံ့၊ ထို၂-ပါးတို့တွင် ခြေ,လက်,မျက်စိ အစရှိသော အင်္ဂါကြီးငယ်ကိုဋ်း, အသက်ကိုဋ်း ပေးကမ်း စွန့်လှူခြင်းသည် ကိုယ်၏အတွင်း ဖြစ်သောဝတ္ထုကို ပေးလှူခြင်းကြောင့် အဇ္ဈတ္တိကဒါနမည်၏၊ စားသောက်,ဝတ်ရုံ,နေထိုင်, သုံးဆောင်ရန် ဆွမ်း,အဖျော်,အဝတ်သင်္ကန်း,ကျောင်း,စရပ်,

မကျုပ်,တန်ဆောင်း,ညောင်စောင်း,အင်းပျဉ်,ဥယျာဉ်,မိုးမြေ, ရွှေငွေ ရတနာ, လယ်ယာ ကိုင်းကျွန်း စသော သက်မဲ့ ဥစ္စာ ရတနာတို့ကိုရင်း, ခိုင်းပယ်ခစပါး စီးနင်းရန် သားမယား, ကျေးကျွန်,ဆင်,မြင်း,ကျွဲ,နွား စသော သက်ရှိဥစ္စာ ရတနာတို့ ကိုရင်း လှူဒါန်းပေးကမ်း ခြင်းသည် ကိုယ်မှအပ ဖြစ်သော ဝတ္ထုကို ပေးလှူသောကြောင့် ဗာဟိရဒါနမည်၏၊ ထိုဗာဟိရ ဒါနသည်လည်း ဝိနည်းဒေသနာတော် နည်းအားဖြင့် လေးပါး, အဘိဓမ္မာဒေသနာတော် နည်းအားဖြင့် ခြောက်ပါး, သုတ္တန် ဒေသနာတော်နည်းအားဖြင့် ဆယ်ပါး ဤသို့ဒေသနာ တော် နည်းအားဖြင့် သုံးမျိုးပြား၏။

---

## ဝိနည်းလာဒါန ၄-ဌာန

ဝိနည်းပိဋကတ်၌ လာသော ဒါန ၄-ပါးဟူသည် ရဟန်း တော်တို့ မပြတ်သုံးစွဲအပ်သော (၁)ဆွမ်း, (၂)သင်္ကန်း, (၃)ကျောင်း, (၄)ဆေး ဟူ၍ ပစ္စည်း ၄-ပါးဖြစ်၏၊ ၎င်း ၄-ပါးကား သာသနာ၌မရှိလျှင် မဖြစ်သဖြင့် သာသနာတော် ကြီး၏ မှီရာတည်ရာ ဖြစ်သောကြောင့် နိဿယကြီး ၄-ပါး လည်း မည်၏။

[ဝိနည်းမဟာဝါပါဠိတော်]

---

## အဘိဓမ္မာလာဒါန ၆-ဌာန

အဘိဓမ္မာပိဋကတ်တော်၌ လာသော ဒါန ၆-ပါးဟူသည် (၁)ရူပဒါန, (၂)သဒ္ဒဒါန, (၃)ဂန္ဓဒါန, (၄)ရသ ဒါန, (၅)ဖောဋ္ဌဗ္ဗဒါန, (၆)ဓမ္မဒါန ဟူ၍ ၆-ပါးပြား၏။

[ဓမ္မသင်္ဂဏီပါဠိတော်]

ယင်ရှား‌စေအံ့—

(၁) ရတနာ သုံးပါးအား အဆင်းအလှူကို ရည်မှန်း၍ ညို,ရွှေ,နီ,ဖြူ အဆင်းရှိကုန်သော ပန်းအစရှိသည်တို့ကို လှူဒါန်းခြင်းသည် "ရူပ ဒါန" အဆင်း ဟူသော ရူပါရုံ အလှူမည်၏။

[ဍင်းအငွကထာ]

(၂) ရတနာသုံးပါးတို့အား အသံအလှူကိုရည်မှန်း၍ ကြေးစည်,ခေါင်းလောင်း,ကြေးမောင်း,စည်တို့ကို လှူခြင်း, တရား,စာပေ ဟောပြောရွတ်အံသောရဟန်းတို့အား အသံထွက်ဆေးလှူခြင်း, တရားနာရန် ဘိတ်ခေါ်ကြွေးကြော်ခြင်း,အသံလွင့်၍ပါဠိရွတ်ခြင်း,တရားစကားပြောဟောခြင်း, အနီး၌ကပ်၍ ပြောဟောအပ်သော ဇာတ်,နိပါတ်,ဝတ္ထုသက်သေစကားကိုဍင်း, နာသူတို့ ဝမ်းမြောက်ကြောင်းကုသိုလ်ကောင်းမှု အကျိုးအာနိသင်စကားကိုဍင်းပြောဟောခြင်းသည်"သဒ္ဒဒါန" အသံဟူသော သဒ္ဒါရုံ အလှူမည်၏။[ဍင်း]

(၃) ရတနာသုံးပါးတို့အား အနံ့အလှူကို ရည်မှန်း၍ အမြစ်နံ့သာစသည်တို့တွင် တပါးပါးကို လှူဒါန်းခြင်းသည် "ဂန္ဓဒါန"အနံ့ဟူသော ဂန္ဓရုံ အလှူမည်၏။[ဍင်း]

(၄) အရသာ အလှူကို ရည်မှန်း၍ အမြစ် အရသာစသည်တို့တွင် တပါးပါးသော မြတ်နိုးစုံမက် နှစ်သက်ဘွယ်ရာရှိသော အရသာ၏တည်ရာဖြစ်သော ဝတ္ထုကိုလှူဒါန်းခြင်းသည်'ရသဒါန'အရသာဟူသောရသာရုံအလှူမည်၏။[ဍင်း]

(၅) အတွေ့အလှူကို ရည်မှန်း၍ ညောင်စောင်း,အင်းပျဉ် စသည်တို့တွင် တပါးပါးသော မြတ်နိုးစုံမက် နှစ်သက်

ဘွယ်ရာရှိသော အတွေ့ နူးညံ့သော ဝတ္ထုကို လျှဒါန်းခြင်းသည် "ဖောဋ္ဌဗ္ဗဒါန"အတွေ့ဟူသော ဖောဋ္ဌဗ္ဗာရုံ အလှူမည်၏။ [ဋင်း]

(၆) ဓမ္မာရုံအလှူ၌ (၁) ဩဇဒါန, (၂) ပါနဒါန, (၃) ဇီဝိတဒါနဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင်-

(၁) ဩဇာအလှူကို ရည်မှန်း၍ ဩဇာ လွန်ကဲသော ထောပတ်, ဆီဦး အစရှိသည်တို့ကို လှူဒါန်းခြင်းသည် "ဩဇဒါန"ဩဇာအလှူမည်၏။

(၂) အဖျော်အလှူကို ရည်မှန်း၍ အာပေါဓာတ်လွန်ကဲသော အဖျော်ရှစ်ပါးတို့ကို လှူဒါန်းခြင်းသည်"ပါနဒါန" အဖျော်အလှူမည်၏။

(၃) အသက်အလှူကို ရည်မှန်း၍ စာရေးတံ ဆွမ်း, လဆန်းပက္ခ,လဆုတ်ပက္ခတို့၌ လှူသောဆွမ်း အစရှိသည်တို့ကို လှူခြင်း, မကျန်းမာသော ရဟန်းတို့အား ဆေးလှူခြင်း, ဆေးဆရာကို အပ်နှင်းကု မ, စေခြင်း,ဒိုက်ကွန်ကို ဆုတ်ဖြတ်စေခြင်း,ငါးထောင်မြှုးကို ဖျက်ဆီးစေခြင်း,ငှက်ထောင်ချောက်ကို ဖျက်ဆီးစေခြင်း, အနှောင်အဖွဲ့မှ လွတ်ခြင်းကို ပြုစေခြင်း, သား, ငါး, တိရစ္ဆာန်တို့ကို မသတ်ကြရန် စည်တီး၍လှည့်လည်ကြွေးကြော်ခြင်း, ဆိုအပ်ပြီးသည်မှတပါး အသက်အရုံ အတားအစောင့်အရှောက် အကျိုးငှါ အမှုတို့ကိုပြုခြင်း ဤအလုံးစုံတို့သည်"ဇီဝိတဒါန"အသက်အလှူမည်၏၊ ထိုဩဇာ, အာပေါဓာတ်, ဇီဝိတိန္ဒြေတို့သည် ဓမ္မာရုံချည်းဖြစ်၍ ဓမ္မာရုံဒါန၌ သက်ဝင်၏။ [ဋင်း]

## ထို့ကြောင့်ပါရမီခဏ်းပျိုဒ်

ဩ့,ဇပါန၊ဇီဝိတဟု၊ ဓမ္မအပြား၊လှူသုံးပါးတွင်၊ တရားအလှူ၊ပေးသောသူတို့၊ အယူစွဲသုံး၊ ဖြောင့်နှလုံးဖြင့်၊ကောင်းဆိုးရသာ၊မြိန်နိုးစွာသား၊ ယနာနို့ခဲ၊ ပျားတင်းလဲနှင့်၊ရည်ရွှဲစားဆွမ်း၊ သားငြမ်းဘော်ဘော်၊ အဖျော်ဆေးကု၊ စတုမရှု၊ ပေးကမ်းလှူသည်၊ လှူလည်းတချို့၊ ထိုမြို့တပါး၊ သူတို့အားကား၊ နာဖျားလတ်သော်၊ဆေးဝါးဖော်၍၊ ပေးနော်ကုသပ်၊သမားအပ်၏၊ တိုင်းကြပ်ပြည်တဲ၊စိုးထဲသနင်း၊ မင်းတို့သော်မူ ၊မည်သူကျင့်ပိုင်၊မဆိုနိုင်သား၊ ဘုန်းခိုင်နှဖော်၊ အာဏာတော်ဟု၊ ထိန့်ကြော်စေခြင်း၊ မောင်းကြေးနင်းဖြင့်၊ ပြည်တွင်းပြည်ပ၊ ဟန့်တားရလျက်၊ ငှက်ကမကျန်၊ တိရစ္ဆာန်အား၊ မြစ်တားချမ်းဇ၊ပြောင်း,လေး,ကြော့ကွင်း၊ သိမ်းနှင်းကုတ်ညှတ်၊ ဆေးခပ်ရေထုံး၊မြှားမြှုံးပိုက်ကွန်၊ မကျန်နည်းဖွေ၊ ဆုတ်ဖြတ်စေလျက်၊မသေပျောက်ရ၊ သက်ဒါနကို၊ မင်းမှသော်သာ၊ပေးနိုင်ရာဟု၊လှူဒါတန်းကြိုက်၊ ကျင့်မိလိုက်၏၊ စိုးထိုက်မင်းလျော်၊ ဂုဏ်နဘော်ဖြင့်၊သူတော်ထုံးတမ်း၊ရှုဟန်းရသွေ၊အဓလေ့တုံ၊ ဘေးတွေ့ကြိုက်ဆုံ၊ မြင်လတ်တုံသော်၊လွတ်ရုံမေတ္တာ၊ချမ်းသာဝေငှ၊ နှောင်ဖွဲ့စသည်၊ ထိတ်မျှမခတ်၊သံကြိုးချွတ်၍၊ ဘေးလွတ်တရား၊ဆုံးမ,ကြား၏။—

ဟူ၍ အရှင်မဟာသီလဝံသ စပ်ဆိုတော်မူ၏။

---

## ဝတ္ထုတပါး အာရုံ ၆-ပါး

ဤအရာ၌ ပစ္စည်း ၄-ပါးတို့တွင် သက်နီး ပစ္စည်းတပါး ထည်း၌ပင်-

(၁) ဆိုးသစ်စဖြစ်သော သင်္ကန်း၏ နှစ်သက်ဘွယ်သော အဆင်းသည် ရူပါရုံမည်၏။

(၂) ဝတ်ရုံသုံးဆောင်သောကာလ၌ဖျတ်ဖျတ် ချွတ်ချွတ် ဟူ၍မည်သောအသံသည် သဒ္ဒါရုံမည်၏။

(၃) သင်္ကန်း၏ မွှေးကြိုင် သင်းပျံ့သောအနံ့သည် ဂန္ဓာရုံ မည်၏။

(၄) ဝတ်ရုံသုံးဆောင်ရာကာလ၌ နူးညံ့သိမ်မွေ့သော အတွေ့သည် ဖောဋ္ဌဗ္ဗာရုံမည်၏၊

(၆) သင်္ကန်းကိုစွဲ၍ "သုခဝေဒနာ" ချမ်းသာစွာ ခံစားရခြင်းသည် ဓမ္မာရုံမည်၏၊

[၎င်းအဋ္ဌကထာ]

ဤသို့ပြဆိုခဲ့ပြီး အသီးသီးသော ဝတ္ထုတခုစီ၌သာ အာရုံ ၆-ပါးတို့ကို ရသင့်ရထိုက်သည်မဟုတ်သေး၊ စင်စစ်အားဖြင့်သော်ကား ဝတ္ထုတခုတည်း၌ပင် အာရုံ ၆-ပါးလုံး ရနိုင်ကြောင်းကိုလည်း မှတ်သားရာသတည်း။

---

## သုတ္တန်လာ ဒါန ၁၀-ဌာန

ဤသုတ္တန်ဒေသနာတော်၌လာသော ဒါန ၁၀-ပါးဟူသည် (၁) ဆွမ်း,(၂) အဖျော်,(၃) အဝတ်,(၄) ယာဉ်,(၅) ပန်း,(၆) နံ့သာ,(၇) နံ့သာပျောင်း,(၈) အိပ်ရာ,(၉) နေရာကျောင်း,(၁၀) ဆီမီး ဟူ၍ ၁၀-ပါးအပြားရှိ၏။

[ဒသကင်္ဂုတ္တရ ပါဠိတော်]

ထို့ကြောင့် ၉-ကျော်းပျို့၌—

မစိုးမရိမ်၊ ကြောင့်ကြငြိမ်က၊ မွေ့သိမ်ကျင့်ခက်၊ တောမထွက်ဘဲ၊ အိမ်တွင်မြဲလျက်၊ စွန့်ကြဲစင်းလျှင်း၊ ဝန်တိုကင်း၍၊

ထမင်းရေစာ၊ ယာမကာနှင့်၊ သဃ်ာကိန်းအောင်း၊ ကျောင်းလည်းမလွှတ်၊ အဝတ်ပုဆိုး၊ ယာဥ်မျိုးတသွန်၊ ပန်းမာလ်ခပ်သိမ်း၊ သပ်လိမ်းရည်မွှေး၊ လှိုင်နေ့သာ၊ အိပ်ရာဆောက်ဦး၊ ဆီမီးဟူသား၊ အလှူဝတ္ထု၊ ဆယ်ခုမကြွင်း။ —

ဟူ၍ အရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူ၏။

## ဆောင်ပုဒ်

(၁) သင်, ဆွမ်း, ကျောင်း, ဆေး၊ ပစ္စည်းလေး၊ လှူရေးဝိနည်းလာ။

(၂) ဆင်း, သံ, နံ့, သာ၊ အတွေ့, သဘော၊ ၆-ပါးဟော၊ လှူလော ဘိဓမ္မာ။

(၃) ဆွမ်း, ဖျော်, ဝတ်, ယာဉ်၊ ပန်း, နံ့, ပျောင်း, ရာ၊ ကျောင်း, မီးသာ၊ ၁၀-ဖြာသုတ္တန်လာ။

(၄) ဝိလေး, ဘိခြောက်၊ သုတ်ဆယ်လျောက်၊ လှူမြောက် ဒါနာ၊ နှစ်ဆယ်လာ။

---

## ဒါန အပြား ဟူသည်ကား

ဤသို့ပြဆိုအပ်ပြီးသော ဒေသနာတော် သုံးရပ်၌လာသော ဒါနအပြားတို့တွင် တခုတခုသောဒါန၌ အလှူခံ, အလှူဝတ္ထု, အလှူပေးပုဂ္ဂိုလ်, စိတ္တုပ္ပါဒ်စေတနာ စသည်တို့ကိုစွဲ၍ သပ္ပုရိသဒါန, အသပ္ပုရိသဒါနဟူ၍၎င်း, ကာလဒါန, အကာလဒါနဟူ၍၎င်း, ဓမ္မိကဒါန, အဓမ္မိကဒါနဟူ၍၎င်း, ဗုဒ္ဓဒါန, ဓမ္မဒါန, သံဃဒါနဟူ၍၎င်း, ဟီနဒါန, မဇ္ဈိမဒါန, ပဏီတဒါန ဟူ၍၎င်း, ဒါနဒါသ, ဒါနသဟာယ, ဒါနသာမိဟူ၍၎င်း, သာဟတ္ထိကဒါန, အာဏတ္တိကဒါန, နိယတဂ္ဂိယဒါန ဟူ၍၎င်း, လောဘရှိသောဒါန, ဒေါသရှိသောဒါန, မောဟရှိသောဒါန

ဟူ၍၎င်း,ဝဋ္ဋနိဿိတဒါန,ဝိဝဋ္ဋနိဿိတဒါန ဟူ၍၎င်း,လောကဉ် ဒါနဟူ၍သာ သမုတ်ကုန်လျက်အကျိုးကိုကား မဖြစ်စေနိုင်သောဒါန ဟူ၍၎င်း များသောအပြားရှိကုန်၏။

---

## (၁) သပ္ပုရိသ ဒါန ၅-ပါးအာန

သူတော်ကောင်းတို့ ပေးလှူအပ်သော သပ္ပုရိသဒါန ၅-ပါး ဟူသည်—

(၁) သဒ္ဓါဒါန=အလှူ၏အကျိုးကို ယုံကြည်၍လှူခြင်း,

(၂) သက္ကစ္စဒါန=အလှူခံပုဂ္ဂိုလ်,အလှူဝတ္ထု၂-ပါးကို အရိုအသေပြု၍ လှူခြင်း,

(၃) ကာလဒါန= သင့်လျော်လျောက်ပတ်သောအခါဉ်လှူခြင်း,

(၄) အနုဂ္ဂဟိတစိတ္တဒါန=နှစ်မြော စုံမက် ငဲ့ကွက်ကပ်ငြိခြင်း ကင်းလွတ်သောစိတ်ဖြင့် လှူခြင်း,

(၅) အနုပဟစ္စဒါန= မိမိ,သူတပါး မထိပါးစေမူ၍ လှူခြင်း ဟူ၍ ၅-ပါးဖြစ်၏။

[ပဉ္စင်္ဂုတ္တရ ပါဠိတော်]

---

## (၂) ကာလ ဒါန ၅-ပါးအာန

ထိုသပ္ပုရိသဒါနဉ် အတွင်းဝင်သော ကာလဒါန၅-ပါးဟူသည်—

(၁) အာဂန္တုကဒါန=ဧည့်သည်ရဟန်းအားလှူခြင်း,

(၂) ဂမိကဒါန= ခရီးသွားရဟန်းအားလှူခြင်း,

(၃) ဂိလာနဒါန=နာဖျားသော ရဟန်းအားလှူခြင်း,

(၄) ဒုဗ္ဘိက္ခဒါန=ငတ်မွတ်ရှားပါးသောအခါဉ်လှူခြင်း,

(၅) နဝသဿ နဝဖလ ဒါန=ကောက်ဦး, သစ်သီးဦး တို့ကို မိမိမသုံးဆောင်ခင် ရှေးဦးစွာ သီလရှိသောရဟန်း တို့အား လှူခြင်းဟူ၍ ၅-ပါးဖြစ်၏။

[ငင်း]

[မှတ်ချက်] လိုရာအရပ်သို့ရောက်၍ ထိုအရပ်၌ မိမိကိစ္စပြီး လျှင် အရပ်တပါးသို့ မသွားဘဲ မိမိနေရင်းအ ရပ်သို့ ပြန်လတ္တံ့သော ရဟန်းသည်ဧည့်သည် မည်၏၊ လိုရာအရပ်သို့မရောက်သေး၊ခရီးသွား ဆဲဖြစ်သောရဟန်း,လမ်းခရီးအကြား တပါး သောအရပ်၌ တစုံတခုသော အမှုကိစ္စတို့ကို ဆောင်၍ ပြီးစီးလျှင် မည်သည့် နေ့ရက်၌ ခရီးဆက် ထွက်အံ့ဟု အမှုကို စီမံနေသော ရဟန်းတို့သည်ခရီးသွားမည်၏။

---

### အသပ္ပုရိသ ဒါန ၅-ဌာန

ပညာနည်းပါး, သူယုတ်များပေးလှူသော "အသပ္ပုရိသ ဒါန" ၅-ပါးဟူသည် သပ္ပုရိသဒါနကို အပြန်အားဖြင့်—

(၁) အသဒ္ဓဒါန=အလှူကိုငင်း,အလှူ၏အကျိုးကိုငင်း မယုံကြည်ဘဲ လှူခြင်း,

(၂) အသက္ကစ္စ ဒါန=အလှူဝတ္ထု, အလှူခံ ပုဂ္ဂိုလ် ၂-ပါးကို အရိုအသေမပြမူ၍ လှူခြင်း,

(၃) အကာလဒါန=ကာလဒါန ၅-ပါးမှ အလွတ် ဖြစ်သော အခါ၌ လှူခြင်း,

(၄) ဥဂ္ဂဟိတဒါန=အလှူဝတ္ထုကို နှစ်မြော စုံမက်ခြင်း နှင့် တကွလှူခြင်း,

(၅) ဥပဟစ္စဒါန=မိမိဂုဏ်ကို ချီးမြှောက်၍ သူတပါး ဂုဏ်ကို ရှုပ်ချထိပါးလျက် လှူခြင်း ဟူ၍ ၅-ပါးရှိ၏

[ငှင်းပါဠိတော်]

## တနည်း-သပ္ပုရိသ ဒါန ၅-ဌာန

(၁) သက္ကစ္စဒါန=[တူပြီ]

(၂) စိတ္တိကတဒါန= မဘောက်မပြန် ကြည်ညိုလေး မြတ်သော စိတ်ကိုဖြစ်စေ၍ မြတ်နိုးတနာ ပူဇော်၍လှူခြင်း,

(၃) သဟတ္ထဒါန=မိမိလက်ဖြင့် လှူခြင်း,

(၄) အနုပ ဝိဒ္ဓဒါန=အလှူဝတ္ထုကို မပစ်လွှတ် မကြဲ မြှောက်မူ၍ လှူခြင်း,

(၅) အာဂမနဒိဋ္ဌိကဒါန=အလှူ၏ အကျိုးအာနိသင် ကို လိုချင် တောင့်တသည် ဖြစ်၍ လှူခြင်းဟူ၍ ၅-ပါးရှိ၏။

[ငှင်းပါဠိတော်]

## တနည်း-အသပ္ပုရိသ ဒါန ၅-ဌာန

(၁) အသက္ကစ္စဒါန [တူပြီ]

(၂) အစိတ္တိကတဒါန=စိတ်ဖြင့် ကြည်ညို လေးမြတ် ခြင်းကို မပြုမူ၍လှူခြင်း။

(၃) အသဟတ္ထဒါန=အလှူဝတ္ထုကို မိမိကိုယ်တိုင် မကိုင်မူ၍ သူတပါးကိုကိုင်စေ၍ လှူခြင်း,

(၄) အပဝိဒ္ဓဒါန=အလှူဝတ္ထုကို ပြစ်လွှတ်ကြဲမြှောက် ၍ လှူခြင်း,

(၅) အနာဂမန ဒိဋ္ဌိကဒါန=အလှူ၏ အကျိုးအာနိ သင်ကို လိုချင်တောင့်တ မရှိဘဲ လှူခြင်းဟူ၍ ၅-ပါးရှိ၏။

[ငှင်းပါဠိတော်]

[မှတ်ချက်] ပစ်လွှတ်၍လှူသည်ဆိုရာ၌အခွင့်မသာ၍လှူသည် ကို မယူအပ်၊ အခွင့်သာလျက် အလေးမပြု၊ပစ် လွှတ်သည်ကိုသာယူရာ၏၊ မိမိလက်ဖြင့် မကိုင် မှု၍လှူရာ၌လည်းနည်းတူပင်ယူအပ်၏။

## တနည်း-သပ္ပုရိသ ဒါန ၈-ဌာန

(၁) သုစိဒါန=သန့်ရှင်း စင်ကြယ်သော ဝတ္ထုကိုလှူ ခြင်း,

(၂) ပဏီတဒါန=ကောင်းမွန် ထွန်းမြတ်သော ဝတ္ထု ကိုလှူခြင်း,

(၃) ကာလ ဒါန=သင့်လျော်သော ကာလ၌ လှူခြင်း,

(၄) ကပ္ပိယဒါန=အလှူခံ ပုဂ္ဂိုလ်တို့ သုံးဆောင် အပ် သော ဝတ္ထုကို လှူခြင်း,

(၅) ဝိစေယျဒါန=အလှူခံပုဂ္ဂိုလ်ကောင်းကိုရွေးချယ် စီစစ်၍ လှူခြင်း,

(၆) အဘိဏှဒါန=မပြတ်မလတ်လှူခြင်း,

(၇) ဒဒ စိတ္တံ ပသာဒေ,ဒါန=ပေးလှူစဉ် စိတ်ကိုကြည် ညိုစေ၍ လှူခြင်း,

(၈) ဒတွာ အတ္တမနဒါန=ပေးလှူပြီး၍ ရှင်လန်းဝမ်း မြောက်ခြင်း ဟူ၍ ၈-ပါးရှိ၏။

[အင်္ဂုတ္တရ ပါဠိတော်]

သပ္ပုရိသဒါန,အသပ္ပုရိသဒါန ပြီး၏။

---

## ဓမ္မိက ဒါန,အဓမ္မိက ဒါန ၂–ဌာန

ထိုတွင် ဓမ္မိကဒါန ၃-ဌာန-တရားနှင့် လျော်ကုန်သော "ဓမ္မိကဒါန" ၃-ပါး ဟူသည်–

(၁) သံဃနိဿ သံဃဒါန= သံဃာအား ညွှတ်ပြီး ရည်မှတ်ပြီးသား လှူဘွယ်ဝတ္ထုကို သံဃာအားသာ လှူခြင်း,
(၂) စေတိယနိဿ စေတိယ ဒါန= စေတီအားညွှတ်ပြီး ရည်မှတ်ပြီးသားလှူဘွယ်ဝတ္ထုကို စေတီအားသာလှူခြင်း,
(၃) ပုဂ္ဂလနိဿ ပုဂ္ဂလဒါန=ပုဂ္ဂိုလ်အား ညွှတ်ပြီး ရည်မှတ်ပြီးသား လှူဘွယ်ဝတ္ထုကို ပုဂ္ဂိုလ်အားသာ လှူခြင်း ဟူ၍ ၃-ပါးရှိ၏။

[ပရိဝါပါဠိတော်,၎င်းအဋ္ဌကထာ]

[မှတ်ချက်] ဝိနည်းအလိုအားဖြင့်ရဟန်းတပါးသည် ပုဂ္ဂိုလ်မည်၏၊ ၂-ပါး,၃-ပါးသည် ဂိုဏ်းမည်၏၊ ၄-ပါးကစ အထက်ပွားသမျှသည် သံဃာမည်၏၊ သုတ္တန်အလိုအားဖြင့် နှစ်သက်ရာကို ရွေးချယ်၍ ''အာယသ္မတောဒေမ''အရှင်ဘုရားအား လှူပါ၏ ဟူသောနည်းဖြင့် ပေးလှူခြင်းသည် ''ပုဂ္ဂလိက''မည်၏၊ အပေါင်းဖြစ်သော သံဃာတော်ကိုရည်မှတ်၍ ''သံဃဿ ဒေမ''သံဃာအားလှူပါ၏-ဟူသောနည်းဖြင့် ပေးလှူခြင်းသည် ''သံဃိက''မည်၏၊ ဤ ''ဓမ္မိကဒါန''တွင် ပုဂ္ဂိုလ်, သံဃာအရာ၌ သုတ္တန်ဒေသနာတော်နည်းကိုသာ ယူအပ်၏။
[ရှေ့''ပုဂ္ဂလိကဒါန, သံဃိကဒါန''ရောက်မှ အကျယ်ပြအံ့။]

---

## စေတီ သဘာဝ ၃-ဌာန

ဤအရာ၌ ပူဇော်အပ်သော''စေတီ''ဟူသည်–
(၁) ပရိဘောဂစေတီ–ဘုရားအသုံးအဆောင်ဖြစ်သော သပိတ်,ရေစစ်,ရေသနုပ်တော်စသည်တို့ကို ''ဌာပနာ''သွင်း

ထား၍ တည်သောဘုရား, (ဗောဓိပင်စသည်တို့သည်လည်း ပရိဘောဂစေတီ၌ဝင်၏။)

(၂) ဓာတုစေတီ—ကိုယ်တော်မှ ဖြစ်သော "သရီရ" ဓာတ်တော်ကို ဌာပနာသောဘုရား,

(၃) ဓမ္မစေတီ—ပဋိစ္စသမုပ္ပါဒ်စသောပိဋကတ်တော်တို့ကို ဌာပနာသောဘုရားဟူ၍ သာရတ္ထသင်္ဂဟကျမ်း၌ ၃-ပါး လာ၏။

တနည်း—

(၁) သာရီရိကစေတီ—ဓာတုစေတီနှင့်တူ၏။

(၂) ပရိဘောဂစေတီ—တူပြီ။

(၃) ဥဒ္ဒိဿစေတီ—ရွှေ,ငွေ,ကျောက်,သစ်သားစသည်တို့ကို ဘုရားသဏ္ဍာန်တော်နှင့်တူစွာ သွန်းထုအပ်သော ရုပ်ပွားဆင်းတုဘုရားဟူ၍ ပရိဝါပါဠိတော်၌ ၃-ပါးလာ၏။

ဤသို့ကျမ်းလာ ၂-ရပ်ပေါင်းစပ်၍ယူသော်—(၁) ဓာတုစေတီ, (၂)ပရိဘောဂစေတီ, (၃)ဥဒ္ဒိဿစေတီ, (၄)ဓမ္မစေတီဟူ၍ စေတီတော် ၄-ပါးဖြစ်၏၊ ဤဓမ္မိကဒါနအရာ၌ ၄-ပါးလုံးကိုပင် ယူအပ်၏။

---

## အဓမ္မိက ဒါန ၉-ဌာန

ဓမ္မိကဒါနမှ အပြန်ဖြစ်သော တရားနှင့်မလျော်သော "အဓမ္မိကဒါန" ၉-ပါးဟူသည်—

(၁) သံဃပရိဏတအညဒါန—တဦးသော သံဃာအား လှူမည်ဟု ညွတ်ပြီးသား လှူဘွယ်ဝတ္ထုကို ရည်ရွယ်ပြီးသား သံဃာမှတပါးသော သံဃာအားရင်း, စေတီအားရင်း, ပုဂ္ဂိုလ်အားရင်းလှူခြင်း,

(၂) စေတိယပရိဏာတအညဒါန–တခုသော စေတီအား လှူမည်ဟုညွှတ်ပြီးသား လှူဘွယ်ဝတ္ထုကို ရည်ရွယ်ပြီးသားစေတီမှတပါးသောစေတီအားရင်း, သံဃာအားရင်း, ပုဂ္ဂိုလ်အားရင်းလှူခြင်း,

(၃) ပုဂ္ဂလပရိဏာတအညဒါန–တဦးသောပုဂ္ဂိုလ်အား လှူမည်ဟု ညွှတ်ပြီးသား လှူဘွယ်ဝတ္ထုကို ရည်ရွယ်ပြီးသားပုဂ္ဂိုလ်မှတပါးသော ပုဂ္ဂိုလ်အားရင်း, သံဃာအားရင်း, စေတီအားရင်းလှူခြင်းဟူ၍ ၃-ပါး,၃-လီ, ၉-ပါးကို ပရိဏာတသိက္ခာပုဒ်၌ ဟောတော်မူ၏။

[မှတ်ချက်] ဤပရိဏာတ သိက္ခာပုဒ်၌ ဥစ္စာရှင်ဖြစ်သော လှူရှင်,ရဟန်းက မည်သည့် စေတီ,သံဃာ ပုဂ္ဂိုလ်ကို လှူမည်ဟု ရည်ရွယ်ပြီးသားဝတ္ထုကို ဥစ္စာရှင်မဟုတ်သော ရဟန်းက,ရည်မှတ်ထားရာစေတီ,သံဃာ,ပုဂ္ဂိုလ်မှတပါး မိမိအလိုရှိရာ စေတီ,သံဃာ, ပုဂ္ဂိုလ်အား ပေးလှူခြင်းသည် မပြုသင့်သည်ကိုပြုသောကြောင့် ထိုရွေ့ပြောင်းပေးလှူစေသော ရဟန်းအား အာပတ်သင့်စေဟု မြတ်စွာဘုရား ပညတ်တော်မူ၏၊ ထို့အတူ ဥစ္စာရှင်မဟုတ်သော သူတို့မှာလည်း သူတပါးတို့ အလှူ၌ မိမိအလိုရှိရာ ပေးလှူအောင် လွှဲပြောင်းညွှန်ချမှုကောင်း၊ ပြုချေသော် အပြစ်မှမလွတ်ဟူ၍ မှတ်အပ်၏၊ ဥစ္စာရှင်တို့သည် ကိုယ်ပိုင်ပစ္စည်းဖြစ်၍ အပြစ်ကြောင်းကို ကျမ်းဂန် မလာသော်လည်း ရည်မှန်းရာတပါးပေးလှူရာတခြားဖြစ်၍မသင့်သောကြောင့် အဓမ္မိကဒါန ဟု တိုက်ရိုက်ဟောတော်မူသည်ကိုထောက်ကထိုကုသိုလ်၏

အကျိုးသည်လည်း''အဓမ္မဖလ''ဖြစ်၍လူမင်း, နတ်မင်းကို ရည်စူးသော်လည်း မှူးမတ်အဖြစ် စသည်ဖြင့် မနှစ်သက်ရာ ချမ်းသာသုခကို တွေ့ရတတ်ချေသည်ဟုနည်းကိုဆောင်၍သည်း သိမှတ်အပ်၏၊

ဓမ္မိကဒါန,အဓမ္မိကဒါန ပြီး၏။

---

## ဗု, ဓ, သ, ဒါန ၃-ပါးသန

ဤအရာ၌—

(၁) ဗုဒ္ဓဒါနဟူသည် သက်တော်ထင်ရှား ဘုရားကို၎င်း, ပရိနိဗ္ဗာန်စံဝင်ကြွသွား မြတ်စွာဘုရားကို ရည်မှတ်၍ ဓာတုစေတီစသည်တို့ကို၎င်း ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေး ပူဇော်ခြင်းသည် မြတ်စွာဘုရားအား လှူဒါန်းသည်မည်၏။

(၂) ဓမ္မဒါနဟူသည် တရားတော်ကို ဆောင်ရွက်ကုန်သော ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပူဇော်ခြင်းသည်၎င်း, တရားတော်ကို မြင့်ရှည်စွာ တည်တံ့အောင် ပြုကုန်သော်၎င်း တရားတော်အား လှူဒါန်းသည်မည်၏။

(၃) သံဃဒါနဟူသည် သံဃာတော်တို့ကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပူဇော်ခြင်းသည် သံဃာတော်အား လှူဒါန်းသည်မည်၏။

[အင်္ဂုတ္တရအဋ္ဌကထာ]

## ဓမ္မ ဒါန ၃-ဌာန

(၁) ပိဋကတ်သုံးပုံ တရားတော်ကို ပူဇော် ဒါန်းလို သည့်ဖြစ်၍ ထိုပိဋကတ်ကို သင်ကြား လေ့ကျက် ဆောင်ရွက် ပို့ချသော ရဟန်း,သာမဏေ စသည်တို့အား ပုဂ္ဂိုလ်ကို မရည်မှတ်ဘဲ သန္တာန် ကိန်းသော တရားတော်ကိုသာ ရည် မှတ်၍ ပစ္စည်း ၄-ပါးတို့ကို ပူဇော် ဒါန်းခြင်းသည်၎င်း, ပေ, စက္ကူ စသည်တို့တွင် ရေးပြီးလျှင် ကြွက်, ခြ စသော အန္တရာယ်မရှိရအောင် သေတ္တာ, စာတိုက် ပြုလုပ်သွင်းထား ပူဇော် ဒါန်းခြင်းသည်၎င်း သို့ပြုသော ဓမ္မဒါနလည်း တပါး။

(၂) ဓမ္မဒါနအ ကို ပေး အံ့ဟု ကြံပြီးလျှင် အဖျော် ၈-ပါး ထောပတ်, ပျား, စတုမဓု, အသက်ရှည်ကြောင်း ဆေးတို့ကို ဒါန်းခြင်းသည်၎င်း,သေရအံ့သောသတ္တဝါတို့ကို မသေရအောင် အသက်ဘေးမှ ကယ်ဆယ်ခြင်းသည်၎င်း ထို သို့ပြုသော ဓမ္မဒါနလည်းတပါး။

(၃) ဓမ္မဒါနအ ကို ပေး အံ့ဟုကြံ းလျှင်ပါဠိ,အဋ္ဌ ကထာစသော ပိဋကတ်ကျမ်းစာ ကို သူတပါးတို့အား ပို့ ချခြင်း, ကမ္မဋ္ဌာန်းန ်းပေးခြင်း, အမေးပုစ္ဆာ ပြဿနာကို ဖြေခြင်းစသည်တို့ကို ပြု၍ မသေရာတရားတည်းဟူသော အ မြိုက်ဆေးကို ပေး ခြင်း ထိုသို့ပြုသော ဓမ္မဒါနလည်းတပါး။

ထိုသုံးပါး တွင် ရှေးဦးအဖြစ်သောဓမ္မဒါနသည် ဗုဒ္ဓ ဒါနစသည်သုံးပါးတို့တွင် အတွင်းဝင်၏၊ နှစ်ခုမြောက် ဖြစ် သော ဓမ္မ ါနသည် အဘိဓမ္မာဒေသနာတော်နည်း၌ ပြအပ် ပြီးသော အာရုံ ၆-ပါးဒါနတို့တွင် ဓမ္မာရုံ ါန၌ အတွင်းဝင်

၏၊ သုံးခုမြောက်ဖြစ်သော ဓမ္မဒါနကိုကား ဓမ္မသဝန, ဓမ္မဒေသနာ ပုညကြိယဝတ္ထုကြမှ အကျယ်ပြပေအံ့၊ ဤသို့ သုံးပါး ဖြစ်၏။

## သံဃ ဒါန ၂-ဌာန

သံဃဒါနသည်လည်း (၁)သံဃဒါန,(၂)သံဃိကဒါန ဟူ၍ ၂–ပါးအပြားရှိ၏၊ထိုနှစ်ပါးတို့တွင်–

(၁) တိဿ,မိတ္တစသော အမည်နာမ ပုဂ္ဂလသညာ, မပါမဝင်, မယှဉ်စေရ ဘုရားသားတော် သံဃာတော်ဟု ရည်ရော်ပိုင်းခြားပြီးလျှင် နှစ်သက်ရာ ရွေးကောက်၍ ပင့်လျှောက်လှူဒါန်းခြင်းသည် ယခုပြအပ်သော ဗုဒ္ဓဒါနစသည် သုံးပါးတို့တွင် အတွင်းဝင်သော သံဃဒါနမည်၏။

(၂) သံဃိကဒါနကိုကား သံဃိကဒါနအပြားကို ဝေဘန်ရာသို့ ရောက်မှပြပေအံ့၊ ဤသို့ ၂-ပါးဖြစ်၏။

ဗု, ဓ,သ,ဒါနပြီး၏။

## ဟိ, မ, ပ,ဒါန ၃-ဌာန

(၁) ဟိနဒါနဟူသည် ဤလောက၌ ထင်ပေါ် ကျော်စောခြင်း, ချီးမွမ်းမြှောက်စားခြင်း, သူတပါးတို့ ရိုသေ လေးမြတ်ခြင်း,ဘုန်းတန်းခိုး အာနုဘော်တိုးတက်ခြင်းတို့ကိုအလိုရှိ၍ ပေးလှူသောအလှူသည်အယုတ်အညံ့ဆုံးဖြစ်သောကြောင့် ဟိနဒါနမည်၏။

(၂) မဇ္ဈိမဒါနဟူသည် လူ,နတ်တို့၏ စည်းစိမ် ချမ်းသာကိုရလိုခြင်း, လူကောင်းလူမြတ်, နတ်ကောင်းနတ်မြတ် ဖြစ်ခြင်းတို့ကိုသာတောင့်တ၍ပေးလှူသောအလှူသည် အလယ်အလတ်ဖြစ်သောကြောင့် မဇ္ဈိမဒါနမည်၏။

(၃) ပဏီတဒါန—ဟူသည် လူ့နတ်တို့ စည်းစိမ်ချမ်းသာမျှ မက, ဝဋ်ဒုက္ခတို့၏ ကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာတိုင်အောင် တောင့်တ၍ ပေးလှူသော အလှူသည် အထွဋ်အမြတ်ဆုံးဖြစ်သောကြောင့် "ပဏီတဒါန" မည်၏။

တနည်း—

(၁) ယုတ်ညံ့သော—စိတ်စေတနာ သဒ္ဓါမြတ်နိုးခြင်းတို့ဖြင့် ပြုအပ်သော အလှူသည် ဟီနဒါနမည်၏။

(၂) အလယ် အလတ်ဖြစ်သော—စိတ်စေတနာ သဒ္ဓါမြတ်နိုးခြင်းတို့ဖြင့် ပြုအပ်သော အလှူသည် မဇ္ဈိမဒါန မည်၏။

(၃) ထွဋ်မြတ် အားကြီးစွာသော—စိတ်စေတနာ သဒ္ဓါမြတ်နိုးခြင်းတို့ဖြင့် ပြုအပ်သော အလှူသည် ပဏီတဒါန မည်၏။

ဤ ၂-နည်းတို့တွင်-ရှေ့နည်းမှာ တောင့်တသောအကျိုးကိုစွဲ၍ ဝေဘန်သည်၊ နောက်နည်းမှာ စိတ်စေတနာ သဒ္ဓါဟူသော အကြောင်းကိုစွဲ၍ ဝေဘန်သည်၊ ဤဒါန ၃-ပါးတို့ကို ဓမ္မဒါန၌လည်း ရသင့်၏၊ ရသင့်သည်ကို နောက်ကပြခဲ့ပြီးသောနည်းကို အစဉ်အားဖြင့်၍ သိအပ်၏။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ]

[မှတ်ချက်] ဤအရာ၌ အလှူပေးခြင်းသည် မျက်မှောက်ဘဝ၌ပင် ထင်ပေါ်ကျော်စောခြင်း,သူတပါးတို့ ချီးမွမ်းမြှောက်စားခြင်း စသောအကျိုးကို ရပေလတံ့ဟု ကုသိုလ်ကံ၏ အကျိုးကိုယုံကြည်သော မဟာကုသိုလ်စိတ်ဖြင့် ပေးလှူသည်ကိုသာ ဟီနဒါနဆိုလိုသည်၊ ကုသိုလ်၏ အကျိုး

ကိုကား မယုံကြည်ဘဲ ဤသို့ပေးကမ်းလှူဒါန်း စွန့်ကြဲသည်ရှိသော် ထင်ပေါ် ကျော်စောခြင်း, သူတပါးတို့ ချီးမွမ်းမြှောက်စားခြင်း ဖြစ်လိမ့်မည်ဟု ရည်မှတ်ထင်စား၍ ၎င်းတို့ကိုသာ သက်သက် လိုချင်တပ်မက်သော လောဘစေော အကုသိုလ်စိတ်ဖြင့် ပေးကမ်းစွန့်ကြဲသည်ကို ဟီနဒါနဟုပင်မဆိုအပ်၊ယင်းသို့ ပေးကမ်းစွန့်ကြဲခြင်းကား ဒါနလက္ခဏာ မဟုတ်၊ ဥစ္စာကိုလို၍ ကျွေးမွေးပေးကမ်းခြင်း,မစ,ချီးမြှောက်စေလို၍ အရှင်မင်းစိုးတို့ကို လက်ဆောင်ဆက်သ,ခြင်း စသည်တို့ကဲ့သို့သာ မှတ်ရာ၏။

ဟီ,မ,ပ,ဒါန ပြီး၏။

---

## သ,ယ,မိ,ဒါန ၃-ဌာန

(၁) ဒါနဒါသ–ဟူသည် မိမိကား ကောင်းမြတ်သော ပစ္စည်းဝတ္ထုကို သုံးဆောင်၍ အလှူခံ ပုဂ္ဂိုလ်တို့အား မိမိ သုံးဆောင်သည်အောက် ယုတ်ညံ့သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် ကျွန်ကို ပေးသည်နှင့် တူသောကြောင့် "ဒါနဒါသ" မည်၏။

(၂) ဒါနသဟာယ–ဟူသည် မိမိ သုံးဆောင်သည်နှင့်တူမျှသော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် မိမိနှင့် တူမျှသော အဆွေခင်ပွန်းတို့ကို ပေးသည်နှင့် တူသောကြောင့် "ဒါနသဟာယ"မည်၏။

(၃) ဒါနသာမိ–ဟူသည် မိမိ သုံးဆောင်သည်ထက် ကဲလွန်မွန်မြတ်သော ဝတ္ထုတို့ကို ပေးလှူခြင်းသည် အရှင်

မင်း စိုးတို့အား ပေးကမ်း ဆက်သ,သည်နှင့် တူသောကြောင့် "ဒါနသာမိ"မည်၏။

[ပဥ္စဂုံတ္တရအဋ္ဌကထာ]

ထို့ကြောင့်"ပါရမီခလ်းပျို့၌—

ဒါနဒါသ၊ကျွန်စာဌသို၊လှူရတတ်ဆန်း၊ သဒ္ဓါပန်းလည်း၊ လန်းလန်းမပွင့်၊ တချို့ကျင့်တုံ၊ ကိုယ်နှင့်ထပ်တူ၊ဆွေလူတော်ကြ၊ သဟာယသို၊ ဝေဌစရာ၊ လှူဒါန်းဌါဖြင့်၊များစွာမထူး၊ နှလုံးနူး၏၊ တဦးတုံမူ၊ ကာယ်ခဲ့သူအား၊ အလှူဖြင့်ပည်း၊ ဝမ်းဝယ်သည်း၍၊ ပစ္စည်းဆောက်ဦ၊ ဟူဟူသမျှ၊ ပေးကုန်ဌသည်၊ ဒါနသာမိ၊ကျော်ကိတ္တိနှင့်၊ သိဒ္ဓိထင်ထင်၊ယူးသိဖြင်၏။—

ဟူ၍ အရှင်မဟာသီလဝံသ စပ်ဆိုတော်မူ၏။

သ,ယ,မ် ဒါန ပြီး၏။

---

## သာ,အာ,နိ,ဒါန ၃ ဌာန

(၁) သာဟတ္ထိကဒါန—မိမိကိုယ်တိုင် ပေးလှူခြင်း,

(၂) အာဏတ္တိကဒါန-သူတပါးကို စေခိုင်း၍ ပေးလှူခြင်း,

(၃) နိဿဂ္ဂိယဒါန—သူတပါးတို့ သွားရာ၌ ခေပါးပေး လိုက်၍ လှူခြင်း ဟူ၍ ၃-ပါးရှိ၏။

သာ,အာ,နိ,ဒါန ပြီး၏။

---

## လော,ဒေါ,မော,ဒါန ၃ ဌာန

(၁) လောဘ,ရှိသောဒါန- မိမိဥစ္စာနှင့် တန်ရုံမယူဘဲ လျက် အနည်းငယ်ဖြင့် အများကိုလိုချင်၍ အနိုင်အထက် နှိပ်စက်ညှဥ်းဆဲလျက် ရသောဝတ္ထုကို လှူခြင်း,

(၂) ဒေါသ,ရံုသောဒါန-တပါးသူထံမှ နှိပ်စက်ညှဥ်း ဆဲ လုယူ့တိုက်ခိုက်၍ ရသောဝတ္ထုကို လှူခြင်း,

(၃) မောဟ,ရံုသောဒါန-လက္ခဏာရေးသုံးပါး,သစ္စာ ရတရားကို မဆင်ခြင်ဘဲ မိုက်မဲတွေဝေ မွေ့လျော်၍ မြူးထူး ပျော်ရွှင် သဘင်ပွဲလမ်းနှင့်လှူခြင်း ဤကား အကုသိုလ်စိတ်ခြံရံ သောဒါန၃-ပါးတည်း၊ ထိုမှပြန်သောအားဖြင့် အလောဘ ခြံရံသောဒါန, အဒေါသခြံရံသောဒါန, အမောဟခြံရံသော ဒါန၃-ပါးကိုလည်း သိရာ၏။

[ဓမ္မသင်္ဂဏီအဋ္ဌကထာ]

လော,ဒေါ,မော,ဒါန ပြီး၏။

---

ဝဋ္ဋ,ဝိဝဋ္ဋ, ဒါန ၂-ဌာန

(၁) ဝဋ္ဋနိဿိတဒါန-ဟူသည် လူ,နတ်တို့ချမ်းသာဟုဆို အပ်သော လောကီစည်းစိမ်ကိုသာ သက်သက် မျှော်စစ်သက်သာ ယာ,တောင့်တ ပတ္တနာ၍ပေးလှူအပ်သောဒါနသည် ဝဋ်ဆင်း ရဲကို စွဲမှီ၍ဖြစ်သောကြောင့် ဝဋ္ဋနိဿိတဒါနမည်၏။

(၂) ဝိဝဋ္ဋနိဿိတဒါန-ဟူသည် ဝဋ်ဆင်းရဲတို့၏ ချုပ် ငြိမ်းရာ လောကုတ္တရာ နိဗ္ဗာန်ချမ်းသာကို တောင့်တပတ္တနာ၍ ပူအပ်သောဒါနသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ် သောကြောင့် ဝိဝဋ္ဋနိဿိတဒါနမည်၏၊ဤသို့ ၂-ပါးရှိ၏။

[မူလပဏ္ဏာသအဋ္ဌကထာသလ္လေခသုတ်]

ထို ၂-ပါးတို့တွင် (၁)ဝဋ္ဋနိဿိတဒါနသည် ဝဋ်ဆင်းရဲ မှ ထွက်မြောက်ရာဖြစ်သော လောကုတ္တရာချမ်းသာကိုအလျှင်း သက်သက် မဆောင်ရွက်နိုင်မူ၍ လူ,နတ်အဖြစ်ဟု ဆိုအပ် သော ဝဋ်ဆင်းရဲအစုကိုသာ ဆောင်ရွက်နိုင်ပေ၏။

ထို့ကြောင့် ပါရမီခဏ်းပျို့၌—

သူမိုက်အလှူ၊ ပေးပါမူလည်း၊ ရွယ်ချူဖိုလ်,မဂ်၊ မဟန်နက်တည့်၊ မှာဘက်ဝယ်သာ၊ ကျင်လည်ရှာ၍၊ ဤရွာဤမြေ၊ ဤရွှေငွေနှင့်၊ ဤဆွေမိ,ဘ၊ ခင်ပွန်းစသား၊ တကွမကွာ၊ ငါ့တူသားလျှင်၊ ငါ့ငှါဘေး၊ ငါ့ကိုသေလည်း၊ ဖြစ်စေသတည်း၊ ဤသို့နည်းဖြင့်၊ တင့်ရည်းသူယူ၊ ရှု၍ရင်း။—

ဟူ၍ အရှင်မဟာသီလဝံသ စပ်ဆိုတော်မူ၏။

---

## ဓမ္မဒါန သွင်းယူရ

ဤဝဋ္ဋနိဿိတဒါန, ဝိဝဋ္ဋနိဿိတဒါန ၂- ပါးတို့ကား ဓမ္မဒါန၌လည်း ရသင့်၏၊ ရသင့်ဟန်ကား- ဆိုခဲ့တိုင်းသော လောကီချမ်းသာကိုသာတောင့်တ၍ တရားဟောခြင်း, စာပေပို့ချကျမ်းဂန်ရေးသား ပြဿန်ခြင်းစသော ဓမ္မဒါနသည် ဝဋ္ဋနိဿိတဓမ္မဒါနမည်၏။

ယခုပစ္စုပ္ပန်ဘဝ၌ ပစ္စည်းအာမိသ လာဘ်လာဘတို့ကို အလိုရှိခြင်း, ကျော်စောထင်ရှားစေလိုခြင်း, ချီးမွမ်းမြှောက်စား [illegible]တ်[illegible]းစုံမက် [illegible]င်သက်စေလိုခြင်း, မိမိဂုဏ်ကို ချီးပမြှောက်စား သူတပါးဂုဏ်ကို နှိပ်နင်းဖျက်ဆီးလိုခြင်း စသော အကြောင်းတို့ကြောင့် တရားဟောခြင်း, စာပေပို့ချ ကျမ်းဂန်ရေးသားပြဿန်ခြင်းတို့သည် မကောင်းသော အလိုဆန္ဒ မသင့်သောနှလုံးသွင်း ယုတ်မာသော အကုသိုလ်စိတ်ဖြင့် ပြုအပ်သောကြောင့် ဓမ္မဒါနမမည်၊ အကျိုးလည်းမရှိ၊ အပြစ်သာ ဖြစ်သည်ဟု မှတ်အပ်၏။

## ဆုတောင်းတိုင်း တဏှာလော?

အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ။
[မူလပဏ္ဏာသပါဠိတော်မူလပရိယာယသုတ်]

အနုတ္တရံ၊ အတုမရှိ မြတ်ခေါင်ထိသော။ ယောဂက္ခေမံ၊ ယောဂကုန်ရာ နိဗ္ဗာန်ချမ်းသာကို။ ပတ္ထယမာနော၊ လိုချင်တောင့်တလျက်။ ဝိဟရတိ၊ နေ၏။
(ယောဂကုန်ရာ မြတ်သောနိဗ္ဗာန်ချမ်းသာကို တောင့်တနေ၏ ဟူလို။)

---

## တောင့်တခြင်းမှာ ၂-မျိုးပါ

ပတ္ထယ မာနောတိ ဧတ္ထ ဒွေ ပတ္ထနာ တဏှာပတ္ထနာစ ဆန္ဒပတ္ထနာစ။
[မူလပဏ္ဏာသ အဋ္ဌကထာ]

ပတ္ထယ မာနောတိ ဧတ္ထ၊ နိဗ္ဗာန်ကို တောင့်တ၍နေ၏ ဟူသော ဤပါဠိတော်၌။ ပတ္ထနာ၊ တောင့်တခြင်း ပတ္ထနာသည်။ တဏှာပတ္ထနာစ၊ တဏှာဟူသော တောင့်တခြင်းပတ္ထနာ၎င်း။ ဆန္ဒပတ္ထနာစ၊ ကုသိုလ်ဆန္ဒ ဟူသော တောင့်တခြင်း ပတ္ထနာ၎င်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့တည်း။

ဤအရာ၌ တဏှာပတ္ထနာ, ဆန္ဒပတ္ထနာ ၂-ပါး တို့တွင် တဏှာဖြင့် တောင့်တသော ပုဂ္ဂိုလ်အား တဏှာ တရားနှင့် ယှဉ်ဘက်များဖြစ်ကြသော မာနတို့သည် ဖြစ်ကုန်၏၊ တဏှာဖြင့် ကြံစည်အပ်သော အာရုံတို့၌လည်း "သမ္ပတ္တိ, ဝိပ္ပတ္တိ" ပြည့်စုံခြင်း,မပြည့်စုံခြင်းတို့ကိုစွဲ၍ ရာဂ,ဒေါသ, သောမနဿ, ဒေါမနဿ ဟူသော နှစ်သက်ခြင်း, ပြစ်မှားခြင်း, ဝမ်းမြောက်

ခြင်း, နှလုံးမသာယာခြင်းတို့ဖြင့် စိတ်၏တုန်လှုပ်ခြင်းသည် ဖြစ်တတ်၏၊ ထင်ရှားစေအံ့- အရဟတ္တဖိုလ်သို့ မရောက်သေးသည်၌ ရောက်ပြီဟု အမှတ်ရှိသော အရှင်ဆန္နမထေရ် အထံသို့ ရှင်သာရိပုတ္တရာ, ရှင်စုန္ဒမထေရ်တို့ မကျန်းမာသည်ကို မေးမြန်းရန် ကြွလေရာ ရှင်သာရိပုတ္တရာ၏ မေးခြင်းကို အစွဲပြု၍ ရှင်ဆန္နထေရ်က မိမိ၏အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို ဝန်ခံလိုးချင် ခံစားရသော ဝေဒနာ ပြင်းထန်စွာလှသဖြင့် ဇီဝိတိန္ဒြေကိုချ၍ စုတေမည် အကြံရှိကြောင်းကို လျှောက်၏၊ ထိုအခါ ညီတော်ရှင်စုန္ဒထေရ်က ရှင်ဆန္န ထေရ်၏ အရဟတ္တဖိုလ်သို့ မရောက်သေးသော အဖြစ်ကို သတိရစိမ့် သောငှါ—

နိဿိတော စလတိ၊ အနိဿိတော နစလတိ။

ဟု အကျဉ်း သုံးမ၏။

အာဝုသော-ဆန္န၊ ငါ့ရှင်ဆန္န။ နိဿိတော၊ တဏှာ,ဒိဋ္ဌိတို့ဖြင့် မှီသောပုဂ္ဂိုလ်သည်။ စလတိ၊ ပြည့်စုံခြင်း,မပြည့်စုံခြင်းတို့၌ တုန်လှုပ်၏။ အနိဿိတော၊ တဏှာ, ဒိဋ္ဌိတို့ဖြင့် မမှီသော ပုဂ္ဂိုလ်သည်၊ နစလတိ၊ မတုန်မလှုပ်။

တဏှာ,ဒိဋ္ဌိဖြင့် မှီသောပုဂ္ဂိုလ်သည် ပြည့်စုံခြင်း,မပြည့်စုံခြင်းတို့၌ ရာဂ,ဒေါသဖြင့် တုန်လှုပ်၏၊ မမှီသောပုဂ္ဂိုလ်ကားမတုန်လှုပ်၊ ငါ့ရှင်လည်း တဏှာ,ဒိဋ္ဌိ မကင်းသေးခြင်းကြောင့် ပြင်းထန်သော ဝေဒနာဟူသောဝိပ္ပတ္တိ၌ ဒေါသဖြင့်တုန်လှုပ်ရကား ဇီဝိတိန္ဒြေကိုချမည်ဟု ကြံစည်မိလေသည်၊ ထို့ကြောင့် ငါ့ရှင်သည် အရဟတ္တဖိုလ်သို့ မရောက်သေး၊ အထင်ကြီးမှု ''အဓိမာန'' သာ ဖြစ်သည်၊ အရဟတ္တဖိုလ်အကျိုးငှါ တရားကို အားထုတ်လေဟူ၍ တိုက်တွန်းရ၏၊ ဤသို့လျှင် တဏှာ

ပတ္ထနာသည် မာနအားရင်း, ရာဂ,ဒေါသတို့ဖြင့် တုန်လှုပ်ခြင်းအားရင်း ကျေးဇူးပြုတတ် ကြောင်းကို အဋ္ဌကထာဆရာဖွင့်ပြတော်မူ၏။

ထိုမှတပါး ဤတဏှာ ပတ္ထနာသည် ရုန့်ရင်းသော ကာမဝတ္ထုတို့၌ တောင့်တသည်ရှိသော် ရုန့်ရင်းသောတုန်လှုပ်ခြင်းကို ဖြစ်စေတတ်၏၊ဖြစ်ပုံကား လူ့,နတ်တို့စသည်တို့၌ဖြစ်သောဝတ္ထုကာမကို ကိလေသာ ကာမဖြင့် တောင့်တသော ပုဂ္ဂိုလ်အား ဤတောင့်တသော ဝတ္ထုကာမသည် အကယ်၍တောင့်တတိုင်း ပြည့်စုံငြားအံ့၊ ဝမ်းမြောက်သောစိတ်သည် ဖြစ်လေ၏၊ ဤကား"သမ္ပတ္တိ"၌ ရာဂဖြင့် တုန်လှုပ်ခြင်းမည်၏။

အကယ်၍ ထက်ဝန်းကျင်မှ ဆုတ်ယုတ် ကုန်သည် ဖြစ်အံ့၊ ဆိပ်လူးမြှားဖြင့် စူးဝင်အပ်သော ကိုယ်ရှိသောသူသည် ကိုယ်လုံး ဘောက်ပြန်ဘိသကဲ့သို့ သောက တည်းဟူသော ဆိပ်လူးမြှားဖြင့် စူးဝင်ခြင်းရှိသည်ဖြစ်၍ စိတ်အလုံး၌ဘောက်ပြန်ရ၏၊ ဤကား "ဝိပ္ပတ္တိ"၌ ဒေါသ,ဒေါမနဿ တို့ဖြင့် တုန်လှုပ်ခြင်းမည်၏။

[သုတ္တနိပါတ် ပါဠိတော် ကာမသုတ်]

ထိုမှတပါး သိမ်မွေ့စွာသော မဂ်, ဖိုလ်, နိဗ္ဗာန် တရားတို့၌ တောင့်တသော တဏှာ ပတ္ထနာသည်လည်း သိမ်မွေ့သော တုန်လှုပ်ခြင်းကို ဖြစ်စေတတ်သေး၏။

ထင်ရှားစေအံ့၊ အရှင်အနုရုဒ္ဓါက ရှင်သာရိပုတ္တရာအား "အရှင်ဘုရား····အကျွန်ုပ်သည် တရားကို အားထုတ်ပါ၏၊ မပျင်းရိပါ၊ ထင်သောသတိရှိပါ၏၊ မမေ့လျော့ပါ၊ငြိမ်းသောကိုယ်စိတ်ရှိပါ၏၊ မပူပန်ပါ၊ တသောင်းသော စကြဝဠာတိုက်

တို့၌သေသောသူ,ပဋိသန္ဓေနေသောသူ စသည်တို့ကို ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်မြင်ပါ၏၊ထိုသို့ဖြစ်ပါလျက်အကျွန်ုပ်အားအရဟတ္တဖိုလ်တရားသည်မဖြစ်ပါ၊ အကြောင်းအသို့ပါနည်းဟု'' မေးလျှောက်လေ၏။

ထိုအခါ ရှင်သာရိပုတ္တရာက မိန့်တော်မူသည်မှာ ''ယခု ငါ့ရှင်ပြောသောစကား၌ အပြစ်သုံးပါးပါ၏။

(၁) တရားကို အားထုတ်ပါ၏၊ မကျင်းရိပါ၊ ထင်သောသတိရှိပါ၏၊ မမေ့လျော့ပါ၊ စသောစကားသည်''ဥဒ္ဓစ္စ'' ပြန့်လွင့်ခြင်းအဘို့၌ကျခဲ့သည်။

(၂) တသောင်းသော စကြဝဠာတိုက်၌ သေသောသူ, ပဋိသန္ဓေနေသောသူ စသည်တို့ကို မြင်နိုင်ပါ၏-ဟူသောစကားသည် ''မာန''အထင်ကြီးခြင်း အဘို့၌ကျခဲ့၏။

(၃) ထိုသို့ပါလျက် အရဟတ္တဖိုလ်သို့ မရောက်နိုင်ပါ ဟူသောစကားသည် ''ကုက္ကုစ္စ'' အလို့လို့ထင်ခြင်း အဘို့၌ကျခဲ့၏၊ ထို့ကြောင့် ထိုတရားသုံးပါးတို့ကို တားမြစ်၍ တရားကို အားထုတ်သည်ရှိသော် အရဟတ္တဖိုလ်သို့ရောက်လတံ့''ဟု မိန့်တော်မူလေ၏။

[အင်္ဂုတ္တရပါဠိတော်]

ဤအရာ၌ အရဟတ္တဖိုလ်ကို လိုချင်တောင့်တသော ''နေက္ခမ္မသိတ'' လောဘကြောင့် မရသောအခါ အရဟတ္တဖိုလ်၌မှီသော ''နေက္ခမ္မသိတ, ဒေါမနဿ, ကုက္ကုစ္စ''တို့၏ ဖြစ်ခြင်းကို သိမ်မွေ့သော တဏှာပတ္ထနာလျှင် အကြောင်းရင်းရှိသော သိမ်မွေ့သော တုန်လှုပ်ခြင်းဖြစ်၍ မိမိပင် မသိနိုင်အောင်ဖြစ်လေသတည်း။

ထို့ကြောင့် အရိယာအရှင်မြတ်တို့ ရအပ်သော အနှ ဟတ္တဖိုလ်ကို ငါသည် အဘယ်အခါ၌ ရပါအံ့နည်းဟု အရ ဟတ္တဖိုလ်၌ ချစ်ခြင်းတဏှာသည် ထိုတဏှာအတိုင်း မပြည့် စုံသော ပုဂ္ဂိုလ်အား နှလုံးမသာမှု ဒေါမနဿသည် ဖြစ် လေ၏။

[နေတ္တိပါဠိတော်, သုတ်မဟာဝါပါဠိတော် သက္ကပဥ္စသုတ်, ၎င်းအဋ္ဌကထာ]

ထို၂-ပါးတို့တွင် ရုန့်ရင်းသော "ဂေဟသိတ, တဏှာ" လျှင်အကြောင်းရင်းရှိသော "ဂေဟသိတ ဒေါမနဿ"သည် အကုသိုလ်တရားတို့ကို ပွားစေတတ်သောကြောင့် မမှီဝဲအပ် သော "အသေဝိတဗ္ဗ ဒေါမနဿ"မည်၏၊ မဂ်, ဖိုလ်,နိဗ္ဗာန် ဟူသော "နေက္ခမ္မသိတ တဏှာ"လျှင် အကြောင်းရင်းရှိ သော"နေက္ခမ္မသိတ ဒေါမနဿ" သည် အကုသိုလ်ပင်ဖြစ် သော်လည်း ကုသိုလ်ဖြစ်သော မဂ်, ဖိုလ် တရားအား ကျေး ဇူးပြုတတ်သောကြောင့် မှီဝဲအပ်သော "သေဝိတဗ္ဗ ဒေါမ နဿ"မည်၏၊ ထို့ကြောင့်—

ဒေါမနဿံ ဒေဝါ နမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိ တဗ္ဗမ္ပိ အသေဝိတဗ္ဗမ္ပိ။

[သက္ကပဥ္စသုတ်]

ဒေဝါနမိန္ဒ၊ နတ်တို့သနင်း သိကြားမင်း။ ဒေါမနဿံ၊ ဒေါမနဿဝေဒနာကို။ သေဝိတဗ္ဗမ္ပိ၊ မဂ်, ဖိုလ်၌မှီသော မှီဝဲအပ်သော ဒေါမနဿဝေဒနာရင်း။ အသေဝိတဗ္ဗမ္ပိ၊ဝဋ္ဋ ကာမ၌မှီသော မမှီဝဲအပ်သော ဒေါမနဿ ဝေဒနာရင်း။

ဇ္ဇတိ၊ ဤသို့။ ဒုဝိဓေန၊ နှစ်ပါးအပြားအားဖြင့်။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

[ဤကားတဏှာပဇ္ဇနာ၏ သဘောကို ပြခြင်းပေတည်း။]

ထိုမှတပါး "ဆန္ဒပဇ္ဇနာ"၏သဘောကား ဤ"ပဇ္ဇယမာနော ဝိဟရတိ"ဟူသော ပါဠိတော်၏အဘွင့်အဋ္ဌကထာ၌လည်း "ပဇ္ဇနာ" အရကို ဝိပဿနာနှင့်ယှဉ်သော "သမ္မာဆန္ဒ"ကိုယူ၍"ဝိဟရတိ"အရကို"သဗ္ဗေ သင်္ခါရာ အနိစ္စာ" စသည်ဖြင့် ပွားများအပ်သော ဝိပဿနာဉာဏ်ဖြင့် နေခြင်းကိုယူတော်မူ၍ ကျင့်ဆဲဖြစ်သော"သေက္ခ" ပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်အကျိုးငှါ ဝိပဿနာကိုပွားလျက် ထိုဝိပဿနာနှင့်ယှဉ်သော"သမ္မာဆန္ဒ"ဖြင့် အရဟတ္တဖိုလ်၌ ညွတ်ကိုင်း,ရှိုင်းဝှမ်းလျက် ဝိပဿနာ နေခြင်းကို"ယောဂက္ခေမံ ပဇ္ဇယမာနော ဝိဟရတိ"ဟုဟောတော်မူကြောင်း ထိုအဋ္ဌကထာ၌ဘွင့်ပြတော်မူပေ၏။

ဤအရာ၌ လိုရင်းမှာကား အရဟတ္တဖိုလ်ကို မြတ်သောလိုချင်မှု အလိုအားဖြင့် ညွတ်ကိုင်း, ရှိုင်း ဝှမ်း လျက်, အလုံးစုံသော သင်္ခါရ တရားတို့သည် မမြဲပါတကားဟု ယုံကြည်မှုဖြင့် လွတ်လွတ် လုံးသွင်းလျက်, သတိဖြင့် ကောင်းစွာထင်လျက်,ဝီရိယဖြင့် ကောင်းစွာ အားထုတ်လျက်, သမာဓိဖြင့် ကောင်းစွာစိတ်ကိုထားလျက်,ပညာဖြင့်ကောင်းစွာမြင်လျက်, ဉာဏ်ဖြင့် ကောင်းစွာသိလျက် "သေက္ခ" ပုဂ္ဂိုလ်၏ နေခြင်းကို "ပဇ္ဇယမာနော ဝိဟရတိ"ဟု ဟောတော်မူ၏၊ ဟူလို၊ဝိပဿနာ၏ အဖော်လည်း တဏှာ၏ဝါရ မဟုတ်၊ ကုသိုလ် "သမ္မာဆန္ဒ" ၏ ဝါရသာလျှင်ဖြစ်၍ "ပဇ္ဇယမာ

နော'' ၌ ပတ္ထနာ၏အရကို ကုသိုလ် ''ဆန္ဒပတ္ထနာ''ကို လို အပ်၏ဟုလိုသည်၊ ဤကား ''ဆန္ဒပတ္ထနာ'' ၏ သဘောကိုပြ ခြင်းပေတည်း။

---

## ပတ္ထနာ ၂-ဌာန ဝိသေသ

ဤတောင့်တခြင်း ''ပတ္ထနာ'' ၂—ပါးတို့၏ အထူးကား ''တဏှာပတ္ထနာ'' သည် ကိလေသဝဋ်၌ အကျုံးဝင်၏၊ ''ဆန္ဒ ပတ္ထနာ''သည် ကမ္မဝဋ်၌ အကျုံးဝင်၏၊ တဏှာ ပတ္ထနာသည် ကံ၏အဘော် ''ကမ္မသဟာယက'' ဖြစ်၏၊ ဆန္ဒပတ္ထနာသည် ကံနှင့်အတူ ''ကမ္မသဟဇာတ'' ဖြစ်၏၊ ဒါန, သီလ, ဘာဝနာတို့ကို မပြုမီရှေ့ဦး, ပြုပြီး၍ ဆုတောင်း ခြင်းကို ပြုသောအခါ၌ရှင်း တဏှာ ပတ္ထနာသည်ဖြစ်၏၊ ပြုဆဲ အခါ၌ကား ဆန္ဒပတ္ထနာ သည်ဖြစ်၏၊ တဏှာပတ္ထနာ သည် ကမ္မဝဋ်အား ပကတူပနိဿယ ပစ္စည်းတပ်၏၊ ဆန္ဒပတ္ထနာ သည် ကမ္မဝဋ်အား သဟဇာတာဒိ,ပစ္စည်းတပ်၏၊ ဤပတ္ထနာ ၂-ပါးတို့တွင် ''ပုဗ္ဗဘာဂ'' ရှေ့အဘို့၌ တဏှာဖြင့် လိုအပ် သော အကျိုးကို တောင့်တ ရည်ရော်၍ ဒါန, သီလ, ဘာဝ နာတို့ကို ပြုခြင်းကြောင့် ထိုဒါန, သီလ, ဘာဝနာနှင့် ယှဉ် သော သမ္မာဆန္ဒသည် ''ပုဗ္ဗဘာဂ''၌ ဖြစ်သောတဏှာ ပတ္ထနာ ရည်ရော်ရာ အကျိုးသို့ ညွတ်ကိုင်း, ရှိုင်းဝှမ်းလျက် ဖြစ်သည်ကို ဆန္ဒပတ္ထနာဟု ဆိုအပ်ရကား မုချအားဖြင့် တဏှာ ပတ္ထနာသည် သာလျှင် ပြဋ္ဌာန်းခြင်း ရှေ့သွား ရှိသတည်း။

[ပဋ္ဌာန်းပါဠိတော် ပဌာဝါရအကုသလပဒ တဏှာပတ္ထနာ ပစ္စည်းတပ်သည်ကိုရှု။]

တပါးသော ဆရာတို့သည် ရှင်သုမေဓာ ဗျာဒိတ်ခံကာ၌ ဘုရားဆု၌ ညွတ်သော အားကြီးသော အလိုဆန္ဒ ရှိခြင်းကိုပြရာ "အဓိကာရောစ ဆန္ဒတာ" ဟု လာသည်ကို အစွဲပြု၍ နိဗ္ဗာန်ကိုဘောင့်တ ပတ္တနာခြင်းသည် သမ္မာဆန္ဒသာ တဏှာမဟုတ်၊အဘိဓမ္မတ္ထသင်္ဂဟ မည်သော လက်သန်းအဋ္ဌကထာလည်း တဏှာကား အကုသိုလ်တရားဖြစ်၍လောကုတ္တရာကို အလိုရှိရာတောင့်တရာ အရာမဟုတ်ဟု ဆိုတော်မူကြကုန်၏၊ ထိုဆရာတို့ စကားကို ပြ အပ်သော ပါဠိအဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်သောကြောင့် မမှတ်အပ်ဟု နရသာသနကျမ်း(၁၃၄) မှာထား၏။

---

## ဝိဝဋ္ဋနိဿိတ ဒါန သဘာဝ

ဤအရာ၌ နိဗ္ဗာန်ကိုတောင့်တ၍ ပြုအပ်သော ဝိဝဋ္ဋနိဿိတ ကုသိုလ်ဟူသည် အလောင်းတော် ဗောဓိသတ္တတို့၏၊ ဥက္ကဋ္ဌအစစ် ပါရမီဖြစ်၏၊ဤပါရမီဟူသော ကုသိုလ် စေတနာကံဟု ဆိုအပ်သော မိမိတို့ဥက္ကဋ္ဌဖြင့် သံသရာမှထွက်ရ ထွက်ရပေလတံ့ဟု ကံ, ကံ၏အကျိုး၌ ယုံကြည်သော ကမ္မဿကတဉာဏ် ဟည်လျက် ဒါန, သီလ စသောပါရမီတို့ကို အားထုတ်ဖြည့်ကျင့်ကုန်၏၊ထိုပါရမီတို့ဖြင့်ပင် လူ့ပြည်,နတ်ပြည်ကြည်လည်းကာ နိဗ္ဗာန်သို့ ရောက်ကြ သည်ကား ဂဏန်းတား၍ပိုင်းခြား ရေတွက်ခြင်းငှါ မတတ်နိုင် လေကုန်၊ ထို့ကြောင့်-

> အတ္တိ ဒိန္နံ အာဒိနယပ္ပဝတ္တေ ဣမသ္မိံ ကမ္မ
> ဿကတဉာဏေ ဌတွာ ပဏ္ဏံ ဒါနံ ဒတွာ သီလံ
> ပူရေ တွာ ဥပေါသထံ သမာဒိယိတွာ သုခေန သုခံ

သမ္ပတ္တိယာ သမ္ပတ္တိံ အနုဘဝိတွာ နိဗ္ဗာနပ္ပတ္တာနံ ဂဏနပရိစ္ဆေဒေါ နတ္ထိ။

[သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ]

ဒိန္နံ၊ ပေးလှူအပ်သောအလှူ၏ အကျိုးသည်။အတ္ထိ၊ ရှိ၏။ ဣတိ-အာဒိနယပ္ပဝတ္တော၊ဤသို့အစရှိသောနည်းဖြင့်ဖြစ်သော။ ဣမသ္မိံ ကမ္မဿကတညာဏေ၊ဤကံ,ကံ၏အကျိုးကို ယုံကြည်သောကမ္မဿကတဉာဏ်၌။ ဌတွာ၊တည်၍။ ဗဟုံ၊ များစွာ။ ဒါနံ၊အလှူကို။ ဒတွာ၊ ပေး၍။သီလံ၊သီလကို။ ပူရေတွာ၊ဖြည့်၍။ဥပေါသထံ၊ ဥပုသ်ကို။ သမာဒိယိတွာ၊ ကောင်းစွာဆောက်တည်၍။ သုခေန၊လူ,နတ်တို့၏ချမ်းသာတပါးမှ။ သုခံ၊လူ,နတ်တို့၏ ချမ်းသာတပါးသို့။ သမ္ပတ္တိယာ။ လူ,နတ်တို့၏ပြည့်စုံခြင်းတပါးမှ။ သမ္ပတ္တိံ၊ လူ နတ်တို့၏ ပြည့်စုံခြင်းတပါးသို့။ အနုဘဝိတွာ၊ကူးပြောင်းသက်ဝင်အစဉ်ခံစားပြီး၍။နိဗ္ဗာနပ္ပတ္တာနံ၊ နိဗ္ဗာန်သို့ ရောက်တော်မူကြကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝက အပေါင်းတို့၏။ ဂဏနပရိစ္ဆေဒေါ၊ ဂဏန်းအပိုင်းအခြားသည်။ နတ္ထိ၊ မရှိ။

ဤသို့လာသော ဒေသနာတော်ကို နှလုံးသွင်းလျက်"အတ္ထိ ဒိန္နံ"သမ္မာဉာဏ်မပျက်ရအောင် ကံ,ကံ၏အကျိုးရင်း အကျိုးဆက်တို့ကို နှစ်သက်ယုံကြည်အပ်လှပေသတည်း။

ဤသို့ ဒါန, သီလ, ဥပုသ်သာ ပဋိသန္ဓေကိုဆောင်၍ သံသရာ၌လည်ရသည်ကို မဆိုလင့်ဦး၊ ပုထုဇ္ဇန်ဖြစ်သော "ဝိပဿက" ယောဂီပုဂ္ဂိုလ်သည် မဂ်, ဖိုလ်ကိုအလိုရှိ၍ ဝိပဿနာ အဆင့်ဆင့်တို့ကို ဖြည့်ကျင့်အားထုတ်ရာ ၉-ဆင့်မြောက်ဖြစ်သော "သင်္ခါရုပေက္ခာဉာဏ်" သို့ရောက်ပြီးသည် ဖြစ်ပါ

လျက် မိမိရရောက်အပ်သော ဝိပဿနာဉာဏ်ဖြင့် နှစ်သက်ကပ်ငြိသော ကိလေသဝဋ်ဟုဆိုအပ်သော သိမ်မွေ့သော တဏှာကို မဂ်ဖြင့် မခွါမဖြတ် မသတ်ထဲ့နိုင်ဘဲ စုတိကျလေလျှင် ထိုဝိပဿနာသည်ပင် ကာမ သုဂတိ ပဋိသန္ဓေကို ဆောင်နိုင်လေ၏။

> ပုထုဇ္ဇနဿ သင်္ခါရုပေက္ခံ အဘိနန္ဒတော စိတ္တံ ကိလိဿတိ၊ဘာဝနာယ ပရိပန္ထော ဟောတိ။ပဋိဝေဓဿ အန္တရာယော ဟောတိ။အာယတိံ ပဋိသန္ဓိယာ ဟောတိ။

[ပဋိသမ္ဘိဒါမဂ် ပါဠိတော်]

သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာဉာဏ်ကို။ အဘိနန္ဒတော၊ အလွန်နှစ်သက်သော။ ပုထုဇ္ဇနဿ၊ ပုထုဇ္ဇန်ယောဂီအား။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ ကိလိဿတိ၊ ညစ်နွမ်း၏။ ဘာဝနာယ၊ ဘာဝနာ၏။ ပရိပန္ထော၊ ဘေးရန်သည်။ ဟောတိ၊ ဖြစ်၏။ ပဋိဝေဓဿ၊ အရိယမဂ်ကိုထိုးထွင်း၍သိခြင်း၏။ အန္တရာယော၊ အန္တရာယ်သည်။ ဟောတိ၊ ဖြစ်၏။ အာယတိံ၊ နောင်အခါ၌။ ပဋိသန္ဓိယာ၊ သုဂတိ ပဋိသန္ဓေ၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤကား မဂ်သို့မတက်နိုင်သော ပုထုဇ္ဇန်ပုဂ္ဂိုလ်၏ သင်္ခါရုပေက္ခာဉာဏ်စေတနာ ပဋိသန္ဓေကိုဆောင်သည်ကိုပြ၏၊ဤမျှသာ မဟုတ်သေး၊"ဝုဋ္ဌာနဂါမိနိဝိပဿနာ,သိခါပတ္တ"ဟု ဆိုအပ်သော ဆယ်ဆင့်မြောက်ဖြစ်သော အနုလောမဉာဏ်၏ အထွတ်အဦး ထူးခြတ်လှစွာသော သောတာပတ္တိမဂ်၏ ရှေ့ဒွ ဖြစ်၍ မဂ်အား"အနန္တရ"စသော ပစ္စည်းတို့ကိုပေးလျက်

နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော ဂေါတြဘူ စေတနာ၏လည်း ဝဋ္ဋမမွ ဝဋ်တရားဖြစ်သော မိမိ ဝိပါက်နာမက္ခန္ဓာတို့အား ကမ္မသတ္တိဖြင့် ကျေးဇူးပြုတတ်, ဖြစ်စေတတ်သည်ကို "တိက ပဋ္ဌာန်းပါဠိတော် ပရိတ္တာရမ္မဏ တိက်၌ ဟောတော်မူသည် ကို သိအပ်လှပေ၏။

ဤအရာ၌ "ဝိဝဋ္ဋ နိဿိတ" ကုသိုလ်တို့၏ အထွတ်အဦး ထူးမြတ်လှစွာသော "နိဗ္ဗာနာရမ္မဏ" နိဗ္ဗာန်လျှင်အာ ရုံရှိသည်ဖြစ်သော ဂေါတြဘူ စေတနာသည် သောတာပတ္တိ မဂ်အား အနန္တရာဒိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်,ဖြစ်စေ တတ်သော်လည်း ကာမတဏှာလျှင် အကြောင်းအမြစ်ရှိခြင်း ကြောင့် အကျိုးပေးသောအခါ ကာမတဏှာ၏ အာရုံဖြစ် သော ကာမဝိပါက်ကိုသာ ကမ္မသတ္တိ ပကတူပနိဿယ သတ္တိ တို့ဖြင့် ကျေးဇူးပြုတတ်,ဖြစ်စေတတ်၏။

[ရင်းအဋ္ဌကထာ]

ထိုမှတပါးလည်း သောတာပန်ပုဂ္ဂိုလ်သည် အထက်မဂ်, ဖိုလ်ကို အလိုရှိ၍ ဝိပဿနာ သမ္မာဒိဋ္ဌိတရားတို့ကို ပွားများ အားထုတ်လျက် အထက်မဂ်,ဖိုလ်သို့ မရောက်မီ စုတိကျသည် ရှိသော် မိမိပွားအပ်သော ဝိပဿနာသည်ပင် ကာမသုဂတိ ခုနစ်ဘဝ၌ ပဋိသန္ဓေကျိုးကိုပေး၏။

သစေ ဝိပဿနာ သမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝ
ဓမ္မေ အရဟတ္တံ ပါပေတုံ သက္ကောတိ၊ ဣစ္စေတံ
ကုသလံ နောစေ သက္ကောတိ၊ သတ္တဘဝေ ဒေတိ။
[အင်္ဂုတ္တရအဋ္ဌကထာ တိပိဋကစူဠာဘယထေရ,ဝ|ဒ]

အာဝုသော၊ ငါ့ရှင်တို့။ သစေ၊ အကယ်၍။ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိကို။ ဘာဝိတာ၊ ပွားစေသည်

ရှိသော်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ သာလျှင်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပေတုံ၊ ရောက်စေခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်အံ့။ ဧ္ဇတိ- ဇ္ဇတိ၊ ဤသို့တတ်နိုင်ခြင်းသည်။ ကုသလံ၊ ကောင်း၏။ နောစေ သက္ကောတိ၊ အကယ်၍မတတ်နိုင်သည်ဖြစ်အံ့။ သတ္တဘာဝေ၊ သုဂတိခုနစ်ဘဝတို့ကို။ ေတိ၊ ပေးနိုင်၏။

ယိုမှတပါးလည်း ဈာန်ရအနာဂါမ်ပုဂ္ဂိုလ်သည် အထက်မဂ်,ဖိုလ်ကို အလိုရှိ၍ ရရောက်ကြောင်းဖြစ်သော ဝိပဿနာ ဉာဏ်၏ ခြံခိုင်ခန့်စေခြင်း ာခြေ ''ပါဒက''အကျိုးငှါ မိမိရအပ်သော မေတ္တာဈာန်ကို အဘန်ဘန်ဝင်စားပြီးလျှင် ဝိပဿနာတရားကို ားများအားထုတ်လျက် အထက်မဂ် သို့မတက်နိုင်မီ စုတိကျလေသော် အထက်မဂ်ကို ရရောက် ငြင်းအကျိုးငှါ မိမိဝင်စားအပ်သော မဟဂ္ဂုတ်ကုသိုလ်သည် ပင် ဖြမ္မာ့ပြည်သို့ ဆောင်ယူလျှင်လည်းရကြောင်းကို''ဝိသုဒ္ဓိ မဂ်အဋ္ဌကထာ''၌ မိန့်၏။

ဤသို့လျှင် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်ဟူသော ကိလေသာ မူလရှိမြစ် ဝဋ်ရုတ်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ မတ်, မဖြတ်, မသတ်နိုင်သေးသော ပုထုဇ္ဇန်,သေက္ခဟူသ တို့သည် ဆိုအပ်ခဲ့ေသော ကိလေသာဝဋ်ကင်း၍ တစုံတခုသော ကံကိုမပြုနိုင်၊ ိုသို့ကင်း၍ မပြုနိုင်ခြင်းကြောင့် ကိလေသ ဝဋ်နှင့်တကွ ပြုပြုသမျှသော ကုသိုလ်, အကုသိုလ်တို့သည် ကမ္မဝဋ်အဖြစ်ဖြင့် ပြည့်စုံလေ၏၊ ထိုသို့ပြည့်စုံပြီးသော ကမ္မဝဋ် ရှိကလည်း ဝိပါကဝဋ်သည် ဖြစ်ရသည်ပင်တည်း။ [မူလဋီကာ]

ယိုကြောင့် သုံးပါးသောဝဋ်ဝုတ်ကို ပ်ပြီးသော ခီဏာ သဝအရှင်တို့၌သာလျှင် မိနှင့်မီးစာ ကင်း၍ ကုန်ခြောက်

ငြိမ်းခြင်းသို့ရောက်သော ဆီမီးခတောက်အလား ဘုံသုံးပါးမှ ကြွသွားထွက်ဘောက် လွန်မြောက်တော်မူလေသတည်း။

ငွေ့,ဝိဝဋ္ဋ ဒါန ပြီး၏။

---

ပုည သမ္ဗတ ၅-၄ ၁န

ပဉ္စဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ မဇ္ဇဒါနံ သမဇ္ဇဒါနံ ဣတ္ထိဒါနံ ဥသဘဒါနံ စိတ္တကမ္မ ဒါနန္တိ။

[ပရိဝါ ပါဠိတော်]

လောကသ္မိံ၊လောက၌။ အပုညာနိ၊ကောင်းမှုမဟုတ်ကုန် ဘဲလျက်။ ပုညသမ္မတာနိ၊ ကောင်းမှုဟုသမုတ်အပ်ကုန်သော။ ဒါနာနိ၊အလှူတို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ကတမေပဉ္စ၊အဘယ်ငါးပါးတို့နည်းဟူမူကား။ မဇ္ဇဒါနံ၊ မူးယစ်စေတတ်သော သေရည်သေရက်အလှူငှင်း။ သမဇ္ဇဒါနံ၊ ကချေသည်စသော ပွဲလမ်းသဘင်အလှူငှင်း။ ဣတ္ထိဒါနံ၊ မေထုန်ပျော်ပါးရန် မိန်းမအလှူငှင်း။ ဥသဘဒါနံ၊ နွားမအပေါင်းအား နွားလား ကိုလွှတ်ပေးခြင်းအလှူငှင်း။စိတ္တကမ္မဒါနံ၊မေထုန်စပ်ယှက်ဟန် ဆေးရေးရုပ်အလှူငှင်း။ ဣတိ ဣမေပဉ္စ၊ ဤငါးပါးတို့တည်း။

ဤသို့လျှင် ရတနာသုံးပါးကို ပူဇော်ခြင်းနှင့် မစပ်မယှဉ် သူတပါးတို့ကို ကြည့်ရှုနာခံစေလို၍ ခံသောပွဲသဘင်သည် အကျိုးမရှိ၊ ရတနာသုံးပါးတို့အား ပူဇော်ရာ၌သာ ကုသိုလ် ဖြစ်၍ အကျိုးရှိသည်ကို ပြခဲ့ပြီးသော ရူပါရုံဒါန,သဒ္ဒါရုံဒါန တို့ဖြင့် သိအပ်၏၊ နွားမတို့အလယ် နွားလားလွှတ်ရာ၌ နွား တိုးပွားစေခြင်းငှါလွှတ်လျှင် လောကအကျိုးရှိ၏၊ မေထုန်မှီဝဲ စေခြင်းငှါလွှတ်ရာ၌ အကျိုးမရှိ၊ ကျောင်းစသည်၌ ဆင်ရုပ်,

မြင်းရုပ်, လူရုပ်စသည်အကျိုးရှိ၏၊နှစ်ယောက်အစုံ မေထုန်မှိဝဲဟန် အရုပ်ကား အကျိုးမရှိ၊ ယစ်မျိုးအလှူ, မိန်းမအလှူတို့မှာ အဋ္ဌကထာ,ဋီကာတို့၌ အလှူးမဆို၊ ယင်းသို့ပင်မဆိုသော်လည်း ယစ်မျိုးတို့မှာ အချင်းခပ်သိမ်း အပြစ်ကိုသာဖြစ်စေတတ်သောဝတ္ထုဖြစ်ခြင်းကြောင့်စင်စစ်အကျိုးမရှိ၊ဝေလာမဇာတ်,ဝေဿန္တရာဇာတ်တို့၌ ဘုရားလောင်းတို့ ယစ်မျိုးကိုလှူကြောင်းပါသည်မှာလည်း အကျိုးရှိမိမ့်မည်ကိုရည်၍ လှူသည်မဟုတ်၊ ဤကဲ့သို့သောအလှူကြီးကို ပေးလှူပါလျက် ယစ်မျိုးမပါ၊အလှူဝတ္ထုမစုံဟု သေသောက်ကြူးတို့ ကဲ့ရဲ့ရှုပ်ချခြင်းမှ ကင်းလွတ်စိမ့်သောငှါသာ ပေး ကြောင်းကို ၎င်းဇာတ်အဋ္ဌကထာတို့၌ ဘွင့်ပြလျက်ရှိသည်၊ မိန်းမအလှူဟူရာ၌ ဆိုခဲ့ပြီးသောဝေလာမပုဏ္ဏားး, ဝေဿန္တရာမင်းတို့ကဲ့သို့ ဒါနပါရမီ, ဘရိယပရိစ္စာဂဟူသော မိမိအကျိုးကို ရည်၍ မယားအဖြစ်, ကျွန်အဖြစ်ဖြင့် လုပ်ကျွေးစေရန် ရည်သန်လှူဒါန်းရာ၌ကား အကျိုးရှိ၏၊ ကာမမေထုန်ပေါင်းဆုံယှက်ကူး မြူးထူးစေခြင်းငှါ ဒါန်းရာ၌ကား အကျိုးမရှိဟူ၍ မှတ်အပ်၏။

---

## အပါယ်လားရ ၁၀-ဒါန

တိုမှတပါး ဒါနမဟုတ်ဘဲလျက် ဒါနဟူ၍ ခေါ်ဝေါ်သမုတ်ကာ ပြုလုပ်ကြရှာသောအပါယ်လားကြောင်း မကောင်းသောဒါန ၁၀-ဌာနတို့သည်ကား—

(၁) ပွဲလမ်းသဘင်ကိုပေးခြင်း,

(၂) သေအရက်ကိုပေးခြင်း,

(၃) မိန်းမကိုပေးခြင်း,

(၄) နွားလားကိုလှူခြင်း,
(၅) ဆေးရေးရုပ်ကိုလှူခြင်း-
[ဤ၅-ပါးကား ပြခဲ့သည့်အတိုင်းမှတ်ရာ၏။]
(၆) သတ္တဝါတို့သေစေတတ်သောလက်နက်ကိုလှူခြင်း,
(၇) အဆိပ်ကိုလှူခြင်း,
(၈) သံခြေချင်းကိုလှူခြင်း,
(၉) ကြက်ဝက်ကိုလှူခြင်း,
(၁၀) ချိန်စင်းလဲ,တင်းစင်းလဲကိုလှူခြင်း—

ဤ၁၀-ပါးသောဒါနတို့ကိုကား ကုသိုလ်မရရုံမျှမက အပါယ်သို့ကျရောက်ကြောင်းကို ရှင်နာဂသေနထေရ် မိန့်ဟတော်မူသတည်း။

[မိလိန္ဒပဉှာ,ဝေဿန္တရဒါနပဉှာ]

အကျိုးမရှိသော ဒါန ပြီး၏။

---

## ဒါနအကျိုးပြ သဘာဝ

ဤအကျိုးကိုပြရာ၌ သပ္ပုရိသဒါန၅-ဌာနတို့တွင်—

(၁) သဒ္ဓါဒါန၏အကျိုးကား-ဖြစ်တိုင်း ဖြစ်တိုင်းသော လူ့ဘဝ, နတ်ဘဝတို့၌ ကြွယ်ဝချမ်းသာခြင်း, များသော ရွှေငွေဥစ္စာရတနာရှိခြင်း,များစွာ ဆန်ရေ,လှည်း,လှေစသော သုံးဆောင်ဘွယ်ဝတ္ထုပြည့်စုံခြင်း, (ဤ၃- ပါးသောအကျိုးတို့ကိုကား"ဒါနတော ဘောဂဝါ" ဟူသည်နှင့်အညီ ဒါနတိုင်း၌ပင်လိုက်၍ရေတွက်ရမည်၊) အဆင်းလှခြင်း,ရှုချင်ဘွယ်ရှိခြင်း, ကြည်ညိုဘွယ်ရှိခြင်း, ကိုယ်သဏ္ဌာန်၏တင့်တယ်ခြင်း, ဤအကျိုးတို့နှင့် ပြည့်စုံကုန်၏။

(၂) သက္ကစ္စဒါန၏အကျိုးကား ဆိုအပ်ခဲ့ပြီးသော အကျိုး ၃-ပါးနှင့်တကွ မယား, သား, သမီး, ကျွန်အမှုလုပ်စသောသူတို့သည် မိမိစကားကိုနာယူခြင်း,စိတ်အလိုလိုက်ကာကောင်းစွာပြုစုပြင်ဆင်ခြင်း ဤအကျိုးတို့နှင့်ပြည့်စုံကုန်၏။

(၃) ကာလဒါန၏အကျိုးကား- ဆိုအပ်ခဲ့ပြီးသော အကျိုး ၃-ပါးနှင့်တကွ ပဌမအရွယ်ငယ်စဉ်ကပင် အကျိုးပေး၍ တရွေ့တရွေ့ မပျက်မပြား ကြီးပွားပြည့်စုံခြင်း ဤအကျိုးတို့နှင့် ပြည့်စုံကုန်၏။

(၄) အနုဂ္ဂဟိတဒါန၏အကျိုးကား-ဆိုအပ်ခဲ့ပြီးသော အကျိုး ၃-ပါးနှင့်တကွ ကောင်းမြတ်သော ကာမဂုဏ် ၅-ပါးတို့ကို ထုတ်လှုတ် သုံးဆောင် စားသောက် ပေးကမ်း လှူဒါန်းနိုင်ခြင်း ဤအကျိုးတို့နှင့်ပြည့်စုံကုန်၏။

(၅) အနုပဟစ္စဒါန၏ အကျိုးကား ဆိုအပ်ခဲ့ပြီးသော အကျိုး ၃-ပါးနှင့်တကွ ရအပ်ပြီးသော စည်းစိမ်ချမ်းသာတို့ကို ရန်သူမျိုး ၅-ပါးတို့ မဖျက်ဆီးနိုင်ခြင်း ဤအကျိုးတို့နှင့် ပြည့်စုံကုန်၏။

ဤကား "သပ္ပုရိသဒါန ၅-ပါး၏ အကျိုးတို့တည်း"၊ အသပ္ပုရိသဒါန ၅-ပါး၏ အကျိုးကိုကား ဤမှအပြန်အားဖြင့် သိမှတ်အပ်၏။

ဟနည်းလာသော သပ္ပုရိသဒါန ၅-ပါး, ၈-ပါး, အသပ္ပုရိသဒါနငါးပါး,ရှစ်ပါးတို့တွင် အချို့ကား ပြအပ်ပြီးသည်နှင့် အကြောင်းတူ၍ အကျိုးလည်းတူကုန်၏၊မတူသည်မှာအကြောင်းအားလျော်စွာ အကျိုးပေးသည်ကို အကြောင်းနှင့်ထောက်၍ သိမှတ်ရာ၏။

## ဓမ္မိက ဒါန အကျိုးပြ

ဤဓမ္မိကဒါန ၃-ပါး၌ ပုဂ္ဂိုလ်ကို လှူဒါန်းသည်ထက် စေတီကို လှူဒါန်ခြင်းသည် အကျိုးကြီးမြတ်၏၊ထိုထက် သံဃိကအလှူအကျိုးကြီးမြတ်၏၊[ဤအရာ၌ ပုဂ္ဂိုလ်၏အရကိုဘုရားမှ တပါးသော ပုဂ္ဂိုလ် ၁၃-ဦးကိုယူ၊ စေတီအရကိုလည်း ဘုရား၏စေတီတော်ကိုယူ၊ ပုဂ္ဂိုလ်လည်း ဘုရား, စေတီကလည်းဘုရား-စေတီတော်ဖြစ်မူကား စိတ်စေတနာသဒ္ဓါ တူမျှင်လျှ တူမျှသောအကျိုးရှိ၏၊ ပုဂ္ဂိုလ်ကား သက်တော်ထင်ရှားဘုရား-စေတီကား ပစ္စေကဗုဒ္ဓါ,သာဝက စေတီဖြစ်မူဘုရားကိုလှူခြင်းက အကျိုးကြီးမြတ်၏၊ စေတီကား ဘုရားစေတီ, ပုဂ္ဂိုလ်ကား ပစ္စေကဗုဒ္ဓါ သာဝကဖြစ်မူ ဘုရား၏စေတီတော်ကို လှူခြင်းက အကျိုးကြီးမြတ်၏၊]သံဃိကမှာ ဘုရားနှင့်တကွသော ဗုဒ္ဓပမုခသံဃိကသည် သာလွန်၍ အကျိုးကြီးမြတ်၏၊ ကြွင်းသော ပုဂ္ဂိုလ်,စေတီတို့မှာ ဂုဏ်ကျေးဇူးယုတ်,မြတ်အားဖြင့် ဤနည်းကိုမှီး၍ သိမှတ်အပ်၏။

---

## အဓမ္မိက ဒါန အကျိုးပြ

ဤအဓမ္မိကဒါန ၉-ပါး၌လည်း အယုတ်ကိုရည်မှတ်ပြီးမှ အမြတ်ကိုပေးလှူလျှင် အကျိုးကြီးမြတ်၏၊ အမြတ်ကိုရည်မှတ်ပြီးမှ အယုတ်ကိုပေးလှူလျှင် အကျိုးယုတ်ညံ့၏၊ အလှူခံပုဂ္ဂိုလ် ဂုဏ်သီလတူမျှကြလျှင် ရည်မှတ်ရင်း ပုဂ္ဂိုလ်ကိုပေးလှူရာ၌ အကျိုးကြီးမြတ်၏၊ တနည်းရည်မှတ်ရာကို ပေးလှူခြင်းသည် လောကီ၌ အလိုရှိရာ ဘုံဘဝသုခတို့ကို ပြည့်စုံစေတတ်၏၊ ရည်မှတ်ရာတပါး ပေးလှူရာတခြားဖြစ်သော အလှူသည် အလိုမရှိရာဘုံဘဝ သုခတို့ကို ပြည့်စုံစေတတ်၏။

## ဗု, ဓ, သ, ဒါန အကျိုးပြ

ဤဗုဒ္ဓဒါနစသည်သုံးပါးတို့တွင် ဗုဒ္ဓဒါနသည် တန်ခိုးကြီးခြင်း, ဓမ္မဒါနသည် ပညာကြီးခြင်း, သံဃဒါနသည် ဥစ္စာများခြင်း အကျိုးကို ပေးစွမ်းနိုင်၏။

---

## ခြောက်ပါး ဒါန အကျိုးပြ

ဤဟီနဒါနစသော ဒါန ၃-ပါး,ဒါနဒါသ စသောဒါန ၃-ပါးအားဖြင့် ၆-ပါးသောဒါနတို့တွင် ဟီနဒါန,ဒါနဒါသ ၂-ပါးသည် ယုတ်ညံ့သော စည်းစိမ်ချမ်းသာ အကျိုးကို ပေးတတ်၏၊ မဇ္ဈိမဒါန-ဒါနသဟာယ ၂-ပါးသည် အလတ်ဖြစ်သော စည်းစိမ်ချမ်းသာ အကျိုးကိုပေးတတ်၏၊ ပဏီတဒါန, ဒါနသာမိ ၂-ပါးသည် မြင့်မြတ်သော အကျိုးကိုပေးတတ်၏။

[မှတ်ချက်] သာဟတ္ထိကဒါန,အာဏတ္တိကဒါန,နိဿဂ္ဂိယဒါန ၃-ပါးကား ဒါနအားလုံးနှင့် ဆက်ဆံ၏။

---

## လောဘ ဒါန အကျိုးပြ

မဟဒ္ဓနေ မိစ္ဆာကုလေ၊ လောဘပဋ္ဌာနံ ဘဝတိ။
ဒေဝလောကေ နိဗ္ဗတ္တော၊ အသူရာ ဒေဝလောကေစ။ ။

လောဘပဋ္ဌာနံ၊ လောဘပြဋ္ဌာန်းသော ဒါနသည်၊ မဟဒ္ဓနေ၊ ကြွယ်ဝချမ်းသာသော။ မိစ္ဆာကုလေ၊ မိစ္ဆာဒိဋ္ဌိအမျိုး၌။ ဘဝတိ၊ ဖြစ်တတ်၏။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တော ပိ၊ ဖြစ်

ရငြားသော်လည်း။ အသူရာဒေဝလောကေစ၊ အသူရာမည် နတ်တို့ပြည်၌။ ဘဝတိ၊ ဖြစ်တတ်လေသတည်း။

[မှတ်ချက်] လောဘခြီရံသော ဒါနသည် လူဖြစ်က မိန္တာဒိဋ္ဌိ လူမျိုး, နတ်ဖြစ်လျှင် အသူရာနတ်မျိုး၌ဖြစ်တတ် ၏ ဟူလို။

---

## ဒေါသ ဒါန အကျိုးပြ

မဟဒ္ဓနေပိ နိဗ္ဗတ္တော၊ အပိယံ ဒေါသပဋ္ဌာနံ။
အဝဏ္ဏံ အမနာပမ္ပိ၊ နသုဏာန္တိ ဘာသဝါစံ။ ။

ဒေါသပဋ္ဌာနံ။ ဒေါသပြဋ္ဌာန်းသောဒါနသည်၊ မဟဒ္ဓနေ။ ဥစ္စာကြွယ်ဝသောအမျိုး၌။ နိဗ္ဗတ္တောပိ၊ ဖြစ်လေရငြားသော်လည်း။ အပိယံ၊ တပါးသူတို့ မချစ်ခင် ခြင်းသည်ငှင်း။ အဝဏ္ဏံ၊ အဆင်းမလှခြင်းသည်ငှင်း။ အမနာပမ္ပိ၊ နှစ်သက်ဘွယ်မရှိခြင်းသည်ငှင်း။ ဟောတိ၊ ဖြစ်၏။ ဘာသဝါစံ၊ ဆိုသောစကားကို။ နသုဏာန္တိ၊ သူတပါးတို့ မလိုက်နာကုန်။

[မှတ်ချက်] ဒေါသခြီရံသောဒါနသည် ဥစ္စာကြွယ်ဝသော အမျိုး၌ဖြစ်စေကာမူချစ်ခင်သူမရှိခြင်း, အဆင်းမလှ ခြင်း, နှစ်သက်ဘွယ်မရှိခြင်း, မိမိစကားကိုတပါး သူတို့မလိုက်နာ, သြဇာမရှိခြင်းဖြစ်တတ်၏ဟူလို။

---

## မောဟ ဒါန အကျိုးပြ

မဟဒ္ဓနေပိ နိဗ္ဗတ္တော၊ အပညံ မောဟပဋ္ဌာနံ။
မုတ္တသတိ မုဠ္ဌော ဗာလံ၊ နကာရဏာကာရဏမ္ပိ။ ။

မောဟပဋ္ဌာနံ၊ မောဟပြဋ္ဌာန်းသောဒါနသည်။ မဟဒ္ဓနေ၊ ဥစ္စာကြွယ်ဝသောအမျိုး၌။ နိဗ္ဗတ္တောပိ၊ ဖြစ်လေရငြား

သော်လည်း။ အပည်၊ အသိအလိမ္မာ ဉာဏ်ပညာနည်းသည်။ ပုတ္တသတိ၊ လွတ်သောသတိရှိသည်။ မုဠှော၊ တွေဝေသည်။ ဗာလော၊ မိုက်မဲသည်။ သောတိ၊ ဖြစ်၏။ ကာရဏာကာရဏာနိ၊ အကြောင်းဟုတ်သည်, မဟုတ်သည်ကိုလည်း နဇာနာတိ၊ မသိ။

[မှတ်ချက်] မဓောဟခြိရံသောဒါနသည် ဥစ္စာကြွယ်ဝသော အမျိုး၌ဖြစ်စေကာမူပညာနည်းခြင်း, မေ့လျော့ခြင်း, တွေဝေခြင်း, မိုက်မဲခြင်း, အကြောင်းဟုတ်သည်, မဟုတ်သည်ကို မသိတတ်ခြင်း, ဖြစ်တတ်ပါမူသို့။

---

ရှစ်ပါး ဒါန အကျိုးပြ

တနည်းပြအပ်သော ဒါန ၈-ပါး တို့တွင်—

(၁) ကြောက်၍ပေးလှူခြင်း,

(၂) မိမိကို ပေးဘူးသောကြောင့် အတုံ့အလှည့် လိုက်၍ ပေးလှူခြင်း,

(၃) နောင်မိမိကို အတုံ့ပြန်၍ပေးစေလိုသောကြောင့် ဒိမိက,စတင်၍ ပေးလှူခြင်း,

(၄) အကဲ့ရဲ့လွတ်ရုံမျှသာ ပေးလှူခြင်း, ဤ ၄-ပါးကား ဒါနလက္ခဏာ မရောက်သောကြောင့် တမလွန် အကျိုးမရှိ၊ ယခုဘဝ၌ပြန်၍ကား ရည်မှတ်ရင်း အကြောင်းအားလျော်စွာ ဖြစ်သော အကျိုး ၄-ပါးကို ပြည့်စုံစေနိုင်၏။

(၅) ကျော်စောခြင်းကိုသာလို၍ပေးလှူခြင်းကား ဟီနဒါန၌ သက်ဝင်၍ ယုတ်ညံ့သောအကျိုးရှိ၏။

(၆) ခိုက်ရောက်လာသော အလှူခံပုဂ္ဂိုလ်တို့ကို မြင်လျှင် ကြည်ညိုသည်ဖြစ်၍ ပေးလှူခြင်း,
(၇) သူတော်ကောင်းတို့ အကျင့်မြတ် ဖြစ်ပေသည်ဟု မြတ်သောအကျင့်သို့ လိုက်၍ ပေးလှူခြင်း,
(၈) ဝိပဿနာစိတ်ကို တန်ဆာဆင်လို၍ ပေးလှူခြင်း ဤသုံးပါးကား ကြီးမားမြင့်မြတ်သော အကျိုးရှိ၏။

## အကြောင်း ဒါန အကျိုးပြ

အကြောင်းဝတ္ထုကိုစွဲ၍ ဖြစ်သော ဒါန ၈-ပါးတို့တွင်—
(၁) ချစ်သောကြောင့် ပေးခြင်း,
(၂) အမျက်ထွက်သောကြောင့် ပေးခြင်း,
(၃) မိုက်မဲတွေဝေသောကြောင့် ပေးခြင်း,
(၄) ကြောက်သောကြောင့် ပေးခြင်း,
(၅) မွေ့လျော်ပျော်ပါးလိုသောကြောင့်ပေးခြင်း, ဤ ၅ ပါးသည် ဒါနလက္ခဏာမဟုတ်သောကြောင့် အကျိုးမရှိ၊ ပေးလှူသည်ကိုစွဲ၍ ဝေါဟာရအားဖြင့်သာ ဒါနမည်၏ဟု ဘုရားဟောတော်မူသည်၊ အကျိုးအာနိသင်ကို ပေးတတ်သော ဒါနစစ်ဖြစ်၍ ဟောတော်မူသည်မဟုတ်။
(၆) အမျိုးစဉ်ဆက် မပျက်စေခြင်းငှာ ပေးလှူခြင်း,
(၇) နတ်ပြည်ကိုတောင့်တ၍ ပေးလှူခြင်း,
(၈) ဝိပဿနာစိတ်၏ အခြံအရံဖြစ်စေခြင်းငှာ ပေးလှူခြင်း, ဤ ၃-ပါးသည်ကား အကျိုးကိုပေးစွမ်းနိုင်သော ဒါနမည်၏။

အကျိုးယုတ်မြတ်ကိုကား နောက်ကပြခဲ့ပြီးသော ဒါနအကျိုးတို့ကိုမှီး၍ သိအပ်၏။

## ဝဋ္ဋ,ဝိဝဋ္ဋ ဒါန အကျိုးပြ

ဤအလုံးစုံဆိုအပ်ခဲ့ပြီးသော ဒါနတို့၏ ဝဋ္ဋနိဿိတ, ဝိဝဋ္ဋနိဿိတ အားဖြင့် ၂-ပါးစီ ပြားသည်တို့တွင် ဝဋ္ဋနိဿိတဒါနသည် ဖောင့်တ အပ်သော လောကီချမ်းသာကိုသာ ပေးစွမ်းနိုင်၏၊ လောကုတ္တရာချမ်းသာကို မပေးနိုင်ပေ၊ ဝိဝဋ္ဋနိဿိတဒါနသည်ကား လောကီ,လောကုတ္တရာ ချမ်းသာ ၂-ပါးလုံးကိုပင် ပေးစွမ်းနိုင်ခဲလေ၏။

ဝဋ္ဋံ ပုညံ ဒဒေ ဝဋ္ဋံ၊ ဝိဝဋ္ဋံ နာဒဒေ သဒါ။
ဝိဝဋ္ဋပန ဝဋ္ဋံပိ၊ ဝိဝဋ္ဋံပိ ဒဒေ ဒွိဓာ။ ။

ဝဋ္ဋံပုညံ၊ ဝဋ္ဋနိဿိတ ဒါနဘွဲ့ခံ ကုသိုလ် ကံသည်။ ဝဋ္ဋံ၊ တေဘူပကမျိုး ဝိပါကဝဋ်အကျိုးကိုသာ။ ဒဒေ၊ ပေးစွမ်းနိုင်လေ၏။ ဝိဝဋ္ဋံ၊ လောကုတ္တရာဟုဗွာန် ဝိဝဋ်ကိုးတန်ကို။ သဒါ၊ အခါခပ်သိမ်း။ နာဒဒေ၊ မပေးစွမ်းနိုင်။ ဝိဝဋ္ဋံပန၊ ဝိဝဋ္ဋနိဿိတ ဒါနဘွဲ့ခံ ကုသိုလ်ကံ သည်ကား။ ဝဋ္ဋံပိ၊ တေဘူမကမျိုး ဝိပါကဝဋ်အကျိုးကိုလည်း။ ဝိဝဋ္ဋံပိ၊ မဂ်, ဖိုလ်, နိဗ္ဗာန် ဝိဝဋ် ကိုးတန်ကိုလည်း။ ဒွိဓာ၊ ရေတွက်ပိုင်းခြား နှစ်ပါးပြားသဖြင့်။ ဒဒေ၊ အရေးပိုင်ပိုင် ပေးစွမ်းနိုင်လေသတည်း။

ဤသို့ပြဆိုခဲ့ပြီးသော ဝိနည်းဒေသနာတော်လာ ဒါနဝတ္ထု ၄-ပါး, အဘိဓမ္မာ ဒေသနာတော်လာ ဒါနဝတ္ထု ၆-ပါးတို့သည် သုတ္တန်ဒေသနာတော်လာ ဒါနဝတ္ထု ၁၀-ပါး၌သာ အတွင်းဝင်ကုန်၏၊ အဘယ်သို့ ဝင်သနည်းဟူမူကား ဆွမ်းဟူသော အန္နဝတ္ထုတပါး၏ အဆင်းကို အာရုံပြု၍ အဆင်းအလှ ဖြစ်စေသားဟု လှူခြင်းသည် ရူပါရုံဒါနမည်၏၊ ထို့

အတူ အသံသည် သဒ္ဒါရုံဒါနမည်၏၊ အနံ့သည် ဂန္ဓာရုံဒါနမည်၏၊ အရသာသည် ရသာရုံဒါန မည်၏၊ အတွေ့သည် ဖောဋ္ဌဗ္ဗာရုံ ဒါနမည်၏၊ ထိုအလှူ၏ "အဋ္ဌကလာပ်"ရုပ် ၈-ပါး အစု၌ပါသော အာပေါဓာတ်, ပုံ့နှံ့တတ်သောဩဇာ ဤ ၂-ပါးသည်"သုခုမ" သိမ်မွေ့သော ရုပ်ဖြစ်၍ ၎င်း ၂-ပါးကို အာရုံပြု၍လှူခြင်းသည် ဓမ္မာရုံဒါနမည်၏၊ ဤသို့စသည်ဖြင့် တခုခုသော ဝတ္ထု၌ပင် အဘိဓမ္မာ ဒေသနာတော်၌ လာသော ၆-ပါးသော ဒါနဝတ္ထုတို့သည် ဝင်ကုန်၏၊ ဝိနည်းဒေသနာတော်လာ ၄-ပါးသောဝတ္ထုတို့တွင် ဆေးသည်အဖျော်၌ဝင်၏၊ သက်နုံးသည် အဝတ်၌ဝင်၏၊ ဆွမ်း, ကျောင်းတို့မှာ ဝတ္ထုထပ်တူ ပါပြီးဖြစ်၍ အမည်တူရာ သွင်းယူ ရေတွက်အပ်၏၊ ထိုမှတပါး အပဒါန်၌လာသော အလှူဝတ္ထုကား များစွာရှိသေး၏၊ ဤကား ဆုမတောင်းရဘဲ ဒါနဝတ္ထု၏သဘောအားဖြင့် စင်စစ်ရအပ်သောအကျိုးတို့တည်း၊ အလိုရှိ၍ ဆုတောင်းမှုကား လူ,နတ်,နိဗ္ဗာန်တိုင်အောင်ပေးစွမ်းနိုင်၏ဟု မှတ်ရာ၏။

## ပွဲလှူ ဒါန သဘာဝ

ကျေးဇူးတော်သခင် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ နေတော်မူစဉ် တာလပုဋ္ဌမည်သော ကခြေသဘင်သည်တို့၏ရွာသူကြီးဂါမဏိသည်သူတို့၏ကခြေသည် ဆရာကြီးများက ကခြေသည်တို့သည် ခန္ဓာပျက်ကြွေသေသည်မှ နောက်၌ ပဟာသနတ်ပြည်သို့ ရောက်ကြောင်း ပြောသဖြင့် မြတ်စွာဘုရားအား လျှောက်ထားလေရာ မိန့်ခွန်း ခြွေတော်မူသည်မှာ—

သော အဘ္ဘုနာ မတ္တော ပမတ္တော ပရေ မဒ္ဒေ
တွာ ပမဒ္ဒေတွာ ကာယဿ ဘေဒါ ပရမ္မရဏာ
ပဟာသောနာမ နိရယော တတ္ထ ဥပပဇ္ဇတိ။
[ဂါမဏိသံယုတ် ပါဠိတော် တာလပုဋ္ဌ နဋဂါမဏိသုတ်]

သော၊ ထိုသဘင် သည်ကား။ အဘ္ဘုနာ၊ မိမိသည်။ မတ္တော၊ ကိလေသာ တို့ဖြင့် မူးယစ် မေ့လျော့သည် ဖြစ်၍။ ပမတ္တော၊ အထူးသဖြင့် ကိလေသာတို့ဖြင့် မူးယစ်မေ့လျော့ သည် ဖြစ်၍။ ပရေ၊ သူတပါးတို့ကို။ မဒ္ဒေတွာ၊ ကိလေသာ တို့ဖြင့် မူးယစ်စေ ခြင်းကြောင့်။ ပမဒ္ဒေတွာ၊ အထူးသဖြင့် ကိလေသာတို့ဖြင့် မူးယစ်စေခြင်းကြောင့်။ ကာယဿဘေဒါ၊ ကိုယ်ခန္ဓာပျက်၍။ ပရမ္မရဏာ၊ သေသည်မှ နောက်ကာလ၌။ ပဟာသောနာမ၊ အဝီစိငရဲကြီး၏ တဌာန, ပဟာသ အမည်ရှိ သော။ နိရယော၊ ငရဲသည်။ (အတ္ထိ)၊ ရှိ၏။ တတ္ထ၊ ထိုငရဲ၌။ ဥပပဇ္ဇတိ၊ မိမိတို့သဘာဝ တီးမှုတ် ကခုန်ပျက် ကပ်ရောက်ရ လေ၏။

ထိုမှတပါး အမှားကိုပင် အမှန်ထင်၍ ပြုလုပ်ကြပါသော ပုဂ္ဂိုလ်တို့မှာ သေသောအခါ ငရဲအိုးသို့သော်၎င်း, တိရစ္ဆာန် အိုးသို့သော်၎င်း လားရ ကြောင်းကို ကျေးဇူးတော်ရှင်မိန့်ခွန်း တင်တော် မူခဲ့သည်မှာ—

မိစ္ဆာဒိဋ္ဌိကဿ ခေါပနာဟံ ဂါမဏိ ပုရိသ
ပုဂ္ဂလဿ ဒွိန္နံ ဂတီနံ အညတရံ ဂတိံ ဝဒါမိ
နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ။
[၎င်း]

ဂါမဏိ၊ သဘင်ဆရာကြီး။ မိစ္ဆာဒိဋ္ဌိကဿ၊ မှားသောအ ယူ ရှိသော။ ပုရိသပုဂ္ဂလဿခေါပန၊ ယောကျ်ား ပုဂ္ဂိုလ်၏

ကား။ နိယရံဝါ၊ ငရဲဘုံကိုငင်း။ တိရစ္ဆာန ယောနိံ ဝါ၊ တိရစ္ဆာန်မျိုးကိုငင်း။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဂတီနံ၊ ဘုံဂတိတို့တွင်။အညတရံ၊တပါးပါးသော။ဂတိံ၊ဘုံဂတိကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဤပွဲသဘင်အရာ၌ သူမိုက်ကြီး ၅-ဦးကိုခွဲခြား၍မှတ်သားရာ၏။

(၁) သူတပါး အလှူပေးရာ ပွဲထည့်ပါဟု တိုက်တွန်းသော သူမိုက်တယောက်,

(၂) ထိုသူမိုက် စကားကို နားယောင်၍ သေလုအောင် ရှာဖွေမှ ရအပ်သော ဥစ္စာကို များစွာနှင်း၍ ပွဲသွင်းသော အလှူရှင်သူမိုက်တယောက်,

(၃) ဥစ္စာအခကိုလို၍ "သစ္စာလီက" အမှန်တခြား အမှားတချို့ဖြင့် ဒုစရိုက်တရားကို ပွားစေလျက် လူများအလယ် ရက်စဘွယ် က,ခုန် သော သဘင်သည် သူမိုက်တယောက်,

(၄) ထိုသဘင်သည် သူမိုက် ဒုစရိုက်ကို လာလိုက်ခဲ့ကြည့်ချေစို့ဟု ခေါ်၍ အဘော်သွေး ညှိသော သူမိုက်တယောက်,

(၅) ထိုသူမိုက် စကားကို နားယောင်၍ လင်းအောင်, နေကုန်အောင် အလုပ် အဆောင်ပျက်,အအိပ် အစားပျက် ပွဲမက်လိုက်ကြည့်သော သူမိုက်တယောက် ဟူ၍ ၅-ယောက်ပေတည်း။

ဤသို့ မိမိသာ မကောင်းပြု၍ သူတပါးကို မတိုက်တွန်းသောသူသည် မိမိပြုသော အတွက်ကိုသာ ခံရသောကြောင့် သူယုတ်မာ ဗာလ, အသပ္ပုရိသ မည်၏၊ မိမိလည်းပြု, သူတ

ပါးကိုလည်း တိုက်တွန်းသောသူသည် မိမိ,သူတပါး နှစ်ဦး သားအတွက်ကို ခံရသောကြောင့် သူယုတ်မာထက် သူယုတ်မာ, ဗာလထက် ဗာလ, အသပ္ပုရိသတရ မည်၏။
[ပုဂ္ဂလပညတ်ပါဠိတော်]

ထို့ကြောင့်--

(၁) မိုက်ဘော်မညို့ မိမိသာ ပွဲလိုက်ကြည့်သော သူသည် သူမိုက်,သူယုတ်မာ ဗာလ, အသပ္ပုရိသ မည်၏။

(၂) မိုက်ဘော် ညို့တွဲ၍ ပွဲလိုက်သောသူသည် ပါသမျှ အဘော်များ အတွက်ကိုလည်း ခံရသောကြောင့် အလွန် မိုက်မဲ ယုတ်မာသော "ဗာလတရ" အသပ္ပုရိသတရ မည် ၏။

(၃) သဘင်သည် သူမိုက်သည် ပုစ္ဆက် မိုက်ဆေး နည်းကို မပြတ်ဘော်စု ခုနှ,က သော မိမိအတွက် မိုက် ဘော် ခေါ်သွေး မိုက်ဆေး သောက်စားပွဲကြည့် သမားအားလုံး ၏ အတွက်တို့ကို ခံရသောကြောင့် ဒုတိယ အသပ္ပုရိသ တရ မည်၏။

(၄) ဥစ္စာပေး၍ ပွဲဒါယကာ ခံသော အ ရှင်သည် မိမိ အတွက်,ပွဲကသူသဘင်သည်အတွက်,မိုက်ဘော်ခေါ်ညို့သူအ တွက်, ပွဲကြည့်သူများအတွက်,အားလုံးကို ခံရသောကြောင့် မိုက်သော သူတို့ထက် အလွန်အကျူး အထူး မိုက်လှသော တတိယ အသပ္ပုရိသတရ မည်၏။

(၅) အ ရှင်ကို ငါးအောင် တိုက်တွန်းသော သူမိုက် သည်ကား မိမိအတွက်,ပွဲဒါယကာအတွက်,သဘင်သည်အ တွက်, မိုက်ဘော် ခေါ်ညို့သူအတွက်, ပွဲကြည့်သူ တို့များအ

တွက်, ဤ ၅-ဦးလုံးအတွက်ကို ခံရသောကြောင့် အလွန်အကျူး အထူးသာလွန်၍ မိုက်လှသော စတုတ္ထ ဗာလတရ အသပ္ပုရိသတရ မည်၏။ ဤသို့လျှင် ဗာလ, ဗာလတရ, ဒုတိယ ဗာလတရ, တတိယ ဗာလတရ, စတုတ္ထဗာလတရ အားဖြင့် ၅-ယောက်ရှိပေ၏။

ဤ "သမဇ္ဈဒါန" ပွဲ လှူရာ၌လည်း အပျက်အချော် လျှပ်ပေါ်လော်မာ ဒုစရိုက်မပါဘဲ ပုဗ္ဗာရုံကျောင်းတော်ကြီးကို ရေစက်သွန်းချသည့်အခါ ဝိသာခါသူဌေးမကဲ့သို့ရင်း,ပုလလဲ တောမှာ မြတ်စွာဘုရားကို ပျားလှူသော မြောက်ကဲ့သို့ရင်း, အပါဒါန် ပါဠိတော်လာ အတ္တဒဿီ မြတ်စွာ ဘုရားအား ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် ပူဇော်သော ရှင်သုမင်္ဂလအလောင်း ရက္ခစိုးကဲ့သို့ရင်း ဝမ်းမြောက် ကြည်ယုံ သဒ္ဓါဟုန်ဖြင့် ကခုန်ပူဇော် နိုင်ပါမှ ကုသိုလ်ပင် ဖြစ်ပေ၏။

ဧတ္တ္ထစ ဝတ္ထုတ္တယ ပူဇနတ္ထာယ ကတံ နဋသမဇ္ဇံ ကုသလံ ဟောတီတိ။

[ပရိဝါ အဋ္ဌကထာ]

ဧတ္ထစ၊ ဤအရာ၌လည်း။ ဝတ္ထုတ္တယ ပူဇနတ္ထာယ၊ ရတနာသုံးပါးကို လှူခြင်းအကျိုးငှါ။ ကတံ၊ ပြုအပ်သော။ နဋသမဇ္ဇံ၊ ကခြေသဘင်သည်။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

---

## တဏှာ ဒါန သဘာဝ

ဘဝသမ္ပတ္တိံ အာကင်္ခမာနေန ပဝတ္တိတံ ဒါနံ တဏှာနိဿိတံ။

[ဝိသုဒ္ဓိမဂ်]

ဘဝသမ္ဘူတံ၊ ဘဝ၏ပြည့်စုံခြင်းကို။ အာကင်္ခမာနေန၊ တောင့်တလျက်။ ပဝတ္တိတံ၊ ဖြစ်စေအပ်၏။ ဣဒံ၊ ဤဒါနသည်။ တဏှာနိဿိတံ၊ တဏှာကိုမှီသည်ဖြစ်၍ ဘဝကိုငြိတွယ် ကပ်ငြိသည်မည်၏။

[မှတ်ချက်] တဏှာဖြင့် ဘဝကိုငြိတွယ်၍ ပြုသောဒါနဟူလို။

---

## ဒိဋ္ဌိ ဒါန သဘာဝ

ယံ သီလေန သုဒ္ဓိတိ သုဒ္ဓိ ဒိဋ္ဌိယာ ပဝတ္တိတံ
ဣဒံ ဒိဋ္ဌိနိဿိတံ။

[ရင်း]

ယံ၊ အကြင်ဒါနသည်။ သီလေန၊ အလေ့အကျင့်ဖြင့်။ သုဒ္ဓိ၊ ကိလေသာမှစင်၏။ ဣတိဧဝံ၊ ဤသို့။ သုဒ္ဓိဒိဋ္ဌိယာ၊ သုဒ္ဓိဒိဋ္ဌိဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်၏။ ဣဒံ၊ ဤဒါနသည်။ ဒိဋ္ဌိနိဿိတံ၊ ဒိဋ္ဌိ ငြိတွယ် ကပ်ငြိသည်မည်၏။

[မှတ်ချက်] မိရိုးဖလာ အလေ့အကျင့်ဖြင့် ကိလေသာ စင်သည်ဟု သုဒ္ဓိဒိဋ္ဌိဖြင့် ပြုသောဒါနဟူလို။

ဤဒါန ၂-ပါးသည် ပါရမီမမြောက်၍ ဘောဓိလောင်းတို့ အလိုမရှိအပ်။

---

## ပါရမီ ဒါန သဘာဝ

ယံပန လောကုတ္တရံ လောကိယဉ္စ တဒေဝ
သမ္ဘာရဘူတံ ဣဒံ အနိဿိတံ။

[ရင်း]

ယံပနလောကုတ္တရံ၊ အကြင် လောကုတ္တရာ ကုသိုလ်သည်ကား။ အတ္ထိ၊ ရှိ၏။ တဒေဝ၊ ထိုလောကုတ္တရာကုသိုလ်

၏သာလျှင်။ သမ္ဘာရဘူတံ၊ ဗောဓိဉာဏ်၏ အဆောက်အဦ ဖြစ်၍ဖြစ်သော။ ဝါ၊ မဂ်မျိုးစေ့, ဖိုလ်မျိုးစေ့ ဖြစ်၍ဖြစ်သော။ ယာဒ္ဓလောကိယံ၊ အကြင်လောကီကုသိုလ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤလောကုတ္တရာကုသိုလ်ဗောဓိဉာဏ်ကို ရည်သံ တောင့်တ၍ပြုသော လောကီကုသိုလ်နှစ်မျိုးသည်။အနိယတံ၊ တကျော်,ဒိဋ္ဌနှင့်တကွ သံသရာဝဋ်ကို မမှီသော ကုသိုလ်မည်၏။

[မှတ်ချက်] ဤကုသိုလ်နှစ်မျိုးသာ ပါရမီမြောက်၍ ဗောဓိ ရည်မျှော် အလောင်းတော်တို့ နှစ်သက်ကြ၏။

---

## ဒါနပြု,မပြု ၂-ဥာန သာဓက

မြတ်စွာဘုရား သာသနာတော်ထမ်း ရဟန်း ၂-ပါးတို့တွင် တပါးသည် မိမိမျှ,တရုံသာ ဆွမ်းကိုခံ၍ မပေးမကမ်း မလှူ ဒါန်းဘဲနေ၏၊ တပါးကား အပိုအလျှံ ဆွမ်းကိုခံ၍ လှူဒါန်း ဝေငှ မျှ,တစွာနေ၏၊ ထို ၂-ပါးတို့၏ အထူးကား-စုတေ၍ နတ်ပြည်သို့ရောက်သောကာလ အလှူမပေးသူထက် အလှူပေး သူက အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြံအရံများခြင်း, အစိုးရခြင်း ဤငါးပါးသော ဂုဏ်ထူး တို့ဖြင့် သာလေ၏၊ တဖန်လူ့ဘဝသို့ ဖြစ်လာရပြန်သော် အလှူ မပေးသူထက် ပေးလှူသူက ယခင်ပြဆိုခဲ့ပြီးသော ဂုဏ်ထူး ငါးပါးနှင့်ပင် သာလွန်ရပြန်လေ၏၊ လောကုတ္တရာတရား၌ကား-အထူးအခြားမရှိ၊ ဤသို့ ကောသလမင်း၏သမီး သုမန က လျှောက်၍ မြတ်စွာဘုရား မိန့်ကြားတော်မူလေသတည်း။

[ပဥ္စင်္ဂုတ္တရပါဠိတော် သုမနသုတ်] ✓

---

## နှိုးဆော်, မနှိုးဆော် ၂-ဌာန သဘာဝ

ထိုမှတပါး—

(၁) အချို့သူကား မိမိသာ လှူဒါန်း၍ သူတပါးကိုမနှိုးဆော်၊ ထိုသူသည် ဖြစ်တိုင်းသောဘဝတို့၌ ပစ္စည်း ဥစ္စာ ရတနာ ရွှေ ငွေနှင့်ကား ပြည့်စုံ၏၊ သားမြေး,ကျေးကျွန်,ခြွေရံ ပရိသတ်နှင့် မပြည့်စုံ။

(၂) အချို့သူသည် မိမိကား မလှူဒါန်း၊ သူတပါးကိုသာ လှူဒါန်းအောင် တိုက်တွန်း၏၊ ထိုသူသည် ဖြစ်တိုင်းသောဘဝ တို့၌ စည်းစိမ် ဥစ္စာ ရတနာနှင့် မပြည့်စုံ၊ ခြွေရံပရိသတ်နှင့် ကား ပြည့်စုံ၏။

(၃) အချို့သူသည် မိမိလည်း မလှူဒါန်း၊ သူတပါးကို လည်း မနှိုးဆော်၊ ထိုသူသည် ဖြစ်တိုင်းသောဘဝတို့၌ စည်း စိမ်ဥစ္စာ ခြွေရံပရိသတ် ၂-ပါးလုံး မပြည့်စုံ၊ တယောက် အထည်းတည်းသာ သူတပါးတို့၏ စားကြွင်းကို လှည့်လည် တောင်းစားရကုန်၏။

(၄) အချို့သူသည် မိမိလည်း လှူဒါန်း၏၊ သူတပါးကို လည်းအလှူပေးအောင်သွေးဆော် တိုက်တွန်း၏၊ ထိုသူသည် ဖြစ်တိုင်းသောဘဝတို့၌ အပိုင်းအခြားမရှိ၊ မရေတွက်နိုင်သော စည်းစိမ် ဥစ္စာ ရတနာတို့နှင့်ပြည့်စုံ၏၊ များလှစွာသော သား မြေး,ကျေးကျွန်,ခြွေရံ ပရိသတ် တို့နှင့်လည်း ပြည့်စုံရလေ၏၊ ဤကား "အတ္တဟိတ" စသော ပုဂ္ဂိုလ် ၄-ဦးတို့၏ အကျိုး ပေးဟန်တည်း။

[ဓမ္မပဒ ပါဠိတော်,၎င်းအဋ္ဌကထာ]

## လျင်မြန် ဆောစွာ ပြုလုပ်ပါ

အဘိတ္ထရေထ ကလျာဏေ၊ ပါပစိတ္တံ နိဝါရယေ။
ဒန္ဓံဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတိ မနော။ ။
[ဓမ္မပဒ ပါဠိတော်]

ပုညံ၊ ကုသိုလ်ကောင်းမှုကို။ ဒန္ဓံ၊ နှံ့နှံ့နှေးနှေး။ ကရောတော၊ ပြုတတ်သောသူ၏။ မနော၊ စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု၌။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ ရမတိ၊ မွေ့လျော်၏။ တသ္မာ၊ ထို့ကြောင့်။ ကလျာဏေ၊ ကုသိုလ် ကောင်းမှုတို့ကို။ အဘိတ္ထရေထ၊ လျင်မြန်ဆောစွာ ပြုလုပ်ရာ၏။ ပါပါ၊ မကောင်းမှုမှ။ စိတ္တံ၊ စိတ်ကို။ နိဝါရယေ၊ တားမြစ်ရာ၏။

ဤအရာ၌ စေတနာသာဖြစ်ပျက်တတ်သော သင်္ခါရမဟုတ်သေး၊ မိမိအသက်လည်း သင်္ခါရ အလျှုဝတ္ထုလည်း ရန်သူမျိုး ၅-ပါးတို့နှင့် ဆက်သွယ်လျက်သာ သင်္ခါရပင်၊ ထို့ကြောင့် လျင်မြန်ဆောစွာ ပြုလုပ်ကြရန် ဘုရားသခင်က တိုက်တွန်းတော်မူလေသည်၊ သည်မျှသာမကသေး၊ အကျိုးပေးရာကာလမှာလည်း အနည်းအများကွာခြားလျက် နှံ့နှံ့နှေးနှေးအကျိုးပေးတတ်လေ၏။
[ရှင်ကောသဋ္ဌက ပုဏ္ဏားဝတ္ထုထောက်]

ဒန္ဓံ ကတံ ကုသလံဟိ သမ္ပတ္တိံ ဒဒမာနံ ဒန္ဓမေဝ ဒဒါတိ။
[ဓမ္မပဒ အဋ္ဌကထာ]

ဒန္ဓံ၊ ဖြည်းနှေးခလေးကန်စွာ။ ကတံ၊ ပြုလုပ်အပ်သော။ ကုသလံ၊ ကုသိုလ်သည်။ ဟိ၊ အကယ်မလွဲသဖြင့်။ သမ္ပတ္တိံ၊

ဝည်းစိမ်ချမ်းသာကို။ ဒဒမာနံ၊ ပေးသည်ရှိသော်။ ဒန္ဓမေဝ၊ ဖြည်းနှေးလေးကန်စွာသာလျှင်။ ဒဒါတိ၊ ပေးတတ်လေ၏။

ဤမှတပါး အကျိုးပေးရာ အရွယ်ကို ပိုင်းခြား၍ပြပေအံ့၊ ဒါနစသောကုသိုလ်ကို ပဌမ အရွယ်၌ပြုသည်ဖြစ်အံ့၊ ထိုကံသည်အ ကျိုးပေးရာကာလ ဖြစ်လေရာဘဝတို့၌ ပဌမအရွယ်, ဒုတိယအရွယ်တို့၌ အကျိုးပေး၏၊ ဒုတိယအရွယ်၌ပြုသည်ဖြစ်အံ့၊ ဒုတိယအရွယ်, တတိယအရွယ်တို့၌ အကျိုးပေး၏၊ တတိယအရွယ်၌ ပြုသည်ဖြစ်အံ့၊ထိုတတိယ အရွယ်၌သာလျှင် အကျိုးကို ပေးလေ၏၊ အကုသိုလ်ကိုပြုရာ၌လည်း ထို့အတူ မှတ်ရာ၏။

[ဥပရိပဏ္ဏာသ အဋ္ဌကထာ ဒေဝဒဟသုတ္တ]

---

## ကုသိုလ် ပြုရာ ခေတ်အခါ

ကုသလံ ကတ္တုကာမေန၊ ဇန္တုနာ သာဓုပါပိနာ။
နတ္ထိ ခေတ္တံ အခေတ္တံ ဝါ၊ ပဋိပတ္တိဝ သာရတာ။ ။

[ထေရာပဒ်ုတော်]

ကုသလံ၊ လိုအပ်သောအကျိုးကို ပေးနိုင်သော ပါရမီကုသိုလ်ကောင်းကို။ ကတ္တုကာမေန၊ ပြုလို့စိုက်ပျိုးလိုထသော၊ သာဓုပါပိနာ၊ ခန္ဓာကိုယ်ညစ်မှ အနှစ်ကို ညှစ်ယူလေ့ရှိထသော။ ဇန္တုနာ၊ သတ္တဝါသည်။ ဝါ၊ သတ္တဝါအား။ ခေတ္တံ ဝါ၊ ကုသိုလ်ပြုရာခေတ်ဟူ၍ငင်း။ အခေတ္တံဝါ၊ ခေတ်မဟုတ်သည်ဟူ၍ငင်း။ နတ္ထိ၊ ဧကန်တိတိ၊ အမြဲမရှိခြေ။ ပဋိပတ္တိဝ၊ ဉာဏ်အမြင်ရှိ သတိရစွာ ကုသိုလ်ဖြစ်အောင် ပြုကျင့်နိုင်သောဆန္ဒဝီရိယဟူသော အကျင့်သည်သာလျှင်။သာရတာ၊ လိုရင်းသဘာဝ အနှစ်သာရပါပေတည်း။

ဤဒေသနာတော်ကို လိုက်နာသောအားဖြင့်နေ့ကောင်း, ရက်သာ, ပြဿဒါး, ရက်ရာဇာ, ရွေးနေစရာ အကြောင်း မဟုတ်၊ကုသိုလ်ကို ပြုလုပ်ရာကာလဝယ် ပြုလိုရေး,"ဆန္ဒ" နှင့် ထမြောက်အောင်မြင်ရန် ရှက်ဇဆောင်ရေး "ဝီရိယ"ဤ ၂-ဌာနသာ လိုရင်းဖြစ်ကြောင်းကို စွဲမြဲစွာမှတ်သားလိုက်နာ ကြကုန်ရာသတည်း။

---

## ဆဋ္ဌင်္ဂ ဒါန သဘာဝ

ဤသို့ဒါနအမှု ပြုကြရာဝယ် "ဆဋ္ဌင်"ခေါ် အလှူပေး ပုဂ္ဂိုလ်၏ အင်္ဂါ ၃-ပါး,အလှူခံ ပုဂ္ဂိုလ်၏အင်္ဂါ ၃-ပါး,ဤ အင်္ဂါ ၆-ပါး စုံညီမှသာ အကျိုးကြီးမြတ်ရာ၏၊ အလှူပေး ပုဂ္ဂိုလ်၏ အင်္ဂါ ၃-ပါးဟူသည်ကား—

ဣဓ ဘိက္ခဝေ ဒါယကော ပုဗ္ဗေဝ ဒါနံ သုမနော ဟောတိ၊ ဒဒံ စိတ္တံ ပသာဒေတိ၊ ဒတွာ အတ္တမနော ဟောတိ၊ ဣမာနိ ဒါယကဿ တီဏိ အင်္ဂါနိ။

[ဆက္ကင်္ဂုတ္တရပါဠိတော် ဆဋ္ဌင်ဒါနသုတ်]

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရား သာသနာတော်၌။ ဒါယကော၊ ပေးလှူသော ဒါယကာသည်။ ပုဗ္ဗေဝ၊ မလှူမီ ရှေးအဘို့၌လျှင်။ဒါနံ၊ အလှူကို။သုမနော ဝမ်းမြောက် ခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒဒံ၊ ပေးလှူသည်ရှိသော်။ စိတ္တံ၊ စိတ်ကို။ ပသာဒေတိ၊ ကြည်လင်စေ၏။ ဒတွာ၊ ပေးလှူပြီး၍။ အတ္တမနော၊ ဝမ်းမြောက်သည်။ ဟောတိ၊ဖြစ်၏။ ဣမာနိတီဏိ၊ ဤသုံးပါးတို့သည်။ ဒါယကဿ၊ အလှူပေး သော ဒါယကာ၏။ အင်္ဂါနိ၊ ပြည့်စုံရသော အင်္ဂါတို့ပါပေ တည်း။

ဤအရာဝယ် လိုရင်းအဓိပ္ပါယ်ကား အလှူပေးပုဂ္ဂိုလ်၏ ပြည့်စုံရာသော အင်္ဂါ ၃-ပါးဟူသည်-

(၁) မလှူမီရှေးအဘို့၌ အလှူကို ဝမ်းမြောက်ခြင်း,
(၂) လှူတုံး လှူဆဲအခါ စိတ်ကို ကြည်လင်စေခြင်း,
(၃) လှူပြီးသောအခါ ဝမ်းမြောက်၍နေခြင်း-

ဟုဆိုအပ်သော ၃-ပါးသော အင်္ဂါတို့နှင့် ပြည့်စုံစေရာ၏။

အလှူခံ ပုဂ္ဂိုလ်၏ အင်္ဂါ ၃-ပါးဟူသည်ကား-

ဣဓ ဘိက္ခဝေ ပဋိဂ္ဂါဟကာ, ဝီတရာဂါဝါ ဟောန္တိ, ရာဂဝိနယာယဝါ ပဋိပန္နာ၊ ဝီတဒေါသာဝါ ဟောန္တိ ဒေါသဝိနယာယဝါ ပဋိပန္နာ၊ ဝီတမောဟာဝါ ဟောန္တိ မောဟဝိနယာယဝါ ပဋိပန္နာ၊ ဣမာနိ ပဋိဂ္ဂါဟကာနံ တီဏိအင်္ဂါနိ။

[ရှင်း]

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ပဋိဂ္ဂါဟကာ၊ အလှူခံပုဂ္ဂိုလ်တို့သည်။ ဝီတရာဂါဝါ၊ ရာဂကင်းကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရာဂဝိနယာယ၊ ရာဂကိုဖြတ်ပယ်ခြင်းငှါ။ ပဋိပန္နာဝါ၊ ကျင့်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝီတဒေါသာဝါ၊ဒေါသကင်းကုန်သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ဒေါသဝိနယာယ၊ ဒေါသကို ဖြတ်ပယ်ခြင်းငှါ။ ပဋိပန္နာဝါ၊ ကျင့်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝီတမောဟာဝါ၊ မောဟကင်းကုန်သည်လည်း၊ ဟောန္တိ၊ ဖြစ်ကုန်၏။ မောဟဝိနယာယ၊မောဟကိုဖြတ်ပယ်ခြင်းငှါ။ ပဋိပန္နာဝါ၊ကျင့်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်

၏။ဣမာနိတိဏိ၊ဤသုံးပါးတို့သည်။ ပဋိဂ္ဂါဟကာနံ၊ အလှူခံပုဂ္ဂိုလ်တို့၏။အင်္ဂါနိ၊ ပြည့်စုံရာသော အင်္ဂါတို့ပါပေတည်း။

ဤအရာဝယ် လိုရင်း အဓိပ္ပါယ်ကား အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံရာသော အင်္ဂါ ၃-ပါးဟူသည်—

(၁) ရာဂကင်းပြီးသော ပုဂ္ဂိုလ်သော်၎င်း,ရာဂကို ဖြတ်ပယ်ခြင်းငှါ ကျင့်ဆဲသော ပုဂ္ဂိုလ်သော်၎င်း ဖြစ်ခြင်း,

(၂) ဒေါသကင်းပြီးသော ပုဂ္ဂိုလ်သော်၎င်း, ဒေါသကို ဖြတ်ပယ်ခြင်းငှါ ကျင့်ဆဲသော ပုဂ္ဂိုလ်သော်၎င်း ဖြစ်ခြင်း,

(၃) မောဟကင်းပြီးသော ပုဂ္ဂိုလ်သော်၎င်း, မောဟကို ဖြတ်ပယ်ခြင်းငှါ ကျင့်ဆဲသော ပုဂ္ဂိုလ်သော်၎င်း ဖြစ်ခြင်း- ဟုဆိုအပ်သော ၃-ပါးသော အင်္ဂါတို့နှင့် ပြည့်စုံစေရာ၏။

ဤအရာ၌ "ဝီတရာဂါ"ဟူသည် ရဟန္တာပုဂ္ဂိုလ်တည်း၊ "ရာဂဝိနယာယပဋိပန္နာ"ဟူသည်ရာဂကိုဖြတ်ပယ်တတ်သော အကျင့်ကို ကျင့်သောပုဂ္ဂိုလ်တည်း၊ ထိုဒေသနာတော်သည်လည်း အလွန်ကိုသာ ဟောသောဒေသနာတည်း၊ စင်စစ်သော်ကား ရဟန္တာပုဂ္ဂိုလ်တို့အား ပေးလှူအပ်သော အလှူသည်သာလျှင် အင်္ဂါ ၆-ပါးနှင့် ပြည့်စုံသည်မဟုတ်သေး၊ အနာဂါမ်,သကဒါဂါမ်, သောတာပန် ပုဂ္ဂိုလ်တို့အား၎င်း, အယုတ်သဖြင့် ထိုနေ့ ရှင်ပြုသစ်စဖြစ်သော ဝတ်နှင့်ပြည့်စုံသော သာမဏေအား၎င်း လှူအပ်သော အလှူသည်လည်း အင်္ဂါ ၆-ပါးနှင့် ပြည့်စုံသည်ဖြစ်၏၊ မှန်၏၊ ထိုသာမဏေသည် သောတာပတ္တိမဂ်အကျိုးငှါသာလျှင် ရဟန်း, သာမဏေပြု၏။

[၎င်းအဋ္ဌကထာ]

ဤသို့လျှင် အင်္ဂါ ၆-ပါးနှင့်ပြည့်စုံသော အ ဒါန၏ အကျိုးသော်ကား မရေတွက်မနှိုင်းယှဉ်နိုင်၊ များသောကု သိုလ် အစုဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်ရပေတော့သတည်း။
[ဝင်းပါဠိတော်]

---

## ပုဂ္ဂလိက ဒါန ၁၄-ဌာန

ဤသို့လျှင် "ဝ ုဘေဒ"အားဖြင့် အ ဝ ၁၁-ပါးကိုပြဆို၍ ထိုဝ ၁၀-ပါးတို့ကို ပေး ရာ၌ ပုဂ္ဂ က ဒါန, သံဃိကဒါနဟူသော"ပုဂ္ဂလဘေဒ"အ ပုဂ္ဂိုလ် အပြားကို ပြ ပေအံ့၊ ထို ၂-ပါးတို့တွင် ပုဂ္ဂလိကဒါန၁၄-ပါးတို့ဟူသည်-

(၁) ကျေးဇူးတော်သခင် ဘုရားရှင်အား ခြင်း,

(၂) သစ္စာ ၄ပါးတို့ကို အသီးအခြားသိမြင်တတ်သော ပစ္စေကဗုဒ္ဓါအား လှူခြင်း,

(၃) ရဟန္တာပုဂ္ဂိုလ် အား ခြင်း,

( ) အရဟတ္တဖိုလ်ကို မျက်မှောက် ပြုခြင်းငှာ ကျင့်သောပုဂ္ဂို အား ခြင်း,

( ) အနာဂါမ်ပုဂ္ဂိုလ်အား ခြင်း,

(၆) အနာဂါမိဖိုလ်ကို မျက်မှောက် ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ်အား လှူခြင်း,

( ) သကဒါဂါမ် ပုဂ္ဂိုလ်အား ခြင်း,

( ) သကဒါဂါမိဖိုလ်ကို မျက်မှောက် ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ်အား ခြင်း,

( ) သောတာပန်ပုဂ္ဂိုလ်အား ခြင်း,

(၁၀) သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ်အားလှူခြင်း,
(၁၁) သာသနာပ ဈာန်ရ ရသေ့အား လှူခြင်း,
(၁၂) သီလရှိသော ပုထုဇ္ဇန်ပုဂ္ဂိုလ်အား လှူခြင်း,
(၁၃) သီလမရှိသော ပုထုဇ္ဇန်အား လှူခြင်း,
(၁၄) ခွေး,ဝက်,ကြက်,ငှက်စသော တိရစ္ဆာန်အား လှူခြင်းဟူ၍ ၁၄–ပါးဖြစ်၏။

[ဥပရိပဏ္ဏာသပါဠိတော်ဒက္ခိဏာဝိဘင်္ဂသုတ်]

[မှတ်ချက်] အရဟတ္တဖိုလ်ကိုရလို၍ ဝိပဿနာကိုအားထုတ်သော အနာဂါမ်ပုဂ္ဂိုလ်နှင့် အရဟတ္တမဂ်ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ်မည်၏၊ အောက်မဂ်တို့၌လည်း ဤနည်းကို အစဉ်မှီးသဖြင့် သိအပ်၏၊ အယုတ်ဆုံးအားဖြင့် သရဏဂုံ တည်၍ ကျင့်သောပုထုဇ္ဇန်, သရဏဂုံနှင့်တကွ ၅–ပါးသီလတည်၍ ကျင့်သောပုထုဇ္ဇန်, သရဏဂုံနှင့်တကွ ၁၀–ပါးသီလတည်၍ကျင့်သောပုထုဇ္ဇန်,ပေးလှူသည့်နေ့ ပြုသစ်စ ပုထုဇ္ဇန်သာမဏေ, ပြုသစ်စ ပုထုဇ္ဇန်ရဟန်း,ဝတ်နှင့်ပြည့်စုံသောပုထုဇ္ဇန်ရဟန်း, ကမ္မဋ္ဌာန်း ယောဂီပုထုဇ္ဇန်ရဟန်း, အလွန်ဆုံးအားဖြင့်သောတာပတ္တိမဂ်ပုဂ္ဂိုလ် ဤ၈–ဦးသောသူတို့သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်သောပုဂ္ဂိုလ်မည်၏၊ သာသနပဈာန်ရ ရသေ့သည်ငင်း, သုမေဓာရှင်ရသေ့ကဲ့သို့ သာသနာတွင်းကြိုသော်လည်း ရသေ့အကျင့်ဖြင့်သာ ဈာန်သမာပတ်နှင့်နေသောသူသည် သာသနာပ,ဗာဟိရ ရသေ့မည်၏၊သရဏဂုံမရှိဘဲ ၅–ပါး

သီလမျှသာ တည်သော သူသည် သီလရှိသော လူပုထုဇ္ဇန်မည်၏၊ အကြွင်း ၂-ပါးကား သိသာပြီ၊ မဂ်စိတ်တို့သည် တကြိမ်မျှသာ ဖြစ်လျက် မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ကို အဘယ်သို့လှူနိုင်အံ့နည်းဟူမူ အလွန် အားထုတ်အပ်သော ဝိပဿနာရှိသော ယောဂီ ရဟန်း လှူဒါန်းဆဲခဏ၌ မဂ်ကိုရသည်ဖြစ်အံ့၊ ဤကား မဂ်ပုဂ္ဂိုလ်အားလှူသည်မည်၏။

[ ၎င်းအဋ္ဌကထာ ]

## ဆောင်ပုဒ်

တိရစ္ဆာန်, ဒုဿီလ၊ သာနာပ သီလဝါ၊ ရှစ်ဖြာရိ, ဗုဒ္ဓါပါ၊ ပစ္စေကာ တခဏ်း။ ။ ဈာန်ရသူ, ရသေ့ရဟန်းရယ်တို့၊ စုဋ္ဌသဒေယျ မမွှာ၊ ပေးကြလှူဒါ။ ။ ကျိုးဖလ ပေါင်းဝမွှာ မှာ၊ ကောင်းရာသာ မှီရမည်ကွဲ့ လေး....။

---

## ပုဂ္ဂလိက ဒါန အကျိုးပြ

ဤသို့ ပြဆိုခဲ့ပြီးသော ပုဂ္ဂလိကဒါန ၁၄-ဌာနတို့တွင်—

(၁) တိရစ္ဆာန်အား လှူသော် ဘဝတရာ အကျိုးပေး၏။

(၂) သီလမရှိသော ပုထုဇ္ဇန်အား လှူသော် ဘဝတထောင်အကျိုးပေး၏။

(၃) သီလရှိသော လူပုထုဇ္ဇန်အား လှူသော် ဘဝတသိန်း အကျိုးပေး၏။

(၄) သာသနာပ ဈာန်ရရသေ့အား လှူသော် ဘဝကုဋေ တသိန်း အကျိုးပေး၏။

(၅) သောတာပတ္တိမဂ်ဖိုလ်ကို မျက်မှောက် ပြုခြင်းငှါကျင့်သော ပုဂ္ဂိုလ်အား လှူသော် အသင်္ချေယျဘဝ မရေမတွက်နိုင်အောင် အကျိုးပေး၏။

(၆) သောတာပန်အား လှူသော် ထို့ထက်လွန်သော အကျိုးပေး၏၊ ထို့အတူအရိယာ ၇-ယောက်,ပစ္စေကဗုဒ္ဓါ, မြတ်စွာဘုရား အစဉ်အားဖြင့် ဆထက်တံပိုး အကျိုးကြီးမြတ်ကြောင်းကား အဘယ်မှာလျှင် ဆိုနိုင်ဘွယ်ရာရှိချေတော့အံ့နည်း။ [ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်]

ဂုဏဝန္တာနံ သမဏဗြာဟ္မဏာနံ ဂုဏံ သလ္လက္ခေ-
တွာ စိတ္တံ ပသာဒေတွာ ဖလံ ပဋိသဒ္ဒါယ တိဿော
စေတနာ ဝိသောဓေတွာ ဒိန္နာ ဒက္ခိဏာ အပ္ပမတ္တ
ကာနာမ နတ္ထိ၊နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ မဟာသမ္ပတ္တိမေဝ
ဒေတိ။

[သုတ္တနိပါတ်အဋ္ဌကထာ]

ဂုဏဝန္တာနံ၊ သီလ,သုတအစရှိသောဂုဏ်နှင့် ပြည့်စုံကုန်သော။ သမဏဗြာဟ္မဏာနံ၊ ရဟန်းပုဏ္ဏားတို့၏။ ဂုဏံ၊ သီလ, သုတအစရှိသောဂုဏ်ကို။ သလ္လက္ခေတွာ၊ မှတ်၍။ စိတ္တံ၊ စိတ်ကို။ ပသာဒေတွာ၊ ကြည်ညိုစေ၍။ ဖလံ၊ အကျိုးကို။ ပဋိသဒ္ဒါယ၊ ဆင်ခြင်၍။ တိဿောစေတနာ၊ သုံးတန်သောစေတနာတို့ကို။ ဝိသောဓေတွာ၊ သုဝိသင်၍။ ဒိန္နာ၊ ပေးလှူအပ်သော။ ဒက္ခိဏာ၊ အလှူသည်။ အပ္ပမတ္တကာနာမ၊ နည်းသောအကျိုးမည်သည်။ နတ္ထိ၊ မရှိ။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်တိုင်း,ဖြစ်တိုင်းသောဘဝ၌။ မဟာသမ္ပတ္တိမေဝ၊ ကြီးကျယ်များမြတ်သော စည်းစိမ်ချမ်းသာကိုသာလျှင်။ ဒေတိ၊ ပေးနိုင်၏။

[မှတ်ချက်] သံယောဇဉ်မသန်း ပုဂ္ဂိုလ်ကို မရည်မှန်းဘဲ ဂုဏ်တော်ကိုဦးတန်း၍ လှူဒါန်းနိုင်ပါက အကျိုးကြီးမြတ်လှ၏ဟူလို။

## သံဃိက ဒါန ၇-ဌာန

သံဃိကဒါနသည် ၇- ပါးအပြားရှိ၏၊ ၇- ပါးဟူသည်ကား—

(၁) မြတ်စွာဘုရား အမှူးရှိသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ ၂-ပါးသောသံဃာအား လှူခြင်း,

(၂) ဘုရား ပရိနိဗ္ဗာန်ပြုပြီးသော် ရဟန်းယောကျ်ား, ရဟန်းမိန်းမ ၂-ပါးသောသံဃာအား လှူခြင်း,

(၃) ရဟန်းယောကျ်ားသံဃာအားသာ လှူခြင်း,

(၄) ရဟန်းမိန်းမသံဃာအားသာ လှူခြင်း,

(၅) ဤမျှလောက်သော ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့ကို သံဃာထည်းမှခွဲ၍ ညွှန်ကြားတော်မူပါဟုဆို၍ လှူခြင်း,

(၆) ဤမျှလောက်သော ရဟန်းယောကျ်ားတို့ကိုသံဃာထည်းမှခွဲ၍ ညွှန်ကြားတော်မူပါဟုဆို၍ လှူခြင်း,

(၇) ဤမျှလောက်သော ရဟန်းမိန်းမတို့ကို သံဃာထည်းမှခွဲ၍ညွှန်ကြားတော်မူပါဟုဆို၍ လှူခြင်းဟူ၍ ၇-ပါးရှိပေ၏။

ဤအရာ၌ သံဃာညွှန်ချ၍ ရလာသောသံဃာ၌ သာမဏေပင်, အလဇ္ဇီ, ဒုဿီလတို့ကိုရ၍ နှလုံးမသာရှိသော်လည်း, သီလဝန်,ဂုဏဝန်ကိုရ၍ ဝမ်းမြောက် နှစ်သက်သော်လည်း, သံဃာတော်ကိုရည်မှတ်၍ ပေးလှူအပ်သော သံဃိကအလှူ မမြောက်ချေ။ ဤ၌ သံဃိကသည်—

(၁) ဒါနသံဃိက,

(၂) သဒ္ဒါသံဃိက-ဟူ၍ ၂-ပါးရှိရာတွင်—

(၁) ဒါနသံဃိကကား-သံဃာမှညွှန်းချ၍ ရအပ်သော ပုဂ္ဂိုလ်၌တည်သောကြောင့် မြောက်၏။

(၂) သဒ္ဓါသံဃိကကား-သံဃာ၌ မတည်မူ၍ ရအပ်သောပုဂ္ဂိုလ်အထူးကိုအစွဲပြု၍ ကွဲပြားသောအားဖြင့် ပုဂ္ဂိုလ်၌တည်သောကြောင့် မမြောက်ချေ၊ အယုတ်,အမြတ်မရွေးမူ၍ ဘုရားသားတော် သံဃာတော်ပေတည်းဟု အတူအမျှကြည်ညိုလေးစားနိုင်မှသာလျှင် ဒါန, သဒ္ဓါ ၂-ပါးစုံ သံဃိက မြောက်ချေသည်၊ယင်းသို့ သံဃိကမြောက်နိုင်က ညွှန်းချ၍ရအပ်သောဒသီလကိုပင်ပေးလှူရသော အကျိုးသည် ရဟန္တာကို ပုဂ္ဂလိက လှူရသည်အကျိုးထက် ကဲမိုးလွန်မြောက်နိုင်၏။

---

### တနည်း-သံဃိက ၁၀-ဌာန

ထိုမှတပါး—

(၁) ဗုဒ္ဓပမုခ ဘိက္ခုသံဃိက,

(၂) ဗုဒ္ဓပမုခ စတုဒိသာ ဘိက္ခုသံဃိက ၂-ပါးရှိ၏၊

ထို ၂—ပါးတို့တွင်—

(၁) ဘုရားနှင့် တကွသော သံဃာအား ပေးလှူခြင်းသည်၎င်း, ပရိနိဗ္ဗာန်စံပြီးနောက် ဓာတ်တော် စေတီတော်နှင့်တကွသော သံဃာအား ပေးလှူခြင်းသည်၎င်း, ဗုဒ္ဓပမုခ ဘိက္ခု သံဃိက မည်၏၊ ထိုတွင် ဓာတ်တော် စေတီတော်အတွက် လှူရန်ဖြစ်သော စားသောက်ဘွယ်များကို ထိုစေတီတော်၌ စောင့်ရှောက်၍ ဝတ်ပြုသော ဟရန်းအား ပေးရာ၏၊ အဘအမွေကို သားခံဘိသကဲ့သို့ လှူရာပါ သံဃာတော်များကိုသော်လည်း ဝေရာ၏၊ ဆီ, ထောပတ်ကို မီးပူဇော်ခြင်း,

အဝတ်အထည်ကို တမ်းခွန်ချုပ်ခြင်း တို့ဖြင့် ထိုစေတီတော်မှာ ပူဇော်ရာ၏။

(၂) ယခင် ဆိုအပ်ခဲ့ပြီးသော နည်းအစဉ်ဖြင့် ရောက်ပြီး,ရောက်ဆဲ,ရောက်လတ္တံ့ သော သံဃာအား လှူခြင်းသည် ဗုဒ္ဓပမုခ စတုဒိသာ သံဃိကမည်၏။

[ဥပရိပဏ္ဏာသအဋ္ဌကထာ အင်္ဂုတ္တရအဋ္ဌကထာ]

ထိုမှတပါး—

(၃) သက်တော်ထင်ရှား မြတ်စွာဘုရားနှင့် ရုပ်ပွားတော်များကို အကြီးအမှူးမပြုဘဲ အရပ်လေးမျက်နှာ သံဃာအား လှူခြင်းသည် စတုဒိသာ သံဃိကမည်၏

[နဝင်္ဂုတ္တရပါဠိတော် ဝေလာမသုတ်]

ထို့ကြောင့် ဒက္ခိဏာ ဝိဘင်္ဂသုတ်၌ "သာဝသေသ" အကြွင်းနည်းဖြင့် ဟောတော်မူ အပ်သော သံဃိက ၇-ပါး ကျမ်းတပါးတို့၌ လာသော သံဃိက ၃-ပါးအားဖြင့် သံဃိက ဒါနသည် ၁၀—ပါးဖြစ်သတည်း။

---

## သံဃိက ဒါန အကျိုးပြ

ဘဝိဿန္တိ ခေါပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနော ကာသာဝကဏ္ဍာ ဒုဿီလာ ပါပဓမ္မာ ပါပသမာစာရာ တေသံ ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ၊ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယံ အပ္ပမေယျံ ဝဒါမိ၊ နတွေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာ ဒက္ခိဏာ ပါဋိပုဂ္ဂလိကဒါနံ မဟပ္ဖလတရန္တိ ဝဒါမိ။

[ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်]

အာနန္ဒ၊ ညီတွား အာနန္ဒာ။ ခေါပန၊ စင်စစ် အားဖြင့်။ အနာဂတမဒ္ဓါနံ၊ နောင်လာလတံ့သော အခါ၌။ ဂေါတြဘု နော၊ ရဟန်း၏ အနွယ်မျှသာ ဖြစ်ကုန်သော။ ကာသာဝ ကဏ္ဍာ၊ သင်္ကန်းကိုလည်၌ ရစ်ပတ်ကုန် ထသော။ ပါပဓမ္မာ၊ ယုတ်မာသော သဘော ရှိကုန်သော။ ပါပ သမာ စာရာ၊ မကောင်းသော အကျင့် ရှိကုန်သော။ ဒုဿီလာ၊ သီလမရှိသော ပုဂ္ဂိုလ်တို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတံ့။ တေသု ဒုဿီလေသု၊ ထိုသီလ မရှိသော ပုဂ္ဂိုလ် တို့အား။ သံဃံ၊ သံဃာတော်ကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒဿန္တိ၊ ပေးလှူကြကုန်လတံ့။

အာနန္ဒ၊ ညီတွား အာနန္ဒာ။ တဒါပိ၊ထိုသို့ ပေးလှူသော အခါ၌လည်း။ သံဃဂတံ၊ သံဃာတော်ကို ရည်မှတ်၍ ပေးလှူသော။ ဒက္ခိဏံ၊ အလှူကို။ အသင်္ချေယျံ အပ္ပမေယျန္တိ၊ မရေ တွက်နိုင် မပိုင်းခြားနိုင်သော အကျိုးအာနိသင် ရှိ၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

အာနန္ဒ၊ညီတွားအာနန္ဒာ။ ကေနစိပရိယာယေန၊တစုံတခုသော အကြောင်းဖြင့်။ သံဃဂတာ ဒက္ခိဏာ၊ အပေါင်းဖြစ်သော သံဃာတော်ကို ရည်မှတ်၍ ပေးလှူ အပ်သော သံဃိကအလှူထက်။ ပါဋိပုဂ္ဂလိကဒါနံ၊ အသီး အခြားဖြစ်သော ပုဂ္ဂိုလ်တို့အား ပေးလှူအပ်သော ပုဂ္ဂလိက အလှူကို။ မဟပ္ဖလတရန္တိ၊အကျိုးကြီးမြတ်၏ဟူ၍။အဟံ၊ ငါဘုရားသည် နတွေဝ ဝဒါမိ၊ ဟောတော်မမူသည် သာတည်း။

ဤသံဃိကဒါန၌ အယုတ်သဖြင့်သံဃာမှညွှန်းချ၍ ရအပ်သော ဒုဿီလ ပုဂ္ဂိုလ်အား မဘောက်မပြန် သံဃာတော်

ဟူသောအမှတ်ဖြင့် လေးမြတ်ကြည်ညိုစွာ ပေးလှူရခြင်းသည် ရဟန္တာအား ပုဂ္ဂလိကပေးလှူရ သည်ထက် အကျိုးကြီးမြတ်ပေ၏။

သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ဟိ
ခီဏာသဝေ ဒိန္နဒါနတော ဥဒ္ဒိဿိတွာ ဂဟိတေ
ဒုဿီလေ ဒိန္နံ မဟပ္ဖလတရမေဝ။
[၎င်းအဋ္ဌကထာ]

ဟိသစ္စံ၊ ထိုစကားသည်မှန်လှစွာ၏။ သံဃေ၊ သံဃာတော်၌။ စိတ္တီကာရံ၊ ရိုသေလေးမြတ်သောအခြင်းအရာကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တဿ၊ တတ်နိုင်သောသူအား။ ခီဏာသဝေ၊ ရဟန္တာပုဂ္ဂိုလ်အား။ ဒိန္နဒါနတော၊ ပုဂ္ဂလိကဒါနဖြင့် ပေးလှူအပ်သောအလှူထက်။ ဥဒ္ဒိဿိတွာ၊ သံဃာမှည္ဝွန်း၍။ ဂဟိတေ၊ ယူအပ်သော။ ဒုဿီလေ၊ သီလမရှိသော ပုဂ္ဂိုလ်အား။ ဒိန္နံ၊ သံဃိကအဖြစ်ဖြင့် ပေးလှူအပ်သောအလှူသည်။ မဟပ္ဖလတရမေဝ၊ အလွန်ကြီးမြတ်သော အကျိုးရှိသည်သာလျှင်တည်း။

ထို့ကြောင့် ကောင်းမှုကုသိုလ်တရားတို့၏ ကြီးပွားများမြတ်ခြင်းကို အလိုရှိကုန်သောသူတို့သည် သံဃာတော်သာလျှင် အကြီးအကဲဆုံးဖြစ်သည်ဟူ၍ မှတ်အပ်၏။
[သုတ္တနိပါတ်ပါဠိတော် သေလသုတ်]

---

## စိစစ် ဝေဘန် လှူဒါန်းရန်

ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ၊
ဝိစေယျ ဒါနံ ဒတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။ ။
[ဒက္ခိဏေယျ သံဂါယနာတင်ကျမ်းလာ]

ယတ္တ၊ အကြင်အလှူခံပုဂ္ဂိုလ်၌။ ဒိန္နံ၊ ပေးလှူအပ်သည်ရှိသော်။ မဟပ္ဖလံ၊ ကြီးစွာသောအကျိုးကိုရ၏။ တံ၊ ထိုအလှူခံပုဂ္ဂိုလ်ကို။ ဝိစေယျ၊ စီစစ်၍။ ဒါနံ၊ အလှူကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ဝိစေယျ၊ စီစစ်၍။ ဒါနံ၊အလှူကို။ ဒတွာ၊ပေးခြင်းကြောင့်။ ဒါယကာ၊ အလှူရှင်တို့သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂစ္ဆန္တိ၊ သွားရလေကုန်၏။

ဤသို့လျှင် ရွေးချယ်စီစစ်၍လှူခြင်းကို မြတ်စွာဘုရားချီးမွမ်းတော်မူ၏၊လောကမှာ မြတ်သောအလှူခံပုဂ္ဂိုလ်တို့သည် ရှိကြပေကုန်၏၊ထိုပုဂ္ဂိုလ်မြတ်တို့အား လှူဒါန်းရခြင်းကား ကြီးမားသောအကျိုးကိုရ၏၊ ဥပမာအားဖြင့် လယ်ယာ မြေကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့တို့သည် များသောအကျိုးရှိသကဲ့သို့ပေတည်း။ [ငင်း]

ဤအရာ၌ သာသနာပ အကုံရမင်းသား၏ နေ့စဉ်မပြတ် အနှစ်နှစ်သောင်း လှူဒါန်းသည်ထက် သာသနာတွင်း ဣန္ဒက၏ ရှင်အနုရုဒ္ဓါအား ဆွမ်းတယောက်ချိုလှူရသည်က မြတ်ကြောင်းကို တာဝတိံသာမှာ အဘိဓမ္မာတရားဟောကြားရာတွင် မြတ်စွာဗုဒ္ဓ မိန့်ဟတော်မူသော သာဓကကို ထောက်၍ သိရာ၏။

ထိုသို့ဆိုငြားသော်လည်း—

(၁) သီလရှိအလှူရှင်, သန့်စင်သော လှူဘွယ်ဝတ္ထု, ကံ,ကံ၏အကျိုးကိုယုံ-ဤသုံးပါးစုံက အလှူခံပုဂ္ဂိုလ်မှာ ဒုဿီလပင်ဖြစ်သော်လည်း အကျိုးကြီးမြတ်သည်သာ မှတ်ရာ၏။

[ဝေဿန္တရာနှင့်ဇူဇကာ သာဓကကို သိမှတ်ရာ၏။]

(၂) ဒုသီလမရှိဒါယကာ, စေတနာမဖြောင့်စင်း, အလှူဝတ္ထု မသန့်ရှင်းသော်လည်း သီလဝန်အလှူခံအား လှူဒါန်း

ပြောားက အကျိုးကြီးမားမြင့်မြတ်သည်သာမှတ်ရာ၏၊ (ကလျာဏီမြစ်၌ အနှစ်၅၀-တိုင်တိုင် တံငါသည်ဘဝ ဒုဿီလအဖြစ်နှင့် အသက်မွေးနေရာ သေခါနီးကာလ ဒီဃသောမ ထေရ်အား ဆွမ်းသုံးကြိမ်လှူဘူး၍ နတ်စည်းစိမ်ရသည်ကို ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာတွင် လာ၏။)

(၃) သီလမရှိဒါယကာ, စေတနာမဖြောင့်စင်း, အလှူဝတ္ထုမသန့်ရှင်း, အလှူခံပုဂ္ဂိုလ်ကလည်း သီလကင်းခဲ့ပါမူ ထိုအလှူကား အကျိုးမကြီးမားဟူ၍ မှတ်ရာ၏။

(၄) သီလရှိအလှူရှင်, သန့်စင်သော လှူဘွယ်ဝတ္ထု, ကံ,ကံ၏ အကျိုးကိုယုံ ဤသုံးပါးစုံ၍ သီလဝန် အလှူခံအား လှူရပြောားသော် ကြီးမားမြင့်မြတ်လှစွာသော အကျိုးရှိပေသတည်း။

[ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်]

---

## စေတနာရှိက ကြီးမြတ်ရ

နတ္ထိ စိတ္တေ ပသန္နမှိ အပ္ပကာနာမ ဒက္ခိဏာ။

[အပဒါန်ပါဠိတော်]

စိတ္တေ၊စိတ်သည်။ပသန္နမှိ၊ကြည်ညိုသည်ရှိသော်။ဒက္ခိဏာ၊အလှူသည်။ အပ္ပကာနာမ၊ နည်းသောမည်သည်။ နတ္ထိ၊ မရှိ။

[မှတ်ချက်] မိမိစိတ်က ကြည်ညိုလျှင် အလှူသည် ကြီးမြတ်သည်သာ ဟူလို။

---

## သဒ္ဓါတရားသာ ဒုလ္လဘပါ

ဝတ္ထုစ ဒွေ မေဓာ သုလဘာ ဒေယျဓမ္မာစေဝ ဒက္ခိဏေယျာစ သဒ္ဓါပန ဒုလ္လဘာ။

[အင်္ဂုတ္တရ အဋ္ဌကထာ]

တွေ့စ၊ ဤအရာ၌လည်း။ ဒေယျဓမ္မာစေဝ၊ လှူဘွယ်ဝတ္ထု တို့သည်ငှင်း။ ဒက္ခိဏေယျာစ၊ အလှူခံပုဂ္ဂိုလ်တို့သည်ငှင်း။ ဒွေဓမ္မာ၊ နှစ်ပါးသောတရားတို့သည်။ သုလဘာ၊ ရလွယ်ပေကုန်၏။ သဒ္ဓါပန၊ သဒ္ဓါတရားသည်ကား။ ဒုလ္လဘာ၊ ရခဲလေ၏။

[မှတ်ချက်] လှူဘွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်သည် ရလွယ်၏၊ လှူလိုသော သဒ္ဓါတရားသာ ရခဲ၏ ဟူလို။

---

## စိတ်ဖြစ်ခါမျှ အကျိုးရ

ငါတို့ဗုဒ္ဓ လွန်ခဲ့တဲ့အတိတ်ကာလ တိလောကစကြာမင်းကြီးဖြစ်စဉ်အခါက အဆုံးမရှိသော လောက၌ ပွင့်တော်မူပြီး, ပွင့်တော်မူဆဲဖြစ်သော မြတ်စွာဘုရားများနှင့်တကွ ထိုဘုရားရှင်တို့၏ တပည့်သာဝကများပါ ပစ္စေကဗုဒ္ဓါတို့ကို မိုယ်းလောက် ကြီးကျယ်မွန်မြတ်လှစွာသော ရတနာပြာသာဒ်ကြီးကိုဆောက်လုပ်ကာ ထိုပြာသာဒ်ထက်သို့ပင့်ဆောင်လျက် စိတ်ဖြင့်သာ လှူဒါန်းပူဇော်ခဲ့လေ၏။

ဤသို့စိတ်ဖြင့် ကြံစည်၍ ပင့်ဆောင်လေရာကြွလာဘိသကဲ့သို့ထင်၏၊ ထိုကောင်းမှုကြောင့် စုတေသည်ရှိသော် တာဝတိံသာမှာ ဖြစ်ရလေ၏၊ ဘဝများစွာ အပါယ်မလားဘဲ သုဂတိမှာသာ သူတကာထက် သာလွန်မြင့်မြတ်စွာဖြစ်ရ၍ ဖြစ်လေရာတိုင်းသောဘဝတို့၌ မိမိအလိုရှိသမျှသော ဝတ္ထုအာရုံအလုံးစုံတို့ကိုအလိုရှိ၍ စိတ်ဖြင့်မှန်းခါ လက်လှမ်းတောင့်တလိုက်ပါက တောင့်တလေတိုင်း လက်လှမ်းရာအရပ်မှ ခဏခြင်းပင် ဖြစ်ပေါ်ရရှိ ပြည့်စုံ၍လာရ၏ဟု အကျိုးပေးပုံကို မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

[အပဒါန်ပါဠိတော် ဗုဒ္ဓပဒါနိယသုတ်]

ဤအရာ၌ "သုတ္တသင်္ဂဟ အဋ္ဌကထာ"မှာ ကာယကံဒါန, ဝစီကံဒါန, မနောကံဒါနဟူ၍ သုံးပါးပြားရာဝယ် မိမိကိုယ်တိုင် လုပ်ကိုင်လှူဒါန်းမှုကို ကာယကံဒါန၊သား, မယား, ကျေးကျွန် စသည်တို့ကို စေခိုင်း၍ လှူဒါန်းခြင်းကို ဝစီကံဒါန၊ ထင်ရှားရှိပြီးသော အလှူဝတ္ထုကို အကြောင်းပြု၍ အလှူပေးအံ့ဟု ကြံစည်ခြင်းသည် မနောကံဒါနမည်၏။

ထိုသုံးပါးတို့တွင် ကာယကံ, ဝစီကံ ၂-ပါးကား ထင်ရှား၏၊ မနောကံဒါနကား-ထင်မှားတတ်ကြ၏၊ ငါသည် ဘုရားတည်အံ့စသည်ဖြင့် အလှူဝတ္ထုထင်ရှားမရှိဘဲ ကြံစည်ရုံမျှဖြင့် မနောကံဒါနဖြစ်၏ဟုယုံမှားတတ်ကြလေ၏၊ဒါနကား-မဖြစ် ကုသိုလ်သာဖြစ်ပေသည်။

အဝိဇ္ဇမာနဝတ္ထုံ့ အာရဗ္ဘ ပဝတ္တာ စေတနာ
ဒါနံနာမ နဟောတိ၊ ပုညမတ္တမေဝ ဟောတိ။
[မဏိသာရမဉ္ဇူ ဋီကာ]

အဝိဇ္ဇမာနဝတ္ထုံ၊ ထင်ရှားမရှိသော လှူဘွယ်ဝတ္ထုကို။ အာရဗ္ဘ၊ အာရုံပြု၍။ ပဝတ္တာ၊ ဖြစ်သော။ စေတနာ၊ စေတနာသည်။ ဒါနံနာမ၊ ဒါနမည်သည်။ နဟောတိ၊ မဖြစ်။ ပုညမတ္တမေဝ၊ ကုသိုလ်ကောင်းမှုမျှသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

[မှတ်ချက်] လှူဘွယ်ဝတ္ထု၊ ထင်ရှားမရှိသောကြောင့် ဒါနကားမဖြစ်-ကုသိုလ်သာ ဖြစ်သည်ဟုလို။

---

အလိုတော်ကျ လှူဒါန
စတုခာ ဝိဘင်္ဂေ ဘောဂေ၊ပဏ္ဍိတော ဃရမာဝသံ။

ဧကေန ဘောဂေ ဘုဥ္ဇေယျ၊ ဒွိဟိ ကမ္မံ ပယောဇယေ၊
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတီတိ။ ။
[သုတ်ပါထေယျ ပါဠိတော် သိင်္ဂါလော ဝါဒသုတ်
စသည်။]

ဂဟပတိပုတ္တ၊ ကုဋေ ၁၀-ပြန့်ကြွယ်များလှ သူဌေးသား
သိင်္ဂါလ။ ဃရမာဝသံ၊ အိုးအိမ်၌ စောင့်ရှောင် တည်ထောင်ပြုလုပ်
စိုးအုပ်၍နေသော။ပလ္လိတော၊မြော်မြင်တတ်သိ ပညာရှိသည်။
ဘောဂေ၊ မိမိရှိသမျှ ဥစ္စာဟူသမျှတို့ကို။ စတုဓာ၊ လေးဘို့
ပြုခါ။ ဝိဘဇေ၊ဝေဘန်သုံးဆောင်ရာ၏။ဧကေန ကောဋ္ဌာသေန၊
တစုသောအဘို့ဖြင့်။ ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။ ဘုဥ္ဇေယျ၊
သုံးဆောင် စားသောက်ရာ၏။ ဒွိဟိကောဋ္ဌာသေဟိ၊နှစ်စုသော
အဘို့တို့ဖြင့်၊ ကမ္မံ၊ လယ်လုပ် ကုန်သွယ် ရောင်းဝယ်ဓောက်
ကား ကြွေးမည်ချထားခြင်းအစရှိသောအမှုကို။ပယောဇယေ၊
ယှဉ်စေရာ၏။ဝါ၊ ပြုလုပ်အားထုတ်ရာ၏။စတုတ္ထဉ္စကောဋ္ဌာသံ၊
လေးဘို့မြောက်သောဥစ္စာကိုကား။ အာပဒါသု၊ မင်းဘေး
ပြစ်ဒဏ်ဘေးရန်စသည်ကပ်လာသော အခါတို့၌။ ဘဝိဿတိ
တိ၊ သုံးဆောင်ရာ ဖြစ်လတံ့ဟူ၍။ နိဓာပေယျ၊ သိုမှီးသိမ်း
ဆည်း ထားရာ၏။ [အဓိပ္ပါယ် ထင်ရှား၏]

ဣမေသုပန စတူသု ကောဋ္ဌာသေသု ကတရေ
ကောဋ္ဌာသံ ဂဟေတွာ၊ ကုသလံ ကာတဗ္ဗန္တိ ဘော
ဂေ ဘုဥ္ဇေယျာတိ ဝုတ္တ ကောဋ္ဌာသံ၊ တတော ဂဟေ-
တွာ ဟိ ဘိက္ခူနံပိ ကပဏာဒီနံပိ ဒါတဗ္ဗံ။
[ဋီကာအဋ္ဌကထာ]

ဣမေသု စတူသု ကောဋ္ဌာသေသု၊ ဤလေးပါးသော အဘို့
အစုတို့တွင်။ ကတရကောဋ္ဌာသံ၊ အဘယ်အစုကို။ ဂဟေ

တွာ၊ ယူ၍။ ကုသလံ၊ ကုသိုလ်ကို။ ကာတဗ္ဗံ၊ ပြုအပ်ပါသနည်း။ ဣတိ၊ ဤကား အမေးတည်း။ ဘောဂေဘုဥ္စယျာတိ၊ ဘောဂေ ဘုဥ္စေယျ ဟူ၍။ ဝုတ္တကောဋ္ဌာသံ၊ ဟောတော် မူအပ်သော အဘို့ကို။ ဂဟေတွာ၊ ယူ၍။ ကာတဗ္ဗံ၊ အမှုကို ပြုအပ်၏။ ဟိသစ္စံ၊ မှန်၏။ တတော၊ ထိုသုံးဆောင်စရာအဘို့မှ။ ဂဏှိတွာ၊ မြိုးမြိုဥ္စယူ၍။ ဘိက္ခုနံပိ၊ သီလဝန္တရဟန်းတို့အားရင်း။ ကပဏဒ္ဓိကာနံပိ၊ အထီးကျန် ဆင်းရဲသား ခရီးသွားတို့အား ရင်း။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။

ဤသို့လျှင် မြတ်စွာဘုရား အလိုတော်ကျ ရှိသမျှ ဥစ္စာကို လေးပုံစု တစုကိုစား နှစ်စုကိုတိုးပွားရန် ရောင်းဝယ် ဖောက် ကားလုပ်၊ လေးခုမြောက်အစုကိုကား မင်းရေးစိုးခွင့်နှင့် ကျန်း မာရေး အတွက် သိမ်းထားစေရာ, လှူဘို့ရာ မကျန်ပါတကား ဟုငြားအံ့၊ စားရန်အဘို့အချို့တည်းမှ မြိုးမြိုဥ္စလှူဒါန်းရမည် ဟု ဘုရားအလိုကျ အဋ္ဌကထာဆရာ ညွှန်ပြသည်ကို ထောက် ဆ,ပါက ယခုအခါ အချို့ပြုလုပ်နေကြသည်မှာ အလိုတော် ကျ ဖြစ်နိုင်ပါ့မလားဟု စဉ်းစားဆင်ခြင်စရာပင်တည်း။

---

### ဒါန သဘာဝ အကျိုးပြ

ဒါနံ ဟိ လောကေ သက္ကသမ္ပတ္တိံ ဒေတိ၊ မာရ- သ[/]မ္ပတ္တိံ ဒေတိ၊ ဗြဟ္မသမ္ပတ္တိံ ဒေတိ၊ စက္ကဝတ္တိ သမ္ပတ္တိံ ဒေတိ၊ သာဝကပါရမီဉာဏံ ပစ္စေက ဗောဓိ ဉာဏံ၊ အဘိသမ္ဗောဓိဉာဏံ ဒေတိ။

[မဇ္ဈိမပဏ္ဏာသ,သုတ်မဟာဝါ,ဥဒါန,အဋ္ဌကထာ]

ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဒါနံ၊ ဒါနစေတနာသည်။ လောကေ၊ လောက၌။ သက္ကသမ္ပတ္တိံ၊ သိကြားမင်း၏ စည်း

စိမ် ချမ်းသာကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ မာရသမ္ပတ္တိံ၊မင်္ဂနတ်မင်း၏ စည်းစိမ် ချမ်းသာကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ ဗြဟ္မသမ္ပတ္တိံ၊ ဗြဟ္မာမင်း၏စည်းစိမ် ချမ်းသာကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ စက္ကဝတ္တိသမ္ပတ္တိံ၊ စကြာမင်း၏ စည်းစိမ်ချမ်းသာကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ သာဝကပါရမီဉာဏံ၊ သာဝကပါရမီဉာဏ်ကိုလည်း။ ပစ္စေကဗောဓိဉာဏံ၊ ပစ္စေကဗောဓိ ဉာဏ်ကိုလည်း။ အဘိသမ္ဗောဓိဉာဏံ၊ ထွန်းမြတ်သော သမ္မာ သမ္ဗောဓိဉာဏ်ကိုလည်း။ ဒေတိ၊ ပေးစွမ်းနိုင်လေသတည်း။

ဤသို့လျှင် ဒါနတရားသည် သိကြားမင်း, မာရ်မင်း, ဗြဟ္မာမင်းဟု ဆိုအပ်သော နတ်မင်းဖြစ်လိုကလည်း ဖြစ်စေနိုင်၏၊ စကြာမင်းဟုဆိုအပ်သောလူမင်းဖြစ်ရလိုကလည်းဖြစ်စေနိုင်၏၊ ဤကား လောကီဝဋ်အကျိုးတို့ပေတည်း၊လောကုတ္တရာကျိုးကို လိုလားပါကလည်း အဂ္ဂသာဝက,မဟာသာဝက, ပကတိသာဝက ဟုဆိုအပ်သော သာဝကပါရမီဉာဏ်ကိုလည်း, သစ္စာ ၄-ပါးကို အသီးအခြားသိတော်မူသော ပစ္စေက ဗောဓိဉာဏ်ကိုလည်း,အထွန်းမွန်မြတ်လှစွာသော သမ္မာသမ္ဗောဓိဉာဏ်ကိုလည်း မိမိတို့၏ အလိုဆန္ဒအားလျော်စွာ ပေးစွမ်းနိုင်သည်သာတည်း။

---

## မြတ်စွာဗုဒ္ဓ လိုတော်ကျ

သီဝံ ပဉ္စေထ ဘိက္ခဝေ သီဝံပဉ္စေ ဗွာ ဒါနံ
ဒါတဗ္ဗံ၊ သီလံ ရက္ခိ တဗ္ဗံ ဘာဝနံ ဘာဝေတဗ္ဗံ။
[မူလပဏ္ဏာသပါဠိတော်]

ဘိက္ခဝေ၊ သံသရာရေး လာမည်ဘေးကို မြော်တွေးရှုခြား ဘိုချစ်သား,ချစ်သွီးများတို့။ သီဝံ၊မဧသရာမှန် ကြိုက်နိဗ္ဗာန်ကို။

ပတ္တေထ၊ လိုလားလှစွာ တောင့်တကြပါကုန်လော။ သီဝံ၊ မသေရာမှန် မြိုက်နိဗ္ဗာန်ကို။ပတ္တေတွာ၊လိုလားသမှု တောင့်တပြု၍။ဒါနံ၊ တတ်အားသမျှ လှူဒါနကို။ဒါတဗ္ဗံ၊ နှစ်မြောမဖက် ရက်ရက်စွန့်လပ် ပေးလှူအပ်၏။ သီလံ၊ စွမ်းနိုင်သမျှ မြတ်သီလကို။ ရက္ခိတဗ္ဗံ၊ ကျိုးပေါက်ပျောက်ကျား မရှိပြားအောင် လေးစားသေချာ စောင့်အပ်ရာ၏။ ဘာဝနံ၊ သမထ, ဝိပဿနာ ဘာဝနာကို။ ဘာဝေတဗ္ဗံ၊ နေ့ရော,ညဥ့်ပါ ဘယ်ခါမပြတ် ပွားများအပ်၏။

ဤသို့လျှင် ဝိသာခါ ကျောင်းအမနှင့်တကွ သီတင်းသည် ၅၀၀-တို့အား လောကီစည်းစိမ်တွေကို မတောင့်တ ကြမူ၍ နိဗ္ဗာန်ကိုသာ ဦးတန်းပြီးကာ တောင့်တပြီး သကာလ, ဒါန, သီလ,ဘာဝနာ ကုသိုလ်အဖြာဖြာတို့ကိုပြုလုပ်ကြဟု မြတ်စွာဘုရား မိန့်ကြား တိုက်တွန်းတော်မူပေ၏၊

---

## နိဗ္ဗာန် တောင်းက လုံးစုံရ

ဝိဝဋ္ဋဝသေန ဥပ္ပန္နစိတ္တမေဝ စိတ္တံ့တဥ္ဇိ မနုဿသုခတော ဒိဗ္ဗသုခံ ဒိဗ္ဗသုခတော ဈာနသုခံ ဈာနသုခတော ဝိပဿနာသုခံ ဝိပဿနာသုခတော မဂ္ဂသုခံ မဂ္ဂသုခတော ဖလသုခံ ဖလသုခတော နိဗ္ဗာနသုခံ အဓိဝဟတိ အာဟရတီတိ အဓိဝါဟနံ နာမ ဟောတိ။

[ကော်တ္တရ အဋ္ဌကထာ]

ဝိဝဋ္ဋဝသေန၊ ဝဋ်ဒုက္ခမှ ကင်းလွတ်လိုသည်၏ အစွမ်းအားဖြင့်။ ဥပ္ပန္နစိတ္တမေဝ၊ ဖြစ်သောစိတ်သည်သာလျှင်။ စိတ္တံ၊ ဤအရာ၌ လိုအပ်သောစိတ်မည်၏။ဟိသစ္စံ၊ ထိုစကားသည်မှန်

၏။ တံ၊ ထိုဝဋ်ဒုက္ခမှ ကင်းလွတ်လိုသည်၏ အစွမ်းအားဖြင့် ဖြစ်သောစိတ်သည်။ မနုဿသုခတော၊ လူချမ်းသာမှ။ ဒိဗ္ဗသုခံ၊ နတ်ချမ်းသာကို။ ဒိဗ္ဗသုခတော၊ နတ်ချမ်းသာမှ။ ဈာနသုခံ၊ ဈာန်ချမ်းသာကို။ ဈာနသုခတော၊ ဈာန်ချမ်းသာမှ။ ဝိပဿနာသုခံ၊ ဝိပဿနာ ချမ်းသာကို။ ဝိပဿနာသုခတော၊ ဝိပဿနာ ချမ်းသာမှ။ မဂ္ဂသုခံ၊ မဂ်ချမ်းသာကို။ မဂ္ဂသုခတော၊ မဂ်ချမ်းသာမှ။ ဖလသုခံ၊ ဖိုလ်ချမ်းသာကို။ ဖလသုခတော၊ ဖိုလ်ချမ်းသာမှ။ နိဗ္ဗာနသုခံ၊ နိဗ္ဗာန်ချမ်းသာကို။ အဘိဝဟတိ အာဟရတိ၊ လွန်စွာဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဘိဝါဟနံနာမ၊ အဘိဝါဟန စိတ်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤအရာ၌ လိုရင်းအဓိပ္ပါယ်ကား "အဘိဝါဟနစိတ်" ခေါ်ဝဋ်ဒုက္ခမှ လွတ်မြောက်လို၍ နိဗ္ဗာန်ကို တောင့်တမှုသာ လိုရင်းပဓာနဖြစ်၏၊ ထိုအဘိဝါဟန စိတ်ရှိပါက လောကီချမ်းသာ အဖြာဖြာနှင့်တကွ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့ကို မုချရပေ၏ဟု မှတ်အပ်၏။

---

### အစုံတောင်းကြ သဘာဝ

ဤအရာ၌ နိဗ္ဗာန်ကို ရှေးဦးစွာ ဆုတောင်းပြီးလျှင် နိဗ္ဗာန်သို့ မရောက်မီ ကျင်လည်ရသမျှ ဘဝတို့၌ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတို့နှင့် ဘဝတိုင်း ပြည့်စုံရန်ကို စိုးရိမ်မကင်း ထပ်မံ၍ ဆုတောင်းခြင်းကား ပါရမီကုသိုလ်ပင် ဆိုရသော်လည်း ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ ခြံရံသည်အတွက် နိဗ္ဗာန်ရောက်ကား နောက်ကြပေမည်၊ ဗောဓိဉာဏ်ကို လျင်မြန်စွာရောက်နိုင်သော ကုသိုလ်မျိုးမဟုတ်ဟူ၍ မှတ်အပ်၏။

ထင်းရှားစေအံ့၊ ဤကမ္ဘာမှ ပြန်ဆရေတွက် ၉၁-ကမ္ဘာ ထက်၌ ဝိပဿီမြတ်စွာဘုရား မပွင့်မီ သာသနာပ အခါသမ ယ၌ ဇောတိကအလောင်း ကြံခင်းလုပ် ညီနောင်နှစ်ယောက် တို့သည် ပစ္စေကဗုဒ္ဓါအား ကြံရည်လှူ၍ ဆုတောင်းပြုကြသည် မှာ "အစ်ကိုကြီးကား" ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ တို့မှ မကပ်ငြိဘဲ"အရှင်ဘုရား ရသိသော တရားကို ရပါလို၏ ဘုရား"ဟု ဆုတောင်းခြင်း ပတ္ထနာကို ပြုလေ၏။

ညီဖြစ်သူ ဇောတိက အလောင်းကား"အရှင်ဘုရား ရသိ သော တရားကို ရပါလို၏၊ ၎င်းနောက် သံသရာမှာ ကျင်လည် သမျှ ကာလပတ်လုံး ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ ပြည့်စုံ လိုကြောင်း"ထပ်လောင်း၍ တောင်းပြန်လေ၏၊ ထို ၂—ဦးတို့ တွင် သမ္ပတ္တိ မခြီရံဘဲ တခုသော ဗောဓိဉာဏ်ကိုသာ တောင်း ဆိုသော အစ်ကိုကြီးမှာ ထိုဝိပဿီဘုရား လက်ထက်တွင်ပင် နိဗ္ဗာန်ကို ရယူသွားလေ၏၊ ညီဖြစ်သူ ဇောတိကမှာ မူကား ခြောက်ဆူသော ဘုရားရှင်တို့ကို ကျော်လွန်၍ ငါတို့ဂေါတမ ဘုရားရှင် လက်ထက်တော်ကြမှ ဇောတိကသူဌေး အဖြစ်ဖြင့် ဘောဂသမ္ပတ္တိ စည်းစိမ်ကို ခံစားစံစားပြီးလျှင် ကျွတ်တမ်းဝင် ရလေသတည်း။

[ဓမ္မပဒ အဋ္ဌကထာ]

---

## ✓ဒါနက နိဗ္ဗာန်ကို ဘယ်လိုကျေးဇူး ပြုပါသလဲ?

ဤအရာ၌ ခပ်သိမ်းကုန်သောအလောင်း,သူတော်ကောင်း တို့သည် ဒါန, သီလအစရှိသော ကုသိုလ်ကို ပြုကြကုန်၏၊ ထို ကုသိုလ်တို့သည် အဘယ်သို့သော တရားကို အထောက်အပံ့ ပြုလေကုန်သနည်းဟူမူကား,ဆည်းပူးအပ်သော ကာမာဝစရ

ကုသိုလ်သည် သောတာပတ္တိမဂ်၏ ဂေါတြဘူ သုံးခုတို့၏ ရှေ့ ဝေါဒါန် တိုင်အောင် လောကုတ္တရာမဂ်, ဖိုလ်,တို့ကို ပကတူပနိဿယ အစရှိသော ပစ္စည်း အထောက် အပံ့ပြု၍ ထိုဆည်းပူး အပ်သော ကာမာဝစရ ကုသိုလ်သည် လောကုတ္တရာမဂ်, ဖိုလ်တို့အား အကြောင်း ပစ္စည်းဖြစ်၍ လောကုတ္တရာမဂ်တို့သည် အကျိုး ပစ္စယုပ္ပန် ဖြစ်လေ၏၊ ဤသို့အကြောင်း, အကျိုး ဖြစ်လေသည် ရှိသော် ထိုမဂ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည် အသင်္ခတ အပစ္စယ အကြောင်းတရားနှင့် ကင်း၍ ဖြစ်လေသောကြောင့် နိဗ္ဗာန်သည် အကြောင်းမရှိ၊ အကြောင်းနှင့် ကင်းသော တရား ဖြစ်လေတော့၏။ (ခက်ခဲနက်နဲလှ၍ သိနိုင်ခဲလေစွပါ ဘကား။)

[မိလိန္ဒနိဗ္ဗာနပဉှာ]

---

## ကုသိုလ် သဘာဝ ၄-၅ ခန်း

ဤအရာဝယ် ဒါနတခု ပြုစုရာ၌ ဒါနဝတ္ထု ဆည်းစုရှာမှီး စ,ကပင် လိုချင်သည်ဆိုသော်လည်း သူ့ဘို့ရာဖြစ်သောကြောင့် လောဘ မဟုတ်၊ ကုသိုလ်သမ္ဘာ ဆန္ဒ ဖြစ်၏၊ ဤလိုမျိုးကစ၍ လှူဒါန်းသည့် ရှေ့အဘို့တိုင်အောင် ပုဗ္ဗစေတနာ မည်၏။

လှူဆဲ ခဏမှာလည်း ပစ္စည်းဝတ္ထု,သဒ္ဓါတရား, အလှူခံ ပုဂ္ဂိုလ် သုံးပါးစုံခဲ့၍ အလှူခံပုဂ္ဂိုလ်,အလှူဝတ္ထု၌ ရှုပ်ရုံသည့် အလှူပေး ပုဂ္ဂိုလ်၏ စက္ခုပသာဒမှာ ထိခိုက်၍ အတိတ်ဘဝင် ဘဝင်,စလန,ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း,စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော,တဒါရုံ,ဘဝင်ဖြစ်ထိုက် သလောက်ဖြစ်၍ ချုပ်ပြီးနောက် တဒနုဝတ္တက မနောဒွါရ

တဝီထိ, သုဒ္ဓမနောဒွါရ နှစ်ဝီထိ ပေါင်း လေးဝီထိ ဤသို့ သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ စသည်တို့ကိုလည်း နည်းတူမှတ်ရာ၏။

✓ "ဧကာ စေတနာ ဧကံ ပဋိသန္ဓိံ ဒေတိ" တခုတခုသော စေတနာသည် တခုတခုသော ပဋိသန္ဓေကျိုးကို ပေးသည်ဟု ဆိုသော်လည်း ပဉ္စဒွါရိက စေတနာကံသည် ပဋိသန္ဓေကျိုးကိုမပေး၊ ပဝတ္တိကျိုးသာပေး၏။

✓ မနောဒွါရိက စေတနာမှ ပဝတ္တိ,ပဋိသန္ဓေ နှစ်ထွေသော အကျိုးကိုပေး၏။ မနောဒွါရိက စေတနာထည်းမှာလည်း ပဌမဇောက ပဋိသန္ဓေကျိုးမပေး၊ ဒိဋ္ဌဓမ္မသာ ပေး၏၊ ဤသို့ စသည်ဖြင့် သုတ္တန်, ဝိနည်းတို့က ဆိုသောအတိုင်း ပြုကျင့်အားထုတ်ရာမှာ ထွန်နောက်ရေ့ပါဘိအလား ဝီထိဇော စေတနာစသော အဘိဓမ္မာ ဒေသနာအလာ ပရမတ္ထသဘော ဓမ္မတာတွေ ဖြစ်စဉ်ခေါ်၏၊ ထိုကဲ့သို့ ဝမ်းသာအားရ ဒေမိ, ဒေမ-စသည်အားဖြင့် လှူဆဲအခါ ဖြစ်ပေါ်လာသော ကုသိုလ်စိတ်အစုသည် မုဉ္စစေတနာမည်၏။

လှူပြီးသည်နောက် ရောက်သောကာလ ဆင်ခြင်သတိရတိုင်း ဝမ်းသာရွှင်ပြ သဘောကျကာ ကြည်နူးနှစ်သိမ့် ပီတိစိတ်တို့ဖြစ်နေသော ကုသိုလ်စိတ်အစုသည် အပရစေတနာမည်၏။

ထိုသုံးဖြာသော စေတနာကာလတို့တွင် ဉာဏ်နှင့်ယှဉ်ကာ ပြုစုနိုင်ပါက "တိဟိတ်ဥက္ကဋ္ဌ-ဉာဏသမ္ပယုတ်" ကုသိုလ်မည်၏၊ လှူဆဲ၌သာ ဉာဏ်ယှဉ်၍ ရှေ့,နောက်အဘို့မှာ ဉာဏ်မယှဉ်ပါမူ တိဟိတ်ဩမက ဉာဏသမ္ပယုတ်ကုသိုလ်မည်၏၊ ရှေ့,နောက်အဘို့သာဉာဏ်ယှဉ်၍ လှူဆဲအခါမှာ

ဉာဏ်မယှဉ်ပါမူ "ဒွိဟိတ်ဥက္ကဋ္ဌ-ဉာဏသမ္ပယုတ်" ကုသိုလ်မည်၏၊ စေတနာသုံးပါးလုံး ဉာဏ်မယှဉ် လျှပြီးလည်း စိတ်မကောင်းပါမူ ဒွိဟိတ်ဩမက ဉာဏဝိပ္ပယုတ်ကုသိုလ်မည်၏၊ ဤသို့လျှင် အလှူဝတ္ထုချင်း တူမျှပါသော်လည်း စေတနာမတူမျှပါက အယုတ်,အမြတ်လေးပါး ကွာခြားရသည်ကိုလည်း သတိချပ်ကာ သိမှတ်ကြရာသတည်း။

---

## ဝဋ္ဋ,ဝိဝဋ္ဋ ၄-ဌာန

ကျေးဇူးတော်သခင် ဘုရားရှင်ဟောကြားတော်မူအပ်သော "ဝဋ္ဋ, ဝဋ္ဋပါဒ-ဝိဝဋ္ဋ, ဝိဝဋ္ဋပါဒ" ဟူသော ၄-ပါးသော သဘောတရားတို့တွင်—

(၁) ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဒုက္ခသည် ဝဋ္ဋမည်၏။

(၂) တေဘုမ္မိက ဝဋ်ဒုက္ခကိုသာလျှင် များသောအားဖြင့် ပေးတတ်သော လောကီကုသိုလ်သည် ဝဋ္ဋပါဒမည်၏။

(၃) လောကုတ္တရာတရား ၉-ပါးသည် ဝိဝဋ္ဋမည်၏။

(၄) လောကုတ္တရာ တရား ၉-ပါးကိုလည်း လျင်မြန်စွာပေးစေတတ်သော လောကီကုသိုလ်သည် ဝိဝဋ္ဋပါဒမည်၏။

ထိုဝိဝဋ္ဋပါဒ ကုသိုလ်သည်လည်း—

(၁) ဝါသနာဘာဂိယဖြစ်သော ပါရမီမျိုး,

(၂) နိဗ္ဗေဓဘာဂိယ ဖြစ်သော ဗောဓိပက္ခိယမျိုးဟူ၍ ၂-မျိုးရှိ၏။

ထို ၂-မျိုးတို့တွင်—

(၁) မိမိလိုလားသော "ဘုရား,ပစ္စေကဗုဒ္ဓါ,သာဝက" ဟုဆိုအပ်သော ဗောဓိဆုမြတ် သုံးပါးတို့တွင် တပါးပါးကို

ရည်မှန်းတော်မူ၍ တစ်ပြုစုကြသော ဒါန,သီလစသောကုသိုလ်သည် ဝါသနာဘာဂိယ ပါရမီမျိုးဖြစ်သော ဝိဝဋ္ဋပါဒ ကုသိုလ်မည်၏။

(၂) အာသဝတို့ကို တဒင်္ဂစသောအားဖြင့် လျင်မြန်စွာ ချုပ်ငြိမ်းစေတတ်သော ဘာဝနာကုသိုလ်သည် နိဗ္ဗေဓဘာဂိယ ဗောဓိပက္ခိယမျိုးဖြစ်သော ဝိဝဋ္ဋပါဒ ကုသိုလ်မည်၏။

ထို ၂-ပါးတို့တွင် အမြတ်ဆုံးဖြစ်သော နိဗ္ဗေဓဘာဂိယ ဗောဓိပက္ခိယမျိုးဖြစ်သောဝိဝဋ္ဋပါဒကုသိုလ်ပြုပုံမှာဒါနကား-ဝတ္ထုဒါန,စေတနာဒါန ၂-ပါးရှိရာဝယ် ဘုရားအား ဆွမ်းလှူရာ၌ သက်တော်ထင်ရှား ရုပ်ခန္ဓာကိုင်း, သဗ္ဗညုတဉာဏ်ဟု ဆိုအပ်သော နာမ်ခန္ဓာကိုင်း ၂-ပါး အပေါင်းကိုင်း ရည်မှန်းလှူဒါန်းရာ၏။

ထို ရုပ်, နာမ်, ခန္ဓာလည်း "အနိစ္စ" ဖြစ်,ပျက်စသည် ဆင်ခြင်ပြီး၍ ဂုဏ်ကိုယုံကြည်ကာ ဝတ္ထုဒါနတည်းဟူသော အဋ္ဌကလာပ်ရုပ် သဘာဝကို လှူဒါန်းပူဇော်သော စေတနာ အစရှိသော နာမ်ခန္ဓာ ၄-ပါးတို့သည် ဟဒယဝတ္ထုရုပ်၏ မှီရာ ပထဝီစသည်တို့ကို မှီ၍ဖြစ်သော ဖြစ်,ပျက်ခြင်း သဘာဝ ရုပ်,နာမ်,နှစ်ဝ ကုသိုလ်ဓမ္မက,လှူသည်ဟုဉာဏ်မှာထင်အောင် ပြု၍ လှူရမည်။

ဤသို့ ယခုလှူဒါန်းသော စေတနာကံနှင့်တကွ ယှဉ်ဘော် ယှဉ်ဘက်ဖြစ်ကြသော နာမ်ခန္ဓာ,ရုပ်ခန္ဓာ အပေါင်းတို့သည် အတိတ်ကအဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ,တို့ကြောင့် ဖြစ်ကြပြီး ယခုပစ္စက္ခကာလမှာ ကဗဠီကာရာဟာရ, ဖဿ, နာမ်,ရုပ် တို့ကြောင့်ရင်း ခန္ဓာ ၅-ပါးဖြစ်ပေါ်လာ၍ ပျက်ခြင်းသဘော

သို့ရောက်ကြလေသည်ဟု အနိစ္စအစရှိသော လက္ခဏာ သုံးပါးတင်၍ လှူဒါန်းရမည်။

## ဝတ္ထု ဒါန ရှုမှတ်ကြ

ဣဒံ ဒါနဝတ္ထု ရူပမတ္တမေဝ၊တံ ရူပံ ခယတ္တေန ဝယတ္တေန အနိစ္စံ၊ဘယတ္တေန ပီဠနတ္တေန ဒုက္ခံ၊အ-သာရကတ္တေန အနိဿရတ္တေန အဝသဝတ္တနတ္တေန အနတ္တာ။

ဣဒံဒါနဝတ္ထု၊ ဤလှူဒန်းရန်ပြု ဒါနဝတ္ထုသည်။ ရူပမတ္တမေဝ၊ ရုပ်တရားမျှသည်သာလျှင်တည်း။ တံရူပံ၊ ထိုဒါနဝတ္ထုရုပ်တရားအစုသည်။ ခယတ္တေန၊ ရွေ့လျောဘောက်လဲ ပျောက်စဲတတ်သောသဘောကြောင့်။ ဝယတ္တေန၊ ခမ်းချောက် ပြုန်းတီးပျက်စီးတတ်သောသဘောကြောင့်။ အနိစ္စံ၊ အတည် အစွဲအမြဲ မရှိပါတကား။

ဘယတ္တေန၊ ခြင်္သေ့,သစ်ကျား ခဘားရန်များနှယ် ကြောက် မက်ဘွယ်ဖြစ်သောသဘောကြောင့်။ ပီဠနတ္တေန၊ နှိပ်စက် ညှဉ်းပန်း နွမ်းနယ်စေတတ်သောသဘောကြောင့်။ ဒုက္ခံ၊ ငြိုငြင်ဆင်းရဲ သည်းခံနိုင်ခဲပါတကား။

အသာရကတ္တေန၊ အနှစ်မရှိ ပုတိညစ်ကြေး ပုတ်ဆွေး တတ်သော သဘောကြောင့်။ အနိဿရတ္တေန၊ စီရင်လွှမ်းမိုး အစိုးမရသောသဘောကြောင့်။ အဝသဝတ္တနတ္တေန၊ လိုရာလို ရပ်မလိုက်တတ်သောသဘောကြောင့်။ အနတ္တာ၊ ငါဟုသမုတ် ကိုယ်မဟုတ်ပါတကား။

[ဝတ္ထုများက ဣမာနိဒါနဝတ္ထူနိ၊ ဤဒါန ဝတ္ထုတို့ သည်။ ရူပမတ္တာနိယေဝ၊ ရုပ်တရားမျှတို့သည်သာလျှင် တည်းဟု ဆိုလေ။]

## စေတနာ ဒါန ရှုမှတ်ကြ

ဣဒံ ဒေယျဓမ္မဒါတဗ္ဗဝတ္ထုံ အာလမ္ဗိတွာ ပဝတ္တ
စေတနမ္ပိ နာမမတ္တမေဝ၊ တံနာမံ ခယတ္တေန(တျငြ)
အနတ္တာ။

ဣဒံ ဒေယျဓမ္မဒါတဗ္ဗဝတ္ထုံ၊ ဤပေးလှူအပ်သော ဒါန ဝတ္ထုကို။ အာလမ္ဗိတွာ၊ အာရုံပြု၍။ ပဝတ္တစေတနမ္ပိ၊ ဖြစ်ပေါ်လာသော စေတနာသည်လည်း။ နာမမတ္တမေဝ၊ နာမ်တရားမျှသည်သာလျှင်တည်း။ တံနာမံ၊ ထိုစေတနာနာမ်တရားသည်။ ခယဋ္ဌေန၊ (တျငြ) မဟုတ်ပါတကား။

## အလှူခံပုဂ္ဂိုလ် ရှုမှတ်ဆို

အယံ ဒါနပဋိဂ္ဂါဟကောပိ နာမရူပ မတ္တမေဝ
တံနာမရူပံ ခယတ္တေန (တျငြ) အနတ္တာ။

အယံဒါန ပဋိဂ္ဂါဟကောပိ၊ ဤအလှူခံ ပုဂ္ဂိုလ်သည်လည်း။ နာမရူပမတ္တမေဝ၊ နာမ်,ရုပ်တရား နှစ်ပါးမျှသည်သာလျှင်တည်း။ တံနာမရူပံ၊ ထိုနာမ်,ရုပ်တရား နှစ်ပါးသည်။ ခယဋ္ဌေန၊(တျငြ)မဟုတ်ပါတကား။

[အလှူခံပုဂ္ဂိုလ်များကို ဣမေဒါနပဋိဂ္ဂါဟကာပိ၊ (ပ)ဘို့သည်လည်း။ နာမရူပမတ္တာ၀နိယေဝ၊(ပ)မျှတို့သည်သာလျှင်တည်းဟု ဆိုလေ။]

## အလှူပေးပုဂ္ဂိုလ် ရှုမှတ်ဆို

အယံဒါနဒါယကောပိ နာမရူပမတ္တမေဝ၊
တံနာမရူပံ ခယဋ္ဌေန (တျငြ) အနတ္တာ။

အယံဒါန ဒါယကောပိ၊ ဤအလှူပေး ဒါယကာသည်လည်း။ နာမရူပမတ္တမေဝ၊ နာမ်,ရုပ်တရား နှစ်ပါးမျှသည်

သာလျှင်တည်း။ တံနာမရူပံ၊ ထိုနာမ်ရုပ်တရားနှစ်ပါးသည်။ ခယတ္တေန၊ (တူပြီ)မဟုတ်ပါတကား။

[အလှူခံပးပုဂ္ဂိုလ်များက ဗ္ဗမေဒါနဒါယကာပိ (ပ) တို့သည်လည်း။ နာမရူပမတ္တာ နိယေဝ၊ (ပ)မျှတို့သည် သာလျှင်တည်းဟု ဆိုလေ။]

ထို့ကြောင့် ပဋ္ဌာန်းပါဠိတော်မှာ—

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သု-စိဏ္ဏာနိ ပစ္စဝေက္ခတိ သေက္ခာ၀ါ ပုထုဇ္ဇနာ၀ါ ကုသ-လံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ ကုသလဿ၊ ကုသိုလ်ဖြစ်သော။ ဓမ္မဿ၊ တရားအား။ အာရမ္မဏ ပစ္စယေန၊ အာရုံပြုသောအကြောင်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်၏။ ဒါနံ၊ အလှူကို။ ဒတွာ၊ လှူပြီး၍။ သီလံ၊ သီလကို။ သမာဒိယိတွာ၊ ဆောက်တည်၍၊ ဥပေါသထကမ္မံ၊ ဥပုသ်သုံးခြင်းအမှုကို။ ကတွာ၊ ပြုပြီး၍။ တံ၊ ထိုဒါန, သီလ, ဥပုသ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်စင်းစား နှလုံးထား၍ရှု၏၊ ပုဗ္ဗေ၊ ရှေး၌၊ သုစိဏ္ဏာနိ၊ လေ့ကျက်ဘူးကုန်သော ဒါန,သီလ,ဥပုသ် တို့ကို။ ၀ါ၊ ဒါန, သီလ, ဥပုသ်မှကြွင်းသော ကာမာ၀စရ ကုသိုလ်တို့ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏၊ သေက္ခာ၀ါ၊ သေက္ခတို့သည်ဎင်း။ ပုထုဇ္ဇနာ၀ါ၊ပုထုဇ္ဇန်တို့သည်ဎင်း။ ကုသလံ၊ ကုသိုလ်ကို။ အနိစ္စတော၊ မမြဲသောအားဖြင့်။ ဒုက္ခတော၊ဆင်းရဲသောအားဖြင့်။အနတ္တတော၊အတ္တမဟုတ်သောအားဖြင့်။ဝိပဿန္တိ၊ ဝိပဿနာ ရှုကုန်၏။

ဤသို့လျှင် ဒါနကိုပြုရာဝယ် သီလကို ဆောက်တည်ခြင်းသည် သီလက္ခန္ဓမဂ္ဂင် ၃-ပါးဖြစ်၏၊ဝတ္ထု၊ဒါနကို ရှုကြည့်၍ မနောမှာ ထင်လောက်အောင် ဆင်ခြင်ခြင်းသည် သမာဓိက္ခန္ဓမဂ္ဂင် ၃-ပါးဖြစ်၏၊ လက္ခဏာရေးသုံးပါးတို့ဖြင့် ဆင်ခြင်၍ လှူဒါန်းခြင်းသည် ပညာက္ခန္ဓမဂ္ဂင် ၂-ပါးဖြစ်၏၊ ဤသို့မဂ္ဂင် ၈-ပါးအစရှိသော ဗောဓိပက္ခိယတရား ၃၇-ပါးတို့နှင့်ပြည့်စုံသည်ဖြစ်၍ လှူဒါန်းမှုကိုပြုသော ကုသိုလ်ကံသည် နိဗ္ဗေဓဘာဂိယ ဗောဓိပက္ခိယမျိုးဖြစ်သော ဝိဝဋ္ဋပါဒ ကုသိုလ်မျိုး မည်၏။

ဤအရာ၌ ဒါန,သီလ,စသည်ပြုရာဝယ် သာယာမှု လောဘ၊ငါပြုမှုဒိဋ္ဌိ၊သာ,တူ,ယုတ်,က မာန၊ယုံမှားတွေးတောခြင်းရှိသည်ဖြစ်၍ မသိမှု ဝိစိကိစ္ဆာ,မောဟ၊ပျံ့လွင့်မှု ဥဒ္ဓစ္စ,မောဟ၊ နှလုံးမသာယာမှု ဒေါသ ဖြစ်တတ်လေ၏။

ထိုကြောင့် ပဋ္ဌာန်း ပါဠိတော်မှာ—

> ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ၊ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ၊ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။ပ။ဒေါမနဿံ ဥပ္ပဇ္ဇတိ။

ကုသလော၊ သော။ဓမ္မော၊သည်။ အကုသလဿ၊ အကုသိုလ်ဖြစ်သော။ ဓမ္မဿ၊ အား။ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော၊၏။ ဒါနံ၊ကို။ ဒတွာ၊၍။သီလံ၊ကို။သမာဒိယိတွာ၊၍။

ဥပေါသထ ကမ္မံ၊ ကို။ ကတွာ၊ ၍။ တံ၊ ကို။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံ၊ ကို။ အာရဗ္ဘ၊ ၍။ ရာဂေါ၊ ငြိကပ်မှု,ရာဂတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ ငါပြုသည်ဟု-ထင်မှားမှု ဒိဋ္ဌိတရားသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဝိစိကိစ္ဆာ၊ ယုံမှားတွေးတောမှု ဝိစိကိစ္ဆာတရားသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဥဒ္ဓစ္စံ၊ ပျံ့လွင့်မှု ဥဒ္ဓစ္စတရားသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဒေါမနဿံ၊ နှလုံးမသာယာမှု ဒေါမနဿတရားသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ပုဗ္ဗေ၊ ၌။ သုစိဏ္ဏာနိ၊ တို့ကို။ အဿာဒေတိ၊ ၏။ အဘိနန္ဒတိ၊ ၏။ တံ၊ ကို။ အာရဗ္ဘ၊ ၍။ ရာဂေါ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ပ။ ဒေါမနဿံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။

[ရှေးနည်းကိုမှီး၍ အနက်ဘော်လေ။]

---

## မေတ္တာ ဘာဝနာ ရှုမှတ်ရာ

ဤသို့ ဒါန ပြုရာ, နှလုံးမသာယာမှုစသော အကုသိုလ်တရားများ ဖြစ်ပွားတတ်လေရကား မဖြစ်စေရန် မေတ္တာဘာဝနာ သမထတရားဖြင့် ငြိမ်းအေးစေရန်မှာ မိမိအလှူအား အလှူခံလာသူ ဟူသမျှနှင့် ဝိုင်းဝန်းကူညီလာသူဟူသမျှတို့ကို အာရုံစူးစိုက်လျက် ဩော်—မိမိလှူဒါန်းလိုရာ အခါမှာ အလှူခံပုဂ္ဂိုလ်များ ထင်ရှားစွာ ချီးမြှောက်တော်မူကြပါတကား၊ ဤအလှူကား မိမိတဦးတည်း မစွမ်းနိုင်၊ ဝေယျာဝစ္စကုသိုလ်ဖြင့် ကူညီကြပါပေတကား၊ ဤအလုံးစုံသောကူညီကြသူနှင့်တကွ အလှူခံပုဂ္ဂိုလ်ဟူသမျှတို့သည် ဤအလှူဒါနကို အလှူခံယူသုံးဆောင်တော်မူကြကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ချမ်းသာကြသည်ဖြစ်၍ သီလသာသနာ,သမာဓိ

သာသနာ, ပညာသာသနာ ဟုဆိုအပ်သော သာသနာတော် သုံးရပ်ကို ကိုယ်တိုင်အားပေး ချီးမြှောက်နိုင်ကြ ပါစေ,ဟု မေတ္တာပြုပါက သမထဉာဏ်နှင့် ယှဉ်သော တိဟေတုက, ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်ပေသတည်း။

---

## ဒါနက သံသရာကို ရှည်စေပါသလား?

တံ ပရိစ္စာဂလက္ခဏံ၊ ဒေယျဓမ္မေ လောဘဝိဒ္ဓံသနရသံ၊ အနာသတ္တိပစ္စုပဋ္ဌာနံ, ဘဝဝိဘဝသမ္ပတ္တိပစ္စုပဋ္ဌာနံဝါ၊ ပရိသင်္ဂတဗ္ဗဝတ္ထုပဒဋ္ဌာနံ, သဒ္ဒေယျဝတ္ထုပဒဋ္ဌာနံဝါ။

တံ၊ ထိုဒါနသည်။ ပရိစ္စာဂလက္ခဏံ၊ လွှတ်လွှတ်စွန့်ကြဲခြင်းလက္ခဏာရှိ၏။ ဒေယျဓမ္မေ၊ လှူဘွယ်ဝတ္ထု၌။ လောဘဝိဒ္ဓံသနရသံ၊ တွယ်တာကပ်ငြိတတ်သောလောဘကိုဖျက်ဆီးခြင်းကိစ္စရှိ၏။ အနာသတ္တိပစ္စုပဋ္ဌာနံ၊ အလှူဝတ္ထု၌ မကပ်ငြိသော စိတ်လျှင် ထင်သောအခြင်းအရာရှိ၏။ ဝါ၊ တနည်းကား။ ဘဝဝိဘဝသမ္ပတ္တိပစ္စုပဋ္ဌာနံ၊ ဘဝသမ္ပတ္တိ, ဝိဘဝသမ္ပတ္တိလျှင် ထင်သော အခြင်းအရာရှိ၏။ပရိသင်္ဂတဗ္ဗဝတ္ထုပဒဋ္ဌာနံ၊စွန့်ကြဲအပ်သောဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏။ ဝါ၊ တနည်းကား။ သဒ္ဒေယျဝတ္ထုပဒဋ္ဌာနံ၊ ကြည်ညိုဘွယ်သော အလှူခံပုဂ္ဂိုလ်လျှင် နီးစွာသောအကြောင်းရှိ၏။

ဤအရာ၌ ဒါနက သံသရာကို ရှည်စေတယ်ဟု ယူဆကြရာဝယ် စီစစ်ဝေဘန်၍ပြအံ့။

(၁) ဒါန၏ သဘောလက္ခဏာသည် အလှူဝတ္ထုကို လွှတ်လွှတ်စွန့်ကြဲခြင်းမျှသာတည်း။

(၂) ဒါန ဆောင်ရွက်မည့်ကိစ္စက တွယ်တာ ကပ်ငြိ တတ်တဲ့ လောဘတဏှာကို သတ်ဖြတ်ဖျက်ဆီးခြင်းကို နိုင်နင်းစွာဆောင်ရွက်၏။

(၃) ဒါန၏ တိုက်ရိုက်ခံစားရန်အကျိုးက အလှူဝတ္ထု၌ မကပ်ငြိသောစိတ်ဖြစ်ခြင်းအကျိုး, နောက်တခုက, "ဘဝသမ္ပတ္တိ, ဝိဘဝသမ္ပတ္တိ" ဘဝ၏ပြည့်စုံခြင်း, ဝိဘဝခေါ် မဂ်, ဖိုလ်, နိဗ္ဗာန်၏ပြည့်စုံခြင်း အကျိုးကို ရစေ၏။

(၄) ဒါန၏ ဖြစ်ရခြင်းအကြောင်းက ဒါနဝတ္ထုလျှင်နီးစွာသောအကြောင်း, နောက်တခုက ကြည်ညိုဘွယ်သော အလှူခံပုဂ္ဂိုလ်လျှင် နီးစွာသောအကြောင်းရှိ၏။

ဤသို့လျှင် လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် "ဝါ" သဘော,ကိစ္စ, အကျိုး, အကြောင်း,တို့ကို ဝေဘန်ကြည့်ရာ ဒါနက သံသရာကို ရှည်စေနိုင်သော သတ္တိတစုံတခုမျှ ရှာဖွေ၍မရ၊အမှန်ကိုဆိုရလျှင် ဒါနကိုပြုကြရာ တဏှာလောဘက,မြှောင်ပြီး အချောင်အားဖြင့် လူ့ဘဝ, နတ်ဘဝ စသော ဝဋ်နယ်ထည်း လယ်လိုသောဆန္ဒ,ဝဋ်ဒုက္ခကို နားမလည်မှုကြောင့် တဏှာဆွဲဆောင်သမျှ ရှည်မြောရသည်၊ဒါနကြောင့်မဟုတ်၊ ဒါနကား နှစ်ဘက်ရ, ဝဋ်ကိုလိုက ဝဋ်ကိုရ၏၊ ဝဋ်ကင်းရာ နိဗ္ဗာန်လိုက နိဗ္ဗာန်ကိုလည်း ရနိုင်၏၊ မိမိစိတ်သာ ပဓာန,ရှည်လိုကရှည်,တိုလိုကလဲတိုစေနိုင်သည်ဟု သေချာတတ်အပ် ဆုံးဖြတ်၍ မှတ်သားအပ်၏။

## ရည်မှန်း တောင့်တ ပြုလုပ်ကြ

ယဿ ဟိ ပဥ္စဓမ္မာ အတ္ထိ န ပတ္ထနာ တဿ
ဂတိ အနိဗဒ္ဓါ၊ ယဿ ပတ္ထနာ အတ္ထိ န ပဥ္စဓမ္မာ
တဿ ပိ အနိဗဒ္ဓါ၊ ယေသံ ဥဘယံ အတ္ထိ တေသံ
ဂတိ နိဗဒ္ဓါ။

[ဥပရိပဏ္ဏာသ အဋ္ဌကထာ]

ဟိ၊ထိုစကားသင့်စွ။ယဿ၊အကြင်ပုဂ္ဂိုလ်အား။ပဥ္စဓမ္မာ၊ သဒ္ဓါ,သီလ,သုတ, စာဂ, ပညာ,ဟုဆိုအပ်ကုန်သော ငါးပါး သော တရားတို့သည်။ အတ္ထိ- သန္တိ၊ ရှိကုန်၏။ ပတ္ထ-နာ၊ ရည်မှန်း တောင့်တခြင်းသည်။ န၊မရှိ။တဿ၊ ထိုသူအား။ ဂတိ၊ လားရာ ဂတိသည်။အနိဗဒ္ဓါ၊မမြဲပေ။

ယဿ၊အကြင်ပုဂ္ဂိုလ်အား။ပတ္ထနာ၊ ရည်မှန်း တောင့်တ ခြင်းသည်။အတ္ထိ၊ရှိ၏။ပဥ္စဓမ္မာ၊သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ, ဟုဆိုအပ်ကုန်သော ငါးပါးသော တရားတို့သည်။န၊မရှိကုန်။ တဿပိ၊ ထိုသူအားလည်း။ ဂတိ၊ လားရောက်ရာဂတိသည်။ အနိဗဒ္ဓါ၊ မမြဲပေ။

ယေသံ၊ အကြင်သူတို့အား။ ဥဘယံ၊ ဆိုပြီးဥဿုံ အလုံးစုံ သော, ပတ္ထနာ, ပဥ္စဓမ္မ, ၆ပါးစုံသည်။ အတ္ထိ၊ ရှိ၏။ တေသံ၊ ထိုသူတို့အား။ ဂတိ၊ လားရာဂတိသည်။ နိဗဒ္ဓါ၊ မုချ မခွေ မြဲရပေတော့၏။

ဤအရာ၌ အချို့သူတို့ကား သူတော်ကောင်းတရားကို,ကိုယ် ဝယ်ထားကာ ကျင့်ကြံပါလျက် ရည်ရွယ်ချက်ကားမရှိ၊အချို့ သူတို့မှာကား ရည်ရွယ်ချက်သာထား၍ သူတော်ကောင်း တရားကိုတော့ မကျင့်ကြံ မပွါးများလေ၊ ထိုသူ၂-ဦးလုံးပင်

လားရာဂတိ အတည်မရှိသေးပေ၊ အချို့သူတို့သည်ကား ရည်ရွယ်ချက်ရော, သူတော်ကောင်းတရားပါ ၂–ပါးစုံညီညာဖြည့်ကျင့်၏၊ထိုသူတို့သည်သာ လားရာဂတိအတည်ရှိ၏၊ထို့ကြောင့် မိမိတို့လိုလားရာတဌာန ရည်မှန်းတောင့်တကြရာ၏။

တသ္မာ ကုသလံ ကမ္မံ ကတွာ ဧကေသ္မိံ ဌာနေ
ပတ္ထနံ ကာတုံ ဝဋ္ဋတိ။ [ဓုင်းအဋ္ဌကထာ]

တသ္မာ၊ထို့ကြောင့်။ ကုသလံကမ္မံ၊ ကုသိုလ်ကောင်းမှုကို။ ကတွာ၊ပြုသည်ရှိသော်။ ဧကေသ္မိံ ဌာနေ၊ ဗောဓိဆုမြတ် သုံးပါးတို့တွင် တပါးပါးသော ဆုမြတ်အရာ၌။ ပတ္ထနံ၊ရည်မှန်းတောင့်တခြင်းကို။ ကာတုံ၊ပြုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်မြတ်လှ၏။

မှန်ပေ၏၊ရည်မှန်းချက်မရှိသောအလုပ်မျိုးကား သဘာဝမကျပေ၊ ထို့ကြောင့် "သမ္မာသမ္ဗောဓိဆု, ပစ္စေကဗောဓိဆု, အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကဗောဓိဆု,ဟုဆိုအပ်သော ဗောဓိဆုမြတ်အပေါင်းတို့တွင် မိမိနှစ်ထောင်းအားရသဘောကျသော ဆုမြတ်တပါးပါးကို ရည်မှတ်တောင့်တပြီးကာ ဒါန,သီလ,ဘာဝနာတို့ကို လေ့လာပွားများအားထုတ်ကြကုန်ရာ၏။

---

## ဗောဓိသုံးပါး ဆုတောင်းကား

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတုတိ
ဝိဝဋ္ဋနိဿိတဝသေန ပတ္ထပိတံ သမ္မာသမ္ဗောဓိ ဉာ-
ဏမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သာဝကဗောဓိဉာ-
ဏမ္ပိ အာဝဟတိ။

[သုတ္တသင်္ဂဟအဋ္ဌကထာ]

မေ၊ငါ၏။ ဣဒံပုညံ၊ ဤဒါနအစရှိသော ကုသိုလ်သည်။ အာသဝက္ခယံ၊ကာမဂုဏ်၌ တပ်နှစ်သက်တတ်သော ကာမာသဝ,ဘုံသုံးပါး၌ မွေ့လျော်တတ်သော ဘဝါသဝ, ငါ့ကိုယ်, ငါ့ဟာ,ငါ့ဥစ္စာဟု မြဲစွာမပြတ် ထင်မှားတတ်သောဒိဋ္ဌာသဝ, သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် မသိမြင်အောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာသဝ, တည်းဟူသော အာသဝေါတရား လေးပါးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့။ ဝဟံ-ဝဟန္တော၊ရွက်ဆောင်နိုင်သည်။ ဟောတု-ဘဝတု၊ ဖြစ်စေသတည်း။ ဣတိ၊ဤသို့။ ဝိဇ္ဇမ္ဘနိဿိတဝစနေသန၊ ဝဋ်ဆင်းရဲ၏ ကင်းလွတ်ရာနိဗ္ဗာန်ကို မှီသည်၏အစွမ်းအားဖြင့်။ ပတ္ထိတံ၊ တောင့်တအပ်၏။ဇဝံ၊ဤသို့ တောင့်တအပ်သည်ရှိသော်။ သမ္မာသမ္ဗောဓိဉာဏမ္ပိ၊ သမ္မာသမ္ဗောဓိဉာဏ်ကိုရင်း။ ပစ္စေကဗောဓိဉာဏမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကိုရင်း။ သာဝကဗောဓိဉာဏမ္ပိ၊ အဂ္ဂသာဝကဗောဓိ, မဟာသာဝကဗောဓိ, ပကတိသာဝကဗောဓိဉာဏ်ကိုရင်း။ အာဝဟတိ၊ဆောင်စွမ်းနိုင်၏။

[ဥပနိဿယပစ္စည်းတပ်]

---

## အမြတ် ဒါန သဘာဝ

ဒါနံ သဂ္ဂဿ သောပါဏံ၊ဒါနံ ပါထေယျမုတ္တမံ၊
ဒါနံ ဥဇုဂတံ မဂ္ဂံ၊ ဒါနံ မောက္ခပဒံ ဝရံ။

[ဓမ္မပဒပါဠိတော်]

ဒါနံ၊ လှူဒါန်းပါကြ မြတ်ဒါနသည်။သဂ္ဂဿ၊နတ်ပြည်၏။ သောပါဏံ၊ စောင်းတန်းလှေကားကြီးမည်ပါပေ၏။ ဒါနံ၊ သည်။ ဥတ္တမံ၊မြတ်လှစွာသော။ ပါထေယျံ၊ ရိက္ခာထုပ်ကြီး

မည်ပါပေ၏။ ဒါနံ၊သည်။ ဥဇုဂတံမဂ္ဂံ၊ ဖြောင့်မတ်သော သုဂတိလမ်းမတော်ကြီးမည်ပါပေ၏။ဒါနံ၊သည်။ ဝရံ၊မြတ်လှစွာသော။မောက္ခပဒံ၊ နိဗ္ဗာန်သို့ရောက်ကြောင်း တရားကောင်းကြီးမည်ပါပေသတည်း။

[မှတ်ချက်] ခရီးသွားရာ၊ရေမပါ၊နွေခါမှ သိရာ၏၊
ဒါနမပါ၊သံသရာ၊သေခါမှ သိရာ၏။

---

## ယောကျ်ားဘဝ ဖြစ်လိုက

ဤအရာဝယ် အဆင်ခြင်ဉာဏ် ကြွယ်ဝကြသောမိန်းမများသည် မိမိတို့၏ ရလာကြသော မိန်းမဘဝသည်—

(၁) လစဉ်လတိုင်း ဓမ္မတာပန်းပွင့်ရခြင်း,
(၂) အချိန်ရောက်ကခင်ပွန်းလင်နောက်သို့လိုက်ရခြင်း,
(၃) ခင်ပွန်းလင်၏အလိုလိုက်ကာ ရှုပ်ဇထွေးပူဆာ,ခြေရင်းမှာ လုပ်ကျွေးရခြင်း,
(၄) သားသန္ဓေကို မဖွယ်မရာရှက်ဖွယ်ရာလွယ်ရခြင်း,
(၅) ကိုးလလွန်ငြားက အသက်တဖျား မီးရှူးသန့်စင်ဖွားမြင်ရခြင်း—

ဤသို့ယောကျ်ားများနှင့်မတူ တမူသီးချား"အာဝေဏိကဒုက္ခ"ငါးပါးတို့ကို ခံစားရသည့်ပြင် အရာရာမှာ အောက်တန်းကျရသည်ကို သိမြင်ကြကာ မြင့်မြတ်သော ယောကျ်ားဘဝကို ရလိုရှာကြ၏၊ထိုသို့ရလိုပါက, ဒါနစသော ကောင်းမှုတို့ကိုပြုလုပ်ကြကာ မိန်းမအဖြစ်၌ နှစ်သက်မှုအလိုဆန္ဒကို ကင်းစေ၍"ပြုပြုသမျှ ကောင်းမှုကံသည် ယောကျ်ားဘဝကို ရစေခြင်းငှါ ဖြစ်ပါစေသတည်း"ဟု ဆုတောင်းမှုကိုပြုခြင်း,မိမိ

လင်သားကို နတ်နှင့်တမူ မှတ်ယူလေးစား ဝတ္တရားနှင့်အညီ ချစ်ကြည်လှစွာ ပြုစုခြင်း,အမှုတို့ကို ပြုကြရာ၏။
[သာရတ္ထသင်္ဂဟ,ဓမ္မပဒ,အဋ္ဌကထာ]

ထိုမှတပါး ယောကျာ်းအဖြင်ကို ထောက်ပံ့တတ်သော တရားများကို ဖြည့်ကျင့်ရာ၏။ [သုတ်ပါထေယျအဋ္ဌကထာ]

တနည်းအားဖြင့် သူ့သားအိမ်ရာရှောင် ဥပုသ်သုံးမှုကို တတ်အားသမျှပြု, ယောကျာ်းဘဝ တောင့်တကြရာ၏။

[သာရတ္ထသင်္ဂဟ]

မှန်လှပေ၏၊ ကပ္ပါတသိန်း ပါရမီကိုဖြည့်ကျင့်၍ မြတ်သောသာဝကဖြစ်ရမည့် ရှင်အာနန္ဒာအလောင်းတော်သော် မှလည်းနစဉ်အခါ ပန်းထိမ်သည်အမျိုးမှာဖြစ်စဉ်သူတပါး, သားမယား, ပြစ်မှားကျူးလွန်မိသောကြောင့် အနှစ်တသိန်း ငရဲကျကာငရဲမှလွတ်လာပြန်သော် အကုသိုလ်ကံအကျိုးကြွင်း ဖြင့် တဆဲ့လေးဘဝ မိန်းမဖြစ်ရခြင်း,ခုနစ်ဘဝ, အသိုးထုတ် အမျိုး၌ဖြစ်၍ သူတပါးတို့ အနှိပ်အစက်ကို ခံရခြင်းကို ဖြစ်ရလေ၏။ [ငင်း]

[**မှတ်ချက်**] မိန်းမ,ဖြစ်ရခြင်းကား သူ့သားမယားကိုပြစ်မှား ကျူးလွန်ခြင်း၏အပြစ်သာတည်း။

ယော ဣတ္ထေ ပုရိသော ဟောတုံ၊ ဇာတိဇာဘိပုနပ္ပုနံ။
ပရဒါရံ ဝိဝဇ္ဇေယျ၊ ဓောတပါဒေါဝ ကဒ္ဒမံ။ ။
ယာ ဣတ္ထေ ပုရိသော ဟောတုံ၊ ဇာတိဇာတိ ပုနပ္ပုနံ။
သာမိကံ အပစာယေယျ၊ ဣန္ဒံဝ ပရိစာရိကာ။ ။
[နာရဒဇာတ်ပါဠိတော်]

ယောပုရိသော၊ အကြင်ယောကျ်ားသည်။ ဇာတိဇာတိ၊ ဖြစ်တိုင်းဖြစ်တိုင်း။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ပုရိသော၊ ယောကျ်ားသည်။ ဟောတုံ၊ဖြစ်ခြင်းငှါ။ ဣစ္ဆေ၊ အလိုရှိသည် ဖြစ်ငြားအံ့။ သော ပုရိသော၊ ထိုယောကျ်ားသည်။ ပရဒါရံ၊ သူ့သားမယားကို။ ဝိဝဇ္ဇေယျ၊ ရှောင်ကြဉ်ရာ၏။ ကိမိဝ၊ ဥပမာ ပုံဆို အဘယ်လိုနည်းဟူမူကား။ ဓောတပါဒေါ၊ ခြေဆေး သုတ်သင် စင်ကြယ်ပြီးသောသူသည်။ ကဒ္ဒမံ၊ ရွှံ့ညွန်စေးကို။ ဝိဝဇ္ဇတိဣဝ၊ ရှောင်ကြဉ်သကဲ့သို့။ ပရဒါရံ၊ သူ့သားမယား ကို။ ဝိဝဇ္ဇေယျ၊ ဝေးဝေးကြီးရှောင်ကြဉ်ရာ၏။

ယာဣတ္ထိ၊ အကြင်မိန်းမသည်။ ဇာတိဇာတိ၊ ဖြစ်တိုင်း ဖြစ်တိုင်း။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ပုရိသော၊ ယောကျ်ား သည်။ ဟောတုံ၊ ဖြစ်ခြင်းငှါ။ ဣစ္ဆေ၊အလိုရှိသည်ဖြစ်ငြားအံ့။ သာဣတ္ထိ၊ ထိုမိန်းမသည်။ သာမိကံ၊ မိမိလင်ကို။ အပစာ ယေယျ၊ ရိုသေစွာလုပ်ကျွေးရာ၏။ ကိမိဝ၊ဥပမာပုံဆိုအဘယ် လိုနည်းဟူမူကား။ ဣန္ဒံ၊သိကြားမင်းကို။ ပရိစာရိကာဣဝ၊ ရိုသေကျိုးနွံ ကောင်းမွန်စွာလုပ်ကျွေးသကဲ့သို့။ ပရိစရေယျ၊ ရိုသေစွာလုပ်ကျွေးရာ၏။

ထို့ကြောင့် ရှေးဆရာမြတ်များက—

စက္ကဝတ္တိဿ မိတာပိ၊ အတိဒုက္ခာဝ ဣတ္ထိတာ။
တသ္မာ ပုရိသော ယေဝ ါဟံ၊ဘဝေယျံ ဇာတိဇာတိယံ။
[ဆုတောင်းဂါထာ]

စက္ကဝတ္တိဿ၊ လေးကျွန်းသေဌ်နင်း စကြာမင်း၏။ မိတာ ပိ၊ဒေဝါကညာ လှပရုပ်ဝါ တင့်တယ်စွာဘိ ရှုရှုမငြီး သတို့ သမီးပင်ဖြစ်သော်လည်း။ ဣတ္ထိတာ၊ အလိုရှိတတ်, အလိုရှိ

အပ် ထိုနှစ်ရပ်ကြောင့် မမြတ်ရှု့ချ မိန်းမ၏အဖြစ်သည်။ အတိဒုက္ခာဝ၊ မာတုဂါမသံယုတ် ကျမ်းရှေ့နှုတ်က,ဘွင့်ထုတ် ဖော်ပြ အာဝေဏိကငါးပါး ဒုက္ခများကြောင့် စိုးနှောင့် ဗျာပါ, အလွန်ဆင်းရဲစွာသလျှင်ကတည်း။ တဿာ၊ ဤသို့ရုံးပေါင်း ထိုအကြောင်းကြောင့်။အဟံ၊ခန္ဓပဉ္စက သမူဟကို ဂါဟစွဲဆို ကိုယ်ဟုသမုတ် အကျွန်ုပ်သည်။ ဇာတိဇာတိယံ၊ ဖြစ်လေရာ ဖြစ်လေရာ ဘဝဟူသမျှ၌။ ပုရိသောယေဝ၊ ဥတ္တမဇာတ် ယောကျ်ားမြတ်သည်သာလျှင်။ ဘဝေယျံ၊ မပြိုမပြင် မပင် မပန်း,ချမ်းသာလွယ်စွာ,ဖြစ်ပါစေသား-အရှင်ဘုရား။

[မှတ်ချက်] မိမိတို့ဖြစ်၍လာကြဘဝ၌သာ နှစ်သက်ကပ်ငြိ၍ နေတတ်ပါသော ကြောင့် စေတနာကောင်းဖြင့် အဆင်သင့်၍ ထည့်သွင်းဖော်ပြလိုက်ရပေ၏။

---

## သတိရှိကြစေ

(၁) ပညာကို သဒ္ဓါစောင့်မှ, သဒ္ဓါကို ပညာစောင့်မှ, လမ်းဖြောင့်မည်။

(၂) ဉာဏ်ပင်ထက်သော်လည်း သဒ္ဓါဖက်မှ သဒ္ဓါပင်ထက်သော်လည်း ဉာဏ်ဖက်မှ ကောင်းတတ်သည်။

(၃) ဉာဏ်ပင်ရှိငြား,သဒ္ဓါပါးက,ဉာဏ်အဖျားကောက်တတ်သည်။

(၄) သဒ္ဓါစိတ်က, ကုသိုလ်ကိုချစ်သည်၊ ပညာစိတ်က, ကောင်း,မကောင်းကို ရွေးချယ်စိစစ်သည်။

(၅) ဉာဏ်အမြင်နဲ့, သဒ္ဒါကဲက, အလွဲလွဲဖြစ်တတ်သည်၊ ဉာဏ်အမြင်ကဲ့, သဒ္ဒါမွဲက,ကုသိုလ်အဖြစ်နဲ့တတ်သည်။

(၆) သဒ္ဒါနှင့်ဉာဏ်, နှစ်ပါးစုံသန်မှ, လမ်းမှန်သို့ ကျမည်တည်း။

ဒါနပုညကြိယဝတ္ထုပြီး၏။

[မှတ်ချက်] သီလပုညကြိယဝတ္ထုကား သီလခဏ်းမှာ ပြခဲ့ပြီ၊ ဘာဝနာကို ဝိပဿနာခဏ်းမှ ပေါင်း၍ပြအံ့။

## အပစာယန သဘာဝ

ဤအရာ၌ ရှိသေတုတ်ဝပ်ခြင်း "အပစာယန"သည်—

(၁) ဝိသေသ အပစာယန,

(၂) သာမည အပစာယန—

ဟူ၍ ၂-ပါးအပြားရှိ၏။

ထင်ရှားစေအံ့—

(၁) သာသနာတော်တွင်းမှသာ တွေ့ကြုံရပါသော ရတနာသုံးပါးတို့ကို ရှိသေမြတ်နိုး ရှိခိုးပူဇော် ကော်ရော်လေးမြတ်တုပ်ပျပ်ဝပ်တွား ခစားညွတ်ကိုင်း ရှိုင်းဝှမ်းကြည်ညိုခြင်းသည် ဝိသေသ အပစာယန မည်၏၊

(၂) အသက်အရွယ်,အကျင့်သီလ,စသည်ကြီးမြတ်သောအဖြစ်ဟူသော "ဂုဏ,ဝယ,ဝုဍ္ဎဘော,ဂုဏ်"၊မိဘ,ဘိုးဘွား, မိကြီး,မိထွေး,ဘကြီး,ဘထွေး, ဦးရီး,ဦးလေး အကို,အစ်မ,စသောအဖြစ်ဟူသောကုလဇေဋ္ဌဘော,ဂုဏ်၊အတတ်ပညာ,သင်ကြားပြသ,ဆုံးမပေးသော ဆရာစသော အဖြစ်ဟူသော အာစရိယသိက္ခိတဘော,ဂုဏ်၊ ဤသို့ဆိုအပ်ပြီးသော ဂုဏ်နှင့်ပြည့်

စုံသော သူတို့အား အရှိအသေ,အလေးအမြတ် တုပ်ပျပ်ညွှတ်လျှိုး ရှိခိုးကော်ရော် ပူဇော်ခစား ဝပ်တွား ဆည်းကပ်ခြင်းသည် သာမည,အပစာယန မည်၏။

## ဝပ်တွား ညွှတ်ခ ရိုသေကြ

မေး။ ။ဘုရား,သံဃာ,ဆရာသမား၊ ထံတော်ပါး၊ ခစား ဘယ်သို့ ဝင်မည်နည်း။

ဖြေ။ ။လက်ကန့်တော့ထိုး၊ လက်အုပ်မိုး၊ ညွှတ်လျှိုးဝင်ပါမည်။

မေး။ ။ဝပ်ချခဲ့သော်၊ တည်ငါးဘော်၊ ညီလျော်ဘယ်သို့ ချမည်နည်း။

ဖြေ။ ။နဖူး, ဒူး,လက်၊ မြေထက်ကျပြား၊ တည်ခြင်းငါး၊ ဝပ်တွားချပါမည်။

မေး။ ။အဘယ်ရပ်များ၊ ရှောင်ကာရှား၊ ခစားရမည်နည်း။

ဖြေ။ ။နီး,ဝေး, မြင့်ရာ၊ ထက်လေညာနှင့်၊ မျှော်သာ, နောက်ပါး၊ အရပ်များ၊ရှောင်ရှားရပါမည်။

မေး။ ။အဘယ် တရား၊ ကိုယ်တွင်းထား၊ ခစားရမည်နည်း။

ဖြေ။ ။နူးသေချစ်ကြင်၊ ကြည်လင်လိုအပ်၊ လေးမြတ်တရား၊ ကိုယ်တွင်းထား၊ ခစားရပါမည်။

မေး။ ။မေးသောခါဝယ်၊ ယဉ်ကျေးဘွယ်၊ ဘယ်သို့ ပြောမည်နည်း။

ဖြေ။ ။ဘုရား, တယ်, ကိုဖျောက်၊ ပါ, ကိုလျောက်၊ ပြန်လျှောက်ပြောပါမည်။

မေး။ ။ဆရာသမား၊ ခွင့်လွှတ်ငြား၊ ထသွားဘယ်သို့ ပြုမည်နည်း။

ဖြေ။ ။တည်ခြင်းငါးဖြာ၊ ညီညာဝပ်ချ၊ နောက်ဆုတ်ထ၊ တုပ်ကွလက်အုပ်ချီပါမည်။

မေး။ ။မိမိနေရာ၊ ထေရ်သံဃာ၊ ကြွလာဘယ်သို့ ပြုမည်နည်း။

ဖြေ။ ။ရှေးရှုထ,လျှက်၊လက်အုပ်ချီကာ၊ နေရာခင်းပေး၊ အကြောင်းမေး၊ မြတ်လေးရိုသေပြုပါမည်။

မေး။ ။လမ်းသွား,လမ်းလာ၊ထေရ်သံဃာ၊ တွေ့ခါဘယ်သို့ ပြုမည်နည်း။

ဖြေ။ ။အခွင့်သာလျှင်ထိုင်၊ မထိုင်သာလျှင်လက်အုပ်မိုး၊ ရှိခိုးလမ်းဖယ် သွားပါမည်။

မေး။ ။ရဟန်းသင်္ဃာ၊ တွေ့သောခါ၊ ဦးစွာ ဘယ်သို့၊ လျှောက်မည်နည်း။

ဖြေ။ ။လိုရာ တောင်းနှုန်၊ ဆုံးမရန်၊ ဘိတ်မန် လျှောက်ပါမည်။

မေး။ ။ဘုရား,သင်္ဃာ၊ရှေ့တော်မှာ၊ ကောင်းစွာဘယ်သို့ ပြုမည်နည်း။

ဖြေ။ ။မျက်လွှာချလျှက်၊ လက်အုပ်ယှက်၊ နှစ်ဘက်ဒူး ပေါ် ထားပါမည်။

မေး။ ။ရိုသေနည်းပါး၊ ကိုယ်တော်စား၊ စကားဘယ်သို့ သုံးမည်နည်း။

ဖြေ။ ။ဦးပဉ္ဇင်း, ကိုရင်၊ အရှင်, ဘုန်းကြီး၊ တသီး ဆရာ တော်၊ ဤငါးဘော်၏၊ နောက်သော်ဘုရား၊ ထည့်ဆက်ငြား၊ လျှောက်ထားခေါ်ဆို ရပါမည်။

မေး။ ။လျှောက်ထားဘွယ်၊ သွယ်သွယ် စကား၊ နောက်ဆွယ်ဖျား၊ စကားဘယ်သို့ ထည့်မည်နည်း။

ဖြေ။ ။လျှောက် ထားဘွယ်၊ သွယ်သွယ် စကား၊ နောက်ဆွယ်ဖျား၊ ပါဘုရားကို ထည့်ပါမည်။

မေး။ ။စားဘွယ်သုံးရာ၊ အဖြာဖြာ၊ ကောင်းစွာဘယ်သို့၊ ကပ်မည်နည်း။

ဖြေ။ ။နှစ်တောင် ထွာတွင်း၊ ဝဲဘက် ချင်းလျက်၊ ဒူးစုံယှက်၊ နှစ်ဘက် ကပ်ပါမည်။

မေး။ ။ထိုထိုအရာ၊ ပေးသောခါ၊ ကောင်းစွာ ဘယ်သို့၊ ယူမည်နည်း။

ဖြေ။ ။ကိုယ်ကိုညွတ်လျက်၊ လက်အုပ်ယှက်၊ နှစ်ဘက် ယူပါမည်။

မေး။ ။ကပ္ပိယဒကာ၊ လျှောက်သောခါ၊ ကောင်းစွာဘက်သို့၊ လျှောက်မည်နည်း။

ဖြေ။ ။အပ်သောအရာ၊ တောင်းခံပါ၊ လိုရာ ညွှန်ဘို့၊ လျှောက်ပါမည်။

[လျှောက်ပုံ] ၁၀-တန်ဆွမ်းစသော ပစ္စည်းများကို အလိုရှိသောအခါ တောင်းတော်မူပါဘုရား၊ လိုချီရာအရပ်ကိုညွှန်ပြတော်မူပါဘုရား။

မေး။ ။ကပ္ပိယဒကာ၊ လှူသောခါ၊ ကောင်းစွာဘယ်သို့၊ လျှောက်မည်နည်း။

ဖြေ။ ။ကပ္ပိယဒကာ၊ သနားပါ ဦးစွာလျှောက်ပါမည်။ အပ်သောအရာ၊ သူ့ထံမှာ၊ တောင်းပါလျှောက်ပါမည်။

[လျှောက်ပုံ]ကပ္ပိယဒကာ သနားတော်မူပါဘုရား၊အရှင်ဘုရား၏ ကပ္ပိယဒကာ (မောင်ဖြူ)ထံ ၁၀-တန် အပ်သောပစ္စည်းများကို အလိုရှိသောအခါ တောင်းတော်မူပါဘုရား။

မေး။ ။ပစ္စည်းလေးပါးဒကာ၊ ဘိတ်သောခါ၊ ကောင်းစွာဘယ်သို့ လျှောက်မည်နည်း။

ဖြေ။ ။လောကီ, လောကုတ္တရာ၊ ဆုံးမပါ၊ လိုရာတောင်းဘို့ လျှောက်ပါမည်။

[လျှောက်ပုံ] ဘုရားတပည့်တော် (ခမောင်ဖြူ)ပါဘုရား၊ အလိုရှိသော ပစ္စည်းများကို တောင်းတော် မူပါဘုရား၊ လောကီ, လောကုတ္တရာ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူပါဘုရား၊ တပည့်ဒကာ အမှာတော်ပြုတော်မူပါဘုရား။

မေး။ ။မိခင် ဘခင်၊ကျေးဇူးရှင်၊ထွက်ဝင်ဘယ်သို့ ပြုမည်နည်း။

ဖြေ။ ။ဘုရားအသွင်၊ ရှိဦးတင်၊ ထွက်ဝင်ပြုပါမည်။

မေး။ ။လူကြီးမိဘ၊ တွေ့ဆုံက၊ တုပ်ကွဘယ်သို့၊ ပြုမည်နည်း။

ဖြေ။ ။ရိုသေလေးစား၊ ကိုယ်ညွှတ်တွား၊ ရှောင်ရှားပေးပါမည်။

မေး။ ။အိပ်ရာဝင်လျှင်၊မအိပ်ခင်၊ နေ့စဉ်ဘယ်သို့၊ ပြုမည်နည်း။

ဖြေ။ ။ရတနာသုံးဖြာ၊ ဆရာ,မိဘ၊ ရှိဦးချ၊ သီလ ယူပါမည်။

ဤသို့တရား၊ ကျင့်ဝတ်များ၊ လေးစားရပါမည်။

---

## ဝပ်တွားညွှတ်ခ အကျိုးပြ

ပူဇာရဟေ ပူဇယတော ဗုဒ္ဓေဝါ ယဒိ သာဝကေ။
ပပဉ္စ သမတိက္ကန္တေ၊ တိဏ္ဏသောကပရိဒ္ဒဝေ။ ။
တေ တာဒိသေ ပူဇယတော၊နသက္ကာ ပုညံ သင်္ခါတုံ။
ယမေတ္တမပိ ကေနစိ၊ စတုန္နံ ဒီပ ဒီပါနံ။ ။
ဩသဓိ ယော ကာဝယော၊ကော်ဆာ ပူဇနာ ယေကံ။
ကလံ နဂ္ဃတိ သောဠသိံ။ ။

[အပဒါန်ပါဠိတော်]

ပူဇာရဟေ၊ပူဇော်ခြင်းငှါထိုက်ကုန်သော။ပပဉ္စသမတိက္ကန္တေ၊ သံသရာဝဋ်ကို ချဲ့တတ်ကုန်သော တဏှာ, မာန, ဒိဋ္ဌိ တည်းဟူသော ပပဉ္စတရား သုံးပါးကို လွန်ကုန် ပြီးသော။ တိဏ္ဏသောကပရိဒ္ဒဝေ၊ ကူးမြောက် ပြီးသော စိုးရိမ်ခြင်း, ငိုကြွေးခြင်း ရှိကုန်သော။ ဗုဒ္ဓေဝါ၊ မြတ်စွာဘုရား တို့ကိုဇငါး။ ယဒိ၊ ထိုမျှ။သာဝကေဝါ၊ တပည့် သားတို့ကိုဇငါး။ ယော၊ အကြင်သူသည်။ ပူဇယတေ၊ ပူဇော်၏။ တာဒိသေ၊ ထိုသို့ပူဇော်ထိုက်သော သဘောရှိကုန်သော။ တေ၊ ထိုရတနာမြတ် တို့ကို။ ပူဇယတော၊ ပူဇော်သော။ တဿ၊ ထိုသူ၏။ ယံပုညံ၊ အကြင်ကောင်းမှုသည်။ အတ္ထိ၊ ရှိ၏။ တံပုညံ၊ ထိုကောင်းမှု အကျိုးကို။ ဣဒ္ဓေသဒေဝကေ၊ ဤနတ်နှင့် တကွသောလူ၌။ ကေနစိအပိ၊ တစုံတယောက်သော သူသည်။ သင်္ခါတုံ၊ ရေတွက်ခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။ ကသ္မာ၊အဘယ် ကြောင့်။ သင်္ခါတုံ၊ရေတွက်ခြင်းငှါ။နသက္ကာ၊ မတတ်ကောင်း သနည်း။ဟိယသ္မာ၊အကြင်ကြောင့်၊ ဣဓ၊ဤလောက၌။ ယော၊ အကြင်သူသည်။ စတုန္နံဒီပဒီပါနံ၊ ကျွန်းကြီး လေးကျွန်း တို့ကိုလည်း။ ဩသဓိ၊ အစိုးရခြင်း မင်းအဖြစ်ကို။ ကာရ

ယေ၊ ပြုရာ၏။ တသာ၊ထိုသူ၏။ တံကရဏံ၊ ထိုလေးကျွန်း သနင်း မင်းအဖြစ်ကို ပြုရခြင်းသည်။ ကေိဿ ပူဇနာယ၊ ရတနာ သုံးပါးတို့အား တကြိမ်တခါ ပူဇော်ရခြင်း၏။ ဖလံ၊ အကျိုးကို။ သောဠသိံ၊ နှစ်ရာ့ငါးဆယ် ခြောက်စိပ်ကို။ ကတ္ဝာ၊ ပြု၍၊ ကေ ကလံ၊ တစိပ်ကိုမျှ။ နဂ္ဃတိ၊ မမှီနိုင်။ တသ္မာ၊ ထို့ကြောင့်။ သဒ္ဓါတုံ၊ ရေတွက်ခြင်းငှာ။ နသက္ကာ၊ မဟတ်ကောင်း ပေသတည်း။

ဤကား ရတနာသုံးပါးအား တကြိမ်တခါ ပူဇော်ရသည်၏ အကျိုးတည်း၊ အဓိပ္ပါယ်ထင်ရှား၏။

---

## နှစ်ပါးမိဘ လုပ်ကျွေးကြ

## သားသမီးကျင့်ဝတ် ၅-ပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ် သားတို့တာ။

[သိင်္ဂါလောဝါဒသုတ်မှ]

(၁) မိဘတို့အား လုပ်ကျွေးခြင်း,

(၂) မိဘတို့၏အမှုကိစ္စတို့ကို ဆောင်ရွက်ခြင်း,

(၃) မိဘစကားကို နားထောင်၍ မိဘအမွေကို ခံထိုက်အောင် ပြုလုပ်ခြင်း, (မိဘစကား နားမထောင်က အမွေမခံထိုက်ဟူလို။)

(၄) မိဘသေဆုံးသောအခါ ဒါနပြု၍အမျှပေးဝေခြင်း,

(၅) အမျိုးအနွယ်ကို စောင့်ရှောက်ခြင်း၅-ပါးတည်း။

## မလုပ်ကျွေးက အပြစ်ရ

မာတရံ ပိတရဥ္စာပိ၊ ဇိဏ္ဏကံ ဂတယောဗ္ဗနံ။
ပဟု သန္တော နဘရတိ၊တံ ဇညာ ဝသလောဣတိ။ ။
[ဝသလသုတ်]

ယော၊ အကြင်သူသည်။ ဇိဏ္ဏကံ၊ အားအင် ယိုယွင်း အိုမင်းလေပြီးသော။ ဂတယောဗ္ဗနံ၊ သက်ရွယ်ရေ>ရင့် ကြီး မြင့်လေပြီးသော။ မာတရဥ္စ၊ အမိကိုငှင်း။ ပိတရဥ္စ၊ အဘကို ငှင်း။ ပဟု၊ ပြုစုပိုက်ထွေး လုပ်ကျွေးခြင်းငှာ စွမ်းနိုင်သည်။ သန္တော၊ ဖြစ်ပါလျက်။ နဘရတိ၊ ပြုစုပိုက်ထွေး မလုပ်ကျွေး ပေ။ တံ၊ ထိုကျွေးမွေးနိုင်အား ရှိလျက်သားလည်း တရားမမှီး မှေလျော့သီး၍သက်ကြီးအိုမင်း မိဘရင်းအား ခစားပိုက်ထွေး မလုပ်ကျွေးသောသူကို။ဝသလောဣတိ၊လူယုတ်မာ လူမိုက်ကြီး ဟူ၍။ဇညာ-ဇာနေယျ၊ သိမှတ်ရာသတည်း။

ဤကဲ့သို့ မိဘနှစ်ပါးတို့အား မပြစ်မှားသော်လည်း မခစား မလုပ်ကျွေးပါက "ဝသလ"သူယုတ်မာ လူမိုက်ဟူ၍ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူပေ၏။

ထိုမှတပါး ဒွါဒသနိပါတ် မဟာကဏှဇာတ်၌လည်း ကဿပသာသနာ ကွယ်လုခါနီးနောက်ပိုင်းအခါမှာ ဘိက္ခု၊ ဘိက္ခုနီ၊ သာမဏေ၊ သာမဏေရီ၊ သိက္ခမာန်၊ ဥပါသကာ၊ ဥပါသိကာမတို့သည် မိမိတို့၏ ကျင့်ဝတ်တရား ပေါ့စား ချွတ်ယွင်း မိဘဝတ်ကင်းကြ၍ သေကြတိုင်းသော သူအများ အပါယ်သို့သာ လားကြ၍ လူ့ပြည်နတ်ရပ် ခြောက်ကပ်၍ နေလေရာ ထိုအခါတွင် ငါတို့ဘုရားလောင်း သိကြားမင်း ဖြစ်ခိုက် ကြုံကြိုက်သည်နှင့် မာတလိနတ်သားကို ခေါ်ခဲ့၍ သိကြားမင်းက မုဆိုးယောင်ဖန်ဆင်းလျက် မာတလိနတ်သား

ကိုကား ဆင်ပေါက်လောက်နီးနီး ခွေးနက်ကြီးဟန် ဖန်ဆင်း စေ၍ ဗာရာဏသီပြည် ဥသီနကမင်းထံ ချဉ်းကပ်၍ ဟောင်လေလျှင်"ဘယ်အတွက် ဟောင်ပါသနည်း''ဟု ဥသီန ကမင်းကမေးရာ သိကြားမင်းက "ငါးသားသမင် စားချင်၍ မဟုတ်၊ လူသားစားချင်၍ ဟောင်ကြောင်း''နှင့် ရဟန်းပျက် များကစ၍ မိဘကိုမလုပ်ကျွေးသူများပါ စားလိုကြောင်း။

မာတရံ ပိတရဉ္စာပိ၊ ဇိဏ္ဏကံ ဂတယောဗ္ဗနံ။

ပဟု သန္တော န,ဘရတိ၊တဒါ ကဏှော ပမောက္ခတိ။

ယော၊ အကြင်သူသည်။ ဇိဏ္ဏကံ၊ အားအင်ယိုယွင်း အိုမင်းလေပြီးသော။ ဂတယောဗ္ဗနံ၊ သက်ရွယ်ရော်ရင့် ကြီးမြင့်လေပြီးသော။ မာတရဉ္စ၊ အမိကိုငင်း။ပိတရဉ္စ၊ အဘ ကိုငင်း။ ပဟု၊ ပြုစုပိုက်ထွေး လုပ်ကျွေးခြင်းငှါ စွမ်းနိုင်သည်။ သန္တော၊ ဖြစ်ပါလျက်။ ယဒါ၊ အကြင်အခါ၌။ န,ဘရတိ၊ ပြုစုပိုက်ထွေး မလုပ်ကျွေးလေ။ တဒါ၊ ထိုအခါ၌။ မေ၊ ငါ၏။ ကဏှော၊ထိတ်လန့်ကမန်း ကြမ်းတမ်းဟောင်ဟီး ခွေးနက်ကြီး သည်။ ပမောက္ခတိ၊ ငါ၏လက်မှလွှတ်ထွက်ပြေးသွား ကောင် လုံးဝါး၍ ကိုက်စားလတံ့သတည်း။

၌အရာ၌ "ပဟုသန္တော'' အရ လုပ်ကျွေးစွမ်းနိုင်၏ဟူ သည် မျက်စိ,ခြေ,လက် ချို့ယွင်းပျက်၍ မိမိကိုယ်ကိုပင် မလုပ် ကျွေးနိုင်သောသူကို ချန်ထား၍ မာတင်းခန့်ကျန်းသောသူပင် တည်း၊ ကိုယ့်သား,မယားပို့မှ လုပ်ကျွေးရမှာမဟုတ်၊ မိဘပို့မှ သား,မယားကျွေးရမည်၊ မဇ္ဈိမတိုင်းသား ကုလားလူမျိုးများ ၏ "မျိုးကျင့်တရား "ကုလစာရိတ္တ''သည် "မာတာပိတု ဥပဋ္ဌာန'' မိဘလုပ်ကျွေးသောအရာ လွန်စွာနေရာကျသည်၊ ဗမာများတရားပျက်၏။

ထိုမှတပါး ဤဘဒ္ဒကမ္ဘာ ရှေးအခါက ဗာရာဏသီ ဗြဟ္မဒတ်မင်း ပျော်ရွှင်တတ်၍ အဘိုးအိုတို့ကို ဂျမ်းထိုးခိုင်းခြင်း, အမယ်အိုတို့ကို ဝမ်းဗိုက်ကိုဆွဲ တွန်းလှဲပြီးခါ တဖန် တစေပြီးနောက် ခြိမ်းခြောက်၍ပွတ်ခြင်း, ဆင်အို, မြင်းအို, နွားအိုတို့ကို အဘင်းအလိုက်ခိုင်းခြင်း လှည်းအိုကိုမြင်လျှင် အတင်းအဖျက်ခိုင်းခြင်း ထိုသို့ကစားတတ်မှန်းသိ၍ မင်းရှိရာ မသွားဘဲနေကြလေလျှင် အခေါ်ခိုင်း၍ ရှေးနည်းအတိုင်း အားကြီးကစားလေ၏၊ ရာဇာပဓာနသဘော မင်းပြုသော အမှုအရပ်ရပ် ဂုဏ်ရှိသည်ထင်မှတ်၍ မင်းနှင့်စပ်သော မှူးမတ်တသီး လူကြီးလူကောင်းတို့လည်း အတုလိုက်ပါ ကစားလေ့ရှိကြလေရာ ပြည်သူအများ ရှက်အားစိတ်နာလျက် ကြင်နာသနား မိဘအိုများကို တိုင်းတပါးသို့သွား၍ထားကြ ရသဖြင့် "မာတာပိတု ဥပဋ္ဌာန"မင်္ဂလာတရား ဆုတ်ယုတ် ပျက်ပြားလျက် သေတိုင်းသောလူအများ အပါယ်သို့သာ သွားကြရ၍ နတ်ပြည်မှာလျှော့ပါးရကြောင်းကို ဒုကနိပါတ် ကေဠိသီလဇာတ် အဋ္ဌကထာမှာ—

မနုဿာ လဇ္ဇန္တာ အတ္တနော မာတာပိတရော တိရောရဋ္ဌာနိ ပေသေန္တိ၊ မာတာပိတုပဋ္ဌာန ဓမ္မော ပစ္ဆိဇ္ဇိ၊ မတာမဟာ စတ္တာရော အပါယေ ပူရေန္တိ၊ ဒေဝပရိသာ ပရိဟာယန္တိ။

မနုဿာ၊ တိုင်းသူပြည်သား လူအများတို့သည်။ လဇ္ဇန္တာ၊ ရှက်နိုးစိတ်နာ မခံသာကြကုန်သည်ဖြစ်၍။ အတ္တနော၊ မိမိတို့၏။ မာတာပိတရော၊ မိအို,ဘအိုတို့ကို။ တိရောရဋ္ဌာနိ၊ ဝေးရပ်ကွာခြား တိုင်းတပါးတို့သို့။ ပေသေန္တိ၊ ဘေးရန်ကင်း အောင် ပို့ဆောင်ကြလေကုန်၏။ တေန၊ ထို့ကြောင့်။ မာတာ

ပိတုပဋ္ဌာနမဓမ္မော၊ မိဘတို့အား ခစားလုပ်ကျွေးခြင်းတရား သည်။ ပဒ္ဒုဋ္ဌာ၊ အရှင်းသတ်သတ်ကင်းပြတ်ရလေ၏။ မတာ မတာ၊ မိဘဝတ်ကင်းကွာ သေတိုင်းသေတိုင်းသော သတ္တဝါ တို့သည်။ စတ္တာရော အပါယေ၊ သုခကင်းကွာ ပယ်လေး ရွာတို့ကို။ ပူရေန္တိ၊ တင်းကျမ်းဖြိုးဝေ ပြည့်စေကုန်၏။ ဒေဝ ပရိသာ၊ နတ်ပြည်ခြောက်ရပ် ပရိသတ်တို့သည်။ ပရိဟာယန္တိ၊ တနေ့တခြား လျော့ပါးဆုတ်ယုတ်လေကုန်၏။

ထိုအခါ ငါတို့ဘုရားလောင်း သိကြားဖြစ်ခိုက် လူ့ဘုံမှ နတ်ပြည်သို့ နတ်သစ်များမရောက်သည်ကိုသိ၍ ဆင်ခြင်လေ လျှင် လူ့ပြည်တွင် သက်ကြီးအိုများကို ကစားလှေ့ရှိသောမင်း အတွက်, မိဘဝတ်ပျက်ကွက်၍ နရက်ငရဲရောက်သူ များကာ နတ်ပြည်သို့ အရောက်နဲကြောင်းကို သိလေလျှင်သူအိုအသွင် လှည်းအိုပေါ်တွင် ရက်တက်အိုးနှစ်လုံးတင်လျက် နွားအိုများ ကို တတ်ဆင်ဟန့်,ဖန်ဆင်း၍ မင်္ဂလာပွဲသဘင် မင်္ဂလာဆင် ကိုစီးကာ တန်းဆာဆင်အပ်သောမြို့တော်သို့ မင်းလှည့်လည် ၍အလာ ထိုမင်း၏ရှေ့မျက်နှာမှ မောင်းနှင်၍လာရာ ရှေ့က လှည်းကိုဖယ်ကြဟု မိန့်ဟလေလျှင် သိကြားမင်းအာနုဘော် ကြောင့် ဘုရင်မှတပါး အခြားသူများက မမြင်ပါဘုရားဟု လျှောက်ထားသံတော်ဦးတင်ခိုက် ထိုမင်းမိုက်၏အပေါ်လှည်း ကျော်ခါမောင်းလျက် ရက်တက်အိုးတို့ကို ပေါက်ခွဲသွန်ချလေ သော်ဦးခေါင်းကစ ထိုမှဉ်မှရက်တက်ရေစီးကျလျက်အရှက် ကြီးရလေ၏။

ထိုအခါမှ,သိကြားမင်းက လှည်းနွားကွယ်ဖျောက် ပြက တော့သောသိကြားအသွင်ကို မြင်စေကာ ဝရဇိန်လက်နက်ကို စွဲလျက် ကောင်းကင်မှနေ၍ အထွေထွေစကား ဟောကြား

ခြိန်းချောက်၍ အသင်မင်းလည်း မအိုပေဘူးလား၊ အဘယ့်ကြောင့် မူးရူးပျော်ပါး ကစားရသနည်း၊သင်မင်းတဦးကိုအမှီရ၍ အများအပါယ်သို့ကျချေပြီ၊ ဤအလေ့ကို မရှောင်က သင်၏ဦးခေါင်းကို ဝရဇိန်လက်နက်ဖြင့် သတ်ဖြတ်မည်ဟု ခြိမ်းချောက်ခါ နောက်မပြုရန် တားမြစ်လျက် မိဘဂုဏ်ကို ဟောပြော, သက်ရှယ်ကြီးမားသူကို ညွတ်တွား, ပိုက်ထွေးလုပ်ကျွေးခြင်းအကျိုးကိုပြ၍ သုဒဿနနတ်နန်း စံမြန်းရာဌာနသို့ ပြန်ကြွတော်မူလေသတည်း။

[မှတ်ချက်] လုပ်ကျွေးချင်ပါလျက် ဘေးအတွက်ကြောင့် စားနပ်ရိက္ခာနှင့်တကွ အရပ်တပါး ပို့ထားသည်ကို ပင် ယုယဒိုက်ထွေး လုပ်ကျွေးခြင်းဝတ်ပျက်၍ အပါယ်ကျရပါလျှင် မလုပ်ကျွေးသူတို့မှာ အဘယ်ဆိုဘွယ်ရာရှိချေတော့အံ့နည်း။

## လုပ်ကျွေးပါက အကျိုးရ

မာတာပေတ္တိဘရံ ဇန္တုံ၊ကုလေ ဇေဋ္ဌာပစာယိနံ။
သဏှံသခိလသမ္ဘာသံ၊ပေသုနေယျပ္ပဟာယိနံ။ ။
မစ္ဆေရဝိနယေ ယုတ္တံ၊သစ္စံကောဓာဘိဘုံ နရံ။
တံ ဝေ ဒေဝါ တာဝတိံသာ၊အာဟုသပ္ပုရိသောဣတိ။
[သဂါထာဝဂ္ဂသံယုတ်ပါဠိတော်သက္ကသတ္တဝတ္တပဒါနိယသုတ်]

မာတာပေတ္တိဘရံ၊ မိဘနှင့်ဘကို ယုယခြင်းလေး လုပ်ကျွေးမွေးမြူတတ်သော။ ကုလေဇေဋ္ဌာပစာယိနံ၊ အမျိုး၌ ကြီးသောသူတို့ကို အရိအသေပြုတတ်သော။ သဏှံသခိလသမ္ဘာသံ၊ နူးညံ့သာယာ ချိုသာပြေပြစ်သောစကားကို ပြောဆိုတတ်သော။ ပေသုဏေယျပ္ပဟာယိနံ၊ ချောပစ်ကုန်းတိုက်သော စကားကို ပယ်ရှားရှောင်ကွင်းတတ်သော။ မစ္ဆေရဝိနယေ၊ ဝန်တိုခြင်း

ကိုဆုံးမခြင်း၌။ ယုတ္တံ၊ ယှဉ်သော။ သစ္စံ၊ တော်မှန်ဖြောင့်မတ်သောစကားကို ပြောဆိုတတ်သော။ ကောဓာဘိဘုံ၊ အမျက်ဒေါသကို ဆုံးမနှိမ်နင်းတတ်သော။ ဇန္တုံ၊ ဤကျင့်ဝတ်တရားခုနစ်ပါးကိုဖြစ်စေတတ်သော။ တံနရံ၊ ထိုလူကို။ ဝေ၊စင်စစ်။ သပ္ပုရိသောဣတိ၊ သူတော်ကောင်းဟူ၍။ ဒေဝါတာဝတိံသာ၊ တာဝတိံသာနတ်တို့သည်။အာဟု၊ဆိုကုန်၏။

ဤအရာ၌—

(၁) မိဘနှစ်ပါးကိုရိုသေစွာလုပ်ကျွေးခြင်း,
(၂) အမျိုး၌ကြီးသောသူတို့ကိုရိုသေလေးစားခြင်း,
(၃) နူးညံ့သာယာ ချိုသာပြေပြစ်သောစကားကိုပြောဆိုတတ်ခြင်း,
(၄) ချောပစ်ကုန်းတိုက်သောစကားကို ပယ်ရှားခြင်း,
(၅) ဝန်တိုမှု၌ ဆုံးမခြင်းနှင့် ယှဉ်ခြင်း,
(၆) တော်မှန်ဖြောင့်မတ်သော စကားကိုပြောဆိုတတ်ခြင်း,
(၇) အမျက်ဒေါသကို ဆုံးမနှိမ်နင်းတတ်ခြင်း-ဤကျင့်ဝတ် ၇-ပါးနှင့်ပြည့်စုံသောသူကို တာဝတိံသာ နတ်များက သူတော်ကောင်းဟု သမုတ်ကြောင်းနှင့် သိကြားမင်းဖြစ်ကြောင်းကို မဟာလိမည်သော လိစ္ဆဝီမင်းအား မြတ်စွာဘုရား ဟောကြားတော်မူပေသတည်း။

[ဆောင်ပုဒ်]

လုပ်ကျွေးမိဘ၊ဇေဋ္ဌရိုသေ၊မှန်ထွေသစ္စာ၊ ဖရုသာနှင့်၊
ပိသုနာပြစ်၊ မစ္ဆေဝန်တို၊မရှိလိုဘဲ၊ မျက်ကိုရှောင်ရှား၊
ခုနစ်ပါးသည်၊သိကြားဖြစ်ဘို့၊ ကျင့်ဝတ်တည်း။

## မိဘာကျင့်ဝတ် ၅-ပါး

မကောင်းမြစ်ကာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဘခင်မယ်တို့တာ။

## တပည့်ကျင့်ဝတ် ၅-ပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရှတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

## ဆရာဝတ် ၅-ပါး

အတတ်လည်းသင်၊ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဘို့ဝတ်ငါးဖြာ။

[မှတ်ချက်] မိမိတတ်သမျှ အကုန်ပေးခြင်းကို''သိပ္ပမချန်''၊ မိမိထက် ကျေးဇူးပြုနိုင်မည့် ဆရာထံသို့ အပ်နှံပေးခြင်းကို''သင့်ရာအပ်ပို့''ဟု ဆို၏။

## လင်ကျင့်ဝတ် ၅-ပါး

မထေမဲ့ကင်း၊အပ်နှင်းဥစ္စာ၊မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။

[မှတ်ချက်] မိမိမယားအား မထေလေးစား မပြုခြင်းကို ''မထေမဲ့ကင်း''၊ အခြားမိန်းမတို့ကို မလွန်ကျူးခြင်းကို ''မိစ္ဆာမမှား၊ စားရေးသောက်ရေး၌ အလိုရှိတိုင်း စီရင်ရန် လွှဲအပ်ခြင်းကို ''ဥစ္စာအပ်နှင်း''ဟုဆို၏၊ ငွေကိုအပ်ရန်မလို၊ ၎င်းအဓိပ္ပါယ်ကို''ပဋ္ဌမအာပရိဟာနိယအဖွင့်'' ၌ အကျယ်ဆို၏။

## မယားကျင့်ဝတ် ၅-ပါး

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရှောင်၊ လျော်အောင် ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

[မှတ်ချက်] မိမိယောကျ်ားမှ တပါးသော ယောကျ်ားတို့နှင့်မမှားမယွင်းခြင်းကို''မိတ္တာကြည်ရှောင်''မိမိဆွေမျိုး, လင့်ဆွေမျိုးတို့၌ ဝတ်ကျေအောင်ပြုခြင်းကို''လျော်အောင်ဖြန့်ချိ''ဆို၏။

## အိမ်ထောင်စုံ လေးမျိုး

### (၁) လင်နတ်သား မယားသူသေ

မိမိုင်းရာဇ၊ သီလကျင့်ဝတ်၊ ဆွတ်ဆွတ်စင်ဖြူ၊ အိမ်သူမယ်လျှ၊သီလမစင်၊ ဖြစ်ချေလျှင်မူ၊လင်ကနတ်သား၊မယားသူသေ၊မည်ရှာလေ၏။

[မှတ်ချက်] အထွဋ်အထိပ်အမြတ်ကို ''မိမိုင်း''ဟု ရှေးကသုံးသည်၊ မြင့်မြတ်သော မင်းယောကျ်ားကသီလလုံ၍ အိမ်သူမယားက သီလမလုံခြုံလျှင်နတ်သားလင်နှင့် သူသေမယား ပေါင်းသင်းကြခြင်းနှင့်တူ၏၊ သီလမရှိသူသည် အသက်ရှင်သော်လည်း သေသူနှင့် မထူးပြီ။

### (၂) သူသေလင်နှင့် အိမ်ရှင်နတ်သမီး

ဘုန်းဝေနတ်ရှင်၊ မစင်သီလ၊ နန်းမ,နေသူ၊ ဖြူသည်သီလ၊ဖြစ်ချေကမူ၊ ဘဝသခင်၊ သူသေတွင်လျက်၊ အိမ်ရှင်ဇနီး၊ နတ်သမီးအနေ၊ တည်ရှာလေ၏။

[မှတ်ချက်] ယောကျ်ားက သီလမစင်ကြယ်ဘဲ အိမ်ရှင်ဇနီးက သီလစင်ကြယ်ပြန်လျှင် သူသေ လင်နှင့်အိမ်ရှင် နတ်သမီးတို့ ပေါင်းသင်းဆက်ဆံကြခြင်းနှင့်တူ၏။

## (၃) သူသေလင်မယား

နှစ်ဆွေလင်မိတ်၊သီလတိတ်မူ၊ ကောင်းဟိတ် မဖွေ၊ သူသေချင်းသာ၊ မေတ္တာမျှဝေ၊ ကြည်ရှာလေ၏။

[မှတ်ချက်] နှစ်ယောက်လုံး သီလမစင်ကြယ်မှု သူသေချင်း ပေါင်းသင်း ဆက်ဆံ နေသည်နှင့် တူ၏။

---

## (၄) နတ်သား,နတ်သမီး ဇနီးမောင်နှံ

လူ့မြေရပ်ခွင်၊ အိမ်ရှင်,အိမ်သူ၊ မြတ်ရည်တူလျက်၊ ဆုယူညီမျှ၊လှူဒါနနှင့်၊သီလမယိုင်၊ သဒ္ဓါပြိုင်မူ၊ ဘုန်းလှိုင်ကျော်ကြားမိုးနတ်သားနှင့်၊ ဆွေဝါးအနီး၊ နတ်သမီးသို့၊ ကောင်းချီးအံ့ရာ၊စုမိရှာလျက်၊ သံသာနောင်လည်း၊ ချစ်စည်းမပြေ၊ရှည်ကြာလေ၏၊ ဘုန်းဝေပြည့်ရှင်၊ မောင့်သခင်လည်း၊ အင်ခွင်မသုံ၊ တန်းခိုးဂုဏ်နှင့်၊ သုရုန္ဓန၊ ပြည်လုံးခ,သည်၊ဥဒယဘဒ်၊ မင်းမြတ်ထွင်ချ၊ မဟာကပ္ပိန်၊ နရိန်တို့လို၊မညိုသဒ္ဓါ၊ မဏ္ဍသီလ၊ မျှားသုတနှင့်၊ စာဂင်စွာ၊ ပညာမကွေ၊ အနေတော်တင့်၊ ချစ်ပန်းပွင့်သည်၊ နတ်နှင့်တူစေချင်လှသော၀်။

[စတုကင်္ဂုတ္တရ ပါဠိတော်လာတိုင်း ဖွဲ့ထားသော ပဥ္စာ ဝုဓပျို့]

[မှတ်ချက်] ဇနီးမောင်နှံ နှစ်ဦးလုံး သဒ္ဓါ,သီလ, သုတ, စာဂ,ပညာ,ဟိရီ, ဩတ္တပ္ပ ဟူသော သူတော်ဥစ္စာများနှင့် ပြည့်စုံ၍ စိတ်တူ သဘောတူ ကြည်ကြည်ဖြူဖြူနေထိုင်ကြလျှင် ယခုဘဝလည်း စည်းစိမ်ဥစ္စာ ရတနာဂုဏ်သိရ် အရှိန်အဝါတိုး တက်၍ နောက်သံသရာ မှာလည်း ချစ်စည်းမ ပြေဘဲ ဘုရားအလောင်းတော် ဥဒယဘဒ္ဒမင်းသား, မင်းသမီးများနှင့် မဟာကပ္ပိန္န မင်း,အ အနော်ဇာ မိဖုရားတို့လို နိဗ္ဗာန်ကိုပင် အတူ

တကွ စံမြန်းရလိမ့်မည် ဖြစ်၍ ယခုအခါဝယ် နတ်သမီး,နတ်သားအသွင်ကြည်လင်ရှင်မြူးတဦး ကိုတဦး လွန်ကျူး ဖောက်ပြားခြင်း မရှိဘဲ စွဲမြဲစွာ ဆက်ဆံနိုင်သော အဖြစ်မျိုးကိုရကြလျှင် ကောင်းကျိုး အတန်တန်ကို ခံစံကြရပေလိမ့် သတည်း။

## မိတ်ဆွေ ကျင့်ဝတ် ၅-ပါး

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွါးဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ။

[မှတ်ချက်] ကိုယ့်အောက်ကို မနှိမ့်ချမူ၍ ကိုယ်နှင့်အတူတူ ထားခြင်းကို ကိုယ်နှင့်ယှဉ်ထားဟုဆို၏။

## ကျေးဇူးခံ မိတ်ဆွေ့ကျင့်ဝတ် ၅-ပါး

မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေး ရောက်ကိုးကွယ်၊ ဘေးတွယ်မပစ်၊ သားမြစ်စဉ်ဆက်၊ မပျက်ချီးပင့်၊ ဝတ်ငါးဆင့်၊ ပြုကျင့်မိတ်ဆွေများ။

## သခင်ကျင့်ဝတ် ၅-ပါး

ဝစ္စာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ၄ဝေ ရသာ၊ အခါကိုလွှတ်၊ အရှင့်ဝတ်၊ မချွတ်ငါးခုသာ။

[မှတ်ချက်] သူတို့လုပ်နိုင်သောအလုပ်ကိုသာလုပ်စေခြင်း, သင့်လျော်သောအချိန်၌ ခိုင်းခြင်းကို "ပြုရေး စီရင်" ထူးဆန်းသောအစာကို ရသောအခါ ဝေ၄ခြင်းကို "၄ဝေရသာ" ဥပုသ်, သီတင်း ပွဲတော်စသောနေ့ အခါတို့၌ အနိုင်းအစေ

စာရင်းငှါး, ကျွဲ, နွားတို့ကို မခိုင်းစေဘဲ အနားပေးခြင်း, ခွင့်လွှတ်ခြင်းကို "အခါကို လွှတ်" ဟု ဆို၏။

## ကျွန်ကျင့်ဝတ် ၅-ပါး

အိပ်သော်နောက်ကျ၊ ထသော်ကားရှေ့၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက် ကျေးဇူးမြွက်၊ ငါးချက်ကျွန်ကျင့်ရာ။

[မှတ်ချက်] အလုပ်ကို စေ့စေ့စပ်စပ် ဆောင်ရွက်ခြင်းကို "စေ့စပ်ဆောင်ရွက်"၊ အရှင်၏ကျေးဇူးကို ပြောဆိုခြင်းကို "ကျေးဇူးမြွက်" ဟုဆို၏။

## ဒါယကာကျင့်ဝတ် ၅-ပါး

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဘိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ။

[မှတ်ချက်] ရဟန်းသံဃာ၌ မေတ္တာစိတ် ရှေ့ထားခြင်း, ခင်ခင်မင်မင် ပြောဆိုခြင်း, အလိုရှိသော အရာများကို တောင်းပါဟု ဘိတ်ခြင်း, တတ်နိုင်သမျှလှူဒါန်းခြင်းတို့ကို ပြုရမည်ဟူ၏။

## ရဟန်းကျင့်ဝတ် ၆-ပါး

မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြား၊ နာဘူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွန်သချာ။

## အကျိုး အပြစ်ပြ သဘာဝ

လှည်းဘီးပြင်က၊ နားစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန်ဒကာ၊ မိတ်သ

ဟာနှင့်၊ ဆရာတပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မူ၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာ လူ့ပြည်၊ လှည့်လည်အတူ၊ ခံစားမှု၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့ သည်တည်း၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွတ် သာသည်၊ လေးရွာဘုံလုံးလုံး၊ လှုံဖြစ်ရုံး။

---

## ခင်ပွန်းကြီး ၁၀-ပါးသတိထား

ဗုဒ္ဓေါ ပစ္စေကဗုဒ္ဓေါစ၊ သာဝကာ အဂ္ဂသာဝကာ။
မာတာ ပိတု ဂရု သတ္ထာ၊ ဒါယကာ ဓမ္မဒေသနာ။ ။

ဗုဒ္ဓေါစ၊ မြတ်စွာဘုရားငှင်း။ ပစ္စေကဗုဒ္ဓေါစ၊ ပစ္စေက ဗုဒ္ဓါငှင်း။ သာဝကာစ၊ တပည့်သားသာဝကတို့ငှင်း။ အဂ္ဂ- သာဝကာစ၊ အဂ္ဂသာဝကနှစ်ပါးတို့ငှင်း။ မာတာစ၊ အမိငှင်း။ ပိတုစ၊ အဘငှင်း။ ဂရုစ၊ အလေးအမြတ်ပြုအပ်သောသူငှင်း။ သတ္ထာစ၊ ပညာသင်ကြား ဆရာသမားငှင်း။ ဒါယကာစ၊ ကျွေးမွေးလှူဒါန်း ပေးကမ်းဘူးသောသူငှင်း။ ဓမ္မဒေသနာစ၊ ဟောဘော်ညွှန်ပြ ဆိုဆုံးမဘူးသောသူငှင်း။ ဣမေ၊ ဤသည် တို့ကား။ ဒသ၊ မပြစ်မှားအပ်သော ခင်ပွန်းကြီးဆယ်ပါးတို့ ပါပေတည်း။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ကျေးဇူးကြီးမား ခင်ပွန်းကြီး ဆယ်ပါးကို မပြစ်မှားအပ်၊ အကယ်၍ကား-ပြစ်မှားမိငြားအံ့၊ ယခုဘဝ ပစ္စက္ခဥပင် ဒဏ်ဆယ်ပါးသင့်ကာ ဆင်းရဲခြင်းသို့ ရောက်ရလေ၏။

---

## ဆယ်ပါးဒဏ္ဍ သဘာဝ

ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နံ မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။ ။
[ဓမ္မပဒ ပါဠိတော်]

ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒဏ္ဍေန၊ ဒဏ်ဖြင့်။ အဒဏ္ဍေသု၊ သီလဖြူစင် အပြစ်ဒဏ် ကင်းစင်ကြကုန်သော။ အပဒုဋ္ဌေသု၊ မပြစ်မှားအပ်သောပုဂ္ဂိုလ်တို့၌။ ဝါ၊ ခင်ပွန်းကြီး ဆယ်ပါးစသည်တို့၌။ ဒုဿတိ၊ လွန်ကျူးစော်ကား ပြစ်မှားလေ၏။သောပုဂ္ဂလော၊ ထိုလွန်ကျူးစော်ကား ပြစ်မှားသော ပုဂ္ဂိုလ်သည်။ ဒသန္နံ၊ဆယ်ပါးသောဒဏ်တို့တွင်။ အညတရံ ဌာနံ၊ဟာပါးပါးသော ဒဏ်ဟုဆိုအပ်သောအရာသို့။ ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင်။ နိဂစ္ဆတိ၊ မုချမသွေ ရောက်ရလေ၏။

ဝေဒနံ ဖရုသံ ဇာနိံ၊သရီရဿစ ဘေဒနံ။
ဂရုနံဝါပိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပုဏေ။ ။

ဖရုသံ၊ ကြမ်းကြုတ်လှစွာသော။ ဝေဒနဉ္စ၊ ဦးခေါင်းရောဂါစသော ဆင်းရဲဝေဒနာသို့ရင်း။ ဇာနိံ၊ ပစ္စည်း, ဥစ္စာ အသွေးအသားကို ဆုတ်ယုတ် ပျက်ပြားစေတတ်ခြင်းသို့ရင်း။ သရီရဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒနဉ္စ၊ ပျက်စီးခြင်းသို့ရင်း။ ဂရုနံ၊ ဝန်လေးလှစွာသော။ အာဗာဓံဝါပိ၊ ကျိုးခြင်း, ကဏ်း ခြင်း, နူခြင်းအစရှိသော အနာရောဂါသို့ရင်း။ စိတ္တက္ခေပဉ္စ၊ စိတ်၏ပြန့်လွင့်ခြင်း,ရူးသွတ်ခြင်းသို့ရင်း။ ပါပုဏေ၊ မုချမသွေ ရောက်ရလေ၏။

ရာဇတောဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။
ပရိက္ခယဉ္စ ဉာတီနံ၊ ဘောဂါနဉ္စ ပဘင်္ဂုနံ။ ။

ရာဇတောဝါ၊ မင်းမှမူလည်း။ ဥပသဂ္ဂဉ္စ၊ စည်းစိမ်ကိုလုယူခြင်း, ရာထူးဌာနန္တရကို နုတ်ပစ်ခြင်းစသော ရာဇဝတ်ဘေးဒဏ်သို့ရင်း။ ဒါရုဏံ၊ ကြမ်းကြုတ်လှစွာသော။ အဗ္ဘက္ခာနဉ္စ၊ အစွပ်အစွဲခံရခြင်းသို့ရင်း။ ဉာတီနံ၊ မှိုဒိအားထား ဆွေ

မျိုးများတို့၏။ ပရိက္ခယဉ္စ၊ ကုန်ပျောက်ပျက်ယွင်း သေဆုံးရခြင်းသို့ငှါ။ဘောဂါနံ၊ စည်းစိမ်ဥစ္စာအဖြာဖြာတို့၏။ ပဘင်္ဂုနဉ္စ၊ ဘောက်ပြန်ချွတ်ယွင်း ပျက်စီးရခြင်းသို့ငှါ။ ပါပုဏေ၊ မုချမသွေ ရောက်ရလေ၏။

အထဿစ အဂါရာနိ၊ အဂ္ဂိ ဍယှတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊နိရယံ သောပပဇ္ဇတိ။ ။

အထ၊ ထိုမှတပါး။ အဿ၊ ထိုမပြစ်မှားထိုက်သေသူကို ပြစ်မှားတတ်သောသူ၏။ အဂါရာနိ၊နေရာတိုက်အိမ် ရိပ်ငြိမ်ဌာန အာဝါသတို့ကို။ ပါဝကောဝါ၊ ပါဝကဟုဆိုအပ်သော မိုးကြိုးလောင်မီးသည်ငှါ။ အဂ္ဂိဝါ၊ ပကတိမီးသည်ငှါ။ ဍယှတိ၊ ခဏာခဏာ လောင်ကျွမ်းရလေ၏။ ဒုပ္ပညော၊ မဆင်ခြင်မစဉ်းစား ပညာနည်းပါးသော။ သော၊ ထိုမပြစ်မှားထိုက်သောသူကို ပြစ်မှားသောသူမိုက်သည်။ ကာယဿ၊ဥပါဒိန္နက ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ ပရံ၊ နောက်နောက်ဘဝ ရောက်ကာလ၌။ နိရယံ၊ ငရဲသို့၊ဥပပဇ္ဇတိ၊ မုချမသွေ ကပ်ရောက်ရလေတော့သတည်း။

၌အရာ၌ မပြစ်မှားထိုက်သူကို ပြစ်မှားမိက ယခုပစ္စက္ခဘဝ၌ပင်လျှင် (၁) ဦးခေါင်းရောဂါစသော ကြမ်းတမ်းသောဝေဒနာ ကပ်ရောက်ခြင်း, (၂) အသွေး,အသားဥစ္စာ စီးပွား ဆုတ်ယုတ်ပျက်ပြားခြင်း, (၃) လက်,ခြေ, နား, နှာ, ကိုယ်အင်္ဂါပျက်စီးခြင်း, (၄) ဝန်လေးလှစွာသော ကျိုး, ကဏ်း, ဆွံ့, အ, နူနာ စသည်စွဲကပ်ခြင်း, (၅) စိတ်၏ပြန့်လွင့် ရူးသွပ်ခြင်း, (၆) ရာထူးဌာနန္တရ ရွေ့လျောကျရခြင်း, (၇) အစွပ်အစွဲခံရခြင်း, (၈) အဆွေအမျိုးပျက်စီးခြင်း,

(၉) ရပြီးသောစည်းစိမ်ဥစ္စာဆုတ်ယုတ်ပျက်ပြားခြင်း, မြှုပ်နှံသိမ်းဆည်းထားသောဥစ္စာများရွှေ့ပြောင်းကွယ်ပျောက် ဟိမ်မြုပ်ခြင်း,မီးသွေးစသောအခြားဝတ္ထုများဖြစ်တတ်ခြင်း,(၁၀) ကျီကျ,ဘဏ္ဍာ,အိမ်,တိုက်တာတို့ကိုဖန်ဖန်များစွာ မီးလောင်ပျက်စီးခြင်း, (အပါယ်ငရဲကျခြင်းကား တမလွန်ပြစ်ဖြစ်၏၊ ၎င်းအဋ္ဌကထာ)ဟု ဆိုအပ်သော ဆယ်ပါးသောဒဏ်တို့ကျရောက်ခံရတတ်၏၊ ယခုအခါ မီးဘေး, ရောဂါဆိုးဘေး စသော ဘေးဆိုးကြီးများ မကြာခဏ တွေ့ကြုံစားကြရသည်ကို သတိရှိသင့်ကြပေ၏၊ သတိရစွာ ရှောင်ကြဉ်နိုင်ကြပါ စေသတည်း။

## ဆောင်ပုဒ်

ရှေးဝယ်သောခါ၊ တောဟေမာန်၌၊ ပညာမြော်မြင်၊
ခါ,မြောက်,ဆင်တို့၊ ညောင်ပင်တခု၊ သက်သေပြု၍၊
ဂါရဝမှာ၊ ပစာယန၊ ကျင့်ကုန်ကြကြောင့်၊ လူမှုမတန်၊
တိရစ္ဆာန်လျက်၊ နတ်ဌာန်မှချ၊ ရောက်ကုန်ကြ၏။
[မဃဒေဝ ပုတ္တောဝါဒ]

အပစာယန ပုညကြိယာဝတ္ထု ပြီး၏။

---

## ဝေယျာဝစ္စ သဘာဝ

ဤအရာ၌"ဝေယျာဝစ္စ ပုညကြိယာဝတ္ထု"ဟူသည် သက်တော်ထင်ရှား မြတ်စွာဘုရားအား မျက်နှာသစ်ရေ, ဒန်ပူ, ဒုကုဋ်, သင်္ကန်း, သပိတ်ပေးခြင်းစသော အမှုကြီး,ငယ်တို့ကို ညီတော် အာနန္ဒာကဲ့သို့ သည်ပိုးဆောင်ရွက်ခြင်း,ယခုအခါမှာမူကား မြတ်စွာဘုရား၏ သရီရဓာတ်, ဆွေတော်မြတ်တို့ ကိန်းဝပ်တော်မူရာ စေတီတော်၌ တံမြက်တလင်း သုမ်သင်ခြင်း,

စေတီတော် ပျက်စီးနွမ်းဟောင်း မကောင်းသည်ကို ဝတ္ထုကံ စသည် ပစ္စည်းတို့ဖြင့် ကြိုးကြပ်ပြင်ဆင်ခြင်း, စေတီတော်၏ ဘဏ္ဍာအသုံးအဆောင်တို့ကို မပျက်စီးစေရန် ကောင်းစွာ သိမ်းထားခြင်း ဟုဆိုအပ်သော စေတီယင်္ဂဏဝတ်။

ပိဋကတ်တော်စာပေ အက္ခရာတို့ကို ပိုးရွ,ချ,ကြွက် မဖျက် ဆီးစေရန် ကောင်းစွာ သိမ်းဆည်းစောင့်ရှောက်ခြင်း ဓမ္မ စေတီယင်္ဂဏဝတ်၊ သံဃာတော်မြတ်တို့အရံကျောင်းကန် ပရိ ဝုဏ်၌ တံမြက်တလင်း သုမ်သင်ခြင်း, သောက်ရေသုံးဆောင် ရေ ဟည်ထားခြင်း, သံဃာတော်တို့၏ ထိုထိုအမှုကြီးငယ်ကို ဆောင်ရွက်ခြင်း သေနာသန သံဃာဝတ်၊ ဆရာသမားတို့ အား အိပ်ရာ,နေရာ,ခင်းကျင်းပြင်ဆင်ခေါက်လိပ်သိမ်းဆည်း ခြင်း, သောက်ရေ, သုံးရေ, မျက်နှာသစ်ရေ, ဒန်ပူကပ်ခြင်း စသော အာစရိယဝတ်။

မိမိ၏အမှုကိစ္စကိုသော်လည်း ပယ်ရှားတားမြစ်၍ မိဘ တို့၏ အမှုကြီးငယ်ကို ဆောင်ရွက်သည်ပိုးခြင်း မာတာပိတု ဝတ်၊ ဤဝတ်အလုံးစုံနှင့်တကွ အဘိုးအဘွားစသော ဆွေကြီး မျိုးကြီး အသက်ဂုဏ်ကြီးသော သူတို့၏ ကိစ္စကြီး,ငယ်တို့ကို သည်ပိုးရွက်ဆောင်ခြင်း,သူတပါးတို့ ကုသိုလ်ကောင်းမှုပြုရာ၌ ကူညီ ဝန်းဝိုင်း မှိုင်းမ အားထုတ်ခြင်းစသော တရားနှင့်အညီ သည်ပိုးဆောင်ရွက်ထိုက်သမျှ ကုသိုလ်ဖြစ်ကြောင်း ကိစ္စတို့ကို သည်ပိုးဆောင်ရွက် ခြင်းသည် ဝေယျာဝစ္စပုညကြိယာဝတ္ထု ကမ္မပထမည်၏။

[မှတ်ချက်] ဝေယျာဝစ္စကုသိုလ်အကျိုးကိုကား ဗိမ္ဗိသာရ, ဇဋိလ, ပါယာသိရာဇဉ ဝတ္ထုတို့ဖြင့်သိအပ်၏။

ဝေယျာဝစ္စ ပုညကြိယာဝတ္ထု ပြီး၏။

## ပတ္တိဒါန သဘာဝ

ဤအရာ၌ "ပတ္တိဒါန ပုညကြိယာဝတ္ထု" ဟူသည် မိမိတို့၏ အဖူးပေးခြင်းစသော ပုညကြိယာ ဝတ္ထုကို ပြုလုပ်ပြီးလျှင် ခပ်သိမ်းသော သတ္တဝါတို့အား အမျှပေးဝေခြင်း,အမှုကိုပြုခြင်း ပေတည်း၊ ထိုသို့ပေးဝေခြင်းကြောင့် မိမိ၏ကုသိုလ် မလျော့သည့်ပြင်, တိုးပွားရှိသာ လာရပေ၏၊ ဥပမာကား ရှေးဦးစွာ မီးတပွင့်ကို ညှိထွန်းပြီးခါ နောက်မှ မီးပွင့်ပေါင်းများစွာထပ်ဆင့်၍ ကူးယူညှိထွန်းသော်လည်း ထိုကူးယူညှိထွန်းရင်းဖြစ်သော ပဌမ မီးပွင့်၌ မီးမကုန်နိုင် အရောင်အဝါသာ အတိုင်းထက်အလွန် ပွားများသကဲ့သို့ ထို့အတူ ဒါနစသောကုသိုလ်တရားလည်း မဆုတ်ယုတ်နိုင်၊ပွားများသည်သာ ဖြစ်လေ၏၊ ဤသို့ ကုသိုလ်အဘို့ကို အမျှပေးဝေခြင်းသည် ပတ္တိဒါန ပုညကြိယာဝတ္ထု ကမ္မပထမည်၏။

[မှတ်ချက်] ပတ္တိဒါန ကုသိုလ်အကျိုးကိုကား အန္နဘာရဝတ္ထု,တိကနိပါတ် မဏ္ဍဒါနဇာတ် စသည်ဖြင့်သိအပ်၏။

ပတ္တိဒါန ပုညကြိယာဝတ္ထု ပြီး၏

---

## ပတ္တာနုမောဒန သဘာဝ

ဤအရာ၌ "ပတ္တာနုမောဒန ပုညကြိယာဝတ္ထု" ဟူသည် ဒါနအစရှိသော ၉-ပါးသော ပုညကြိယာဝတ္ထု ကမ္မပထကို ပြုကြကုန်သော သူတို့၏ ကုသိုလ်အစု ကောင်းမှု အလျှင်တို့ကို ဖွေမြင်ကြားသိရသည်ရှိသော် "ဣသာ,မစ္ဆရ" ငြိုးစူခြင်း, ဝန်တိုခြင်း စသည်လွတ်ကင်း, သန့်ရှင်းသော စေတနာ, ကောင်းစွာသော စိတ်နှလုံးဖြင့် ဝမ်းမြောက်ခြင်း, နှုတ်ဖြင့်မြွက်

ဘော်၍ ကောင်းချီးနှမော် သာဓုခေါ်ခြင်းသည် "ပတ္တာနုမောဒန"မည်၏။

## သာဓုခေါ်ရ အကျိုးပြ

သဒ္ဓမ္မံ ဒေသနာကာလေ၊ သာဓုသာဓူတိ ဘာသတော။
မုခတော ဇာယတေ ဂန္ဓော၊ ဥပ္ပလံဝ ယထော ဒကေ။ ။
[အင်္ဂုတ္တရ အဋ္ဌကထာ]

သဒ္ဓမ္မံ၊ သူတော်ကောင်း တရားကို။ ဒေသနာ ကာလေ၊ ဟောကြားသောကာလ၌။ သာဓုသာဓူတိ၊ ကောင်း၏,ကောင်း၏ဟု။ ဘာသတော၊ ဆိုသောသူ၏။ မုခတော၊ ခံတွင်းမှ။ ဂန္ဓော၊ မွှေးပျံ့ သင်းကြိုင် လှိုင်သော ရနံ့သည်။ ဇာယတေ၊ ဖြစ်၏။ ယထာကိံ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဥပ္ပလံဝ၊ ကြာညိုပန်းသည်လည်း။ ဥဒကေ၊ ရေ၌။ ဇာယတေယထာ၊ ဖြစ်သကဲ့သို့ ပါပေတည်း။

[မှတ်ချက်] ပတ္တာနုမောဒန အကျိုးကိုကား ဤသုဂန္ဓထေရ် ဝတ္ထု,ပေတဝတ္ထု, ခုဒ္ဒကပါဌပါဠိတော်,တိရောကုဍ္ဍသုတ် စသည်တို့ဖြင့် သိရာ၏။

ပတ္တာနုမောဒန ပုညကြိယာဝတ္ထု ပြီး၏။

## ဓမ္မသဝန သဘာဝ

ဤအရာ၌"ဓမ္မသဝန ပုညကြိယာဝတ္ထု"ဟူသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒေသနာတော်မြတ်ကား အမြိုက်နိဗ္ဗာန်ဟူသော "ဝိမုတ္တိရသ"အားဖြင့်တပါး၊ဝဋ်ဒုက္ခမှ ထုတ်ဆောင် တတ်သောကြောင့် ဓမ္မ,ပါတိမောက် ပြခြင်း အာပတ် ခုနစ်ပုံအစု ဒုစရိုက်စသော များသော အပြားရှိသော နည်းတို့ကြောင့်,ဝိနယ၊ ဤသို့ ဓမ္မ,ဝိနယ, အားဖြင့် ၂-ပါး၊

သုတ္တန်,ဝိနည်း,အဘိဓမ္မာဟု ဆိုအပ်သော ပိဋကတ်အားဖြင့် ၃-သွယ်၊ ဒီဃနိကာယ်, မဇ္ဈိမ နိကာယ်, အင်္ဂုတ္တရနိကာယ်, သံယုတ္တနိကာယ်,ခုဒ္ဒကနိကာယ်ဟူ၍ နိကာယ်အားဖြင့် ၅-ဖြာ၊ သုတ္တ,ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လဟူ၍ အင်္ဂါအားဖြင့် ၉-တန်၊ တခုတခုသော အပိုင်းအခြားဖြင့်ထား၍ ဟောကြားတော်မူအပ်သော ဒေသနာတော်၏ အပေါင်း ဟူသောဓမ္မက္ခန္ဓာ အားဖြင့် "၈၄၀၀၀" ရှစ်သောင်း လေးထောင်။

ဤဆိုအပ်ခဲ့ပြီးသော ပါဠိတော်ဟူသမျှသည် သုတ္တမည်၏၊ ထိုသုတ္တဟု ဆိုအပ်သော ပါဠိတော် အားလျော်သော မဟာပဒေသ လေးပါးသည် သုတ္တာနုလောမ မည်၏၊ ဗုဒ္ဓမတညဆရာမြတ်တို့ ဘွင့်ဆိုဆုံးဖြတ်ရေးသားအပ်သော အဋ္ဌကထာသည် အာစရိယဝါဒမည်၏၊ မိမိဉာဏ်အမြင်နှင့်တကွ ဋီကာစသည်တို့သည် အတ္တနောမတိ မည်၏။

ဤသို့ပြဆိုအပ်ပြီးသော သုတ္တ,သုတ္တာနုလောမ,အာစရိယဝါဒ, အတ္တနောမတိဟု ဆိုအပ်သော လေးပါးအပြားရှိသော ပါဠိ,အဋ္ဌကထာ,ဋီကာ စသော ကျမ်းဂန်တို့သည် သာသနာတော် တွင်း၌သာတည်သော,နိယျာနိကဓမ္မမည်၏၊ သာသနာပအခါ ဘုရားအလောင်းတော် "သရဘင်္ဂရသေ့" စကြာမင်း စသော သူတော်ကောင်းတို့ ဟောပြ ဆုံးမအပ်သောတရားသည်, လောကိယဓမ္မမည်၏။

ထိုဆိုအပ်ခဲ့ပြီးသော ဓမ္မတို့ကို မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူသည်ကိုရင်း, သာဝက, အရိယာ, ဗြဟ္မာ, နတ်, လူ,မည်သူမဆို ဟောကြားညွှန်ပြ ဆုံးမသည်ကိုရင်း,

ဝစီမယသဒ္ဒသို့ အစဉ်လျှောက်လျက် သောတဒွါရဝီထိ, သုဒ္ဓမနောဒွါရဝီထိ, မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်စေတနာတို့ဖြင့် ရှိသေကျိုးနွံ ကောင်းမွန်စွာ နာခံမှတ်သားခြင်းသည် သဝနမည်၏။

ထိုသို့တရားတော်ကို နာနိုင်သောပုဂ္ဂိုလ်တို့တွင် အလွန်ချိုမြိန်ကောင်းမြတ် နှစ်သက်အပ်သည်ဖြစ်၍ တကြိမ်တခါ ကြားနာရကာမျှဖြင့်ပင် ချမ်းသာသုံးပါးကို ပေးစွမ်းနိုင်သော တရားတော်ကို ကြားနာရပါလျက် တရားတော်သာကောင်း၍ ပုဂ္ဂိုလ်မကောင်းခြင်းကြောင့် အကျိုးစီးပွားမဖြစ် အပြစ်သာ ဖြစ်သောပုဂ္ဂိုလ်ငါးဦးကား—

## တရားနာရ အပြစ်မြ

• အသဒ္ဓဿ သဒ္ဓါကထာ ဒုက္ကထာ၊ ဒုဿီလဿ သီလကထာ ဒုက္ကထာ၊ အပ္ပဿုတဿ ဗဟုဿုတကထာ ဒုက္ကထာ၊မစ္ဆရိယဿ စာဂကထာ ဒုက္ကထာ၊ ဒုပ္ပညဿ ပညာကထာ ဒုက္ကထာ။

[အင်္ဂုတ္တိုရ်ပါဠိတော်]

အသဒ္ဓဿ၊ သဒ္ဓါတရားမရှိသောသူအား။ သဒ္ဓါကထာ၊ သဒ္ဓါတရား၏ ဂုဏ်ကျေးဇူးနှင့်စပ်သော စကားသည်။ ဒုက္ကထာ၊ မကောင်းသောစကားမည်၏။ ဒုဿီလဿ၊ သီလမရှိသောသူအား။ သီလကထာ၊ သီလကျေးဇူးနှင့် စပ်သော စကားသည်။ ဒုက္ကထာ၊ မကောင်းသော စကားမည်၏။ အပ္ပဿုတဿ၊ အကြားအမြင်နည်းပါးသော သူအား။ ဗဟုဿုတကထာ၊ အကြားအမြင်များခြင်း၏ ကျေးဇူးနှင့်စပ်သောစကားသည်။ ဒုက္ကထာ၊ မကောင်းသော စကားမည်၏။

မစ္ဆရိယသည်၊ မလှူဒါန်းမပေးကမ်းလိုဝန်တိုပိတ်ပင်ခြင်းရှိသော သူအား။ စာဂကထာ၊ လှူဒါန်းပေးကမ်းခြင်း၏ ကျေးဇူးနှင့် စပ်သောစကားသည်။ ဒုက္ခထာ၊ မကောင်းသော စကားမည် ၏။ ဒုပ္ပညသည်၊ ပညာမြော်မြင် ဆင်ခြင်ခြင်းမရှိသောသူအား။ ပညာကထာ၊ ပညာမြော်မြင် ဆင်ခြင်ခြင်း၏ ကျေးဇူးနှင့်စပ် သောစကားသည်။ ဒုက္ကထာ၊ မကောင်းသောစကားမည်၏။

[အမိပ္ပါယ်ထင်ရှား၏]

---

## တရားနာရ အကျိုးပြ

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ သဒ္ဓမ္မသဝနေ ကတမေ ပဉ္စ အသုတံ သုဏာတိ၊ သုတံ ပရိယောဒါပေတိ၊ ကင်္ခံ ဆိန္ဒတိ၊ ဒိဋ္ဌိံ ဥဇုံ ကရောတိ၊ စိတ္တ-မဿ ပသီဒတိ၊ ဣမေခေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ သဒ္ဓမ္မသဝနေ။

[ပဉ္စင်္ဂုတ္တရပါဠိတော်]

ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဓမ္မသဝနေ၊ ပိဋကတ်သုံးပုံဖြစ် သော သူတော်ကောင်းတရားကို ကြားနာရခြင်း၌။ အာနိသံ သာ၊ အကျိုးအာနိသင်တို့သည်။ ဣမေပဉ္စ၊ ဤငါးပါးတို့ တည်း။ ကတမေပဉ္စ၊ အဘယ်ငါးပါးတို့နည်း ဟူမူကား။ အသုတံ၊ မကြားနာဘူးသေးသော ထုံးပုံနည်းနာ ဝတ္ထု သက်သေ ဒေသနာအထူး, အနက်အထူး, အမိပ္ပါယ်အထူး, သဒ္ဒါနည်းအထူး,ပါဠိနည်းအထူးကို။သုဏာတိ၊ကြားနာရ၏။ သုတံ၊ ကြားနာဘူးပြီးသော။ ပ။ နည်းအထူးကို။ ပရိယောဒါ ပေတိ၊ နှလုံး၌ စင်ကြယ်စေ၏။ ကင်္ခံ၊ယုံမှားခြင်းကို။ဆိန္ဒတိ၊ ဖြတ်နိုင်၏။ ဒိဋ္ဌိံ၊ အယူကို။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ကရောတိ၊

ပြုနိုင်၏။ အဿ၊ ထိုပိဋကတ်သုံးပုံဖြစ်သော သူတော်ကောင်း တရားကို ကြားနာရသောသူ၏။ စိတ္တံ၊ ကုသိုလ်စိတ်သည်။ ပသီဒတိ၊ ကြည်လင်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဓမ္မဿဝနေ၊ သူတော်ကောင်းတရားကို ကြားနာရခြင်း၌။အာနိသံသာ၊ အကျိုးတို့သည်။ ဣမေပဉ္စ၊ ဤငါးပါးတို့ပေတည်း။

[အမိပ္ပါယ်ထင်ရှား၏]

တကြောင်းမှာလည်း—

(၁) ပရိယတ်တရားတော်ကို ကြားနာရခြင်း ဟူသော သောတ သဝန,

(၂) နှုတ်ဖြင့် သရဇ္ဈာယ်ရခြင်းဟူသော ပရိစိတ,

(၃) နှလုံးဖြင့် အဘန်ဘန် ကြံစည်ရခြင်းဟူသော မနသာအနုပေက္ခိတ။

(၄) ပညာဖြင့်ကောင်းစွာ ထိုးထွင်း၍ သိရခြင်းဟူသော ဒိဋ္ဌိယာသုပဋိဝိဒ္ဓ-

ဤလေးပါးသောကိစ္စတို့ဖြင့် ကောင်းစွာအားထုတ်အပ်သည်ရှိသော် လေးပါးသော အကျိုးတရားတို့ကို ရကုန်၏။

လေးပါးဟူသော်ကား—

(၁) မေ့လျော့ သည်ဖြစ်၍ လူ့အဖြစ်ကို စွန့်ရသည်ရှိသော် အထက်နတ်ပြည်၌ ဖြစ်ရသဖြင့် ရှေးဘဝ၌ ကြားနာအားထုတ်အပ်သော ပရိယတ္တိ တရားရှိသော ပုဂ္ဂိုလ်သည် ကြည်လင်သောမှန်ကြေးမုံအပြင်၌ထင်သော မျက်နှာရိပ်ကဲ့သို့ အလိုလိုပင်ထင်ခြင်းသို့ရောက်သဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းတပါး။

(၂) မိမိအလိုလိုပင် မထင်မြင်ကုန်သော်လည်း တန်ခိုးကြီးသောရဟန်းတို့ ဟောပြော၍ ထပ်မံနာရပြန်သော အခါ၌

လိမ္မာသောယောက်ျားသည် အရပ်တပါး၌ စည်ကြီးသံကိုကြား ရသည်ရှိသော် ကြားရသောခဏ မခတွမဝေ သိနိုင်သကဲ့သို့ ကြားနာရသောခဏ မတွေမဝေ သိရသဖြင့် လောကုတ္တရာ တရားအတွေးကို ရခြင်းတပါး။

(၃) တန်းခိုးကြီးသော ရဟန်း မဟောသော်လည်း သုမ္မောသဘင်၌ သနက်မာရဗြဟ္မာ, သိကြားမင်းတို့ဟော၍ ကြားနာရသောခဏ မဂ်, ဖိုလ်ရခြင်းတပါး။

(၄) ထိုသို့ပင် မဟုတ်သော်လည်း အပေါင်းအဘော်နတ် တို့ သတိပေး၍ မဂ်, ဖိုလ်ရခြင်းတပါး ဤသို့လေးပါး ဖြစ် သတည်း။

ဤသို့အလွန် ချိုမြိန် ကောင်းမြတ်၍ အရဟတ္တဖိုလ်,နိဗ္ဗာန် တိုင်အောင် ပို့ဆောင်ပေတတ်သော တရားတော်မြတ်ကို ပုထု ပညာအဖြစ်၌တည်၍ ကြည်ညိုရိုခသေစွာ နာခံမှတ်သား ပွား များအားထုတ်ရသော ပုဂ္ဂိုလ်၏ သန္တာန်၌ ခံစားသုံးဆောင် ရသော မဟာကုသိုလ်စေတနာ "သဒ္ဓါဒလဝ ပါမောဇ္ဇ"ဟု ဆိုအပ်သော ဓမ္မသဇာ အရသာသည် ခပ်သိမ်းသော အရ သာအပေါင်းတို့ထက်ထွတ်မြတ်ကဲလွန်သည်ကို မြတ်စွာဘုရား က သိကြားမင်းအား ဟောကြေးတော်မူပေ၏။

ဤအရာ၌ ဝိပါကန္တရာယ် ငြိတွယ်မရှိ သုဂတိဘဝ၌ မနု သတ္တ ဒုလ္လဘကို ရကြကုန်သော လူတို့ကို မဆိုလင့်ဦး၊ ရှေး ကုသိုလ်ကံ ခွင့်မသန်၍ တိရစ္ဆာန်ဖြစ်ကုန်သော အပါယ်ဘုံ သား,ဘားသတ္တာ, ငှားသတ္တာ, လင်းနို့သတ္တာတို့ကို စဉ်လျက် နတ်ရွာ,နိဗ္ဗာန် နှစ်တန်သောချမ်းသာကို အသာလွယ်ကူခံယူ

စံပျော်ရဘူးကြောင်း ထုံးဟောင်းသာဓက ထောက်ဆပြီးကာ အားထုတ်ကြကုန်ရာသတည်း။

ဓမ္မသဝန ပုညကြိယာဝတ္ထု ပြီး၏။

---

## ဓမ္မဒေသနာ သဘာဝါ

ဤအရာ၌ ဓမ္မသဝနက ပြအပ်ပြီးသော ပိဋကတ်သုံးပုံ ပါဠိ,အဋ္ဌကထာ, ဋီကာစသော ကျမ်းဂန်တို့သည်ပင် "ဓမ္မ" မည်၏၊ ထိုဓမ္မ ကိုနာခံမှတ်သား အားထုတ် ကျင့်ဆောင်လိုသူ သူတပါးတို့အား ဟောကြား ညွှန်ပြ ဆုံးမ ခြင်းသည် "ဒေသနာ" မည်၏၊ တရားအလှူကို ရည်၍ နာခံမှတ်သား သူတို့၏ အထံသို့ သူတော်ကောင်းတရားကို ရောက်စေ‌စေအံ့ဟု ပေးလှူအပ်သောကြောင့် ဒါန မည်၏။

ထိုနှစ်ပါးတို့သည် ဝတ္ထုသဘော အကြောင်း အကျိုး အားဖြင့်မထူးခြားကုန်၊ထိုဓမ္မဒေသနာ ဓမ္မဒါန ကုသိုလ်ဖြစ် အောင်ပြုခြင်း အကျိုးအာနိသင်ကြီးမြတ်ခြင်းကို သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ၌ ဤသို့ဖွင့်ဆိုလေ၏။

အကြင်သူသည် သူ့အသက်သတ်ခြင်း အစရှိသောတရား သည် မကောင်းမှု အကုသိုလ်တရားတည်း၊ ထိုတရားသည် ကျူးလွန်ပြုကျင့်သောသူကို အပါယ်လေးပါး၌ ကြီးစွာသော ဆင်းရဲခံရခြင်းဟူသော မကောင်းကျိုးကို ပေးတတ်၏၊ အလှူ ပေးခြင်းစသော တရားသည် ကောင်းမှုကုသိုလ် တရားတည်း၊ ထိုတရားသည် ပြုလုပ်အားထုတ်သော သူတို့အား ချမ်းသာ သုံးပါးဟူသော ကောင်းကျိုးကိုပေးတတ်၏ဟု အကြောင်း အကျိုးကိုအစဉ်အားဖြင့် ဆုံးမခြင်း။

ပါဠိ, အဋ္ဌကထာ, ဋီကာ, ကျမ်းဂန်တို့ကို ပို့ချခြင်း, မေး မြန်းလာသော ပြဿနာကိုဖြေခြင်း, ကမ္မဋ္ဌာန်းနည်းပေးခြင်း, သူတပါးတို့အားတရားနာအောင်သွေးဆောင်တိုက်တွန်းခြင်း-ဤအလုံးစုံသည် ဓမ္မဒေသနာ-ဓမ္မဒါနမည်၏၊ ထိုဓမ္မဒေသနာဟုဆိုအပ်သော ဓမ္မဒါနသည် အလုံးစုံသော အာမိသဒါနတို့ထက် ကဲလွန်ထူးမြတ်၏ဟု အဋ္ဌကထာဝယ် အမိန့်ရှိ လာ၏။

ထို့ကြောင့် မြတ်စွာဘုရားအား သိကြားမင်းက "အရှင်ဘုရား"–

(၁) ခပ်သိမ်းသော အလှူအပေါင်းတို့တွင် အဘယ် အလှူသည် သာ၍မြတ်ပါသနည်း။

(၂) ခပ်သိမ်းသော အရသာတို့တွင် အဘယ်အရသာသည် သာ၍မြတ်ထွတ်ပါသနည်း။

(၃) ခပ်သိမ်းသော မွေ့လျော်ခြင်းတို့တွင် အဘယ် မွေ့လျော်ခြင်းသည် သာ၍မြတ်ထွတ်ပါသနည်း။

(၄) ဆင်းရဲအပေါင်းကို အဘယ်တရားသည် ကုန်ခန်း, အောင်မြင်စေနိုင် ပါသနည်းဟု လေးပါးသော အမေး ပြဿနာကို လျှောက်ထားတောင်းပန်လေရာ မြတ်စွာဘုရားက ဖြေကြား ဟောပြတော်မူသည်မှာ–

> သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
> သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
> သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
> တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ ။

[ဓမ္မပဒ ပါဠိတော်]

သက္ကရာဇ၊ သိကြားမင်း။ သဗ္ဗဒါနံ၊ ခပ်သိမ်းသော

အလျှုကို။ ဓမ္မဒါနံ၊ တရားတည်းဟူသော အလှူသည်။ ဇိနာတိ၊ အောင်နိုင်၏။ သဗ္ဗရသံ၊ ခပ်သိမ်းသောအရသာကို။ ဓမ္မရသော၊ တရားတည်းဟူသော အရသာသည်။ ဇိနာတိ၊ အောင်နိုင်၏။ ဓမ္မရတိံ၊ ခပ်သိမ်းသော မွေ့လျော်ခြင်းကို။ ဓမ္မရတိ၊ တရားတည်းဟူသော မွေ့လျော်ခြင်းသည်။ ဇိနာတိ၊ အောင်နိုင်၏။ တဏှက္ခယော၊ တဏှာ၏ကုန်ခြင်းသည်။ သဗ္ဗဒုက္ခံ၊ ခပ်သိမ်းသောဆင်းရဲကို။ ဇိနာတိ၊ အောင်နိုင်၏။

ဤဂါထာကို ဟောကြားတော်မူလေလျှင် သိကြားမင်းက "ဘုန်းတော်ကြီးလှပါသော မြတ်စွာဘုရား....ဓမ္မဒါန-အလှူသည် ဤသို့အကျိုးကြီးမြတ်ပါလျက် အရှင်ဘုရား တပည့်သားတော်တို့သည် ဓမ္မဒါန၏ကုသိုလ်အဘို့ကို တပည့်တော်အား အမျှ မပေးမဝေပါ၊ အမျှ ပေးဝေအောင် တိုက်တွန်းတော်မူပါ"ဟု လျှောက်ထားလေရာ ထိုအခါ မြတ်စွာဘုရားက တပည့်သားတော်တို့အား "ချစ်သားရဟန်းတို့.. သင်တို့ပြုအပ်သော ဓမ္မဒါန-ဓမ္မဒေသနာအဘို့ကို အယုတ်သဖြင့် တထပ်စာသောဆွမ်း၏ အနုမောဒနာအဘို့ကိုသော်လည်း သိကြားမင်းအား အမျှဝေပါလေ"ဟု တိုက်တွန်းတော်မူပေ၏။

ထိုဂါထာ၌ နောက်သုံးပိုဒ်၏ အဘွင့်သဘောကိုကား ဓမ္မသဝနကုသိုလ်၏ အကျိုးဖြင့် သိအပ်၏၊ ပဌမပိုဒ်၏ အဓိပ္ပါယ်ကား အဝန်းယူဇနာ သုံးသန်း ခြောက်သိန်း တထောင့် သုံးရာ ငါးဆယ် ကျယ်သော ဤစကြဝဠာတိုက် အတွင်းမှ အထက်ဗြဟ္မာပြည်တိုင်အောင် ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာ အရှင်မြတ်တို့ကို အညီအညွတ် စည်းဝေးတော်မူစေ၍ ထိုအရှင်မြတ်တို့အား ငှက်ပျောညွန့်ပမာဏ နူးညံ့သိမ်မွေ့လှသော အတွေ့,အဆင်းနှင့်ပြည့်စုံသော အစုံအစုံ

သော တိစီဝရိက်သက်န်းတို့ကိုရင်း, အနံ့,အရသာတို့ဖြင့် ကောင်းစွာစီရင်အပ်သော သပိတ်တော် ကိုယ်စီပြည့်သော ဆွမ်းတို့ကိုရင်း, ထို့အတူ သပိတ်ပြည့်စေအပ်သော ဆီ, ထောပတ်စသော ဆေးတို့ကိုရင်း။

မဟာဝုန်ကျောင်းတော်ကြီးနှင့် တူသော ကုဋေတသိန်း အရေအတွက်ရှိသောကျောင်း, သီဟိုဠ်ကျွန်း၌ ဆောက်လုပ်အပ်သော လောဟပါသာဒမည်သော ကြေးပြာသာဒ်နှင့် တူသော ကုဋေတသိန်းအရေအတွက်ရှိသော ပြာသာဒ် ဤကျောင်းပြာသာဒ်တို့နှင့်တကွသော အိပ်ရာနေရာ အခင်း အနှီးတို့ကိုရင်း, ထိုမှတပါး ဇေတဝန်, ဝေဠုဝန်, ပုဗ္ဗာရုံ, နိဂြောဓာရုံ အစရှိသော ကျောင်းတော်တို့ကို ဆောက်လုပ်ပြီးလျှင် ပစ္စည်းလေးပါးတို့ဖြင့် နေ့စဉ်မပြတ် ဆည်းကပ်လုပ်ကျွေးရကုန်သော အနာထပိဏ်သူဌေး,ဝိမ္ဗိသာရမင်းကြီး, ဝိသာခါသူဌေးမ အစရှိသောသူတို့ ပြုအပ်ပေးလှူအပ်သော အာမိသဒါန ကုသိုလ်တို့သည်ရင်း။

ထိုဆိုအပ်ခဲ့ပြီးသမျှ အလုံးစုံသော ကုသိုလ်တို့သည် ထို အစည်းအဝေး၌ အယုတ်သဖြင့် လေးပုဒ်ရှိသော တဂါထာ ဟု ဆိုအပ်သော သံသရာမှ ထွက်မြောက်ကြောင်း "နိယျာနိကဓမ္မ" ကို ဟောကြားရသော ပုဂ္ဂိုလ်, နာခံမှတ်သားရသော ပုဂ္ဂိုလ်, သင်ကြားပို့ချ ရသော ပုဂ္ဂိုလ် တို့တွင် တယောက် တယောက်သော ပုဂ္ဂိုလ်၏ ကုသိုလ်ကို နှစ်ရာ့ငါးဆယ်ခြောက်စိပ် ပြု၍ တစိပ်တခုကိုမျှ မမှီနိုင်ကုန်။

အဘယ် ကြောင့်နည်း ဟူမူကား ထိုဆိုခဲ့ဥသို့ အလုံးစုံသော ကုသိုလ်ကြီးတို့ကို စွန့်လွှတ် လှူဒါန်းသော သူတို့သည် အကြောင်း အကျိုးနှင့် စပ်သော တရားကို နာခံရခြင်း

ကြောင့်ဂုဏ်း, ထိုမျှမက အလုံးစုံသော သာဝက တို့သည် ဘုရားတရားတော်နှင့်ကင်း၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရနိုင်လေကုန်၊ ထို့ကြောင့် အလုံးစုံသော "ပစ္စယ အာမိသဒါန" တို့ထက် "ဓမ္မဒါန" သည်သာလျှင် သာလွန်ထွတ်မြတ်၏ဟု သိကြားမင်းအား မြတ်စွာဘုရား ဟောကြားတော်မူလေ၏။

ဤသို့ ပြဆိုခဲ့ပြီးအကျိုးကြီးမား လှသည်ဖြစ်၍ တသက်လျှာမျှ တဘဝတွင် တဝမ်းဝကာ ဆိုရာမပြီး အချည်းနှီးသော လောကီ စည်းစိမ်ချမ်းသာကို ရှာဘွေခံစားခြင်း, "မောဃကာလ"ဖြင့်သာ နေ့ ,ညကို မလွန်စေမူ၍ သူတော်ကောင်း တရားတို့ကို အစွမ်းအား လျော်စွာ ကျက်မှတ် သင်ကြားရွတ်အံ့ပြန်ဆိုခြင်း, ဆွေးနွေးမေးမြန်းခြင်း,နာခံမှတ်သားခြင်း, ဟောပြောဆုံးမခြင်းတို့ကို ပြုကြကုန်ရာသတည်း။

ထို့ကြောင့်ကိုးခန်းပျို့၌—

အတင်,အခြေ၊ အဖြေ,အမေး၊ အနေး,အလျင်၊ အရှင်အထက်၊ အနက်အနဲ၊ အခွဲအခြမ်း၊ အစမ်းအစုံ၊ အာဂုံဥပမာ၊ အရာရာဖြင့်၊ပညာရှိတွန်၊ သူဆိုဟန်ကို၊ အကျွန်မှတ်သား၊ စေ့စေ့ကြားမူ၊ လေးပါးကဝိ၊ ပဏ္ဍိတစစ်၊ အနှစ်ပြည့်စွာ၊ ဆရာကောင်းထံ၊ ကျိုးနွံဆည်းကပ်၊ အပ်မအပ်ကို၊ ကြပ်ကြပ်သိမူ၊ ပုစ္ဆာပြု၍၊ ဗဟုသစ္စ၊ သုတစိန္တာ၊ ဘာဝနာဖြင့်၊ သုံးဖြာဂုဏ်ထူး၊ တပ်ဦးရှေးခါ၊ ဝါသနာကြောင့်၊ ဖြစ်ပါတော်ငြား၊ ဂုဏ်မြောက် များဟု၊ တရားလမ်းကြီး၊ ခရီးသိတတ်၊ ရှေ့ညွှန်မှတ်သည်၊

မပြတ်ခေါင်းယှဉ် တွဲသတည်း။ -
ဟူ၍ ရှင်ရဋ္ဌသာရစပ်ဆိုတော်မူပေသတည်း။

ဓမ္မဒေသနာ ပုညကြိယာဝတ္ထုပြီး၏။

---

## ဒိဋ္ဌုဇုကမ္မ သဘာဝ

ဤအရာ၌ ဒိဋ္ဌုဇုကမ္မဟူသည် ကာမဝစရ မဟာကုသိုလ် ဉာဏသမ္ပယုတ်၄-ခု၌ရှိသော ပညာဉာဏ်ပင်တည်း၊ ထိုပညာဉာဏ်သည် မဂ္ဂင်အရာ၌ သမ္မာဒိဋ္ဌိ မဂ္ဂင်ပင်တည်း၊ သမ္မာဒိဋ္ဌိဟူသည်လည်း ကမ္မဿကတ ဉာဏ်ပင်တည်း၊ ထို့ကြောင့် ကမ္မဿကတဉာဏ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိကို ဖြူစင် ဖြောင့်မတ်အောင် ပြုခြင်းသည် ဒိဋ္ဌိဇုကမ္မမည်၏။

ကမ္မဿကတဉာဏံ ဒိဋ္ဌိဇုကမ္မံ။
[မူလဋီကာ]

ကမ္မဿကတ ဉာဏံ၊ ကံကိုယုံကြည်ခြင်း ကမ္မဿကတ ဉာဏ်သည်။ ဒိဋ္ဌိဇုကမ္မံ၊ ဒိဋ္ဌိဇုကမ္မမည်၏။

ဤကာမာဝစရ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၌ ယှဉ်သော ပညိန္ဒြေစေတသိက်ဟု ဆိုအပ်သော ပညာသည် ဣန္ဒြေသို့ ရောက်သည်ရှိသော် ပညိန္ဒြေ၊ မဂ္ဂင်သို့ ရောက်သည် ရှိသော် သမ္မာဒိဋ္ဌိမဂ္ဂင်၊ ဗိုလ်သို့ ရောက်သည် ရှိသော် ပညာဗိုလ်၊ မူလသို့ ရောက်သည် ရှိသော် အမောဟ၊ မနောကံကုသလ ကမ္မပထသို့ ရောက်သည် ရှိသော် သမ္မာဒိဋ္ဌိ၊ ပိဋ္ဌိဒုက်သို့ ရောက်သည် ရှိသော် သမ္ပဇည, ဝိပဿနာဉာဏ် အရာသို့ ရောက်သည် ရှိသော် ကမ္မဿကတဉာဏ်၊ ပုညကြိယာဝတ္ထု အရာသို့ ရောက်သည် ရှိသော် ဒိဋ္ဌိဇုကမ္မ၊ ဤသို့လျှင် တခုသော

တရား သဘာဝသည် များစွာသော အရာ၌ နတ်တို့၌ ဝေဘန်၍ ဟောတော်မူ၏။

---

## သမ္မာဒိဋ္ဌိ ဆယ်မျိုးရှိ

ဤကမ္မဿကတသမ္မာဒိဋ္ဌိအရာ၌ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ ဆယ်မျိုးကို သိရာ၏၊ဆယ်မျိုးဟူသည်-

(၁) အတ္ထိဒိန္နံ-ပေးကမ်း လှူဒါန်းကျိုးရှိ၏။

(၂) အတ္ထိယိဋ္ဌံ-လက်ဦးလက်ဖျား ပေးလှူကျိုးရှိ၏။

(၃) အတ္ထိဟုတံ—အကြီးအကျယ် ပေးလှူ ပူဇော်ကျိုး ရှိ၏။

(၄) အတ္ထိသုကတဒုက္ကတာနံ ဖလံဝိပါကော-သုစရိုက် ဆယ်ပါး၏ကောင်းကျိုး, ဒုစရိုက်ဆယ်ပါး၏ မကောင်းကျိုး ရှိ၏။

(၅) အယံလောကော-ဤလူ့ဘုံလောကသည်ရှိ၏။

(၆) အတ္ထိပရောလောကော— ဤလူ့ဘုံလောကမှတပါး နတ်ဘုံ,ငရဲဘုံရှိ၏။

(၇) အတ္ထိမာတာ-အမိ၌ ကောင်းစွာ လုပ်ကျွေးမွေးမြူခြင်း,ပြစ်မှားကျူးလွန်ခြင်း၌ ကောင်းကျိုး,မကောင်းကျိုးရှိ၏။

(၈) အတ္ထိပိတာ-အဘ၌ ကောင်းစွာ လုပ်ကျွေးမွေးမြူခြင်း,ပြစ်မှားကျူးလွန်ခြင်း၌ ကောင်းကျိုး,မကောင်းကျိုးရှိ၏။

(၉) အတ္ထိသတ္တာဩပပါတိကာ—ဤလောကမှ တပါးသောလောကသို့ ပြောင်းရွှေ့၍ ပဋိသန္ဓေနေကုန်သောသတ္တဝါတို့သည်ရှိကုန်၏။

(၁၀) အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စလောကံ ပရဉ္စလောကံ သယံအဘိ

ညာ,သဒ္ဒိကတွာ ပဝေဒေန္တိ-လောက၌ တညီတညွတ်ဖြစ်ကြကုန်သော ကောင်းစွာကျင့်ကြကုန်သော ဤလောက,တမလွန်လောကကို ကိုယ်တိုင်ဒိဋ္ဌသိ၍ မျက်မှောက်ပြု၍ ဟောကြားကြပေကုန်သော ရဟန်း, ပုဏ္ဏား, ဘုရား,ပစ္စေကဗုဒ္ဓါ, အရိယာသူတော်ကောင်းတို့သည်ရှိကြကုန်၏။

[ပဏ္ဏာသပါဠိတော်]

ဤဒသဝတ္ထုက သမ္မာဒိဋ္ဌိကား လောကီပညာရှိ သူတော်ကောင်းတို့ပင် သိမြင်ပညတ် ဟောပြောကြသော ကမ္မာအကျိုးအစဉ်ကြီးတည်း၊ ဤသမ္မာဒိဋ္ဌိ၌ တည်လျှင် ဗုဒ္ဓဘာသာဝင်ဆိုရ၏၊ အလုံးစုံသော ဒါန, သီလ, ဘာဝနာ, ကုသိုလ်ကိုပြုသောသူအား ဤအယူကို ဖြောင့်မတ်စွာယူမှ "ဒိဋ္ဌိဇုကမ္မ" ရှိမှသာလျှင် အကျိုးကြီးမြတ်ပေ၏။

## ဒိဋ္ဌိဇုကမ္မ အကျိုးပြ

ဝေံဇာနနသမတ္ထော ရူမသို့ ကမ္မဿကတဉာဏော
ဌတွာ ဗဟုံ ဒါနံ၊ဒတွာ သီလံ ပူရေတွာ ဥပေါသထံ
သမာဒိယိတွာ သုခေနသုခံ သမ္ပတ္တိယာ သမ္ပတ္တိံ အနု
ဘဝိတွာ နိဗ္ဗာနံ ပတ္တာနံ ဂဏနပရိစ္ဆေဒေါ နတ္ထိ။

[သမ္မောဟဝိနောဒနီ အဋ္ဌကထာ]

ဇံ၊ဤသို့။ ဇာနနသမတ္ထော၊ မိမိဥစ္စာဟုတ်သည်၏အဖြစ်, မဟုတ်သည်၏အဖြစ်ကို သိခြင်းငှါ စွမ်းနိုင်သော။ ရူမသို့ ကမ္မဿကတဉာဏော၊ဤကမ္မဿကတသမ္မာဒိဋ္ဌိဉာဏ်၌။ဌတွာ၊ တည်၍။ဗဟုံ၊များစွာ။ ဒါနံ၊ ဒါနပေးကမ်းခြင်းကို။ဒတွာ၊ ပေး၍။ သီလံ၊ငါးပါး,ဆယ်ပါးသီလဘာရးကို။ ပူရေတွာ၊ဖြည့်စုံစေ၍။ ဥပေါသထံ၊ ဥပုသ်နေ့၌သုံးအပ်သော ရှစ်ပါးသီလ

ဥပေါသထကို။ သမာဒိယိတွာ၊ ဆောက်တည်၍။ သုခေန၊ ချမ်းသာတပါးဖြင့်။ သုခံ၊ ချမ်းသာတပါးကို။ သမ္ဗတ္တိယာ၊ စည်းစိမ်တခုဖြင့်။ သမ္ဗတ္တိံ၊ စည်းစိမ်တခုကို။ အနုဘဝိတွာ၊ အစဉ်ခံစားပြီး၍။ နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ပတ္တာနံ၊ ရောက်ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏။ ဂဏနပရိစ္ဆေဒေါ၊ အရေအတွက်, အပိုင်းအခြားသည်။ နတ္ထိ၊မရှိ။

[အမိပ္ပါယ်ထင်ရှား၏]

---

## ကံကိုချည်းသာ မချရာ

သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာဧဝံ ဝါဒိနော ဧဝံ ဒိဋ္ဌိနော ယံကိဉ္စာယံ ပုရိသ ပုဂ္ဂလော ပဋိ-သံဝေ ဒေတိ၊သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ သဗ္ဗန္တံ ပုဗ္ဗေကတဟေတူတိ။

[အင်္ဂုတ္တရ,သံယုတ္တ,ဝိဘင်္ဂ,ပါဠိတော်]

ဘိက္ခဝေ၊ ရဟန်းတို့။ အယံပုရိသပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သတ္တဝါတွေသည်။ ယံကိဉ္စိသုခံဝါ၊ အလုံးစုံသော ချမ်းသာကိုငင်း။ ယံကိဉ္စိဒုက္ခံဝါ၊ အလုံးစုံသောဆင်းရဲကိုငင်း။ ယံကိဉ္စိအဒုက္ခမသုခံဝါ၊ အလုံးစုံသော ဆင်းရဲလည်းမဟုတ်, ချမ်းသာလည်းမဟုတ်သော မျှတခြင်းကိုငင်း။ ပဋိသံဝေဒေတိ၊ တွေ့ကြုံခံစားကြရလေ၏။ တံသဗ္ဗံ၊ ထိုကောင်း, မကောင်း, ချမ်းသာ, ဆင်းရဲဟူသမျှသည်။ ပုဗ္ဗေကတဟေတု၊ ရှေးဘဝက ပြုခဲ့သည့်ကုသိုလ်, အကုသိုလ် ကံကျောင် အကြောင်းရှိ၏။ဣတိ-ဧဝံဝါဒိနော၊ ဤသို့ ပြောဆိုလေ့ ရှိကြကုန်သော။ဧဝံဒိဋ္ဌိနော၊ ဤသို့ ယူးလေ့ရှိကြကုန်သော။ဧကေ၊အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ရဟန်းပုဏ္ဏားတို့သည်။ သန္တိ၊ရှိကုန်၏။

ဤသို့ ကံကိုချည်းသာ ယူမှားသူတို့သည် ကံဝေဒနာ, ကရိယာဝေဒနာ, ဝိပါက်ဝေဒနာ ၃-ပါးတို့တွင် ၂-ပါးကို ဖယ်ထား၍၊ ဝိပါက်ဝေဒနာတပါးကိုသာ ပြောဆိုဝန်ခံရာ ရောက်သောကြောင့်၎င်း, နာခြင်းအကြောင်းတရား ၈-ပါး, သေခြင်းအကြောင်းတရား ၈-ပါးတို့တွင် နောက်ဆုံး ကမ္မဇ ဝေဒနာ, ကမ္မဇသေခြင်းကိုသာ ပြောဆိုဝန်ခံရာရောက်သော ကြောင့်၎င်း, ဒိဋ္ဌဓမ္မဝေဒနိယကံ, ဥပပဇ္ဇဝေဒနိယကံ, အပ ရာပရိယဝေဒနိယကံ ၃-ပါးတို့တွင် အပရာပရိယဝေဒနိယကံ တပါးကိုသာ ပြောဆို ဝန်ခံရာ ရောက်သောကြောင့်၎င်း, ကုသိုလ် အကုသိုလ်,ဝိပါက်,ကရိယာ,စေတနာ ၄-ပါးတို့ တွင် ဝိပါက်စေတနာတမျိုးကိုသာ ပြောဆိုဝန်ခံရာ ရောက် သောကြောင့်၎င်း နိဂဏ္ဌာတက္ကတွန်းတို့၏ အယူမျိုးဖြစ်သော "သဗ္ဗပုဗ္ဗေကတ ဟေတုဒိဋ္ဌိ"အယူသို့ရောက်တတ်လေ၏။

[၎င်းအဋ္ဌကထာ]

---

## ကံကြောင့်ဖြစ်ရ နည်းငယ်မျှ

အပ္ပံ ကမ္မဝိပါကဇံ ဗဟုတရံ အဝသေသံ၊ တတ္ထ
ဗာလာ သဗ္ဗံ ကမ္မဝိပါကဇံယေဝါတိ၊ အတိဓာဝန္တိ။

[မိလိန္ဒပဥှာပါဠိတော်]

ကမ္မဝိပါကဇံ၊ ရှေးကံကြောင့်ဖြစ်သော သဘောတရား သည်။အပ္ပံနည်းလှလေ၏။ အဝသေသံ၊ကံမှတပါးကြွင်းသော အကြောင်းများသည်။ ဗဟုတရံ၊အလွန်များလှလေ၏။ တတ္ထ၊ ထိုသို့ ကံမှတပါး အခြားသောအကြောင်းတို့ကြောင့် များ လျက်။ ဗာလာ၊ ဟုတ်တိုင်းမှန်လှ သဘာဝကို မသိကြသော ဗာလတို့သည်။ သဗ္ဗံ၊ အလုံးစုံသဘာဝ ဖြစ်သမျှသည်။ ကမ္မ

ဝိပါကဇံယေဝ၊ ရှေးကံကြောင့် ဖြစ်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ အတိဓာဝ န္တိ၊ ဘုရား၏ဉာဏ် တရားမှန်ကို ကျူး လွန်ကျော်နင်းရာ ရောက်ကြလေကုန်၏။

ဤအရာဝယ် ဘုရားအလိုကျ မယူဆတတ်ဘဲ မတော်မမှန် ဘောက်ပြန်မှားယွင်း သမ္မာဉာဏ်အမြင်ကင်း၍ မိစ္ဆာဉာဏ် အမြင်တင်းသောသူတို့မှာ သေသည်၏အခြားမဲ့၌ ငရဲသို့သာ ကျရောက်ရလေကုန်၏။

မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ၊အပါယံ ဒုဂ္ဂတိံ ဝိနိ ပါတံ နိရယံ ဥပပဇ္ဇန္တိ။

[ကေဂုတ္တရပါဠိတော် ကေမွဝဂ်]

ဘိက္ခဝေ ရဟန်းတို့။ မိစ္ဆာဒိဋ္ဌိယာ၊ မှားသောအယူနှင့် သမန္နာဂတာ၊ ပြည့်စုံကုန်သော။ သတ္တာ၊ အမိုက်တကာ မိုလ်ချုပ်, အဖျင်းတကာ မိုလ်မင်း သတ္တဝါခပင်းတို့သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ မရ ဏာ၊ သေသည်မှ။ ပရံ၊ နောက်ကာလ၌။ အပါယံ၊ ချမ်းသာ ကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းမှုကိုပြုသောသူတို့၏ လားရာ ဖြစ်သော။ ဝိနိပါတံ၊ လက်,ခြေအစရှိသော အင်္ဂါငယ်ကြီး ပျက်စီး၍ ကျရာဖြစ်သော။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇန္တိ၊ ကပ် ရောက်ဖြစ်ရကုန်၏။

ဤသို့လျှင် "ကဏှပက္ခ အကုသလဓမ္မ"၌ မိစ္ဆာဒိဋ္ဌိ မ နောကံသည် အလွန်ကြီးသောအပြစ်ရှိသည်ဖြစ်၍ "ပရမဝဇ္ဇ ကမ္မပထ"အထူးဖြစ်သကဲ့သို့ "သုက္ကပက္ခ ကုသလ ဓမ္မ" ၌ လည်း သမ္မာဒိဋ္ဌိမနောကံသည် အလွန်ကြီးမားသော အကျိုး ရှိသည်ဖြစ်၍ "ပရမဟိတ ကမ္မပထ"အထူးဖြစ်ပေ၏။

ထင်ရှားစေအံ့၊ ငါတို့ဘုရားအလောင်း ရှေးလွန်လေပြီးသောအခါ လောမဟံသ ဇာတ်တော်မှာ မိမိကိုယ်ကို ငြိုငြင်ပင်ပန်းခေါင်းပါးစေခြင်း 'အတ္တကိလမထာနုယောဂ''အမှုဒ္ဒချမ်းသာသုံးပါးသို့ ရောက်ကြောင်းတည်းဟု လူအများတို့သမုတ်ခြင်းသို့လိုက်၍ လေးရက်တကြိမ်,ငါးရက်,ခြောက်ရက်,ခုနစ်ရက်တကြိမ်မျှ တလက်ဘက်မျှသော ပဲရည်ကိုသောက်ခြင်း,နွေအခါ၌ ကြီးသောအပူကိုခံခြင်း, ဆောင်းအခါ၌ ကြီးသော အချမ်းကိုခံခြင်း စသည်ဖြင့် အသက်ထက်ဆုံး ပြည့်စုံသော အကျင့်ကို ကျင့်တော်မူ၏။

ထိုသို့ကျင့်တော်မူ၍ စုတေခါနီးသောအခါ ငရဲထိန်း,ငရဲမီးလျှံစသောငရဲသို့လားရာ နိမိတ်များထင်လာသော် သတိသမ္ပဇည ကိုဖြစ်စေ၍ အယူကို ဖြောင့်မတ်စွာပြုခြင်း''ဒိဋ္ဌိဇုကမ္မ, ပုညကြိယာ''ကို ဖြစ်စေ၏၊ မိမိအကျင့်၏ သံသရာမှထွက်မြောက်ကြောင်း မဟုတ်သောအဖြစ်ကို ကောင်းစွာ ပိုင်းခြား၍ ပယ်လေ၏၊ ထိုအခါဝယ် ငရဲနိမိတ်များကွယ်၍ နတ်၌ဖြစ်သောဥယျာဉ်,ရေကန်,ပဒေသာပင် စသည်တို့သည်ထင်လျက် စုတေသောလွန်သောအခုံး၌ နတ်ရွာသုဂတိသို့ လားရလေ၏။

ဤသို့လျှင် တမုဟုတ်မျှ ဖြောင့်မတ်စွာပြုအပ်သော သမ္မာဒိဋ္ဌိ, ဒိဋ္ဌိဇုကမ္မ၏ ထင်ရှားသော ဒုဂ္ဂတိနိမိတ်ကို ပယ်ဖျောက်သုဂတိဘုံသို့ရောက်အောင် ပို့ဆောင်နိုင်သော အဖြစ်ကို ဆင်ခြင်၍,ကာလအရှည် သန္တာန်၌တည်သော ''ဒိဋ္ဌိဇုကမ္မ''မနောကံ၏ ကြီးမြတ်သော အကျိုးရင်း,အကျိုးဖျား ရှိကြောင်းကို ကောင်းစွာ သိအပ်ပေသတည်း။

ဒိဋ္ဌိဇုကမ္မ ပုညကြိယာဝတ္ထု ပြီး၏။

## ကံသခ်ါရ မကြောက်ရ

ဤအရာ၌ သရဏဂုံ, သီလ,ပုညကြိယာဝတ္ထု တစုံတခုကို ပြုလုပ်ရာဝယ် ပြုလုပ်သူ၏ မူလရည်မှန်းချက်က ဘဝသံသရာ ကောင်းစားရေးလောက်သာ လိုလားတောင့်တရင်းရှိနေသည် ဖြစ်ခဲ့အံ့၊ ထိုကဲ့သို့သောကုသိုလ်မျိုးသည် ဘဝစည်းစိမ်ကိုတပ် မက်သော လောဘတဏှာ၏ ကျေးကျွန် သဖွယ် မျှသာ ဖြစ်၏၊ ထို့ကြောင့် လောဘတဏှာ၏ လက်အောက်ခံဖြစ်သော ယင်း ပုညာဘိသင်္ခါရမျိုးကိုမူ ကြောက်လန့်ရမည် သာတည်း။

သို့သော် မူလရည်မှန်းချက်က ဘဝသံသရာ၏အပြစ်ကိုသိ၍ လွတ်မြောက်ရေးကိုသာရှေးရှုနေခဲ့ပါမူ ထိုကဲ့သို့သော ပုညာဘိ သင်္ခါရမျိုးသည်ကား ကြောက်လန့်ဘွယ်မဟုတ်ပါ၊ အဘယ့် ကြောင့် ဆိုသော် တဏှာ တော်လှန်ရေးသဘော သက်ရောက် သည့် ဝိဝဋ္ဋနိဿိတ ကုသိုလ်မျိုး ဖြစ်သောကြောင့် ပေတည်း၊ ထို့ကြောင့် ပုညာဘိသင်္ခါရကိုကြောက်လန့်နေမည့်အစား ထို အပေါ်၌ ကြိုးကိုင်ချယ်လှယ်မည့်“လောဘ,တဏှာ,အဝိဇ္ဇာ” စသည်တို့ကိုသာ ကြပ်ကြပ်ကြီး ကြောက်လန့်ကြပါဟု သတိ ပေး လိုပေ၏။

အကယ်၍သာ ပယ်အပ်သောတရားမျိုး“ပဟာတဗ္ဗဓမ္မ” မဟုတ်သော ပုညာဘိသင်္ခါရ “ကုသိုလ်ကံ” ဟူသမျှ ကိုပင် ကြောက်လန့်ဘွယ်ဟု ထင်မှတ်နေခဲ့သော် ဘာကုသိုလ်ကံကိုမှ မပွားများမပြုလုပ်ဘဲ အလကားသက်သက် အိပ်စက်နေရုံမျှ သာရှိ၏၊ (သတိထား)အဘယ့်ကြောင့်ဆိုသော် ရုပ်, နာမ် တရားစုတို့အပေါ်၌ အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ နှလုံးသွင်း ဆင်ခြင်နေသော ယောဂီပုဂ္ဂိုလ်တို့၏ ဝိပဿနာ ကုသိုလ်စု

ပင်သော်လည်း ကံ သင်္ခါရ ဖြစ်၍နေသေးသောကြောင့်ပင်တည်း။

[ပဋိသမ္ဘိဒါမဂ်ပါဠိတော်]

သို့ရာတွင် ဝဋ်ဆင်းရဲဟုဆိုအပ်သော နှိပ်စက်တိုက်ခိုက်သည့်ဒုက္ခဘုံ ဘဝသံသရာကြီးထဲမှ တကယ်တမ်း ရုန်းထွက်လိုသောသူသည် မိမိသန္တာန်၌ နိယျာနိကဖြစ်သော လောကုတ္တရာ(မဂ်)ကုသိုလ်အစစ် မပေါ်ပေါက်သေးသမျှ လက်လှမ်းမှီဖြစ်သော ယင်းပုညာဘိသင်္ခါရကိုပင် ခြေကုပ်ပြုလျက် လိုအပ်သော လောကုတ္တရာကုသိုလ်အစစ်သို့ ဆိုက်ရောက်သည်အထိ ဖြောင့်မတ်လှစွာ လျှောက်လှမ်း သွားရမည်သာဖြစ်၏၊ ဥပမာအားဖြင့် ထင်ရှားပြရသော် သမုဒ္ဒရာဝဲဩဃ မျောနေရာမှ ဆင်သေကောင်ပုတ်ကြီးကို တွယ်ဖက်မိသူသည် တစ်ဖက်ကမ်းသို့ မဆိုက်ရောက်သေးသမျှ ယင်းဆင်သေကောင်ပုတ်ကြီးကိုပင် လက်မလွှတ်သေးဘဲ တွယ်ဖက်ပြီးကာ လိုအပ်သောဆိပ်ကမ်းရှိရာသို့ လှော်ခပ်သွားရဦးမည်သာ ဖြစ်သကဲ့သို့တည်း။

---

## ဒါန,သီလ,ဘာဝနာ သဘာဝ

ဤပုညကြိယာဝတ္ထု ၁၀-ပါးတို့ကို သဘောတူရာ အကျဉ်းချုံးက ဒါန, သီလ, ဘာဝနာ သုံးပါးသို့သာ အတွင်းဝင်ပုံကို ပြဆိုခဲ့ပြီ၊ ထိုသုံးပါးတို့ကို ဥပမာအားဖြင့် ပြရချေသော်—

(၁) ဒါနကား မျိုးစေ့နှင့်တူ၏။

(၂) သီလကား လယ်ယာမြေနှင့်တူ၏။

(၃) ဘာဝနာကား မိုးရေနှင့်တူ၏။

ဤအရာ၌—

(၁) ဒါနသာရှိ၍ သီလ, ဘာဝနာ ကင်းသောသူသည် မျိုးစေ့သာရှိ၍ လယ်ယာလည်းမရှိ၊ မိုယ်းလည်းမရွာသောသူ နှင့်တူ၏။

(၂) သီလသာရှိ၍ ဒါန, ဘာဝနာ ကင်းသောသူသည် လယ်ယာသာရှိ၍ မျိုးစေ့လည်းမရှိ၊ မိုယ်းလည်းမရွာသောသူ နှင့်တူ၏။

(၃) ဘာဝနာသာရှိ၍ ဒါန, သီလ ကင်းသောသူသည် မိုယ်းသာရွာ၍ မျိုးစေ့,လယ်ယာမြေမရှိသောသူနှင့်တူ၏။

တနည်း—

(၁) ဒါနသည် လမ်းရိက္ခာနှင့်တူ၏။

(၂) သီလသည် လမ်းခရီးနှင့်တူ၏။

(၃) ဘာဝနာသည် မျက်စိနှင့်တူ၏၊ထိုသုံးပါးတို့တွင်-

(၁) ဒါနသာရှိသောသူကား ရိက္ခာသာပါ၍မျက်စိကန်း လမ်းသွားသူနှင့်တူ၏၊ တူပုံမှာ ခရီးလမ်းမှန်ကို မသွား တတ်ပါက ချုံတောကိုသာ ဝင်လေ၍ ခြင်္သေ့, သစ်,ကျား ဘေးရန်များကိုသာ တွေ့သဖြင့် ဒုက္ခများစွာတွေ့ရာသကဲ့သို့ ဘဝသံသရာ၌သာ ကျင်လည်၍ မဂ်,ဖိုလ်,နိဗ္ဗာန်ကိုမရနိုင်ဘဲ ဒုက္ခတွေ့လျက်သာရှိခြေရာ၏။

(၂) ဒါန,သီလသာရှိ၍ ဘာဝနာ ကင်းသောသူကား ရိက္ခာလည်းပါ,ခရီလမ်းကိုလည်း သွားပါ၏၊ သို့သော်ငြား လည်း ခရီးအပိုင်းအခြားကိုမသိ၍ အရှေ့ကို မှန်းရွယ်သော် လည်းအနောက်ကိုသာလမ်းချော်၍ သွားမိပါသဖြင့် လိုရာ မပြီးခရီးမရောက်၊ကြာလေကြာလေ ဝေးလေသာဖြစ်သကဲ့သို့

ဘာဝနာကင်း၍ မဂ်,ဖိုလ်နှင့်မနီး ဘဝသံသရာမှာ အဓွန့်ရှည် စွာကျင်လည်ရလေရာ၏။

(၃) ဘာဝနာကိုသာ အားထုတ်ပါ၍ ဒါန, သီလမရှိ ချေကလည်း မျက်စိသာမြင်၍ ရိက္ခာလည်းမရှိ လမ်းကို လည်းမသွားဘဲ စိတ်ကူးနှင့်သာသွား၍ အငတ်ငတ် အပြတ် ပြတ်နေရသောသူနှင့် တူ၏၊ ထို့ကြောင့် သုံးပါးလုံးညီမှ ပျော်ပါက်ပတ်ကြောင်းကို—

> ယဿ ဒါနေန သီလေန ဘာဝနံ ဘာဝေတိ။
> ခယံ နိဗ္ဗာနံ ပါပုဏာတိ။

ဟုမိန့်တော်မူ၏။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဒါနေန၊ အလှူပေးသဖြင့် ၎င်း။ သီလေန၊ သီလဆောက်တည်သဖြင့်၎င်း။ ဘာဝနံ၊ ဘာဝနာကို။ ဘာဝေတိ၊ ပွားများရှုမှတ်၏။ သော၊ ထိုပုဂ္ဂိုလ် သည်။ ခယံ၊ ကိလေသာကုန်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏာတိ၊ လွယ်ကူချမ်းသာ ရောက်နိုင်ရာ၏။

---

## ပုညကြိယာ ကျိုးနှစ်ဖြာ

> အပ္ပမာဒံ ပသံသန္တိ၊ ပုညကြိယာသု ပဏ္ဍိတာ။
> အပ္ပမတ္တော ဥဘော အတ္ထေ၊ အဓိဂဏှာတိ ပဏ္ဍိတော။
> ဒိဋ္ဌေ ဓမ္မေစ ယောအတ္ထော၊ယောစတ္ထောသမ္ပရာယိကော။
> အတ္ထာဘိသမယာ ဓီရော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။ ။
>
> [ဇာတိဝတ်ပါဠိတော်]

ပုညကြိယာသု၊ ပုညကြိယာကုသိုလ်တို့၌။ အပ္ပမာဒံ၊ မမေ့မလျော့သောသူကို။ ပဏ္ဍိတာ၊ လိမ္မာတတ်သိ ပညာရှိတို့

သည်။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။ ပုညကြိယာသု၊ ပုညကြိယာကုသိုလ်တို့၌။ အပ္ပမတ္တော၊ မမေ့မလျော့သော။ ပဏ္ဍိတော၊ လိမ္မာတတ်သိ ပညာရှိသောသူသည်။ ဥဘော အတ္ထေ၊ ပစ္စုပ္ပန်,တမလွန်,နှစ်တန်သောအကျိုးတို့ကို။ အဓိဂဏှာတိ၊ ရယူလေ၏။ ဒိဋ္ဌေဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌။ ယောအတ္ထောစ၊ အကြင် အကျိုးသည်၎င်း။ သမ္ပရာယိကော၊ တမလွန်၌ဖြစ်သော။ ယောအတ္ထောစ၊ အကြင်အကျိုးသည်၎င်း။ အတ္ထိ၊ မုချမသွေ ရှိပါပေ၏။ အတ္ထာဘိသမယာ၊ အကျိုးနှစ်ပါးကိုရခြင်းကြောင့်။ ဓီရော၊ ပညာရှိသောသူကို။ ပဏ္ဍိတောတိ၊ လူလိမ္မာဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်လေသတည်း။

ပုညကြိယာကို ပြဆိုရာအခန်း ပြီး၏။

# ၄။ ဘာဝနာကိုပြဆိုရာအခန်း

## အာနာပါန ရှုမှတ်ကြ

(၁) အာနာပါနသတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။

(၂) စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။

(၃) သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။

[ဥပရိပဏ္ဏာသပါဠိတော် အနုပဒဝဂ် အာနာပါနသတိသုတ်].

(၁) ဘိက္ခဝေ၊ ရဟန်းတို့။အာနာပါနသတိ၊အာနာပါနသတိကမ္မဋ္ဌာန်းအလုပ်သည်။ ဘာဝိတာ၊ ပွားများစေအပ်သည်ရှိသော်။ ဗဟုလီကတာ၊နေ့ရက်များစွာ လေ့လာစွဲမြဲခြင်းကို ပြုအပ်သည်ရှိသော်။ စတ္တာရောသတိပဋ္ဌာနေ၊ သတိပဋ္ဌာန်လေးပါးတို့ကို။ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။

(၂) စတ္တာရောသတိပဋ္ဌာနာ၊ လေးပါးသော သတိပဋ္ဌာန်တရားတို့သည်။ ဘာဝိတာ၊ ပွားများစေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ နေ့ရက်များစွာ လေ့လာခြင်းကို ပြုအပ်ကုန်သည်ရှိသော်။ သတ္တဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို။ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။

(၃) သတ္တဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်ခုနစ်ပါးတို့သည်။ ဘာဝိတာ၊ ပွားများစေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ နေ့ရက်များစွာ လေ့လာအားထုတ် အပ်ကုန်သည်ရှိသော်။ ဝိဇ္ဇာဝိမုတ္တိံ၊ လောကုတ္တရာဝိဇ္ဇာလေးပါး, ဝိမုတ္တိလေးပါးကို။ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။

ဤအရာဝယ် လိုရင်းအဓိပ္ပါယ်သော်ကား အာနာပါန ကမ္မဋ္ဌာန်းအလုပ်ကို နေ့ရှည်,ရက်များ ကြီးပွား ထမြောက် အောင် အားထုတ်လုပ်ဆောင်နိုင်ပါမူကား သတိပဋ္ဌာန် လေးပါးကို ပွားများမှုကိစ္စလည်း အလိုလို ပြီးစီးတော့သည်၊ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများမှုကိစ္စလည်း အလိုလိုပြီးစီး တော့သည်၊ မဂ်ဉာဏ်လေးပါးဟူသော ဝိဇ္ဇာတရား, ဖိုလ် ဉာဏ်လေးပါးဟူသော ဝိမုတ္တိတရား ဤတရားနှစ်ပါးကို ပွား များမှုကိစ္စလည်း ပြီးစီးတော့သည် ဟူလိုသတည်း။

ဤပါဠိတော်၌ အလုံးစုံသော ဗောဓိပက္ခိယတရား ၃၇- ပါးတို့ကို သတိပဋ္ဌာန်, ဗောဇ္ဈင်,ဝိဇ္ဇာ,ဝိမုတ္တိတို့ဖြင့် သိမ်းကြုံး ၍ဟောတော်မူသည်၊ အာနာပါနအလုပ် အားထုတ်ပါက အလုံးစုံသောဗောဓိပက္ခိယတရား ၃၇- ပါးကို ပွားများမှု အကုန်ပြီးစီး၏ဟူ၍ ဆိုလိုပေသတည်း။

[အမှာ] ဤကျမ်း၌ကား အာနာပါန ဝိပဿနာ ယာနိက ကိုပြပေအံ့၊ သမထယာနိကအကျယ်ကိုအလိုရှိပါက ပဓာ နပါရဂူကျမ်းမှာ ယူကြကုန်ရာ၏။

---

## ရှေးဦးအစ ကိုယ်,စိတ် သိမ်းဆည်းရပုံ

ဤအာနာပါနသတိ ကမ္မဋ္ဌာန်းကို တိုးပွားမယုတ် ကြိုး စားအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာဌာန တွင် ရဟန်း, သာမဏေနှင့် ယောကျ်ား ယောဂီများမှာ ဘယ်ခြေကအောက်, ညာခြေက အထက် ထပ်လျက်ခွေသော သို့မဟုတ် ဘယ်ခြေကအပြင် ညာခြေကအတွင်း လွှဲ၍ခွေသော မဟာ ပလ္လင်ခွေ၍ မိန်းမယောဂီများမှာ ခြေတဘက်ကို ခွေ၍ တဘက်ကို ဒူးတုပ်ခါထားသော အဍ္ဎပလ္လင်ခွေဖြင့် ထိုင်ပြီး

ကာ ဘယ်လက်ကို မိမိရှေ့ တည့်တည့်မှာ ပက်လက်ခင်း၍ ညာလက်က ဘယ်ဘက်လက်ပေါ်မှာ ပက်လက်ဖြန့်ကာ ထပ်၍ တင်၊ လက်မ၊ ထိပ်ခြင်း ထိ၍ထား၊ ခါးကိုခပ်စန့်စန့်၊ ဇက်ကိုမ မေ့ မငုံ့၊ မျက်စေ့ကိုမှိတ်လျက် အာရုံငါးပါး ကျရောက်ရာ ဒွါရများသို့ စိတ်မသွားစေမူ၍ မလှုပ်မရှား ငြိမ်သက်စွာ ထားကာ ထိုင်ရမည်။

[မှတ်ချက်] ဤကား ဘာဝနာအလုပ် အားထုတ်ခါစ ''အာဒိကမ္မိက''ပုဂ္ဂိုလ်များအတွက်ညွှန်ကြား ချက်တည်း ဘာဝနာဝါးဝ၍ အသားကျလာ သောအခါ ဣရိယာပုထ်လေးပါးတို့ဖြင့်လည်း အားထုတ်နိုင်၏။

ဤသို့အချိုးကျကျ ထိုင်ပြီးသကာလ ဝင်လေ ထွက်လေ ဖြစ်ရာ ထင်ရှားရာဌာန နှာခေါင်းဝဝယ် အပေါက်နှစ်ခု၏ အလယ်ကြားအတားကလေး၏ရှေ့ အထက်နှုတ်ခမ်းဖျား မြောင်းကလေး၏ အရင်းနား မိမိလက်တသစ်ခန့် ပမာဏ လေတိုးထိရာဌာန နှာသီးဖျားတွင် သတိကိုခိုင်မြဲစွာ စောင့်ထိန်း ၍ စိုက်ထားရမည်။

---

## အာနာပါန အလုပ် အားထုတ်ပုံ

သော သတောဝ အဿသတိ။

သတောဝ ပဿ သတိ။

[ရင်း]

သော၊ ထိုဇွ္ဌြေရ အချိုးကျ သိမ်းဆည်း ငြိမ်သက်လေပြီး သော ယောဂီပုဂ္ဂိုလ်သည်။ သတော၀၊ အမှတ်သတိနှင့် ပြည့် စုံသည် ဖြစ်၍သာလျှင်။ အဿသတိ။ ဝင်သက်လေကို ဖြစ်စေ

၏။ သဘောဝါအမှတ်သတိနှင့် ပြည့်စုံသည်ဖြစ်၍ သာလျှင်။ ပဿသတိ၊ ထွက်သက်လေကို ဖြစ်စေ၏။

ဤသို့ လေတိုးထိရာဌာန နှာသီးဝတွင် သတိ စိုက်ကာ (တမင်လာ မရှုရှိုက်မှု၍) ပကတိ ဝင်လေ, ထွက်လေတို့ကို ရှုမှတ်၍နေရာ နှာခေါင်းဝမှာ ဆေးလိပ် မီးခိုးများ ဝင်ထွက် လာသလို ပူပူ အေးအေး နွေးနွေး ငွေ့ငွေ့ ထိထိပြီးသွား သော အတွေ့ကလေးကို မမေ့လျော့သော သတိဘရားဖြင့် လေတိုးထိသည်နှင့်ရှုမှတ်သောစိတ်မှာ မကွေမကွာ "ပစ္စုပ္ပန် ကာလ" တည့်တည့်ကျစွာ ရှုမှတ်ပွားများရာ၏၊ ထိုသို့သတိ စိုက်ကာ နှာဝ၌,ဝင်လေထိခိုက်၍ ဝင်ခိုက်ကို "ဝင်လေ"ဟု စိတ်ဖြင့်သာရှုမှတ်ပါ၊ထွက်လေထိခိုက်၍ထွက်ခိုက်ကို"ထွက် လေ"ဟု ရှုမှတ်ရာ၏။

## အာနာပါန အစ ရေတွက်ကြ

ဤအာနာပါနအလုပ်အားထုတ်ရာ၌ အစစွာ အားထုတ် ခါစမှာ ရေတွက်သောနည်းဖြင့် အားထုတ်ကြရာ၏၊ အဘယ် ကြောင့်ဆိုသော် ရေတွက်ခြင်းဖြင့်သာလျှင် ရှုမှတ်သော ဘာ ဝနာစိတ်သည် တည်ကြည်ခြင်းဖြစ်၍ အပြင်ပသို့ ပျံ့လွင့်ထွက် သွားသော ဝိတက်အလျှင် ပြတ်ခြင်းကိုပြုကာ ဝင်လေထွက်လေ အာရုံ၌ သတိခိုင်မြဲစွာ ထားခြင်း ငှာသာလျှင် ရေတွက်ခြင်း ဖြစ်သောကြောင့်တည်း။ [ဝိသုဒ္ဓိမဂ်။]

## ရေတွက်ပုံ အစီ အစဉ်ကား

ဝင်လေထွက်လေတစ်, ဝင်လေထွက်လေနှစ်,
ဝင်လေထွက်လေသုံး, ဝင်လေထွက်လေ လေး,

ဝင်လေထွက်လေငါး, ဝင်ဧလထွက်လေခြောက်,
ဝင်လေထွက်လေခုနှစ်, ဝင်လေထွက်လေရှစ်။

ဤသို့အားဖြင့် ရှစ်ခုကို တဝါရခေါ်ရ၏၊ ရှစ်ခုပြည့်ပါက တစ်မှစ၍တဖန်ထပ်ကာ ရေတွက်ရာ၏၊ဤသို့ရေတွက်ခြင်းကို အဘယ်မျှလောက်ကြာအောင် ရေတွက်ရမည် နည်းဟူမူကား ရေတွက်ခြင်းနှင့် ကင်း၍ ဝင်လေ ထွက်လေ အာရုံ၌ သတိ ကောင်းစွာ တည်သည့်တိုင်အောင် ရေတွက် ရမည်ဟူ၍မှတ် ရာသတည်း။

အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊
အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။
[ဂုင်း]

အနိစ္စာနုပဿီ၊ ဖြစ်ပျက်မစဲ မမြဲသည်ကို အဘန်ဘန်ရှု လျက်။ အဿသိဿာမီတိ၊ ဝင်သက်လေကို ဖြစ်စေတော့အံ့ ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။ အနိစ္စာနုပဿီ၊ ဖြစ်ပျက်မစဲ မမြဲသည်ကို အဘန်ဘန်ရှုလျက်။ ပဿသိဿာ မီတိ၊ ထွက်သက်လေကို ဖြစ်စေတော့ အံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။

ဤပါဠိတော်၏ အဓိပ္ပါယ်သော်ကား ဝင်သက်လေကိုရှု မည်ဟု ပြုသည်ရှိသော် အမှတ်မဲ့မရှုမူ၍ အနိစ္စထင်အောင် ရှု၍ ရှုမည်ဟု နှလုံးသွင်းကာ ရှုတိုင်းရှုတိုင်း "အနိစ္စမနသိ ကာရ" ဧရှ့သွားမြဲစေရာ၏ ဟူလိုသည်၊ ထွက်သက်၌လည်း ထိုနည်းတူစွာ ရှုမှတ်ရာ၏၊ဤကား ထိုပါဠိတော်၏ တိုက်ရိုက် အဓိပ္ပါယ်ပေတည်း။

## ဝိပဿနာ သဘာဝ ၂-ဌာန

ဤအရာ၌ ဝိပဿနာအလုပ်တည်ထောင်မှုသည် ရုပ်ကို အစပြု၍ တည်ထောင်မှု, နာမ်ကိုအစပြု၍ တည်ထောင်မှုဟူ၍ ၂-ပါးရှိရာ ဤခဏ်က,သမာဓိခဏ်းမှဝိပဿနာလမ်းသို့တက် လှမ်းရှုမှတ်လိုသော ယောဂီပုဂ္ဂိုလ်ကား ဝင်လေ,ထွက်လေ ဟူသော ရုပ်ကိုအစပြု၍ တည်ထောင်ရာ၏၊ အဘယ့်ကြောင့် ဆိုသော် ထိုအခဏ်း၌ ဝင်လေ,ထွက်လေဟူသောရုပ်သည်သာ လျှင် ဉာဏ်၌ထင်ရှားသေးသောကြောင့်တည်း။

ဤအခဏ်း၌ပြီးစီးသောခဏ်က,သမာဓိကိုဥပစာရသမာဓိ အရာ၌ အမြဲထားရာ၏၊ ထားပုံကား ဝိပဿနာအလုပ်ကို ရှု မှတ် အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် တနေ့လုံး, တညဉ့်လုံး မလုပ်နိုင်ရှိသဖြင့် တနေ့တညဉ့်အဘို့ ၂၄-နာရီ ရှိ သည်တွင်၄-နာရီတန်သည်,၃-နာရီတန်သည်အချိန်မှန်ထား ၍ အားထုတ်ရမည်၊ အလုပ်ခွင်သို့ ဝင်တိုင်းဝင်တိုင်း စိတ် ဝိတက်ကို သုမ်သင်ခြင်းငှာ ရှေးဦးစွာ အာနာပါနသတိကိုဝင် စားရမည်၊ စိတ်ဝိတက်ငြိမ်သက်သောအခါမှ "ဝိပဿနာမန သိကာရ"ဖြစ်ပျက်ကို ရှုမှတ်အားထုတ်ရမည်၊ဝိပဿနာမန သိကာရ ထမြောက်၍ မဂ်,ဖိုလ်သို့ ရ, ရောက်ပြီးသည်တိုင် အောင်ထိုအာနာပါနသတိကိုမလွှတ်ရ၊ဖိုလ်ကိုဝင်စားသောအ ခါ၌ပင် ထိုသတိကို ဥပစာရသမာဓိအရာ၌ အမြဲထားရာ၏။

---

## ဝိသုဒ္ဓိ သဘာဝ ၅-ဌာန

ဤဝိပဿနာအရာ၌—

(၁) ဒိဋ္ဌိဝိသုဒ္ဓိ,

(၂) ကင်္ခါဝိတရဏဝိသုဒ္ဓိ,

(၃) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ,
(၄) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ,
(၅) ဉာဏဒဿနဝိသုဒ္ဓိ,

ဟူ၍ ဝိသုဒ္ဓိအစဉ် သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အပြား ၅-ပါး ရှိ၏။

ထင်ရှားစေအံ့၊ ထို ၅-ပါးတို့တွင်—

(၁) ဒိဋ္ဌိဝိသုဒ္ဓိဟူသည် ထိုဝင်လေ,ထွက်လေ၌ "မြေ, ရေ,မီး,လေ,အဆင်း,အနံ့,အရသာ,ဩဇာဟူ၍ အမြဲအား ဖြင့် ရုပ်ဓာတ်ရှစ်ပါးရှိ၏၊ အသံဖြစ်သောအခါ သဒ္ဒဓာတ် နှင့်တကွ ရုပ်ဓာတ် ၉-ပါးဖြစ်၏၊ထိုတွင် မြေ,ရေ,မီး,လေ ဟူ သော ဓာတ်ကြီး ၄-ပါးသည်သာ လိုရင်းပဓာနပေတည်း။

ထို ၄-ပါးတို့တွင်လည်း မြေဓာတ်ကား မာမှုသဘောပင်၊ မာမှုဟူသည်မှာ အလုံးစုံသော အဆောက်အဦဟူသမျှတို့၌ အမာခံမှုဟုဆိုလိုသည်၊ ထိုအမာခံမှုသည် လွန်ကဲ ခက်မာ သောအဖြစ်သို့ရောက်သောဝတ္ထုမျိုးတို့၌ စမ်းသပ်ထိပါးလျှင် မာသည်ဟု သိသာထင်ရှား၏၊ နေရောင်,လရောင်တို့၌ကဲ့သို့ အမာခံအနေမျှသာ တည်ပါမှုကား စမ်းသပ်၍မရ၊ သိမ်မွေ့ လှ၏၊ ယုတ္တိအားဖြင့်ကား ဉာဏ်၌ထင်ရှားပေ၏။

မှန်၏၊ဖွဲ့စေးမှုဟူသောရေဓာတ်သည် အမာခံ၍ဝတ္ထုမရှိခဲ့ သော် အဘယ်သို့ဖွဲ့မည်နည်း၊ ပူလောင်မှုဟူသော မီးဓာတ် သည် အမာခံမီးစာမရှိခဲ့သော် အဘယ်ကိုစွဲမည်,လောင်မည် နည်း၊ မီးဓာတ်၏အရှိန်အဝှန်ဖြစ်သော ကြွရွ ထောက်ကန်မှု ဟူသော လေဓာတ်သည် အမာခံထောက်ရာ,ကန်ရာဝတ္ထုမရှိ ခဲ့သော် အဘယ်သို့ကြွရွနိုင်မည်နည်း၊ ဤကား ယုတ္တိအားဖြင့် ဉာဏ်အား ထင်ရှားပုံတည်း။

ဆောင်ပုဒ်

ရေဓာတ်စုလုံး၊ နွေးအုံးမီးဓာတ်၊လေဓာတ်ထောက်ကန်၊ သုံးတန်ပြုချက်၊ ကျေးဇူးနက်ကြောင့်၊ ညက်ညက်ကြေမွ၊ မူလဓာတ်နေ၊ ထုံးပြာမြေသို့၊ မလေမပြန့်၊ မန့်မကြဲ၊ စုလုံးခဲ၍၊ လူဘဲ့,နတ်ဘဲ၊ ငါဘဲ့,သူဟန်၊ သဏ္ဌာန်သွယ်သွယ်၊ကြီး, ငယ် တို, ရှည်၊ ကြံလိုဆူဝ၊ လှည့်ပတ်ပြသည်၊ အာကမြေဓာတ်-အံ့ဘွယ်တည်း။

(၂) အဿာသ ပဿာသကာယဟု ကာယသဒ္ဒါနှင့် ဆိုရအောင် အစုအရုံးတခု ဖြစ်လာမှုသည် ရေဓာတ်ဖွဲ့စေးမှုပေတည်း။

ဆောင်ပုဒ်

ပေါင်းနွေးမီးဓာတ်၊ လေဓာတ်ထောက်ကန်၊ နှစ်တန်ပြုချက်၊ ကျေးဇူးနက်ကြောင့်၊ အိုင်းပျက်အနာ၊ ကဲ့ပမာသို့၊ ကိုယ်မှာတင်းကြမ်း၊ အပုတ်လွှမ်း၍၊မန်းရေ့,ငန်းရေ၊ တွေတွေသွန်ကာ၊ ရွံရှာစက်ဆုပ်၊ အပုတ်မီးမီး၊ မစီးသိုသိပ်၊ မဖိတ်မယို၊ မြေဥ္စခို၍၊ ဤကိုယ်ဖွံ့ထွား၊ ကြီးပွားပျိုနု၊ အံ့ရှုစရာ၊ သူခရာသည်၊ ဓာတ်မှာရေမျိုး- စင်းစင်းတည်း။

(၃) ဤ''ဝင်လေ,ထွက်လေ''၌ ပါရှိသော ပူမှု,အေးမှုသဘောသည် မီးဓာတ်ပေတည်း။

ဆောင်ပုဒ်

ဖွဲ့စည်းရေဓာတ်၊ လေဓာတ်ထောက်ကန်၊ နှစ်တန်ပြုချက်၊ ကျေးဇူးနက်ကြောင့်၊ ပွက်ပွက်ဆူဝေ၊ သံပူရေသို့၊ ကျွမ်းကြေဖြိုက်ဖြိုက်၊ မလောင်မှိုက်ဘဲ၊ မြေဥ္စမှီတင်း၊ ပူငွေ့သွင်းလျက်၊ ကိုယ်တွင်းနွေးသာ၊ ရွံဘွယ်ရာကို၊ မင်္ဂလာကောင်း၊ ထင်ရအောင်ဟု၊ ကြံဆောင်ပြုလုပ်၊ သုချက်ပြုတ်၍၊ ညှိပုတ်နံ့သက်၊ ပြင်မထွက်ဘဲ၊ ခင်မက်ဘွယ်ရာ၊

ဆင်းရုပ်ဝါနှင့်၊ ရွှယ်မှာဆင့်ဆင့်၊ ကြီးရင့်ဟောင်းဆွေး၊ အရေးတွင်ကျယ်၊ သူခြယ်လှယ်သည်၊ ဓာတ်ဝယ်မီးမျိုး၊ အံ့ထူးတည်း။

(၄) ဤ "ဝင်လေ,ထွက်လေ"၌ ပါသော လှုပ်ရှားမှု သဘောသည် လေဓာတ်ပေတည်း။

ဆောင်ပုဒ်

ဖွဲ့စည်းရေဓာတ်၊ မီးဓာတ်စောင့်ချက်၊ ကျေးဇူး နက်ကြောင့်၊ ခုတ်ဖျက်ချေမှုန်း၊ စက်သင်မုန်းသို့၊အုန်းအုန်း ဆူလိုက်၊ မတိုက်ခိုက်ဘဲ၊ အလိုက်သင့်ညီ၊ မြေ၌မှီ၍၊ ဤကိုယ်ခန္ဓာ၊ ထန်းဆောင်ကာလျှင်၊ ထည်ဝါရုပ်ဆောင်၊ အသေကောင်ကို၊ ထင်ရောင်ထင်မှား၊ အရှင်လားဟု၊ အများသူငါ၊ စွဲလမ်းရာသို့၊ သွားလာထိုင်လျောင်း၊ ရှေ့နောက်တက်ဆုတ်၊ဆန့်ယုတ်ချိကြွ၊နှုတ်ကသောသော၊ ပြောဟန်ဆိုဟန်၊ သဏ္ဍာန်ထွေပြား၊ မာယာများသည်၊ ဓာတ်သားလေမျိုး-အာကာတည်း။

[လယ်တီပဒုမ]

ဤ "ဝင်လေ, ထွက်လေ"၌ကား- လေဓာတ်လွန်ကဲ၏၊ ဤအရာဝယ် ဓာတ် ၄-ပါးရှိမှုပုတ္တိကို သဘောကျနိုင်ပါလျှင် တကိုယ်လုံး၌ သဘောကျနိုင်တော့သည်၊ သဘောကျသည် အတိုင်း ဝင်လေ,ထွက်လေ၌ ဓာတ် ၄-ပါးကို အသီးအသီး မြင်နိုင်ပါလျှင် တကိုယ်လုံး၌ မြင်နိုင်တော့သည်၊ ဝင်လေ, ထွက်လေ၌ ခက်မာမှု, ဖွဲ့စည်းမှု, ပူနွေးမှု, လှုပ်ရှားမှုဟူသော ကြိယာလေးချက်သည်သာ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏၊ အသီးအသီး ထိုလေးချက်တို့ကိုထိအောင် အာရုံပြုသော ဉာဏ်သည်သာ ပရမတ္ထသို့ ဆိုက်သောဉာဏ်မည်၏။

ဤသို့အားဖြင့် အသီးအသီး ခေတ်အမှုကြီး ၄-ပါးကို ဉာဏ်စိုက်မိ၍ ပရမတ္ထဓမ္မအမြင်ပေါက်သောအခါ၌ အရှည်, အတို ပုံသဏ္ဌာန်အနေနှင့်ထွက်လေ,ဝင်လေဟု ထင်မှတ်မှား၍နေသော ဒိဋ္ဌိကြီးသည် ထိုဉာဏ်ကိုဝင်စား၍ ရှုမှတ်တိုင်း, ရှုမှတ်တိုင်းကွယ်ပျောက်လေ၏၊အရှည်,အတိုပုံသဏ္ဌာန်ဟူ၍, ဝင်လေ,ထွက်လေဟူ၍ပင်မရှိ၊ ခေတ်အမှုကြီး ၄-ပါးသည်သာ ရှိ၏ဟု ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ပေါက်လေ၏၊ တကိုယ်လုံးမှာလည်း ဤအတိုင်းသာ သိမှတ်ကြလေရာ၏၊ ဤကား-ရုပ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင်ပေတည်း။

နာမ်တရား၏ ဒိဋ္ဌိဝိသုဒ္ဓိအစီအရင်ကား-ဝင်လေ,ထွက်လေကို အာရုံပြုသောစိတ်, ခေတ်ကြီး ၄-ပါးကို အာရုံပြုသော စိတ် ထိုစိတ်တို့၌ ပါရှိသော သတိ,ဝီရိယ,ဉာဏ်ပညာတို့သည် နာမ်မည်ကုန်၏၊ ဤအရာ၌ အာရုံကိုသိခြင်းအမှုသည် စိတ်တည်း၊ အာရုံကို အထပ်ထပ် အမှတ်ရခြင်းအမှုသည် သတိတည်း၊ ထိုအလုပ်၌ အားထုတ်ခြင်းအမှုသည် ဝီရိယတည်း။

ထိုအာရုံ ထိုအလုပ်တို့၌ လိမ္မာရန်အခွင့်ကို သိခြင်းအမှုသည် ဉာဏ်ပညာတည်း။

ဤအရာ၌ ဝင်လေ,ထွက်လေကို ငါအာရုံပြုမည်ဟု သိမြင်ထင်မှားမှုသည် စိတ်၌ဒိဋ္ဌိစွဲမှုပေတည်း၊ဤဒိဋ္ဌိစွဲကိုဉာဏ်၌ ပျောက်ကွယ်လေအောင် သုမ်သင်ဆင်ခြင်ရန်မှာ ဝင်လေ, ထွက်လေ အာရုံပြုမှုကြိယာသည် စိတ်ခေတ်တခုတည်း၊နှလုံး၌ ထိုခေတ်ဖြစ်ပေါ်၍နေဆဲအခါ ဝင်လေ,ထွက်လေကို အာရုံပြုမှုကြိယာ ပေါ်၍နေ၏၊ ထိုအမှု,ထိုကြိယာသည် နာမ်၏ ကြိယာမျှ(မတ္တ)သာတည်း။

ဆောင်ပုဒ်

ကံ, စိတ်, ဥ, ဟာ၊ကြောင်းလေးဖြာတို၊ ညီညာစု
လျက်၊ ပြုပြင်ချက်ကြောင့်၊ စင်ဆက်မယွင်း၊ လေးသင်း
သေးစု၊ရောရှုညီညာ၊ ဖြစ်ပေါ်လာသည်၊ နာနာဘာဝ၊
ရုပ်ကာယကား၊ ကိစ္စအမှု၊ ဘယ်တခုမျှ၊ ပြုစွမ်းမှုစွမ်း၊
မြူခြမ်းတစ်၊ မရှိလုံးလုံး၊ ကင်းဆိတ်သုံး၍၊ ထင်းတုံးတမျှ၊
သုံးမကျဘူး၊ ဥါရသခင်၊ ခြောက်ဝိညာဉ်ဟု၊ အရှင်ဓာတ်
မင်း၊ပေါ်တုံလျင်းမှ၊ မူရင်းဓာတ်နတ်၊ သစ်သားရုပ်က၊
ခလုပ်ယန္တရား၊ အရှိန်အားဖြင့်၊ သွားဟန်, လာဟန်၊
က,သောဟန်နှင့်၊ သဏ္ဍာန်မူရာ၊ ပေါ်ထွက် လာသို၊
ဝိညာဏဓာတ်၊စက်ရဟတ်၏၊ မရပ်မနား၊ အရှိန်အား
ကြောင့်၊လားလားရုပ်ဆောင်၊အသေကောင်က၊ယောင်
ယောင်မှားမှား၊ အထင်ကြွားအောင်၊ လှုပ်ရှားထကြွ၊
တရွရွနှင့်၊ မြွက်ဟသံချို၊ ဆိုကာပြောကာ၊ တစာစာလျှင်၊
ငါငါသူသူ၊ လူဘဲ,နတ်ဘဲ၊ ထင်လွဲစဘွယ်၊ သူခြယ်လှယ်
သည်၊ခြောက်သွယ်ဝိညာဏ်-စွမ်းရည်တည်း။

ထို့ကြောင့် ရုပ်ခန္ဓာလည်းမဟုတ်, ရုပ်ခန္ဓာ၏အမှုလည်း
မဟုတ်၊ ပုဂ္ဂိုလ်လည်းမဟုတ်၊ ပုဂ္ဂိုလ်၏အမှုလည်းမဟုတ်၊
သတ္တဝါလည်းမဟုတ်၊သတ္တဝါ၏ အမှုလည်းမဟုတ်၊ ငါလည်း
မဟုတ်၊ငါ၏အမှုလည်းမဟုတ်၊ စိတ်ဟူ၍ငှင်း, ဝိညာဏ်ဟူ၍
ငှင်း,နာမ်ဟူ၍ငှင်း အဘိဓမ္မာဒေသနာတော်၌ ဟောဇတော်
မူသော ဓာတ်အမှုတခု အသီးအခြားသာတည်းဟု ထင်မြင်
အောင်ရှုရာ၏၊ ရုပ်,ကိုယ်ခန္ဓာ,ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး
တို့နှင့် ရောယှက် ထွေးလုံးခြင်း မရှိစေဘဲ ထိုအာရုံပြုမှုကို
ဉာဏ်စိုက် မိသောအခါ စိတ်ဟူသော နာမ်ဓာတ် တခု၌
ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် အမြင်ပေါက်၏။

ထိုစိတ်ခဏ်၌ အမြင်ပေါက်ခဲ့လျှင် သတိ, ဝိရိယ, ဉာဏ်ပညာဟူသော နာမ်ခဏ်တို့၌လည်း ဉာဏ်အမြင်ပေါက်နိုင်တော့သည်၊ စိတ်ခဏ်ကခု၌သာ လိုရင်းပေတည်း၊ ဤကား-နာမ်၌ ဒိဋ္ဌိဝိသုဒ္ဓိအစီအရင်ပေတည်း။

---

## ဒိဋ္ဌိ ဝိသုဒ္ဓိ သဘာဝ

ဤအရာ၌ ဒိဋ္ဌိဝိသုဒ္ဓိဟူသည် ဒိဋ္ဌိမှစင်ကြယ်ခြင်းဟူ၏၊ အဘယ်ဒိဋ္ဌိမှ စင်ကြယ်သနည်းဟူမူကား- သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိမှစင်ကြယ်၏၊အဘယ်ကြောင့် စင်ကြယ်ပါသနည်းဟူမူကား-နာမ်,ရုပ်ကို သိခြင်းကြောင့် သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိမှ စင်ကြယ်ရလေတော့၏။

ထင်ရှားစေအံ့၊ ဤသို့ပြဆိုခဲ့သည့်အတိုင်း ရှုမှတ်သောခဏ,ဝိပဿနာလည်းမဟုတ်, နာမ်,ရုပ်အပိုင်းအခြားလည်းမဖြစ်၊ ဝိညာဏ်၏အာရုံလည်းမထင်, ကိလေသာ၏အာရုံဖြစ်သော သတ္တာကိုသာ အာရုံပြု၍ ဖြစ်ပျက်ဆဲသော နာမ်,ရုပ်ကိုပင်ပုဂ္ဂိုလ်,သတ္တာ,ငါ,သူတပါး,ယောက်ျား,မိန်းမ,ဟုထင်မှတ်သော,ဝိပဿနာကို အားမထုတ်သော ခွေး,မြေခွေးအစရှိသော အန္ဓဗာလပုထုဇ္ဇန်တို့၏ အထင်အမှတ်ကို ပယ်ရှားလျက်ရှုမှတ်သောခဏ၌ဝိပဿနာလည်းဟုတ်,နာမ်ရုပ်အပိုင်းအခြားလည်းဖြစ်,ကိလေသာ၏အာရုံလည်းမထင်၊ဝိညာဏ်၏အာရုံဖြစ်သော ဖြစ်ပျက်ဆဲသော နာမ်,ရုပ်ကိုသာ အာရုံပြု၍ အာရုံဖြစ်သောသဘောကား ရုပ်, အာရုံပြုသောသဘောကားနာမ်ဟု သိမှတ်ပိုင်းခြားသောနည်းဖြင့် ရှုမှတ်မှု များလတ်သော်—

နာမ်, ရုပ်မှတပါး ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ မရှိဟု သေချာဂန,ရရ-မိမိ အမှန်သိ၍ ထင်မိထင်ရာ သတ္တသညာ တွေဝေသော "သမ္မောဟ" ကိလေသာကို လှမ်းမိုးနှိပ်စက် ဖျက်ဆီးလျက် သတ္တသညာ ရှင်းလင်း တွေဝေခြင်းကင်းသော "အသမ္မောဟ" အဖြစ်၌ တည်သော နာမ်,ရုပ်ကို ဟုတ်မှန်သောအတိုင်း သိမြင်သော ယောဂီ၏ဉာဏ်သည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

---

## ဒိဋ္ဌိ သုံးဝ နားလည်မှု

ဤအရာ၌ ဒိဋ္ဌိသုံးဝဟူသည် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ သုံးပါးတည်း၊ ထိုသုံးပါးတို့တွင်လည်း (၁) တဏှာစွဲ (၂) မာနစွဲ (၃) ဒိဋ္ဌိစွဲ (၄) ဝိစိကိစ္ဆာသဘာဝ တို့ကို ရှင်းနိုင်ခဲ့ကြလေ၏၊ ထင်ရှားစေအံ့—

(၁) ငါ့လင်,ငါ့မယား, ငါ့သား, ငါ့သမီး, ငါ့ပစ္စည်း, ငါ့ဥစ္စာစသည်ဖြင့် သာယာနှစ်သက် မက်မောတွယ်တာခြင်း သည် တဏှာစွဲမည်၏၊ ၎င်းကိုပင် သက္ကာယဒိဋ္ဌိစွဲဟုထင်မှား တတ်ကြပေ၏။

(၂) အသက်, ငါ, ပုဂ္ဂိုလ်, သတ္တဝါစသည် ရှိသလိုလို, ရှိယောင်ယောင်, ဟုတ်သလိုလို, ဟုတ်ယောင်ယောင်, ထင် ယောင်ထင်မှား စွဲလမ်းခြင်းကား မာနစွဲမည်၏၊ ဆုံးဖြတ် ၍မစွဲ အစွဲပြော့၏၊ဤအရာ၌ ထောင်လွှားသော မာနကို ထင် မှားတတ်ကြပေ၏၊ ထို့ကြောင့်—

ပဉ္စသု ခေါ အာဝုသော ဥပါဒါနက္ခန္ဓေသု အသ္မိတိ
အဓိဂတမယံ အဟမသ္မီတိပန နသမနုပဿာမိ။
[ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်]

အာဝုသော၊ ငါ့ရှင်တို့။ ပဉ္စသု၊ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာတို့၌။အသ္မီတိ၊ ငါလိုလိုဟူ၍။ အဓိဂတံ၊ ထင်နေပါသေး၏။ အယံ၊ ဤခန္ဓာသည်။ အဟံအသ္မီတိပန၊ ငါဟုတ်သည်ဟူ၍ကား။ နသမနုပဿာမိ၊ မစွဲလမ်းတော့ပါ,ဟု အနာဂါမ်အရှင်ခေမက,က မိမိမှာမာနစွဲ မကင်းသေးကြောင်း ဖြေရှင်းဝန်ခံသည်ကို သတိပြုရာ၏။

(၃) အသက်,ငါ,ပုဂ္ဂိုလ်,သတ္တဝါစသည့် တကယ်ရှိသည် တကယ်ဟုတ်သည်ဟု ဆုံးဖြတ်၍စွဲလမ်းခြင်းကား ဒိဋ္ဌိစွဲမည်၏၊ အစွဲတင်း၏၊ အသက်,လိပ်ပြာမရှိစသည်ပြောလျှင် မကြိုက်နိုင်၊ (အတ္တဒိဋ္ဌိဆိုသည်နှင့် သက္ကာယဒိဋ္ဌိဆိုသည် အတူတူပင်တည်း)

(၄) မဇ္ဈိမပဏ္ဏာသ ပါဠိတော်တွင် ငါဘုရား ဒုက္ကရစရိယာကျင့်စဉ်က ဝိစိကိစ္ဆာဖြစ်၍ ရပြီးတရားထူးများပျောက်ကွယ်သွားဘူးကြောင်း ဟောတော်မူသည်ကိုရင်း, ဝိစိကိစ္ဆာသန့်စင်အောင် သုဓ်သင်ရမည်ဟု ဟောတော်မူခြင်းကိုရင်း ထောက်၍ ဟုတ်လေသလော,မဟုတ်လေသလော၊တွေးတောယုံမှားမှု ဝိစိကိစ္ဆာနှင့်နေလျှင် နေသူမှာ အကျင့်မှန်သင့်, မမှန်သင့် ဒိဋ္ဌိတမျိုးမျိုး ငြိ,မငြိ ကင်း,မကင်း စင်းစားသင့်လှပေ၏၊ ထို့ကြောင့်—

ဝိစိကိစ္ဆာယ စိတ္တံ ပရိသောဓေတိ။
[ထိုထိုပါဠိတော်]

ဝိစိကိစ္ဆာယ၊ မှန်သလော,မမှန်သလော, အလိုတော်ကျသလော, မကျသလော,တွေးတောယုံမှား ဝိစိကိစ္ဆာတရားမှ။ ပရိသောဓေတိ၊ ထက်ဝန်းကျင် စင်ကြယ်စေရာ၏၊ စင်းလုံး

ချောစေရာ၏။—ဟု ပါဠိတော်များစွာ လာသည်ကိုသတိရှိကြ ကုန်ရာ၏။

---

## ဒိဋ္ဌိဝိသုဒ္ဓိ အစစ် ဖြစ်,မဖြစ်

ဤအရာ၌—

(၁) အရှင် ဆန္နထေရ်သည် ခန္ဓာ, နာမ်ရုပ် အဖြစ် အပျက် နားလည်ပါသော်လည်း သဿတဒိဋ္ဌိ နားမလည်၍ ငြိနေသည့်အတွက် သက္ကာယဒိဋ္ဌိ တခဏမျှ မကင်းသူဖြစ် ရ၏၊ နောက်အရှင်အာနန္ဒာဟောမှ မဂ်, ဖိုလ်ပေါက်ကြောင်း ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဆန္နောဝါဒသုတ်မှာ ဟောတော်မူ သည်ကိုရင်း။

(၂) အရှင်ယမကထေရ်သည် ခန္ဓာ, နာမ်ရုပ် အဖြစ် အပျက် နားလည်ပါသော်လည်း နိဗ္ဗာန်နှင့် ဥစ္ဆေဒ ဒိဋ္ဌိ နားမလည်၍ ဥစ္ဆေဒ ဒိဋ္ဌိ ငြိနေသည့်အတွက် သက္ကာယဒိဋ္ဌိ တခဏမျှ မကင်းသူဖြစ်ရ၏၊ နောက်ရှင်သာရိပုတ္တရာ ဟောမှ မဂ်, ဖိုလ်ပေါက်ကြောင်း၊ ၎င်းပါဠိတော် ယမကသုတ်မှာ ဟောတော်မူသည်ကိုရင်း။

(၃) အရှင်အနုရာဓ ထေရ်သည် ခန္ဓာ, နာမ်ရုပ်အဖြစ် အပျက် နားလည်ပါသော်လည်း သတ္တာရှိသလော၊ သတ္တာ နိဗ္ဗာန်သို့ ရွှေ့ပြောင်းကူးသွားလေသလောဟု ဝိစိကိစ္ဆာငြိနေ သည့်အတွက် သက္ကာယဒိဋ္ဌိ တခဏမျှ မကင်းသူဖြစ်ရ၏၊ ၎င်း ပါဠိတော်မှာပင် ဟောတော်မူသည်ကိုရင်း။

(၄) မြတ်စွာဘုရား လက်ထက်တော်က မထေရ်ကြီး ခြောက်ကျိပ်တို့ ဒိဋ္ဌိစွဲသဘောသာ နားလည်၍ မာနစွဲသဘော

ကို နားမလည်ခြင်း, မသိခြင်းကြောင့် အာသဝေါမကုန်၊ ရဟန္တာမဖြစ်၍ နောက်ရှင်ခေမက ဟောမှ သိကြရ၍ အာသဝေါကုန်ကာ ရဟန္တာဖြစ်ကြကြောင်း၊ ၎င်းပါဠိတော် ခေမကသုတ်မှာပင် ဟောတော်မူပေ၏၊ ထို့ကြောင့်—

သိယာပနာယံ သာတိဘိက္ခု ကေဝဋ္ဋပုတ္တော ဥဿိဂတောပိ ဣမသ္မိံ ဓမ္မဝိနယေတိ၊ ကိန္တိ သိယာ ဘန္တေ နောဟေတံ ဘန္တေ။

[မူလပဏ္ဏာသ ပါဠိတော်]

ကေဝဋ္ဋပုတ္တော၊ ကေဝဋ္ဋ၏ သားဖြစ်သော။ အယံသာတိဘိက္ခု၊ ဝိညာဏ်တဘဝမှ တဘဝသို့ ပြောင်းရွေ့ လိုက်ပါသည်ဟု သဿတဒိဋ္ဌိအယူရှိသော ဤသာတိရဟန်းသည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤငါဘုရားအဆုံးအမ၌။ ဥဿိဂတောပိ၊ အငွေ့ညဏ်ကလေးမျှရှိသူသော်လည်း။ ဝါ၊ အငယ်ဆုံးမီးပွားကလေးဖြစ်ပေါ်ရန် အငယ်ဆုံး အပူငွေ့ကလေးနှင့်တူသော အသေးငယ်ဆုံးနာမရူပ, ပရိစ္ဆေဒညဏ်ကလေးမျှ ရှိသူသော်လည်း။ သိယာပန၊ ဖြစ်ကောင်းပါမည်လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မြတ်စွာဘုရားက မေးတော်မူ၏။

ဘန္တေ၊ မြတ်စွာဘုရား။ ကိန္တိသိယာ၊ အဘယ်မှာဖြစ်ကောင်းပါမည်နည်း။ ဘန္တေ၊ မြတ်စွာဘုရား။ ဧတံ၊ ဤသို့ ဝိညာဏ်ရွေ့ပြောင်းသည်ဟုယူက အငွေ့ညဏ်ကလေးမျှ ရှိသူသည်။ နောဟိ၊ မုချစင်စစ် မဖြစ်ကောင်းပါဘုရား။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ရဟန်းအများတို့က ထောက်ခံသောအားဖြင့် လျှောက်ထားကြလေကုန်၏။

ထို့ကြောင့် အဘိဓမ္မာ, သုတ္တန် ကျမ်းဂန်ဗဟုသုတ ရှိကြ၍ ခန္ဓာ, နာမ်, ရုပ်အဖြစ်အပျက်ကို နားလည်ပါက မိမိ

တို့သန္တာန်မှာ သက္ကာယဒိဋ္ဌိကင်းစင်၏ဟု ထင်နေကြသော ပုဂ္ဂိုလ်တို့သည် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, ဝိစိကိစ္ဆာသဘာဝကို ကျနစွာအောင်နားမလည်ကြ၍ သက္ကာယဒိဋ္ဌိရှိမှန်းမသိရှိနေကြရ၏၊ သို့အတွက်ကြောင့် ဒိဋ္ဌိသုံးမျိုး နားမလည်ဘဲ သမထ, ဝိပဿနာ, ဘာဝနာအလုပ် အားထုတ်သော်လည်း ဝိပဿနာဉာဏ်မျှ ဖြစ်ရိုးဓမ္မတာမရှိရ၍ မဂ်ဖိုလ်မပေါက်နိုင်ကြောင်း,မဂ်ဖိုလ်ရရိုးဓမ္မတာမရှိကြောင်း သတိရှိကြပါကုန်။

မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။

မနသာ၊ စိတ်ဖြင့်။ အနုပေက္ခိတာ၊ ကြံစည်အပ်ကုန်၏။ ဒိဋ္ဌိယာ၊ ပညာဖြင့်။ သုပ္ပဋိဝိဒ္ဓါ၊ ကောင်းစွာထိုးထွင်း၍ သိမြင်အပ်ကုန်၏-ဟူ၍ရင်း။

သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

သမ္မာ၊ ကောင်းစွာစဉ်းစား၍။ ပညာယ၊ ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုမှတ်ကြရာ၏-ဟူ၍ရင်း။

ထိုထိုပါဠိတော်တို့၌ ဟောတော်မူသော ဒေသနာဓမ္မစကားတို့၌ ကြံစည်ထိုးထွင်း ရှုမှတ်စဉ်းစားပုံများကို လေးလေးစားစား တိုက်တွန်းထားသည်များကို ထောက်ပါက ဘာမှမလုပ်က ဘာမျှမဖြစ်ရမည်ကိုလည်း လေးနက်စွာ သတိထားကုန်ရာသတည်း။

---

## သဿတ,ဥစ္ဆေဒ,သဘာဝ

ဤအရာ၌ နာမ်ရုပ်ကိုသိမြင်ခြင်းကြောင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိမှ စင်ကြယ်၏ဟူသောစကားဖြင့် မသိခြင်းကြောင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဖြစ်၏ဟူသောအဓိပ္ပါယ်သည် အလိုလိုပြီးလေတော့၏၊ အဘယ်သို့လျှင် နာမ်,ရုပ်ကို မသိခြင်း

ကြောင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါသနည်း ဟူမူကား ဤလောက၌ နာမ်ရုပ်သာရှိ၏၊ အာရုံပြုသော သဘောကား နာမ်, အာရုံဖြစ်သောသဘောကား ရုပ်ဟု ရှုမှတ် ပိုင်းခြား သောဉာဏ်ဖြင့် နာမ်,ရုပ်ကိုမသိခြင်းကြောင့် နာမ်,ရုပ်ကိုပယ် ၍ ဤလောက၌ ငါ,သူတပါး,ယောကျ်ား,မိန်းမဟူသည်ကား ခေါ်ဝေါ်ပြောဆိုရုံမျှ ဝေါဟာရပညတ်မျှသာဖြစ်၍ ဘာမျှမ ရှိဘဲလျက် တကယ်ရှိ၏ဟုယူမှားကြ၏။

ထိုအယူသည်ကား ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမဟု ယူမှားသောအားဖြင့်ရှိသော သတ္တဝါသေ လျှင် သတ္တဝါအစဉ်အဆက် မြဲ၏ဟု ယူမှားခြင်းကြောင့် သဿတဒိဋ္ဌိဖြစ်၏၊ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား, မိန်းမသေလျှင် သတ္တဝါအစဉ်အဆက်ပြတ်၏ဟု ယူမှားခြင်း ကြောင့် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။

> ယောပနေတံ ယထာဘူတ ဒဿနံ ပဟာယ သတ္တော အတ္ထီတိ ဂဏှာတိ၊ သော တဿ ဝိနာ- သံ အနုဇာနေယျ၊ အဝိနာသံ ဝါ၊အဝိနာသံ အ- နုဇာနန္တော သဿတေ ပတတိ၊ ဝိနာသံ အနုဇာ- နန္တော ဥစ္ဆေဒေ ပတတိ။ [ဝိသုဒ္ဓိမဂ်အဋ္ဌကထာ]

ပန၊ သဿတ, ဥစ္ဆေဒ အယူနှစ်ပါး ကွဲပြားဟန်ကိုဆို ဦးအံ့။ ယော၊ အကြင်သူသည်။ ဧတံ- ယထာဘူတဒဿနံ၊ ဟုတ်တိုင်းမှန်စွာ နာမ်ရုပ်မျှသာရှိ၏ဟု သိမြင်ခြင်းကို။ပဟာ ယ၊ ပယ်စွန့်၍။ သတ္တော၊ သတ္တဝါသည်။ အတ္ထီတိ၊ ရှိ၏ဟူ၍။ ဂဏှာတိ၊ ယူမှား၏။ သော၊ ထိုယူမှားသောသူသည်။ တဿ၊ ထိုသတ္တဝါ၏။ ဝိနာသံဝါ၊ ပျက်စီးခြင်းကိုလည်း။အနုဇာနေယျ၊

## ၇—ခ။ နာသ ဝိသံ ကမတိ အဆိပ်မသင့်ပုံ။

သံယုတ္တဘာဏက စူဠသီဝတ္ထေရဿဝ ဝိသံဝါ။

သံယုတ္တနိကာယ်ကိုဆောင်သော စူဠသီဝထေရ်အား မယားဟောင်းသည် လူမထွက်သည်ဖြစ်၍ စိတ်ဆိုးရကား စားဘွယ်မုန့်တွင် လတ်တလော သေစေတတ်သော အဆိပ်ကို ခပ်၍ မထေရ်အား ဆက်ကပ်လေ၏။ စူဠသီဝမထေရ်သည် ထိုမုန့်ကို စားလည်း မေတ္တာကမ္မဋ္ဌာန်း အမြဲ စီးဖြန်း ထုံသင်းနေသော တရားတော်၏တန်ခိုးရှိန်စော် အာနုဘော်ကြောင့် အဆိပ်မသင့် ပျောက်လွင့်၏။

အိန္ဒိယနိုင်ငံ ယောဂီဆရာကြီးတို့၏ (အက်စစ်) အဆိပ်ကို သောက်ပြီး မေတ္တာစသော တရား ဘာဝနာတွေ ထုံသင်း ပွားများနေသောကြောင့် အဆိပ်တွေပျက်ပြယ်ကုန်၏ဟုမဂ္ဂဇင်း သတင်းစာများ၌ ဖတ်ရဘူးသည်။

ဤကား မေတ္တာတန်ခိုးကြောင့် အဆိပ်မသင့်သောစူဠသီဝ ထေရ် ဝတ္ထုပြင်တည်း။

### (၇—ဂ။) ၁ နာဿ သတ္ထံဝါ ကမတိ။
### သေနတ် စိန်ပြောင်း အမြောက်မထွက်
### လေးမြား ဒါးလှံ ပြီး၍ ရန်သူမနှိပ်စက်နိုင်ပုံ။

မေတ္တာဘာဝနာစီးဖြန်း၍ မေတ္တာသမာပတ် ဝင်စား နေသော ၇-နှစ်အရွယ်သာရှိသေးသည့် သံကိစ္စ သာမဏေလေးကို

ဒါးမြဗိုလ်ကြီးက လက်သုံးတော် ကိုးသင်းချိုင်း သံဒါး ဖြင့် ခေါင်းပြတ် သွားအောင် တအားခုတ် သော်လည်း ဒါးမှာ ထန်းရွက်ပမာ ခွေလိပ်သွားလေတော့၏။

တဿံ တေ နုတ္တိ ဘီတတ္တာ၊ ဘီယျော ဝဏ္ဏော ပသီဒတိ။
ကသ္မာ နုပရိဒေဝတိ။ ဝေရူပေ မဟာဗ္ဘယေတိ။
နုတ္တိ စေတသိကံ ဒုက္ခံ၊ အနုပက္ခဿဂါမဏိ။
အတိက္ကန္တာဘယာ သဗ္ဗေ၊ ခီဏသံ ယောဇနဿဝေ။
ခီဏာယဘာဝနေတ္တိယာ၊ ဒိဋ္ဌေဓမ္မေ ယ ထာတထေ။
နဘယံ မရဏေ ဟောတိ၊ ဘာရနိက္ခေပနေဿတိ။
(ဓမ္မပဒ အဋ္ဌကထာ ဂ−သဟဿဝဂ္ဂ၊ ၉−သံကိစ္စ သာမဏေ ဝတ္ထု)။

ဒါးမြဗိုလ်မေး။ ။ချစ်သား ကိုယ်ရင်လေး ငှက်ကြီးတောင်ဒါး ဖြင့် လည်ပင်းကိုပိုင်းဖြတ်မည့် ကြောက်စရာ ဘေးကြီး ဖြစ်နေပါလျက် အဘယ့်ကြောင့် မကြောက်ရွံ့ မငိုယိုဘဲ အတိုင်းအထက်အလွန် မျက်နှာရွှင်ပြ၍ နေရပါသနည်း။

သံကိစ္စသာမဏေဖြေ။ ။အဘ ဗိုလ်ကြီး သံယောဇဉ်တွေမတွယ် စိတ်၌ ဖြစ်သော ဒုက္ခတွေ ပယ် ထား သော အကျွန်ုပ်ကိုယ်ရင်ကလေးမှာ အလုံးစုံဘေးရန်

တွေ့လှန်မြောက်နေပါပြီ သေရမှာကို လုံးဝ မကြောက် တော့ပါဟု ဖြေကြား လိုက် တော့၏။

## (၇-ဂ) ၂ လှံပြီးသောနွားမဝတ္ထု

သားငယ် နွားလေးကို နို့တိုက်၍ သားအပေါ် ချစ်မိုး စွေနေသော နွားမကြီးကို မုဆိုးက လှံဖြင့် တအား ပစ်ထိုး လိုက်၏၊ လှံသွားမှာ ထန်းဖလပ်ကဲ့သို့လိပ်ခွေ၍ သွဝးတော့၏။ (ကေနိပါတ အင်္ဂုတ္တရ အဋ္ဌကထာ)။

## (၇-ဂ) ၃။လေးမြားစိန်ပြောင်းအမြောက်မထွက်သော သာမာဝတီ ဝတ္ထု

သာမာဝတီစသော မောင်းမငါးရာတို့ကို မာဂဏ္ဍီ မိဖုရား ဂုံးတိုက်သည့်အတွက် ဥတေနမင်းသည် စောင်းတွင်းမှမာဂဏ္ဍီ မိဖုရား ထည့်ထားသော မြွေဟောက် ထွက်လာသဖြင့် မချုပ် တည်းနိုင်လောက်အောင် ဒေါသအမျက် ချောင်းချောင်းထွက် ခါစီတန်းနေသော သာမာဝတီ အမှူးရှိသော မောင်းမမိဿ တို့ကို ဗိုလ်ခြေတထောင်ဆောင်လူပေါင်းတထောင်တကြိမ်တည်း တချက်တည်းနှင့်သေစေနိုင်သော လေးဖြင့်ချိန်ရွယ်၍ပစ်မည်ပြု ရာသာမာဝတီမိဖုရားက ရှင်မင်္ဂလာတို့ဘုရင်မင်းမြတ်အပေါ်လည်း စိတ်မကွက်အမျက်မထွက်ပါလင့် အရှင်မမာဂဏ္ဍီတို့ ကိုယ်စိတ်

နှစ်ဖြာ ချမ်းသာပါစေဟု အမြဲ မေတ္တာဖြန့်ဝေ၍ နေကြပါ ဤသို့စိတ်မကွက် အမျက်မထွက်ဘဲမေတ္တာပွားလျက်ထာ နေရိုးမှန်ပါက ဤမှန်သော သစ္စာစကားကြောင့် ဘုရင်မင်းမြတ်ပစ်သောမျှားမထွက်ပါစေသားဟု သစ္စာပြုကြပါရန် တိုက်တွန်းနှိုးဆော်လိုက်၏။

ဤသို့မေတ္တာပြုပြီးသစ္စာပြုလိုက် သောအခါ မျှားသည် မထွက်ဘဲ ဘုရင်မင်းမြတ်မှာသာတုံတုံခိုက်ခိုက် ဖြစ်နေသဖြင့် သာမာဝတီ မိဘုရားက မြေသို့စိုက်၍လွှတ်ပါ၊ ဘုရားဟုလျှောက်တင်သဖြင့် မြေသို့ စိုက်လိုက်မှ မျှားထွက်သွား သောကြောင့် ဥတေနမင်းက ငါသည် လူသားဖြစ်လျက် သာမာဝတီ မိဖုရား၏ ဂုဏ်ကျေးဇူးကို မသိဘဲ လေတကားဟု ပြောဆိုကာ မိဖုရား၏ ခြေကို ဖက်လျှက် ဝပ်တွား တောင်းပန် ရတော့၏။

ဤကဲ့သို့မေတ္တာပွားသူအား ဒါးလှံမျှားမစူးရှသော ဝတ္ထုများပင်တည်း။

## (၇-၈) ၄။ သီလစောင့်ဝေယျာဝစ္စပြု မေတ္တာပွား၍ ရန်သူမနှိပ်စက်နိုင်ပုံ မာဃဝတ္ထု

အမေ့ပန တေတ္တိံသ မတ္တာ ဇနာ ပါဏံ နဟနာမ၊ အဒိန္နံ နာဒိယာမ၊

မိစ္ဆာစာရိန စရာမှ၊ မုသာဝါဒ နဘာဏာမှ၊ မဇ္ဇ နပိဝါမှ၊ မေတ္တ ဘာဝေမ၊
ဒါန်ဒေမ၊ မဂ္ဂ သမ် ကရောမ၊ ပေါက္ခရဏိယောခဏာမ၊ သာလ ကရောမ၊

အယ အမှာကံပစ္စော စပရိတ္တာဥဝုဇ္ဈိစာတိ။ (ခုဒ္ဒကနိကာယ ပထမဇာတကအဋ္ဌကထာကုလာဝက ၊ဇာတကဝဏ္ဏနာ -နှာ ၂၁၆)

ရာဇာအဝိမံသိတွာဝဟတ္တိနာ မဒ္ဒါပေထာတိ အာဏာပေတိ မဃော သေသာဏ ဩဝါဒမဒါသိ။ (ပ) ဒူရတောဝပဋိက္ကမိ။ (ဓမ္မပဒအဋ္ဌကထာ—၁၆၇)။

လွန်လေပြီးသော အတိတ်အခါက မဂဓတိုင်း မစလအမည်ရှိသောရွာတွင် မဃ အမှူးရှိသော သုံးကျိပ် သုံးယောက်သော အမျိုးသားတို့သည် မြို့သို့ရောက်သောအခါ မင်းပုဏ္ဏားသူဌေးစသည်တို့ပြာသာဒ်၊ဗိမာန်၊အုတ်တိုက်စသောနေထိုင်စရာတို့ကိုမိုးထိနီးပါးထယ်ထယ်ဝါဝါဆောက်လုပ်ကြကုန်လျက် ပိုးဖဲကတ္တီပါရွှေငွေကျောက်သံ ပတ္တမြားစသော တန်ဆာတို့ ဆင်မြန်းကာထောပတ်ဆီဦး ပျားသကာဇီယာ ကရဝေးထု မွှေးပျံ့သင်းသားပြွမ်းထမင်း ဒါန်ပေါက်ထမင်းစသည် တို့ကိုစားသုံးကာရှောက်သံပုရာငှက်ပျောစသော အဖျော်ယမကာ သောက်သုံး၍ ချမ်းချမ်းသာသာစည်းစိမ်ခံစားကြကုန်၏

အထက်ကောင်းကင်တွင် သွားလာနေကြသော နေလနက္ခတ်တာရာ စသည်တို့သည်လည်း ဆယ်ယူဇနာ၊ ၅၀ ယူဇနာစသည် အမြင့်ဆောင်သော ရွှေဗိမာန်ငွေဗိမာန်ရတနာဗိမာန် များဖြစ်ကြ၍ယင်းဗိမာန်၌ နတ်သမီးနတ်သားများ နေကြကုန်၏။

ဤလူချမ်းသာနတ်ချမ်းသာ လူမင်းစီးစိမ် နတ်ပင်းစီးစိမ်တို့သည် ပေးလှူခြင်း ဒါနမှု ဆောက်တည်ခြင်း သီလမှု မေတ္တာ ကရုဏာ မုဒိတာဥပေက္ခာ ဗြဟ္မစရိယ ဘာဝနာမှု ပြုသဖြင့်သာ လျှင်၊ဤချမ်းသာစည်းစိမ်တို့ကို ခံစားစံစားရကြကုန်၏၊ ဤသို့ ကြံစည်နှလုံးသွင်း၍လမ်းပြင်ခြင်း စသောနတ်ရွာသုဂတိလား ကြောင်းလမ်းကောင်းများကို ပြုလုပ်နေကြစဉ် ရွာသူကြီးသည် ရှေးကလိုဒဏ်ငွေများကိုမရတော့ သဖြင့်ရန်ငြိုးထားကာသူပုန် သူကန်များကိုတွေ့မြင်ရပါကြောင်း မင်းထံဂုံးချော သံတော်ဦး တင်တော့၏။

ဘုရင်မင်းမြတ်သည် ဖမ်းဆီးရန် အမိန့် ထုတ်၍ စုံစမ်းစစ်ဆေးမှု မပြုဘဲ ဆင်ဖြင့် နင်းသတ်စေဟု အမိန့် ထုတ်သဖြင့် မဃ လုလင်သည် မိမိ အဖွဲ့သားများအား အဆွေတို့ ငါတို့မှာ မိမိတို့၏ ဝန်ထမ်းလုပ်ငန်းစဉ်နှင့်တကွ သီလမေတ္တာ၊ ဘာဝနာ သစ္စာ ပွါးများမှုမှ တပါး အခြား အားထားကိုးကွယ်ရာ ဘာတခုမျှ မရှိတော့ချေ၊ ငါတို့သည် မည်သူ့ အပေါ်တွင်မျှ အမျက်မထွက်ကြကုန်ဘဲ ရှင်ဘုရင်ရွာသူကြီးနင်းသတ်မည့်ဆင်တို့ ကိုမိမိတို့ကိုယ်နှင့်အတူမေတ္တာစိတ် အညီအမျှ ထားပြီး ပွားများ

အားထုတ်ကြပါရန်အဆုံးအမပေးသဖြင့် အဖွဲ့သားအားလုံးတို့ လိုက်နာ၍မေတ္တာပွားကြရာ မေတ္တာ၏ တံခိုးကြောင့်ဆင်ကြီးသည် မနင်းဝံ့တော့ဘဲ ရှောင်ရှားပြေးသွားတော့၏။

ဆင်မနင်းဝံ့ခြောင်းကို သိလိုသဖြင့် ခေါ်မေးစစ်ဆေးရာရွာသူကြီးသံတော်ဦးတင်သည့်အကြောင်းတစုံတရာမျှမမှန်ပါဘုရား ဘုရားကျွန်ုပ်တို့မှာလူအများသွားလာနေထိုင်ရာ၌ချမ်းသာပါစေခြင်းငှာလမ်းများဖေါက်လုပ်ခြင်း သုတ်သင်ရှင်လင်းခြင်း နားနေတည်ခိုရန် ဇရပ်မဏ္ဍာပ် အဆောက် အဦးများ ဆောက်လုပ်ခြင်း သောက်ရေသုံးရေတည်ထားခြင်း ရေတွင်း ရေကန်များတူးဖေါ်ပေခြင်း ခရီးသွား ဧည့်သည် လူမမာ သက်ကြီး ရွယ်အိုရဟန်း ပုဏ္ဏားများကို ချစ်ခြင်းမေတ္တာ သနားခြင်းကရုဏာစိတ် ရှေ့ထားပြီး တတ်အား သမျှ ကျွေးမွေး ပြုစုစောင့်ရှောက်ခြင်း သူ့အသက် မသတ်ခြင်း သူ့ဥစ္စာမခိုးယူခြင်း၊ သူတပါးအိမ်ယာ သားမယားကို မကျူးလွန်ခြင်း၊ မုသားမပြောခြင်း၊ သေအရက်ကိုမသောက်သုံးခြင်း၊ ဒါန သီလ ဘာဝနာများကို ကျင့်ကြံကျိုးကုတ် အားထုတ်ခြင်းစသည့် လူမှုဝန်ထမ်းအဖြာဖြာတို့ကို လုပ်ကိုင်လျက် မိမိတို့၏နတ်ရွာသုဂတိလားကြောင်း လမ်းကောင်းများကိုသာသုတ်သင်ပြုပြင်နေသူများသာဖြစ်ကြောင်းပါဘုရား၊စင်စစ်မှာမူရွာသူကြီးသည် ကျွန်တော်မျိုးတို့ကို အကုသိုလ်ဖြစ်ကြောင်း မကောင်းမှုတွေကိုသာစေခိုင်းပြီး အမိန့်ကို မနာယူသည့် အတွက် အမျက်ထွက် စိတ်ဆိုးပြီး ရန်ငြိုးထားကာ ဖျက်ဆီးလို၍ ယခုကဲ့သို့

မတာရားလျှောက်တင်ခြင်း ဖြစ်ပါသည်ဘုရားဟု သံတော်ဦးတင်လိုက်လျှင် ဘုရင်မင်းမြတ်သည် မဃတို့၏လျှောက်တင်ချက်ကို ကြားသိရသည်နှင့် တပြိုင်နက် လွန်စွာ နှစ်သက်တော်မူလှ၍ မိမိ၏ မဆင်ခြင်ဘဲပြုမိသည်ကို ယူကျုံးမရဖြစ်ကာ အမောင်တို့ ဤတိရစ္ဆာန် ဆင်ကောင်ကြီးသော်မှ သင်တို့၏ဂုဏ်ကျေးဇူးကို သိရှာသေး၏။ ငါမှာမူ လူဖြစ်ပါလျက် သင်တို့၏ဂုဏ်ကျေးဇူးကိုမသိတတ်ခဲ့။ ငါ့အပေါ် သည်းခံကြပါဟုပြောဆိုပြီး မဃတို့အား ရွာသူကြီး မိသားစုကို ကျေးကျွန်အဖြစ် ဆင်ကြီးကို သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ်နှင့် ရွာကိုအလိုရှိတိုင်း အသုံးချနိုင်ရေး အတွက် အပိုင်စား ပေးသနားတော် မူလိုက်တော့သည်။

ဤကား သီလမေတ္တာ သစ္စာပြုသူကို ရန်သူ မကပ်နိုင်ဘဲ အောင်နိုင်သော ဝတ္ထုပင်တည်း။

## (၄-၈)၅။ မေတ္တာဘာဝနာ၏ မစ္ဆက္ခ ဝတ္ထုများ။

## မိုးညှင်းဆရာတော်ကြီး၏ ဝတ္ထု

မုံရွာမြို့ မိုးညှင်းတောရကျောင်းတိုက်၌ သီတင်းသုံးတော်မူသော အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသုမန မဟာထေရ်မြတ် သည် မေတ္တာ ဘာဝနာကို အစဉ်းစွာ မပြတ်မလပ် ပွားများသဖြင့် ယင်းတောရကျောင်းတိုက်၌သီတင်းသုံးစေသောအခါ မြွေကင်း

တွေ၊ ကြပ်တွေ၊ တစ္ဆေတွေ ပေါများသော်လည်း၊ ၎င်းမြေကင်းကြပ် တစ္ဆေ တို့လည်း ဆရာတော်၏ မေတ္တာဘာဝနာ တံခိုးကြောင့် ရှောင်ရှားထွက်သွားကြတော့၏။ အချို့သော ကြပ် သူရဲတစ္ဆေတို့သည် ဆရာတော်၏ မေတ္တာအနုမောဒနာကို ခံယူလျက် ဟောကြားသော တရားတော်ကို နာကြားကြရသဖြင့် ကျွတ်တမ်းဝင်ကြရကုန်၏။

ကေ—၅၀ ကျော်ရှိသော မိုးညှင်း တိုက် တာ ကြီး၌ ၃၀၃-ခု တပို့တွဲလကစ၍ ပြန်ခေတ်ကာလပတ်လုံး ဆရာတော်ကြီး၏ အဆုံးအမဘောင်ကိုခံယူနားဆောင်ကာ နေကြသူအပေါင်းသည် စားသောက်ဖို့ မခံစားကြရဘဲ ချမ်းသာစွာနေထိုင်တရားအားထုတ်ကြရကုန်၏။

အခြားသော မြို့ရွာတို့၌ နေထိုင်ကြကုန်သော သူတော်စင်ပုဂ္ဂိုလ်တို့သည်လည်း မိုးညှင်းဆရာတော်ကြီး၏ အမိန့်အတိုင်း (တို့တအိမ်သားလုံး ချမ်းသာပါစေ၊ တို့တလမ်းလုံး ချမ်းသာပါစေ၊ တို့တရွာလုံးချမ်းသာပါစေ။ တို့တမြို့လုံးချမ်းသာပါစေ။ တို့တနိုင်ငံလုံးချမ်းသာပါစေ၊ ကမ္ဘာသူ ကမ္ဘာသားတွေ ချမ်းသာပါစေ)ဟု နေ့စဉ်မေတ္တာပွားရှိနေ၏။

ထိုပုဂ္ဂိုလ်များကား စစ်ဘေးရန်တွေ ရင်ဆိုင်နေရလင့်ကစားဘေးမထိ ရန်မသန်း ချမ်းသာစွာ နေသွားကြရ၏။

## (၇-က) ၆။ ဖားကူးဆရာတော်၏ မေတ္တာပွားမှုအမျှပေးဝေမှုကြောင့် အသက်ချမ်းသာသွားရသောဝတ္ထု

ဦးထွန်းအောင်သည် ၁၃၁၁ ခုနှစ် လောက်တွင် ဘုရားကြီးကျောင်းတိုက် ဖားကူးဆရာတော်ထံသို့ ရောက်လာ၏။ ဦးထွန်းအောင်က လျှောက်သည်မှာ မငွေခင်သည် ရောဂါအသဲအသန်ဖြစ်နေ၍ ဆရာတော်ကူညီမှ အသက်ချမ်းသာမည်ဟု လျှောက်၏။

ဆရာတော်မေး။ ။ ဆရာတို့ကဆေးလည်း မကုတတ်သည်ဖြစ်၍ ရောဂါဝေဒနာအတွက်နှင့် ဘာမျှမလုပ်တတ်သဖြင့် ဘယ်လိုနည်းဖြင့် ကယ်ရမည်နည်း။

ဦးထွန်းအောင်ဖြေ။ ။ ထိုအခါဦးထွန်းအောင်က ယားသွားကုန်အောင် ထုတ်ပြောတော့၏။

ထိုကိစ္စနှင့်စပ်လျဉ်း၍ နားမလည်သဖြင့် မလိုက်လိုကြောင်း အတန်တန်ညင်းဆန်သော်လည်း ဦးထွန်းအောင်က အတန်တန် တောင်းပန်သဖြင့် လျှို့ဝှက်လိုက်သွားရာ အိပ်၏ဘုရားဆောင်အခန်း လူမမာကို လူ ၂၀ လောက် ဝိုင်းပြီး ကြည့်ရှုနေကြ၏။

ထိုအခါ ဆရာတော်က ဦးထွန်းအောင်နှင့်အိမ်ရှင်တယောက် သာ နေခဲ့၍ကျန်လူအားလုံး အခန်းတွင်းမှထွက်ပေးရန် မေတ္တာ ရပ်ခံ လိုက်သဖြင့် ပရိသတ်တွေ ထွက်သွားပြီး တံခါးပိတ် လိုက်၏၊

ထိုအခါ ဆရာတော်သည် ငြိမ်သက်စွာတင်ပလ္လင်ခွေ၍ ၁၀ မိနစ် ၁၅ မိနစ် လောက်ကြာသောအခါ ဂိလာန မငွေခင် ဘက်သို့လှည့်၍ သင်ဟာ ဘိုးဘိုးအောင်ဆိုပြီး လူကိုကပ်၍ညာ စားနေသည်။

သင်ဟာသရဲကြီးဘဲ ဒီလို အထင်မှား အမြင်မှားလမ်းလွဲဖြစ် အောင် မလုပ်ပါနှင့်၊ အပြစ်ကြီးလေးလှသည်ဟုပြောဆိုတောင်း ပန်မေတ္တာပို့ အမျှဝေလိုက်၏။ နောက်အခါမပူးကပ်ရန် ဂတိခံ စေပြီးလွှတ်လိုက်၍ ထွက်သွားတော့၏။

ထို့နောက်မငွေခင်အား တဦးကပ်လာပြန်၏ ကပ်လာသူ ပြောပုံကား ထိုမိန်းမသည် သံလျင်မြို့ဘုရားတည်သောအခါ တပည့်တော်အတွက် ပြင်ထားသော ကန်တော့ပွဲတွေကိုခြေ တောက်နှင့်နင်းခြေပစ်ပါသည်၊ ထိုအခါတပည့်တော်က နင့်ကို ကောင်းတုံး နင်းနှင့် ပေါ့ဟု စိတ်ထဲထားပြီး အမျက်မပြေဘဲ အကြောင်းအခွင့်တွေ့ကိုရှာနေခဲ့၏။

ယခုအပါထိုမိန်းမကံညံ့၍ ရောဂါတွေများပြီးလာတဲ့အချိန် တပည့်တော်က အမျိုးမျိုးသော အတတ်ဖြင့်လုပ်၍ သတ်ဖြတ် မည်ဟုကြိမ်းဝါးကာနေပါ၏၊ ထိုသို့အဖန်ဖန်ကြိမ်းဝါးကာနေ လေရာ သက်ဆိုင်ရာတို့က အသက်တချောင်းရခဲကြောင်းချမ်း သာပေးပါဘုရားဟု အကြိမ်ကြိမ်တောင်းပန်တိုးလျှိုး

ကြပါသည် ထိုအခါတပည့်တော်က ခြောက်ထပ်ကြီးဘုရားကြီး တိုက်မှာ ဖားကူးဆရာတော်ရှိ၏၊ထိုဆရာတော်က ဒီမိန်းမ၏ကိုယ် နှင့်အသက်ဝိညာဉ်ကို အလှူခံလျှင်လှူပါမည်၊ ထိုဆရာတော်မှ တပါး မည်သူတဦးတယောက်ကိုမျှ မလှူနိုင်ပေ၊ သေအောင် သတ်ပစ်မည်ဟုပြောတော့၏။

ဆရာတော်မေး။ ။သင်သည် အဘယ်အမျိုးအနွယ်ဖြစ်၍ သင့်နာမည် ဘယ်သို့ခေါ်သနည်း။

နတ်ဖြေ။ ။တပည့်တော် သံလျင်မြို့ ပါဒကြီး နတ် လို့ခေါ်ပါသည်။

ဆရာတော်မေး။ ။ဘုန်းကြီးကိုဘယ်လိုသိသနည်း။

နတ်ဖြေ။ အရှင်ဘုရား ကြပ်တွင်းကျောင်းတွင်းအုတ် ဂူလေးထဲ၌နေ၍ တရားအားထုတ်စဉ် အခါ တပည့်တော်တို့ကို နာမည်ထုတ်ဖေါ်၍ ပါဒ ကြီးနတ် ၁ ရန်မာန် ခပ်သိမ်းကင်းငြိမ်းပါ စေသတည်း။ ၂ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းပါ စေသတည်း။ ၃ဆင်းရဲခပ်သိမ်းကင်းငြိမ်းပါ စေသဘည်း။ ၄ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ပါစေသတည်းဟုမေတ္တာပို့၍ ကုသိုလ်အဘို့ ကိုအမျှပေးဝေကာ စောင့်ရှောက် ခိုင်းပါ ၏။ တပည့်တော်လည်း အရှင်ဘုရားမေတ္တာ ရေဖြန်းမှုကို ခံယူကာ ကုသိုလ် ကောင်းမှု အဘို့ကို သာဓုခေါ်ကာ အေးချမ်းစွာနေရ ပါ၏။ ဤကျေးဇူးကို မမေ့နိုင် သဖြင့်

ဤမိန်းမ ကိုယ်နှင့် အသက်ကို အရှင်ဘုရား
အား လှူပါ မည်ဟု ပြောဆို ဂတိပြုမိ
ပါသည်။

ထိုအခါဆရာတော်သည် ပါဒကြီးနတ်အား ရှေးကပွား များနေကြမေတ္တာကို ထပ်ခါထပ်ခါ ပွားများလျက် ကုသိုလ် ကောင်မှုအဘို့များကိုလည်း သင်နတ်မင်းသာဓုခေါ်ရန်ပြော သောအခါ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၏။ ဆိုင်ရာအိမ် သူအိမ်သားများကိုလည်း ယင်းပါဒကြီးနတ်အား မေတ္တာပို့ အမျှဝေရန်တိုက်တွန်းသဖြင့် မေတ္တာပို့ အမျှဝေပြီးသာဓုခေါ် ခိုင်း၏ ထိုအခါပါဒကြီးနတ်သည် ထိုမိန်းမ၏ကိုယ်နှင့်အသက်ဝိ ညာဉ်ကို ဆရာတော်အား လှူပါ၏ဟု ၃ ကြိမ် ဝမ်းမြောက် ဝမ်းသာဆို၍ လှူ၏။ ဆရာတော် ကလည်း အလှူခံယူ၏ ၃ကြိမ် အလှူခံ၍ဝမ်းမြောက်ဝမ်းသာထပ်မေတ္တာပို့အမျှဝေ၏။

နတ်မင်းလည်း ၃ ကြိမ်သာဓုခေါ်ကာ တပည့်တော်သွား ပါရစေတော့ဟုခွင့်တောင်းပြီး ထွက်သွားတော့၏။နတ်ကြီးထွက် သွားပြီးသောအခါ မငွေခင်သည် ပူမမောမပဟုတ်လူကောင်းပက တိဖြစ်နေတော့၏။ မငွေခင်အား ဆရာတော်က တရားဟောရာ (အရဟံ အရဟံ အရဟံ) ဤသို့တပုဒ်စီ ပုတီးသုံးပတ် တနေ့ လျှင်နေ့ညမပြတ်သုံးထောင် လေးထောင်ရအောင် စိတ်၍တ သန်းရှိလာလျှင်တံခိုးထက်လာမည်၊ ။

နေ့စဉ်မေတ္တာပွား သက်သတ်လွတ်စား အမျှပေးဝေလျှင် လူချစ် လူခင် များလာမည်။ နေ့စဉ် ဒါန သီလ ဘာဝနာပြု

ကြပါလေဟု ဂတိပြုစေသည်၊ မငွေခင် သည်လည်း ဂတိပေး သွားလေ၏။

(ဖားကူးဆရာတော်၏ သီလ သမာဓိပညာကို လေးဂါး ကြည်ညိုသူ)

မောင်ထွန်းအောင် ၁၃၁၀ ခု ၁၉၄၈။

၈။ တုဝဋ္ဋံ စိတ္တံ သမာဓိယတိ၊ မေတ္တာ ပွား သူ စိတ် လျှင်စွာတည်ကြည်၏။

၉။ မုခဝဏ္ဏော ဝိပ္ပသီဒတိ၊ မေတ္တာပွားသူ မျက်နှာ ရွှင်ပြ၏။

၁၀။ အသံမူဠှောကာလံ ကရောတိ၊ မေတ္တာပွားသူ မတွေ့မဝေသေရ၏။

အဓိပ္ပါယ်အကျဉ်း

ကလျာဏပုထုဇ္ဇနများသည် အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် မြတ်ဓမ္မကိုမကျိုးမပေါက်မပြောက်မကြားအောင် သတိဆောင်ကာ ပညာဖြင့် ဆင်ခြင် ဝီရိယဖြင့်။

၁။ လုံးစုံသတ္တဝါ ရန်မနှိပ်သိမ်းကင်းငြိမ်းပါစေ။

၂။ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းပါစေ။

၃။ ဆင်းရဲခပ်သိမ်းကင်းငြိမ်းပါစေ။

၄။ ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေ။

ဤသို့ မပြတ်မလပ် မေတ္တာဘာဝနာကို အားထုတ်ခဲ့သည် ရှိသော် ဥပစာရ သမာဓိ ရနိုင်၏။ အပ္ပနာ သမာဓိ

ဈာန်သမာဓိလည်းရနိုင်၏။ စိတ်ရွှင်ပြသည်ဖြစ်၍ မျက်နှာကြည်လင်၏။ တမလွန်ဘဝပြောင်းသွားခဲ့ရသည်ရှိသော် ဈာန်မရသူဖြစ်ကကာမသုဂတိ(၇)ဘုံတဘုံဘုံရောက်၏ဈာန်ရသောသူဖြစ်ပါကရသောဈာန်အလျောက်ရူပဗြဟ္မာဘုံ ၁၅ ဘုံသို့ ရောက်ရသည်ဖြစ်၏စုတိမည်သူဖြစ်က အိပ်ဧသာယောကျ်ားနိုးသော်လားသို့ မေတ္တာဘုရားပွားများသည်ဖြစ်၍ မတွေမဝေသေရ၏။ ၁၁ ဥတ္တရိအပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပ ဂေါ,ဟောတိ၊ ပါဠိအရမဂ်ဖိုလ်ကို ထိုးထွင်း၍မရသေး၍ ရသောဈာန်အား လျော်စွာဗြဟ္မပြည်ရောက်နိုင်၏။

## အဓိပ္ပါယ်အကျဉ်း

ကလျာဏပုထုဇ္ဇနသည် မေတ္တာဈာန်ပွား၍ ဥပစာရသမာဓိအပ္ပနာသမာဓိရပြီးလျှင် ယင်းသမာဓိကို အခြေခံထားလျက်ဖြစ်ပျက်ဝိပဿနာရှုသော် အာသဝကုန်ခမ်း ရဟန္တာဖြစ်နိုင်၏။ ရဟန္တာဖြစ်လျှင် ဘဝချုပ်ငြိမ်း၏။ အနာဂါမ်ဖြစ်လျှင် သုဒ္ဓါဝါသဘုံသို့ ရောက်၏။ သောတာပန် သကဒါဂါမ်ဖြစ်လျှင် ကာမသုဂတိ(၇)ဘုံသို့ ရောက်နိုင်၏။

## ဈာန်သက္ကရသူ

ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ဈာန်ရသော သောတာပန်သကဒါဂါမ်သည်။ သုဒ္ဓါဝါသ ငါးဘုံမှတပါး မိမိရသော ရူပဈာန် အားလျော်စွာ ဗြဟ္မ ၁၁-ဘုံတို့ဟွင် ရဖသောဈာန်ဘုံသို့ ရောက်နိုင်၏။

အနာဂါမ် ပုဂ္ဂိုလ်သည် စုတိသည်၏အခြားမဲ့ သုဒ္ဓါဝါသ ငါးဘုံတို့တွင် တဘုံဘုံသို့ရောက်၏။

ဤသည်ကား မေတ္တာသုတိလာ အခဏ်းပြီး၏။

## ၁၂။ ပကိဏ္ဏကခဏ်း

မေတ္တာ ဘာဝနာ ထုံသင်းကြဲသော ၁၊ ဥပဂုတ္တမထေရ်။ ၂၊ ဇောနန္ဒဂုတ္တမထေရ်။ ၃၊ ရောဟနဂုတ္တမထေရ်။ ၄၊ အဿဂုတ္တမထေရ်။ ၅၊ ဥပဂုတ္တတိဿနာဝ မထေရ်တို့ ဝတ္ထုကြောင်းများ။

### ဥပဂုတ္တမထေရ်အကြောင်း

သူရသေနတိုင်း ဒက္ခိဏာမဓုရမြို့တော်၊ ဤသူရသေန တိုင်းသည် မဇ္ဈတိုင်းနှင့်စပ်၍မဇ္ဈိမဒေသတွင် အနောက် တောင်ဘက် စွန်း၌တည်သော တိုင်းနိုင်ငံတခုဖြစ်၍ သာယာစည်ကားဝပြော သော တိုင်းကြီးတတိုင်း ဖြစ်သည်၊ မြို့တော်ကား ဒက္ခိဏာမဓုရ မြို့တော်ဖြစ်သည်။ ထိုဒက္ခိဏာမဓုရမြို့တော်၌ မဟာသာဂရ ဥပ သာရဂဟူ၍သား ၂-ယောက် ဖွားမြင်သည်။

ထိုအခါအသိတဥ္စနမြို့တော်၌ မဟာကံသဘုရင်မင်းမြတ်စိုးစံ သည်၊ယင်းမိဖုရားမှ ဒေဝဂဗ္ဘာအမည်ရှိသော မင်းသမီးချော ကလေးမွေးဖွားသည်၊ယင်းမင်းသမီးချောကလေးကို ဥပသာဂရ မင်းသားလေးသည် တိတ်တဆိတ် ခိုးယူပေါင်းသင်းသည်။ ဃဋ ပဏ္ဍိတကဇာတ် (ဇာတကအဋ္ဌကထာ စတုတ္ထတွဲဒသက နိပါတ် နှာ ၈၀) ဇာတ်လာပထမ အဥ္စနဒေဝီမင်းသမီးလေးနှင့် အင်္ဂါရ မင်း အဆုံးရှိသော သားတကျိပ် သမီးတယောက်မွေးဖွားသည်။

(ဗုဒ္ဓနိုင်ငံတော် ပထမအုပ်- ၄၇၄၊ တရုပ်ဘုန်းကြီး ဝုပ်သျှင် မှတ်တမ်း)။

## ဥတ္တရမဒူရမြို့

ကေံသမယံ အာ ယဿ္မာ မဟာကစ္စာနော မဓုရာယံ ဝိဟ ရတိ ဂုန္ဒာဝနေ၊ အဿော သိ ခေါ ရာဇာ မဓုရော အဝန္တိ ပုတ္တော သမဏော ခလု ဘောကစ္စာနော မဓုရာယံ ဝိဟာရတိ ဂုန္ဒာဝနေ (မဇ္ဈိမ ပဏ္ဏာသက မဓုရိသုတ္တ)။

တေန သမယေန ဗု ဒ္ဓါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟာရတိ နဠေရုပုစိမန္ဒမူလေ မဟတာဘိက္ခုသံဃေနသဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ။ (ပါရာဇိကံ ဝေရဉ္ဇကဏ္ဍ)

ဤဝေရဉ္စာမြို့၌ မြတ်စွာဘုရားသည် ၁၂-ဝါမြောက်ဝါဆို တော်မူသည်။ ဤမဒူရမြို့တော်၌ အရှင်မဟာကစ္စာနအမှူးရှိသော ၇-ပါးသော ရဟန္တာတို့အား ဆံပင်ဖြတ်၍ လှူသော ဘိက္ခု ဒါယိကာမသူဌေးသမီးသည် ဒီဋ္ဌဓမ္မ ဆံပင်အစားပြန်ပေါက်၏။ (ဝိမာန ဝတ္ထု အဋ္ဌကထာ)။

မြတ်စွာဘုရား သာဝတ္ထိမြို့၌ သီတင်းသုံးစဉ် ဥတ္တရမဒူရမြို့၌ ဒါယိကာမတယောက် စုတေလျှင် နိရဲ(ငရဲ) ကျမည်ကို မြင်၍ ဆွမ်းခံဝင်ရာ ဆွမ်းဘောဇဉ် လှူဒါန်းရသဖြင့် ၃-ရက်မြောက် တွင် သေ၍ နတ်ပြည်ရောက်ရ၏။ ဝိမာန ဝတ္ထု အဋ္ဌကထာ ၄၇၇)။

ဧကံ သမယံ ဘဂဝါ အန္တရာ စ,မဓုရံ အန္တရာ စ,ဝေရဉ္ဇံ အဒ္ဓါနမဂ္ဂ ပဋိပန္နော ဟောတိ။ (အင်္ဂုတ္တရ နိကာယ စတုတ္ထ နိပါတ ပုညာဘိသန္ဒဝဂ္ဂ)။

## အဝန္တိတိုင်း ဥတ္တရမဓုရမြို့

ပါဠိတော်အရကား မဓုရမြို့နှင့်ဝေရဥ္စမြို့သည် ခရီးဝေးကွာလှမည် မဟုတ် တယူဇနာ မျှလောက် ဝေးကွာ၏ဟု မှတ်ယူရမည်၊ဥပဂုတ္တ၏သီတင်းသုံးရာ ဌာနပါဠိလိပ်ပုတ်မြို့တော်အသောကမင်းမြတ်စိုးစံစဉ်အခါ မဓုရမြို့အနီး နဋဘာတိကအမည်ရှိသောတောအုပ်ကြီးအတွင်းဥရုမုန္ဒတောင်၌ဣုဒ္ဓါနုဘာဝမဟာနုဘာဝရှိသည်ဖြစ်၍မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းကာ မေတ္တာသမာပတ်ဝင်စားလေ့ရှိသော ဥပဂုတ္တမဟာထေရ်သည် တပည့်ရဟန်းသံဃာအပေါင်းရှစ်သောင်းလေးထောင်မျှ အခြံအရံရှိ၏။ ဓမ္မာသောကမင်းတရားသည် ပါဋလိပုတ်မြို့တော်သို့ သာသနာပြုံ ကြွဘော်မူ၏။

(ဗုဒ္ဓနိုင်ငံတော် ၄၉၈)။

ဗုဒ္ဓနိဗ္ဗာနမာရော၊ ဥပဂုတ္တောနမာရောဗန္ဓော။ယောကရောတိသာကတ္တာသုံတ် ကာရက ကစ္စာယနသဒ္ဒါပါဠိ)၌ဥပဂုတ္တအမည်ရ၏။

ဥပဂုတ္တထေရ် နေရာဌာန။ မဓုရမြို့အနီး နဋဘာတိကတောအုပ် ဥရုမုန္ဒတောင်ပေါ်ကျောင်း၌ သီတင်းသုံးနေ့ထိုင်သည်။ ဗုဒ္ဓနိုင်ငံတော် ၄၉၀)။

ဥတ္တရမဓုရမြို့ဣန္ဒြီယပြည်အနောက်မြောက်ပိုင်း ပန်ဂျပ်လမ်းခရီးဖြတ်သွားရာလမ်းခရီးတလျှောက်တွင်များစွာသောကျောင်းတိုက်များနှင့် မဓုရမြို့သို့ရောက်သောအခါ၌လည်း မြို့သူမြို့သားနယ်သူ နယ်သား တို့သည် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုကိုးကွယ်ဆည်းကပ်ကြကုန်၏။

ဘုရင်မင်းမြတ်တို့လည်း ဗုဒ္ဓသာသနာတော်ကို ကြည်ညိုကုန်၏။ ရဟန်းသံဃာများ သီတင်းသုံးရာ ကျောင်းတိုက်ကြီးများဆောက်လုပ်တည်ထားကြ၏။ (တရုပ် ရဟန်းတော် ဖါတိုင်မှတ်တမ်း ဗုဒ္ဓနိုင်ငံတော် / ၄၉၁)။

မဓုရမြို့တော်သည်နိုင်ငံအကျယ်အဝန်း လီပေါင်းငါးထောင်ခန့်ရှိ၏၊ မြို့တော်အကျယ်အဝန်း လီပေါင်းနှစ်ရာခန့်ရှိ၏၊ သာသနာအစဉ်အဆက် တထောင်ကျော်အောင် မပျက်စီးဘဲထွန်းကားလျက်ရှိသေးကြောင်းမှတ်သားရ၏။ရှေးဟောင်းပထဝီကျမ်းကြီးများအရရင်းမဓုရမြို့တော်မှာ တောင်များဖြင့်လှည့်ပတ်ဝန်းရံကာထားလျက် ယင်းတောင်များပေါ်၌လည်း ရှေး ဟောင်းအဆောက်အဦးနေရာများနှင့် ရုပ်ထုတော် ကျောက်စာတိုင်များကြီးကျယ်ခန်းနားသော ကျောင်းတိုက်ကြီးများ၏ နေရာဟောင်းများရှိသေးကြောင်း မှတ်သားထား၏ (တရုပ်ရဟန်းတော်ဝိုပ်သျှင်မှတ်တမ်း ဗုဒ္ဓနိုင်ငံတော် ၄၉၁)။

## ၂ ဣန္ဒဂုတ္တထေရ်အကြောင်း

ရာဇာဝမေ့ ပသီဒိတွာ ဧဘကံ ဓမ္မကံခန္ဓ ကောက ဝိဟာ

ရေနုံပူဇော်ဿာမီတိ ကော ဒိဝသ မေဝံ,ဆန္ဒဝံတိ,ကော ဌိမနံဝိ သဇ္ဇေတွာ် အမစ္စေ အာဏာပေသိ ထောဘဏေ ကောမေ ကသ္မိံနုဂရေ ကောမေကံ ဝိဟာရံ ကာရာ ပေန္တ၊ စတုရာ သီတိ ယာနုဂရ သဟဿေသု စတုရာ သီတိဝိဟာရ သဟဿာနိ ကာရာပေထာတိ။ သယဉ္စအသော ကာရာ မေ့အသောကမဟာ ဝိဟာရတ္ထာ ယ,ကမ္မံ ပဋ္ဌပေသိ။ သံဃော ဣန္ဒဂုတ္တတ္ထေရံ နာမမဲ ဟိဒ္ဓိကံမဲဟာနုဘာဝံ ခိဏာသဝံ ,နဝကမ္မာဓိဋ္ဌာယကံ အဒါသိ။ ထေရောယံယံ နနိဋ္ဌိတံတံ အတ္တနောအာနုဘာဝေန နိဋ္ဌာ ပေသိဧဝမ္ပိ တီဟိသံ ဝစ္ဆရေ ဟိ,ဝိဟာရကမ္မံ နိဋ္ဌာပေသိကောဒိ ဝ,သာမေ ဝသဗ္ဗနုဂရေဟိ ပဏ္ဏာနိ အာဂမိံသု (ပါရာဇိက ကဏ္ဍ အဋ္ဌကထာ ဗာယိ ရနိဒါနံ ကထာ တတိယ သင်္ဂီတိ ကထာ ၃၇)။

ဓမ္မာသောကဘုရင်မင်းမြတ်သည် မြတ်စွာဘုရားသည် ဟော တော်မူအပ်သော သုံးပုံပိဋကတ်နိကာယ်ငါးသွယ် အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့တွင် ဓမ္မက္ခန္ဓာတို့၌ ကြည်ညိုသည်ဖြစ်၍ ဓမ္မက္ခန္ဓာတဆူလျှင် ကျောင်းတဆောင် ဘုရားတဆူ တည်လျက် ကျောင်းပေါင်း ရှစ်သောင်းလေး ထောင် ဘုရားပေါင်း ရှစ်သောင်းလေးထောင် ဆောက်လုပ် ပူဇော်ရန်အတွက်အမတ်တို့အား ငွေကိုးဆဲ့ခြောက်ကုဋေ ထုပ် ပေးခိုင်းစေပြီး မိမိကိုယ်တိုင် အသောကအာရာမ်၌အသောက ကျောင်းတိုက်ကြီးဆောက်လုပ်ရန်အတွက် စီမံခန့်ခွဲလေသည်။ သံဃာတော်များက နဝကမ္မစီရင်ရန်အတွက် မဟိဒ္ဓိကမဟာနုဘာ

ဝခ ီဏာသဝဖြစ်သော ဂုတ္တဂုတ္တထေရ်ကို သမုတ်ပေးလေသည်။ ဂုတ္တဂုတ္တထေရ်သည် သုံးနှစ်နှင့် ပြီးအောင် မိမိအာနုဘော်ဖြင့် စိမံခန့်ခွဲလျက်ပြီးဆုံးစေလေ၏။ နေရာဌာန်...........ဂုတ္တဂုတ္တထေရ်၏သီတင်းသုံးသော ကျောင်းတိုက်ကား ဤနေရာ၌ အသော် ကရာမဲအာရာမ်ကျောင်းတိုက်ကြီးဟု ယူဆရမည်။

၃ မဟာရောဟဏဂုတ္တထေရ်အကြောင်း။

ဝိကုဗ္ဗနပ္ပတ္တာယာပိ ခိပ္ပနိသန္တိဘာဝေ နာမဘာရော၊ သတေ သဿဟဿဿ ဝါ ကောဝိခိပ္ပနိသန္တိဟောတိ။ ထေရမ္ဗတ္တ လေမဟာရောဟန ဂုတ္တတ္ထေရဿ ဂိလာနုပဋ္ဌာနံ အာဂတေသုတိံ သမတ္တေသု ဂုဒ္ဓိမန္တ, သဟဿေသု ဥပသမ္ပဒါယ အဋ္ဌဝဿိကော ရက္ခိတတ္ထေရော ဝိယ,တဿာ နုဘာဝေ ပဋိဝိတ သိနေန္ဒြေသဝုတ္တောယေဝ။ (ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ ၁၂ ဣဒ္ဓိဝိဓနိဒ္ဒေသအဘိညာကထာ ၄ )။

ဝိကုဗ္ဗနပ္ပတ္တာသာ ပိ ။ပ။ရက္ခိတ ထေရော ဝိယာသဗ္ဗံ ဝတ္ထုံ ဝိသုဒ္ဓိမဂ္ဂဝိတ္ထာရိတမေဝပါတိ။ (အဋ္ဌသာလိနီစိတ္တုပ္ပါဒကဏ္ဍ ကသိဏကထာ/ ၂၃၂)။

မဟာရောဟဏ ဂုတ္တထေရ်သည် ဣဒ္ဓိမဟာ နုဘာဝ မဟာယသ ဗဟုသုတ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဂဏပါမောက္ခသံဃပိတု ရဟန္တာသူ ဂဏာဒရိယ ဝိနယဓရ ဓမ္မဓရမဟာထေရ်တပါးဖြစ်သည်၊ ပရိသာဟ် တပည့် ရဟန္တာ သုံးသောင်း အမြဲခြံရံသည်။ သီတင်းသုံးရာဌာနကား မဟာရောဟဏ ဇနပုဒ်ဖြစ်သည်၊ ကျောင်းတိုက်ကား တေရမ္ဗတ္ထလကျောင်းတိုက်ကြီးဖြစ်သည်၊ မြန်မာလို ထေရ်သရက်ကုန်းကျောင်းဖြစ်

သည်(မူကွဲတွင် ထေရမ္ဗလေဏောဟုရှိသည်၊ မြန်မာလိုထေရ်သရက်လိုဏ်ကျောင်းဖြစ်သည်။

## မှတ်ချက်။

ဤမဟာရောဟဏဂုတ္တထေရ်သည် မဇ္ဈိမဒေသသီရိဓမ္မာသောကမင်းလက်ထက်ဖြစ်သလော သို့မဟုတ် သီဟဠကျွန်း သဒ္ဓါတိဿမဟာနာမ မင်းတို့ လက်ထက်ဖြစ်သလောဟု သေချာစွာယူဆရန် ခဲရင်းပါသည်၊ ပညာရှင်များစဉ်းစားတော်မူရန်ထည့်လိုက်ပါသည်။

ဤသည်ကား မဟာရောဟဏဂုတ္တထေရ်အကြောင်းပြီး၏။

## တပည့် အရှင်ရက္ခိတအကြောင်း

ပမ္ပန္နဿ နုံဘာဝံ ဒိသွာ ထေရော အာဟ အာဝုသော်သ စေရက္ခိတော နံဘာဝိဿ သင်္ဃောရပဟပ္ပတ္တာ ဒံ ဿ မ နာ ဂရာဇာနံ ရက္ခိတုံ နာသက္ခိ သူတိ။ တယော့အတ္တနာ ဂလေဟာတွာ ပိစရိ ဟာဗ္ဗံ အာဝုဒံ နာမမတေ သောခေတွာဝ ဂဟေတွာ ဝိစရိတုံ ဝဋ္ဋတီတိ။ တေသေနာယ ဩဝါဒေ ဠတွာတိံ သ သဟဿာပိ ဘိက္ခူ ခိပ္ပနိဿန္တိနော အစေလာယံ ဝိပ္ပနိဿန္ဒိယာပိ သတိပရဿ ပတိဋ္ဌာဘာဝေါ နာမ ဘာဒော၊ ယာစေတသု သဟသော သု ပါ၊ ဧကော ဂဟောတိ၊ ဂိရိဘဏ္ဍပါဠိနော ပူဇာယ မာရေနအင်္ဂါရဝဿော ပဂတ္တိတေအာကာသေ ပယဝိံ မာပေတွာ အင်္ဂါရဝဿံ ပရိတ္တာရကော ထေရောပိယ။ (ဝိသုဒ္ဓိ မဂ္ဂ/ ၂၁ ဣဒ္ဓိဝိဓ နိဒ္ဒေသအဘိညာကထာ ၄)။

တမ္ဗပဏ္ဏိဒီပ ဘဒ္ဒရနိဒေသနေနေဝ သိဒ္ဓမ္ပိ တတောဂရုတာရေ နအင်္ဂါရဝဿံ ပရိတ္တာ ဇောန ဝိဘာဝိသုံ.... ဂိရိဘဏ္ဍပါဟု

နပ္ပူဇာယ။ပ။ ထေရော ဝိယာတိအာဟ။ ဂိရိဘဏ္ဍဝါဟ နပ္ပူဇာ နာမခေတ္တိယဂိရိမှာဒိ ကတ္ထ သကလဒီပေသမုဒ္ဒေစ ယာဝယော ဇာနာမဟာတိဒိပပူဇာ ပထဝိ မာပေတွာတိ မာရေန ပဝတ္တိတံ အင်္ဂါရ ဝဿံ ဖုလိင်္ဂမတ္တေနပိ ယာဝ မနုဿနေ ပါပုဏာတိ၊ တာဝဒေဝအာကာသေ ပထဝိံ နိမ္မိနိတွာ။ (ဝိသုဒ္ဓိမဂ္ဂ မဟာ ဋီကာ ၁၂ လုဒ္ဒိ ဝိခနိဒ္ဒေသအဘိညာကထာဝဏ္ဏ နာ၅)။

အရှင်ရက္ခိတထေရ် ဂဠုန်ဘေးမှနဂါးကိုကယ်ပုံ။

မာရေဟဏ ဂုတ္တထေရ်၏ သုံးသောင်း သော ရဟန္တာ ထေရ် တပည့်တို့တွင် (၈) ငါသာ ရသေးသော အရှင်ရက္ခိ တထေရ်သည် ခိပ္ပနိသန္တိဘာဝဏ္ဏဒ္ဓိ တံခိုးနှင့်ပြည့်စုံသည်ဖြစ် ၍မဟာရောဟဏဂုတ္တထေရ်၏ မမာသောအခါ တပည့်ရဟန်း သုံးသောင်းစည်းဝေး၍ လာရောက်လုပ်ကျွေး၏၊ ထိုအချိန်အခါ ဂဠုန်သည်နဂါးမင်းကိုလိုက်၏၊ နဂါးမင်းသည် မဟာ ရောဟဏ ဂုတ္တထေရ်မမာရာ၌ လုပ်ကျွေးကြသော ရဟန်းသုံးသောင်းထံ အသက်ကယ်တော်မူပါဟု လျှောက်ထားရာ အရှင်ရက္ခိတထေရ် သည် ပထဝီကသိုဏ်းကိုဝင်စား၍ နဂါးမင်းအား မြေတောင်ဖြင့် ဖုံးကွယ်ထားလိုက်၏။

ထို့ကြောင့်နဂါးမင်းသည် ရက္ခိတထေရ်၏တံခိုးဖြင့်အသက် ဘေးချမ်းသာရသွားတော့၏။

တောင်ထိပ်သဘင်ဘုရားပွဲ မာရ်နတ်မီးကျီးမိုးရွာသည်ကို တားမြစ်ပုံ

ဘုရင်မင်းမြတ်သည် စေတီယတောင်မှစ၍ အလုံး စုံသော ကျွန်း၌ရှင်း၊ သမုဒ္ဒရာပြင်၌ရှင်း၊ ယူဇနာတိုင်အောင် စေတီယ

တောင်စသော စေတီများအား ဆီမီးပူဇော်ပွဲကြီး ကျင်းပ၏။ မာရ်နတ်သည် ကောင်းကင်မှ မီးကျီးမိုးဃ်း ရွာချ၏။ အရှင်ရက္ခိတထေရ်သည် ပထဝီကသိဏ်းကို ဝင်စား၍ ကောင်းကင်ပြင်၌ မြေပြင်ကြီးဖန်ဆင်းလျက် မီးကျီးမိုးဃ်းကို တားထား၏။ ဤဖြစ်ရပ်များကား သီဟဠကျွန်း၌ ဖြစ်ရပ်များတည်း။

**အထူးမှတ်ချက်**

ခိပ္ပနိသန္တိ ဣဒ္ဓိဝိဓ အဘိညာဉ်ကိုရသောအသျှင်ရက္ခိတထေရ်ကို အကြောင်းပြု၍ မဟာရောဟဏ ဂုတ္တထေရ်သည် သုံးသောင်းသော မိမိ၏ တပည့်တို့အား ခိပ္ပနိသန္တိ ဣဒ္ဓိရအောင် ကသိဏ်းကိုစီးဖြန်းစေ၏။

ဤကား မဟာရောဟဏဂုတ္တထေရ်၏ တပည့်အရှင်ရက္ခိတထေရ်အကြောင်းပြီး၏။

## ၄- ဝတ္ထု နိဿေနာသန အဿ ဂုတ္တ

ကိံ ပန ခိဏာသဝေါ အဟံ ခိဏာသဝေါတိ အတ္တာနံ ပကာ သေတီတိ။

တိံ ဝတ္တမ္ပိံ။ ကာရကဘာဝံ ဟိ ဇာနိတ္ဝာပကာသေတိ။ နနု-အဿ ဂုတ္တထေရော အာရဒ္ဓ ကမ္မဋ္ဌာနဿ ဘိက္ခုနော ကမ္မဋ္ဌာန ကာရကော။

အယန္တိံ ဇာနိတ္ဝာ အာကာသေ စမ္မခဏ္ဍံ ပညာပေတွာ တတ္ထ ပလ္လင်္ကေန နိသိန္နော ကမ္မဋ္ဌာနံ ကထေသိဘိ။

(ဝိသုဒ္ဓိမဂ္ဂ ၃– ကမ္မဋ္ဌာနဂ္ဂဟန နိဒ္ဒေသ ကမ္မဋ္ဌာနဲဒါယက ဝဏ္ဏနာ/၉၅)

ဤအဿဂုတ္တထေရ်သည် ကမ္မဋ္ဌာန်း အားထုတ် လိုသော ပုဂ္ဂိုလ်အား ကောင်းကင်၌ စမ္ပခဏ်ကိုခင်း၍ တင်ပလ္လင်ခွေထိုင်ကာ ကမ္မဋ္ဌာန်းပြတော်မူ၏။ နေရာကျောင်းကား ဝတ္တနိသေနာသနကျောင်းပေါ်သည်။

အနာဂတေ ပစ္စယဘာဝံ စဿ ဒိသွာ ဘဂဝါ ခရေ မာနေ့ ကော ဘိက္ခုမ္ပိ မေတ္တာဝိဟာရိမှိ တေဒဂ္ဂေန ဌပေသိ။ ပဿတိ ဟိ ဘဂဝါ အနာဂတေ အယံ မမ သာသနေ ပဗ္ဗ ဇိတွာ မေတ္တာ ဝိဟာရိနံ၊ အဂ္ဂေါဘဝိဿတီတိ။ သောဘဂဝါတိ ပရိနိဗ္ဗုတေ မဟာသောကရာဇကာလေ ပါဋလိ ပုတ္တေ နိဗ္ဗတ္တိတွာ ပဗ္ဗဇိတွာ အရဟတ္တံ ပတွာ အဿ ဂုတ္တထေရော နာမ ဟုတွာ မေတ္တာဝိဟာရိနံ အဂ္ဂေါ အဟောသိ။ ထေရဿ မေတ္တာ နုဘာဝေန တိရစ္ဆာနဂတာပိ မေတ္တာစိတ္တံ ပဋိလဘိံသု၊ ထေရော သကလ ဇမ္ဗုဒီပေ ဘိက္ခုသံဃဿ ဩဝါဒါ စရိယော ဟုတွာ ဝတ္တနိ သေနာသနေ အာဝသိ၊ တိံသယောဇနမတ္တာ အဋဝိ ကော ပဓာနဃရံ အဟောသိ။

ထေရောအာကာသေ စမ္မခဏ္ဍံ ပတ္ထရိတွာ တတ္ထနိသိန္နော ကမ္မဋ္ဌာနံ ကထေသိ။ ဂစ္ဆန္တေ ဂစ္ဆကာလေ ဒိဏ္ဍာဝါရမ္ဘိ အဂန္တွာ ဝိဟာရေ နိသိန္နော ကမ္မဋ္ဌာနံကထေသိ မနုဿာ ဝိဟာရမေဝ ဂန္တွာ ဒါန မဒံသု၊ မဟာသောက ရာဇာ ထေရဿဂုဏံ သုတွာ ဒဿနကာမောတိက္ခတ္တုံ ပတိနိ။ ထေရော ဘိက္ခုသံဃဿ ဩဝါဒံ ဒမ္မိတိ ကေင ရမိုံ န ဂတောတိ။

(မဇ္ဈိမ ပဏ္ဏာသ အဋ္ဌကထာ ၃ ပရိဗ္ဗာဇကဝဂ္ဂ ၁၀ စူဠ သကုလု ဒါယိ သုတ္တ ဝဏ္ဏနာ နှာ ၁၉၀)။

အဋ္ဋဝီ ဝိဉ္ဈပဗ္ဗတပဿေ ဂါမာနံ အနိဝိဋ္ဌတ္တာ ဟိယောဇန မတ္တံ ဌာနံ အဋ္ဋပိနာမ။ တတ္ထ သေနာ သနံ ကာသိံ အဋ္ဋဝိ သေနာသနေ ပဝေန ကမ္မိတာနံ ဘိက္ခူနံ ဗဟူနံ တတ္ထနိဝါ သေန ဧကံ ပဓာန ဃရံ အဟောသိ။

(မဇ္ဈိမ ပဏ္ဏာသဋီကာ ၃ ပရိဗ္ဗာဇကဝဂ္ဂ ၁၀ စူဠ သကုလု ဒါယိသုတ္တ ဝဏ္ဏနာ နှာ ၁၃၂)။

မြတ်စွာဘုရားသက်တော် ထင်ရှားရှိစဉ် စူဠသကုလုဒါယိ ပရိဗ္ဗာဇကကိုပင်ပန်းခံ ဟောတော်မူခြင်းမှာ ဤပရိဗ္ဗာဇက သည် ယခုဘဝ ငါဘုရား သာသနာတော်၌ မသက်ဝင်ပေ သို့ပင်ဖြစ်လင့်ကစား ငါဘုရား ပရိနိဗ္ဗာန် စံတော် မူပြီးသည် နောက် နှစ်ပေါင်း နှစ်ရာကျော်သောအခါ ဓမ္မာသောကမင်း လက်ထက် ပါဋလိပုတ်မြို့၌ အမျိုးသား ဇနီးမောင်နှံ တို့ထံ ပဋိသန္ဓေနေပြီး ဖွားမြင်၍ အသက်နှစ်ဆယ်အရွယ်ရောက်သော် မဟာ မောဂ္ဂလိပုတ္တတိဿ မဟာထေရ်တို့ထံ ချဉ်းကပ်လျက် ရဟန်းပြုပြီး ဆရာ့ထံ ပရိယတ် ပဋိပတ်များကို သင်ယူလျက် ငါးဝါကျော်လွန်သောအခါ ဆရာ့အား ခွင့်တောင်း၍ ဆရာ့ ထံပါးမှ ဖဲ့ခွာကာ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်ပြီး ရဟန္တာ ဖြစ်လိမ့်မည်။

မေတ္တာဘာဝနာ စီးဖြန်းသော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး ဖြစ်သော အဿ ဂုတ္တထေရ်ဟု မြတ်စွာဘုရား သာသနာတော်

၌ ကျော်စော ထင်ရှား‌သည်ဖြစ်၍ ယူဇနာ သုံးဆယ် ရှိသော တောအုပ်ကြီး၌ ကမ္မဋ္ဌာန်း ကျောင်းများ ပြည့်နှက် နေကာ တရားအားထုတ်သော ပုဂ္ဂိုလ်များကိုလည်း ယူဇနာသုံးဆယ်ရှိ ကမ္မဋ္ဌာန်းကျောင်းများ အလည် တည့်တည် ကောင်းကင်၌ စမ္မခဏ်ကို ခင်းပြီး ထိုင်ကာကမ္မဋ္ဌာန်းတရားဟော၍ ကမ္မဋ္ဌာန်း ပေးရ၏။ ရဟန်းရှင် လူတို့တွင်သာမက တိရစ္ဆာန် သတ္တဝါ တို့သော်မှလည်း မေတ္တာစိတ်ဖြစ်၍ အချင်းချင်း မေတ္တာစိတ် ပွားများကာ ပျော်ပျော်ရွှင်ရွှင် နေကြကုန်၏။

(တေဒဏ္ဍံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မေတ္တာ ဝိဟာရီနံယ ဒိဒံ အဿ ဂုတ္တော) ဟု မြတ်စွာ ဘုရားသည် ဤစူဠသကုလုဒါယိကို ရည်ရွယ်ထားခဲ့သည်။ ဓမ္မာသောကမင်း သည် အဿဂုတ္တထေရ်၏ ဂုဏ်သတင်းကို ကြားရ၍ အမတ်များ ကို စေလွှတ်ကာ သုံးကြိမ်သုံးခါ ပင့်ပါသော်လည်း ရဟန်း သံ ဃာ အပေါင်းအား နေ့စဉ် မပြတ် ဩဝါဒ ပေးနေရ၍ တကြိမ်တခါမျှ မကြွပေ။

မှတ်ချက်။ ။ထေရ်၏ ဘွဲ့တော်ကား အဿဂုတ္တထေရ် ဖြစ် သည်။ ကျောင်းတော်ကား ဝတ္တနိ သေနာ သနကျောင်းတိုက်ဖြစ်သည်။ (ဋီကာအလိုသော် အဋ္ဌပိ သေနာသန ကျောင်းတိုက် ဖြစ်သည်။ ဝိဥ္စျ တောင်နံဘေး၌ ယူဇနာ သုံးဆယ်ရှိသော တောအုပ်ကြီးသည်တရားအားထုတ်ရာကျောင်း တို့ဖြစ် ပြည့်နှက်နေသည်။

## ရေအိုင်၌ရေများနံနက်ခမ်းအာ ဒါထေ ပယ်နို့စမ်းဖြစ်ရန် အဓိဋ္ဌာန်ပုံ

အဿ ဂုတ္တတ္ထေရော ဝတ္တနိ သေနာသနေ ဘိက္ခုသံဃ သုက္ခဘတ္တံ ဘုဉ္ဇမာနံ ဒိသွာ ဥဒကသောဏ္ဍိံ ဒိဝသေ ဒိဝသေ ပုရေဘတ္တံ ဒဓိရသာ ဟောတု ဒိအဓိဋ္ဌဟိ။ ပုရေဘတ္တံ ဂဟိတံ ဒဓိရသံ ဟောတိ၊ ပစ္ဆာ ဘတ္တေ ပါကတိကမေဝ။

(အဋ္ဌသာလိနီ အဋ္ဌကထာ ၄ အဋ္ဌကထာ ကဏ္ဍ ဟိတ အတ္ထုဒ္ဓါရ ဝဏ္ဏ နာ ၄၊-၄)။

အဿဂုတ္တထေရ်၏ ဝတ္တနိယ ကျောင်းတိုက်ကြီး၌ တရားလာရောက်အားထုတ်ကြသော သံဃာတော်များ အလွန်များသဖြင့် ခြောက်သွေ့စေက်နေသော ဆွမ်းသာ ရသည်ဖြစ်၍ ရဟန်းတော်များဆင်းဆင်းရဲရဲ ဆွမ်းဘုဉ်းပေးရသည်ကို မဟာထေရ်မြင်သဖြင့် နေ့တိုင်း နေ့တိုင်း နံနက်ခင်းအခါ ရေအိုင်သည် နို့စပ်းပြစ်စေသားဟု အဓိဋ္ဌာန် ထား၏။ နံနက်ခင်းခပ်ယူတိုင်းနို့စမ်းဖြစ်နေ၏။မွန်းတွဲပိုင်းပကတိ ရေသာဖြစ်နေ၏။

ဧဝံ ပဗ္ဗဇိတေသု ပန် မဟာကဿပ ထေရဿ တာဝ အနုမ္ဗဇ္ဇံ ပဗ္ဗဇိတာ သတသဟဿ မတ္တာ အဟေသုံ တထာ တေရ ဿေဝ သဒ္ဓိဝိဟာရိ တဿ စန္ဒဂုတ္တတ္ထေရဿ ကဿဝိ သဒ္ဓိ ဝိဟာ ရိကဿ သံရိ ယဂုတ္တတ္ထေရဿ၊ ဘဿဝိ သဒ္ဓိ ဝိဟာရိကဿ၊ အဿဂုတ္တတ္ထေရဿ၊ ဘဿဝိ သဒ္ဓိ ဝိဟာရိက ဿယောနက ဓမ္မရက္ခိတတ္ထေရဿ၊တဿ ပန သဒ္ဓိပိဟာရိကော အယောကရညောကနိဋ္ဌဘာတာတိဿတ္ထေရော နာမ အဟောသိ။

(သံ၊ ဋ္ဌ၊ ၃–၁၇၀။ အထူး) ဒီ၊ ဋ္ဌ၊ ၂–၃၆၉) (မဲ၊ ဋ္ဌ၊ ၁–၂၇၇–အံ၊ ဋ္ဌ၊ ၁–၃၇) (အဘိ၊ ဋ္ဌ၊ ၂–၂၅၉) (ဣတိဝုတ်၊ ဋ္ဌ၊ ၃၄၀) (ဝိသုဒ္ဓိ၊ ၁–၉၅) (ဝိသုဒ္ဓိ၊ ၂–၆၀) တို့၏၊မထူး။

(တိပိဋက ပါဠိမြန်မာအဘိဓာန်အတွဲ ၃ အဗျက္ကံ အဋ္ဌာရပ ဗ္ဗ အဘိဓာန်ပုဒ်ပေါင်း ၁၁၄၅၁ ပါဝင်သည်)။

ဤသို့ဘုရား သာသနာတော်သို့ဝင်၍ ရဟန်း ပြုကုန်သော သူတို့တွင်–

၁။ မဟာကဿပ ထေရ်သို့ အတုလိုက်၍ ရဟန်းပြုသူက သိန်းအတိုင်းအရှည်ရှိ၏။

၂။ ယင်း၏သဒ္ဓိဝိဟာရိက တပည့် စန္ဒဂုတ္တထေရ်သို့ အတုလိုက် ရဟန်းပြုသူ တသိန်း။

၃။ ယင်းသဒ္ဓိဝိဟာရိက တပည့် သူရိယ ဂုတ္တထေရ်သို့ အတုလိုက် ရဟန်းပြုသူ တသိန်း၊

၄။ ယင်း သဒ္ဓိဝိဟာရိက တပည့် အဿဂုတ္တထေရ်သို့ အတုလိုက် ရဟန်းပြုသူ တသိန်း။

၅။ ယင်း သဒ္ဓိဝိဟာရိက တပည့် ယောနက ဓမ္မရက္ခိတယထေရ်သို့ အတုလိုက် ရဟန်းပြုသူတသိန်း။

၆။ ယင်း သဒ္ဓိဝိဟာရိက တပည့် ဓမ္မာသောက မင်းကြီးညီ တိဿထေရ်ဖြစ်သည်။ ယင်းတိဿထေရ်သို့ အတုလိုက်၍ ရဟန်းပြုသူ သောင်းကျော်မျှ များစွာ ဖြစ်သည်။ ဤကား သောရဝံသ ဖြစ်သည်။

ဤကား အဿဂုတ္တထေရ်အကြောင်းပြီး၏။

## အဿဂုတ္တအကြောင်း

ယောနကတိုင်း သာဂလမြို့တော် ယောနက ဓမ္မရက္ခိတ မထေရ်၏ ဇာတိနေရပ် ဇမ္ဗူကျွန်း မဇ္ဈိမဒေသ ယောန ကတိုင်း သာဂလမြို့တော်၌ မိလိန္ဒမင်းကြီးအုပ်စိုးစဉ် အခါ ပိဋကတ်နှင့် ဗေဒင်မျိုးစုံ တဆဲ့ ရှစ်ရပ် အတတ် ပုစ္ဆာ ပြဿနာ အယူဝါဒပေါင်းများစွာ ကျွမ်းကျင် လိမ်မာသည် ဖြစ်၍ ပူရဏ ကဿပ စသော ဟိတ္တိဆရာကြီး ခြောက်ယောက် တို့၏ အမျိုးအနွယ်ဖြစ်သော ပရိဗ္ဗာစက ရသေ့တို့နှင့် ဗုဒ္ဓ ဘာသာ သာသနာတော်ထမ်း ရဟန်းသိန်းပေါင်းများစွာတို့ပါ ပုစ္ဆာမေး ညှင်းဆဲ၍ သာဂလမြို့နယ်တွင်း ရဟန်းတော်များ လုံးဝမနေနိုင်(၁၂)နှစ်ပတ်လုံးရဟန်းတော်တို့မှဆိတ်သုံးနေ၏။

ထိုအခါ အရှင်အဿဂုတ္တထေရ်သည် ဟိမဝန္တာ တောင် ရက္ခိတ တောင်ထိပ်၌ သတင်းသုံး နေကြကုန်သော ရဟန္တာ ကုဋေတရာ တို့သည် ယုဂန္ဓရ တောင်ထိပ်၌စည်းဝေးကြကုန်၏။

### အဿဂုတ္တမဟာထေရ်မေး

စည်းဝေး လာကြကုန်သော ရဟန်းတို့တွင် မည်သို့သော ရဟန်းသည် မိလိန္ဒမင်းနှင့်တကွ စကားပြိုင်ဆိုင်ပြောဆို၍ယုံမှား ခြင်းကိုဖြောက်ခြင်းငှာစွမ်းနိုင်သည့် ရဟန်းရှိပါသလား ဟုကြိမ် မေးပါသော်လည်း ရဟန္တာ ကုဋေတရာတို့တွင် တပါးမှ ထ မပြောဘဲ ဆိတ်ဆိတ်နေကြ၏။

ထိုအခါ အရှင်အဿဂုတ္တမထေရ်သည် ကဿပ ဘုရားရှင် လက်ထက်တော်အခါက တံမြက်စီးလှဲ၍ ဆုတောင်းဘက် ဖြစ် သော ဝေဇယန္တာပြဿဒ်၏ အရှေ့ဘက် ကေတုမတီနတ်ဘုံ၌

နေသော မဟာသေန နတ်သားသည် မိလိန္ဒမင်းနှင့် ပြိုင်ဆိုင်ပြောဆိုခြင်းငှာ စွမ်းနိုင်၏။

ထိုအခါ အရှင်အဿဂုတ္တမထေရ်အမှူးရှိသော ကုဋေတရာသော ရဟန္တာတို့သည် ယုဂန္ဓရတောင်ထိပ်၌ ပျောက်ကွယ်ပြီး တာဝတိံသာနတ်ပြည် သက္ကရားမင်းထံသို့သွား၍ ဤအကြောင်းပြောပြရာ မဟာသေနနတ်သားကို တာဝန်ယူစေလျက် လူ့ပြည်၌ သာသနာပြုရန် ဂတိပေး၍ ထိုအစည်းအဝေး၌ အရှင်ရောဟဏ ရဟန်းတော်မြတ်ကို ဟိမဝန္တာတောင်နံဘေး ဂဇင်္ဂလ ပုဏ္ဏားရွာ သောဏုတ္တရ ပုဏ္ဏား အိမ်၌ ပဋိ သန္ဓေ နေ ၍ (၇)နှစ်သားရှိသောအခါ ရှင်ပြုပေးရမည်ဟု အမိန့်ပေး၏။

## 'နာဂသေနရှင်ပြုပု

အရှင်ရောဟဏမထေရ်သည်' မဟာသေနနတ်သား ပဋိသန္ဓေနေဆဲကစပြီး (၇)နှစ်နှင့်(၁၀)လ ဤသောဏုတ္တရ အိမ် ၌ ဆွမ်းခံလျက် (၇)နှစ်အရွယ် ရောက်သောအခါ နာဂသေနသူငယ်လေးကိုခေါ်၍ မိမိနေသော သာဂလမြို့နယ် ဝတ္တနိယကျောင်းမှ ဝိဇမ္ဘဝတ္တကျောင်း၌ တည်းခိုပ်ပြီး ရက္ခိတတောင်ထိပ် ကုဋေတရာသော ရဟန္တာတို့၏ အလယ်၌ နာဂသေနသူငယ်လေးကို ရှင်ပြုပေးလေသည်။

အရှင်ရောဟဏမထေရ်သည် မိမိနေသော ဝတ္တနိယကျောင်း၌ခေါ်လျက် အဘိဓမ္မာ (၇)ကျမ်းကိုသင်စေ၏။ ထို့နောက် အသက်(၂၀)ပြည့်သောအခါ ရက္ခိတတောင်ထိပ်၌ကုဋေတရာသော ရဟန္တာတို့က ရှင်နာဂသေနကို ရဟန်းခံပေး၏။

## ရှင်နာဂသေန အရှင်အဿဂုတ္တမထေရ်ထံလွှတ်ပုံ

အရှင်ရောဟဏမထေရ်သည် မိမိတပည့်ဖြစ်သော ရှင်နာဂသေနကို သာဂလမြို့နယ်ဝတ္တနိယကျောင်း သီတင်းသုံးတော်မူသော အရှင်အဿဂုတ္တမထေရ်ထံလွှတ်၍ အဆုံးမခံစေ၏။ အရှင်အဿဂုတ္တမထေရ်သည် မိမိအား သားအရင်းပို လုပ်ကျွေးနေသော ဥပါသိကာမကြီးတယောက်က ဆွမ်းစားပင့်၍ ရှင်နာဂသေနပါခေါ်သွားပြီး ဆွမ်းစားပြီးသည်နောက် အရှင်အဿဂုတ္တမထေရ်က ရှင်နာဂသေနကိုတရားဟောခိုင်းပြီး ကျောင်းသို့ပြန်သွား၍ တန်ဆောင်းဝန်း၌ ထိုင်နေ၏။

ရှင်နာဂသေနသည် နက်နဲခက်ခဲသော လောကုတ္တရာ သုညတနှင့် စပ်ရှင်သော တရားစကားဖြင့် အနုမောဒနာ ပြုခဲ့သည်၌ ခဲ့သော် ဥပါသိကာမကြီးသည် သောတာပန်တည်၏။ မိမိဟောသော တရား ပြန်၍ဆင်ခြင်သောအခါ ဤနေရာ၌ပင် ရှင်နာဂသေနသည် သောတာပန်တည်၏။ အရှင်အဿဂုတ္တမထေရ်သည် ကျောင်းတန်ဆောင်းဝန်း၌ထိုင်၍ (၂) ယောက် စလုံး အား သာဓုခေါ်၏။

## ရှင်နာဂသေနအား စာသင်လွှတ်ပုံ

အရှင်အဿဂုတ္တမထေရ်သည် ယောဇနကတိုင်း ဤသာဂလမြို့မှ ယူဇနာတရာဝေးကွာသော ပါဋလိပုတ္တမြို့တော် အသောကာရာမ ကျောင်းတော်၌ ဓမ္မရက္ခိတမထေရ်သည်ရှိ၏။ သင်သည် ထိုဓမ္မရက္ခိတမထေရ်ထံသို့သွား၍ မြတ်စွာဘုရား၏စကားတော်ကို ကုန်စင်အောင်သင်ယူလော့ဟု ခိုင်းလိုက်၏။

အရှင်ဓမ္မရက္ခိတမထေရ်သည် ရှင်နာဂသေနအား ပိဋကတ်

သုံးပုံကို (၃)လဖြင့်အပြီးအစီးသင်ယူပြီးသည့်နောက် ကမ္မဋ္ဌာန်း ပေး၍ တရားအားထုတ် ခိုင်းရာ ပဋိသမ္ဘိဒါ မဂ်နှင့် တကွ ရဟန္တာအဖြစ်သို့ရောက်သွား၏။

မိလိန္ဒမင်းအား ဆုံးမရန်ခိုင်းပုံ။

ဟိမဝန္တာတောင် ရက္ခိတတောင်ထိပ်အပြင်၌ ကုဋေတရာ သော ရဟန္တာတို့စီးဝေး၍ အရှင်နာဂသေနအား ခေါ်ပြီး မိလိန္ဒမင်းကိုဆုံးမရန် တာဝန်ပေး၏။

မှတ်ချက်။ အရှင်အသာဂုတ္တမံထေရ် သီတင်းသုံးရာဝတ္တနိယကျောင်းတိုက်သည် ပါဋ္ဌလိပုတ်မြို့တော်မဟုတ်၊ ပါဋ္ဌလိပုတ်မြို့နှင့်ယှဉ်နဲ့တရာစေးကွာသော ယောနကတိုင်းသာဂလမြို့နယ်ဧတွင်း၌ဖြစ်၏ဟုမှတ်ရမည်။

ဥပဂုတ္တတိသာ နာဂထေရ်နှင့် ဓမ္မာသောကမင်းအကြောင်း

ပိယဒသိကုမာရ

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့သို့ဆွမ်း ခံဝင်တော်မူသော အခါ မြေမှုန့်ကစားနေကြသော သူငယ်တို့ထွင် ခုနှစ်အရွယ်ရှိသော ပိယဒသိအမည်ရှိသော သူဌေးသားသည် ဘုရားသခင်အားမြေမှုန့်လောင်းလှူလိုက်၏။ လောင်းလှူလိုက်ပြီးသော် မြတ်စွာဘုရားသည်ပြုံးတော်မူသဖြင့်

အရှင်အာနန္ဒာလျှောက်....အဘယ်ကြောင့်ပြုံးတော်မူပါသနည်း မြတ်စွာဘုရား၊

မြတ်စွာဘုရားဖြေ ........... ဤသူငယ်သည်မြေမှုန့်လောင်းလှူရသောကုသလအကြောင်းကြောင့် နတ်ပြည်၌ဖြစ်ပြီး သာသနာတော် ၂၁၈ ခုနှစ်ရောက်သောအခါ ပါလိပုတ်မြို့၌ ဗိန္ဒု

သာရမင်းကြီး၏သား ၁၀၁ ယောက်တို့တွင် အာသောက
မည်သော ဗလကြော်မင်းသည် ဖြစ်လတံ့။ ထိုအခါသာသနာ
တော်၌ကြည်ညို၍ အာလာကာရာမစသော ရှစ်သောင်းလေး
ထောင်သော ကျောင်းတော်ကြီး သုံ့ရားစေတီတော်ကြီးတို့ကို
တည်ပြီးသည်ဖြစ်၍ ၇ လ၇ရက်တိုင်တိုင် ကျောင်းပူဇော်ပွဲ
ကျင်းပလတံ့၊ ထိုအခါကျောင်းပူဇော်ပွဲကို မာရ်နတ်သည်ဖျက်
လတံ့၊ဥပဂုတ္တတိသာနာဂအမည်ရှိသောထေရ်သည် တံခိုးဖြင့်တာ
မြစ်လတံ့။

ဥပဂုတ္တတိသာနာဂထေရ်မာရ်နတ်ကိုဆုံးမခြင်း။

အသောရာမကျောင်းတိုက်ကြီး ပူဇော်ကျင်းပရန်အတွက်မင်း
ပရိသတ်နှင့်တကွ သံဃာတော်များ စည်းဝေးသော အခါသံ
ဃာတော်များကြည်ညို၍ လာရောက်ရှိခိုးသော နဂါးကို ဂဠုန်
သည်မြင်သဖြင့် သုပ်အုံ့ဟုအဟုန်ဖြင့် ဆင်းလာသောအခါသာမ
ဏေတပါးကတံခိုးဖြင့်ကယ်ဆယ်လိုက်၏။

ထိုအခါသံဃပရိသတ်နှင့် မင်းကြီးကကျောင်းပူဇော်ပွဲကျင်း
ပသောအခါမာရ်နတ်ကို တားမြစ်ပေးပါဟု သာမဏေလေးကို
တောင်းပန်သည်ရှိသော် သာမဏေလေးက တပည့်တော်မတတ်
နိုင်ပါ၊ သမုဒ္ဒရာအတွင်း၌ပြာသဒ်ဖန်ဆင်းကာ မေတ္တာဈာန်သ
မာပတ်အမြဲဝင်စား၍ နေသော အရှင်ဥပဂုတ္တတိသာနာဂ
ထေရ်သာလျှင်စွမ်း နိုင်ပါသည် ဘုရားလျှောက်ထားတော့၏။

သံဃပရိသတ်ကတံခိုးရှင်နှစ်ပါးကိုလွှတ်၍ ဥပဂုတ္တတိသာ
ထေရ်ကိုပင့်ခိုင်း၏၊သံဃအလည်

အစီးအဝေးသို့ ရောက်သောအခါ သံဃ ပရိသတ်ကသင်

သည်လဆန်း ပက္ခ လဆုတ်ပက္ခဥပုသ်နေ့တို့၌ ဥပုသ်ပြုမလာ ခြင်းသံဃာအစည်းအဝေးကို မတက်ခြင်း၊ ဤအပြစ်တို့ကြောင့် ဘုရင်မင်းမြတ် ကျောင်းပူဇော်ပွဲ ကျင်းပသည့်အခါ မာရ်နတ် မဖျက်ဆီးနိုင်အောင် တားမြစ်ရမည်ဟု ဒဏ်ပေးလိုက်လေသည်။

အရှင်ဥပဂုတ္တတိဿနာဂထေရ်လည်း ပဒုမ္မာကြာပန်း ပန်ဆင် ရသလို ကျောင်းပူဇော်ပွဲကျင်းပချိန် မာရ်နတ်နှောက်ယှက် သော လေကြီး မိုးကြီး ပြာ ပူ သဲ ဒါးလက်နက် စသည်တို့ကို မကျမရောက်ရန်နှင့် ကြောက်မက်ဖွယ်ဖန်ဆင်းပြသည်တို့ကို ကာကွယ်စောင့်ရှောက်ပြီးသည်နောက် ယုတ်မာသောမာရ်နတ် မည်သူမှမချုတ်နိုင်စေသားဟု ဓိဋ္ဌာန်လျက် ခွေးသေကောင် ပုတ် လည်ပင်းတွင်ဆွဲပြီး လွှတ်လိုက်ရာ ဇေတုမဟာရာဇ်နတ် ကစ၍ဗြဟ္မာတိုင်အောင် သွားသော်လည်း မည်သူမျှမချုတ် နိုင်သဖြင့် အရှင်ဥပဂုတ္တတိဿ ထေရ်အား တပည့်တော်ရှုံးပ ပြီဟုရှိခိုးတောင်းပန်သော်အခါ ခွေးသေကောင်ပုတ်ကို ချုတ်၍ ဒါးပန်းကြိုးကိုရှည်အောင်ဖန်ဆင်းပြီး တောင်ကြီးနှင့်ချည်နှောင် တုတ်ထားကာ မည်သူမျှ မဖြေနိုင်ပါစေသားဟုဓိဋ္ဌာန်လိုက်၏။

မြတ်စွာဘုရားကိုဂုန္နစ်ဂုလဂုရက်တိုင်တိုင်တကောင်းကောင်းက လိုက်၍ နှိပ်စက်သော်လည်း အကျွန်ုပ်ကို ကြမ်းကြမ်းတမ်းတမ်း ဘာတခုမျှပြန်မလုပ် အမြဲတမ်း သည်းခံတော်မူ၏၊သူသာ်းရာဟု လာလေးလိုချင်၏၊ သင့်သာဝကာ တို့ကာဘ်း ကြမ်းတမ်းလှ၏၊ သတ္တဝါတို့အား သနားခြင်းကြင်နာခြင်းမရှိပေ၊ ထို့ကြောင့် ကျွန်ုပ်သည် သင်တို့ကဲ့သို့ သာဝကမဖြစ်လိုပေ၊ ပြုသမျှသော ဘုသိုလ်ကောင်းမှုကြောင့်ဘုရားဆုကိုသာယူတော့မည်ဟုပြော၏။

အရှင်ဥပဂုတ္တတိဿ နှင့်ဂထေရ်လည်း ခါးပန်းကြိုးကိုဖြေ၍ လွှတ်လိုက်၏၊ ထိုအခါ အရှင်ဥပဂုတ္တတိဿနှင့်ဂထေရ်က၊အသင် မင်္ဂရိန်နတ်သည် မြတ်စွာဘုရားကို ဖူးမြင်ရသူဖြစ်၍ မြတ်စွာဘုရား ၏သုံးဆယ့်နှစ်ပါး သော လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ် ရောင်ပေါင်းခြောက်သွယ် တို့ဖြင့်အဂ္ဂသာ ဝကမဟာသာဝက အစုံအလင် ခြံရံပြီး ဘုရားပုံတော်ကိုဖန် ဆင်းပြပါဟုတောင်းပန်ရာ သင်အကျွန်ုပ်ကို ရှစ်မခိုးရဟုပြောရာ ဝန်ခံသဖြင့် ဖန်သင်းပြ၏ အရှင်ဥပဂုတ္တတိဿနာဂ ထေရ်သည် မတုန်မလှုပ် သက်ဝင် ကြည်ညို သည်ဖြစ်၍ သဒ္ဓါလွှန်မင်းသ ဖြင့် မင်္ဂရိန်နတ်အား ပေးထားခဲ့သော ဂတိကိုမအောင်းမေ့ မိနိုင် တော့ဘဲ ငါးပါးသော ရှိခိုးခြင်းဖြင့် လှနှစ်စွာရှိခိုးလိုက်တော့၏၊ မင်္ဂရိသတ်တို့သည်လည်း ရှိခိုးကြကုန်တော့၏။ ၇လ ၇ရက် ဆိုထားပြန်၏ အဋ္ဌကထာ၌ ၇ ရက်သာတည်

ဘပရကရော ပိယဒါသော နှင့် မ ကုမာရော ဆတ္တ ဥသာ ပေတွာ အသောကော နာမ ဓမ္မရာဇာ ဟုတွာတာ ဓာတုယော ဂဟေတွာဇမ္ဗူဒိပေ ဝိတ္ထာရိကာ အကာသိ

မဟာဝဂ္ဂအဋ္ဌကထာ (မဟာပ နိဗ္ဗာန် သုတ္တမာတုယူပူ ဇာငတ္ထနာ ၂၀၅။ တွေ့ကြောင်း၌ ပိယဒသိ ဤအဋ္ဌကထာ ဟူအနည်းငယ်ကွဲလွဲနေ၏

## ဝဏ္ဏနာဝေဘန်ချက်

၁ ဥပကုတ္တ ၂ ဂုန္တဂုတ္တ ၃ ရောပဏကုတ္တ ၄ အ သာဂုတ္တ ၅ ဥပရတ္တတိဿနာစ ဤသို့ဂုတ္တထေရ ငါးပါးရှိသည်

(၁) ဥပဂုတ္တထေရ်သည်မဓုရာသောကမင်းပင့်လျှောက်

သည်ဖြစ်၍ပါဠိလိပုတ်မြို့သို့ကြွရောက်ချီးမြှောက်တော်မူသည်။

(၂) ဣန္ဒဂုတ္တထေရ်သည် အသောကာရာမကျောင်းတိုက်ကြီးကို သံဃာသမုတိပေးသည် ဖြစ်၍မိမိတံခိုးဖြင့်သုံးနှစ်နှင့် ကျောင်းပြီးအောင်ဆောင်ရွက်သည်။

(၃) ရောဟဏဂုတ္တထေရ်နှင့်

(၄) အသဂုတ္တထေရ်တို့ကား ဓမ္မာသောကမင်း၏အပူဇော်ကို လုံးဝမခံယူ တရားကိုသာပြသဆုံးမနေကြသည်။

(၅) ဥပဂုတ္တတိဿနာဂထေရ်ကား သီရိဓမ္မာသောကမင်းကြီး၏ ၇ လ ၇ ရက်တိုင်တိုင် ကျောင်းပူဇော်ပွဲ၌ နှောက်ယှက်သော မာရ်နတ်ကို ခါးပမ်းကြိုးဖြင့် မြင့်မိုရ်တောင်နှင့် ကပ်ချည်ထားပြီး ကျောင်းပူဇော်ပွဲပြီးမှ လွှတ်လိုက်၏ဟုဆိုသော ဤစကားရပ်ကား ပါဠိအဋ္ဌကထာဋီကာတို့၌မပါပေ။

ကြည့်ရှုလိုပါမူ ရွှေတောင်မြို့ ကြီးသဲလေးထပ် ဆရာတော်ဘုရားရေးသားစီရင်အပ်သော ဇိနတ္ထပကာသနီကျမ်း စာမျက်နှာနံပါတ် ၇၉၄ မှ ၈၁၆ အထိအရှင်ဥပဂုတ္တတိဿနာဂထေရ်၏ မာရ်နတ်ကိုဆုံးမပုံနှင့် သီရိဓမ္မာသောကမင်းကြီး ရှေးဝတ္ထုကြောင်းပါသော်လည်း ဘုရားဟော ပါဠိတော်နှင့် အဋ္ဌကထာတို့၌မတွေ့ရပေ၊ လောကပညတ္တိကျမ်းနှင့် ဒိဗျာဝဒါန

ကျမ်းတို့၌ လာသည်ဟုပြောကြသည်။

လောကဝိဝရဏတံခိုးသာပြပုံ။

ဘေသံ ဘေဒဟောသိ သစေရဇာ အတ္တနော အဓိကာရံ အနုဝဿေသံ့ပ သေသျံ အတိဝိယ ဗုဒ္ဓသာသနေ ပသီဒေယျာ တိ၊ တတောလောက ဝိဝရ ဏံနာမပါဋိဟာရိယံ အကာ သုံ။ ရာဇာအသောကရာမေ ဌိတောဝ စတုဒ္ဒိသာအနုဝိလော ကေ သမန္တတော သမုဒ္ဒ ပရိယန္တံ ဇမ္ဗူဒီပံ ပဿတိ စတု ရာသီတိ စဝိဟာ ရေသသာ နိဥဍ္ဍာရာယ ဝိဟာရ မဟာပူဇာ ယဝိဓော့စမာနာနိ (ပါရာဇိကကဏ္ဍအဌကထာ ဗာဟိရနိဒါန ကထာတတိယသင်္ဂီတိကထာ ၃၇)။

ဘုရင်မင်းမြတ် ဇမ္ဗူဒိပ်၌ ရှစ်သောင်း လေးထောင်သော ကျောင်းတို့သည် ဆောက်လုပ်ပြီးဆုံးပါပြီးဟု တာဝန်ပေးအ မတ်တို့က သံတော်ဦးတင်ကြ၏၊ ဘုရင်မင်းမြတ်သည် ဤနေ့မှ ၇ ရက်လွန်မြောက်သော နေ့၌ကျောင်းပူဇော်ပွဲ ဧရစက်ချပွဲ ကျင်းပမည် မြို့သူမြို့သားတိုင်းသူတိုင်းသား ပြည်သူပြည်သား တို့သည် ရှစ်ပါးသီလဆောက်တည်လျက် မြို့တွင်းမြို့ပြင် ကျောင်း ပူဇော်ပွဲ သဘင်ဆင်ယင်ကျင်းပစေကုန်သတည်း၊ ဤသို့အမိန့် တော်ပြန်တမ်းထုတ်၍ စည်လည်သည်။ ကိုယ်တော်တိုင်လည်း အထိန်းမကမျှားစွာသော စစ်အင်္ဂါလေးပါးရှိသော စစ်တပ် ခြံရံလျက် အမရဝတီမင်း နေပြည်ကဲ့သို့ ပြည်သူပြည်သားအ ပေါင်းသည်တန်ဆာဆင်ယင်ထားအပ်သော ပါဋ္ဌလိပုတ်မြို့တော် ကြီးကို လှည့်လည်ရှုစားလျက် အသောကကျောင်းတိုက်ကြီးသို့ သွားရောက်ကာ သံဃာအလယ်၌ ရှိခိုးလျက်ထိုင်နေ၏။

ကျောင်းပူဇော်ပွဲစည်းဝေးသောသံဃာတော်များကား
၁။ ရဟန်းယောကျ်ားကုဋေ ၁၀
၂။ ရဟန်းမိမ္မကိုးသန်းခြောက်သိန်း
၃။ ခိဏာသဝ ရဟန္တာတသိန်းစည်းဝေးကြကုန်၏။
မင်းကြီးသာသနာတော်၌ အလှူအကဲကြည်ညိုစေရန်
ဟင်းလင်းပွင့်သော

တံ ခိုး ပြ စုံ။

တံခိုးရှင် ရဟန်းတော်များသည် ကျောင်းပေါင်းရှစ်သောင်း လေးထောင်ပူဇော်ပွဲကို ဘုရင်မင်းမြတ်ဖူးမြင်ရ၍ ဗုဒ္ဓသာသနာတော်၌ အကြည်ညိုထက်သန်လာစေရန် လောကကြီးဟင်းလင်းပွင့်၍ တပြင်တည်းဖြစ်နေအောင် လောကဝိဟာရဏတံခိုးကိုပြလိုက်သည်ရှိသော် ဘုရင်မင်းမြတ်သည် အသောကကျောင်းတိုက်၌တည်လျက်သားလျှင် အရပ်လေးမျက်နှာကို လှည့်လည်ကြည့်လိုက်ရာ ထက်ဝန်းကျင်မှ သမုဒ္ဒရာ အပိုင်းအခြားရှိသော ဇမ္ဗူဒိပ်ကိုင်း ကြီးကျယ်မြင့်မြတ်သော ကျောင်းပူဇော်ပွဲကျင်းပသဖြင့်တင့်တယ် ရှုခြင်ဘွယ်ကောင်းသည့် ရှစ်သောင်းလေးထောင်သော ကျောင်းတိုက်ကိုင်း ဖူးမြင်ရလေသည်။

မှတ်ချက်....ဤသာကေပါဌ်အရ လောကဝိ ဝရဏကျောင်းပူဇော်ပွဲနှင့်ရှေးကရေးခဲ့သော ဥပဂုတ္တတိဿနာဂထေရ်၏ကျောင်းပူဇော်ပွဲ၌ မာရ်နတ်ကိုဆုံးမ၏ဟု ဆိုသောကျောင်းပူဇော်ပွဲအဆိုစကားနှစ်ရပ်တို့သည် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတော့၏။

အထူးမှာမာရ်နတ်သည် တောင်ထိပ်သဘင်ပွဲ၌ ဓိးကြိုးမိုဃ်းရွာချသည့်အခါ မမ္မရက္ခိတထေရ်သည် ပတာဝီကဲသိုဏ်း

ဝင်စားလျက် မြေပြင်ကြီးခံထားကာ တားမြစ်ခဲ့သည်ဟူရှေ့အခါ ခဏ်းမမ္မရက္ခိတထေရ်အကြောင်း၌ ရေးခဲ့ပြီး၊ဤအချက်များကား ဥပဂုတ္တသာနာဂ ထေရ်အထွက် စဉ်းစားဝေဘန်ရန်အချက်များ ပေတည်း။

## မေတ္တာပွားသူကိုလေသာပယ်ပုံ

အဇ္ဈာရာသံဿာတမတ္တမ္ပိ ဘိက္ခဝေ၊ မေတ္တံ အခဿဝေတိ၊အယံဝုစ္စတိဘိက္ခ ဝေဘိက္ခုအရိတ္တ၂ဇ္ဈာနော၀ိ ဟရတိသတ္ထုသာသနကရော ဩဝါဒပဋိကရောအမောဃံ ရဋ္ဌပိဏ္ဍံ နဘုဉ္ဇတိ ကောပန ဝါဒေါယေနနံ ဗဟုလိက ရောန္တိတိ၊ (အင်္ဂုတ္တရ ဧကနိပါဋ် ၆အစ္ဆရသံဃာတဝ ၉)။

လက်ဖြောက်တတီးမျှ မေတ္တာကို စူးစူးစိုက်စိုက်အာရုံထား၍ ပွားများမိုဝ်ခဲ့ငြားအံ့ ပွားများမိုဝ့်သော ထိုရဟန်းကိုကိလေသာကိုလောင်ကျွမ်းစေလျက် ဈာန်မဆိုပ်အောင်နေသူ ဟူ၍ငင်း၊ ဘုရားအဆုံးအမကိုပြုတတ်သူဟူ၍ငင်း၊ ဘုရား၏ဩဝါဒကိုလိုက်နာပြုကျင့်တတ်သူဟူ၍ငင်း မိန့်ဆိုအပ်၏။ တိုင်းသူပြည်သားတို့သည် ပေလှူအပ်သေညဆွမ်းကို ကြွေးမတင်အောင်စားသုံးနိုင်သူမည်၏။၊ ဈင်ခြင်သုံးသပ်၍ စားသည်မည်၏၊ မေတ္တာကိုကြိမ်းဖန်များစွာ ပွားများအားထုတ်သော ပုဂ္ဂိုလ်အားကားဆိုဘွယ်မရှိတော့ပေ။

## မြဘိစ္စာဘုရားမေတ္တာနှင့်နာဠာဂိရိဆင်ကြီး

အတခေါ ဘဂဝါ နာဠာဂိရိ ဟတ္ထိံ မေတ္တေနစိတ္တေန ဖရိ၊ အထခေါ် နာဠာဂိရိဟတ္ထိ ဘဂဝတော မေတ္တေနစိတ္တေန ဖုဋ္ဌော ယောဏ္ဍံ ဩရောပေတွာ ယေန ဘဂဝါတေနုပ

သက်မိ ဥပသက်မိတွာ ဘဂဝတော ပုတော အဋ္ဌာသိ။ အထခေါ ဘဂဝါ ဒက္ခိဏေန ဟတ္ထေ နာဠာဂိရိဿ ကုမ္ဘံ ပရာမသန္တော နာဠာဂိရိံ ဟတ္ထိံ ဣမာဟိ ဂါထာဟိ အဇ္ဈ ဘာသိ။

မာကုဥ္စရနာဂမာသဒေါ၊ ဒုက္ခံဟိ ကုဥ္စရ နာဂမာ သဒေါ။ နဟိ နာဂဟတဿ ကုဥ္စရ၊ သုဂတိဟောတိ ဣတောပရံ ယတော၊ မာစမဒေါ မာစ ပမာဒေါ၊ နဟိ ပမတ္တာသုဂတိံ ဝဇန္တိတေ။ တွဉ္စေဝ တထာ ကရိဿသိ၊ ယေနတွံ သုဂတိံ ဂမိဿသီတိ။

(ရတနဝဂ္ဂပါဠိ ၃၅၇)

ဒေဝဒတ်သည် ခိုင်းအပ်သည်ဖြစ်၍ မြတ်စွာ ဘုရားအား ထိုးသတ်ရန် အရက်ကိုးမောင်းတိုက်လွှတ်လိုက်သော နာဠာဂိရိ ဆင်ကြီးသည် မြတ်စွာ ဘုရား သံဃာတော် ငါးရာနှင့်တကွ ကြွလာတော်မူရာ လမ်းမကြီး တည့်တည့်ပေါ်သို့ အမီးထောင် နှာမောင်းမြှောက်စွယ်ရောင်ပြ၍ ထိုးသတ်မည်ဟု ဒေါသဇော နှင့် ပြေးလာရာ ဘုရားသခင် ကိုယ်တော်မြတ်က နာဠာဂိရိ သင်သည် ဘေးမသီ ရန်မသန်း ချမ်းသာစေသတည်းဟု ဤသို့ မေတ္တာပွား ချစ်စိတ်ထားလတ်သော် မြတ်စွာဘုရား၏ မေတ္တာ ဘဝနာဖြင့် တွေ့ထိ သည်နှင့် တပြိုင်နက် နှာမောင်းကိုချ ဒူးထောက်ကာ ဘုရား သခင်ကိုယ်တော်မြတ်၏ ရှေ့မှောက်၌ ဦးညွှတ်ခါ ဝပ်၍ ရိုရိုသေသေနေတော့၏။

ထိုအခါ မြတ်စွာဘုရားသည် လက်ျာတော်လက်ဖြင့် နာဠာ ဂိရိဆင်၏ ဦးကင်းကို အသာ အယာ သုံးသပ်ပြီးလျှင် အိုဆင်

ပြောင်....ဘုရားတည်းဟူသော ဆင်ပြောင်ကို သေစေလိုသော စိတ်ဓာတ်ဖြင့် ချဉ်းကပ်ခြင်းသည် မသင့်လျော်ပေ၊ သင်ဆင်းရဲ မည်သာမှတ် ဘုရားတည်းဟူသော ဆင်ပြောင်ကို သတ်လို သောစိတ်ရှိသော ဆင်ပြောင်အား အကြင်ကြောင့် ဤဘဝမှ နောက်ဘဝ၌ သုဂတိဘုံဘဝသည်မရှိတော့ပေ၊ ထို့ကြောင့် ဘုရားတည်းဟူသော ဆင်ပြောင်ကို သတ်လိုသော စိတ်ဓာတ် နှင့် မချဉ်းကပ်လေနှင့် မာနယစ်မူးထောင်လွှားခြင်းသည်မသင့် လျော်ပေ၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့နေသော ထိုပုဂ္ဂိုလ် တို့သည် သုဂတိဝဘသို့ မလားရောက်ကြရကုန်လတံ့၊ အကြင် သို့သော ဒေါသမထွက် မေတ္တာစိတ်သက်သက်ဖြင့် ချဉ်းကပ်ခဲ့ ငြားအံ့၊ သုဂတိဘုံဘဝသို့လားရောက်ရလိမ့်လတံ့၊ သုဂတိဘုံ ဘဝသို့လားရောက်စေနိုင်သော ထိုမေတ္တာစိတ်ဖြင့် ပွားများ ပြုလုပ်ပါလေ။ ဤသို့ဘုရားမြတ်စွာ စိန္တေယျာက တရားရေ အေးအမြိုက်ဆေးကို တိုက်ကျွေးလိုက်သောအခါ မြတ်စွာဘုရား ၏ တရားတော်ကို သိမှတ်လာရသဖြင့် နှာမောင်းဖြင့် မြတ်စွာ ဘုရား၏ ခြေတော်မှုန့်ကိုယူကာ ဦးခေါင်းသွန်းသောင်းလျက် နောက်ဆုတ်ဖဲ့ကာပြန်သွားလေ၏။ ဤနေ့ကစပြီး နာဠာဂိရိ ဆင်ကြီးသည် ဘုရား၏ မေတ္တာစိတ်ဓာတ်ပွားများခြင်း ခံယူရ သဖြင့် လိမ္မာရေးခြားဖြစ်ကာ သီလစောင့် မေတ္တာပွားများ နေလေတော့သည်။

## ဘုရားမေတ္တာနှင့်ရောဇမလ္လာမင်း

အထခေါ ဘဂဝါ ရောဇံ မလ္လံ မေတ္တေန စိတ္တေန ဖရိ

တွာ ဥဋ္ဌာယာသနာ ဝိဟာရံပါဝိသိ။ အထခေါရောဇော မလ္လော ဘဂဝတော မေတ္တေန စိတ္တေန ဖုဋ္ဌော သေယျထာ ပိနာမဂါဝိ' တရုဏဝစ္ဆော ဧဝမေဝဝိဟာရေနဝိဟာရံပရိဝေဏေန ပရိဝေဏံ ဥပသင်္ကမိတွာ ဘိက္ခူပုစ္ဆတိ။ (ဝိနယမဟာဝဂ္ဂ ဘေသဇ္ဇက္ခန္ဓကရောဇမလ္လ ဝတ္ထု ၃၄၅)။

အရှင်အာနန္ဒာ၏ လူဖြစ်စဉ်အခါက သူငယ်ချင်း ဖြစ်သော ရောဇမလ္လာမင်းသည် မြတ်စွာဘုရားကုသိနာရုံမြို့သို့ ကြွရောက်သောအခါ ကြိုဆိုပြီးနောက် သူငယ်ချင်း အရှင်အာနန္ဒာထံ လာရောက်ဆည်းကပ်၏။ အရှင်အာနန္ဒာက အသင် ရောဇ ဘုရားသခင်အား ကြိုဆိုခြင်းသည် ကောင်းလေစွဟု ချီးမွမ်းထောပနာပြုလိုက်လေ၏။

ထို့နောက် ရောဇမလ္လာမင်းက အကျွန်ုပ်သည် ဘုရားသခင်အား ကြည်ညို၍ ကြိုဆိုခြင်းမဟုတ်ပါ ဘုရားသခင်အားမကြိုဆိုလျှင် ဒဏ် ၅၀ တပ်ရိုက်မည်ဟု အမိန့်ထုတ်ထား၍ ကြိုဆိုရခြင်းဖြစ်ပါသည်ဟု ပြန်ပြောလေ၏။ ထိုအခါ အရှင်အာနန္ဒာ စိတ်မကောင်းသည်ဖြစ်၍ ဘုရားသခင်ကို အကြိုး အကြောင်း လျှောက်ထားလေရာ မြတ်စွာဘုရားရှင်က အာနန္ဒာ ရောဇ ပုဂ္ဂိုလ်တယောက်ပင်မဟုတ် ရာထောင်ပင်ဖြစ်ပါစေ ကိစ္စမရှိဟု မိန့်တော်မူလိုက်၏။ ထို့နောက် ဘုရားသခင် ကိုယ်တော်မြတ်သည် ရောဇမလ္လမင်းကို သီးခြားမေတ္တာပွားလိုက်၏။ ဘုရားမြတ်စွာ၏ မေတ္တာထိမှန်သွားသဖြင့် ရောဇမလ္လာမင်းသည် ဘုရားသခင်ဘယ်မှာ သတင်း သုံးပါသနည်း· ဘုရားသခင် ဘယ်မှာ

သီတင်း သုံးပါသနည်းဟု မေးလျှောက်ပြီး ဘုရားသခင်အား ဆည်းကပ်ပူဇော်လျက် တရားတော်ကို နာကြားရသဖြင့် တရား ရသွား၏။

ဤသည်လည်းမြတ်စွာဘုရား၏မေတ္တာတံခိုးပင်တည်း။

ဝဓကေ ဒေဝဒတ္တမှိ၊ စောရ အင်္ဂုလိမာလကေ။
ဓနပါလေ ရာဟုလေ စ၊ သဗ္ဗတ္ထ သမမာနသော။ (ဓမ္မပဒ အဋ္ဌကထာ ယမကဝဂ္ဂ ၁၂- ဒေဝဒတ္တ ဝတ္ထု[၆၄])။

ဘုရားသခင်ကိုယ်တော်မြတ်၏ မေတ္တာစိတ်ထားပုံသည် အမြဲမပြတ်လိုက်သတ်နေသော ညီကလေး ဒေဝဒတ်။ ဓားလွယ် မြောက်ကာ အပြေးလိုက်သတ်နေသော အင်္ဂုလိမာလ လူသတ် ဗိုလ်ကြီး အသေနင်းသတ်မည်ဟုအမြီးထောင်နှာမောင်းမြှောက် ခါလာနေသော ဓနပါလဆင်ကြီး၊ ဤပုဂ္ဂိုလ်တို့၌ ရင်သွေး ဖြစ်သော သားတော်ရာဟုလာ မခြား အညီမေတ္တာ စိတ်ထား ထားမူတော်သည်။

မေတ္တာပွားများနေသူ၏ ချမ်းသာစွာနေရပုံ
စာတုဒ္ဒိသော အပ္ပဋိဃော စ ဟောတိ၊ သန္တုဿမာနော
ဣတရီတရေန။ ပရိဿယာနံ သဟိတာ အဆမ္ဘီ၊ ဧကော စ
ခဂ္ဂဝိသာဏကပ္ပော။ (အပဒါန်ပါဠိ-ဋ္ဌ-ဗုဒ္ဓဝဂ္ဂ-၂-ပစ္စေက
ဗုဒ္ဓအပဒါန် ၁၃) သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာသာမညဖလ
သုတ္တ ၁၆၈)။

အကြင်ပုဂ္ဂိုလ်သည်ကြံ့ခိုင်ကဲ့သို့တပါးတည်းတည်း သီတင်း သုံးကာ အမြဲတမ်း မေတ္တာပွားများလျက်နေ၏။ မေတ္တာဝိဟာ ရီဖြစ်သော ထိုပုဂ္ဂိုလ်သည် အရပ်လေးမျက်နှာတို့၌ လှည့်လည်

သွားလာသော်လည်း ဘေးရန်လည်းမရှိ ရသမျှသော သင်္ကန်း ဆွမ်းကျောင်း ဆေးပစ္စည်း လေးပါးတို့ဖြင့်လည်း ရောင့်ရဲတင်း တိမ်၏၊ ဘေးရန်ဟူသမျှကိုလည်း ခံနိုင်စွမ်းရှိ၏။ ကြောက်ထိတ် လန့်ခြင်းမရှိပေ။

ယဿသဗ္ဗမဟော ရတ္တိံ၊ အဟိံ သာယရတောမနော၊
မေတ္တံသော သဗ္ဗဘူတေသု၊ ဝေရံ တဿနကေနစိ။
(သဂါထာဝဂ္ဂ ၁၀ ယက္ခသံယုတ္တ ၄ မဏိဘဒ္ဒသုတ္တ ၂၁၀)။

အကြင်ပုဂ္ဂိုလ်အား နေ့ညဉ့်ပတ်လုံး ဆင်းရဲပင်ပမ်းနွမ်းနယ် အဘိ မှီခို အားထားရမည့်သူ မရှိ တမျက်နှာ တကောင်ကြွက် ဇရပ်ပျက်၌နေသော ဂိလာ သူနာတွေအပေါ် ရောဂါထန်ပြင်း ဆင်းရဲခြင်းမှ ကင်းလွတ်ကြပါစေဟု မေတ္တာဖြန့်ဝေလျက်နေ၏၊ ကရုဏာ မေတ္တာနှစ်ပါး ပွားများနေသော ထိုပုဂ္ဂိုလ်အား တစုံတယောက်သောသူနှင့်လုံးဝရန်မရှိပေ၊ ချစ်မိတ်ဆွေလိုချမ်း သာစွာနေရ၏

တထာဟိ သမာဓိကာမစ္ဆန္ဒဿ ပဋိပက္ခော၊ ပီတိဗျာ ပါဒဿ ဝိတက္ကော ထိနမိဒ္ဓဿ၊ သုခံ ဥဒ္ဓစ္စကုက္ကုစ္စဿ၊ ဝိစာ ရော ဝိစိကိစ္ဆာယာတိ ပေဋကေ ဝုတ္တံ။ (ဝိသုဒ္ဓိမဂ္ဂ ၄ ပထဝီ ကသိဏ နိဒ္ဒေသ၊ ပဉ္စင်္ဂဝိပ္ပဟာနကထာ ၁၃၇)။

မှတ်ချက်........ ဤပေဋကေဝုတ္တ၏ သာဓကကား သုတ္တန္တ ဝိနယ အဘိဓမ္မာအဋ္ဌကထာ ပဌမဇ္ဈာန ဝဏ္ဏနာတို့၌ပါကြ၏။

၁။ သမာဓိတည်ကြည်ခြင်းသည်။ ကာမစ္ဆန္ဒတပ်စွဲ ခြင်း၏ဆန့်ကျင်ဘက်။

၂။ ပီတိ နှစ်သက်ရွှင်လန်းခြင်းသည်၊ ဗျာပါဒဒေါသအမျက် ချောင်းချောင်းထွက် ခြင်း၏ ဆန့်ကျင်ဘက်။

၃။ ဝိတက္က၊ ကောင်းသောအရာ၌ ကြံခြင်းသည် ထိနမိဒ္ဓအိပ်ခြင်း ငိုက်မြည်းခြင်း၏ဆန့်ကျင်ဘက်

၄။ သုခ ချမ်းသာခြင်းသည်။ ဥဒ္ဓစ္စကုက္ကုစ္စပျံ့လွင့်တွန့်တိုခြင်း၏ဆန့်ကျင်ဘက်။

၅။ ဝိစာရ စိစစ်သုံးဖြတ်ခြင်းသည်။ ဝိစိကိစ္ဆာမဆုံးဖြတ်နိုင်ခြင်း၏ ဆန့်ကျင်ဘက်။

နီဝရဏငါးပါးတို့တွင်ဗျာပါဒပါယ်ပုံ

မေတ္တာဘာဝေတဗ္ဗာ ဗျာပါဒဿပဟာနာယ။

အင်္ဂုတ္တရ နိကာယ် ၃တ သမ္ဗောဓိဝဂ္ဂသမ္ဗောဓိသုတ္တ ၁၆၅၊ မေတ္တာတိ မေတ္တာကမ္မဋ္ဌာနံ ဗျာပါဒဿ ပဟာနာယာတိ ဝုတ္တနယေနေဝ ဥပ္ပန္နဿ ကောပဿ ပဇဟနတ္ထာယ။ (ရှင်း အဋ္ဌကထာ ၂၀၅)

အခြေပြုပါယ်အကျဉ်း

ဗျာပါဒကို ပါယ်ခြင်းအကျိုးငှာ မေတ္တာ ကမ္မဋ္ဌာန်းကို အမြဲတန်းပွားများရာ၏။ ဥဘိန္နံ မေတ္တံ စရတိ အတ္တနောစ ပရဿစ ပရံ သင်္ကုပိတံ ဉတွာ ယောသတော ဥပသမ္မတိ။ (သက္ကသံယုတ္တ ဝေပစိတ္တိ ၂၂၄)

အမိပ္ပါယ်အကျဉ်း

အကြင်ပုဂ္ဂိုလ်သည် အထူးထူးအပြားပြား အကျိုးမဲ့ပျက်စီးအောင်ရှုတ်ပျက်ဆင်းပျက် ဒေါသထွက်နေသော တပါးသော

သူကိုသိသဖြင့်ထိုပုဂ္ဂိုလ်အပေါ် သင်္ကြီးစွာထားလျက် မေတ္တာဘာဝနာ မပြတ်မလတ်ပွါးများပြီး စိတ်ကြည်လင်အေးသွားအောင်ပြုလုပ်တတ်၏၊ ထိုမေတ္တာဝိဟာရိပုဂ္ဂိုလ်သည်၊ မိမိအမျက်ထွက်သူနှင့် တပါးသောအမျက်ထွက်ခံရသူနှစ်ဦးတို့၏ ချမ်းသာသောအကျိုးကိုကျင့်သည်မည်၏။

အပ္ပဋိစ္ဆိတ မဟေဏ ကံ ဝိယ ပဋိဝါတံ ခိတ္တရဇောမုဋ္ဌိ ဝိယစ တေသေ ဝေသ ကော ဓော ဧတ္တကေ ပတိဿတီတိ ဧဝံ အတ္တနော စ ပရဿ စ ကမ္မဿကတံ ပစ္စဝေက္ခတော ပိ၊ ဥဘယ ကဿ ကမ္မဿကတံ ပစ္စဝေက္ခိတွာ ပဋိသင်္ခါနေ ဌိတဿ ဝိ အဿ ဂုတ္တထေရဿ ဒိသေမေတ္တာဘာဝနာ ရဇ္ဇတ ကလျာဏ မိတ္တေသေ ဝန္တဿ ပိ ဗျာပါဒေါ ပဟီယတိ (အင်္ဂုတ္တရအဋ္ဌကထာ ဧကကနိပါတ ၂ နီဝရဏပဟာန ဝဂ္ဂဝဏ္ဏနာ ၃၇) မဟာဝဂ္ဂအဋ္ဌကထာသတိပဋ္ဌာန ၄၆၉) မေတ္တာဘိုပါး၍ ဗျာပါဒ ပယ်ပုံ

အလိုမရှိအပ်သောလက်ဆောင်ကို ပိုင်ရှင်ထံသို့ ပြန်ရောက်သကဲ့သို့၎င်း၊ လေဆန်သို့ပစ်လွှင့်အပ်သောမြူမှုံသည် ပစ်လွှင့်သူထံပြန်၍ကြသကဲ့သို့၎င်း ထို့အတူ ထောင်းထောင်းထွက်လာသော ထိုအမျက်ဒေါသသည် စိတ်ဆိုးအမျက်ထွက်သော ထိုသူ၏ ထိပ်ပေါ်၌ ကြလိမ့်လတ္တံ့ဟူ၍ ဤသို့မိမိ၏၎င်း သူတပါး၏၎င်း ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်သူ၏၎င်း၊ မိမိ သူတပါးနှစ်ဦးသားတို့၏ ကံသာလျှင်မိမိကိုယ်ပိုင်ဥစ္စာရှိသည်၏အဖြစ်ကိုဆင်ခြင်၍၊ ပညာအရာ၌ တည်သောသူ၏ အရှင်အဿဂုတ္တမထေရ်နှင့် တူသော မေတ္တာဘာဝနာ၌ မွေ့လျော်ကြကုန်သော ကလျာဏမိတ် တို့ကို မှီဝဲသောသူ၏၎င်း၊ ဗျာပါဒ

အမည်ရသည့် ဒေါ်သလူဆိုးကို ပယ်အပ်သတည်း။

ဘူရိဒတ္တနဂါးမင်း အင်္ဂါဥပုသ်စောင့်ခြင်းနှင့်
ခန္တီ မေတ္တာပွားများပုံ။

ပေဋ္ဌာယပက္ခိပန္တေပိ၊ မဒ္ဒန္တေပိစပါဏိနာ။
အလမ္ဗနေနကုပ္ပါမိ၊ သီလခဏ္ဍဘယာမမ္။

ဘူရိဒတ္တနဂါးမင်းသည် လူ့ပြည်တခုသောရွာအနီး တောတွင်းတောင်ပို့ထိပ်၌ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလဆောက်တည်ပြီးမေတ္တာပွားများလျက်ခွေအိပ်နေရာတကဲ့မှာလုံးကိုလောင်စေနိုင်သော မီးနှင့်တူသော ဆေးတို့ဖြင့် တကိုယ်လုံးသွန်းလောင်းပက်ဖြန်းလျက် ပခြုပ်တွင်းသို့အတင်းနင်းကန်ထည့်ပြီးလက်တို့ဖြင့် ညှစ်နယ်ကြကုန်သော အလမ္ပာယ်သမားတို့ကိုငါ၏ဆောက်တည်ထားသော မေတ္တာခေါင်းတပ်သည့် အင်္ဂါဥပုသ်သီလအကျိုးပျက်မည်မှ ကြောက်သောကြောင့် အမျက်မထွက်သည်းခံခြင်းရှေ့သွားရှိလျက် မေတ္တာပွားကာနေ၏။

ဒါန,သရဏဂမန်,သီလ,မေတ္တာ,ဝိပဿနာ,တဆင့်ထက်တဆင့်မြတ်ပုံ

ယောစပသန္နစိတ္တောဗုဒ္ဓဉ္စ-ဓမ္မဉ္စ-သံဃဉ္စ-သရဏံဂစ္ဆေယျ ယောစပသန္နစိတ္တောသိက္ခာပဒါနိသမာဒိ ယေယျပါဏာတိပါတာဝေရမဏိ၊ အဒိန္နာဒါနာ ဝေရမဏိ။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ၊ မုသာဝါဒါဝေရမဏိ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ။ ယောစအန္တမသောဂန္ဓောဟနမတ္တမ္ပိ မေတ္တစိတ္တံ ဘာဝေယျ၊ဣဒံ တတောမဟပ္ဖလတရံ။ (အင်္ဂုတ္တရ နိကာယနဝက် နိပါ

တပါဠိ ၂ သီဟနာဂ ဝဂ္ဂ ၁ဝ ဝေလာမသုတ္တ ၁၉၇)။ ဝိဟာရဒါနံ ပါဏိပါတော သိက္ခာမေတ္တာယဘာဝနာ ဝယတောသမ္မန္တဿကလံ နာဂ္ဃတိုသောဠသိ (အင်္ဂုတ္တရ နာဝကနိပါတ အဋ္ဌကထာ ၂၇၂)

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူနေစဉ် ဆည်းကပ်လာသော အနာထပိဏ်သူဌေးကြီးအား သူဌေးကြီးအိမ်၌ အမြဲမပြတ် နိစ္စဘတ်ဆွမ်း ကပ်လှူပြီးပြီလော ဟု မိန့်တော်မူရာ သူဌေးကြီးက မြတ်စွာဘုရားသံဃာ ၈ ပါး အား ဆန်ကွဲဆွမ်းနှင့် ပအုံးရည်ဟင်းကိုသာ ကပ်လှူရပါသည် ဘုရားဟု စိတ်လက်မကောင်းစွာဖြင့် ဖြေကြားလိုက်သည်။

ထိုအခါမြတ်စွာဘုရားသည် ရှေးဝေလာမပုဏ္ဏား ဖြစ်စဉ်က ဝတ္တုကြောင်းကိုဟောတော်မူလိုက်သည်၊ သူဌေးကြီး သင်ယနေ့ ရဟန္တာ ၈ ပါးအားဆန်ကွဲဆွမ်းနှင့် ပအုံးရည်ဟင်းကို လှူဒါန်းရ ခြင်းသည် ငါဘုရားဝေလာမပုဏ္ဏားဖြစ်စဉ်က ၁၂နှစ်တိုင်တိုင် ထခင်းရည်ချောင်းစီးအောင်ပေးလှူရသောအလှူကြီးထက်အလွန့် အလွန်မြတ်ပေသေးတော့၏ဟုမိန့်ကြားတော်မူလိုက်သည်။

အလှူမြတ်ပုံအစီအစဉ်ကား

၁။ ဒက္ခိဏေယျ မဟုတ်သော ပုထုဇန်ပုဂ္ဂိုလ်တို့ကို ဆွမ်း ကျွေးလှူဒါန်း၏။ ထိုဒက္ခိဏေယျမဟုတ်သော ပုထုဇန် ပုဂ္ဂိုလ်တို့သည် ဆွမ်းအလှူကို စင်ကြယ်အောင် မသုတ် သင်နိုင်။

၂။ ထိုပုထုဇန်အများကို ဆွမ်းလှူရသည်ထက် သောတာပန် ဘပါးအား ဆွမ်းလှူရခြင်းသည်မြတ်၏။

၃။ သောတာပန်တရားထက်သကဒါဂါမ်တပါးအား ဆွမ်းလှူရခြင်းသည်မြတ်၏။
၄။ သကဒါဂါမ်တရားထက် အနာဂါမ်တပါးအား ဆွမ်းလှူရခြင်းသည်မြတ်၏။
၅။ အနာဂါမ်တရားထက် ရဟန္တာတပါးအားဆွမ်းလှူရခြင်းသည်မြတ်၏။
၆။ ရဟန္တာတရားထက် ပစ္စေကဗုဒ္ဓါတပါးအား ဆွမ်းလှူရခြင်းသည်မြတ်၏။
၇။ ပစ္စေကဗုဒ္ဓ တရားထက် သမ္မာသမ္ဗုဒ္ဓတဆူအားဆွမ်းလှူရခြင်းသည်မြတ်၏။
၈။ သမ္မာသမ္ဗုဒ္ဓတဆူထက် ဗုဒ္ဓပမုခဘိက္ခုသံဃာအား ဆွမ်းလှူရခြင်းသည်မြတ်၏။
၉။ ဗုဒ္ဓပမုခဘိက္ခုသံဃာကို ဆွမ်းလှူ ရသည်ထက် စတုဒ္ဒိသသံဃာကို ရည်ရွယ်၍ ကျောင်းလှူရခြင်းသည် မြတ်၏။
၁၀။ ထိုစတုဒ္ဒိသသံဃာကျောင်းအလှူထက် ကြည်လင်သောစိတ်ရှိသည်ဖြစ်၍သရဏာသုံးပါးကိုဆည်းခြင်းသည်မြတ်၏။
၁၁။ ထိုသရဏာသုံးပါးထက် ကြည်လင်သောစိတ်ရှိသည်ဖြစ်၍ သိက္ခာပုဒ် ၅ ပါးကိုဆောက်တည်ခြင်းသည်မြတ်၏။
၁၂။ ထိုသိက္ခာပုဒ်၅ပါးကိုဆောက်တည်ခြင်းထက်လက်ဖြောင့်တတီးနွားနို့တညှစ်မျှမေတ္တာပွားခြင်းသည်မြတ်၏။
၁၃။ ထိုမေတ္တာ ပွားသည်ထက် အနိစ္စဒုက္ခအနတ္တ အားဖြင့် ဝိပဿနာပွားခြင်းသည်မြတ်၏။

ထို့ကြောင့် သရဏာသုံးပါးနှင့်တကွ ငါးပါးသီလ ဆောက်

ဘည်သော ပုဂ္ဂိုလ်များသည် အခါခပ်သိမ်း မေတ္တာဘာဝနာ ခေါင်းကပ်၍ ပွားများသင့်၏။

မှတ်ထားချက်။ ။ဓမ္မပဒ မဃဝတ္ထုနှင့် မဃဇာတ် ဘူရိဒတ္တဇာတ်အင်္ဂုတ္တရ်ဲနာကနိပါတ သီဟနာဒဝဂ္ဂ ဝေလာမသုတ်တို့ကို ထောက်ဆလျှင် ပကတိ ၅ ပါးသီလ ဗြဟ္မစရိယ ၅ ပါးသီလ၊ အဋ္ဌင်္ဂသမန္နာဂတဥပေါသထသီလတမျိုးမျိုးကို ဆောက်တည်ပြီးလျှင် (မေတ္တာသဟဂတေနစေတသာ ယထာသတ္တိ ယထာဗလံ သဗ္ဗာဝန္တံ ဘူတေသု ဖရိတွာဝိဟရာမိ) ဟု ထည့်သွင်း၍ မေတ္တာဘာဝနာကို ခေါင်းတပ်ကာ ဆောက်တည် ပွားများသော သီလသည် အလွန်မြတ်သည်။

သီလအကျိုးသည်များစွာထက်မျက်သည်။

မေတ္တာပွားခြင်းအကြောင်းကုသလ၏အကျိုးတရားများခံစားရပုံ

တတ္ထဒုဝိဓံ ကုသလံ ဝဋ္ဋဂါမိစ ဝိဝဋ္ဋဂါမိစ၊ တတ္ထဝဋ္ဋဂါမိကုသလံနာမမာတာပိတုန္နံ ပုတ္တဓီတာသု ပုတ္တ ဓီတာနံ မာတာပိတူသု သိနေဟဝသေန မုဒုမဒ္ဒဝစိတ္တံ။ ဝိဝဋ္ဋဂါမိကုသလံနာမစတ္တာရောသတိပဋ္ဌာနာနိ အာဒိဘေဒါ သတ္တတိံသဗောဓိပက္ခိယဓမ္မာတေသု ဝဋ္ဋဂါမိပုညာ ပရိယေသာန်မနုဿလောကေ ဝတ္တဂတ္တိံသိရိ ဝိဘဝေါ။ (ပါထိကဝဂ္ဂ အဋ္ဌကထာ စက္ကဝတ္တိသုတ္တ ၃၂)။

ကုသလကား။ ၁ ဝဋ္ဋဂါမိကုသိုလ်။ ၂ ဝိဝဋ္ဋဂါမိကုသိုလ်ဤသို့အားဖြင့်- ၂ မျိုးရှိ၏။ ၁ ဝဋ္ဋဂါမိ အကြောင်းကုသလကား-

(က) ဝဋ်သုံးပါးသို့လိုက်သောကုသိုလ်မည်၏။ လိုက်ပုံကား

အမိအဘတို့၏သားသမီးအပေါ်၌ ချစ်ခင်မြတ်နိုးသည်၏ အစွမ်းအားဖြင့် နူးညံ့ပျော့ပျောင်းသောမေတ္တာစိတ်။

(ခ) သားသမီးတို့၏ကျေးဇူးရှင်အမိအဘတို့အပေါ်၌ ချစ်ခင်မြတ်နိုးသည်၏ အစွမ်းအားဖြင့် နူးညံ့ ပျော့ပျောင်းသော မေတ္တာစိတ်၊ ဤသို့စိတ် ၂ မျိုးသည် ဝဋ်သုံးပါးတို့လည်နေသော လောကီကုသိုလ်စိတ်မည်၏။ ထိုအကြောင်းကုသိုလ်စိတ်၏အကျိုးသည်ကား အယုတ်ဆုံးလေးကျွန်းတမြင့်မိုရ်ကို အစိုးရသည့်စကြာရတနာကိုလည်ဖေနိုင်သော စကြာမင်းဖြစ်နိုင်၏၊ နတ်ပြည်လည်းရောက်နိုင်၏။

၂။ ဝိဝဋ္ဋဂါမိအကြောင်း ကုသလကား မေတ္တာကိုအခြေခံထား၍ ၃၇ ပါးသောဗောဓိပက္ခိယတရားကို ပွားများခြင်းသည် လောကဝဋ် ၃ ပါးမှထွက်မြောက်ကြောင်း နိဗ္ဗာန်သို့ရောက်ရာ ရောက်ကြောင်းဖြစ်သော လောကုတ္တရာအနုဂါမိကုသိုလ်မည်၏။ လူ့ပြည်နတ်ပြည်တို့၌ဖြစ်ခြင်း၊ နိဗ္ဗာန်သို့ရောက်ကြောင်း ရခြင်းသည်အကျိုးမည်၏။

(၁) ပဿ ပုညာနံ ဝိပါကံ၊ ကုသလာနံ သုခေသိနော
မေတ္တံစိတ္တံ ဝိဘာဝေတွာ၊ သတ္တဝဿာနိဘိက္ခဝေ။
သတ္တသံဝဋ္ဋ ဝိဝဋ္ဋကပ္ပေ၊ နယိမံ လောကံ ပုနာဂမိံ။

(၂) သံဝဋ္ဋမာနေ လောကမှိ၊ ဟောမိ အာဘဿရူပဂေါ။
ဝိဝဋ္ဋမာနေလောကသ္မိံ၊ သုညဗြဟ္မူပဂေါအဟုံ။

(၃) သတ္တက္ခတ္တုံ မဟာဗြဟ္မာ၊ ဝသဝတ္တီ တဒါအဟုံ။
ဆတ္တိံသက္ခတ္တုံ ဒေဝိန္ဒော၊ ဒေဝရဇ္ဇမကာရယိံ။

(၄) စက္ကဝတ္တီ အဟုံရာဇာ၊ ဇမ္ဗုမဏ္ဍဿ ဣဿရော။

မုဒ္ဓါဘိသိတ္တော ခတ္တိယော၊ မနုဿာဓိပတီ အဟုံ။
(၅) အဒဏ္ဍေန အသတ္ထေန၊ ဝိဇေယျပထဝိံ ဣမံ။
အသာဟသေန ကမ္မေန၊ သမေန မနုသာသိတံ။
(၆) ဓမ္မေန ရဇ္ဇံ ကာရေတွာ၊ အသ္မိံ ပထဝိမဏ္ဍလေ။
မဟဒ္ဓနေ မဟာဘောဂေ၊ အဍ္ဎေ အဇာယိံ ကုလေ။
(၇) သဗ္ဗကာမေဟိ သမ္ပန္နေ၊ ရတနေဟိ စ သတ္တဟိ။
ဗုဒ္ဓါ သင်္ဂါဟကာ လောကေ၊ တေဟိ ဧတံ သုဒေသိတံ။
(၈) ဧသော ဟေတု မဟန္တဿ၊ ပထဗျော မေ နုဝတ္တတိ။
ပဟူတဝိတ္တူပကရဏော၊ ရာဇာ ဟောတိ ပတာပဝါ။
(၉) ဣဒ္ဓိမာ ယသဝါ ဟောတိ၊ ဇမ္ဗုမဏ္ဍဿ ဣဿရော။
ကော သုတွာ နပ္ပသီဒေယျ၊ အပိ ကဏှာဘိဇာတိယော။
(၁၀) တသ္မာဟိ အတ္တကာမေန။ မဟတ္တမဘိကင်္ခတာ။
သဒ္ဓမ္မော ဂရုကာတဗ္ဗော၊ သရံ ဗုဒ္ဓါနသာသနံ။
(အင်္ဂုတ္တရနိကာယသတ္တက ပါဠိတော် ၆ အဗျာကတဝဂ္ဂ ၉ မေတ္တသုတ္တ ၄၆၅) ယော စ မေတ္တံ ဘာဝယတိ၊ အပ္ပမာဏံ ပဋိဿတော။ တနုသံယောဇနာ ဟောန္တိ၊ ပဿတော ဥပဓိက္ခယံ စသည်။

(ဣတိဝုတ္တကပါဠိ ဧကနိပါတ ၃ တတိယ ဝဂ္ဂ မေတ္တာဘာဝနာသုတ္တ ၂၀၉)။

ချစ်သားတို့။ ချမ်းသာခြင်း ရှာမှီးသော သူ၏ ဖြူစင်စေတတ်ကုန်သော ကုသလတရားတို့၏ အကျိုးပေးကို သင်ချစ်သားတို့သည် ကြည့်ရှုကြကုန်လော့၊ ငါဘုရားသည် ဟောပြောခဲ့ပေအံ့။ ရှေးဒွေစက္ကနေမိမင်း အာရကရသေ့ဆရာကြီးတို့ ဖြစ်

စဉ်အခါက ၇ နှစ်တိုပတ်လုံး မေတ္တာဘာဝနာကိုပွားများသည်ဖြစ်၍ စုတေသည်၏ အခြားမဲ့၌ ဗြဟ္မာဘုံသို့ ရောက်၍ သံဝဋ္ဋဝိဝဋ္ဋ ၇ ကပ်ပတ်လုံးနေရ၏။

ကမ္ဘာကြီးပျက်သောအခါ ဒုတိယ အာဘဿရဗြဟ္မာဘုံသို့ သက်ဆင်း နေ၏ ကမ္ဘာတည်သောအခါ ဗြဟ္မာဆိတ်သော ပဌမစျာန် ဒုတိယစျာန် ဗြဟ္မာဘုံသို့ သက်ဆင်းနေရ၏။ ၇ကြိမ်တိုင်တိုင် ပဌမစျာန်ဘုံ၌ မဟာဗြဟ္မာကြီးဖြစ်၏။

စာတုမဟာရာဇိကတာဝတိံသာနတ်ပြည် ၂ထပ်ကို အစိုးရသော သိကြားနတ်မင်းအဖြစ် ၃၆ ကြိမ်ဖြစ်ရ၏၊ ဇမ္ဗူအဝှန်းကိုအစိုးရသည်ဖြစ်၍ ၄ပ်၌ အဘိသိက် သွန်းလောင်းခံပြီးသော လယ်မြေတို့ အစိုးရသော လူတို့၏အဓိပတိစကြာ ရတနာကိုလည်း စေတတ်သော ဘုရင်မင်းမြတ်သည် အကြိမ် များစွာဖြစ်၍ ဤမြေအပြင်ကိုအောင်နိုင်၍ ဒုတ်ဒါးလေးမြှားသေနတ်လက်နက်မဆောင် နိုင်ထက်စီးနင်းမပြုဘဲညီမျှသောမေတ္တာစိတ်ဓာတ်ဖြင့် မင်းနှင့်တကွလူအပေါင်းကို သွန်သင်ဆုံးမ နည်းလမ်းပြ၏။

ငါဘုရားသည် တရားသဖြင့် မင်းအဖြစ်ကိုပြုလုပ်၍ဤဇမ္ဗူဒိပ်မြေအပြင်၌ နောက်အခါ ဥစ္စာစပါး ရွှေငွေ ပေါများသော အလုံးစုံသော အလိုကို ပေးတတ်ကုန်သော ရတနာ ၇ ဖြာတို့နှင့် ပြည့်စုံသော မြတ်သော အမျိုး၌ ကြိမ်ဖန်များစွာ ဖြစ်ခဲ့လေပြီ၊ လောကသုံးရပ် ဘုံသုံးထပ်၌ သတ္တဝါတို့ကို ချီးမြှောက်တတ်ကုန်သော မဟာကရုဏာရှင်တို့ ဘုရားရှင် သခင်တို့သည် ဤသို့သာ ငါဘုရား၏ အကြောင်းကို ဟောတော်မူကြကုန်ပြီ

ဤသည်ကား ရှေးမေတ္တာဘာဝနာ ပွားများခြင်း၏ အကြောင်း ပင်တည်း။

မြေအပြင်ကို အစိုးရသောအရှင်ဟူသမျှသည်များ မြတ်သော ငါနှင့်တူသူမရှိ မြားပြားသောနှစ်သက်အပ်သော အဆောက် အအုံ တံခိုးထည်ထည်ဝါဝါနှင့် ပြည့်စုံသောမင်းမြတ်ဖြစ်ခဲ့၏၊ တံခိုးရှိ၏ အခြံအရံနှင့်ပြည့်စုံ၏၊ဇမ္ဗူမြေပြင်ကို အစိုးရ၏။အဘယ် သူသည် မေတ္တာကမ္မဋ္ဌာန်းပွားများခြင်း၏ အကျိုးကိုကြားသည် ဖြစ်၍ ယုံကြည်သောဓာတ်ရှိသောသူကိုသော်မှလည်း မကြည်ညိုဘဲ မနေနိုင်ကြည်ညိုရာ၏ ထို့ကြောင့် မိမိအကျိုးစီးပွားကိုအလိုရှိ သော မြတ်သည်၏အဖြစ်ကိုတောင်းတသော ဘုရား၏ အဆုံးအမ ကိုအောင်းမေ့တတ်သော သူတော်စဉ် အပေါင်းသည် သူတော် ကောင်းတို့၏တရားဖြစ်သော မေတ္တာဘာဝနာကို အလေးထား ပွားများအပ်၏။

## အထူးမှာကြားဘိုက်တွန်းချက်

နောက်ကဆိုခဲ့ပြီးသော ခန္တီသောရစ္စမေတ္တာပွား၍နိုင်ငံအုပ် ချုပ်သော ဒဋ္ဌနေမိစကြာမင်းနှင့် အသင်းခေါင်းဆောင် မဃ ရဟန်းခေါင်းဆောင်အသဂုတ္တ-ဥပဂုတ္တ-ဂန္ဒဂုတ္တ-ဥပဂုတ္တတို့လို ယခုခေတ် အုပ်ချုပ်ရေး ခေါင်းဆောင်မှန်သမျှ ခန္တီသောရစ္စ မေတ္တာပွား၍ မချဆတ်ဆတ်ပြုလုပ်အုပ်ချုပ်ခဲ့ပါလျှင် နိုင်ငံမြို့ရွာ အိမ်တွင်းကျောင်းတွင်း သာယာဝပြော၍ လောကနှင့်သာသနာ အစွန့်ရှည်ရှည်တိုးပွားထွန်းကားလာပေမည်။

ဤကားမေတ္တာဘာဝနာပြီး၏။

## ကရုဏာဘာဝနာပွားပုံအကျဉ်း

(အာတုလသတ္တောဒုက္ခာမုစ္စေယျုံ) ပါဠိဖြင့် အမြဲမပြတ်ရောဂါကပ် နာကြင်နေသော သတ္တဝါကိုတွေ့မြင်ရသောအခါအမြဲမပြတ် ဒလစပ်နှိပ်စက်နေသော အနာနှင့် ကိုယ်ဆင်းရဲစိတ်ဆင်းရဲခြင်းမှ လွှတ်မြောက်ပါစေဟု ကိုယ်ချင်းစာ သနားကြင်နာလာအောင်ပွားများခြင်းသည် ကရုဏာဘာဝနာမည်၏။

တနည်း။ ။သွေးပြည်ပိုးလောက်ကိုယ်သို့ရောက်၍တဖြောင့်ဖြောင့်တပေါက်ပေါက်တတောက်တောက် ယိုစီးလျှက် မပြတ်မလပ်ကယ်ပါယူပါ တစာစာငိုကြွေးပြုစုံယူယဲ့သူမရှိအစာပေးသူမရှိဆင်းရဲအတိ ဘမျက်နှာ တကောင်ကြွက် ဇရပ်ပျက်၌လည်းလျောင်းထိုင်ကာနေရရှာသော ခိုကိုးရာမဲ့လူမမာ သူဆင်းရဲကိုမြင်ရသောအခါ အလွန် သနားကြင်နာ ကရုဏာသက်သာစိတ်ပါလက်ပါမရွံမရှာဘဲကိုယ်ဘိရင်ဘိဖြင့် ဤဆင်းရဲမှ လွှတ်မြောက်ပါစေဟုစောင့်ရှောက်ပြုစုသောသူသည် ကရုဏာ ဘာဝနာပွားများသူမည်၏။

တနည်း။ ။ခိုးထုပ်ခိုးထည်နှင့်တကွဖမ်းမိသော သူခိုး ဒမြသူပုန်ကို မင်းမြတ်က သတ်စေဟုအမိန့်တော်မြတ်မှတ်လိုက်သဖြင့်မင်းမိန့်နာခံမင်းခစားမင်းမှုထမ်းသားတို့သည်လက်ထိတ်ခြေကြိုးအချိုးမျိုးချည်နှောင်ကာဆောင်ယူလာ၍ လမ်းဆုံလမ်းမှ လမ်းလေးဝ၌ ရိုက်နှက်ပေါင်းအရာပေးလိုက်သောအခါ ကယ်ပါ ယူပါ တစာစာဖြင့် ငိုကြွေးတောင်းပန်ရင်းဆောင်ကြင်းရာသို့လိုက်ပါလာရသော ထိုအကျဉ်းသားကို မြင်ရသောအခါ ရာဇဝတ်သား ဤသူကား မုချ ဆတ်ဆတ် သေရပေတော့မည်။ ဤသို့

နှလုံးသွင်း၍ခဲဘွယ်ဘောဇဉ်ချိုချဉ်ရသာပန်းနံ့သာနှင့် ကွမ်းယာတို့ ကို ပေးစား သုံးစေကာ ဆင်းရဲမှ လွတ် မြောက် ပါစေဟု ပေးကမ်းပွားများခြင်းသည် ကရုဏာဘာဝနာကို ပွားများခြင်းမည်၏။ ပွားသူမည်၏။

မှတ်ချက်။ ။ဆွေမျိုးပျက်သောသူရောဂါနှိပ်စက်ခံရသောသူ စည်းစိမ်ပျက်သောသူ ဤလိုပျက်စီးသော ပုဂ္ဂိုလ်တို့ကို တွေ့မြင်သောအခါကရုဏာဘာဝနာဖြစ်အောင်ပွားများရာ၏။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ အဟိံသာယ ရတော မနော။
(ဓမ္မပဒပါဠိ ၂၁ ပကိဏ္ဏကဝဂ္ဂ ၅ ဒါရုသကဋ္ဌပုတ္တဝတ္ထု၊ ၅၆)

အကြင်မြတ်စွာဘုရား၏ တပည့်သာဝကတို့အား နေ့ညဉ့်ပတ်လုံးကရုဏာဘာဝနာဖြင့် မွေ့လျော်သောစိတ်ရှိ၏၊ကရုဏာဘာဝနာဖြင့် မွေ့လျော်ထုံသင်းသောစိတ်ရှိကုန်သော ထိုဘုရားတပည့်သားတို့သည် အိပ်နေပြား သော်လည်း အခါခပ်သိမ်း အိပ်နိုး နိုး၍ ချမ်းသာစွာနေသည်မည်ကုန်၏။

လက္ခဏ ရသ ပစ္စုပဋ္ဌာန်ပဒဋ္ဌာန်စသည်ပြပုံ။

ဒုက္ခာပနယနာကာရပ္ပဝတ္တိ လက္ခဏာ ကရုဏာ၊ ပရဒုက္ခာသဟနရသာ၊ အဝိဟိံသာပစ္စုပဋ္ဌာနာ၊ ဒုက္ခာဘိဘူတာနံ အနာထ ဘာဝဒဿနပဒဋ္ဌာနာ၊ ဝိဟိံသူ ပသမော တဿ သမ္ပတ္တိ၊ သမ္ဘဝေါ ဝိပတ္တိ။ (ဝိသုဒ္ဓိမဂ္ဂ ၉ ဗြဟ္မဝိဟာရနိဒ္ဒေသ ပကိဏ္ဏက ကထာ ၃၁၂)။

လက္ခဏာ။ ။ကရုဏာသည် သူတပါးတို့၏ ဆင်းရဲခြင်းကို

ပယ်ဖျောက်သောအခြင်းအရာအားဖြင့်ဖြစ်ခြင်း
လက္ခဏာရှိ၏။

ရသ ။သူတပါးတို့၏ဆင်းရဲကို သည်းမခံနိုင်သောကိစ္စ
ရှိ၏။

ပစ္စုပဋ္ဌာန်။သူတပါးတို့၏အပေါ်၌ မညှဉ်းဆဲသောအားဖြင့်
ရှေ့ရှုထင်၏။

ပဒဋ္ဌာန်။ ။ဆင်းရဲခြင်းဖြင့် လွှမ်းမိုးနှိပ်စက် ခံနေကြရကုန်
သော သူတို့၏ ကိုးကွယ်ရာမဲ့၏အဖြစ်ကို ရှုဆင်
ခြင်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

သမ္ပတ္တိ ။ ကရုဏာ၏သမ္ပတ္တိကား သူတပါးတို့၏ ဆင်းရဲပင်
ပမ်းခြင်းကိုငြိမ်းအေးအောင်ပြုလုပ်ခြင်းပင်တည်း

ဝိပတ္တိ ။ ကရုဏာ၏ ဝိပတ္တိကား ဆင်းရဲသည်ကိုမြင်လျှင်
စိုးရိမ်ပူဆွေးသည် ၏အဖြစ်တည်း။

ဤသည်ကားကရုဏာဘာဝနာပွားမျှားပုံအကျဉ်းပြီး၏။

အင်္ဂါနှင့်ပြည့်စုံသော ဆေးသော ဥသုန္တာပြု သုပ္ပိယဥပါသိ
ကာမမျှားမုဒိတာဘာဝနာပွားမျှားပုံ။

မိမိသားသမီးဆွေမျိုးဉာတိနှင့် တကွ သူစိမ်းပြင်ပအပေါင်း
တို့၌ ရွှေငွေ လယ်ယာ ဆင်မြင်းကျွဲနွား ကျောက်သံ ပတ္တမြား
ရတနာအမျိုးမျိုးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာနေသောသူ
ကိုရင်း၊မှူးမတ်သေနာပတိ အိမ်ရှေ့စံ ဘုရင်မင်းမြတ်ဖြစ်နေသည်
တို့ကိုတွေ့မြင်သောအခါ၌ရင်း၊ ဤဆိုအပ်ခဲ့ပြီးသော ချမ်းသာနှင့်
ပြည့်စုံသော ပုဂ္ဂိုလ်တို့ အပေါ်၌ (အယံပုဂ္ဂလောယထာလဒ္ဓ

သမ္ပိတ္တိတောမာဝီ ဂစ္ဆတု)ဟု ပါဠိဖြင့်ရင်း၊ ဤမည်သောပုဂ္ဂိုလ်သည် ရထားပြီးသောစည်းစိမ်၊ ဥစ္စာရတနာတို့မှ မကင်းမကွာ အမြဲသာပြည့်စုံပါစေသတည်း၊ဤပုဂ္ဂိုလ်သည်ရရှိထားသောမင်းမှုးမတ် စစ်သူကြီး အိမ်ရှေ့စံ မင်းအဖြစ်မှ မကင်းမကွာ အမြဲတမ်း တည်တန့်နေပါစေသတည်းဟု မြန်မာဖြင့်ရင်း။ တနည်း (အယံ သတ္တော နိစ္စံ သဗ္ဗသမ္ပတ္တိ ဟိသမိဇ္ဈတု)ဟု ပါဠိဖြင့်ရင်း၊ ဤသတ္တဝါသည် စည်းစိမ် ဥစ္စာ ရာထူးဂုဏ်သိမ်တို့ဖြင့် အမြဲတမ်းပြည့်စုံပါစေသတည်းဟု မြန်မာဖြင့်ရင်း မုဒိတာ ပွားရမည်။

ဤသည်ကား ပါဠိ မြန်မာဖြင့် မုဒိတာဘာဝနာစီးဖြန်းပုံ အကျဉ်းပြီး၏။

**လက္ခဏ, ရသ, ပစ္စု ပဋ္ဌာန်ပဒဋ္ဌာန်စသည်ပြပုံ။**

ပမောဒနလက္ခဏာမုဒိတာ၊အနိဿာယနရသာ၊အရ တိဝိဃာတ ပစ္စုပဋ္ဌာနာ၊ သတ္တာနံသမ္ပတ္တိဒဿန ပဒဋ္ဌာနာ၊ အရတိဝူပသမော တဿာသမ္ပတ္တိ ပဟာယ သမ္ဘဝေါဝိပတ္တိ (ဝိသုဒ္ဓိမဂ္ဂ– ပ –၃၁၁)

လက္ခဏာ။ ။မုဒိတာသည် ဘပါးသော သတ္တဝါတွေ၏ ချမ်းသာနေသည်ကို တွေ့မြင်ရ၍ ဝမ်းသာခြင်းလက္ခဏာရှိ၏၊

ရသ။ ။စည်းစိမ်ဥစ္စာရာထူး ဌာနန္တရတို့နှင့် ပြည့်စုံသော သူတို့၏ကြွယ်ဝခြင်း ခေါင်းခြင်း၏ ဆန့်ကျင်ဘက် နှစ်လိုဝမ်းသာခြင်းကိစ္စရှိ၏၊

ပစ္စုပဋ္ဌာန် ။ရဟန်းရှင်လူပြည်သူပြည်သားတို့၏ ပြည့်စုံခြင်း၌ရင်း။ အစွန်းအဖျားအနားကျသော ဘောကျောင်းတို့၌တရားအားထုပ်နေရာ၌ရင်း သည်းမခံနိုင် မခံမှု မပျော်နိုင်ခြင်းကို ပယ်ဖျောက်ခြင်းအားဖြင့် ရှေ့ရှုထင်၏။

ပဒဋ္ဌာန် ။သတ္တဝါတို့၏ စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံရာ၌ရှုဆင်ခြင်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

သမ္ပတ္တိ။ မုဒိတာ၏ သမ္ပတ္တိကား ရဟန်းရှင်လူ ပြည်သူပြည်သားတို့၏ စည်းစိမ်ပြည့်စုံခြင်း၌၎င်း၊ အစွန်အဖျား အနားကျသော တောကျောင်းတို့၌ တရား အားထုတ်ရာ၌၎င်း၊ မမေ့ မလျော့ခြင်းကို ငြိမ်းအေးအောင် ပြုလုပ်ခြင်းပင်တည်း။

ဝိပတ္တိ။ မုဒိတာ၏ ဝိပတ္တိကားသတ္တဝါတွေ ချမ်းသည်ကိုမြင်လျှင် ပျက်ရယ်ပြောင်လှောင်လို၍ ရယ်မောသည်၏ အဖြစ်ပင်တည်း။

ဤကား မုဒိတာဘာဝနာပွားပုံအကျဉ်းပြီး၏။

## (မိဘများ၊သားသမီးများ၊ဥပေက္ခာဘာဝနာ)
## ပွားများပုံအကျဉ်းကား

ဥပေက္ခာဘာဝနာကို ပွားများလိုသော ယောဂီ ပုဂ္ဂိုလ်သည် တစုံတယောက်သောသတ္တဝါအပေါ်၌။ (၁)ချစ်ခြင်း၌အပြစ်။ (၂)မုန်းခြင်း၌အပြစ်။(၃)ဝမ်းသာခြင်း၌အပြစ်။ ဤအပြစ်တို့ကို ထပ်တလဲလဲပွားများလျက် (သဗ္ဗေသတ္တာကမ္မဿကာ) သတ္တဝါမှန်သမျှသည် မိမိတို့၏ ကံကစီမံ ခန့်ခွဲလာသဖြင့် ကံကသာလျှင် ပြုလုပ်ဖန်ဆင်းအကျိုးပေးခြင်းသာဖြစ်သောကြောင့် မိမိနှင့်ဘာမျှမဆိုင်။ဤသို့ကံစီမံခန့်ခွဲခြင်းကိုသာတင်၍လျစ်လျူရှုထားလိုက်ခြင်းသည် ဥပေက္ခာဘာဝနာမည်၏။

(လက္ခဏာရသပစ္စုပ္ပဋ္ဌာ န် ... ဌာ ... ဝသည်မှု)

သတ္တေသု မေတ္တာ ကာရုဏ္ဏ ပဝတ္တိလက္ခဏ ... မေ ကွာ၊ သတ္တေသု သမာ ... ဒဿနရသာ၊ ပဋိဃ ... နယ ဓမ္မပစ္စုပ္ပဋ္ဌာနာ၊ ကမ္မ ဿကာ သတ္တာတေ ကဿ ... ဿ ယော သုခိတာ ဝါ ဘဝိ ဿန္တိ ဒုက္ခ တော ဝါ မုစ္စိဿန္တိ ... မ္ပ ... ဘာ ဝါ န ... ဟာယိ ဿန္တီတိ ဧဝံ ပဝတ္တ ကမ္မဿ ကတာ ... ဿ ... ဋ္ဌာနာ ပဋိဃာနု နယ ... ပသမော တဿ သ ... ကာယကာယ အညာဏ ပေက္ခာ ... ယ သမ္ဘဝ ... ဝိပတ္တိ (ဝိသုဒ္ဓိမဂ္ဂ ... ၃၁၁)

လက္ခဏာ။ ဥပေက္ခာသည် သတ္တဝ ... တ်တို့၌ အလယ်အလတ် စိတ် ထားသည်၏ အ ... စ်အခြင်းအရာ ... းဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏။

ရသ။ သတ္တဝါ ... ကို ... ဘဲ ... စိတ်ထားသည်၏ အဖြစ် လျှင် ရှုဆင်ခြ ... ခြင်း ... ကိစ္စရှိ၏။

ပစ္စုပ္ပဋ္ဌာန်။အ ကြင်သတ္တ ... သတ္တဝါ ... သမျှတို့သည် ကံသာလျှင်မိမိဥစ္စာ ရှိကြကုန်သည်ဖြစ်၍ ကံသာလျှင် ... ခန့်ခွဲ တတ်ကုန်၏။ ကံ၏ ဩ ... ခြင်းကိုင ... သော သတ္တဝါတို့သည် မည်သူ မည် ဝါ၏အလိုအားဖြင့် ချမ်းသာကြကုန်လိမ့်လတံ့၊ ဆင်းရဲ မှလွတ်ကြကုန်လိမ့်လတံ့၊ လက်ဘွင်းသို့ရောက်လာသော ပစ္စည်းဥစ္စာမှ မဆုတ်မယုတ်လိမ့်လတံ့၊ ဤသို့မဖြစ်နိုင် ထို့ကြောင့်ဖြစ်ပေါ်လာသော ကံသာလျှင် မိမိဥစ္စာရှိ သည်၏ အဖြစ်ကို ရှုဆင်ခြင်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

သမ္မုတ္တိ။ ထိုဥပေက္ခာ၏ သမ္မုတ္တိကား ချစ်ခြင်း မုန်းခြင်းတို့ကိုငြိမ်းအေးသွားအောင် မဖြစ်ပေါ်လာအောင် ပြုလုပ်ခြင်းပင်တည်း။

ဝိပတ္တိ။....ဥပေက္ခာ၏ ဝိပတ္တိကား ။ အိမ်ဦဖြစ်သောချစ်ခြင်း မုန်းခြင်းဟုဆိုအပ်သော မသိသော တွေဝေနေသောဥပေက္ခာ၏ ဖြစ်ခြင်းပင်တည်း

(ဘုရားလောင်းပြုသော ဥပေက္ခာဘာဝနာပွားပုံ)

သုသာနေ သေယျံ ကပ္ပေမိ၊ ဆဝဋ္ဋိတံ ဥပနိဓါယဟံ။
ဂါမဏ္ဍလာ ဥပါဂန္တွာ၊ ရူပံ ဒဿေန္တိ နပ္ပကံ။(လောမဟံသဇာတက ဝဏ္ဏနာ)

အဟံ ငါဘုရားသည် သုသာနေ လူသေမြှုပ်နှံမြေသုသာန်၌၊ ဆဝဋ္ဋိတံ သူသေအရိုးစုတို့၏တည်ရာဖြစ်သည်၊ ဥပနိဓါယက သူသေကောင်၏ ဦးခေါင်းကိုသာလျှင် ဦးခေါင်း၏တည်ရာပြု၍ (ဝါ)ခေါင်းအုံး၍ ယသ္မာ အကျင့်ကြောင့် သေယျံ အိပ်ခြင်းကို ကပ္ပေမိ ပြု၏။

တသ္မာထို့ကြောင့် ဂါမဏ္ဍလာ ရွာသူရွာသား ကလေးသူငယ်များ တို့သည်၊ ဥပါဂန္တွာ ဝိုင်းအုံ စုပြုံ လာကြကုန်၍ အနပ္ပကံ အနည်းငယ် မဟုတ်များစွာသော (ဝါ) ကျင်ကြီးကျင်ငယ်စွန့်ခြင်းတံတွေးထွေးခြင်း မြေမှုန့်တို့ဖြင့် ဦးခေါင်း၌လောင်းချခြင်းစသောမကောင်းသော အပြုအမူ ပန်းနံ့သာ ရေမွှေးဆောင်၍ ပူဇော်ခြင်း စသည်တို့ဖြင့် ကောင်းသော အပြုအမူအားဖြင့် များစွာသော၊ ရူပံ ဖေါက်ပြန်ခြင်းကို၊ ဒဿေန္တိ ပြကြကုန်၏၊

## အဓိပ္ပါယ်ကား

ငါဘုရားသည် သုဿန်၌ နေသောအခါ ရွာသူ ရွာသား ကလေးသူငယ်များတို့သည် ဝိုင်းအုံ၍ပြုံ လာရောက်ကြကုန်၍ ကျင်ကြီးကျင်ငယ်စွန့် တံထွေးထွေးသော်လည်း စိတ်မဆိုး၊ပန်းနံ့သာ့ရေမွှေးတို့ဖြင့် ပက်ဖြန်းသော်လည်း ဝမ်းမသာ လျစ်လျူရှုကာ သာကျော့က်တိုင်ပမာ ငုတ်တုတ်သာ ဥပေက္ခာ ပရမတ္တပါရမီဖြစ်အောင် ကျင့်၏။ ဤကားဥပေက္ခာ ဘာဝနာ ပွားများပုံတည်း။ (နိဂုံး)

ရန်ကုန် နေပြည်တော် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၌ (၅၀၀) ကျော်သော သောတုဇနတို့အား နေ့စဉ်နေ့တိုင်း ပရိယတ္တိ ပဋိပတ္တိသာသနာနှစ်ရပ်ကိုကျင့်ကြံကျိုးကုတ်အားထုတ်ရန် နည်းလမ်းပြလျက် ကိုယ်တိုင်လည်း ကျင့်ကြံကျိုးကုတ်အားထုတ် နေတော်မူသော ဂန္ထကာရက မဟာနာယက အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်သည်။

၁၃၃၆ ခုနှစ် တံပိုဘွဲလလောက်က ရေးသားစီရင်အပ်သော (မေတ္တာဝိဟာရီ ဝိဘာဝဝ နိဒ္ဒိပနိကျမ်းသည်)

၁၃၃၇ ခုနှစ်ဦးတာကူးလတွင် ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်ပါသတည်း။ (ဤသို့ပြီးဆုံးသဖြင့် ပုံနှိပ်ထုပ်ဝေလိုက်ပါသည်)။

ဣတိ အဂ္ဂ မဟာပဏ္ဍိတောတိ လဒ္ဓလဉ္ဆနေ ဘဒန္တ အာစိဏ္ဏာလောကာ မဟာ ထေရေန ဂန္ထကာရကေန ရစိတာမေတ္တာဝိဟာရိ ဝိဘာဝနိဒီပနီ။နိဋ္ဌိတာ။

# မေတ္တာဝိဟာရီပကာသနီကျမ်း

## (အမှားအမှန်ပြင်ဆင်ချက်)

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၂ | လူ ါမှန်သမျှ | လူမှန်သမျှ |
| ၃ | အဖိုအလိုမရှိ | အဘိုအလိုမရှိ |
| ၄ | ဗဟ္မရဋ္ဌ ပိရုဠ္ဌိယာ | ဗဟ္မရဋ္ဌ ဝိရုဠ္ဌိယာ |
| ၅ | ယော သမ္ပုဒ္ဓေါ | ယော သမ္ဗုဒ္ဓေါ |
| ။ | သဗ္ဗံ ပါဏိနံ | သဗ္ဗ ပါဏိနံ |
| ။ | ဂန္တာ | ဂန္ဓာ |
| ။ | သာ ေမ္ဗာဓိ | သမ္ဗောဓိ |
| ။ | တံသမ္ပုဒ္ဓံ | တံ သမ္ဗုဒ္ဓံ |
| ။ | တံဒိဗ္ဗနိ | တံဒီပနိ |
| ။ | ဗဟ္မရဋ္ဌပိ ဝိရုယာစ | ဗဟ္မရဋ္ဌဝိရုဠ္ဌိယာစ |
| ။ | စည်ပင်ဝပြောအကျိုး | စည်ပင် ဝပြောခြင်း အကျိုး |
| ။ | ေ ရခြင်း ငှါရင်း | နေရခြင်းအကျိုးငှါရင်း |
| ၆ | ဘာဝေက | ဘာဝေထ |
| ။ | တချကာဟောတု ဥဒေယျန် တို့ ကို | ရဟာနဟောတုဥယျောဇန တို့ကို |
| ။ | ဘာဝေတု ကာမေန ဘာဝ | ဘာဝေတု ကာမေန တာဝ |
| ။ | ဘာ ဂ သမ္ဗုဒ္ဓံ | ဘတ္တာသမ္ဗုဒ္ဓ |

# မေတ္တာဝိဟာရီပကာသနီကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၆ | ခန္တာတိယျော | ခန္တာဘိယျော |
| ၉ | သလကို | သီလကို |
| ၁၀ | ဩဋ္ဌိသော | ဩမိသော |
| ။ | အနေ့ာခံသော | အနေ့ာမိသော |
| ။ | ဩဋ္ဌိသော | ဩမိသော |
| ။ | အတ္တတာဝ | အတ္တဘာဝ |
| ၁၁ | သဗ္ဗေဂုတ္ထိယော | သဗ္ဗာဂုတ္ထိယော |
| ၁၆ | အနုဿ | မနုဿာ |
| ။ | သတ္ထများတို့ | သတ္တများတို့ |
| ၁၇ | သဗ္ဗေပါဏာ | သဗ္ဗေပါဏာ၊ |
| ။ | သဗ္ဗေသူတာ | သဗ္ဗေဘူတာ |
| ။ | အတွဘာဝပရိယပန္နာ | အတ္တဘာဝ ပရိယာပန္နာ |
| ၁၈ | ပန္နံ | ပန္နာ |
| ။ | သဗ္ဗသတ္ထာ | သဗ္ဗေ သတ္တာ |
| ၁၉ | ဥတ္တသူယ ဝသာဟယ | ဥတ္တရာယ ဒိသာယ |
| ။ | ပန္နော | ပန္နာ |
| ။ | အတ္တာ | သတ္တာ |
| ၂၀ | အတ္တတောတွင် | အတ္တဘောတွင် |
| ၂၁ | ဗဟိန္ဒာ အာရုံတို့၌ | ဗဟိဒ္ဓ အာရုံတို့၌ |
| ။ | သတ္တ | အတ္တ |
| ။ | ပစ္ဆ | ပန္န |

# မေတ္တာဝိပဿနာဒီပကာသနီကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၂၁ | ဝိစနုတ္တကား | ဝ စနုတ္တကာ့း |
| ။ | ဝိသုဒ္ဓိမန္ဒ၏ | ဝိသုဒ္ဓိ မဂ္ဂ |
| ။ | ဗြဟ္မာဟာရ | ဗြဟ္မဝိဟာရ |
| ၂၄ | အတ္တာဝ ပရိယ | အတ္တဘာဝ ပရိယာ |
| ။ | ညဉ်ဗ္ဗေ | သဗ္ဗေ |
| ။ | စာဏာ | ပါဏာ |
| ။ | အတ္တတာဝ | အတ္တဘာဝ |
| ။ | ပည္ဍသု | ပဍ္ဍသု |
| ၂၅ | ပုရတ္တိမယ | ပုရတ္ထိမာယ |
| ။ | စတ္တာရိ သကၤာနိ | စတ္တာရိ သတာနိ |
| ။ | ပည္ဍ | ဍ္ဍ |
| ။ | သကာနိတိ | သတာနီတိ |
| ၂၆ | ဿဖရဏာ | ဒိသာ ဖရဏာ |
| ။ | သြသာဝ်နှစ်ဖြာ | သြမိဿနှစ်ဖြာ |
| ၂၇ | မေတ္တာပို့ရှိသော | မေတ္တာပို့ရသော |
| ။ | နိုင်းခြားရှု | ပိုင်းခြားရှု |
| ။ | ဆယ်ဒိဟာ | ဆယ်ဒိသာ |
| ၂၈ | ချင်းချင်းဂေါင်းသော် | ချင်း ချင်း ပေါင်းသော် |
| ။ | လတ္တဏာ | လက္ခဏာ |
| ။ | ပဝဠာန်း | ပဒဠာန် |
| | ဝိနယ် | ဝိ နယ |

# မေတ္တာဝိဟာရီမကာသနီကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၂၈ | ဝနတ္တ များ | ဝ စနတ္ထများ |
| ၂၉ | မွှား စေ | ပွါးစေ |
| ။ | နှိုးစွာမသာ | နှိုးစွာသော |
| ။ | ကမ္ဗဋ္ဌာနဂ္ဂဏ | ကမ္မဋ္ဌာနဂ္ဂဟဏ် |
| ။ | ဟေန္တု | ဓော န္တု |
| ၃၀ | ဣဿာရဇနာ | ဣဿရဇနာ |
| ။ | မဇ္ဈတ္တေ | မဇ္ဈတ္တေ |
| ။ | မေဝိယပုဂ္ဂလာ | မေပိယပုဂ္ဂလာ |
| ။ | အဝိယ | အပိယ |
| ၃၁ | စတုပစ္စယကာ | စတုပစ္စယဒါယကာ |
| ။ | မာတာ ဝိတရော | မာတာ ပိတရော |
| ။ | အာစရိယပဇ္ဈာယာ | အာစရိယုပဇ္ဈာယာ |
| ။ | စတုမစ္စယ | စတုပစ္စယ |
| ၃၂ | အမှာကံ စတ<br>ပစ္စယ်ဒါယကော | အမှာကံ စတုပစ္စယ<br>ဒါယကာ |
| ၃၃ | ဣမသ္မိံ ဝါသေ | ဣမသ္မိံ အာဝါသေ |
| ၃၄ | ဥပမာ | ဥပစာ |
| ၃၆ | မင်္ဂလာ | မင်္ဂလာ |
| ။ | နှိပ်ဘက်ထတ် | နှိပ်စက်တတ် |
| ၃၇ | သဓန္တာ | သမန္တာ |
| ။ | န ဒုက္ခာ့စ | နိ ဒုက္ခာစ |

# မေတ္တာဝိဟာရီပကာသနီကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၃၇ | အဓောယာဝါ | အဓောယာဝ |
| ၃၈ | ယုဝန္တုတေ | ဘာဝန္တုတေ |
| ၃၉ | အပ္ပဟု | အပ္ပဥတု |
| ။ | သပ္ပါယ် | သပ္ပါယ |
| ။ | ရှာကြကုန်ကျက်<br>သာ | ရှာကြကုန်လျက်သာ |
| ။ | ဝတ္တိမြို့မှ | သာဝတ္တိမြို့မှ |
| ။ | ပစ္ဆအရပ် | ပစ္စန္တရာစ်အရပ် |
| ၄၀ | တနေ့တော | တနေ့သော |
| ။ | အတယ် | အဘယ် |
| ၄၁ | ကြညိပုံ | ကြည့်ပုံ |
| ၄၂ | စိတ်မုဒ္ဒူ | မုဒုစိတ် |
| ၄၃ | နန္ဒူဝိဒ္ဒေါ | နန္ဒူဂိဒ္ဒေါ |
| ၄၄ | မေမိနော | ခေမိနော် |
| ၄၅ | ဒိဋ္ဌိ | ဒိဋ္ဌ် |
| ။ | နက | နူက |
| ၄၆ | ပရ သမုဒ္ဒေ | ပရ သမုဒ္ဒေ |
| ၄၇ | ခန္ဓာကိုပြား | ခန္ဓာ်တိုပြား |
| ၄၈ | စကျွဲအားတင် | စကျွဲအားထင် |
| ။ | စကျွဲအားမတင် | စကျွဲအားမထင် |
| ၄၉ | သုနခနော | သုခိနော |

# မေတ္တာဝိဟာရိမကာသနီကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၅၁ | ဘာစေတဗ္ဗာ | ဘာဝေတဗ္ဗာ |
| ၅၂ | မာယတို့ကို | မာသတို့ကို |
| ၅၂ | သုဒ္ဓဝါသဆဲးတို့၌ | သုဒ္ဓါဝါသ ငါးဘုံတို့၌ |
| ၅၃ | ဒိဋ္ဌိ | ဒိဋ္ဌ် |
| ၅၄ | ကျောတောင် | ကျောက်တောင် |
| ။ | မိမိမှ အတ္တဘော၏ | မိမိ အတ္တဘော၏ |
| ။ | ခ။အဝိဒူရေ သန္တိသ | ခ။အဝိဒူရေသန္တိက |
| ။ | ဓိဏာ မသ ဘောသစ္စ | ခိဏာ သဝ |
| ၅၅ | အာနန္ဒတိဒိ | အာနန္ဒ်တိမိ |
| ၅၅ | ဒါနစ | ဒါနဝ |
| ၅၆ | ခြုံတိုင်း | ခဲ့တိုင်း |
| ။ | တူလော် | ထူလော |
| ၅၇ | သုတ | သုတ္တ |
| ။ | ဝိရ ပက္ခဟိ | ဝိရူမကျွဲဟိ |
| ။ | မေတ္တံ | မေတ္တံ |
| ၅၈ | စုဏ္ဏိယ | စုဏ္ဏ ိယ |
| ၆၀ | ဝါဋ္ဌိလို | ပါဋ္ဌိလို |
| ။ | လဗျာပုတ္တ | ဆဗျာပုတ္တ |
| ။ | ဘမါဒကဲ | ဆမါဒက |
| ။ | ဝိရူပက | ဝိရူမက္ခ |
| ၆၃ | အပ္ပဏော | ဆမ္ဘာဏော် |

# မေတ္တာဝိဟာရဒီပကာသနီကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၆၃ | နှိပ်စက်တဘ်သည် | နှိပ်စက်တတ်သော |
| ၆၄ | ဂမာဏရှိသော | ပမာဏရှိသော |
| ။ | ပမာဏိဝန္တာနိ | ပမာဏဝန္တာနိ |
| ။ | ပရိသပါနိ | သရိသပါနိ |
| ။ | အဟိဝိစိကိစ္ဆာကာ | အဟိဝိစ္ဆိကာ |
| ။ | သတ္တဝါကြိုသည် | သတ္တဝါတို့သည် |
| ။ | ပီရာဏ ရှိကုန်၏ | ပမာဏရှိကုန်၏ |
| ။ | သမွော | သမွာ |
| ၆၅ | ဝိပသီစိခိ | ဝိပဿီသိခိ |
| ။ | ဝေဿကူ | ဝေဿဘူ |
| ။ | ကကုသန္ဓေ | ကကုသန္ဓ |
| ။ | ကောစာဂမန | ကောဏာဂမန |
| ၆၆ | ခန္ဓာသုတ်လာ | ခန္ဓသုတ်လာ |
| ။ | ခန္ဓာသုတ္တ | ခန္ဓသုတ္တ |
| ။ | အာသေပိတာယ | အာသေဝိတာယ |
| ၆၇ | ယာနီကွဘာယ | ယာနီကတာယ |
| ။ | အနုဋ္ဌိကာယ | အနုဋ္ဌိတာယ |
| ။ | ပရိဝိဘာယ | ပရိစိတာယ |
| ။ | နပါပထံသုပနံ | နပါပကံ သုပိနံ |
| ။ | မနုဿနံ | မနုဿာနံ |
| ။ | ပိနံ ပိဿော | ပိယော |

# မေတ္တာဝိဟာရီပကာဝိသနီကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၆၇ | ရက္ခန္တု | ရက္ခန္တိ |
| 〃 | န်ဿ | နာဿ |
| 〃 | ဝိသံ့ | စိသံဝါ |
| 〃 | သတ္တံဝါ | သတ္တ ံဝါ |
| 〃 | တုဝဇ္ဇစိတ္တ | တုဝဍ္ဎံစိတ္တံ |
| 〃 | သမာဒိယတိ | သမာဓိယတိ |
| 〃 | အသံမုဋ္ဌော | အသမ္မုဋ္ဌော |
| 〃 | ကရောဟိ | ကရောတိ |
| 〃 | အပ္ပဋိဝိဇ္ဈံန္တော | အပ္ပဋိဝိဇ္ဈန္တော |
| 〃 | သုသမာရဒ္ဒါယ | သုသမာရဒ္ဓါယ |
| 〃 | ၆၅၂ | ၅၄၂ |
| 〃 | ငမြင်မက်ရခြင်း | မြင်မက်ရခြင်း |
| 〃 | တထပထပ် | တထပ်ထပ် |
| 〃 | ပစ္စက္ခိ | ပစ္စက္ခ |
| ၆၈ | အသက္ကောခန္တော | အသက္ကောန္တော |
| ၆၉ | ရည်ဖြစ်စေ | ရသည်ဖြစ်စေ |
| 〃 | အနာဂါဖြစ်က | အနာဂါမ်ဖြစ်က |
| 〃 | သုံဒ္ဓဝါသာ | သုဒ္ဓဝါသ |
| 〃 | သောတာကန် | သောတာပန် |
| 〃 | ကာမသုံတိ | ကာမသုံဂတိ |
| 〃 | ကျိုးမဲ့မက် | ကျိုးမဲ့မမက် |

# မေတ္တာဝိဟာရီပကာသနီကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၇၀ | အာဒိနဝေါ | အာဒီနဝေါ |
| ॥ | ဩတ္တမယ | ဩတ္တမယတော |
| ॥ | ကတမေ ပဥ္စတော | ကတမေ ပဥ္စ |
| ॥ | သောသ ဇနှု | သောသာ ဇနာ |
| ॥ | ဝိဇမ္ဘမာနာ | ဝိဇမ္ဘန္တာ |
| ॥ | ဝိကာသမာနံ ဝိယ | ဝိကာသမာန မိဝ |
| ၇၁ | နိဗ္ဗိကာရော | နိဗ္ဗိကာရံ |
| ॥ | ဝိယ စ ဓမ္မံ | ဝိယ ဓမ္မံ |
| ॥ | သမ္ပံ ဝါရိတံ | သမ္ပရိဝါရိတံ |
| ॥ | ပပါကေ | ပပါတေ |
| ॥ | ပဘန္တိံ | ပတန္တိံ |
| ॥ | ရတာန်း | ရဟာန်း |
| ၇၃ | ပညပေက္ခာ | ပညာပေတ္ခာ |
| ၇၅ | သံကိံ့တိသိကာ | သံကိလေသိကာ |
| ॥ | အာ၊ယလ | အာယတိံ |
| ॥ | မရဏိသာ | မရဏိယာ |
| ॥ | အသမ္ဗုဋ္ဌောတိ | အသမ္ဘုဋ္ဌောတိ |
| ॥ | သမ္ဗုဋ္ဌော | သမ္ဘုဋ္ဌော |
| ၇၇ | ပုဝိရုဋ္ဌယာ | ပုနဝိရုဋ္ဌိယာ |
| ॥ | အဂ္ဂိဝေသာ | အဂ္ဂိဝေသာန |
| ॥ | သံကိလေသိတာ | သံကိလေသိကာ |

# မေတ္တာဝိဗ္ဘာရိ ပကာသနီ ကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၇၇ | ပေါနောဗ္ဘဓိကာ | ပေါနောဗ္ဘဝိကာ |
| ॥ | ဘာယဒုရတော | ကာယဒရထော |
| ॥ | ရက္ခာနမ္ပိ | ရက္ခာနမ္ပိ |
| ॥ | ပတ္ထဲာနိ | ပတ္တာနိ |
| ॥ | ဟောန္တိ | ဟောန္တိ |
| ၈၀ | ပါပတံ | ပါပကံ |
| ॥ | အာဟတန | အာယတန |
| ၈၁ | သံုဝိနန္တာတိ | သုပိနန္တာတိ |
| ၈၅ | အိမ်မက်မက်သော | အိပ်မက်မက်သော |
| ॥ | သေတ္တပုဂ္ဂိုလ် | သေက္ခပုဂ္ဂိုလ် |
| ၈၇ | ဝိခမ္ဘတာယာနဖြင့် | ဝိက္ခမ္ဘနပဟာနဖြင့် |
| ၈၉ | ရာဇဂတ | ရာဇဂဟ |
| ॥ | အဘိနိမ္မိ | အဘိနိမ္မိတော |
| ၉၁ | တောပဝနေ | ပဝနေ |
| ॥ | ပဟိမဲသဟိစ | မဟိသေဟိစ |
| ॥ | ဝနေဝသိံ | ဝနေအာသိံ |
| ॥ | ကဿစ် | ကဿစိ |
| ॥ | အထကောနဝဏ္ဏောန | အထခေါနနုဝဏ္ဏောန |
| ၉၃ | သုံးသတ်၍အရှင်ဘုရား | သုံးသပ်ခိုင်း၏ |
| ၉၈ | ဂဇ္ဇမာနတော | ဂဇ္ဇမာနကော |
| ॥ | အားထုတ်ကျ | အားထုတ်လျက် |

# မေတ္တာဝိမာနရိပကာ်သနိကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၁၀၀ | ဥဒါနဒ္ဒပါဠိ | ဥဒါနပါဠိ |
| 〃 | ဝိဏ္ဍပါလိက သုတ္တ | ပိဏ္ဍပါတိက သုတ္တ |
| ၁၀၁ | အရက္ခံ သုံကဝိဟိတံ | အာရက္ခံ သုဝိဟိတံ |
| ၁၀၂ | တောနံအနုကမ္ပန္တိ | တတောနံအနုကမ္ပန္တိ |
| ၁၀၃ | စောင့်ရှောက်ကြ ကုန်၏ | စောင့် ရှောက် ကြကုန် သကဲ့သို့ အမြဲတမ်း စောင့်ရှောက်ကြကုန်၏ |
| ၁၀၄ | နိဏ္ခမိထွာ | နိက္ခမိတွာ |
| 〃 | ပပါတေဋ္ဌထွာ | ပပါတေဋ္ဌတွာ |
| 〃 | ဂဟေထွာ | ဂဟေတွာ |
| ၁၀၆ | ဖြစ်လာသ၍ | ဖြစ်လာ၍ |
| 〃 | ဥတ္တရာသတိသမိသည် | ဥတ္တရာသတို့သမီးသည် |
| ၁၀၈ | နပရိဒေဝတိ | နဲပရိဒေဝသိ |
| ၁၁၁ | ကေတ္တိသံသ | တေတ္တိံသ |
| ၁၁၂ | မဇ္ဈံ နံ့ဝိဝါမ | မဇ္ဈံ နပိဝါမ |
| ၁၁၆ | ၃၀၃-ခု | ၁၃၀၃-ခု၊ |
| ၁၂၀ | ဝိပ္ပသိဒတိ | ဝိပ္ပသီဒတိ |
| ၁၂၂ | ထိုးထွင်း၍မရသေး၍ | ထိုးထွင်း၍မရသေးလျှင် |
| 〃 | ဈာန်သဂ္ဂရသူ | ဈာန်သာရသူ |
| ၁၂၃ | စုံတီသည်၏ | စုတေသည်၏ |
| 〃 | မေတ္တာသုတိလာ | မေတ္တာသုတ်လာ |

## မေတ္တာဝိဟာရိပကာသနီကျမ်း

| စာမျက်နှာ | အမှား | အမှန် |
| --- | --- | --- |
| ၁၂၃ | တိဿန်ာဝ | တိဿီနာဂ |
| ။ | မြို့တော်၌သာဂရဟူ၍ | မြို့တော်၌ မဟာ သာဂရ ဘုရင်မင်းမြတ်အုပ်စိုးသည် ယင်း၏မိဖုရားမှ-၁-သာဂရ ၂-ဥပသာဂရ ဟူ၍ |
| ၁၂၄ | ဥတ္တရ မခူရမြို့ | ဥတ္တရ မဓုရမြို့ |
| ။ | ဗုဒ္ဓါဘဂဝါ | ဗုဒ္ဓေါ ဘဂဝါ |
| ။ | နဋ္ဌေရှ ပုစိ ပန္ဒလ | နဋ္ဌေရှုပုစိမန္ဒ |
| ၁၂၇ | ဓမ္မ ကန္ဓာပေါင်း | ဓမ္မက္ခန္ဓာပေါင်း |
| ၁၂၈ | သဟာသေသုဝါကောဝိ | သဟာဿေသုဝါကောဝဲ |
| ။ | ပထဝိ တသိန | ဖထဝိ ကသိန |
| ၁၂၉ | အဿမ | အဿာမ |
| ။ | အဝု ေံ နာမ | အာဝုဓံ နာမ |
| ။ | ဝိဘာဲဝိသုံ | ဝိဘာဝိတုံ |
| ။ | ဂိရဘဏ္ဍာဝါဟုန | ဂိရိဘဏ္ဍာဝါဟန |
| ၁၃၁ | တိံ ဝတ္တာဗ္ဗံ | ကိံ ဝတ္တဗ္ဗံ |
| ။ | ဓမ္မခဏ္ဍ | ဓမ္မက္ခဏ္ဍ |
| ၁၃၂ | ကမ္မဋ္ဌနံ-တထေသို | ကမ္မဋ္ဌာနံတထေသိ |
| ။ | ဂန္တကာလေ | ဂစ္ဆန္တေကာလေ |
| ။ | သိက္ခါစာရမ္ပိ | ဘိက္ခါစာရမ္ပိ |
| ။ | ဝိဟာရမော | ဝိဟာရမေဝ |
| ။ | ထေရဿ ဂုဏာ သုတ္တာ | ထေရဿ ဂုဏံ သုတွာ |

# မေတ္တာဝိဟာရိပကာဒကနိကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၁၃၂ | ဒဌကာမော တိက္ခတ္တုံ ပတိနို | အဌကာ မောတိက္ခတ္တုံ ပဟိဏိ။ |
| ״ | ကေဝရမ္ဗိ | ကေဝါရမ္ဗိ |
| ၁၃၃ | ဟိယောဇန | တိယောဇန |
| ״ | အဌပိနာမ။တတ္တ | အဌဝိနာမ။တတ္ထ |
| ״ | ကမ္မတာနံ | ကမ္မကာနံ |
| ״ | ပဏ္ဏာ ဠိကာ | ပဏ္ဏာသဠိကာ |
| ״ | ယောဲတော်မူခြင်းမှာ | ဟောဲတော်မူခြင်းမှာ |
| ၁၃၄ | တေဒဂ္ဂုံ | တေဒဂ္ဂံ |
| ״ | ဠိကာအလိုသောဲအနုပိ | ဠိဂါအလိုသော်အနုဝိ |
| ၁၃၅ | ထောပယ် နို့စမ်း ဖြစ်ရန် | ထောပတ် နို့စမ်းဖြစ်ရန် |
| ״ | ဒမိရသာ ဟောတု ဒိအဓိဋ္ဌဟိ | ဒဓိရသာ ဟောတူတိ အဓိဋ္ဌဟိ |
| ״ | ပုရေတတ္တံ | ပုရေဘတ္တံ |
| ״ | ဒမိရသံ | ဒဓိရသံ |
| ״ | ပါကတိမေဝ | ပါကတိကမေဝ |
| ״ | နို့စမ်းပြစ်စေသားဟု | နို့ဓမ်းဖြစ်စေသားဟု |
| ״ | နို့စမ်းဖြစ်နေ၏၊ မှန်တပိုင်း | နို့ဓမ်းဖြစ်နေ၏၊မှန်းလှဲ ပိုင်း၌ |
| ״ | အနုမ္ဗဇ္ဇံ | အနုပဗ္ဗဇ္ဇံ |
| ״ | တေရဃောဝ | ထေရဃော |

# မေတ္တာဝိဟာရီပကာသနီကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၁၃၅ | တဿစ စန္ဒဂုတ္တတ္တေ ရဿ | ကဿစ စန္ဒဂုတ္တတ္တေရဿ |
| ။ | ကဿဝိ | တဿာပိ |
| ။ | သုရိယဂုတ္တ | သူရိယဂုတ္တ |
| ။ | သဒ္ဓိဝိဟာရိတော အယောကရညော | သဒ္ဓိဝိဟာရိကော အသောကရညော |
| ၁၃၆ | ဤကား တေရဝံသ ဖြစ်သည် | ဤကား ထေရဝံသ ဖြစ်သည် |
| ၁၃၇ | အုပ်စိုးစဉ်အခါ ပိဋကတ်နှင့် | အုပ်စိုးစဉ်အခါ၌ ထိုမင်းသည် ပိဋကတ်နှင့် |
| ။ | အသ ဂုတ္တထေရ်သည် | အဿဂုတ္တထေရ်နှင့် |
| ၁၃၈ | စွမ်းနိုင်၏ | စွမ်းနိုင်း၏ဟုမြင်တော်မူ၏ |
| ။ | ဂဇင်္ဂယ | ဂဇင်္ဂလ |
| ၁၄၂ | မိဒ္ဓာန်လိုက်၏ | မိဒ္ဓာန်လိုက်၏ ၇-လ၊ ၇-ရက်လွန်၍ စေတီပွဲပြီးဆုံးသောအခါ ပြာန်နတ်ထံ သွားသဖြင့် မာရ်နတ်က—ကျွန်ုပ်သည် သင်တို့ဆရာ |
| ၁၄၃ | ၁ ဥပကုတ္တ-ဂုန္ဓာဂုတ္တ ၃ ရေဟာဏကုတ္တ၊ ၄- အသာဂုတ္တ ၅-ဥပရတ္တ တိဿာနာစ | ၁-ဥပဂုတ္တ၊ ၂-ဂန္ဓဂုတ္တ ၃-ရေဟဏဂုတ္တ၊ ၄- အသာဂုတ္တ ၅-ဥပဂုတ္တတိဿ |

# မေတ္တာဝိဟာရီပကာသနီကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၁၄၄ | သီဃသမုတိ | သံဃသမ္မုတိ |
| ၁၄၅ | ပသေယျ | ပဿေယျ |
| ။ | စတွဒ္ဒိသာ | စတုဒ္ဒိသာ |
| ။ | ဝိဟာရသသာနိဥဒ္ဒါရာယ | ဝိဟာရသဟဿာနိ ဥဒ္ဒါရာယ |
| ၁၄၇ | အခသဝေတိ | အာသေဝတိ |
| ။ | ရဋ္ဌဝိဏ္ဍံ | ရဋ္ဌပိဏ္ဍံ |
| ။ | ကေမိ ပါဠိ | ကေနိ ပါတ ပါဠိ |
| ။ | အစ္ဆရသံဃာတဝ | အစ္ဆရာသံဃာတဝဂ္ဂ |
| ။ | ပေလှူအပ်သေညဆွမ်းကို | ပေလှူအပ်သော ဆွမ်းကို |
| ။ | စားသုံးဒွင်သူ | စားသုံးနိုင်သူ |
| ။ | ချင်ခြင် | ဆင်ခြင် |
| ။ | ယောဏ္ဍံ | သောဏ္ဍံ |
| ၁၄ | ပုတော | ပုရတော |
| ။ | ဟတ္ထေ | ဟတ္ထေန |
| ။ | မရံ | ပရံ |
| ။ | ရစူဠဝဂ္ဂပါဠိ | စူဠဝဂ္ဂပါဠိ |
| ၁၅၁ | ဣတိရ | ဣတရိ |
| ။ | အာဇာမ္ဘိ | အသမ္ဘိ |
| ။ | ဧကောစ | ဧကောစရေ |
| ၁၅၂ | ရတ္တံ | ရစ္ဆိံ |

# မေတ္တာဝိဟာရီပကာသနီကျမ်း

| စာမျက်နှာ | အမှား | အမှန် |
|---|---|---|
| ၁၅၂ | ဂိလာသူနာ | ဂိလာနသူနာ |
| 〃 | ဝိတတ္တော | ဝိဘက္ကော |
| 〃 | ဤပေနဲ့တေဝုံတ္တာ၏ သာတကကာ း | ပေဘာ[illegible]ကဝုတ္တာံ၏ သာဓက ကား |
| ၁၅၃ | အင်္ဂါတ္တရ | အင်္ဂုတ္တရ |
| 〃 | ပဧရေဿစ | ပရဿဝ |
| 〃 | ပရိံသင်္ကပ္ပိဟံ | ပရိံသင်္ကပ္ပိတံ |
| 〃 | ကသ္မဿ | ကမ္မဿ |
| 〃 | ကေ ကတိပါတ | ကေ ကနိပါတ |
| ၁၅၈ | နာကနိဝါတ | နငကနိပါတ |
| 〃 | စတ္တာဝတ္တိ | စက္ကဝတ္တိ |
| 〃 | ပါထိဂဝဂ္ဂ | ပါထိကဝဂ္ဂ |
| ၁၆၀ | သနေ့န် | သမေန |
| 〃 | ဓမ္မေနဋ္ဌံ | ဓမ္မေရဋ္ဌံ |
| 〃 | အဇာယိဟံ | အဇာတိဟံ |
| 〃 | သဗ္ဗဏမေဟိ | သဗ္ဗကာမေဟိ |
| 〃 | နဝိပဋ္ဌတိ | နဝိဋ္ဌတိ |
| 〃 | ရာဇာဟောဲဟိ | ရာဇာဟောတိ |
| ၁၆၄ | အဝိဟိသာပစ္စု ပဋ္ဌာနာ | အဝိဟိံသာပစ္စုပဋ္ဌာနာ |
| 〃 | ဒုက္ခာတိဘူတာန | ဒုက္ခာဘိဘူတာနံ |
| 〃 | ဝိဟိသူပသမဲ | ဝိဟိံသူပသမော |

ထမ်းဆောင်ယူလာမြဲတိုင်းသောပိုက်ဆံလျော်ထုပ်ကိုသာ ဇနအိမ်သို့ကျရောက်အောင် ထမ်းဆောင်ယူသွားရာ နောက်ဆုံးကာလ နောင်တ,တဖန်ပူပန်ခြင်းဖြစ်ရလေသတတ်၊ဤအရာ၌ ပညာရှိယောကျ်ား၏ အဘိုးတန်,မတန် အမှန်သိတတ်သော ဉာဏ်ပညာဖြင့် စွဲလမ်းခြင်းမထားဘဲ စွန့်သင့်သည်ကိုစွန့်, ယူသင့်သည်ကိုယူခြင်းဖြင့် နောက်ဆုံးကာလ အဘိုးတန်ရွှေရတနာကို ခံစားရပုံကိုဎင်း, ပညာမရှိသော ယောကျ်ား၏ ပညာဉာဏ်ကင်းမဲ့ခြင်း, အသင့်ကောင်းရာ ပြောဆိုသည်ကို မနာယူခြင်း,မစွဲလမ်းသင့်သည်ကို စွဲလမ်းယူခြင်းတို့ဖြင့်နောက်ဆုံးကာလ ရွှေရတနာနှင့်လွဲရ၍ နောင်တ,တဖန် ပူပန်သောကဖြစ်ရပုံကိုဎင်း ဤဝတ္ထုလာစကားကိုထောက်ထား၍ ပညာမဲ့ယောကျ်ားပမာ မဖြစ်ကြစေမူ၍ ပညာရှိယောကျ်ားပမာ ဖြစ်ကြကုန်ရာသတည်း။

---

## ဤကျမ်းအတွက် လိုလားချက်

အဓိသီလာဓိစိတ္တာနံ၊ အဓိပညာယ သိက္ခနာ။
အတ္တကိစ္စန္တိ ဝိညေယျာ၊ နညာ ကာမဂဝေသနာ။ ။
[ဓမ္မပဒပါဠိတော်]

အဓိသီလာဓိစိတ္တာနံ၊ မဂ်,ဖိုလ်,နိဗ္ဗာန် ရရန် ကြိုးစား သီလ,သမာဓိ တရားတို့ကိုဎင်း။ အဓိပညာယ၊ ရုပ်နာမ် ခန္ဓာ သတိပဋ္ဌာန်သစ္စာ, အာယတနာဓာတ်က ပဋိစ္စနှင့် ပရမတ္ထတရား, အဓိပညာတရားတို့ကိုဎင်း။ သိက္ခနာ၊ကလျာဏဝင် သူတော်စင်တို့ သင်အံကျက်မှတ် ပွားများခြင်းသည်သာလျှင်။ အတ္တကိစ္စံ၊ သံသရာထွက်လို များပုဂ္ဂိုလ်တို့၏ ကိစ္စမည်ကုန်၏။ အညာ၊ ပညာ, သီလ, သမာ စသား သုံးဝ

မဂ္ဂင်တရားယာဉ်နှင့်ကင်းကုန်သော။ကာမဂဝေသနာ၊တဘာဝ တနပ်စာ ချမ်းသာရာဘို ငါးဖြာကာမ,တောင့်တထွေထွေ,ရှာ ဖွေရခြင်းသည်ကား။ နအတ္တကိစ္စံ၊ ကိုယ့်ဘဝကိုလျှင် ကိုယ် တော်ချင်သည့်,သူတော်စင် အပေါင်းတို့၏ ကိစ္စမဟုတ်ကုန်။ ဣတိ၊ ဤသို့။ ဝိဥ္ဉ်ယျာ၊ လောကီလောကုတ် မယုတ်ဖြာဖြာ သေချာတပ်တပ် ဉာဏ်နှင့်အပ်ပြီး စွဲမှတ်၍သာ ပိုင်းဖြတ်၍ သာ သိအပ်လှပေတော့သတည်း။

မာရာဥ္ဇာဝကနာဥ္ဇာဂိံ၊ အင်္ဂုလိံ စိဋ္ဌ သစ္စကံ။
နန္ဒောပနန္ဒဗြဟ္မဋ္ဌ၊ ဇယျတု သဗ္ဗမင်္ဂလံ။ ။
[ရစနာ]

မာရာဥ္ဇာဝက နာဥ္ဇာဂိံ၊ အလွန်ညစ်စုတ် မာရ်နတ်ယုတ် နှင့် ကြမ်းကြုတ်လှစွာ အာဠာဝက တသီး နာဠာဂီရိ ဆင် ပြောင်ကြီးကိုငှင်း။အင်္ဂုလိံ စ၊ လက်ညှိုးတထောင် အရဇဆောင် ငြား အင်္ဂုလိမ်သားကိုငှင်း။ စိဋ္ဌ၊သစ်သားကိုဆောင် ကိုယ် ဝန်ရောင်ဟု စွပ်စွဲတတ်လှ စိဉ္စမာနကိုငှင်း။ သစ္စကံ၊ အလွန် ဆိုးမိုက် သစ္စက ပုရပိုဇ်ကိုငှင်း။ နန္ဒောပနန္ဒံ၊ မာန ဒေါသ လွန်စွာကြီးလှ နန္ဒောပနန္ဒ နဂါးမင်းကိုငှင်း။ ဗြဟ္မဋ္ဌ၊ ဟန်ခိုး ကြီးငြား လွန်ဆိုးဝါးသည့် ဗက,အမည်ရှိသော ဗြဟ္မာကြီး ကိုငှင်း။ သဗ္ဗမင်္ဂလံ၊ လုံးစုံကောင်းလတ် တရား မြတ်ကို တတ်အပ်သိမြင် ဘုရားရှင်သည်။ (မေ)သံသရာထွက်လမ်း ရည်မှန်းကြိုးစား ဘုရားတပည့်တော်အား။ ဇယျတု၊ အောင် ရာအောင်ကြောင်း အောင်ဆုတောင်းသည် အောင်ကြောင်း မင်္ဂလာ ပေးသနားတော်မူပါအရှင်ဘုရား။

## ကျမ်းပြီးနိဂုံး

အန္တရာယံ ဝိနာဝေါယံ၊ နိဋ္ဌိတော၀ ဝိနိစ္ဆယော။
ဇဝံ ကလျာဏာသက်ပ္ပာ၊ သီဃံ သိဇ္ဈန္တု ပါဏိနံ။
ပုညဿိမဿ တေဇေန၊ အညေဟိ ကုသလေဟိစ။
အဇရံ အမတံ ခေမံ၊သီဃံ အာယာမ နိဗ္ဗုတိံ။ ။
[ပဏ္ဍာဝတ္တဂါထာ]

အယံဝိနိစ္ဆယော၊ ဝိဇ္ဇာစရဏပါရဂူ ထွန်းပြုတင့်ဆန်း ဤအဆုံး အဖြတ်ကျမ်းသည်။ အန္တရာယံ၊ ကိုးဆယ်ခြောက်သွယ် အန္တရာယ်မျိုးစုံ ရန်သူပုန်အပေါင်းကို။ ဝိနာဝ၊ ကိုယ်ဝယ်မယှဉ် ဖယ်လွှဲကြဉ်၍ သာလျှင်။ နိဋ္ဌိတော၀-နိဋ္ဌိတောဧဝ၊ဆုံးခန်း တိုင်မြောက် အပြီးသို့ ရောက်သကဲ့သို့၊ဇဝံတထာ၊ ပမာ နမူ ထို့အတူသာလျှင်။ ပါဏိနံ၊ သုံးဘုံရပ်သူ နတ်လူ, ဗြဟ္မာ သတ္တဝါတို့၏။ ကလျာဏာသက်ပ္ပာ၊ လူ, နတ်, နိဗ္ဗာန် သုံးတန်ချမ်းသာ ရရာအကြောင်း မွန်မြတ်သောအကြံကောင်းတို့သည်။ သီဃံ၊ ဆောလျင် မြန်စွာ မကြာ စေရ ခဏာချက်ဖြုတ် တမဟုတ်လျှင်။ သိဇ္ဈန္တု၊ ဒီရေမခြား ကဲ့အလားသို့ တိုးပွားပြည့်စုံကြပါစေကုန်သတည်း။

အဟံ၊ သာသန,ဟု နာမ,တွင်မည် ငါမထေရ်သည်။ ဣမဿပုညဿ၊ဝိဇ္ဇာစရဏပါရဂူ ထွန်းပြုတင့်ဆန်း ဤသည့်ကျမ်းကို ကြိုးပမ်း အားထုတ် ပြုလုပ်စီရင်ရသော တိဟိတ်ဥက္ကဋ္ဌ ဉာဏသမ္ပယုတ် ကုသိုလ်၏။ တေဇေနစ၊ အစွမ်းရှိန်စော် အာနုဘော်ကြောင့်၎င်း။ အညေဟိ ကုသလေဟိစ၊ ဤကျမ်းမှတပါး ကုန်သော ပဓာန ပါရဂူ, သဘာဝပါရဂူကျမ်းတို့ကို ပြုစီရင် ရသော ကောင်းမှုတို့နှင့် တကွ

များလှသောင်းပြောင်း ကုသိုလ်ကောင်းမှု အပေါင်းတို့ကြောင့် ငှင်း။အဇရံ၊ဆံဖြူ သွားကြွေ သားရေ ယွင်းယို မအိုရာ စင်စစ် ဧကန်ဖြစ်သော။ အမတံ၊ ဘ၀တပါး ပြောင်းသွား စုတေ မသေရာစင်စစ် ဧကန်ဖြစ်သော။ ခေမံ၊ ဘေးမျိုး ကင်းစင် ရန်မျိုးကြဉ်ရာစင်စစ် ဧကန်ဖြစ်သော။ နိဗ္ဗုတိံ၊ ဇရာဇာတိ၊ စရိုသောင်းပြောင်း ဘေးအပေါင်းတို့၏ အေးငြိမ်းရာ အမှန် ပြည် နိဗ္ဗာန်သို့။ သီဃံ၊ မကြာ မတင် လျင်လျင် ဆောစွာ။ အာယာမ၊ စရဏတရား အကြောင်းအားဖြင့် သုံးပါး,ရှစ်ပါး ပြားထပိဋ္ဌာ ခြောက်ဖြာဘိညာဏ် လေးတန်ပဋိသမ္ဘိဒါ ရှစ်ဖြာ သမာပတ် ဂုဏ်မဟာတ်တို့ဖြင့် လှည့်ပတ် ့ရံကာ ချမ်းသာလွယ်ကူစွာ ရောက်ရပါစေသတည်း။

ဣမံ မေ ပုညဘာဂဥ္စ၊ မာတာပိတုပဇ္ဈာယနံ။
အာဒိံကတွာနပါဏိနံ၊ဘာဇေမသမံ လဘန္တု တေ။

မေ၊ ငါ၏။ ဣမံပုညဘာဝဥ္စ၊ ဤသို့ပြုစု မြတ်ကောင်းမှု၏ အဘို့ကိုလည်း။ မာတာပိတုပဇ္ဈာယနံ၊ မိ,ဘ နှစ်ဖြာ ဥပဇ္ဈာယ်ဆရာ ဉာတကာကို။ အာဒိံကတွာ၊ ဦး အစပြု၍။ ပါဏိနံ၊သိကြား,ယမ မင်းကအစ သတ္တာ ဟူသမျှတို့အား။ ဘာဇေမ၊ ကုသိုလ်အမျှ ပေးဝေပါကုန်၏။ တေ၊ ဆိုခဲ့များစွာ ထိုသတ္တာတို့သည်။ သမံ၊ ငါနှင့်မကွာ ညီမျှစွာ။လဘန္တု၊ မုချမသွေ ရကြပါစေသတည်း။

**ဝိဇ္ဇာ စရဏ ပါရဂူကျမ်း ပြီး၏။**

H. P. 24-7-62 3000

# အမှန် ပြင်ဆင်ချက်

| မျက်နှာ၊ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၆ | ၉ | သုဘာဓောတပုဂ္ဂိုလ် | သုတဓောတပုဂ္ဂိုလ် |
| ၈ | ၁၅ | သူဘို့အား | သူတို့အား |
| ၂၃ | ၁၈ | ရဟန်း၏င်း | ရဟန်း၏ရှင်း |
| ၂၇ | ၉ | သာရဏာဂုံ၌ | သရဏဂုံ၌ |
| ၃၅ | ၁၆ | အဂ္ဂ ဒတ္တမြာဟ္မဏာဝဂ် | အဂ္ဂိဒတ္တမြာဟ္မဏာဝဂ် |
| ၄၉ | ၁၈ | သံဃဉ္စသရဏံဝတော | သံဃဉ္စသရဏံဂတော |
| ၅၂ | ၂၂ | ထိုင်းတုတော်တို့၌ရှင်း | ဆင်းတုတော်တို့၌ရှင်း |
| ၅၄ | ၁၁ | ယိုမှားခြင်း | ယုံမှားခြင်း |
| ၅၄ | ၁၆ | ဘုရားဟုတ်၏လော | တရားဟုတ်၏လော |
| ၆၅ | ၁၉ | သရဏာသရဏဂမန | သရဏ,သရဏဂမန |
| ၆၆ | ၂၀ | ကိုကြည်၍ | ကြည်၍ |
| ၆၇ | ၁၅ | ရက်ရဲစွာ | ရက်ရဲစွာသာ |
| ၇၃ | ၄ | စောင့်ထိန်းကျင့်စဉ် | စောင့်ထိန်းရေးကျင့်စဉ် |
| ၇၈ | ၁၆ | မင်းဘေး | မင်း |
| ၈၄ | ၂၃ | (ကျနေသည်) | (၃) အားအင် ကြီးမားခြင်း |
| ၉၃ | ၁၇ | သူ့သားအိမ်ရာ ကျူးလွန်ခြင်း | သူ့သား အိမ်ရာ ကျူးလွန်ပြစ် |
| ၉၅ | ၆ | (၈) | (၉) |
| ၁၀၇ | ၆ | ၅-ပါးသီကို | ၅-ပါးသီလကို |
| ၁၀၇ | ၂၂ | ဆောက်တည်ထားမှု | ဆောက်တည်ထားမှု |
| ၁၁၁ | ၁၉ | စကားပြောကြမ်းရာ၌ | စကားကြမ်းပြောရာ၌ |
| ၁၁၅ | ၇ | သိရ၏ | သိရာ၏ |
| ၁၁၆ | ၉ | ဒုဗ္ဘသိတံ | ဒုဗ္ဘာသိတံ |
| ၁၁၈ | ၂၁ | ကာယ ယမ္မဉ္စ | ကာယကမ္မဉ္စ |
| ၁၃၂ | ၁၀ | နေခြင်းသီကိုလ | နေခြင်းကိုသီလ |

| မျက်နှာ၊ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၃၄ | ၂၄ | (၈) | (၉) |
| ၁၅၄ | ၃ | ပရိဘော | ပရိဘောဂ |
| ၂၂၀ | ၂ | ဏ္ဍုကို | ဝဏ္ဍုကို |
| ၂၃၉ | ၁၅ | အထတ်မဂ် | အထက်မဂ် |
| ၂၄၁ | ၁၂ | မှုယစ်စေတတ်သော | မှူးယစ်စေတတ်သော |
| ၂၇၀ | ၂ | ဘောဂေဘုဥ္ဇယျာတိ | ဘောဂေဘုဥ္ဇေယျာ တိ |
| ၂၇၀ | ၄ | ကာဘဗ္ဗံ | ကာတဗ္ဗံ |
| ၂၇၀ | ၁၉ | သတ္တိမ္ပတ္တိံ | သမ္ပတ္တိံ |
| ၂၇၉ | ၁၁ | လူမင်းဖြစ်စေလိုက | လူမင်းဖြစ်လိုက |
| ၂၈၀ | ၁၇ | အလှူခံပုဂ္ဂိုလ်များကို | အလှူခံပုဂ္ဂိုလ်များက |
| ၂၉၁ | ၂၀ | ပေတကာ | ပေတကား |
| ၂၉၃ | ၁၀ | နှင့်ဘက်ရ | နှစ်ဘက်ရ |
| ၂၉၅ | ၁၃ | သမ္မာသဗောဓိဆု | သမ္မာ သမ္ဗောဓိဆု |
| ၃၁၄ | ၁၅ | ဝက်စားဆင် | ဝတ်စားဆင် |
| ၃၃၃ | ၁၉ | ပဋ္ဌမပိုင်း၏ | ပဋ္ဌမပိုဒ်၏ |
| ၃၃၆ | ၁၇ | ရောက်သည်ရှိတော် | ရောက်သည်ရှိသော် |
| ၃၃၇ | ၂၄ | သမ္မ ပဋိပန္နာ | သမ္မာပဋိပန္နာ |
| ၃၄၀ | ၂၁ | ဗဟူတရံ | ဗဟုတရံ |
| ၃၄၅ | ၁၀ | ဘ သံသရာ | ဘဝသံသရာ |
| ၃၅၄ | ၁၉ | အမာခံဋ္ဌဝဏ္ဍု | အမာခံဝဏ္ဍု |
| ၃၇၃ | ၁၆ | ကေစ္စသဿတ ဣဋ္ဌိပါး | ကေစ္စသဿတဒိဋ္ဌိတပါး |
| ၃၈၇ | ၈ | ကိုယ်မဟုတ်ပါတကား | ကိုဝ်မဟုတ်ပါတကား |
| ၃၈၈ | ၂ | ဒါရူစိရိယ | ဒါရုစိရိယ |
| ၃၉၅ | ၁၀ | အပေါ်ရည်ကို | အပေါ်ရည်ကို |
| ၃၉၈ | ၁၉ | ဋ္ဌိဒိတို့တည်း | ဒိဋ္ဌိတို့တည်း |
| ၄၂၂ | ၁၂ | သဒ္ဓသဿဋ္ဌိတိယာ | သဒ္ဓမ္မဿ ဋ္ဌိတိယာ |

# အရှင်သာသန
# ပြုစုသော ကျမ်းများ

(၁) ပဌာနပါဠိရဂ္ဂုကျမ်း။

(၂) သဘာဝပါဠိရဂ္ဂုကျမ်း။

(၃) ဝိဇ္ဇာစရဏပါဠိရဂ္ဂုကျမ်း။

၎င်းစာအုပ်များကို အောက်ပါ ဌာန များတွင် စုံစမ်း ရယူနိုင်ပါသည်။

(၁) ရန်ကုန်မြို့ ရွှေတိဂုံဘုရား အရှေ့မုခ် အမှတ် ၅၁-၅၂၊ ထွန်း-ပညာပိဋကတ်စာအုပ်ဆိုင်။

(၂) ရန်ကုန်မြို့ ရွှေတိဂုံဘုရား စျေးတော်ရုံ တောင်မုခ် အမှတ် ၃၇-၃၈၊ ဝံသာနု ဦးပျိုင်၊ သို့—မညွန့် သက်န်းပရိက္ခရာနှင့် ပိဋကတ်စာအုပ်ဆိုင်။

(၃) ရန်ကုန်မြို့ ဘောက်ထော် ဆေးရုံလမ်း အိမ်နံပါတ် ၂၊ ဦးလှမောင်။

(၄) မန္တလေးမြို့ စျေးချို ဒီရုံ ဆိုင်နံပါတ် ၁၃၅၊ ဒေါ်မြနှင့် သမီး မသန်း။

(၅) စစ်ကိုင်းတောင်ရိုး မဟာဇမြို့ကြီးချောင်။

(၆) စစ်ကိုင်းတောင်ရိုး သုခိတာရာမချောင်။

(၇) မြင်းခြံမြို့ ဦးချစ်လမ်း၊ ရွှေနှင့်မြ အစုစပ်ကုမ္ပဏီ ကိုစိုးလှ။